
ဇနပကျော်အမှူ

ဖြောမျက်ရှင်ဓားနှင့်
လူစွန့်စား

ပထမပိုင်း



ဦးကွမ်းတော်
ဦးချင်ပုန်း

နန္ဒကျော်သူ

မြေမျက်ရှင် ဓားနှင့် လူ့စွန့်စား

(ပထမပိုင်း)

ဦးတာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဦးအရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဦးအရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဦးအရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ဖျက်ဆီးကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ဒေတိမိဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးဖိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ကျိုးကျစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြွရွှင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ် – ၁၃၆၁ / ၂၀၀၃ (၁၀)
နောက်နှာဖုံးခွင့်ပြုချက်အမှတ် – ၂၀၉ / ၂၀၀၄ (၂)
ပထမ အကြိမ်၊ ၂၀၀၄ – ခုနှစ်၊ မတ်လ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၀၀ ကျပ်

*

ထုတ်ဝေသူ

ဒေါ်မိုးကောခိုင် ချို့တေးသံ စာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ ၃၊
မဂ်လာဒုံမြို့နယ်၊ရန်ကုန်မြို့။

*

ပုံနှိပ်သူ

ဦးလှသိန်း (လှသိန်းဦး ပုံနှိပ်တိုက်)
အမှတ်(၁၂)၊ ဒါနလမ်း၊ သာယာကုန်းရပ်ကွက်၊
မဂ်လာတောင်ညွန့် မြို့နယ်၊ ရန်ကုန်မြို့။

*

ဦးထွန်းလင်း ဖိုးဝ အော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ကျွန်ုပ်နေရာသည် လူသူ အရောက် ဘေးပါက် မရှိသလောက် သည်းပါးသော တောနက်ကြီး ဖြစ်၏။

ဓောင့်စဉ် ထောင်တန်း ကိုးခုမျှ ဖြတ်ကျော်ပြီးနောက် မြစ်များ၊ ချောင်းများ အသွယ်သွယ် ဖြတ်ခကျော်ပြီးနောက် ကျွန်ုပ်သို့ ရောက်ရှိလာခြင်း ဖြစ်၏။

သစ်ရွက်များ၊ သစ်ခက်များသည် တစ်ပင်နှင့် တစ်ပင်ယှက် ပွားနေပြီး နှယ်ကြိုးများက သစ်ပင်မှား၌ ပိုက်တုန်ဖြင့် ပုံးအုပ်ပား သကဲ့သို့ ထင်မှတ်ရ၏။

နို့နှစ်ရောင် အဆင်းရှိသည့် နေရောင်ခြည်သည် သစ်ရွက် သစ်ခက်၊ နွယ်ပင် နွယ်ကြိုးများကြားမှ အဆင်း ထိုးဖောက်၍ ကျရောက်နေရ၏။

လူသွားလမ်းဟူ၍ သတ်သတ်မှတ်မှတ် မရှိပါ။

ခရီ့ ဆုံးမှ ဦးဆောင်၍ သွားနေသည့် တိုင်းရင်းသားဒေသခံတစ်ဦးက ထက်မြက်သော မားတစ်သက်ဖြင့် ချုံနွယ် ပိတ်

ပေါင်းများကို ခုတ်ထွင်ရှင်းလင်း၍ လမ်းပြုလုပ်ကာ သွားလာ ရခြင်း ဖြစ်၏၊

ပတ်ဝန်းကျင်မှ လေထုထဲ၌ ရေခိုးရေငွေ့များ ပါဝင်နေ သကဲ့သို့ မြေပြင်ကလည်း စိုစွတ်နေ၏။

ငှက်များသည် ထိတ်လန့်ဖွယ် ကောင်းသော အရာဝတ္ထုကို တွေ့မြင်သည့်အလား....

သို့တည်းမဟုတ်....

ဧရာမ ပိုက်ကွန်ဖြင့် ပုံးအုပ် ဖမ်းဆီးခြင်း ခံလိုက်ရသည့် အလား အလန့်တကြား အော်မြည်၍ ထပျံကြ၏။

ပိုးမွှားသတ္တဝါများကလည်း မြေပြင်ပေါ်မှ သစ်ရွက်ကြွေ များ ကြားထဲ၌ တိုးဝှေ့ ပြေးလွှားနေကြသည်။

မြင့်မားသော သစ်ပင်များကြားမှ လည်းကောင်း....

ချုံပုတ်များထဲမှလည်းကောင်း....

ရှည်လျားသော၊ မြက်ရိုင်းပင်များ ကြားမှ လည်းကောင်း သတ္တဝါများ၏ လှုပ်ရှားသံ၊ အော်မြည်သံတို့သည် ပတ်ဝန်း ကျင်၌ ပေါ်ထွက်နေသည်။

လူရှစ်ယောက်သည် ဤမှု လူသူ အရောက်အပေါက် မရှိ သလောက် နည်းသော တောနက်ကြီးထဲ၌ လှုပ်ရှားနေလေ သည်။

သူတို့သည် ချုံများ၊ မြက်ရိုင်းပင်များ၊ နွယ်ပင်များကို ခုတ်ထွင်၍ လမ်းပြုလုပ်ကာ သွားလာနေရသောကြောင့် ခရီး ပင်နေ၏။

ထိုလူရှစ်ဦးအနက် ငါးဦးမှာ ဒေသခံ တိုင်းရင်းသားများ ဖြစ်ပြီး သုံးဦး၏ နောက်ကျောပေါ်၌ ဝန်စည်စလှယ်များကို ကျောပိုးထားသည်။

သူတို့၏ မျက်နှာပေါ်၌ တစ်စုံတစ်ရာကို ထိတ်လန့်စိုးရွံ့ ဟန် ဖြစ်ပေါ်နေပြီး သူတို့အချင်းချင်း ဒေသသုံး စကားများဖြင့် တီးတိုးပြောဆိုနေကြ၏။

ကျန်တိုင်းရင်းသား နှစ်ဦးမှာ ထက်မြက်သော ဓားရှည်ကို ကိုင်၍ တစ်ဦးတစ်လှည့်စီ ချုံများ၊ နွယ်ပင်များ၊ မြက်ရိုင်းပင် များကို ခုတ်ထွင်ရှင်းလင်း၍ ကျဉ်းမြောင်းသည့် လူသွားလမ်း ကို ပြုလုပ်နေကြ၏။

ထိုဒေသခံ တိုင်းရင်းသား နှစ်ဦးနှင့် ဝင်စည်စလှယ်များ ကို ထမ်းပိုးထားသော ဒေသခံတိုင်းရင်းသား သုံးဦး၏အကြား ၌ လူသုံးဦး လိုက်ပါလာ၏။

ထိုလူသုံးဦးသည် မြို့ကြီးသားများ ဖြစ်ဟန်တူ၏။

သူတို့၏ ဝတ်စားဆင်ယင်မှုနှင့် ဒေသခံ တိုင်းရင်းသား၏ ဝတ်စားဆင်ယင်မှုမှာ လွန်စွာ ကွာခြားသည်။

ထိုလူ သုံးဦးအနက် ရှေ့ဆုံးမှ လူသည် အသက်သုံးဆယ် အရွယ်ခန့်ရှိသော လူငယ်တစ်ဦး ဖြစ်၏၊

သူသည် ဝါးခမောက် တစ်လုံးကို ရှေ့သို့ငိုက်၍ ဆောင်း ထား၏။

ဝါးခမောက်၏ အောက်မှ သူ၏ မျက်လုံး တစ်စုံသည် တောက်ပနေသည်။

နက်မှောင်၍ ထူထဲသောမျက်ခုံးမွေး တစ်စုံက သူ၏မျက်နှာနှင့် လှုန်စွာ လိုက်ဖက်၏။

သူ၏ မျက်နှာပေါ်၌ နှုတ်မိမ်းမွေးများ၊ မုတ်ဆိတ်မွေးများသည် ရက်အတန်ကြာအောင် ရိတ်သင်ခဲ့ခြင်း မရှိသောကြောင့် ရှည်လျားနေပြီ ဖြစ်၏။

သို့သော်....

ထိုရှည်လျားသော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများက သူ့ခန့်ညားသည့် မျက်နှာကို ဖုံးကွယ်နိုင်စွမ်း မရှိချေ။

ယူ၏အမည်မှာ ရိချင်ဖြစ်သည်။

သို့သော်....

သူ့ကို သိုင်းလောက သားများက 'လူစွန့်စား ရိချင်' ဟု ခေါ်ကြသည်။

အဘယ်ကြောင့်ဆိုသော်....

သူသည် သူ၏ အသက်နှင့် လောင်းကြေး ထပ်၍ ပြုလုပ်ရသော အလုပ်မျိုးကို စွန့်စား ပြုလုပ်တတ်၍ ဖြစ်၏။

သူ၏ မိဘများသည် လုံတွေ့မြို့မှ လူချမ်းသာ စာရင်းဝင် အမှတ်တစ်နေရာကို ရရှိထားသူတို့ ဖြစ်သည်။

ထို့ကြောင့်....

သူ၏ဓနအင်အား ကြွယ်ဝမှုသည် သူဘဝတစ်လျှောက်လုံး ဥဩမ်းသက်စွာ ထိုင်၍ စီတိုင်းကျ သုံးဖြုန်းနိုင်၏။

သို့သော်....

သူသည် စွန့်စားမှုကို ငယ်စဉ်ကာလက ဝါသနာ ပါသူ ဖြစ်၏။

အထူးသဖြင့်....

လူတိုင်း မပြုလုပ်ရဲသော စွန့်စားမှုမျိုးကို သူကပြုလုပ်တတ်သည်၊

ထိုသို့ ပြုလုပ်ရခြင်းကိုသည်း သူက နှစ်သက်၏။

ထို့ကြောင့်....

သူသည် ထူးဆန်းသော စွန့်စားရသည့် ကိစ္စရပ်များအပေါ် စိတ်ဝင်စားလာခဲ့၏။

ဤသို့ဖြင့်....

သူသည် ရှေးဟောင်း အမွေအနှစ် ပစ္စည်းများကို လေ့လာဖွေသူ ဆရာကြီးဝေနှင့် မိတ်ဆွေဖြစ်လာသောအခါ သူသည် ထူးဆန်းသည့် အလွန် ရှားပါးသော ရှေးဟောင်း အမွေပစ္စည်းများကို စွန့်စွန့်စားစားဖြင့် လိုက်လံ ရှာနေခဲ့လေတော့သည် မဟုတ်ပါလား။

* * *

ရိုချင်နှင့် အတူ လိုက်ပါလာသော လူနှစ်ဦးမှာ ဟုတ်ကျင်နှင့် လောက်စန်းဖြစ်၏။

ဟုတ်ကျင်သည် အရပ် ထောင်ထောင် မောင်းမောင်းနှင့် ထွားကြိုင်းသည့် ခန္ဓာကိုယ်ရှိ၏။

သူ၏ မျက်လုံးများက သိမ်းငှက်တစ်ကောင်၏ မျက်လုံးများကဲ့သို့ ဖြစ်နေသည်။

သူ၏ မျက်နှာတစ်ခုလုံးသည် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများဖြင့် ဖုံးလွှမ်းနေ၏.

သူသည် ရှေးဟောင်း အမွေအနှစ် ပစ္စည်းများ အပေါ် စိတ်ဝင်စားသူ မဟုတ်ပါ။

သို့သော်

သူသည် ရွှေနှင့် ကျောက်သံပတ္တမြားကို အလွန်နှစ်သက်သူ ဖြစ်၏။

လောက်စန်းသည် ဟုတ်ကျင်နှင့် ဆန့်ကျင်ဖက် ဖြစ်နေလေသည်။

သူ၏ ခန္ဓာကိုယ်က သေးသေးသွယ်သွယ် ဖြစ်သည်။

သူပုံသဏ္ဌာန်မှာ အကြမ်းပတမ်း ခံနိုင်ပုံ မရှိပါ။

ထိုကြောင့်....

ဟုတ်ကျင်နှင့် လောင်စန်းတို့ ပူးပေါင်းမိခြင်းသည် ထူးဆန်းနေသည် မဟုတ်ပါလား။

ရိုချင်သည် ပင်ပန်းနွမ်းနယ်နေ ပြီ ဖြစ်သော လောက်စန်းကို တစ်ချက် လှမ်းကြည့်လိုက်၏။

လောက်စန်းသည် ခြေလှမ်းများကို မသယ်နိုင်လောက်အောင် ဖြစ်ဟန်ဖြင့် ခပ်ဖြည်းဖြည်း လိုက်ပါလာ၏။

ရိဖုန်သည် ရှေ့မှသွားနေသော်လည်း သူသည် သူ၏မျက်နှာကို နှားကို အစွမ်းကုန်ဖွင့်ထား၏။

သူသည် သူ၏ပတ်ဝန်းကျင်ကို အမြဲမပြတ် အကဲခတ်ကြည့်နေ၏။

အကြောင်းမှာ

မျှော်လင့်မထားသော အန္တရာယ်များသည် အချိန်မရွေး ကျရောက်လာနိုင်သောကြောင့်ပင် ဖြစ်သည်မဟုတ်ပါလား။

သစ်ကိုင်းများ ရုတ်တရက်ကဲ့ထွက်ခြင်း သစ်ကိုင်းခြောက်များ ကျိုးပဲ့ခြင်း စသည်တို့သည် ကျရောက်လာမည့် အန္တရာယ်များအဟုတ် သတိပေးခြင်းပင်ဖြစ်သည် မဟုတ်ပါလား။

ထို့နောက်

ရိဖုန် သွားလာလှုပ်ရှားနေသော်လည်း သူ၏သတိသည် နိုးကြားနေ၏။

အထူးသဖြင့်

သူသည် သူနှင့်အတူ လိုက်ပါလာသော ဟုတ်ကျင်နှင့် လောက်စန်းအပေါ် ပို၍ပင် သတိရနေသည်မဟုတ်ပါလား။

* * *

ရိဖုန်းသည် အုတ်ကျောင်ကိုမသိပါ။

ထို့အတူ

လောက်စန်းနှင့်လည်း မိတ်ဆွေမဟုတ်ပါ။

သို့သော်....

လွန်ခဲ့သော ခြောက်လခန့်က သူ့ထံသို့ လောက်စန်း ရောက်ရှိလာခဲ့၏။

ခွေးလေးက လောက်စန်းကို ခေါ်ဆောင်လာခြင်း ဖြစ်သည်၊

ခွေးလေးက သူ၏မိတ်ဆွေဖြစ်သည်။

ထိုနေ့က စနေနေ့ဖြစ်၏။

စနေနေ့တိုင်း လုံတွေ့မြို့၏ အပြာရောင်သစ်ခွပန်း အမည်ရှိသော စားသောက်ဆိုင်၌ အဆိုတော် ရင်မေက ဖျော်ဖြေလေ့ရှိသည်။

ရိဖုန်းသည် ရင်မေ၏သီချင်းများကို နှစ်သက်သူ ဖြစ်လေသည်။

ထို့ကြောင့်....

စနေနေ့တိုင်း အပြာရောင်သစ်ခွပန်း စားလောက်ထိုင်သို့ ရိဖုန်း ရောက်လေ့ရှိသည်၊

ခွေးလေးက ရိဖုန်းထိုင်နေသော စားပွဲကို ခိုက်ခိုက် မြိုက်မြိုက် ရောက်လာ၏။

သူတစ်ယောက်တည်း မဟုတ်ပါ။

သူနှင့်အတူ လောက်စန်းဆိုသူ လိုက်ပါလာ၏။

ခွေးလေးက လောက်စန်းကို ရိဖုန်းနှင့် မိတ်ဆက်ပေးလိုက်သည်၊

ရိဖုန်းသည် ပထမဦး လူမှုရေးအရ လောက်စန်းကို ကြိုဆို စည်ခံလိုက်သည်။

လောက်စန်းက ရိဖုန်းနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံ၌ ဝင်ထိုင်လိုက်ပြီးနောက် ရိဖုန်းသည် အဆိုတော်ရင်မေ၏ သီချင်းများကို မကြားနိုင်လောက်အောင် လောက်စန်း၏ စကားများအပေါ် စိတ်ဝင်စားသွားလေတော့၏။

အဘယ်ကြောင့်ဟသော်

လောက်စန်း၏ စကားများထဲ၌ 'မရဏဘုံကျောင်းနှင့် ဆွေစင်ရပ်ဝှေ့' ပါလာသောကြောင့်ပင် မဟုတ်ပါလား။

* * *

လောက်စန်းက ဦးခေါင်းညိတ်လိုက်ပြီး
'မမှားပါဘူး၊ တကယ်လို့ ကျုပ်တို့ အကျိုးတူပူးပေါင်းဖယ်ဆိုရင်'
ဟု စကားကို ဆုံးအောင်မပြောဘဲ ရီဖုန်းကိုအဓိပ္ပာယ်ပါသော မျက်လုံးများဖြင့် ကြည့်လိုက်၏။
ရီချင်က ပြုံးလိုက်ပြီး....
'ခင်ဗျားတို့ကိုကြည့်ရတာ ဒီလိုလုပ်ငန်းကို စိတ်ဝင်စားပုံမပေါ်ဘူး၊ ဘာဖြစ်လို့ မြေပုံတစ်ခြမ်းက ခင်ဗျားတို့ဆီရောက်နေရတာလဲ'
ဟု မေးလိုက်၏။
ရီဖုန်း၏စကားအဆုံး၌ ဟုတ်ကျင်က သူ၏ခန္ဓာကိုယ်အားပေးပဲ့ပေါ်သို့ ကိုင်းလိုက်ပြီး....
'ဒီမှာ.... သူဌေးလေး၊၊ မြေပုံတစ်ခြမ်း ကျုပ်တို့ရဲ့ဆီကိုရောက်တာထက် မရဏာဘုံကျောင်းကို သူဌေးလေးက ပိုပြီးစိတ်ဝင်စားမယ် ထင်တယ်'
ဟု ပြောလိုက်၏။
ရီဖုန်းက ကုလားထိုင်ကို ကျောမှီ၍ထိုင်လိုက်ပြီ....
'ကောင်းပြီ၊ ကျုပ်တို့ လုပ်ငန်းအကြောင်း စကားပြောကြတာပေါ့'
ဟု ပြောလိုက်၏။
သူတို့သည် ယခုကဲ့သို့ တောကြီးမျက်မည်းအတွင်း ရောက်သာကြခြင်းပင် ဖြစ်သည်မဟုတ်ပါလား၊

* * *

နောက်တစ်ကြိမ်
လောက်စန်းနှင့် ဆုံတွေ့သောအခါ ခွေးလေးလိုက်ပါလာခြင်း မရှိပါ။
သို့သော်....
လောက်စန်းနှင့်အတူ လူတစ်ယောက်ပါလာ၏။
ထိုလူသည် ဟုတ်ကျင်ဆိုသူဖြစ်သည်။
တွေ့လျှင်တွေ့ချင်း ဟုတ်ကျင်က ရီဖုန်းကို စေ့စေ့ကြည့်ကာ....
'မြေပုံတစ်ခြမ်းက ခင်ဗျားဆီမှာရှိတယ်လို့ ကျုပ် သတင်းရထားတယ်'
ဟု ပြောထိုက်သည်။
ရီဖုန်းက ပါးစပ်ပိတ်ထား၏။
လောက်စန်းက ပြုံး၍....
'ဒီလိုပါ ရီဖုန်း၊ ခင်ဗျားဟာ ဆရာကြီးဝေရဲ့ တပည့်ဆိုတာ ကျွန်တော်တို့သိပါတယ်၊ ဆရာကြီးဝေဆီကနေ ပြီးတော့ မရဏာဘုံကျောင်းရဲ့ မြေပုံတစ်ခြမ်းကို ခင်ဗျားရခဲ့တယ်ဆိုတာလဲ သိပါတယ်'
ဟု ပြောလိုက်သည်။
ရီဖုန်းက လောက်စန်းနှင့်ဟုတ်ကျင်ကို တစ်ချက်မျှ စိုက်ကြည့်လိုက်ပြီး....
'ဒီအကြောင်းကို ခင်ဗျားသိနေတာ ခင်ဗျားတို့မှာကျွန်တဲ့တစ်ခြမ်းရှိနေပြီထင်တယ်'
ဟု ပြောလိုက်၏။

ရိဖုန်းသည် သူ၏ခြေလှမ်းများကို ရပ်တန့်လိုက်၏၊

ပြီးမှ....

သူသည် သူ၏ဦးခေါင်းပေါ်မှ ဝါးခမောက်ကို ဖယ်လိုက်ပြီး နဖူးပေါ်မှ ချွေးစေးများကို သုတ်လိုက်၏၊

ပတ်ဝန်းကျင်သည် တောတောင်စိမ့်စမ်းများ ဝိုင်းရံနေသောကြောင့် ပူအိုက်ခြင်းမရှိပါ၊

တိုက်ခတ်သော လေကလည်း စိုစိုထိုင်းထိုင်းဖြစ်နေသည်၊

သို့သော်....

ရိဖုန်း၏နှုတ်ခမ်း ချွေးစေးပြန်နေ၏၊

ထို့နောက်....

သူ၏နှုတ်ခမ်း ချွေးထွက်ခြင်းသည် ပတ်ဝန်းကျင် ရာသီဥတုနှင့် သက်ဆိုင်လိမ့်မည် မဟုတ်ပေ၊

ထိုသို့ဖြစ်ခြင်းမှာ သူ၏စိတ်နှင့် ပတ်သက်နေလိမ့်မည် ဖြစ်သည်၊

ကျွဲသို့ဆိုလျှင်....

သူ၏စိတ်ထဲ၌ မည်သို့ခံစားနေရသနည်း၊

* * *

ရိဖုန်းသည် ဝန်စည်စလှယ်များအား ထမ်းပိုးထားသော ဒေသခံတိုင်းရင်းသား သုံးယောက်ကို လှမ်းကြည့်လိုက်၏၊

ထိုသုံးယောက်၏ မျက်နှာပေါ်၌ ထိတ်လန့်ကြောက်လန့်မှုများ ပေါ်လွင်နေ၏၊

သူတို့သုံးယောက်သည် ဒေသသုံးစကားဖြင့် တစ်ယောက်တစ်ယောက် ပြောဆိုငြင်းခုန်နေကြ၏၊

ရိဖုန်းက ဟုတ်ကျင်နှင့် လောက်စန်းကို ကြည့်လိုက်၏၊

လောက်စန်းက ပင်ပန်းနွမ်းနယ်ဟန်ဖြင့် သစ်ပင်တစ်ပင်ကို မှီရပ်နေသည်၊

ဟုတ်ကျင်က ရေဘူးထဲမှရေကို မော့သောက်နေသည်၊

ရိဖုန်းက ဟုတ်ကျင်အနီးသို့ လျှောက်လာပြီး ဝန်စည်စလှယ်များ ထမ်းပိုးထားသော ဒေသခံတိုင်းရင်းသားသုံးဦးသို့ မေးငေါ့ပြကာ....

'သူတို့ ဘာပြောနေကြတာလဲ'

ဟု မေးလိုက်၏။

ဟုတ်ကျင်က ရောဘူးကို ပြန်ပိတ်လိုက်ပြီး ဒေသခံတိုင်းရင်းသား သုံးယောက်ကို လှမ်းကြည့်လိုက်၏။

တရုတ်နိုင်ငံသည် အလွန်ကျယ်ဝန်းလှသော နိုင်ငံဖြစ်၍ တရုတ်စာတူသော်လည်း စကားပြောအသံထွက်ရာ၌ ဒေသအလိုက် အမျိုးမျိုးကွဲပြားနေ၏။

ဟုတ်ကျင်သည် စကားသုံးမျိုး လေးမျိုးခန့်ကို ပြောနိုင်သူဖြစ်သည်။

သူဘတ်ကျမ်းသော စကားထဲ၌ ယခု ဒေသခံ တိုင်းရင်းသားများ ပြောဆိုနေသော စကားလည်း ပါဝင်၏။

ထို့ကြောင့်....

ဤဒေသသို့ ရောက်သောအခါ ဟုတ်ကျင်ကို ပြန်လည်၍ မေးမြန်းရခြင်း ဖြစ်သည်။

ဟုတ်ကျင်က နှာခေါင်းရှုံ့လိုက်ပြီး....

'အလကား အသုံးမကျတဲ့ ကောင်တွေ၊ သူတို့က အာစကားကို ပြောစရာရှိမလဲ၊ ကျိန်စာအကြောင်းပေါ့၊ သူတို့က ဒါပဲ မကြာခဏ ပြောနေကြတာ'

ဟု ပြောလိုက်၏။

ရိဖုန်းက မျက်မှောင်ကြုတ်ကာ....

'မရဏဘုံကျောင်းနဲ့ ပတ်သက်လား'

ဟုတ်ကျင်တ နှုတ်ခမ်းကိုမဲ့၍ ပခုံးတွန့်ပြကာ....

'ဒါကလဲပြီး ဘာရှိမှာလဲ'

ဟု ပြောလိုက်သည်။

ရိဖုန်းက သက်ပြင်းချကာ....

'သူတို့က မရဏဘုံကျောင်းကို သိလား'

'ဟုတ်ကျင်က ဦးခေါင်းညိတ်ကာ....

'ဒီတောထဲမှာ မရဏဘုံကျောင်းရှိတယ်ဆိုတာ သူတို့မွေးသောကတည်းက သိတယ်၊ ပြီးတော့ ဒီဘုံကျောင်းမှာ မရဏရဲ့ စွမ်းအားရှိတယ်၊ ဒီဘုရားကျောင်းကို နှောင့်ယှက်တဲ့လူ မှန်သမျှ အသေဆိုးနဲ့ သေရာယဲဆိုတာ သူတို့ရဲ့ အရိုးထဲမှာ စွဲနေပြီ'

ရိဖုန်းက မျက်မှောင်ကုပ်လိုက်ပြီး....

'ကျုပ်တို့ ဒီကိုသွားမယ်ဆိုတာ သူတို့ကမသိဘူးလား'

ဟု မေးလိုက်သည်။

ဟုတ်ကျင်က နှုတ်ခမ်းကိုမဲ့၍ ပြုံးလိုက်ပြီး....

'ကျုပ်တို့ ဒီကိုသွားမယ်ဆိုတာ သိလို့ကတော့ ကျုပ်တို့ရဲ့ ပစ္စည်းတွေကို ကျုပ်တို့ဘာသာ ထမ်းလာရတော့မှာ'

ဟု ပြောလိုက်သည်။

ရိဖုန်းက သက်ပြင်းချလိုက်ပြီး....

'ဘာပဲဖြစ်ဖြစ် သူတို့ကို တိတ်တိတ်နေခိုင်းပါ ပြီးတော့ သူတို့ကို ဘာမှမဖြစ်စေရဘူးလို့ ပြောလိုက်ပါ'

ဟု ပြောလိုက်သည်။

ဟုတ်ကျင်က ခေါင်းညိတ်လိုက်ပြီး....

ငြင်းခုန်ပြောဆိုနေသော ဒေသခံတိုင်းရင်းသား သုံးဦးဆီသို့ လျှောက်သွားလေတော့သည် မဟုတ်ပါလား။

* * *

'ဖပ်....ဖပ်....ဖပ်'

ချုံပုတ်တစ်ခုအတွင်းမှ ငှက်တစ်ကောင်က ရုတ်တရက် ပျံသွက်လာပြီး သစ်ပင်များကြားထဲသို့ ပျံသန်းသွား၏။

ငှက်က သူ၏မျက်နှာအနီးမှ ကပ်၍ ဖြတ်ပျံသွားသဖြင့် သူ လန့်ဖျပ်သွား၏။

နောက်မှလိုက်ပါလာသော အထုပ်ထမ်းသည့် ဒေသခံများက တစ်ယောက်တစ်ပေါက်ဖြင့် ဆူညံစွာခေါ်ဟစ်လိုက်ကြသည်။

သူက သက်ပြင်းတစ်ချက်ချပြီး ဟုတ်ကျင်ကို လှမ်းကြည့်လိုက်၏။

ဟုတ်ကျင်က နောက်သို့လှည့်၍ တစ်စုံတစ်ခုပြောလိုက်ရာ ဒေသခံ တိုင်းရင်းသားသုံးယောက်သည် တိတ်ဆိတ်ငြိမ်သက်သွားသည်၊

သူက

'သူတို့ကို ဘာပြောလိုက်တာလဲ'

ဟု ဟုတ်ကျင်ကို မေးလိုက်၏။

ဟုတ်ကျင်က....

'နောက်တစ်ခါအော်ရင် သတ်ပစ်မက်သို့ ပြောလိုက်ဘာ'

ဟု ပြောလိုက်သည်။

သူက ဘာမျှပြန်မပြောတော့ပါ။

သူလည်း မြူခိုးများ တောင်ခိုးတောင်ငွေ့ များဖြင့် အုံဆိုင်းနေသည့် တောင်ကြားကို ငေးမျှကြည့်လိုက်မိသည်။

ရိဖုန်းက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး ရှေ့မှ လမ်းရှင်းနေသောလူနှစ်ယောက်၏ နောက်သို့ နှေးကွေးသည့် ခြေလှမ်းများဖြင့် လျှောက်သွား၏။

ရာစုပေါင်းများစွာ မျိုးဆက်ပေါင်းများစွာ စွဲကပ်နေသော အယူသည်းမှုကို မိမိ၏ ခိုင်လုံမှုမရှိသော စကားဖြင့် နှစ်သိမ့်နှိုင်းလိမ့်မည်မဟုတ်ကြောင်း သူက နားလည်၏။

မည်သို့ပင်ဖြစ်စေ

မိမိ၏စကားသည် သေခါနီး လူမမာတစ်ယောက်အတွက် အားကိုးအားထားပြုရာ ဆေးတစ်ခွက်တော့ ဖြစ်ကောင်း ဖြစ်နိုင်သည်ဟု သူက ယူဆလိုက်သည်။

တောထဲ၌ ရှင်သန်ကြီးထွားနေသောအရာများ ရှိသကဲ့သို့ သေကြေပျက်စီးသွားသော အရာများလည်းရှိ၏။

ထိရွှဲဘုန်အသေကောင်များ၏ ဆိုးဝါးလှသော ပုတ်အက်အက်အနံ့များသည် စိုထိုင်းသောလေထဲ၌ ရံဖန်ရံခါ ပါရှိလာ၏။

ဤသို့ဖြင့်....

နောက်ထပ် တစ်နာရီခန့်ကြာပြီးနောက် ရိဖုန်းတို့လူစုမှာ တောင်ကြားတစ်ခုသို့ ရောက်ရှိလာလေတော့သည် မဟုတ်ပါလား။

* * *

ဤတောင်ကြားသည် မရဏဘုံကျောင်း၏ နယ်မြေဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်

ဤတောင်ကြား၏ တစ်နေရာ၌ တိမ်မြုပ်ပျောက်ကွယ်နေသည့် မရဏဘုံ ကျောင်း တည်ရှိနေသည် မဟုတ်ပါလား။

* * *

ရိုဇုန်း၏စိတ်ထဲ ထူပ်ရှားလာ၏။

သူ၏ ခန္ဓာကိုယ်အထူင်းမှသွေးများက ဆူဝေလာသည်။

သူသည် နှစ်ပေါင်းနှစ်ဆယ်ကျော်မျှ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သော မရဏဘုံ ဘကျောင်းကို တွေ့ရတော့မည် မဟုတ်ပါလား။

ထို့ကြောင့်

သူ၏စိတ်ထဲ၌ လှုပ်ရှားလာခြင်းဖြစ်နိုင်ဆည်။

တစ်ဆက်တည်းမှာပင်....

သူ၏စိတ်ထဲ၌ စိုးရိမ်ပူပန်မှုလည်း ဖြစ်လာသည်။

သူသည် မရဏဘုံ ကျောင်းထဲမှ မရဏထောင်ချောက်တူးကို ကြောက်လန့်နေခြင်းကြောင့် စိုးရိမ်ပူပန်မှု ဖြစ်ပေါ်လာခြင်းမဟုတ်ပါ။

အယူသည်းသော ဒေသခံတိုင်းရင်းသားများ၏ တော်လှန်ကိုးကိုးခိုက်လာမည်ကို တွေးရ၍ စိုးရိမ်ပူပန်မှုဖြစ်ပေါ်လာခြင်းမှာ သူ၏အဖော်နှစ်ယောက်ဖြစ်သည့် ဟုတ်ကျင်နှင့် လောက်ဒန်းကြောင့်သာ ဖြစ်၏။

အထူးသဖြင့်....

သူသည် ဟုတ်ကျင်ကိုစိတ်မချပါ။

ဟုတ်ကျင်နှင့် လောက်စန်းတို့သည် ဤမြေပုံတစ်ခြမ်းကို ရရှိရန် တစ်စုံတစ်ယောက်၏လည်ပင်းကို လှီးဖြတ်ခဲ့ခြင်း မဟုတ်ပါဟု မည်သူမျှ ပြောနိုင်မည်မဟုတ်ပါ။

ဤသို့ဆိုလျှင်....

သူတို့နှစ်ယောက်သည် မိခိ၏လည်ပင်းကိုလည်း လှီးဖြတ်လိမ့်မည်မဟုတ်ဟု မည်သူမျှ အာမခံနိုင်မည်မဟုတ်ပါ။

ထို့ကြောင့်

သူ၏စိတ်ထဲ၌ စိုးရိမ်ပူပန်မှု ဖြစ်ပေါ်နေခြင်းဖြစ်၏။

ရိဇုန်းသည် သူ၏စိတ်ထဲမှ လှုပ်ရှားနေခြင်းကို ငြိမ်သက်သွားစေရန် ဆက်ပြင်းတစ်ချက်ကို မသိမသာချလိုက်ပြီး ခါးဝိုက်ဆားသော အရက်ဘူးကိုဖြုတ်ယူ၍ တစ်ငုံခန့်မော့ကာ သောက်လိုက်၏။

ပြီးမှ....

သူသည် အရက်ဘူးကို ခါးဝိုက်ပြန်ချိတ်လိုက်၏။

လူသွားလမ်းကလေးသည် လှေကားထစ်ပုံသဏ္ဌာန် ဖြစ်နေ၏။

ရိုဖုန်သည် ထိုလူသွားလမ်းအတိုင်း အပေါ်သို့တက်လာရာ တစ်နေရာ၌ လူသွားလမ်းသည် ပျောက်ကွယ်သွား၏။

ထိုနေရာ၌ တောင်နံရံတစ်ခု ကာဆီးထား၏။

ထိုတောင်နံရံ၌ အက်ကွဲကြောင်းတစ်ခု ရှိ၏။

အက်ကွဲကြောင်းကို သစ်ပင်ငယ်များ၊ နွယ်ပင်များ၊ ဆူးပင်များကို ခုတ်ထွင်ရှင်းလင်းလိုက်၏။

သူနှင့်အတူ ဒေသခံတိုင်းရင်းသား နှစ်ယောက်ကလည်း တက်ညီလက်ညီ ခုတ်ထွင်ရှင်းလင်းနေသည်။

ဤသို့ဖြင့်....

သူတို့သည် တောင်နံရံပေါ်မှ အက်ကွဲကြောင်းထဲသို့ ရောက်ရှိလာလေတော့သည် မဟုတ်ပါလား။

* * *

ပတ်ဝန်းကျင်တစ်ခုလုံးမှာ မြူခိုးမြူငွေ့များ၊ တောင်ခိုးတောင်ငွေ့များ ဖုံးလွှမ်းထား၏။

ထို့နောက်....

သူသည် ရှေ့သို့တိုးထွက်လိုက်ပြီး လမ်းရှင်းနေကြသော ဒေသခံတိုင်းရင်းသား နှစ်ယောက်နှင့်အတူ ချုံနွယ်များအား စိုင်းထူ၍ ခုတ်ထွင်ရှင်းလင်းလိုက်သည်။

ချုံနွယ်များ တစ်ခုပြီးတစ်ခု ရှင်းလင်း ပြီးသောအခါတွင် ကျောက်အုပ်များခင်းထားသော လူသွားလမ်းကိုတွေ့ရသည် မဟုတ်ပါလား။

* * *

လူသွားလမ်းကို တောင်နံရံ၌ကပ်၍ ဖောက်လုပ်ထားလေသည်။

ညီညာသော ကျောက်အုတ်များဖြင့် စီ၍ခင်းထား၏။

လူသွားလမ်း၏အကျယ်က သုံးပေသာသာ ကျယ်ဝန်း၏။

ထိုလူသွားလမ်းအတိုင်း ငါးပေခြောက်ပေခန့် လျှောက်ပြီးသောအခါ လူသွားလမ်းသည် နောက်ထပ်တစ်ထွာသာသာ မြင့်လာ၏။

ထို့ကြောင့်....

မရဏဘုံကျောင်းကို တိမ်တိုက်ပေါ်၌ မြင်တွေ့ရသည်။ တိမ်များပေါ်၌ မရဏဘုံကျောင်းကို ဆောက်ထားခြင်း မဟုတ်ပါ။

တိမ်များလည်း မဟုတ်ပါ။

မြူခိုးမြူငွေ့များ၊ တောင်ခိုးတောင်ငွေ့များသာ ဖြစ်ပါသည်။

မြူခိုးများ၊ တောင်ခိုးတောင်ငွေ့များကြားမှ မရဏဘုံကျောင်းသည် ရုတ်တရက်ကြည့်ပါက တိမ်တိုက်များပေါ်၌ ဆောက်ထားသကဲ့သို့ ထင်မှတ်ရခြင်းပင် ဖြစ်သည်။

ရှိဖုန်းသည် သစ်ပင်ကြီးများ ဝိုင်းရံနေသော မရဏဘုံကျောင်းကို အတန်ကြာအောင်ပင် ငေးမျှကြည့်နေမိသည်။

သူသည် ထိုဘုံကျောင်းနှင့် ပတ်သက်၍ ဆရာကြီးဝေထံမှ ကြားဖူးခဲ့၏။

ထို့နောက်....

ဆရာကြီးဝေက ရှိဖုန်းကို မရဏဘုံကျောင်းနှင့်ပတ်သက်သော မေစာများ၊ ကျောက်စာများကို ဖတ်ရှုရန်ပေးခဲ့သည်။ လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်ကျော်က တည်ဆောက်သော မရဏဘုံကျောင်းကို ရှိဖုန်း မြင်တွေ့နေခြင်းဖြစ်သည်။

ထို့စဉ်....

သူ၏ရှေ့မှ ဒေသခံဘိုင်းရင်းသား နှစ်ယောက်သည် ထိတ်လန့်စွာ အော်ဟစ်လိုက်ပြီး လက်တဲ့မှခားကို လှည့်ချလျက် နောက်သို့ ပြန်ပြေးလာသည်။

တောင်နံရံ အက်ကွဲကြောင်းထဲသို့ ရောက်သောအခါတွင် အေးစိမ့်မှုက ပိုလာသည်။

သို့သော်....

ရှိဖုန်း၏ ခန္ဓာကိုယ်သည် ချွေးများဖြင့်စိုနေ၏။

သူ၏ လက်မောင်း ကြွက်သားများလည်း နာကျင်နေ၏။ မည်သို့ပင် ဖြစ်ပါစေ။

မိမိ၏မိသားချက်ဖြင့် ထိုးတိတိဖြစ်သွားသောသစ်ကိုင်းများ၊ ချုံပင်များ၊ နွယ်ပင်များကိုကြည့်ရင်း ရှိဖုန်းစိတ်ထဲ၌ကျေနပ်နေမိသည်။

မြူခိုးမြူငွေ့များ၊ တောင်ခိုးတောင်ငွေ့များက ပို၍ပင် ထူထပ်လာသည်ဟု ထင်မှတ်ရ၏။

ရှိဖုန်းသည် ကသက်မှန်မှန်ရှူပြီး ရှေ့သို့ဆက်၍လျှောက်သွား၏။

မကြာမီ....

တောင်နံရံ အက်ကွဲကြောင်းကို ကျော်ဖြတ်၍ လမ်းဆုံးသို့ ရောက်ရှိလာသည်။

ထိုနေရာသို့ ရောက်သည်နှင့် ရှိဖုန်း၏ ခြေလှမ်းများသည် ရှေ့၌မရှိနိုင်အောင်ပင် အံ့သြသွားလေတော့သည် မဟုတ်ပါလား။

* * *

သူတို့ကို ရိဖုန်းကလှမ်း၍ မဟန့်တားနိုင်မီပင် သူတို့သည် ရိဖုန်းကိုဖြတ်ကျော်၍ ပြေးလွှားသွားပြီ ဖြစ်သည်။

ထိုဒေသခံ တိုင်းရင်းသားနှစ်ယောက်၏ ထိတ်လန့်တကြား အော်ဟစ်လိုက်သံကြောင့် ဝန်စည်စလှယ်များ ထမ်းပိုးထားသော ဒေသခံတိုင်းရင်းသား သုံးယောက်တို့သည် မိမိတို့၏ ထမ်းပိုးထားသော ဝန်စည်စလှယ်များကို အောက်သို့ပစ်ချ၍ နောက်သို့ လှည့်ပြေးလေတော့၏။

သူတို့သည် အလွန်ကြောက်မက်ဖွယ်ကောင်းသော အရာတခုကိုမြင်တွေ့ကာ ထိတ်လန့်တကြားဖြင့် ဖနောင့်နှင့်တင်ပါးတစ်သားတည်းကျအောင် ပြေးလွှားသွားခြင်း ဖြစ်သည်။

အဖြစ်အပျက်က အလွန်လျင်မြန်သောကြောင့် ဟုတ်ကျင့်နှင့် လောက်စန်းတို့သည် ဒေသခံတိုင်းရင်းသားများကို တန်စားနိုင်စွမ်း မရှိခဲ့ပါ။

ထို့ကြောင့်....

ဟုတ်ကျင်က ဒေါသတကြီးဖြင့် အော်ဟစ်လိုက်သည်။

ရိဖုန်းက သက်ပြင်းချလိုက်ပြီး....

'ဟုတ်ကျင်၊ သူတို့ သွားပါစေ'

ဟု ပြောလိုက်၏။

ဟုတ်ကျင်က နှုတ်ခမ်းကိုမဲ့ကာ....

'အလကား လူကြောက်တဲ့'

ဟု မကျေမချမ်းဖြင့် ပြောဆိုလိုက်၏။

ပြီးမှ....

သူသည် လောက်စန်းကို တစ်ချက်လှမ်းကြည့်လိုက်သည်။

လောက်စန်းကလည်း ဟုတ်ကျင်ကို ပြန်၍ကြည့်သည်။

သူတို့နှစ်ယောက်၏ မျက်လုံးများက တစ်စုံတရာပြုလုပ်ရန် တစ်ယောက်နှင့်တစ်ယောက် အချိန်းအချက်ပြုလုပ်နေသကဲ့သို့ ထင်မှတ်ရ၏။

ရိဖုန်းက မသိကျိုးကျွန်ပြုကာ မရဏဘုံကျောင်းကို လှမ်းကြည့်လိုက်၏။

လွန်ခဲ့သော ငါးနှစ်ခန့်က လုထိုအမည်ရှိသော လူတစ်ဦးသည် ဤမရဏဘုံကျောင်းကို ရှာဖွေရန် ဤခရီးကိုလာခဲ့ဖူးကြောင်း ရိဖုန်းသိသည်။

လုထိုသည် ဆရာကြီးဝေ၏ မိတ်ဆွေဖြစ်၏။

သူသည် ဆရာကြီးဝေကဲ့သို့ပင် ရှေးဟောင်း အမွေအနှစ်များအပေါ် စိတ်ဝင်စားသူ ဖြစ်၏။

သူသည် သူ၏ ဘဝတစ်ခုလုံးကို ဆရာကြီးဝေ ကဲ့သို့ပင် ရှေးဟောင်း အမွေအနှစ်များကို ရှာဖွေသည့် လုပ်ငန်း၌မြှုပ်နှံသွားသူ ဖြစ်သည်။

သို့သော်

သူသည် မရဏဘုံကျောင်းကို ရှာဖွေရန် ထွက်ခွာသွားပြီးနောက် လုံတွေ့မြို့သို့ လည်းကောင်း....

သူ၏ဇာတိမြို့ဖြစ်သော ပီကင်းမြို့သို့ လည်းကောင်းပြန်လည် လာရှိမလာတော့ချေ။

ရိဖုန်းသည် ဆရာကြီး လုထိုအကြောင်း တွေးမိပြီး စိတ်ကောင်းဖြစ်လာ၏။

'ဟုတ်လား....ဘယ်သူလဲ'

ဟု မေးလိုက်၏။

ဟုတ်ကျင်က....

'ဘယ်သူလဲတော့ မသိဘူး၊ ဒါပေမယ့် အသက် ခပ်ကြီးပဲ၊ တပည့်နှစ်ယောက် ပါတယ်'

ရိဖုန်းက....

'ထားပါတော့၊ ရွာသူကြီးက ဘာပြောလဲ'

ဟုတ်ကျင်က....

'ရွာသူကြီးက အဲ့ဒီကို မသွားဖို့ တားတယ်၊ နောက်ဆုံး ဘားမရတော့ ရွာသူကြီးက အဲ့ဒီလူစုကို မှာလိုက်တယ်'

ရိဖုန်းက မျက်မှောင်မသိမသာ ကုတ်ရင်း....

'ဘာမှာလိုက်သလဲ'

ဟု မေးလိုက်၏။

ဟုတ်ကျင်က....

'ရွာသူကြီးက ပြောလိုက်တယ်၊ တကယ်လို့ သူတို့ဟာ အဲ့ဒီ အဆိပ်ဆွာရုပ်ကို တွေ့ရင် ရှေ့ဆက်မသွားဘဲ ပြန်လာပါလို့ မှာလိုက်တယ်'

ရိဖုန်းက သက်ပြင်း တစ်ချက်ကို မသိမသာ ချလိုက်မိလေသည်။

လုဆိုသည့် ကြောက်လန့်တတ်သူ မဟုတ်ပါ။

သူသည် ကျိန်စာကိုလည်း ယုံကြည်သူ မဟုတ်ပါ။

လုဆိုသည် ထိုကျောက်ရုပ်တုကို တွေ့သော်လည်း ဆက်သွားလိမ့်မည်ဟု ရိဖုန်းက တွေးလိုက်၏။

ထို့ကြောင့်....

ရိဖုန်းသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ဒေသခံ တိုင်းရင်းသား နှစ်ယောက်ကို ထွက်ခဲပြီး စေနိုင်လောက်အောင် ကြောက်မက်ဖွယ်ကောင်းသည့် အရာကို သွားရောက် ကြည့်ရှုလိုက်၏။

* * *

ဟုတ်ကျင်ဘာ....

'လွန်ခဲ့တဲ့ ငါးနှစ်ခြောက်နှစ်လောက်က သူရွာကို လူတယောက် ရောက်လာတယ်၊ အဲ့ဒီ လူက ကျုပ်တို့လိုပဲ ဒီတောကျောင်းကို လာရှာတာ'

ဟု ပြောလိုက်၏။

ဟုတ်ကျင်၏ စကားကြောင့် ရိဖုန်း၏ မျက်လုံးများသည် ဝင်းလက်၍ သွားသည်။

ထို့ကြောင့်....

သူသည် စိတ်ဝင်စား၍....

ဟုတ်ကျင်က သက်ပြင်းချပြီး....

'အဲဒီလူရဲ့ တပည့် နှစ်ယောက်က ဒီရွပ်တို့ကို တွေ့တော့ ရွှေ့ဆက်မသွားဘဲ ပြန်လှည့်လာခဲ့တယ်၊ အဲဒီလူကတော့ရွှေ့ဆက် သွားခဲ့တယ်'

ရိဖုန်းက ခေါင်းညိတ်လိုက်ပြီး....

'အဲဒီတော့ ဘာဆက်ဖြစ်လဲ'

ဟုတ်ကျင်က....

'အဲဒီလူဟာ ဒီနေ့အထိ ပြန်မလာတော့ဘူး'

ရိဖုန်းက နှုတ်ခမ်းကို တစ်ချက် ကိုက်ပြီး....

'သူတပည့် နှစ်ယောက်ရော ဘာဖြစ်သွားလဲ'

ဟုတ်ကျင်က....

'ဒါတော့ မသိဘူး၊ ရွာသူကြီးက ပြောတယ်၊ နှတ်မီစ္ဆာကို ကွေ့ခဲ့လို့ ကံဆိုးတာတဲ့'

သူက ပြုံးပြီး....

နှတ်မီစ္ဆာ၏ ခေါင်းကို လက်ဖြင့် ကိုင်လိုက်သည်။

ပြီးမှ....

'ကျုပ်ကတော့ ကံကောင်းလိမ့်မယ်'

ဟု ပြောလိုက်၏။

သို့သော်....

သူသည် နှတ်မီစ္ဆာ၏ ခေါင်းကို လက်နှင့် ကိုင်လိုက်သည်နှင့် သူ့ခန္ဓာကိုယ် တစ်ခုလုံးသည် အေးစိမ့်၍ သွားပြီး ကြက်သီး မွေးညှင်းများ ထလာ၏။

သူ၏စိတ်ထဲ၌လည်း မည်သည့် ကြောက်မက်ဖွယ် ကောင်းသော အရာကို ထိတ်လန့်တုန်လှုပ်မှုနှင့်မသိ ထိတ်လန့်တုန်လှုပ်သွားသည်။

ပတ်ဝန်းကျင်သည် ရုတ်တရက် တိတ်ဆိတ် ငြိမ်သက်သွားသည့် ခံစားလိုက်ရ၏။

လေတိုးသံ၊ သစ်ရွက်လှုပ်သံ၊ ငှက်အော်မြည်သံ၊ တောရိုင်း ပိုးမွှားတို့၏ အသံကုပ်ငင် မကြားရခဲ့။

ဤနေရာ၌ ရှိနေသော သက်ရှိ သက်မဲ့ အရာ အားလုံးသည် ယခုအချိန်၌ ရုတ်ခြည်း ဆေးဆုံးသွားသကဲ့သို့ ခံစားရမိသည်။

တစ်ဆက်တည်းမှာပင်....

သူ၏ လက်အောက်မှ နှတ်မီစ္ဆာ၏ ခေါင်းက လှုပ်ရှားသကဲ့သို့ ခံစားရသည်။

တို့ကြောင့်....

ရိဖုန်းက မိမိ၏ လက်ကို ရုတ်တရက် ပြန်ရုပ် လိုက်မိလေသည်။

သူသည် ဟုတ်ကျင်ကို လှည့်ကြည့်လိုက်၏။

ဟုတ်ကျင်က မြူခိုး မြူငွေ့မှုန်းကြားမှ မရဏာဒေါ့ ကျောင်းကြည့်နေသောကြောင့် ရိဖုန်းက ထိတ်လန့်တကြား လက် ပြန်ရုပ်သည်ကို မသိလိုက်ချေ။

ရိဖုန်းသည် ထိုနှတ်မီစ္ဆာ၏ ရုပ်တုအနီးမှ နောက်သို့ ခြေလှမ်း တစ်လှမ်းနှစ်လှမ်းမျှ ဆုတ်၍ နှတ်မီစ္ဆာရုပ်တုကို စူးစိုက်ကြည့်လိုက်၏။

နတ်မိစ္ဆာ ရုပ်တုက မိမိကို ပြန်လည်၍ စူးစိုက်ကြ
သက်သို့ ရိဖုန်း၏ စိတ်ထဲ၌ ခံစားလိုက်ရ၏။
ဟုတ်ကျင်က မရဏာဘုံကျောင်းကို ကြည့်နေရာမှ ရ
အား လှည့်ကြည့်လိုက်၏။
ပြီးမှ....
'ရိဖုန်း.....ခင်ဗျားက တကယ်ပဲ က ကောင်းမှာလား'
ဟူ၍မေးလိုက်သည်။
သူက ဟုတ်ကျင်၏ မျက်လုံးများကို စူးစိုက် ကြည့်လ
ပြီး....
'လုထိုရဲ့ တပည့်တစ်ယောက်လို ငါက က ဆိုးမှာ မဟ
ဘူး'
ဟု ပြောလိုက်သည်။
ရိဖုန်း၏စကားကြောင့် ဟုတ်ကျင်က မျက်မှောင်ကုတ်သ
ပြီး....
ရိဖုန်းကို စူးစိုက် ကြည့်လိုက်လေတော့သည် မဟုတ်
လား။

* * *

ရိဖုန်းက အင်္ဂါရင်ဘတ်ကြားထဲမှ ဆိတ်သားရေဖြင့် ပြု
ပ်ထားသော မြေပုံလိပ်ကို ထုတ်ယူ၍ ချည်ထားသည့် ပိုး
အား ဖြည်လိုက်၏။
ပြီးမှ....
မြေပုံကို ဖြန့်လိုက်သည်။
မြေပုံက မရဏာဘုံ ကျောင်း၏ ပန္နက် မြေပုံဖြစ်သည်။
သို့သော်....
မြေပုံက တစ်ခြမ်းတည်းသာ ရှိ၏။
ရိဖုန်းက ပြုံးလိုက်ပြီး....
'ဆရာကြီး လုထိုဟာ မရဏာဘုံ ကျောင်းထဲကိုမဇင်ခင် ဘုံ
ကျောင်းရဲ့ ပန္နက်မြေပုံတို့ သေချာ ကြည့်ခဲ့တယ်၊ ပြီးမှ မြေပုံ
ကို ဘစ်ဝက်စီ ခဲ့ပြီး သူ့တပည့် နှစ်ယောက်ကို ပေးခဲ့တယ်၊
ဒီဘာကတော့ ဒီဘုံ ကျောင်းထဲက ပြန်ပြီး မထွက်နိုင်ခဲ့ရင်
သူ့တပည့်တွေ လိုက်လာနိုင်အောင်ပဲ....
'ဒါပေမယ့်....သူ့တပည့်တွေက ဘုံ ကျောင်းထဲကို မဝင်ရဲ
ကြ အပြင်မှာ သုံးရက်နဲ့ သုံးညတိတိ စောင့်ခဲ့တယ်၊ လေး
ရက်မြောက်တဲ့ နေ့မှာ သူတို့ ဆရာဟာ ဘုံ ကျောင်းထဲက ပြန်
ထွက်လာတာ မတွေ့တော့မှ လက်လျှော့ပြီး နောက်ကြောင်း
ပြန်သွားခဲ့တယ်'
ဟု ပြောလိုက်၏။
ဟုတ်ကျင်က ဘာမျှ ပြန်မပြောပါ။
သူသည် ရိဖုန်းကိုသာ မျက်မှောင်ကုတ်၍ စူးစိုက်ကြည့်နေ
သည်။

သူသည် ရိဖုန်းထံသို့ ရုတ်တရက် ပြေးဝင်၍ ဓားဖြင့် ထိုး
က်၏။

ဟုတ်ကျင်၏ ခံားက အသွေး တိုးလာခန့်ရှိပြီး အမဲလိုက်
အသုံးပြုသော ဝေးရြောင် ဖြစ်သည်။

ဟုတ်ကျင်က ရိဖုန်း၏ ဝမ်းဗိုက်ကို ပင့်၍ ထိုးစိုက်လိုက်ခြင်း
ဖစ်သည်။

ရိဖုန်းက ကမန်းကထန်း ရှောင်တိမ်းလိုက်ပြီး ဟုတ်ကျင်၏
ကောက်ဝတ်ကို ဖမ်းဆုပ်၍ လှန်ချိုးလိုက်ပြီး နောက်သို့
တစ်လှမ်း ဆုတ်လိုက်ရာ ဟုတ်ကျင်၏ခန္ဓာကိုယ်သည် ရှေ့
ကမ်းထိုးလဲကျလာလေသည်။

တစ်ခါနှင်တည်းမှာပင်....

ရိဖုန်းက ဟုတ်ကျင်၏ လက်ထဲမှ ဓားရြောင်ကို လှုယူလိုက်
ဖြစ်သည်။

ဟုတ်ကျင်သည် ဓမ်းလျားထိုး လဲကျရာမှ ကုန်း၍ ဆပိုက်
သူ့ဘင် သူက ဟုတ်ကျင်၏ ပါးခိုတ်အား အပေါ်မှ စီးထိုးချ
က်၏

"ခွပ်"

ဟူသော အသံနှင့်အတူ ဟုတ်ကျင်၏ မျက်နှာသည် တဖက်
လှည့်သွားပြီး မျက်နှာနှင့် ရြေကြီး မိသံဆက်သွားတော့
သည်။

အဖြစ်အပျက်က အလွန် လျင်မြန်စွာ ဖြစ်ပျက်သွားသော
ကြောင့် လောက်စန်းသည် မှင်သက်ခိုရ၍ ကြောင်အမ်းအမ်းဖြင့်
သွား၏။

ရိဖုန်းက ပြုံးပြီး.....

"လူထိုင်ခွဲ တမည့်တစ်ယောက်က ဆရာကြီးဝေဆိုကို လာပြီ
ဒီရြေမှုတစ်ခြမ်းကို ပေးခဲ့တယ်"

ဟု ပြောလိုက်သည်။

ပြီးမှ....

ရိဖုန်းသည် ဟုတ်ကျင်ကို အေးစက်သော မျက်လုံး တ
ဖြင့် ကြည့်ရင်း.....

"ရြေမှုတစ်ခြမ်းက မင်းဆီမှာ၊ ဒါပေမယ့် မင်းတို့ နှစ်
ဟာ ဆရာကြီး လူဘွဲ့ခွဲ တမည့်တွေ့ မဟုတ်ဘူး"

ဟု ပြောသည်။

သူ၏ စကားဆုံးသည်နှင့် ဟုတ်ကျင်သည် သူ့ကို ခုန်ထ
လိုက်လေသည်။

သူသည် ခုထိုသို့ ဖြစ်လာလိမ့်မည်ကို ကြိုတင် တွက်ဆထ
သောကြောင့် မိမိဆံသို့ ခုန်အုပ်လာသော ဟုတ်ကျင်ကို ဆီး
ခွန် ကိုင်ပေါက်လိုက်၏။

ထို့ကြောင့်....

ဟုတ်ကျင်၏ ခန္ဓာကိုယ်သည် ရိဖုန်း၏ ပခုံးပေါ်မှ ဇ
၍ ချုပ်တုတ်ထံသို့ ကျသွား၏။

ဟုတ်ကျင်သည် အကျွမ်းသွားသော်လည်း ချက်ချင်း
လိမ့်လဲလိုက်ပြီး ခါးကြားဥ ဝှက်ထားသော ဓားကို ဆွဲထု
လိုက်၏။

ထို့နောက်....

ပြီးမှ....
သူသည် ဟုတ်ကျင်ကို ကူညီရန် လှုပ်ရှားလိုက်၏။
ထိုစဉ်....
ရိဖုန်း၏ လက်က လှုပ်ရှားသွားပြီး....
'ဝှီး....'
ဟူသော အသံနှင့်အတူ ရိဖုန်း၏ လက်ထဲမှ ဟုတ်ကျင်
ဝေးမြောင်က လောက်စန်းထံသို့ ပစ်လွှင့်သွားသည်။
ထို့နောက်....
'ထောက်'
ဟူသော အသံနှင့်အတူ လောက်စန်း၏ မျက်နှာနှင့် သံ
လက်မခန့် အကွာမှ ဖြတ်သန်း၍ သစ်ပင်၏ ပင်စည်ပေါ်
စိုက်ဝင်သွားသည်။
ထို့ကြောင့်....
လောက်စန်းသည် မလှုပ်ရှားရဲတော့ဘဲ ငြိမ်သက်စွာ ရ
နေလေ၏။
ရိဖုန်းက မိမိ၏ ခြေဖျားကို အားပြု၍ ဟုတ်ကျင်၏အနီး
ထိုင်ချလိုက်ပြီး ဟုတ်ကျင်၏ ဆံပင်ကို ဆွဲကာ မျက်နှာအား
မော့လိုက်သည်။
ဟုတ်ကျင်၏ မျက်နှာပေါ်၌ ရိဖုန်း လက်သီးစာမိ၍ နှုတ်
ခမ်းကွဲသွားပြီး သွေးများ ထွက်နေသည်။
ရိဖုန်းက သက်ပြင်းချပြီး....
'မင်း မြေပုံတစ်ခြမ်းကို ဘယ်က ရခဲ့သလဲ'
ဟု မေးလိုက်သည်။

ဟုတ်ကျင်က အဖြေမပေးမီ လောက်စန်းက....
'ဟို....ဟို....ကျွန်တော်တို့ လူတစ်ယောက်နဲ့ တွေ့ခဲ့ပါတယ်၊
သူ....သူက ဌက်ဖျားမိပြီး သေတော့မယ့် ဆဲဆဲ ဖြစ်နေပါ
ဘယ်'
ဟု ပြောလိုက်၏။
ရိဖုန်းက မဲ့ပြုံး ပြုံးလိုက်ပြီး....
'လိမ်တာ'
ဟု ပြောသည်။
လောက်စန်းက....
'မ....မဟုတ်ပါဘူး၊ ဟို....ဟို...'
လောက်စန်း၏ စကားမဆုံးမီ ရိဖုန်းက သူ့ကို လှည့်၍
းစိုက်ကြည့်ပြီး....
'ခင်ဗျားတို့ သူ့ကို သတ်လိုက်တယ် မဟုတ်လား'
ဟုအော်စက်သော လေသံဖြင့် မေးလိုက်၏။
ရိဖုန်း၏ စကားကြောင့် လောက်စန်း ခန္ဓာကိုယ်သည် တစ်
ချက် တုန်ခါသွားပြီး ဟုတ်ကျင်ကို လက်ညှိုးထိုး၍....
'သူ....သူ....သူသတ်တာပါ၊ ကျုပ်က အထန့်တန် တားပါ
ဘယ်'
ဟု ပြောလိုက်၏။
ရိဖုန်းက ဟုတ်ကျန်၏ အင်္ကျီရင်ဘတ်ကြားထဲမှ မြေပုံလိပ်
ကို ထုတ်ယူလိုက်ပြီး ထိုင်ရာမှ ထလိုက်၏။
ထို့နောက်....

လောက်စန်းက လေပူဘစ်ခွက် မှုတ်ထုတ်ကာ....

'အင်း.....ကျုပ် လူပေါင်းမှား တာပါ'

ဟု ပြောလိုက်၏။

ရီဖုန်းက ပြုံးလိုက်ပြီး....

'ကျုပ်လဲ လူပေါင်းမှား တာပဲ၊ ဒါပေမယ့်.... ကျုပ်.... ကံကောင်းတယ်'

ဟု ပြောကာ လက်ထဲမှခြေပုံနှစ်ခုကို ဝေ့ယမ်းပြလိုက်လေ တော့သည် မဟုတ်ပါလား။

သူသည် မရက စုံကျောင်းဆရာ သို့ လွှဲပေးသွားတော့ သည်။

ဟုတ်ကျင်သည် လဲကျလာမှ ထသိုက်ပြီး ရီဖုန်း၏ နောက် ကျောသို့ တစ်ချက် ကြည့်ပြီး နှုတ်ခမ်းကို မဲ့၍ ပြုံးလိုက်မိ သည်။

တို့နောက်....

သူသည် နောက်သို့လှည့်ကာ ထွက်ပြေး၍ သွားလေတော့ သည်။

လောက်စန်းသည် ဟုတ်ကျင် ထွက်ပြေးသွားသည် ဘွဲ့ မြင်ရသောအခါ မျက်လုံးပြူးသွားပြီး....

'ဟုတ်ကျင်....ဟုတ်ကျင်'

ဟု လှမ်း၍ အော်ဟစ်လိုက်၏။

လောက်စန်း၏ အော်ဟစ်သံကြောင့် ရီဖုန်းက နောက်သို့ လှည့်ကြည့်လိုက်သည်။

ထို့အခါမှီနှင့်ဘင်....

ဟုတ်ကျင်သည် ချုံနွယ်ပင်များကြားထဲသို့ တိုးဝှေ့ ဝင် ရောက်သွားပြီ ဖြစ်၏။

လောက်စန်းက ဟုတ်ကျင်၏နောက်သို့ ပြေးလိုက်သွားပြီး နောက် ရုတ်တရက် ခြေလှမ်းရပ်ပြီး ရီဖုန်းကိုလှမ်းကြည့်လိုက် သည်။

ရီဖုန်းက သက်ပြင်းချလိုက်ပြီး....

'ကျုပ်....ကျုပ်ပြောထားတဲ့ကတိကို မဖျက်ဘူး'

ဟု ပြောလိုက်၏။

ကောင်း၊ တိတ်ဆိတ်ငြိမ်သက်မှု အတွင်း၌လည်းကောင်း လျှောင်ပိတ်မိနေသော အနှံ့မျိုးဖြစ်သည်။

အဝင်လမ်းသည် စိုစွတ်နေ၏။

အမိုးပေါ်မှ ရေစိမ့်၍ တစ်တောက်တောက် ကျနေသော ကြောင့် အဝင်လမ်းတစ်လျှောက် စိုစွတ်နေခြင်း ဖြစ်သည်။

အချို့နေရာများ၌ ရေညှိတက်ကာ ချောနေ၏။

အထဲမှလေက အေးစိမ့်နေသည်။

လေ၏အေးစိမ့်မှုက နေရောင်ထိတွေ့မှုမရှိဘဲ အမှောင်ထဲ၌ ရှိနေသော် လေ၏အေးစိမ့်မှုမျိုး ဖြစ်သည်။

ရိဖုန်းသည် အဝင်လမ်းအတိုင်း တစ်လှမ်းချင်းလျှောက်၍ သွားသည်။

သူ၏ဖိနပ်သံက ခပ်သဲ့သဲ့အသံ ထွက်ပေါ်နေသည်။

ထိုအသံများသည် မိမိ၏ဖိနပ်ကြောင့် ဖြစ်ပေါ်လာသော အသံဟု ရိဖုန်းစိတ်ထဲ မခံစားရဘဲ မိစ္ဆာတစ်ကောင်၏ ခြေသံကဲ့သို့ ခံစားနေရ၏။

မိမိသည် မိစ္ဆာတစ်ကောင် ဖြစ်နေပြီလော။

မိမိသည် တိတ်ဆိတ်မှု၊ ငြိမ်းချမ်းမှုကို ဖြိုခွဲသူဖြစ်နေရပြီလော။

ရိဖုန်းသည် သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်၏။

ပြီးမှ....

သူသည် သူ၏နောက်မှ လိုက်လာသော လောက်စန်းကို လှည့်ကြည့်လိုက်သည်။

* * *

မရကာဘုံကျောင်း....

ကြီးမားသော အဆောက်အဦးတစ်ခု ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်က တည်ဆောက်ခဲ့သော ဂျပ်ဘုံကျောင်းသည် ဗန်ဒက်၊ လေဒက်၊ မိုးဒက် စသော ရာသီဥတုဒဏ်များကြောင့် ပျက်စီးယိုယွင်းနေပြီ ဖြစ်သည်။

နှယ်မြက်သစ်ပင်များက ဘုံကျောင်းကို ဝါးမျိုထား၏။

ဘုံကျောင်းထဲသို့ဝင်ရောက်လိုက်သည်နှင့် ရာစုနှစ်ပေါင်းကတည်းက ရှိနေခဲ့သော အနှံ့ဆိုးကို ရိဖုန်းက ရှူရှိုက်လိုက်ရသည်။

ထိုအနှံ့အသက်သည် လျှောင်ပိတ်မိနေသော အနှံ့အသက်မျိုး ဖြစ်သည်။

တောကြီးမျက်မည်းထဲ၌ လည်းကောင်း၊ သစ်ပင်သစ်ရွက်များ ကြားထဲ၌လည်းကောင်း၊ အမှောင်ထုအတွင်း၌ လည်း

လောက်စန်းသည် ရိဖုန်းနောက်မှ လိုက်ပါလာသည်။
သူ့လက်ထဲ၌ ဖဒယောင်းတစိတ်ိုင်ကို ကိုင်ထားသည်
ဖဒယောင်းတို့ိုင်၏မီးစာက လှုပ်ရှားနေသည်။
ထို့ကြောင့်....
အရိပ်မျှားသည် ပတ်ဝန်းကျင်၌ လှုပ်ရှားနေသည်။
ထိုလှုပ်ရှားနေသော အရိပ်မျှားတို့ကြည့်၍ လောက်စန်း၏ စိတ်ထဲ၌ သရဲတစ္ဆေများ မြူးနေသကဲ့သို့ ထင်မှတ်လာလေသည်။
ထို့ကြောင့်....
သူသည် ဟန်မဆောင်နိုင်လောက်အောင် မျက်စိမျှတ်ခွာ ပျက်နေလေသည်။
ရိဖုန်းသည် မြေပုံနှစ်ခြမ်းကိုဆက်စပ်၍ မကြာခဏ ထုတ်ကြည့်ကာ ဘု ဘျောင်း၏ ပန်ကန်မြေပုံကိုကြည့်ရှုလိုက်၊ မိမိ၏ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက် လုပ်နေသည်။
ထို့နောက်....
ရိဖုန်းသည် ဦးခေါင်းကို ခါယမ်းလိုက်ပြီး သက်ပြင်းကို ချလိုက်၏။
မြေပုံပေါ်မှ ပန္ဓက်ပုံနှင့် လက်ရှိအနေအထားကိုဆက်စပ်၍ ကူ ကျောင်း၏ပုံကို မှတ်လိုးထဲ မြင်လာအောင် ပုံဖော်ကြည့်နေမိသည်။
သူသည် ရှေ့ထိုး ခြေလှမ်း လေးလှမ်း ငါးလှမ်း ပျံလွှားလိုက်၊ ချတ်ထရက် ရပ်တန့်လိုက်၊ မြေပုံကြည့်လိုက် ဖြစ်နေသည်။

ပြီးမှ သူသည် နောက်သို့လှည့်ကာ....
မြေပုံထဲက ပန္ဓက်ပုံနဲ့ နည်းနည်းကလေး လွဲနေတယ်
ဟု လောက်စန်းကို ပြောလိုက်သည်။
လောက်စန်းက ဘာမျှပြန်မပြောပါ။
ပြောရန်လည်း မည်သို့ပြန်ပြောရမည် မထိပါ။
ထို့ကြောင့်....
လောက်စန်းသည် ပါးစပ်ကို ပိတ်ထားလိုက်၏။
ရိဖုန်းက ရှေ့သို့ဆက်၍ သွေ့ာက်သွားသည်။
မကြာမီ....
သူတို့သည် အခန်းတစ်ခုသို့ ရောက်လာသည်။
အခန်းက ကျယ်ဝန်းလှခြင်း မရှိပါ။
အလွန်ဆုံးရှိမှ ပေနှစ်ဆယ် ပတ်လည်ခန့်သာ ကျယ်ဝန်းသည်။
အခန်း၏နံရံမျှားပေါ်၌ စင်မျှားရှိသည်။
သစ်သားစင်မျှား မဟုတ်ပါ။
သံဖြင့်ပြုလုပ်ထားသော စင်မျှားလည်း မဟုတ်ပါ။
နံရံမှ ကျောက်သားကို ထွင်းထုထားသော စင်မျှားဖြစ်သည်။
ထိုစင်မျှားပေါ်၌ ပစ္စည်းတစ်ခို့ ရှိ၏။
ရှပ်တုတစ်ခုရှိ၏
ရိဖုန်းက ထိုစင်မျှားရှေ့၌ ရပ်တန့်လိုက်ပြီး စင်မျှားပေါ်မှ ပစ္စည်းပစ္စယမျှားကို လေ့လာကြည့်ရှုလိုက်သည်။

လောက်စန်းက ရွှေဒင်္ဂါးတစ်ချို့နှင့် လက်ဝတ်လက်စား တစ်ချို့ကို စလွယ်သိုင်းလွယ်ထားသော သားရေအိတ်ထဲသို့ ထည့်လိုက်၏။

ရိဖုန်းက စင်ပေါ်မှပစ္စည်းတစ်ချို့ကိုယူ၍ မိမိ၏သားရေ အိတ်ထဲသို့ ထည့်လိုက်သည်။

ရိဖုန်းသည် မည်သည့်အရာက တန်ဖိုးရှိပြီး မည်သည့်အရာ က တန်ဖိုးမရှိမှန်း လောက်စန်းထက် ပို၍နားလည်၏။

မည်သို့ပင်ဖြစ်ပါစေ....

ဤမရဏဘုံကျောင်းထဲမှ ရွှေရုပ်တုထက် မည်သည့်အရာမျှ တန်ဖိုးရှိလိမ့်မည်မဟုကြောင်းကို ရိဖုန်းရော လောက်စန်းပါ သိနေကြလည်မဟုတ်ပါလား။

* * *

ရိဖုန်းသည် စင်များရှိသော အခန်းကိုဖြတ်ကျော်၍လူသွား စင်္ကြံနံလမ်းအတိုင်း ခပ်သွက်သွက်လျှောက်နေ၏။

လောက်စန်းသည် ရိဖုန်း၏နောက်မှ မပြေးရုံတမယ်အမော တကော လိုက်လာရ၏။

ထိုစဉ်....

ရုတ်တရက် ရိဖုန်းက သူ၏ခြေလှမ်းများကို တုန့်ကနဲနေ အောင် ရပ်တန့်လိုက်၏၊

ထို့ကြောင့်

သူ၏ နောက်မှလိုက်လာသော လောက်စန်းက ထိတ်လန့် သွားပြီး ခြောက်ကပ်ကပ်အသံဖြင့် မေးလိုက်၏။

'ဘာဖြစ်လို့ ရပ်တာလဲ'

ရိဖုန်းက ဘာမျှပြန်မပြောပါ။

လောက်စန်းသည် ရိဖုန်းထံမှ စကားသံကို မကြားရရုံမျှ မက ရိဖုန်း၏ အသက်ရှူသံကိုပင် မကြားရပါ။

ထို့ကြောင့်....

လောက်စန်းသည် ကျောက်ရုပ် တစ်ခုပ်ကဲ့သို့ လူပ်ရှားမှု ကင်းမဲ့နေသော ရိဖုန်းကိုမျက်လုံးပြူး၍ ကြည့်နေမိ၏။

သူသည် ကျောက်ရုပ်တုတစ်ခုကဲ့သို့ ငြိမ်သက်နေ၏။

လောက်စန်း မျက်မှောင်ကြုတ်ပြီး....

'ခင်ဗျား ဘာလုပ်နေတာလဲ'

ဟု ဒေါသကာ ရိဖုန်း၏ပခုံးပေါ်သို့ မရောက်ခင် လမ်းဟစ် ၁က်၌ ရုတ်တရက်ရပ်တန့်သွား၏။

တစ်ချိန်တည်းပင်....

လောက်စန်း၏ မျက်လုံးများသည် ဝိုင်းစက် ပြူးကျယ် သွားပြီး....

သူ၏ နောက်ကျောကို ထိတ်လန့်စွာကြည့်လိုက်မိလေတော့ သည်။

အဘယ်ကြောင့်ဆိုသော်

သူ၏ လှုပ်ရှားမှုက အလွန်လျင်မြန်၏။
သူသည် လက်မောင်းပေါ်မှ ပင့်ကူနက်ကို ကျွန်လက်ဘစ်
ဖြင့် ဖြတ်ခနဲပုတ်ထုတ်လိုက်ခြင်းဖြစ်၏။
ဆိုင့်ကြောင့်....
ပင့်ကူကြီးသည် အလင်းရောင်မရောက်ရှိသော မှောင်ရိပ်
လွင့်စင်သွားလေတော့၏။
သူက သက်ပြင်းတစ်ချက်ချလိုက်ပြီး....
လောက်စန်းကို လှည့်ကြည့်လိုက်၏။
လောက်စန်းသည် ယခုမှ အသက်ရှူ ချောင်သွားသကဲ့သို့
ပူတစ်ချက်မှုတ်လိုက်ပြီး....
ရှိဖုန်းကို စူးစိုက်ကြည့်ကာ....
'လောက်စန်း ငြိမ်ငြိမ်နေမလှုပ်နဲ့'
ဟု ပြောလိုက်၏။
သူ၏စကားအဆုံး၌ လောက်စန်းသည် မိမိ၏ ပခုံးပေါ်
စိုတစ်ခု ရွေ့လျားနေကြောင်းကိုသတိပြုလိုက် မိလေတော့
မဟုတ်ပါလား။

* * *

သူသည် ရိဖုန်း၏ ကျောကုန်းပေါ်၌ တခွန့်ရွေ့လှုပ်ရှား
နေသော အနက်ရောင် ပင့်ကူကြီးကို မြင်တွေ့လိုက်ရသော
ကြောင့်ပင်ဖြစ်သည် မဟုတ်ပါလား။
တောကြီး ပင့်ကူမျိုးဖြစ်၏။
အလွန်အဆိပ်ပြင်းထန်၏။
ပင့်ကူ၏ခန္ဓာကိုယ်က ဒင်္ဂါးပြားထက် အနည်းငယ်ပိုကြီး
သည်။
အရောင်က အနက်ရောင်ဖြစ်ပြီး အဝဲစင်းကလေးများပါ
သည်။
ပင့်ကူကြီးသည် ရှည်လျားသော ခြေတံလက်တံများကိုလှုပ်
ရှားပြီး ရိဖုန်း၏ နောက်ကျောပေါ် တခွန့်ရွေ့တက်လာလေ
သည်။
တဖြည်းဖြည်းဖြည်းနှင့် လည်ကုပ်ပေါ် ရောက်လာ၏။
ထိုမှတဆင့် ပခုံးပေါ်သို့ရောက်သွား၏
သူသည် လုံးဝမလှုပ်ရဲပါ။
သူသည် ကျောက်ဆစ်ရှုပ်ထက်မင် ငြိမ်သက်အောင် ရပ်နေ
သည်။
လောက်စန်းကပင့်ကူကြီးကိုကြည့်ပြီးထခုန်မတတ်ကြောက်
လန့်တုန်လှုပ်နေ၏။
ပင့်ကူကြီးသည် ရိဖုန်း၏ ပခုံးပေါ်မှတစ်ဆင့် လက်မောင်း
ပေါ်သို့ ရောက်လာ၏။
ဆိုစဉ်....
ရိဖုန်းက ရုတ်တရက်လှုပ်ရှားလိုက်၏။

လောက်စန်း၏ နောက်ကျောပေါ်၌ အနောက်ရောင် ပင့်ကူ
ကြီး ငါးကောင်သည် တရွေ့ရွေ့ လှုပ်ရှားနေ၏။
သူ၏ လက်မောင်းပေါ်၌ ပင့်ကူကြီးနှစ်ကောင်က ရွေ့ဆင်း
နောက်ဆင့် ရွေ့လျားနေ၏။
ထို့ကြောင့်လည်း....
သူသည် နားရွက်ပင် မလှုပ်ရဲအောင်ဖြစ်နေ၏။
ရိဖုန်းသည် သူ၏ အနီးသို့ လျှောက်လာပြီး....
နောက်ကျောပေါ်မှ ပင့်ကူကြီးကို ပုတ်ချလိုက်၏။
ပင့်ကူကြီးများသည် စကြိုန်လမ်းပေါ်သို့ တဖြုတ်ဖြုတ်က
သွား၏။
ရိဖုန်းက လမ်းပေါ်မှ ပင့်ကူကြီးများကို ခြေထောက်ဖြင့်
တက်နင်းလိုက်၏။
သူသည် ယခုမှ စိတ်သက်သာသွားဟန်ဖြင့် သက်ပြင်းချ
လိုက်ပြီး....
ရိဖုန်းကို လှမ်းကြည့်လိုက်၏။
ပြီးမှ....
'ဒီအကောင်ထွေက တယ်လောက်အဆိပ်ပြင်းတယ်ဆိုတာ
ခင်ဗျားသိလား'
ဟု မေးလိုက်၏။
ရိဖုန်းက ပြုံး၍ ဦးခေါင်းညိတ်ပြလိုက်ပြီး....
'သိတယ်'
ဟု ပြောလိုက်သည်။
လျှောက်စန်းက....

'ခင်ဗျားမကြောက်ဘူးလား'
ဟု မေးလိုက်၏။
ရိဖုန်းက ပခုံးကိုတွန့်ပြလိုက်ပြီး ရှေ့သို့ဆက်၍ လျှောက်
သွားလေတော့သည် မဟုတ်ပါလား။

* * *

စကြိုန်လမ်းအဆုံး၌ အခန်းတစ်ခုရှိ၏။
ခန်းမကျယ်တစ်ခုဖြစ်၏။
သို့ခန်းမထဲ၌ အလင်းရောင်ရှိနေ၏။
အလင်းရောင်သည် အခန်း၏ မြင့်မားသော မျက်နှာကျက်
ခေနာမှ ကျရောက်လာခြင်း ဖြစ်သည်။
အလင်းရောင် ရှိနေခြင်းကြောင့် အမှောက်ထဲမှာထက်ပို၍
သာယာကင်းနိုင်၏။
အနည်းဆုံး ကြိုးမာသော ပင့်ကူကြိုးများ၏ အန္တရာယ်
မကြောက်ရတော့ချေ။
ဤမရဏ သုဿာန်ကောင်းကို တည်ဆောက်သော လူသည်
ပညာကောင်းသူဖြစ်လျှင် အလင်းရောင်ထဲ၌ အန္တရာယ်
များနိုင်သည် မဟုတ်ပါလား။

ထိုကြောင့်....

ရိဖုန်းသည် အခန်းထဲသို့ ရွှတ်တရက် မဝင်ဘဲ အခန်းဝင်္ဘ အနှံ့ရှာယ် ပို၍ မျှားနှိုင်သည် မဟုတ်ပါလား။

ထိုကြောင့်....

သူသည် အခန်းထဲသို့ မဝင်သေးဘဲ အခန်းဝတွင် ရပ်၍ အခန်းထဲသို့ အကဲခတ် ကြည့်နေလေတော့သည် မဟုတ်ပါလား။

* * *

'ကျုပ်တို့ ပြန်ကြစို့'

ဟု လောက်စန်းက ပြောသည်။

လောက်စန်း၏ အသံက အနှည်းငယ် တုန်ယင်နေလေတော့သည်။

သူ၏ စကားကြောင့် ရိဖုန်းသည် သူ့ကို လှည့်ကြည့်လိုက်သည်။

လောက်စန်း၏ မျက်နှာသည် ဖြူဖွေးနေ၏။

သူမျက်နှာမပါမှ သွေးများသည် မည်သည့်အချိန်ကဆုတ် ယုတ်သွားသည် မသိပါ။

မျက်နှာတစ်ခုလုံး လူသေကဲ့သို့ ဖြူဖွေးနေ၏။

ရိဖုန်းက အာမျှ ပြန်မပြောပါ။

သူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ခန်းမကျယ်ကို ပြန် လှည့်ကြည့်လိုက်၏။

လောက်စန်းက သက်ပြင်းချ၍....

'ကျုပ်တို့ အသက်ထက် ဘယ်ဟာမှ ပိုပြီး အဖိုးမတန်ပါ ဘူး'

ဟု ပြောသည်။

ရိဖုန်းက ပြုံးလိုက်၏။

သို့သော်....

သူသည် လောက်စန်းကို တုံ့ပြန် ပြောဆိုခြင်း မရှိတော့ ချေ။

လောက်စန်းသည် ဤနေရာမှ တစ်ဦးတည်း ပြန်ရဲမည်မဟုတ် ကြောင်းကို ရိဖုန်းက သိနေ၏။

ရိဖုန်းသည် သက်ပြင်းတစ်ချက် ချပြီး....

အခန်းကျယ်၏ တံခါးဝဌာ ထိုင်ချ၍ အခန်းကျယ် ကြမ်း အနေအထားကို အဘန်ကြာအောင် ကြည့်ရှုနေလေတော့ သည်။

ဤခံု မကျောင်းကို ဆောက်လုပ်ခဲ့သော ယဉ်ကျေးမှုများသည် ခံု မကျောင်းအား နှောင့်ယှက် ဖျက်ဆီးမည့်သူများ၏ ရန်မှ ခံနိုင်အောင် လုံခြုံရေး အစီအမံတို့ကို ပြုလုပ်ထားလိမ့်မည်ဖြစ် သည်။

ထိုလုံခြုံရေး အစီအမံများသည် လူကို သေစေနိုင်သော
ထောင်ချောက်များပင် ဖြစ်လိမ့်မည်ဟု ရိဖုန်းက တွေးလိုက်
သည်။

ထိုကြောင့်

သူသည် ခန်းမကျယ်၏ ကြမ်းပြင်ကို လက်ဖြင့် အသာစမ်း
ကြည့်လိုက်၏။

သူသည် လေနှင့်အတူ ပါရှိလာသော အန္တရာယ်၏အငွေ့
အသက်ကို ခံစားသိရှိနိုင်သည့် မုဆိုးတစ်ဦးကဲ့သို့ အန္တရာ
နှင့် ပက်ပင်း မတိုးမိအောင် သတိကြီးစွာဖြင့် ခန်းမကျယ်
ကြမ်းပြင်အား လက်ဖြင့် စမ်းကြည့်နေခြင်း ဖြစ်သည်။

အတန်ကြာမ....

သူသည် အနီးမှ ခဲလုံးတစ်ခု ကို ကောက်ယူ၍ အခန်း
သို့ လွှမ်းပစ်လိုက်၏။

ခဲလုံးများက အခန်း၏ ကြမ်းပြင်ပေါ်သို့ ကျ၍ လိမ့်သွား
သည်။

ထို့နောက်....

စက်ယန္တရား လည်ပတ်သံ ခပ်သဲ့သဲ့ ပေါ်ထွက်လာလေ
သည်။

တစ်ဆက်တည်းမှာပင်....

အခန်း၏ နံရံမှ လျှို့ဝှက် ထံခါးပေါက်များ ပွင့်သွားပြီး
ထိုထံခါးပေါက်များထဲမှ ကျပ်လုံးခန့်ရှိ သံချွန်ကြီးများ ပေါ်
ထွက်လာလေတော့သည် မဟုတ်ပါလား။

* * *

သံချွန်ကြီးများက ဝဲယာတစ်ဖက်တစ်ချက်မှ လျှပ်တပြက်
ထွက်လာခြင်း ဖြစ်၏။

ဆိုကြောင့်....

လောက်စန်းသည် ထိတ်လန့် တုန်လှုပ်သွားပြီး နောက်သို့
ခြေတစ်လှမ်း ဆုတ်လိုက်မိ၏။

ရိဖုန်းက လောက်စန်းကို တစ်စုံတစ်ရာ ပြောရန် ပါးစပ်
ဟလိုက်၏။

သို့သော်....

သူ၏ ပါးစပ်မှ မည်သည့် စကားသံမျှ ထွက်မလာပါ
ချေ။

အာဃာတ်ကြောင့်ဆိုသော်....

သူ၏ မျက်လုံးများက သံချွန်များပေါ်၌ စိုက်ဝင်နေသော
အရာတစ်ခုကို မြင်တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်မဟုတ်
ပါလား။

ထိုအရာသည် လူတစ်ဦး၏ အရိုးစု ဖြစ်သည်။

သံချွန်က ထိုအရိုးစု၏ ရင်အုပ်နှင့် ပေါင်တွင် စိုက်ဝင်နေ
ခြင်း ဖြစ်၏။

အရိုးစု၌ ဆွေးမြည့်နေသော ရှည်လျားသည့် ဆံစကျိုးတို့
ကပ်ငြိ ရှိနေ၏။

ဆွေးမြည့်နေသော အဝတ်အစား၏ သေးငယ်သည့် အပိုင်း
အစများက အရိုးစု၏ အပေါ်၌ ရှိနေဆဲ ဖြစ်သည်။

ရိဖုန်းသည် ထိုအရိုးစုကို ငေးငိုင်၍ ကြည့်နေမိလေတော့
သည်။

အတန်ကြာမှ....

သူသည် အရိုးစု၏ လက်တစ်ဖက်မေ့မှ လက်စွပ် တက္ကသိုလ်ကို သတိပြုမိလိုက်သည်။

ထိုလက်စွပ်ကို မြင်သည်နှင့် ရိဖုန်း၏ နှုတ်ခမ်းသည် လှုပ်သွားပြီး....

'လူထို'

ဟု ကြီးဝိုး ရေရွတ်လိုက်မိ လေတောသည် မဟုတ်လား။

* * *

ရွှေဖြင့် ပြုလုပ်ထားသော နီလာ လက်စွပ်ဖြစ်၏။

လက်စွပ်မှ နီလာရောင်သည် အလွန်အရည်အသွေးကောင်းမွန်သော ကျောက်ဖြစ်၏။

လူထိုသည် ဆရာကြီးဝေဆဲ ရောက်ရှိလာတိုင်း သူ၏ လက်ထဲမှ နီလာလက်စွပ်ကို ပြ၍ ကံကောင်းစေသော အဆောင် ဟူ ပြောလေ့ရှိ၏။

ယခုံ....

ထိုကံကောင်းစေသော အဆောင်သည် ကံမကောင်းရှာသူ လူထို၏ လက်ထဲ၌ ရှိနေဆဲ ဖြစ်သည်။

လောက်စန်းသည် အရိုးစုကို ကြည့်ရင်း....

'ဘုရား....ဘုရား....လူထစ်ယောက်ဟာ ဘယ်လို နည်းနဲ့မှ ဒီလို မသေသင့်ဘူး'

ဟု ပြောလိုက်သည်။

ရိဖုန်းက သက်ပြင်းတစ်ချက်ချပြီး သံချွန်များစွာဝင်နေသော အရိုးစုကို သံချွန်များကြားထဲမှ ဆွဲယူလိုက်ပြီး ကြမ်းပြင်မေ့သို့ အသာချပေးလိုက်၏။

ထို့နောက်....

သူသည် အရိုးစု၏လက်မှ နီလာလက်စွပ်ကို ချွတ်ယူပြီး မိမိ၏အင်္ကျီအိတ်ထဲသို့ ထည့်လိုက်သည်။

လောက်စန်းက ရိဖုန်း၏ပခုံးမေ့မှကျော့၍ အရိုးစုကို ကြည့်ရင်း....

'ခင်ဗျား သူ့ကိုသိလား'

ဟု မေးလိုက်သည်။

သူ သက်ပြင်းချပြီး....

'သိတယ်'

ဟု ပြောလိုက်သည်။

လောက်စန်းက မျက်ခုံးပင့်ကာ

'ဘယ်သူလဲ'

သူက ရှာတ်တရက် လောက်စန်းကိုလှည့်ကြည့်ပြီး

'အမှန်ပြောရရင် ခင်ဗျားက သူ့ကိုသိသင့်တယ်'

ဟု ပြောလိုက်သည်။
လောက်စန်းက မျက်လုံးပြူးကာ
'ဘာဖြစ်လို့လဲ'
သူက သက်ပြင်းတစ်ချက်ကို မသိမသာချပြီး....
'မြေပုံအတွက် ခင်ဗျားတို့က သူ့ရဲ့တပည့်ကို သတ်ခဲ့တယ်လေ'
ဟု ပြောလိုက်သည်။
သူ၏စကားကြောင့် လောက်စန်းသည် အံ့ဩဟန်ဖြင့် ပါးစပ်ကိုဟလိုက်မိ၏။
ပြီးမှ....
'ဒါ....ဒါဆို....သူ....သူက လုထို ဟုတ်လား'
ဟု မေးလိုက်သည်။
သူက
'လုထိုကလဲပြီး ဘယ်သူက ဒီနေရာမှာ အခုလိုလာသေပါ့မလဲ'
ဟု ပြေးလိုက်လေတော့သည် မဟုတ်ပါလား။

* * *

လောက်စန်းသည် ကြမ်းပေါ်မှ လုထို၏အရိုးစုကို အတန်ကြာအောင် ကြည့်နေ၏။
အတန်ကြာမှ
လောက်စန်းသည် အလွန်ရေတတ်နေသောကြောင့် ခြောက်ပက်ပက်ဖြစ်နေသော အသံမျိုးဖြင့်....
'ရိဖုန်း၊ ကျုပ်....ကျုပ်တို့ ပြန်....ပြန်ရအောင်'
ဟု ပြောလိုက်၏။
သူက သက်ပြင်းချကာ....
'စိတ်ခက်စရာမကျစမ်းပါနဲ့ဗျာ၊ ပန်းတိုင်ကို ရောက်ခါနီးနေပါပြီ'
ဟု ပြောလိုက်သည်။
ထိုစဉ်
စက်ယန္တရားလည်ပတ်သံ ပေါ်ထွက်လာပြီး သံခွံနံများသည် မူလနေရာသို့ ပြန်လည်ဝင်ရောက်သွားသည်။
သူက လောက်စန်း၏ပခုံးကိုကိုင်၍ ပြုံးပြလိုက်ပြီး....
'ကြောက်စရာ မရှိတော့ပါဘူး'
ဟု ပြောလိုက်သည်။
ရိဖုန်းက ထိုသို့ပြောလိုက်သည့်တိုင်အောင် လောက်စန်း၏နှလုံးခုန်သည် ခွေးစေးများ ပြန်နေဆဲဖြစ်သည်။
သူက အခန်းထဲသို့လှမ်းဝင်လိုက်သည်၊
သူသည် သူ၏နားကိုစွင့်ထား၏။
စက်ယန္တရား၏လည်ပတ်သံကို မကြားရသေးပါ။
ထို့နောက်....

သူသည် သားရေအိတ်ထဲမှ မြေပုံနှစ်ချပ်ကိုထုတ်ယူ၍ တစ်ချက်ကြည့်လိုက်သည်။

သူသည် မြေပုံကိုကြည့်လိုက် စက်ဘီးကိုကြည့်လိုက်ဖြင့် အတန်ကြာအောင် ကြည့်ရှုနေပြီးမှ မြေပုံနှစ်ချပ်ကို သားရေအိတ်ထဲသို့ ပြန်ထည့်လိုက်သည်။

သူသည် ထိုလမ်းအတိုင်း တစ်ဘက်ဆီဝှမ်း တံခါးပေါက်ဘက်သို့ လှမ်းကြည့်လိုက်သည်။

မည်သည့်နေရာက ဝင်လာသည်ဟု ခန့်မှန်း၍မရသော အလင်းရောင်တစ်ခုက ထိုတံခါးပေါက်သို့ ကျရောက်နေလေသည်။

ထို့ကြောင့်

ထိုတံခါးသည် အခရောင်တောက်ပခဲ့၏။

သူက လောက်စန်းကိုလှည့်မကြည့်ဘဲ....

'ရောက်တော့မယ်'

ဟု ပြောလိုက်သည်။

လောက်စန်းက သက်ပြင်းချလိုက်ပြီး....

'ဒီလောက်အန္တရာယ်များတာ ကျုပ်တော့ လက်လျော့ချင်ပြီ'

ဟု ပြောလိုက်သည်။

သူကို လောက်စန်းလှည့်ကြည့်၍ ပြုံးပြပြီး

'ခင်ဗျားက ဒီဟစ္စည်းကိုလိုချင်လို့ လူတောင်သတ်ခဲ့ပြီးပြီ အခု ဒီဟစ္စည်းရှိတဲ့နေရာကို ရောက်တော့မယ်၊ ဘာဖြစ်လို့ လက်လျော့ချင်ရတာလဲ'

သူက ရှေ့သို့ဆက်လျှောက်သွား၏။

ဧလောက်စန်းသည် သံခဲ့ခွန်များသွက်ပေါ်လာခဲ့သော နံရံကို ထိတ်ထိတ်လန့်လန့်ဖြင့်ကြည့်ကာ ရိဖုန်း၏နောက်သို့ ကပ္ပျာကယာ လိုက်ပါသွားလေတော့သည် မဟုတ်ပါလား။

* * *

ရိဖုန်းသည် သံခဲ့ခွန်ယန္တရားခလုတ်ကို ဝှက်ထားနိုင်သော ကြမ်းပြင်နေရာများကို စိတ်မှန်းဖြင့် တွက်ချက်ချောင်တိမ်း၍ ဖြတ်သန်းလာခဲ့ခြင်းဖြစ်သည်

ထို့ကြောင့်....

သူတို့သည် ကံကောင်းထောက်မစွာဖြင့် သံခဲ့ခွန်လောင်ချောက်ရှိသောအခန်းကို ကျော်ဖြတ်နိုင်ခဲ့၏။

အခန်း၏ တစ်တက်ကွက်မေ့ကိုသို့ ရောက်သောအခါ ရှည်လျားသော စက်လှေကားတစ်ခုက သူတို့ကိုဆီးကြိုနေလေသည်။

သူသည် စက်လှေကားသိပ်၌ ရပ်တန့်လိုက်ပြီး စက်လှေကားကို တစ်ချက်မျှ လှမ်းမျှော်ကြည့်လိုက်သည်။

ထိုလှေကားသည် ပေငါးဆယ်ခန့်ရှည်လျား၏။

'ကောင်းပြီ၊ ကျုပ်ဘာသာကျုပ် သွားယူမယ်၊ ကျုပ်သာရင် ခင်ဗျားနဲ့မဆိုင်တော့ဘူး'
ဟု ပြောလိုက်၏။
လောက်စန်းက မျက်စိမျက်နှာ တစ်ချက်ပျက်သွားပြီး....
'ကောင်းပြီလေ၊ ကျုပ်တို့နှစ်ယောက် အတူတူရောက်လာကာပဲ၊ ကျုပ်မပြန်တော့ဘူး'
ဟု ပြောလိုက်၏။
ထို့နောက်....
သူသည် စကြံ်နှံလမ်းပေါ်သို့ စတင်၍ခြေချလိုက်လေတော့သည် မဟုတ်ပါလား။

* * *

ဟု ပြောလိုက်သည်။
လောက်စန်းက သက်ပြင်းချလိုက်ပြီး
'ဒီလမ်းက စိတ်ချရပါ့မလား'
ဟု မေးလိုက်၏။
သူက ခေါင်းညိတ်ကာ
'စိတ်ချရမယ် ပုံပဲ'
ဟု ပြောလိုက်၏။
လောက်စန်းက ဘဝင်မကျဟန်ဖြင့် ခဲလုံးတစ်လုံးကိုယူပြီး ရှိဖုန်းပြုလုပ်သကဲ့သို့ စကြံ်နှံလမ်းပေါ်သို့ လှမ်းပစ်လိုက်၏။
ခဲလုံးက စကြံ်နှံလမ်းပေါ်သို့ကျကာ လိမ့်သွား၏၊
လောက်စန်းသည် အတန်ကြာအောင် ငြိမ်သက်စွာ ရပ်နေသည်၊
သူသည် စယန္တရားလည်ပတ်သံကို နားစွင့်နေခြင်း ဖြစ်၏။
သို့သော်....
မသဲသည့်အသံမျှ မကြားရပါ။
ရှိဖုန်းက ပြုံးလိုက်ပြီး....
'ကျုပ်ပြောရင် လဲခဲပါတယ်'
ဟု ပြောလိုက်၏။
လောက်စန်းက သက်ပြင်းချလိုက်ပြီး....
'ကျုပ်တော့ ဒီလိုတိတ်ဆိတ်နေတာကို မကြိုက်ဘူး'
ဟု ပြောလိုက်၏၊
ရှိဖုန်းက ပြုံးကာ....

လောက်စန်းသည် စိတ်သက်သာရာရသွားဟန်ဖြင့် သက်ပြင်းချလိုက်ပြီး တတိယမြောက်ခြေလှမ်းကို လှမ်းလိုက်၏။

တတိယမြောက် ခြေလှမ်းကို လှမ်းလိုက်သည်နှင့် လောက်စန်း၏ ခြေထောက်သည် မြေကြီးထဲသို့ လွင့်စင်သွားလေတော့သည်။

ထို့ကြောင့်....

လောက်စန်း၏ခန္ဓာကိုယ်သည် ခြေကာရားလက်ကာရားဖြင့် ရှေ့သို့ဟပ်ထိုး လဲကျသွား၏။

လောက်စန်း၏ ဦးခေါင်းမှဆံပင်များ ထောင်လာသည်အထိ ထိတ်လန့်သွားပြီး ...

'အား'

ဟု အော်ဟစ်လိုက်လေသည် မဟုတ်ပါလား။

လောက်စန်းက ထိုသို့အော်ဟစ်လိုက်သည့် အချိန်မှာပင် လောက်စန်း၏ခန္ဓာကိုယ်သည် လေဟာနယ်ထဲသို့ ကျရောက်သွားလေတော့သည်။

ဘိုစဉ်....

လောက်စန်း၏ လက်တစ်ဖက်ကို ရိဖုန်းက ဖမ်းချဆွဲထားလိုက်သည် မဟုတ်ပါလား။

* * *

ခြေလှမ်းတစ်လှမ်း....

နောက်ထပ် ခြေလှမ်းတစ်လှမ်း....

လောက်စန်း စကြံုန်လမ်းပေါ်သို့ ခြေလှမ်း နှစ်လှမ်းခန့် လှမ်းပြီးဖြစ်၏။

သူသည် သူ၏ခြေလှမ်းများကို ဇတိုထား၍ လှမ်းလိုက်ခြင်းပင် ဖြစ်၏။

သူ၏နှားကိုလည်းအစွမ်းကုန်ဖွင့်ကာစက်ယန္တရားလည်ပတ်သံကို နှားစွင့်နေ၏။

သို့သော်....

ယခုအချိန်အထိ မည်သည့်အသံမျှ မကြားရပါ။

ဝဲယာနှစ်ဖက်ဖမှလည်း မည်သည့်ထောင်ချောက်မျှ ထွက်မလာပါ။

ထို့ကြောင့်....

ရိဖုန်းသည် စကြိုန်လမ်းပေါ်၌ ဝမ်းယွား မှောက်နေ၏ သူလက်တစ်ဖက်သည် လောက်စမ်း၏လက်တစ်ဖက်အား မြဲမြံစွာ ဆုပ်ကိုင်ထားသည်။

လောက်စန်းသည် ခြေကျွံ၍ကျထားသောတွင်းထဲ၌ တဲလောင်း ဖြစ်နေသည်။

သူသည် ထိတ်လန့်တကြား အော်ဟစ်နေသည်။

ရိဖုန်းက တွင်းထဲမှ လောက်စန်းကို တွင်းနှုတ်ခမ်းပေါ် ဆွဲတင်လိုက်သည်။

မကြာမီ....

လောက်စန်း၏ခန္ဓာကိုယ် တစ်ဝက်ခန့်သည် တွင်းနှုတ်ခမ်းပေါ်သို့ ရောက်လာသည်။

ထို့နောက်....

လောက်စန်းသည် တွင်းပေါ်သို့ ကုတ်ဖဲ့၍တက်လိုက်လေသည်။

ရိဖုန်းက လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး လောက်စန်းကျဆုံးသောတွင်းကို ငုံ့ကြည့်လိုက်သည်။

မှောင်မည်းနေသောကြောင့် တွင်း၏အောက်ခြေကိုမတွေ့ရပါ။

ရိဖုန်းသည် သက်ပြင်းချလိုက်ပြီး ခဲလုံးတစ်လုံးကိုတွင်းထဲပစ်ချလိုက်သည်။

ထို့နောက်....

သူသည် ခဲလုံးနှင့် တွင်း၏အောက်ခြေ ထိတွေ့ရာမှ ပေါ်ထွက်လာသော ပဲ့တင်သံကို နားစွင့်နေသည်။

သို့သော်....

မည်သည့်အသံမျှ မကြားရပါ။

လောက်စန်းက ထိတ်လန့်တုန်ယင်စွာဖြင့် တွင်းကိုလှမ်း၍ သံလိုက်သည်။

ရိဖုန်းက....

'အင်း....ကျသွားရင် ပြန်လမ်းမရှိဘူး'

ဟု ပြောလိုက်သည်။

လောက်စန်းက....

'ကျပ်ပြားသားပဲ၊ ဆောင်ချောက်ရှိမှာပေါ့လို့'

ရိဖုန်းက တွင်းကိုလေ့လာလိုက်သည်။

တွင်းသည် လူတိုတို့ပြုလုပ်ထားဟော တွင်းမဟုတ်ပါ။

သဘာဝအလျောက် ဖြစ်ပေါ်နေသော တွင်းနက်ကြီးဖြစ်သည်။

အကျယ်ဆယ့်ငါးပေခန့် ရှိသိမ့်သဲ့ဟု ရိဖုန်းက ခန့်မှန်းလိုက်သည်။

ထိုတွင်းကို ပင့်ကူအိမ်များက မုံအုပ်ထား၏။

နှစ်ပေါင်း ရာချီ၍ ပင့်ကူအိမ်များ ပြုလုပ်ထားသည့် အပြင်များ၊ ဖုန်မှုန်များက ပင့်ကူမျှင်များပေါ်သို့ ကျနေရာ အားသော အလင်းရောင်အောက်၌ မြေပြင်ကဲ့သို့ ထင်မှတ်ရဖြစ်၏။

လောက်စန်းက တွင်းနှုတ်ထဲသို့ မရဲတရဲဖြင့် ငုံ့ကြည့်လိုက်သည်။

ရိဖုန်းက....

'တင်းဝကို ပင့်ကူအိမ်ဖွဲ့ထားပြီး ပင့်ကူအိမ်ပေါ်မှာသဲ
ဖုန်တွေတင်နေတော့ ငါ့မှန်း မသိတော့ဘူးပေါ့၊ ပြီးတော
ခင်ဗျားက ခဲလုံးလွှမ်းပစ်လိုက်တာကလည်း တင်းကိုကျော်
ကျသွားတာကို'

ဟု ပြောလိုက်၏။

လောက်စန်းက....

'ကျုပ်တော့ ရှေ့ဆက်သွားရမှာ ခပ်လန့်လန့်ပဲ'

ဟု ပြောလိုက်၏။

ရိဖုန်းက တင်း၏ တစ်ဖက်မှ တံခါးပေါက်ကို လှမ်းကြည့်
လိုက်ပြီး....

'ဒီတင်းကို ကျော်နိုင်ရင် အခက်အခဲ မရှိတော့ပါဘူး'

ဟု ပြောလိုက်သည်။

လောက်စန်းက

'ကျုပ်တို့မှာ အတောင်ပံ မပါဘူး'

ရိဖုန်းက

'အတောင်ပံ မလိုဘူး ထင်တယ်'

လောက်စန်းက ရိဖုန်းကို တအံ့တသြ ကြည့်ပြီး....

'ခင်ဗျားက ဒီတင်းကို ခုန်ကူးမလို့လား'

ဟု မေးလိုက်၏။

ရိဖုန်း၊ ပြုံးလိုက်ပြီး ပတ်ဝန်းကျင်ကို တစ်ချက် ကြည့်မိ
သည်။

သူ၏မျက်လုံးများက နံရံပေါ်မှ ထိုးထွက်နေသောကျောက်
စွယ်တစ်ခုကို တွေ့ရ၏။

ဘို့ကြောင့်....

သူသည် လိုရမယ်ရ ယူလာသော ကြိုးခွေကို ခါးမှဖြုတ်
ပြီး ကြိုးကွင်း ပြုလုပ်လိုက်၏။

ထို့နောက်

သူသည် ကြိုးကွင်းကို လေထဲ၌ ဝှေ့ယမ်းလိုက်ပြီး ကျောက်
သို့ လှမ်းစွပ်လိုက်၏၊

ကြိုးကွင်းက လျော၍ တင်းရုအောင် ပြုလုပ်ထားခြင်းဖြစ်
သည်၊

ထိုကြောင့်....

ကြိုးကွင်းက ကျောက်စွယ်ကို စွပ်မိသည်နှင့် ရိဖုန်းက ကြိုး
ဆွဲလိုက်ရာ ကြိုးက တင်းသွားပြီး ကြိုးကွင်းသည် ကျောက်
စွပ်မိနေလေသည်။

ရိဖုန်းက ကြိုးကို ခိုင်မှခိုင် တစ်ချက် နှစ်ချက်ခန့် အားပြု၍
လိုက်၏။

လောက်စန်းက ရိဖုန်းကို နားမလည်နိုင်သော မျက်လုံးဖြင့်
ကြည့်ရင်း....

'ခင်ဗျားက ဒီကြိုးနဲ့ ကူးမလို့လား'

ဟု မေးလိုက်၏။

သူက ခေါင်းညိတ်ပြလိုက်သည်။

လောက်စန်းက ခေါင်းခါယမ်းပြီး....

'ရိဖုန်း.....ခင်ဗျား ရူးနေပြီ'

ဟု ပြောလိုက်သည်။

သူက လောက်စန်းကို တစ်ချက် လှမ်းကြည့်ပြီး....

'ခင်ဗျားမှာ တစ်ခြားနည်းလမ်း ရှိသလား'
ဟု မေးလိုက်၏။
လောက်စန်းက....
'ခင်ဗျားကြိုးက ကျုပ်တို့ ခန္ဓာကိုယ်ကို ခံနိုင်ပါ့လား'
ရိဖုန်းက
'စမ်းကြည့်ရမှာပဲ'
လောက်စန်းက ကျောက်စွယ်ကို ဆွဲကြည့်ပြီး....
'ဟို....ကျောက်စွယ်ကရော ခံနိုင်ပါ့မလား'
သူက
'ဒါတော့ ကျုပ် မပြောနိုင်ဘူး၊ မခံနိုင်ရင် ပဲ့ကျသွားမှာ
ပဲ့မေ့'
လောက်စန်းက
'ခင်ဗျားက ဒီကြိုးကို ခိုးပြီး ဟိုဘက်ကူးမှာလား'
သူက
'အဲဒီလို မလုပ်လို့ ဘယ်လို လုပ်ရမလဲ'
လောက်စန်းက ခေါင်းခါယမ်းပြီး
'တွင်းထဲကျသွားရင် ပြန်လမ်း မရှိဘူးနော်'
သူက
'ကျုပ်သိပါတယ်'
လောက်စန်းက သက်ပြင်းချပြီး
'ဒါဆို ခင်ဗျား ရွေးနေပြီ'
ဟု ပြောလိုက်၏။
သူက ပြုံးလိုက်ပြီး....

'စိတ်ချ....ကျုပ်လုပ်သလိုသာ လိုက်လုပ်'
ဟု ပြောလိုက်၏။
လောက်စန်းက
'ကျုပ်ကတော့ ခင်ဗျားကို မရွေးဘူး ထင်တယ်'
သူက ပြုံးလိုက်ပြီး
'လောက်စန်း.....အလုပ်တစ်ခုကို လက်တွေ့ လုပ်ကြည့်တာ
ကောင်းတယ်၊ လက်တွေ့လုပ်မကြည့်တဲ့ မဖြစ်နိုင်ဘူးလို့ မစဉ်း
စားသင့်ဘူး'
လောက်စန်းက
'လက်တွေ့လုပ်ကြည့်လို့ မဖြစ်ဘူး ဆိုပါတော့'
ရိဖုန်းက
'ဆက်ပြီး မလိုက်နဲ့ပေါ့'
လောက်စန်းက
'ကြောင်တွေမှာ အသက် ခုနစ်ချောင်း ရှိတယ် ကြားဖူး
တယ်၊ မင်းမှာ အသက် ဘယ်နှစ်ခု ရှိလဲ'
သူက ပြုံး၍....
'အသက်တစ်ခုပဲ ရှိတယ်'
လောက်စန်းက
'ဒါဆို မင်းက ဘာဖြစ်လို့ စွန့်စားခွင့်ရတာလဲ'
သူက ပခုံးတွန့်ပြပြီး....
'ဒါက ကျုပ်ရဲ့ ဝါသနာပဲ'
လောက်စန်းက သက်ပြင်း ချလိုက်ပြီး
'အဲဒီ ဝါသနာမျိုး ကျုပ်မှာ မရှိဘူး'

ဟု ပြောလိုက်သည်။

ရိဖုန်းက ပြုံးလိုက်ပြီး ကြိုးကို တစ်ချက် ခိုင့်မခိုင် စမ်းကြည့်လိုက်ပြီး....

ရုတ်တရက်....

ခိုစီးကာ တွင်း၏ တစ်ဘက်သို့ ကူးသွားလေတော့သည် မဟုတ်ပါလား။

* * *

ရိဖုန်း၏ ခန္ဓာကိုယ်သည် တွင်းပေါ်မှ ဖြတ်သန်းသွားလေသည်။

ထိုအချိန်၌ ကြိုးပြတ်ခဲ့လျှင်သော် လည်းကောင်း....

ကျောက်စွယ် ပဲ့ကျခဲ့လျှင်သော် လည်းကောင်း ရိဖုန်း၏ ခန္ဓာကိုယ်သည် တွင်းထဲသို့ ကျသွားမည်မှာ ပြောရန်လိုမည် မဟုတ်ချေ။

က ကြမ္မာက ရိဖုန်းကို မျက်နှာသာ ပေးလိုက်၏။

ထို့ကြောင့်

ရိဖုန်းသည် တွင်း၏ တစ်ဖက် နှုတ်ခမ်းပေါ်သို့ ရောက်ရှိသွားလေတော့၏။

သူက ကြိုးစကို ကိုင်၍ လောက်စန်းကို ပြုံးပြလိုက်လေသည်။

ပြီးမှ....

'အင်း....ငယ်ငယ်တုန်းက ဒန်းစီးရသလိုပဲ လွယ်ပါတယ်' ဟု ပြောလိုက်၏။

လောက်စန်းက ပါးစပ်ပိတ်ဆားလိုက်သည်။

ရိဖုန်းက တွင်း၏ တစ်ဖက်ကမ်းမှ လောက်စန်းကို ပြုံးပြလိုက်ပြီး....

'ကျုပ်လုပ်သလိုလုပ်တာဘာမှမပြစ်ဘူး၊ ဒီကြိုးနဲ့ ကျောက်ဖယ်က ဆင်တစ်ကောင်တောင် ခံနိုင်ရည်ရှိတယ်' ဟု ပြောလိုက်သည်။

သူသည် ထိုသို့ပြောမည်သာ ပြောဆိုလိုက်ရသော်လည်း အမှန်အကြိမ် ခိုစီးလိုက်သည်နှင့် ကျောက်စွယ်မှကျောက်များ ထွက်လာသည်ကို မြင်တွေ့ခဲ့ရသည်မဟုတ်ပါလား။

ရိဖုန်းသည် လက်ဆဲမှကြိုးစကို လောက်စန်းထံသို့ ပစ်ပေးလိုက်သည်။

လောက်စန်းက ကြိုးစကို လှမ်း၍ဖမ်းယူလိုက်၏။

လောက်စန်းသည် သက်ပြင်းတစ်ချက်ချပြီး ဦးခေါင်းကို ခါယမ်းလိုက်သည်။

ထို့နောက်

သူသည် ရိဖုန်းကဲ့သို့ ကြိုးကို ခိုစီးလိုက်လေတော့သည် မဟုတ်ပါလား။

* * *

ရိဖုန်းက လောက်စန်း၏ခန္ဓာကိုယ်ကို ဆီးကြို၍ ဖမ်းထိန်းပေးလိုက်၏။

ပြီးမှ....

'ကျွမ်....မပြောဘူးလား၊ ယောင်္ကျားတွန်းက ဒန်းစီးရသလိုပဲလို့'

ဟု ပြောလိုက်သည်။

ထို့နောက်

သူသည် ကြိုးစကို နုံ့ရဲ့ တစ်နေရာ၌ရှိသော အက်ကွဲကြောင်းထဲ၌ ညှပ်ထားရင်း....

'အပြန်လဲ ဒီနည်းကိုအသုံးပြုရမယ်'

ဟု ပြောလိုက်၏။

ထို့နောက်....

ရိဖုန်းသည် စကြိုလမ်းအတိုင်းယွောက်သွားပြီး ပိတ်လားသေတ္တုခဲကို တွန်းဖွင့်လိုက်၏။

တံခါးပွင့်သွားသည်နှင့် ကျယ်ဝန်းသော အခန်းတစ်ခုကို တွေ့ရ၏။

အခန်းတစ်ခုတွ ပြောရဆောလည်း အမှန်မှာ လိုဏ်ဂူတစ်ခုနှင့် ပိုတူ၏။

ဤအခန်းသည် လူတို့ ပြုလုပ်ထားခြင်းလော၊

သဘာဝအလျောက် ဖြစ်နေခြင်းလောဟူ၍ ရိဖုန်းက မဆုံးဖြတ်တတ်ပါ။

ထိုကဲ့စိတ် ပိသုဏာပညာရှင်များကဲသာ အဆုံးအဖြတ်ပေးလိမ့်မည်ဖြစ်၏။

ယခု....

ရိဖုန်းဆုံးဖြတ်ရမည်မှာ ထိုအခန်း၏ အလယ်၌ရှိသော ရွှေရုပ်တုပင် ဖြစ်သည်မဟုတ်ပါလော။

* * *

အခန်း၏ မျက်နှာကျက်က မြင့်မားပြီး အုပ်ခေါင်းပုံသဏ္ဌာန်ရှိ၏။

အမိုးပေါ်၌ အပေါက် လေးငါးပေါက်ရှိပြီး ထိုအပေါက်များမှ အလင်းရောင်က အခန်းတစ်ခုလုံးသို့ ကျရောက်လာသည်။

ထိုအလင်းရောင်များသည် အခန်း၏နံရံ ကပ်ထားသော ကြေးမုံခဲ့ပ်များပေါ်သို့ ကျရောက်ပြီး ကြေးမုံမှ ရောင်ပြန်လာသော အလင်းတန်များသည် အခန်းအလယ်သို့စုစည်းကာ မီးမောင်းထိုးသကဲ့သို့ ဖြစ်နေသည်။

ထိုနေရာ၌ ယေးမထာင့်စပ်စပ် ကျောက်တုံးတစ်တုံးရှိလေသည်။

သုံးပေလေးမေခန့်မြင့်ပြီး အကျယ် နှစ်ပေတစ်လည်ခန့်ရှိ၏။

ထိုကျောက်တုံးပေါ်၌ ရိဖုန်းတို့ရှာဖွေနေသော ရွှေရုပ်တုရှိသည်။

ကြေးမှုံချပ်များမှ ရောင်ပြန်ဟပ်လာသော အလင်းတန်းများသည် ဆိုရွှေရုပ်တုကို မီးမောင်းထိုးထားသကဲ့သို့ ဖြစ်နေသည်။

ရိဖုန်းနှင့်လောက်စန်းတို့သည် ကျောက်တုံးပေါ်မှ ရွှေရုပ်တုကို ငေးကြည့်နေကြ၏။

ရိဖုန်းသည် သက်ပြင်းတစ်ချက်ချပြီး လောက်စန်းအားလှည့်ကြည့်လိုက်သည်။

လောက်စန်းသည် ကျောက်တုံးပေါ်မှ ရွှေရုပ်တုကို အတန်ကြာအောင် ငေးမောကြည့်နေရာမှ....

'ကျုပ်တို့ လာရကျိုးနပ်ပြီ'

ဟု တုန်ယင်သောအသံဖြင့် ပြောလိုက်၏။

ရိဖုန်းက ဘာမျှပြန်မပြော်ပါ။

ရိဖုန်းသည် လောက်စန်း၏မျက်လုံးထဲမှ ထူးဆန်းသော အရိပ်အယောင်တစ်ခုကို မြင်တွေ့လိုက်ရ၏။

ထို့ကြောင့်

သူသည် မသိမသာပြုံးလိုက်ပြီး အခန်းကို မျက်လုံးဖြင့် ဝေ့ကြည့်လိုက်၏၊

အခန်းထဲမှကြမ်းပြင်ကို ကျောက်ပြားများဖြင့် ညီညာစွာ ခင်းထား၏။

ကျောက်ပြားများက အဖြူရောင်နှင့်အနက်ရောင် ကျောက်ပြားများဖြစ်၏။

ထိုကျောက်ပြားများကို ကျားကွက်ကဲ့သို့ ညီညာစွာ စီရင်ခင်းထားခြင်းဖြစ်သည်။

လောက်စန်းသည် ကျောက်တုံးပေါ်မှ ရွှေရုပ်တုကို မယုံကြည်နိုင်လောက်အောင် အံ့သြသောမျက်လုံးများဖြင့် ကြည့်နေပြီး အခန်းထဲသို့ ဝင်ရန် ခြေလှမ်းလိုက်သည်။

သို့သော်

ရိဖုန်းက လောက်စန်း၏လက်မောင်းကို ဖမ်းဆွဲရင်း....

'နေဦး'

ဟု ဟန့်တားလိုက်၏၊

ရိဖုန်းက ဟန့်တားလိုက်သောကြောင့် လောက်စန်းသည် ရိဖုန်းကိုလှမ်းကြည့်ပြီး....

'မင်းက ဘာဖြစ်လို့ ဟန့်တားရတာလဲ'

ဟု မေးလိုက်သည်။

ရိဖုန်းက ပြုံးပြီး

'ဒါ....နောက်ဆုံးအဆင့်ပဲ'

ရိဖုန်း၏စကားကြောင့် လောက်စန်းသည် မျက်မှောင်ကြုတ်လိုက်ပြီး....

'နောက်ဆုံးအဆင့် ဟုတ်လား'

ဟု နားမလည်ဟန်ဖြင့် ပြန်မေးလိုက်၏။

ရိဖုန်းက ခန်းမကိုလက်ဝှေ့ယမ်းပြလိုက်ပြီး

'ကျုပ်တို့ ဒီအခန်းထဲကို ရောက်တာနဲ့ ရွှေရုပ်ထုကို ရပြီ မဟုတ်လား'

ဟု ပြောလိုက်သည်။

လောက်စန်းက....

'ဒါပြောဖို့လိုသေးလား'

ရိဖုန်းက ပြုံးလိုက်ပြီး....

'ဒီဘေ့ ကျုပ်တို့ ယူလို့မရအောင် ဘာတွေလုပ်ထားဦးမလဲ ဆိုတာ ခင်ဗျားသိလား'

ဟု မေးလိုက်၏။

လောက်စန်း ပခုံးတစ်ချက်တွန့်ပြလိုက်ပြီး

'ထောင်ချောက်ရှိဦးမယ်ဆိုတဲ့ သဘောလား'

ဟု မေးလိုက်၏။

ရိဖုန်းက ဘာမျှပြန်မပြောအော့ပါ။

သူသည် ရုပ်ထုရှိသော ခန်းမကို သေချာစွာ ကြည့်ရှုလိုက်သည်။

ပြီးမှ....

'ကျုပ်ကတော့ လုံထိုကိုမမေ့ဘူး'

ဟု ပြောလိုက်၏။

ထို့နောက်....

သူသည် မိမိ၏ ပတ်ဝန်းကျင်ကို ထစ်ချက်ကြည့် လိုက်လေသည်။

တံခါးပေါက်ဝ အနီးဌာနသံကွင်းတစ်ခုရှိ၏။

ထိုသံကွင်းသည် မီးတုတ်ဖွပ်ရန် သံကွင်းဖြစ်၏။

သံကွင်းထဲ၌ မီးငြိမ်းသတ်ပြီး မီးတုတ်တစ်ချောင်းစွပ်ထားသည်။

ရိဖုန်းက သံကွင်းမှ မီးတုတ်ကို ဖြုတ်ယူလိုက်၏။

ယခု....

သူသည် မီးတုတ်ကိုကိုင်လိုက်ပြီ ဖြစ်၏။

ဤသို့ဆိုလျှင်....

ယခင်က မီးဘုတ်ကို သံကွင်း၌ မည်သူ စွပ်ထားခဲ့သနည်း။

ထိုလူသည် လုထိုမဟုတ်ကြောင်း သေချာ၏။

အဘယ်ကြောင့်ဆိုသော်....

လုထိုသည် ဤအခန်းထဲသို့ ရောက်ရှိခဲ့ခြင်းမရှိပါ။

အကယ်၍သာ....

လုထိုသည် ဤအခန်းထဲသို့ရောက်ပြီး အပြန်ခရီး၌ ထောင်ချောက်မိခဲ့လျှင် ဒီအခန်းထဲမှ ရှေ့ရုပ်တုကို လုထို၏ အရိုးစုနှင့်အတူ တွေ့ရမည်ဖြစ်သည်မဟုတ်ပါလား။

ထို့ကြောင့်

ဒီအခန်းထဲသို့ လုထို မရောက်ရှိခဲ့ကြောင်း သေချာ လေသည်။

ဤသို့ဆိုလျှင်....

ထိုမီးတုတ်ကို မည်သူကိုင်ဆောင်ခဲ့သနည်း။

ထိုလူလည် အခန်းထဲသို့ ရောက်ရှိခဲ့သလော။

ရောက်ရှိခဲ့သည်ဟု ယူဆလျှင် ထိုလူသည် အဘယ်ကြောင့် ရုပ်ထုကို ယူဆောင် မသွားခဲ့သနည်း။

ရှေ့ရုပ်ထုရှိရာမရောက်မီ မည်ကဲ့သို့ အန္တရာယ်နှင့်ရင်ဆိုင်ခဲ့ရသနည်း။

စသည်ဖြင့် သူသည် ဆက်စပ်တွေးတောနေ၏။

ထို့နောက်....

သူ နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး....

ကြမ်းခင်းထားအော အဖြူနှင့် အနက်ရောင့် ကျောက်ပြား များကို စိုက်ကြည့်နေ၏။

ထို့နောက်

သူသည် လက်ထဲ၌ ကိုင်ထားသော မီးတုတ်ဖင်ဖြင့် ကြမ်း ခင်းကျောက်ပြားတို့ကို ဆောင့်ကြည့်၏။

ပထမ သူသည် အဖြူရောင် ကျောက်ပြားကွက် ပေါ်သို့ မီးတုတ်၏ ဖင်ဖြင့် ဆောင့်ကြည့်၍....

မည်သည့်အသံမျှ မကြားရပါ။

မည်သည့်လှုပ်ရှားမှုမျှမတွေ့ရပါ။

ထို့ကြောင့်....

သူသည် အနက်ရောင်ကျောက်ပြားကွက်ပေါ်သို့ မီးထုတ် ဖင်ဖြင့် ဆောင့်လိုက်၏။

'ဝိုး....ဒုတ်....ဒုတ်'

တစ်ထွာသာသာခန့် အလျားရှိသော မြားနှစ်စင်းသည် လေထဲမှ ပစ်လွှင့်လာပြီး ရိဖုန်း၏လက်ထဲမှ မီးဝုတ်ပေါ်သို့ စိုက်ဝင်သွား၏။

ရိဖုန်းက အခန်းထဲသို့ တစ်ချက်ပြန်လည်၍ ကြည့်ရှုလိုက် သည်။

သူသည် ကျေနပ်စွာ ပြုံးလိုက်ပြီး....

'လေ့ကျင့်စန်း၊ နံရံပေါ်က ပျားအုံမှာ အပေါက်လေး တွေ အများကြီးရှိနေတယ်၊ အဲဒီအပေါက်ကနေ မြားတံတွေ ထွက်လာတာပဲ'

ဟု ပြောလိုက်၏။

ရိဖုန်းက သူ့နှုန်ရှုပြလိုက်သောကြောင့် လောက်စန်းသည် အခန်း၏နံရံတို့ကို လှမ်းကြည့်လိုက်၏။

အခန်း၏ နံရံသည် အရိပ်ကျနေသောကြောင့် အလင်း ရောင် အားနည်းနေ၏။

ထိုနေရာကို သေချာစွာ ပူးစိုက်ကြည့်သောအခါ နံရံပေါ် တွင် အပေါက်များစွာရှိ နေသည်ကို တွေ့မြင်ရ၏။

ရိဖုန်းက ပြုံးလိုက်ပြီး....

ခပ်လှမ်းလှမ်းမှ အနက်ရောင် ကျောက်ပြားကွက်ပေါ်သို့ လက်ထဲမှမီးတုတ်ကို လှမ်းပစ်လိုက်၏။

မီးတုတ်က အနက်ရောင် ကျောက်ပြားပေါ်သို့ ကျသွား သည်။

'ဝုံး....ဒုံး'

ဟူသော လေကို အရာဝတ္ထုများ ဖြတ်သန်းလာသံ ပေါ် သွက်လာပြီး မြားနှစ်စင်းက မီးတုတ်ကို စိုက်ဝင်သွားသည်။

ရိဖုန်းက ကျေနပ်စွာ ပြုံးလိုက်၏။

ပြီးမှ သူသည် လောက်စန်းကိုကြည့်ကာ....

'အနက်ရောင် ကျောက်ပြားအောက်မှာ မြားပင်တွဲခလုတ် တွေ ရှိတယ်၊ ဒါကြောင့် အနက်ရောင်ကျောက်ပြားကို နင်း တာနဲ့ မြားပစ်ခံရလိမ့်မယ်'

ဟု ပြောလိုက်၏။

ထို့နောက်....

သူသည် တစ်စုံတစ်ရာကို စဉ်းစားလိုက်ပြီး....

'လောက်စန်း၊ ခင်ဗျား ဒီမှာပဲနေခဲ့၊ ကျုပ်တစ်ယောက်တည်း သွားမယ်'

ဟု ပြောလိုက်၏။

လောက်စန်းက ဦးခေါင်းညိတ်လိုက်ပြီး....

'ခင်ဗျားသဘောပဲ'

ဟု ပြောလိုက်လျှောတော့သည် မဟုတ်ပါလား။

* * * *

ခန်းမ၏ကြမ်းခင်းကို အဖြူရောင်နှင့်အနက်ရောင် ကျောက်ပြားများဖြင့် ကျားကွက်ပုံသဏ္ဌာန် ခင်းထား၏။

ရှိဖွန်းသည် ခန်းမ၏ကြမ်းခင်းကို တစ်ချက် ကြည့်လိုက်သည်၊

အနက်ရောင် ကျောက်ပြားများအောက်၌ မြားခလုတ်များ ရှိသည်၊

ထို့ကြောင့်....

သူသည် သက်ပြင်းကို တစ်ချက်ချလိုက်ပြီး အနက်ရောင် ကျောက်ပြားများကို ရှောင်၍ အဖြူရောင် ကျောက်ပြားများကို နင်းသွား၏။

သူ၏မျက်လုံးနှင့် နားကိုလည်း အစုမ်းကုန်ဖွင့်ထားသည်၊ သူ၏နားက ခလုတ်မောင်းဖြုတ်သံကို နားစွင့်နေသကဲ့သို့ မျက်လုံးများကလည်း နံရံပေါ်မှ ပျားအုံသဖွယ်ဖြစ်၍ သော အပေါက်များကို ကြည့်နေ၏။

တဖြည်းဖြည်းနှင့်....

သူသည် ရွှေရုပ်တုနှင့် နီးကပ်လာပြီဖြစ်၏။

ရွှေရုပ်တုသည် အမြင့်ခြောက်မ၊ ခုနစ်လက်မခန့်ရှိပြီး ထူးခြားသော အသွင်သဏ္ဌာန်ရှိသည့် ရုပ်တုဖြစ်၏။

ရှိဖွန်းသည် ထိုရုပ်ညီကိုကြည့်ရင်း စိတ်ထဲ၌ လှုပ်ရှားလာ၏။

တစ်ဆက်တည်းမှာပင်....

သိုရှုပ်တုနှင့်ပတ်သက်သော ဒဏ္ဍာရီကို ပြန်လည်၍ အမှတ်ရသည်။

သူနှင့်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်က ဤနေရာသည် ကဲ့သို့ တောကြီးမျက်မည်း မဟုတ်သေးပါ၊

ဤနေရာ၌ အလွန်စည်ကားသော မြို့တစ်မြို့ရှိခဲ့၏။

သိုမြို့ကိုတည်ထောင်သူမှာ မိစ္ဆာအယူဝါဒအပေါ် အလွန်သည်းသက်ဝင်ပြီး မှော်ပညာရပ်များကို တစ်ဖက်ကမ်းခတ်မှောက်သော ဂုရုကြီးတစ်ဦးဖြစ်၏။

သူသည် ဤနေရာ၌ မှော်နိုင်ငံကို ထူထောင်ပြီး မရဏာဘုံနိုင်ငံကို တည်ဆောက်ခဲ့၏။

တစ်နေ့၌....

မှော်ဒိုင်ငံဘို့ ပုဒ္ဓအယူဝါဒကို ကိုးကွယ်သော ဘုန်းတော်
ကြီးတစ်ပါး ရောက်လာပြီး ပုဒ္ဓ၏အယူဝါဒများကို ဟော
ခဲ့သည်။

ဤသို့ဖြင့်....

ပုဒ္ဓ၏အယူဝါဒကို လက်ခံကျင့်သုံးသူ များလာပြီးနော
မိစ္ဆာအယူသည်းသူများနှင့် ပြဿနာတစ်လမ်း သံတစ်လမ်း
လာခဲ့သည်။

ထို့ကြောင့်....

ဂုရုကြီးသည် ပုဒ္ဓအယူဝါဒအနေပါ ယုံကြည်သက်ဝ
များကို ဖမ်းဆီး၍ သွင်းမန်နိုင်စက် သတ်ဖြတ်သည်။

ဤသို့ဖြင့်....

တစ်နေ့သောအခါ ကြီးစွာသော မြေလျင် လှုပ်
ကောင်းကင်ပေါ်မှ မီးကျောက်မီးခဲများသည် မိုးရွာခြ
ပမာ ကျရောက်လာပြီးနောက် မှော်နိုင်ငံသည် ပျက်သုဉ်း
သည်။

ဤမရဏာဘုံကျောင်းသည် ဂုရုကြီး တည်ဆောက်ခဲ့
နှင့်မိစ္ဆာ ဘုံကျောင်းဖြစ်၏.

ယခု....

ရိဖုန်းသည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်က
တိမ်မြုပ် ပျောက်ကွယ်သွားခဲ့သော မရဏာဘုံကျောင်း
ရောက်ရှိနေပြီ ဖြစ်သည်။

သူ၏လက်တစ်ကမ်းဠာ မှော်နိုင်ငံ၏အထွတ်အမြတ်ကို
သော နတ်မိစ္ဆာရုပ်တု ရှိနေသည်ဖြစ်၏။

ခဲ့ဖုန်းသည် ရွှေရွင်ထုကိုကြည့်ရင်း ဂုရုကြီး၏ကိုန်စာကို
ဘီရလာသည်။

"ဤဘုံကျောင်းကို နှောင့်ယှက် ဖျက်ဆီးသူသည်
ဤလောကဌာ တစ်ကြိမ်တစ်ခါမှ ဖြစ်ပေါ်ကြွေးတွေ့ခြင်း
မရှိသော အသေဆိုးနှင့်သေစေ"

ဂုရုကြီးသည် ထိုကိုန်စာကို မရဏာဘုံကျောင်း အဝင်ဝ
ညီးရေးထိုး ထားခဲ့ခြင်းဖြစ်သည်။

ခဲ့ဖုန်းသည် ဤမရဏာဘုံကျောင်းအဝင်ဝ ဖတ်ရှုခဲ့ရခြင်း
ဖြစ်၏။

ရိဖုန်းသည် ဆက်ပြင်းတစ်ချက် ချလိုက်သည်။
လူထိုသည် အသေဆိုးနှင့် သေခဲ့ရပြီ ဖြစ်သည်။
သူသည် ဤကဲ့သို့ကျောင်းဆဲသို့ ဝင်ရောက်ခဲ့သောကြောင့်
ဖြစ်သည်။
ယခု မိမိလည်း ဘုံကျောင်းတဲသို့ ရောက်လာပြီ ဖြစ်၏။
မိမိနှာ မည်ကဲ့သို့အသေဆိုးနှင့် ကြုံရမည်နည်း။
ရိဖုန်းသည် ခေါင်းထဲမှ အတွေးများကို ဖယ်ထုတ်လိုက်
သည်။
ဤလောကပေါ်၌ လူးဆန်းသည်ဆိုသော အရာများသည်
အဖြစ်ကို ရှာမတွေ့မီ အလိသာ တူးဆန်း၏။
အဖြစ်ကို ရှာတွေ့ပြီးနောက် တူးဆန်းခြင်း မရှိတော့ပါ
ချေ။
လျှို့ဝှက်ချက် ဆိုသည်မှာလည်း ဤအကိုင်းပင် ဖြစ်လေ
သည်။

လူတိုင်းသိရှိလာသောအခါ လျှို့ဝှက်ချက်ဟူ၍ မရှိတော့ခြင်း ဖြစ်သည် မဟုတ်ပါလား။

* * *

ရိဖုန်းသည် သက်ပြင်းတစ်ချက် ချလိုက်၏။

မရဏဘုံကျောင်း၏ ရွှေရုပ်တုသည် သူ၏ လက်တစ်လှမ်း အကွာ ရှိနေပြီ ဖြစ်သည်။

သူသည် အဖြူရောင် ကျောက်ပြားများကို နင်း၍ ရွှေရုပ်တု ရှိရာသို့ ချဉ်းကပ်လာ၏။

သူ၏ နှားက မြားခလုတ် ဖြုတ်သံကို နှားစွင့် ထားလိုက်သည်။

သူ၏ မျက်လုံးများက နံရံပေါ်မှ ပျားအုံ ကဲ့သို့သော အပေါက်ကလေးများကို အကဲခတ်၍ ကြည့်နေ၏။

ထိုစဉ်....

သူသည် အဖြူရောင် ကျောက်ပြားပေါ်သို့ နင်းလှန်းခင် ရွှေရုပ်တုက သူ့ကို 'ဘယ် နှယ်ရှိစ' ဟူသော အကြည့်ဖြင့်ကြည့်ပြီး လှောင်ပြုံး ပြုံးပြနေသည်ဟု ရိဖုန်း၏ စိတ်ထဲ၌ ခံစားရသည်။

တံခါးဝမှ လောက်စန်းသည် ရိဖုန်းကိုကြည့်ပြီး အားမလို အားမရ ဖြစ်နေ၏။

သူနှင့် ရွှေရုပ်တု၏ အကွာအဝေးမှာ မဆိုသလောက်သာ ခေးတော့သည် မဟုတ်ပါလား။

ထို့ကြောင့်....

လောက်စန်းသည် ခေါင်းခါယမ်းရင်း....

'ရိဖုန်း....ဘာလုပ်နေတာလဲ ယူလိုက်ပါတော့လား'

ဟု လှမ်းအော်ပြောလိုက်၏။

ရိဖုန်းက လောက်စန်း၏ စကားကို ဂရုမစိုက်ပါ။

သူသည် နှုတ်ခမ်းကို ကိုက်ရင်း အတန်ကြာအောင်စဉ်းစား နေသည်။

အတန်ကြာမှ....

သူသည် ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်၏။

သူသည် ကျန်ရှိနေသော ကျောက်ပြားများကို မနင်းတော့ဘဲ ခုန်ကျော်ရန် ဆုံးဖြတ်လိုက်ခြင်းပင် ဖြစ်သည် မဟုတ်ပါလား။

* * *

ရွှေချပ်တုသည် ကျောက်တုံးပေါ်၌ ရှိ၏။

ကျောက်တုံးနှင့် ကျောက်ပြား ခင်းထားသော ကြမ်းပြင်ကြား၌ ဃုံးမေခန့် လွတ်နေ၏။

အဖြူရောင်နှင့် အနက်ရောင် ကျောက်ပြားများကို ကျောက်တုံး၏ အခြေအထိ ခင်းထားခြင်း မရှိပါ။

ထို့ကြောင့်....

ထိုနေရာ၌ သုံးမေခန့် ကွာဝေးနေခြင်း ဖြစ်၏။

ဤအခန်းကို တည်ဆောက်သူသည် အဘယ်ကြောင့် ယခုကဲ့သို့ ကျောက်ပြားအား အပြည့်မခင်းခဲ့ရခြင်းကို ရိုဖုန်း မသိပါချေ။

သို့သော်

ထိုနေရာ၌ မည်သည့်ခလုတ်မျှ ပုံက်ထားခြင်း ရှိလိမ့်မည် မဟုတ်ဟု ရိုဖုန်းက ယူကြည်၏။

အကယ်၍....

ထိုနေရာ၌ လျှို့ဝှက်ခလုတ် ရှိနေခဲ့လျှင်....

သူသည် ဆက်၍ မတွေးတော့ပါ။

သူသည် ထိုနေရာသို့ လှမ်းနင်းလိုက်လေတော့သည် မဟုတ်ပါလား။

* * *

ကြမ္မာသည် ယခုအခါ၌ အထီ ရိုဖုန်းကို မျက်နှာသာပေးနေ၏။

သူသည် ရွှေချပ်တု တင်သားသော ကျောက်တုံး၏ ရှေ့သို့ ရောက်ရှိသွားသော်လည်း မည်သည့် လှုပ်ရှားမှုမျှ မတွေ့ရတော့ပါချေ။

ထို့ကြောင့်....

သူသည် သက်ပြင်း တစ်ချက် ချလိုက်ပြီး လောက်စန်းကို လှမ်းကြည့်လိုက်၏။

လောက်စန်းက ရိုဖုန်းကိုကြည့်ပြီး သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

ရိုဖုန်းက ကျောက်တုံးပေါ်မှ ခရွေရုပ်တုကို ကြည့်လိုက်မိသည်။

ယခု....

သူသည် ခရွေရုပ်တုကို ယူ၍ မိမိ၏ သားရေအိတ်ထဲသို့ထည့် ပိုက်ရုံသာ ရှိတော့၏။

* * *

သူသည် စက်ကိရိယာ၏ လှုပ်ရှားမှုထက် ပို၍ လျင်မြန်စွာ ပြုလုပ်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

စက်ကိရိယာကို လှုက ပြုလုပ်ခဲ့ခြင်း ဖြစ်၏။

စက်ကိရိယာ လည်ပတ်ရန် လိုအပ်သော အခြေအနေတရပ် ရှိရမည် ဖြစ်၏။

ထိုအခြေအနေသို့ မရောက်မီ မိမိက လျင်မြန်စွာ လှုပ်ရှားနိုင်ရန် လိုအပ်သည်။

ထို့ကြောင့်....

ရိဖုန်းသည် ရွှေရုပ်တု၏ ရှေ့ဘဲ့ မတ်တတ် ရပ်လိုက်လေသည်။

လက်ထဲမှ ရှုံ့အိတ်ကို လက်ဖြင့် ပြန်၍ ချိန်ဆကြည့်လိုက်သည်။

ခဲများ၊ သဲများ ထည့်ထားသော ရှုံ့အိတ်၏ အလေးချိန်နှင့် ရွှေရုပ်တု၏ အလေးချိန် တူညီလိမ့်မည်ဟု မျှော်လင့်မိသည်။

ထို့ကြောင့်....

သူသည် လက်တစ်ဖက်မှ ရွှေရုပ်တုကို ယူ၍ လက်တစ်ဖက်မှ ရှုံ့အိတ်ကို အမြင့်နေရာသို့ တင်လိုက်လေတော့သည် မဟုတ်ပါသား။

* * *

ရိဖုန်းသည် တစ်ချက် ပြုံးလိုက်ပြီး အင်္ကျီရင်ဘတ်ကြားမှ ကတ္တီပါရှုံ့အိတ်ကို ထုတ်ယူလိုက်၏။

ထို့နောက်....

ရှုံ့အိတ်ထဲမှ ငွေစနှင့် ကျောက်မျက်ရတနာများကို သားရေအိတ်ထဲသို့ ပြောင်းထည့်လိုက်၏။

ပြီးမှ....

သူသည် အနီးပတ်ဝန်းကျင်မှ ခဲလုံးငယ်များ၊ သဲများကို ရှုံ့အိတ်ထဲသို့ ထည့်လိုက်ပြီး အလေးချိန်ကို လက်ဖြင့်ဆကြည့်လိုက်၏။

သူ၏ စိတ်ထဲ၌ ရွှေရုပ်တုနှင့် အလေးချိန် တူညီပြီဟု ယူဆရသောအခါ ရှုံ့အိတ်ကို ကြိုးဆုံ၍ ပိတ်လိုက်ပြီး....

ရွှေရုပ်တုနှင့် လဲလှယ်ရန် ပြင်ဆင်လိုက်၏။

ထို့စဉ်....

အကယ်၍ မိမိ ခန့်မှန်းသော အလေးချိန်သည် ရွှေရုပ်တုထက် လျော့နည်းခဲ့သော် မည်ကဲ့သို့ ဖြစ်လာမည်နည်းဟု တွေးလိုက်၏။

ထို့ကြောင့်

သူသည် ရွှေရုပ်တုနှင့် ရှုံ့အိတ်ကို လဲလှယ်ရန် လက်တုန်သွား၏။

သူသည် အတန်ကြာမှ ရွှေရုပ်တုကို ကြည့်နေ၏။

နောက်ဆုံး၌....

သူသည် ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်၏။

ထိုသို့ ကြည့်လိုက်မိသည်နှင့် ရိဖုန်း၏ မျက်လုံးများသည် ဝိုင်းစက် ပြူးကျယ်သွားလေ၏။

အာဃာတကြောင့်ဆိုသော်....

ရှုံ့အိတ် တင်ထားသော ကျောက်တုံးသည် အောက်သို့ တဖြည်းဖြည်း နှိမ့်ဇင်သွားသည်ကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်၏။

ထိုအချိန်မှာပင် စက်ယန္တရား လည်ပတ်သံ များသည် တဖြည်းဖြည်း ကျယ်လောင်လာပြီး နေရာအနှံ့အပြားမှ ပေါ်ထွက်လာလေတော့သည် မဟုတ်ပါလား။

* * *

ခန်းမ၏ ကြမ်းပြင်သည် လူပ်သွား၏။

နံရံများသည် အတ်ကွဲလာ၏။

ခေါင်မိုးမှ ကျောက်တုံး ကျောက်ခဲများ ပြိုကျလာလေသည်။

စက်ယန္တရား လည်ပတ်သံနှင့်အတူ တော်လှန်သံတစ်သံက ပါကြားရ၏။

ထို့ကြောင့်....

ရိဖုန်းသည် စင်ပေါ်မှ ရွှေရုပ်တုကို အယ်လက်ဖြင့် ဆတ်ခနဲ ယူလိုက်ပြီး ညာလက်ဖြင့် ခဲများ၊ သံများထည့်ထားသော ရှုံ့အိတ်အား စင်ပေါ်သို့ တင်လိုက်၏။

သူ၏ လူပ်ရှားမှုက အလွန်လျင်မြန်သည်။

မျက်စိတစ်မှိတ် အချိန်မျှသာ ကြာ၏။

သို့သော်....

ရိဖုန်း၏ စိတ်ထဲ၌ အလွန်ကြာမြင့်သည်ဟု ခံစားလာရလေသည်။

သူသည် ရွှေရုပ်တုကို လက်ထဲ၌ ကိုင်ထားပြီး ကျောက်တုံး ပေါ်ဆီသို့ အထန်ကြာ ကြည့်နေ၏။

အတန်ကြာသည်အထိ ဘာမျှ ပြောင်းလဲခြင်း မရှိပါ။

ထို့အခါမှ....

ရိဖုန်းသည် စိတ်သက်သာရာရသွားဟန်ဖြင့် သက်ပြင်းတစ်ချက် ချလိုက်ပြီး နောက်သို့ လှည့်လိုက်၏။

တုံ့စဉ်....

ချတ်တရက် ရှုံ့အိတ် တင်ထားသော ကျောက်တုံးသည် အောက်သို့ တအိအိဖြင့် နှိမ့်ကျသွားခဲ့လေ၏။

တစ်ဆက်တည်းမှာပင်....

စက်ယန္တရား လည်ပတ်သော အသံတစ်သံ ပေါ်ထွက်လာသည်။

ထို့ကြောင့်....

ရိဖုန်းသည် နောက်သို့ ကပျာကယာ လှည့်ကြည့်လိုက်မိသည်။

ရိဖုန်းသည် သူ၏ ခန္ဓာကိုယ်ကို ရှေ့သို့ စိုက်ထိုးချလိုက်သည်။

သူ၏ခန္ဓာကိုယ်သည် အဖြူရောင်နှင့် အနက်ရောင်ကျောက်ပြားများ ခင်းထားသော ကြမ်းပြင်တစ်လျှောက် လျှောတိုက်၍ ခွန်လျှံသွားပြီး ပိတ်လုပိတ်ခင်ဖြစ်နေသည့် ကျောက်တံခါး၏ အောက်မှ ဖြတ်သန်းကာ အခန်း၏ အပြင်သို့ ရောက်ရှိသွားလေတော့သည်။

အခန်း၏ အပြင်သို့ ရောက်ရှိသည်နှင့် အပေါ်မှ ကျလာသော ကျောက်တံခါးကြီးက ဂျိမ်းခန် အသံမြည်၍ အခန်းဝကို ပိတ်သွားလေသည်။

ရိဖုန်းသည် လူးလိမ့်၍ ထလိုက်ပြီး ကျောက်တံခါးကြီးကို တစ်ချက် ကြည့်လိုက်၏။

ထိုအချိန်မှာပင်....

မိုးချုန်းသံကဲ့သို့သော အသံမျိုး ဂျိုးဂျိုးဂျိမ်းဂျိမ်း ပေါ်လာသည်၊

သူရောက်ရှိနေသော စကြံ့လမ်းမှာလည်း မြေငလျင် လှုပ်သကဲ့သို့ လှုပ်ရှားလာ၏။

တစ်ချိန်တည်းမှာပင် ရောဘွန်မှ ရေကျသံကဲ့သို့ တစုန်းဝုန်း အသံမျိုးကိုလည်း ကြားရ၏။

စကြံ့လမ်းက လှုပ်ခါသွားသောကြောင့် ရိဖုန်း၏ ခန္ဓာကိုယ်သည် ယိမ်းယိုင်သွား၏။

သူသည် လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး ထိုလမ်း တစ်လျှောက် ပြေးလွှားသွားလေတော့သည်။

ရိဖုန်းသည် ထိတ်လန့်တုန်လှုပ်သွားပြီး လက်ထဲမှ ရှေရှုပ်တုကို သားရေအိတ်ထဲသို့ ကမန်းကတန်း ထည့်လိုက်ပြီး အဖြူနှင့် အနက် ခင်းထားသော ကျောက်ပြားများ ပေါ်သို့ ဖြတ်၍ ခြေးသွားလေ၏၊

'ထပ်....ထပ်....ထပ်'

ကျောက်ပြားအောက်မှ မောင်းခလုတ် ဖွင့်သံများ ပေါ်လာ၏။

နံရံအပေါက်မှ မြားတံများ ပစ်လွှင့်လာသည်။

ပစ်လွှင့်လာသော မြားတံများက ရိဖုန်း၏ ခန္ဓာကိုယ်မှ ပုတ်ကာသီကာဖြင့် ဖြတ်ကျော်သွားသည်။

ထိုစဉ်....

အခန်းတံခါးပေါက်၏ အပေါ်မှ ကျောက်ကံခါးကြီးတစ်ချပ်က တဖြည်းဖြည်း နိမ့်ဆင်းလာ၏။

ရိဖုန်းသည် ပြေးရင်းလွှားရင်း လောက်စန်းကိုလှမ်းကြည့်မိသည်။

သို့သော်....

သူသည် လောက်စန်းကို မတွေ့ရတော့ပါ။

လောက်စန်းသည် ထိုနေရာမှ ထွက်ပြေးသွားပြီ ဖြစ်လေသည်။

တံခါးပေါက်သို့ ရိဖုန်း ရောက်ရှိလာချိန်တွင် အပေါ်မှနိမ့်ကျလာသော ကျောက်တံခါးကြီးသည် အခန်းဝသို့ ပိတ်မိရန် တစ်ပေသာသာမျှသာ လိုတော့၏။

ထို့ကြောင့်

ရိဖုန်းက ရှေ့မှ ပြေးနေ၏၊
ထိုလမ်း၏ အဖို့ပေါ်မှ ကျောက်တုံး ကျောက်ခဲများက တဝုန်းဝုန်း ပြိုကျလာသည်။
ပြိုကျလာသော ကျောက်တုံး ကျောက်ခဲများသည် ရိဖုန်း၏ အနီးမှ ပွတ်ကာသီကာ ကျလာ၏။
ယူသည် ရှေ့မှ မနားတမ်း ပြေးနေ၏။
မကြာမီ....
သူသည် တွင်းနက်ကြီး၏ နှုတ်ခမ်းသို့ ရောက်ရှိလာလေသည်။
ထိုနေရာသို့ ရောက်သောအခါ တွင်းနက်ကြီး၏ တစ်ဖက် နှုတ်ခမ်း၌ လောက်စန်း ရပ်နေသည်ကို တွေ့ရသည်။
လောက်စန်း၏ လက်ထဲ၌ ကြိုးတစ်ချောင်း ရှိသည်။
သူသည် ခန်းမထဲမှ ပြေးထွက်ခဲ့ပြီးနောက် အသင့်ထားခဲ့သော ကြိုးကို ခိုစီး၍ တွင်းနက်ကြီးကို ကျော်ဖြတ်ခဲ့ခြင်း ဖြစ်သည်။
ရိဖုန်းက လောက်စန်းကို မြင်တွေ့လိုက်သည်နှင့်....
'လောက်စန်း....ကြိုးကို ပစ်လိုက်'
ဟု အော်ပြောလိုက်၏။
သို့သော်....
လောက်စန်းက ကြိုးကို ကိုင်ထားမြဲ ကိုင်ထားသည်။
ရိဖုန်းသည် မျက်မှောင်ကုတ်သွားပြီး....
'လောက်စန်း....ဘာငိုင်နေတာလဲ၊ ကြိုးကို ဒီဘက် ပြန်ပစ်လိုက်'

ဟု ပြောလိုက်၏။
လောက်စန်းက ပြုံးလိုက်သည်။
သူ၏အပြုံးက နွေးထွေးမှု မရှိဘဲ အေးစက်စက် ဖြစ်နေသည်။
ထို့အပြင်....
သူ၏ အပြုံးက လူတစ်ယောက်၏ အပြုံးနှင့် မတူပါ။
အလွန် ကောက်ကျစ် စဉ်းလဲသော ဝံပုလွေ တစ်ကောင်၏ အပြုံးနှင့် တူနေသည်။
လောက်စန်းက ထိုသို့ ပြုံးလိုက်ပြီးမှ....
'ရိဖုန်း....အမှုအခဲ့ကိန်မှာ ခင်ဗျားဟာ ရွှေရုပ်တုထက် ဒီကြိုးတန်ဖိုးထားလိမ့်မယ် ထင်တယ်'
ဟု ပြောလိုက်သည်။
လောက်စန်း၏ စကားကြောင့် ရိဖုန်းသည် မျက်မှောင်ကုပ်သွားပြီး....
'လောက်စန်း အခြံကိန်မရှိဘူး၊ ကြိုးကို ဒီဘက်ပစ်လိုက်'
ဟု ပြောလိုက်သည်။
သူက ရိဖုန်းကို တစ်ချက်မျှကြည့်ပြီး....
'ရိဖုန်း၊ ကျုပ်တို့ အလဲအလှယ် တစ်ခုလောက် လုပ်ရအောင်'
ဟု ပြောလိုက်၏။
ရိဖုန်းက ပြုံးပြီး....
'လောက်စန်း အခြံကိန်မရှိဘူး၊ စကားကို နောက်မှပြော'
ဟု ပြန်ပြောလိုက်၏။

လောက်စန်းက ပြုံးလိုက်ပြီး

'မဖြစ်ဘူး ရိဖုန်း၊ ကျုပ်တို့ စကားအရင်ပြောကြမှ ဖြစ်မယ်'

ဟု ပြောလိုက်၏။

ရိဖုန်းက နောက်သို့ ထစ်ချက်လှည့်ကြည့်လိုက်ပြီး

ခေါင်းညိတ်ပြကာ....

'ကောင်းပြီ....ပြော'

ဟု ပြောလိုက်၏။

လောက်စန်းက ပြုံးလိုက်ပြီး....

'ဗီလို့မေ့ပေါ့'

သူက စိတ်မချသဟန်ဖြင့်....

'လောက်စန်း၊ ခင်ဗျား ဘာပြောချင်လဲ မြန်မြန်ပြော'

ဟု ပြောလိုက်၏။

လောက်စန်းက ပြုံးလိုက်ပြီး....

'ရိဖုန်း၊ ခင်ဗျားအိတ်ထဲက ရွှေရုပ်တုကို ကျုပ်ဆီပစ်ပေးလိုက်ပါ၊ ကျုပ် ခင်ဗျားကိုကြီးပစ်ပေးလိုက်မယ်'

ဟု ပြောလိုက်၏။

သူက လေပူတစ်ချက်မှုတ်ထုတ်လိုက်၏။

မိမိတွေးဆထားသည့်အတိုင်း လောက်စန်းသည် မိမိပေါ် အကောက်ကြံနေပြီဖြစ်၏။

ထို့စဉ်....

မရဏဘုံကျောင်း၏ လဲပြို သံများသည် တဖြည်းဖြည်းပိုပို ကျယ်လောင်လာ၏။

ထို့နောက်....

ခေတ်ခွန်မှစီးကျဒသာ အသံမျိုး၊ မိုးခြိမ်းသံမျိုးသည် တစ်ချိန်တစ်ခု ဆက်တိုက်ပေါ်နေ၏။

တစ်ခါတစ်ရံ၌ ယမ်းထုပ်ပေါက်ကွဲသံမျိုးပါ ကြားရလေ့ရှိသည်။

ထိုခဏကြောင့်

လောက်စန်းက ထိုသို့ဆွဲသိုင်းနေသော အသံများကို ကျော်လွှားနိုင်အောင် သူ၏ အသံကို မြှင့်တင်လိုက်ရင်း....

'ရိဖုန်း၊ ခင်ဗျားမှာအချိန်မရှိဘူး'

ရိဖုန်းက....

'လောက်စန်း ကြိုးကို အရင်ပစ်ပေးစမ်းပါ၊ နောက်မှ ပြောကြတာပေါ့'

ဟု စေ့းဆော်သိုက်၏။

လောက်စန်းက ရယ်မောလိုက်ပြီး....

'ရိဖုန်း ခင်ဗျားမှာ ချွေးချယ်ဖို့ လမ်းမရှိဘူး၊ ကျုပ်ပြောတာကို သဘောတူပါ'

ဟု ပြောလိုက်၏။

သို့သော်....

ရိဖုန်းသည် သားရေအိတ်ဆိုင်မှ ရွှေရုပ်ဘုကို ထုတ်ယူပြီး လောက်ထံ၌ ကိုင်ခြေလက်ရင်း....

'လောက်စန်း ကျုပ် ဒီရုပ်တုကို တွင်းထဲပစ်ချ လိုက်မယ် ဆိုရင် ခင်ဗျား ဘာလုပ်မလဲ'

ဟု ပြောလိုက်၏။

လောက်စန်းက ပြုံးလိုက်ပြီး....

'ပစ်ခဲလိုက်ပါ'

ဟု ပြောလိုက်၏။'

ရိဖုန်းသည် သဆဲပြင်းခဲလိုက်၏။

သူသည် သူ၏ လက်ထဲမှ ရွှေရုပ်တုကို တင်းထဲသို့ ပစ်မခဲ့ရက်ပါ။

ထိုစဉ်....

သူ၏ ခြေထောက်အောက်မှ ကြမ်းပြင်သည် သွက်သွက်ခါ အောင် လှုပ်ယမ်းလာပြီဖြစ်၏။

ထို အပြင်

တင်း၏ နှုတ်ခမ်းများသည် တစီခြမ်းပဲ့၍ ကျလာပြီဖြစ် သည်။

ထိုကြောင့်....

တင်း၏ အကျယ်သည် တဖြည်းဖြည်းပိုး၍ ကျယ်လာပြီ ဖြစ် သည်။

သူသည် တင်းနှုတ်ခမ်းများ ပြိုကျနေသောကြောင့်နော့က် သို့ ခြေတစ်လှမ်းဆုတ်လိုက်ရ၏။

သူသည် နှုတ်ခမ်းကိုကိုက်လိုက်၏။

တင်း၏ နှုတ်ခမ်းမှ မြေစိုင် မြေခဲတို့သည် တစ်စစီ ပဲ့၍ တွင်းထဲသို့ ကျသွား၏။

ထို ကြောင့်....

သူနှင့် လောက်စန်း၏ အကွာအဝေးသည် ပို၍ဝေးသွား သည်။

သူသည် နောက်သို့လှည့်ကြည့်လိုက်၏။

လမ်း၏ အဝေးတစ်နေရာမှ နှံရဲသည် ပေါက်ကွဲလွင့်စင်ပြီး များပန်းထုက်လာသည်ကိုတွေ့ရ၏။

ထိုနောက်

နှံရဲအချို့လည်း ရေများပန်းထုက်လာ၏။

ထိုစဉ်....

သူ ရပ်နေသော လမ်းသည် အလယ်တည့်တည့်မှ အက် ကြောင်းများ ဖြစ်ပေါ်လာပြီး ကွဲအက်လာလေတော့သည်။

သူသည် တင်း၏ တစ်ဘက်နှုတ်ခမ်းမှလောက်စန်းကိုလှမ်း ကြည့်လိုက်၏။

'လောက်စန်း မင်းနိုင်ပြီ'

ဟု ပြောကာ လက်ထဲမှ ရွှေရုပ်တုကို လောက်စန်းထံသို့ လှမ်း၍ ပစ်ပေးလိုက်၏။

လောက်စန်းက မိမိထံ ပစ်လွှင့်လာသော ရွှေရုပ်တုကို ဖမ်းယူလိုက်၏။

ထိုနောက်

သူသည် လောဘရမ္မက်ဖုံးလွှမ်းနေသော မျက်လုံးတစ်စုံ ရုပ်တုကို ကြည့်လိုက်ပြီး သဘောကျစွာ ရယ်မောနေ သည်။

'ဟား....ဟား....ဟား'

သူက စိတ်မရှည်သောလေသံဖြင့်

'ဟေ့....ကောက်စန်း၊ ကြိုးကိုပစ်လိုက်တော့ အချိန် မရှိ တော့'

ဟု ပြောလိုက်၏။
လောက်စန်းက ရိဖုန်းကို လှည့်လိုက်၏။
လောက်စန်း၏ မျက်နှာကပြုံးနေ၏။
သို့သော်....
သူ၏ အပြုံးက အလွန်ကောက်ကျစ်ဉာဏ်လဲသော အပြုံး ဖြစ်သည်။
သူ၏ မျက်လုံးထဲ၌လည်း အလွန်လျှို့ဝှက်သော အရိပ် အယောင်တစ်ခု ရှိနေ၏။
သူသည် ထို့ကြောင့် ရိဖုန်းကို လှည့်ကြည့်လိုက်ပြီး....
'ရိဖုန်း၊ ခင်ဗျားအတွက် ဒီကြိုးဟာ အသုံးမဝင်တော့ပါဘူး'
ဟု ပြောလိုက်၏။
ထို့နောက်.
သူသည် လက်ထဲမှကြိုးကို နှုံ့ရှံ့မှု ကျောက်ကြောင်းဘစ်ခဲ ကြားထဲသို့ ညှပ်ထားလိုက်လေ၏။
ပြီးမှ သူသည် ရိဖုန်းကို လက်ပြန်တ်ဆက်ကာ၊
'နှုတ်ဆက်ခဲ့ပါတယ်၊ ရိဖုန်း ကောင်းရာဘဝကို ရောက်ပါစေ'
ဟု ပြောလိုက်၏။
ထို့နောက်....
သူသည် သဘောကျစွာဖြင့် တဟားဟား ရယ်မောရင်း ထို့နောက်တွင် ထွက်ခွာသွားလေတော့သည် မဟုတ်ပါလား။

* * *

ရိဖုန်းသည် တရွေ့ရွေ့ထွက်သွားသော လောက်စန်း၏ ကျောက်ကျောကို ကြည့်ပြီး....
'လောက်စန်း၊ ခင်ဗျားအဟုတ်ကျပြီ၊ ပစ်တိမ်မကောင်းပါဘူး'
ဟု လှမ်းအော်၍ ပြောလိုက်၏။
လောက်စန်းက ဘာမျှပြန်မပြောပါ။
သူသည် ရိဖုန်းကိုလှည့်မကြည့်တဲ့ လက်ဝဲယမ်းပြကာ တားဟား ရယ်မောရင်း တအားဟား ထွက်ခွာသွားလေသည်။
ရိဖုန်းသည် သက်ပြင်းချလိုက်၏။
ကျောက်နံရံ လမ်း၏ အကွေ့ကွေ့ကြောင်းသည် ပို၍ကြီးမားပြီး လှုပ်မြွန်စွာ ရွေ့လျားလာ၏။
ဘိုအက်ကြောင်းသည် ရိဖုန်း၏ခြေထောက်အနီး ရောက်လာပြီး ဖြစ်၏။
မရဏဘုံကျောင်းသည် တစ်စတစ်စ ပို၍ပို၍ကျလာမြဲ ဖြစ်သည်။
အမိုးမှ ကျောက်တုံးကျောက်ခဲများ တစ်ခုပြီးတစ်ခုပြုကျလာ၏။
နှုံ့ရှံ့များကလည်း အချပ်လိုက်အလှာလိုက် ပြိုကျလာ၏။
ထိုသို့ပြိုကျမှုကြောင့် ဖုန်မှုန့်များ၊ သဲမှုန့်များက ပတ်ဝန်းကျင်ဥာဏ်ထောင်းထောင်း ထလာ၏။
နှုံ့ရှံ့မှ ပန်းချီဆွဲကလာသော ရေမျှားကလည်း အင်အားကြီးမားကာ အလိုအရင်းဖြင့် အရှိန်အဟုန်ပြင်းစွာ စီးဆင်းသာပြီ ဖြစ်၏။

ထို့နောက်....

သူသည် အရှိန်ဖြင့်ပြေးလွှားကာတွင်းကို ခုန်ကူးလိုက်လေ
တော့သည် မဟုတ်ပါလား။

* * *

ရိဖုန်း၏ခန္ဓာကိုယ်သည် လေထဲသို့မြောက်သွားသည်။
သူသည် အောက်သို့ ပြန်ကျလာသည်။
အောက်သို့ ပြန်ကျလာသောအခါ သူ၏ခြေထောက်မှာ
ဘစ်ဖက်တွင်း၏ နှုတ်ခမ်းပေါ်သို့ ရောက်ရှိမသွားပါ။
သူ၏ခန္ဓာကိုယ်သည် တွင်းထဲသို့ ကျသွားခြင်းဖြစ်သည်။
ထို့ကြောင့်....
သူ၏ရင်ထဲ၌ ထိတ်လန့်တုန်လှုပ်သွားပြီး သူ၏လက်ကို
ယောင်ယမ်း၍ လှုပ်ရှားလိုက်၏။
ထိုသို့ လှုပ်ရှားလိုက်ခြင်းက သူအတွက် ကံကောင်းစေခဲ့
သည်။
အဘယ်ကြောင့်ဆိုသော်....
သူ၏လက်တစ်ဖက်သည် တွင်း၏နှုတ်ခမ်းမှ တစ်စုံတရာကို
အမ်းဆွဲမိလိုက်သောကြောင့် ဖြစ်သည်။

ရိဖုန်းက သက်ပြင်းချလိုက်၏။

"ဤဘုံကျောင်းကို နှောင့်ယှက် ဖျက်ဆီးသူသည်
ဤလောက၌ တစ်ကြိမ်တစ်ခါမျှ ဖြစ်ပေါ်ကြံ
ခြင်း မရှိသော အလေဆိုးနှင့် သေစေ"

ဟူသော ကျိန်စာသည် အမှန်တကယ် ဖြစ်နေပြီလော
ရိဖုန်းက တွေးလိုက်မိ၏။

သူသည် နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်၏။

သူအတွက် ဤနေရာမှလွတ်မြောက်ရန် နည်းလမ်းတ
ရှိသည်။

ထိုနည်းလမ်းမှလွဲ၍ တခြားနည်းလမ်းမရှိချေ။

ထိုနည်းလမ်းမှာ....

သူ၏ရှေ့မှ အသူတရာမျှ နက်သောတွင်းအား ခုန်ကော
ရန်ပင် ဖြစ်သည်။

သူ၏အခြေအနေသည် ဆုပ်လည်းစူး၊ စားသည်းရူးမည
အခြေအနေ ဖြစ်နေ၏။

သူ၏နောက်၌ ပြိုကျပျက်စီးမှုများ ရှိနေ၏။

သူ၏ရှေ့၌ အသူတရာမျှနက်သော တွင်းကြီးရှိနေ၏။

တွင်း၏နှုတ်ခမ်းများက တဖြည်းဖြည်းပဲ ကျ၍ တွင်းသည်
တစ်စတစ်စ ပို၍ကျယ်လာပြီ ဖြစ်သည်။

ကြည့်နေရင်းမှာပင် တွင်း၏တစ်ဖက်မှ တွင်း၏ နှုတ်ခမ်း
သည် ရိဖုန်းနှင့်ဝေး၍ဝေး၍ သွားပြီဖြစ်၏။

သူသည် အသက်ကို ဝအောင်ရှူလိုက်ပြီး နောက်သို့ ခြေ
လှမ်း လေးလှမ်း ငါးလှမ်းမျှ ဆုတ်လိုက်၏။

ထို့ကြောင့်ဘုရားသည် တွင်းဏီနှတ်ခမ်းမှ ရှေ့သို့ထွေ
ရေးသော ကျောက်စွန်းတစ်ခု ဖြစ်သည်။

ထို့ကြောင့်....

သူသည် လက်တစ်ဖက်ဖြင့် ထို့ကျောက်စွန်းကို ကိုင်ထွေ
ဖွင့်းထဲ၌ တံ့လျောင်းဖြစ်နေသည်။

သူသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး တွင်း
နံရံကို ခြေဖြင့်ကုပ်ရင် ကျွန်လက်တစ်ဖက်ဖြင့် တွင်းဏီနံရံ
ကုပ်တွယ်စရာတစ်ခုကို ရှာဖွေရှာကုပ်တွယ်လိုက်သည်။

ထို့နောက်....

သူသည် အပေါ်သို့ မော့ကြည့်လိုက်သည်။

တွင်းနှတ်ခမ်းသည် သူနှင့်နှစ်ပေသာသာ အကွာအဝေး
ရှိနေသည်။

ထို့ကြောင့်....

သူသည် စိတ်သက်သာရာရသွားပြီ အပေါ်သို့ကုပ်တွယ်၍
တက်လိုက်၏။

ထိုစဉ်....

ခိုဘွယ်ထားသော ကျောက်စွန်းသည် မြေကြီးမှ ပဲ့ထွက်
သွားလေတော့သည်။

ထို့ကြောင့်....

ရိုဖုန်းနွေဘက်ယ်သည် တွင်းနံရံအတိုင်း အောက်သို့လျှော
တိုက်၍ ကျသွားလေတော့သည်။

သူရုတ်ထိတ်လန့်သွားပြီး သူ့လက်နှစ်ဖက်ကို ဝေ့ယမ်း
ကာ တွင်းနံရံပေါ်မှ တုပ်တွယ်စရာများကို ရှာဖွေနေသည်။

ထိုစဉ်....

ရုတ်တရက် သစ်မြစ်ကဲ့သို့သော အရာဝတ္ထုကို သူလက်
ဖက်ဖြင့် ဆုပ်ဖမ်းနိုင်ခဲ့သည်။

ထို့ကြောင့် သစ်မြစ်ကဲ့သို့သောအရာကို လက်နှစ်ဖက်ဖြင့်
ကိုင်ရင်း တွင်းထဲ၌ တံ့လျောင်းဖြစ်နေသည်။

၎င်းကသွားသော မြေစိုင်မြေခဲတို့သည် တွင်းထဲသို့ကျသွား
သည်။

သူသည် အောက်သို့ ငုံ့ကြည့်လိုက်သည်။

သူ့အောက်တက်၌ မည်းမှောင်နေသည်။

ထို့ကြောင့်....

သူ့အောက်တက်၌ တွင်းသည် မည်ရွေ့မည်မျှနက်ကြောင်း
သိရပါ။

သူသည် သက်ပြင်းချလိုက်ပြီး တွင်းနှတ်ခမ်းကို လှမ်း၍
ကြည့်လိုက်သည်။

တွင်းနှတ်ခမ်းသည် သူနှင့် ၈ ပေခြောက်ပေခန့် ဝေး၍
နေသည်။

ရိုဖုန်းသည် နှုတ်ခမ်းကိုတစ်ချက်လိုက်ပြီး
သစ်မြစ်ကဲ့သို့သောအရာကို လက်တစ်ဖက်ဖြင့်ခိုး၍ ကျန်
လက်တစ်ဖက်ဖြင့် ခါးမှခေါင်းကို ထုတ်ယူလိုက်သည်။

ထို့နောက်....

သူသည် ခေါင်းဖြင့် လက်တစ်ဖက်အကွာမှ တွင်း၏
ဘို လှမ်းစိုက်လိုက်၏။

ပြီးမှ....

သို့သော်....

သူသည် အမေ၁မဖြေနိုင်ပါ။

တွင်း၏နှုတ်ခမ်းပေါ် သို့ရောက်သည်နှင့် ကုန်းရှုန်းထလိုက်သည်။

ထိုအချိန်၌....

သူ၏ခြေထောက်အောက်မှ မြေကြီးသည် ၎ငယ်လျှပ်သကဲ့သို့ လှုပ်ခါသွား၏။

ထိုကြောင့်

သူ၏ခန္ဓာကိုယ်သည် ယိမ်းယိုင်သွားပြီး တွင်းထဲသို့ နောက်ပြန်လဲကျလုခမန်း ဖြစ်သွား၏

သူသည် သူ၏ ယိုင်သွားသောခန္ဓာကိုယ်ကို ကမန်းကတန်း ထိန်းလိုက်ပြီး ထိုနေရာမှ ပြေးထွက်သွား၏။

မကြာမီ

သူသည် အခန်းတစ်ခန်းထဲသို့ ရောက်ရှိလာသည်။

ထိုအခန်းထဲ၌ သံခွန်ထောင်ချောက်များ ရှိ၏။

လုထိုသည် ထိုအခန်းထဲ၌ သံခွန်ထောင်ချောက်မိကာ ငေးဆုံးခဲ့ရ၏

ယခု....

လုထို၏နဘေး၌ လောက်စန်းကိုတွေ့ရ၏။

ကြီးမားသော သံခွန်နှစ်ခုက လောက်စန်း၏ရင်ဝန့်ကို ပိုင်၌ စိုက်ဝင်နေ၏။

ရိဖုန်းသည် လောက်စန်း၏အလောင်းကို တစ်ချက်ကြည့်လိုက်ပြီး....

သူသည် ခေးမြောင်ကို အော်ယူ၍ သူ၏ခန္ဓာကိုယ်ကို အပေါ်သို့ဆွဲတင်လိုက်၏။

တစ်ခါန်တည်းမှာပင်....

သူ၏ခြေထောက်များက နံရံကိုကန်ချ တွယ်ကုတ်လိုက်သည်။

ထို့နောက်....

သူသည် သစ်မြစ်ကဲ့သို့သောအရာကို လှတ်၍ နောက်ထပ် ကုတ်စွဲထိုစရာတစ်ခုကို ရှာဖွေသည်။

လက်တစ်ဆုပ်စာမျှသာ ရှိသော ကျောက်စွန်းများသည် သူ့အတွက် မဟာကယ်တင်ရှင်မင် ဖြစ်၏။

ဤသို့ဖြင့်

သူသည် တွင်း၏နံရံကိုတုတ်ကပ်၍ တွယ်တက်လာခဲ့ရာ နောက်ဆုံး၌ တွင်း၏နှုတ်ခမ်းကို လက်လှမ်းမီလာလေတော့သည် မဟုတ်ပါလား။

* * *

တွင်းပေါ်သို့ရောက်သောအခါ ရိဖုန်းသည် အတော်ပင် မောပန်းနေပြီဖြစ်၏။

'မင်းအတွက် ဝမ်းနည်းပါတယ် လောက်စန်း'

ဟု ပြောလိုက်သည်။

ပြီးမှ....

သူသည် လောက်စန်း၏လက်ဆဲ၌ ဆုပ်ကိုင်ထားသော ချွေရုပ်တုကို လှမ်းယူလိုက်ပြီး သားရေအိတ်ထဲသို့ ထည့်လိုက်သည်။

ထို့နောက်....

သူသည် သံချဉ်မှားကြားမှ ကိုယ်ကိုကျုံ၍ ဖြတ်ကျော်လိုက်၏။

ရိဖုန်းသည် သံချဉ်မှားကြားမှ ဖြတ်ကျော်ပြီးနောက် ရှည်လျားသော ဥမင်လမ်းသို့ ရောက်ရှိလာ၏။

ထို့ဥမင်လမ်းပေါ်၌ မည်းမည်းသဏ္ဌာန် အရာဝတ္ထုများသည် ထူပ်ရှားနေ၏။

ထိုအရာများမှာ အနှစ်ရောင်ပင့်ကူကြီးများပင် ဖြစ်လေသည်။

မရေးတုံကျောင်းသည် ပြိုကျပျက်စီးနေပြီဖြစ်ရာ ပင့်ကူကြီးများလည်း ဆောက်တည်ရာမရဘဲ ဟိုမှသည်မှ ပြေးလွှားနေဟန်ရှိ၏။

ရိဖုန်းသည် နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်၏။

ထို့ကြောင့်....

ယူသည် သံချဉ်မှားစိုက်ဝင်နေသော လောက်စန်း၏ အလောင်းကို တစ်ချက်လှမ်းကြည့်လိုက်၏။

ပြီးမှ....

သူသည် သံချဉ်မှားကြားသို့တိုးဝင်ပြီး လောက်စန်း၏ ကိုယ်ပေါ်မှ အင်္ကျီကို ခေးဖြင့်လှီးဖြတ်ယူလိုက်၏။

ဝိမိအလိုရှိသလောက် ရရှိသောအခါ ရိဖုန်းသည် လောက်စန်း၏အလောင်းတို့ ပြုံးကြည့်လိုက်ပြီး....

'မင်းရဲ့အဝတ်အစားတွေက မင်းအတွက် အသုံးမဝင်တော့ဘူး'

ဟု ပြောလိုက်သည်။

ထို့နောက်....

သူသည် သံချဉ်မှားကြားမှ ပြန်လည်၍ထွက်လာခဲ့လေသည်။

ပြီးမှ....

သူသည် တလှုပ်လှုပ်ဘရွရွဖြစ်နေသော ပင့်ကူနက်ကြီး တစ်ချက်လှမ်းကြည့်လိုက်၏။

ထို့နောက်....

သားရေအိတ်ထဲမှ မီးခြစ်ကိုထုတ်ယူ၍ မီးခြစ်လိုက်ပြီး....

လောက်စန်း၏အင်္ကျီကို မီးရှို့လိုက်၏။

လောက်စန်း၏ အင်္ကျီစများသည် မီးတောက်လောင်လာသည်။

ရိဖုန်းသည် မီးတောက်လောင်နေသော အင်္ကျီစများကို ပင့်ကူနက်ကြီးများအလယ်သို့ ပစ်ချလိုက်သည်။

ထို့ကြောင့်....

ပင့်ကူနက်ကြီးများသည် မီးလောင်နေသော အင်္ကျီစများ ဝဲယောင်နေရာသို့ ပြေးသွားကြ၏။

အမိုးမှ ကျောက်ဆိုင်ကျောက်ခဲများကလည်းတဝုန်းဝုန်း
ကြွေးခြိုးဖြင့် ရိဖုန်း၏ခန္ဓာကိုယ်တစ်ခုမှ ပွတ်ကာသီကာ ပြို
နေသည်။
သူသည် ရှေ့ဦးမြင်ကွင်းပြိုဖြစ်သော ဘံခါးပေါက်သို့
သွန်ခွန်စိုက် ပြေးလွှားနေသည်။
နောက်ဆုံးဦး....
သူသည် သူ၏ကိုယ်ကို ရှေ့သို့ပစ်၍ ဒိုက်တိုးလိုက်လေ
သည်။
သို့ကြောင့်....
သူ၏ကိုယ်သည် မြေပြင်အဘိုင်း လျောတိုက်၍ရှေ့လွှား
ကြီး အပေါက်ဝမှ အပြင်သို့ရောက်ရှိသွားလေ၏။
ထိုအချိန်မှာပင်
ပြင်းထန်စွာ ပြိုကျသံပေါ်ထွက်ပေါ်လာပြီး မကာရ ဘုံကျောင်း
ပေါက်ဝသည် ကျောက်ဆောင်အကျောက်တုံးများဖြင့် ပုံး
လိုက် ပိတ်ဆို့သွားလေတော့သည် မဟုတ်ပါလား။

* * *

ထိုအချိန်၌
ရိဖုန်းသည် မီးလောင်နေသော အင်္ကျီများပေါ်မှဖြတ်နင်း
ကာ ပြေးလွှားသွားလေတော့သည် မဟုတ်ပါလား။

* * *

ရိဖုန်းသည် ပင့်ကူနက်ကြီးများတို့ ကျော်ဖြတ်နိုင်ခဲ့ပြီ ဖြစ်
သည်။
မကြာမီ
သူသည် မရကာတုံ ကျောင်း၏ထွက်ပေါက်ကို ရောက်ရှိ
တော့မည်ဖြစ်၏။
ထိုအချိန်၌....
ဘုံကျောင်း၏ ပြိုကျပျက်ဆီးခြင်းသည် အရှိန်အဟုန်
ပို၍လျင်မြန်စွာ ထွက်ပေါ်လာ၏။
ရိဖုန်း၏ခြေထောက်အောက်မှ မြေပြင်သည် သွက်သွက်
ခါအောင် လှုပ်ယမ်းလာ၏။
နံရံများကလည်း လျင်မြန်စွာအက်ကွဲပြီး အချပ်လိုက်
အလွှာလိုက် ပြိုကျလာသည်။

ရိဖုန်းသည် မြေပေါ်၌ ပက်လက်လန်၍ လဲနေ၏။

သူ၏ရင်ဘတ်သည် ဖားဖိုတစ်ခုကဲ့သို့ ပိန်လိုက် ဖောင်းလို

ဖြစ်နေသည်။

သူသည် ပင့်ကူနက်ကြီးများ၊ သံချွန်ကြီးများ၊ တွင်းနှ

ကြီး၊ အဆိပ်လူးမြားများ၊ ကျောက်တုံး ကျောက်ခဲများ

အန္ဆရာယ်မှ လွတ်ကင်းခဲ့ပြီ ဖြစ်၏။

သူသည် စိတ်မော လူမောဖြင့် နေရာမှ စိတ်သက်သာသွ

တန်ဖြင့် မြေပေါ်၌ ပက်လက်လှဲ၍ အမောဖြေနေခြင်း

သည်။

သူ၏ လက်က သားရေအိတ်ကို ဖက်ထားသည်။

သားရေအိတ်ထဲမှ ရွှေချပ်တုက သူ၏ လက်နှင့် ထိတွေ့

သည်။

မရဏဘုံကျောင်းသည် ပျက်စီး ပျောက်ကွယ်သွားပြီ

သည်

ရွှေချပ်တုသည် မရဏ ဘုံကျောင်းထဲ၌ ရှိမနေသင့်တော

ပါချေ။

ရွှေချပ်တုသည် ရိဖုန်း၏ သားရေအိပ်ထဲ၌သာ ရှိသင့်သည

မဟုတ်ပါလား။

ရိဖုန်းသည် ပြုံးလိုက်၏။

သူသည် လဲလျောင်းနေရာမှ ထလိုက်ပြီး စိတ်လက်မေါ့

စွာ သစ်တောထဲသို့ ဝင်ရောက်သွားလေတော့သည်မဟုတ်

လား။

* * *

နေရာသည် ကူးတို့ဆိပ် ဖြစ်၏။

းတို့ဆိပ်၌ သစ်သားဖြင့် ပြုလုပ်ထားသော ဆိပ်ခံတံတား

ဆိပ်ခံတံတား၏ အနီး၌ ဘုံဆိုင်တစ်ဆိုင် ရှိသည်။

ုံဆိုင်၏ အဝင်ဝ၌ နတ်မိမယ်ဟု အမည် ရေးထားသော

ုတ်ရှိသည်။

ုံသော်...

ုံဆိုင်၏ ဆိုင်တံခါးဝ၌ ထောင်ထားသော 'ဒီမှာအရက်

ူသော ဆိုင်းကုတ်က နတ်မိမယ်ဟု ရေးထားသည့်ဆိုင်း

သက် လေးဆ ငါးဆခန့် ကြီး၏။

သစာ စားသော အချိန်ဖြစ်၍ ဘုံဆိုင်ထဲ၌ လူပြည့်နေ

အနီး တစ်ဝိုက်၌ နေထိုင်ကြသော လူမျှးသည် တံငါ

များ၊ အလုပ်ကြမ်းသမားများ ဖြစ်၏။

ကြောင့်....

ုံဆိုင်ထဲမှ လူအားလုံးနီးပါးသည် ခန္ဓာကိုယ် ထွားကြိုင်း

လူကြမ်းကြီးများ ဖြစ်၏။

ုဘိုင်းသည် ဖျင်ကြမ်းအင်္ကျီကို ပိုသီပတ်သီ ဝတ်ဆင်ထား

ုံပင်များက ရှည်လျားပြီး သပ်ယပ်စွာ ဖီးသင်ထားခြင်း

သကြောင့် ဆံပင်တို့ ရှုပ်ပွနေ၏။

ူတို့၏ မျက်နှာပေါ်၌လည်း မုတ်ဆိတ်ကျင်စွယ်များဖြင့်

ုမ်းနေသည်။

သို့သော်....

ဘုံဆိုင်၏ ထောင့်စား၌ တစ်လုံး၌ အဖိုးတန် အဝတ်အ
များကို သပ်ယပ်စွာ ဝတ်ဆင်ထား၍ နက်မှောင်သော ဆံ
ကိုလည်း သပ်ယပ်စွာ ဖီးသင်ထားသည့် လူတစ်ဦး ထိုင်
သည်၊

ထိုလူ၏ အသက်မှာ သုံးဆယ့် ငါးနှစ်ကျော် လေးဆယ်
ပါးခန့် မှန်းရသည်။

သူ၏ စားပွဲပေါ်၌ အကောင်းစား အရက်အိုး တစ်
သည်၊

ဤဆိုင်၏ ကောင်းပေ့ ညံ့နှံ့ပေ့ ဆိုသော ဟင်းလျာ
လည်း ရှိနေသည်။

သို့သော်

သူသည် အရက်ကို တစ်စက်မျှ မသောက်သေးပါ။

ဟင်းလျာများကိုလည်း တစ်ဖတ်မျှ စားသောက်ခြင်း
သေးပါ။

သူသည် တစ်စုံတစ်ဦးယောက်ကို စောင့်မျှော်ဟန်ဖြင့် ပြ
ပေါက်သို့ မကြာခဏ လှမ်းကြည့်မိ၏၊

ထိုပြတင်းပေါက်သည် ကူးတို့ဆိပ်ကို ကောင်းစွာ
သည်။

ဆိုင်ရှင်သည် အရပ်ပုရှိ ဂင်တိုတို ခန္ဓာကိုယ်ရှိသူ ဖြစ်
သည်။

သူ၏ ထိပ်သည်ဆံပင်မွေး မရှိဘဲ ပြောင်နေပြီးနောက်
သာ ဆံပင်ခပ်ပါးပါး ရှိ၏။

သူသည် စာအုပ်လှန်လိုက်၊ မေးခေါက်လိုက် လုပ်နေ
....

ကူးဆန်းသော လူကို မကြာခဏ ကြည့်မိသည်။

ထိုလူသည် ယခုမှမနက်ကတည်းက ဆောက်ရှိနေခြင်းဖြစ်လေ

သူသည် ရောက်လာကတည်းက ဆိုစားပွဲ၌ ထိုင်နေခဲ့ခြင်း

ပြီစဉ်

းတို့တစ်စီးသည် ဆိပ်ခံတံတားကို ကပ်လာ၏။

ထိုလူသည် ယင်းကူးတို့ကို လှမ်းကြည့်ပြီးနောက် လှုပ်လှုပ်
ား ဖြစ်သွားလေတော့သည် မဟုတ်ပါလား။

* * *

သစ်ဖက်ကမ်းမှ နောက်ဆုံး ထွက်လာသော ကူးတို့သည်
ခံတံတားသို့ ညကိုးနာရီ အချိန်၌ ဆိုက်ကပ်လာလေတော့

ဆိပ်ခံတံတားသို့ ကူးတို့ဖောင် ဆိုက်ကပ်ပြီးနောက် ခရီး
သည်များသည် ဆိပ်ခံတံတားပေါ်သို့ တက်လာကြ၏။

နောက်ဆုံးအခေါက် ဖြစ်၍ ကူးတို့ဖောင်ပေါ်၌ ခရီးသွ
အတော်များများ ပါလာ၏။

ထိုခရီးသည်များထဲ၌ အဝတ်အစားများသာ မကလူ
ကိုယ်လုံးပါ မြေမှုန်များ၊ ရုံ့များဖြင့် ပေကျံနေသော
တစ်ဦး ပါလာ၏။

ထိုလူသည် ရိဖုန်းဖြစ်သည် မဟုတ်ပါလား။

ရိဖုန်းသည် ဆိပ်ခံ တံတားပေါ်သို့ ရောက်သောအခါ
ခြေလှမ်းများကို ရပ်တန့်လိုက်ပြီး တစ်ဖက်ကမ်းသို့ လှမ်းကြ
လိုက်၏။

ပြီးမှ....

သူသည် သက်ပြင်းတစ်ချက် ချ၍ ဆိပ်ခံ တံတားအတိ
တစ်လှမ်းချင်း လျှောက်လာ၏။

ထိုနောက်

သူသည် နှတ်မိမိမယ် ဘုံဆိုင်ရှေ့၌ ခြေလှမ်းကိုရပ်တန့်လို
ပြီး....

'ဒီမှာ အရက်ရပြီ' ဟူသော ဆိုင်းဘုတ်ကို ကြည့်လိုက်
သည်။

ထိုဆိုင်းဘုတ်ကို မြင်သောအခါ ရိဖုန်း၏ အာခေါင်သည်
ခြောက်ကပ်လာ၏။

ထို့ကြောင့်....

သူသည် တံတွေးတစ်ချက် မျိုချလိုက်ပြီး ဘုံဆိုင်ထဲသို့လှ
ဝင်လိုက်လေတော့သည်။

* * *

ဘုံဆိုင်ထဲ၌ လူများ ပြည့်နေသည်။

ထို့ကြောင့်....

ပန်းကန်သံ၊ ခွက်သံများ ဆူညံနေသည်။

အခန်း၏ ထောင့်တစ်နေရာမှ စည်းဝါးမကျသော သီချင်း
ပေါ်ထွက်နေသည်။

မည်သို့မျှ နားထောင်၍ မကောင်းအောင် လျှာလေးအာ
းဖြင့် သီဆိုနေခြင်း ဖြစ်သည်။

အခန်း၏ အလယ်မှ စားပွဲဝိုင်းသည် တစ်ယောက်တစ်ခွန်း
ုံးခုန်၍ ပြောဆိုနေသော အသံများက သီချင်းသံ နည်းတူ
ယ်လောင်နေသည်။

သူတို့၏ စကားများထဲ၌ မကြာခဏ ဆဲရေးတိုင်းထွာသော
ားလုံးတို့ ပါဝင်နေသည်။

ရိဖုန်းသည် လှုတ်နေသော စားပွဲ၌ ဝင်ထိုင်လိုက်ပြီး စားပွဲ
ကို အရက်နှင့် စားသောက်ဖွယ်ရာများ လှမ်း၍ မှာကြား
က်၏။

မကြာမီ....

စားပွဲထိုးက ရိဖုန်းအတွက် အရက်နှင့် စားသောက်ဖွယ်ရာ
းကို လာရောက် ချပေး၏။

ထို့အချိန်၌....

ထူးဆန်းသောလူသည် စားပွဲပေါ်သို့ ငွေတစ်ချို့ ပစ်တင်
က်ပြီး ထိုင်နေရာမှထကာ ဘုံဆိုင်ထဲမှထွက်သွားလေတော့
သည် မဟုတ်ပါလား။

* * *

ပန္နက်ရိုက်၍ တည်ဝတ်ခဲ့ခြင်းဖြစ်၍ ဤမြို့ကလေးသည် ခနချင့်စဖွယ် ဖြစ်နေ၏။

မြို့ကိုဖြတ်၍ လမ်းကျယ်တစ်ခု ဖောက်ထားသည်။

ထို့အပြင်....

မြို့ကိုပတ်၍ဖောက်ထားသော မြို့ပတ်လမ်းနှင့် မြို့ကိုဖြတ်၍ လမ်းမကျယ်တို့ကို ဆက်သွယ်ရန် လမ်းသွယ်များကိုလည်း ဖောက်ထားသည်။

အိမ်များကို စနစ်တကျအကွက်ချ၍ ဖောက်ထား၏။

အိမ်များကလည်း တစ်အိမ်နှင့်တစ်အိမ်မှာ အိမ်ပုံစံခြင်း ခပ်ဆင်ဆင်ဖြစ်၏။

ရိုမှန်းသည် လူပြတ်နေသော လမ်းမကြီးကို တစ်ချက် ကြည့်လိုက်၏။

ဗြီးမှ...

သူသည် မြစ်ပြင်ကိုဖြတ်၍ တိုက်ခတ်လာသော လေကို အားရပါးရ ရှူလိုက်၏။

ထို့နောက်....

လမ်းမကြီးအတိုင်း လျှောက်သွားလေတော့သည်။

* * *

အရက်ကို တစ်ဝကြီးသောက်လိုက်ရသောကြောင့် ရိုမှန်းသည် ရေတပ်ပြေသွားပြီ ဖြစ်၏။

စားသောက်ဖွယ်ရာများကိုလည်း တစ်ဝကြီး စားသောက်လိုက်ရသောကြောင့် အားအင်များ ပြည့်ဖြိုးလာသကဲ့သို့ ထင်မှတ်ရ၏။

သူသည် ၊လေခဲ့တစ်ချက် တက်လိုက်ပြီးနောက် စားပွဲထိုးကို လှမ်းခေါ်၍ ကျသင့်ငွေ ရှင်းပေးလိုက်၏။

ထို့နောက်....

သူသည် ဘုံဆိုင်ထဲမှ ထွက်လာခဲ့၏။

ယခုအချိန်သည် ညဉ့်နက်နေပြီဟု မပြောနိုင်သေးပါ။

ယခုအချိန်သည် မြို့ကြီးပြကြီးများ၌ လူစည်ကားနေချိန် ဖြစ်၏။

သို့သော်....

ဤကလေးတို့ဆိပ်ကမ်း မြို့ကလေးသည် မြို့သိမ်မြို့မှာ တစ်ခု ဖြစ်သည်။

လူဦးရေ တစ်ထောင်မပြည့်သော မြို့ကလေးဖြစ်၍ ယခုအချိန်၌ ညဉ့်နက်နေသကဲ့သို့ လမ်းမပေါ်၌ လူသူကင်းရှင်း နေသည်။

မြို့သည် အလွန်ကျယ်ဝန်းသော မြို့မဟုတ်ပါ။

မြို့၏ အရှေ့အနောက်ကို နေ့တစ်ဝက်ခန့် လမ်းလျှောက် ရုံဖြင့် ရောက်နိုင်၏။

ထိုမြို့ကလေးကို တည်ထောင်ခဲ့သောလူသည် ဤမျှ သေးငယ်သော မြို့ကိုပင် မြို့အင်္ဂါရုပ်များဖြင့် ညီညွတ်အောင် မြို့ကို

လေညင်းသာ တည်းခိုခန်း....
ဤတည်းခိုရိပ်သာသည် ဤမြို့၏တစ်ခုတည်းသော တည်းခိုရိပ်သာ ဖြစ်သည်။
တည်းခိုရိပ်သာမှာ အမှတ်သုံးနှင့် အမှတ်လေးလမ်းကြား၊ လမ်းမကျယ်ပေါ်၌ တည်ရှိ၏၊
နှစ်ထပ်အဆောက်အဦးဖြစ်ပြီး ခရီးသည်များ တည်းခိုရန် အခန်းပေါင်း နှစ်ဆယ်ကျော် ရှိ၏။
ရိုးရှင်းသည် မရဏဘုံ ကျောင်းသို့ အလာခရီး၌ တည်းခိုခန်း၌ တည်းခိုခဲ့ရ၏၊
ယခု အပြန်ခရီး၌ ဤတည်းခန်း တည်းခိုရမည် ဖြစ်၏၊
ထို့ကြောင့်....
သူသည် တည်းခိုခန်းသို့ လျှောက်လာခဲ့ခြင်းဖြစ်သည်၊
ထိုစဉ်....
လူသုံးယောက်သည် လမ်းမပေါ်သို့ ရောက်လာသည်၊
ပထလူသည် ဝဲဘက်လမ်းသွယ်ထဲမှ ထွက်လာခြင်းဖြစ်၏။
ဒုတိယယလူသည် ယာဘက်လမ်းသွက်ထဲမှ ထွက်လာခြင်း ဖြစ်၏။
တတိယလူမှာ့ လမ်းဘေး သစ်ပင်အကွယ်မှ ထွက်လာခြင်း ဖြစ်၏၊
ထိုလူသုံးယောက်သည် လမ်းမပေါ်သို့ ရောက်ရှိလာပုံမှာ တူညီခြင်း မရှိသော်လည်း....
ထိုလူသုံးယောက်၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံသည် ဤမြို့မှအိမ်များကဲ့သို့ ခပ်ဆင်ဆင်ဖြစ်၏။

သုံးယောက်လုံး ထုံးကျိုင်းသောခန္ဓာကိုယ် ရှိသည်၊
ထိုထုံးကျိုင်းသော တိုယ်ပေါ်၌ အဓမ္မအမျှင်များ ထူထပ်နေ၏။
ညဉ့်၏လေက တိုက်ခတ်နေ၏။
မြစ်ပြင်ကိုဖြတ်သန်း၍ တိုက်ခတ်လာခြင်းကြောင့် လေမှာ အေးစိမ့်နေ၏။
သို့သော်....
ထိုလူသုံးယောက်သည် သူတို့၏အင်္ကျီရင်ဘတ်ကိုကြယ်သီးမတပ်ဘဲထား၏။
သူတို့၏အင်္ကျီများသည် ကြယ်သီးတပ်၍ မရနိုင်အောင်ပင် သေးနေ၍ မဟုတ်ပါ။
သူတို့၏ ရင်အုပ်ကြက်သားများနှင့် ထူထပ်သော ရင်ဘတ်မွေးများကို မြင်သာအောင် တမင် အင်္ကျီရင်ဘတ် ကြယ်သီးကို မတပ်ခြင်းဖြစ်၏။
ဤသည်မှာ....
သူတို့၏ လူကိုခြိမ်းခြောက်သည့် နည်းတစ်နည်းပင်ဖြစ်လေသည်၊
သူတို့သည် ရိုးရှင်း၏ ရှေ့မှလမ်းပိတ်၍ချုပ်လိုက်၏၊
ထို့ကြောင့်....
သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....
သူတို့ သုံးယောက်ကို တစ်ချက် ကြည့်လိုက်၏၊
သူတို့ သုံးယောက်ထံမှ အရက်နံ့ ရ၏၊
ထို့ကြောင့်....

ရိဖုန်းသည် သူတို့ သုံးယောက်ကို ပြုံးပြလိုက်ပြီး....

ကွေ့ ရှောင်ထွက်သွား၏။

ထိုစဉ်....

စံဘက်မှန္နာခေါင်းအနည်းငယ်ကောက်သော လူက ရိဖုန်း၏ ရှေ့မှဖြတ်၍ ပိဘိရုပ်လိုက်ပြီး သူ၏ခါးမှခါးမြှောင်ကိုဟုပ်လိုက်သည်။

သူ၏ ခံးမြှောင်က သူ၏နှာခေါင်းကဲ့သို့ ကောက်နေလေသည်။

လရောင်ကြောင့် ခါးကောက်သည် သတ္တုရောင် တစ်ချက်ဝင်းခနဲဖြစ်သွား၏။

ရိဖုန်းက လေပူဘစ်ချက်မှုတ်ထုတ်လိုက်ပြီး....

'ကိစ္စရှိလား'

ဟု မေးလိုက်၏။

နှာခေါင်းအနည်းငယ်ကောက်သော သူက ရယ်မောလိုက်ပြီး....

'ဘာကိစ္စဆိုတာ ပြောဖို့လိုမယ် မဆင်ဘူး'

ဟု ပြောလိုက်၏။

ကျန်လူနှစ်ယောက်သည် ရိဖုန်း၏ ခံယာမှ ချဉ်းကပ်လာသည်။

ရိဖုန်းက ပြုံးလိုက်ပြီး ရင်ဘတ်ကြားထဲသို့ လက်နှိုက်လိုက်သည်။

နှာခေါင်းအနည်းငယ်ကောက်သော လူ၏ လက်ထဲမှခါးကောက်က ရိဖုန်း၏ မျက်နှာအနီးသို့ဝရုတ်လာ၏။

ရိဖုန်းက ထိုလူကို ကြည့်လိုက်ပြီး ရင်ဘတ်ကြားထဲမှလက်ကိုဖြည်းညှင်းစွာ ထုတ်လိုက်၏။

သူ၏လက်ထဲ၌ ငွေစက္ကူအချို့ပါလာ၏။

သူသည် ငွေစက္ကူများကို ထောင်ပြလိုက်ပြီး....

'ကျုပ်မှာ ဒါပဲပါတယ်'

ဟု ပြောလိုက်၏။

နှာခေါင်းကောက်သောလူက မျက်နှာကိုရှုံ့မဲ့ပြီး

'ကျုပ်တို့က ဒီငွေကို ဘာလုပ်ရမှာလဲ'

ဟု ပြောလိုက်၏။

ရိဖုန်းက....

'ဒါဖြင့် ခင်ဗျားက ဘာကိုလိုချင်တာလဲ'

ဟု မေးလိုက်၏။

နှာခေါင်းကောက်သောသူက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး

'မင်းရဲ့ သားရေအိတ်ထဲက ပစ္စည်းကိုပြောတာ'

ရိဖုန်းက ပြုံး၍

'ကျုပ် သားရေအိတ်ထဲမှာ တိုလီမိုလီတွေပဲရှိတယ်'

ဟု ပြောလိုက်၏။

ထိုလူက ရွတ်တရက်ရယ်မောပြီး

'ငါတို့ကို မင်းရဲ့ သားရေအိတ်ပေးစမ်း'

ဟု ပြောလိုက်၏။

သူက သက်ပြင်းချလိုက်ပြီး လက်ထဲမှ ငွေစက္ကူကိုထောင်ပြကာ....

'ကျုပ်ရဲ့ သား‌ရေအိတ်က ဒီလောက်တန်ပါ့မလား'
ဟု ပြောလိုက်၏။
နှာခေါင်းကောက်သောလူက စိတ်မရှည်ဟန်ဖြင့်....
'ဒီမှာ ရိဖုန်း ငါတို့လိုချင်တာ မင်းရဲ့ သား‌ရေအိတ်ထဲက ရွှေရွပ်တုံကို ပြောတာ'
ဟု ပြောလိုက်သည်။
ထိုလူ၏ စကား‌ကြောင့် သူသည် ထိုလူကို တအံ့တသြဖြင့် ကြည့်လိုက်၏။
ပြီးမှ....
'ခင်ဗျား ကျုပ်ကို သိလား'
ဟု မေးလိုက်၏။
နှာခေါင်းကောက်သောလူက လက်ထဲမှ ခံ‌းကောက်ထို ရိဖုန်းမျက်စိရှုပ်အောင်လှုပ်ယမ်း‌ရင်း....
'မင်း ဘယ်သူလဲဆိုတာသိတယ်၊ ဘာလာလုပ်တယ်ဆိုတာလဲ သိတယ်၊ ဘာပါလာတယ်ဆိုတာလဲသိတယ်'
ဟု ပြောလိုက်၏။
သူက သက်ပြင်း‌ချလိုက်ပြီး
'ခင်ဗျားက ဘယ်သူလဲ'
ဟု ပြန်မေး‌လိုက်၏။
နှာခေါင်းကောက်သောလူက မျက်နှာကို ရှုံ့မဲ့လိုက်ပြီး....
'ဒါ....မင်းမေးစရာ မလိုဘူး'
ဟု ပြောလိုက်၏။
ရိဖုန်းက ပြုံး‌ကာ....

'ခင်ဗျား‌က ကျုပ်ကိုသိပြီး၊ ကျုပ်တခင်ဗျား‌ကိုမသိတော့ အား‌နာစရာကောင်းတာပေါ့'
ဟု ပြောလိုက်သည်။
နှာခေါင်းကောက်သောလူက....
'မင်းလုပ်ရမှာက မင်းလက်ထဲက ရွှေရွပ်တုံကို ဒီအတိုင်း ပေးမှာလား၊ ငါဆိုက မင်းကိုသတ်ပြီး ယူရမှာလား'
ရိဖုန်းက ရုတ်တရက်ရယ်လိုက်ပြီး
'အင်း....ဘယ်သူကမျှား ခင်ဗျား‌တို့ကို သတင်းအမှား‌ပေး လိုက်သလဲမသိဘူး'
ဟု ပြောလိုက်သည်။
ရိဖုန်း၏စကား‌ကြောင့် နှာခေါင်းကောက်သောလူသည် ရိဖုန်း၏ဝဘက်မှ ချဉ်းကပ်လာသောလူကို လှမ်း‌ကြည့်ကာ....
'ခွေးပု၊ သူ့အကြောင်း‌ကို ပြောပြလိုက်စမ်း'
ဟု ပြောလိုက်၏။
ရိဖုန်း၏ဘတ်ဘက်မှ ခွေးပုဆိုသောလူက ရိဖုန်း‌အား တစ်ချက်ကြည့်ပြီး....
'ခင်ဗျား‌က ရိဖုန်း၊ မရဏဘုံ ကျောင်း‌ကို ရှာဖို့ရောက်လာတာ၊ အခု အဲ့ဒီကပြန်လာတယ်၊ မရဏဘုံ ကျောင်း‌ရဲ့ ရွှေရွပ်ဘုရားလာတယ်'
သူ သက်ပြင်း‌တစ်ချက်ချပြီး....
'ကျုပ်နာမည် ရိဖုန်းဆိုတာမှန်တယ်၊ မရဏဘုံ ကျောင်း‌ကို သွား‌ရှာတာလဲမှန်တယ်၊ မှား‌တာက ကျုပ်လွှက်ထဲမှာ ရွှေရွပ်တုမရှိတာပဲ'

သူ၏စကားကြောင့် နှာခေါင်းကောက်သော လူသည် ရိဖုန်းကို မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး....

နှာခေါင်းကောက်သောလူသည် ရိဖုန်း၏ယာဘက်မှလူတို့ ခေါင်းညိတ်ပြကာ....

'နွားကြီး၊ သူ့ကိုစကားမှန်အောင် ပြောခိုင်း'

ဟု ပြောလိုက်၏။

သူ၏ယာတက်မှ နွားကြီးဆိုသောလူက ဦးခေါင်းညိတ်ပြလိုက်ပြီး သူ့ကိုစူးစိုက်ကြည့်လိုက်၏။

ထို့နောက်....

ထို့လူသည် ရှေ့သွားကျိုးနေသော သူ၏ဆေးခြေးတက် နေသော သွားများကိုဖြီးပြကာ....

'ရိဖုန်း၊ ကျုပ်က လူတစ်ယောက်ကို မှန်မှန်ကန်ကန် ပြောလာအောင် လုပ်တဲ့နည်းပေါင်း တစ်ရာကျော်တတ်သူး တယ်'

ဟု ပြောလိုက်သည်။

သူက ပြုံးလိုက်ပြီး....

'အဲ့ဒီနည်းကိုအသုံးပြုကာ ဘယ်နှစ်ယောက် အောင်မြင်လဲ'

ဟု မေးလိုက်၏။

နွားကြီးဆိုသောလူက ပြုံးပြီး....

'အကုန်လုံးပဲဆိုပါတော့ တစ်ရာမှာ ကိုးဆယ့်ကိုးဦးက အမှန်အတိုင်းပြောကြတယ်'

သူက....

'ဒါဆို တစ်ယောက်က အမှန်အတိုင်းမဖြေဘူးပေါ့'

နွားကြီးက....

'ဟုတ်တယ် ဘာဖြစ်လို့လဲဆိုတော့ သူက သေသွားလို့'

သူက ပြုံးကာ

'အင်း....မဆိုးပါဘူး၊ ကျုပ်ကလဲ ဘယ်တုန်းကမှ လိမ်ခဲ့တာမဟုတ်ဘူး'

ဟု ပြောလိုက်သည်။

နွားကြီးက....

'ဒါဖြင့် ဘာဖြစ်လို့ လိမ်ပြောတာလဲ'

သူက....

'ကျုပ်က လိမ်ပြောခဲ့လို့လား'

နွားကြီးက....

'မင်း....ရွှေရုပ်ထုကို ရခဲ့ဘယ်မဟုတ်လား'

သူက ခေါင်းညိတ်ပြီး....

'ဟုတ်တယ်၊ ရခဲ့တယ်'

နွားကြီးက မျက်မှောင်ကြုတ်ကာ....

'ဒါဖြင့် ဘာဖြစ်လို့ လိမ်ပြောရတာလဲ'

သူက ပြုံးလိုက်ပြီး

'ကျုပ်က ဘာကိုလိမ်ပြောလို့လဲ'

နွားကြီးက....

'မင်းရဲ့လက်ထဲမှာ ရွှေရုပ်ထုမရှိဘူးဆို'

ဟု ပြောလိုက်သည်။

သူက ပြုံးလိုက်ပြီး....

'ဟုတ်တယ်၊ ကျုပ်....ကံခရီ လိုပြောခဲ့တယ်'
နှားကြီးက မျက်မှောင်ကြုတ်ရင်း
'ဒါ....လိမ်ပြောတာပဲ'
ဟု ပြောလိုက်သည်။
သူက ရုတ်တရက်ရယ်လိုက်၏။
'အမှန်အတိုင်းပြောတာကို မယုံရင်တော့ မတတ်နိုင်ဘူး တကယ်လို့ ခင်ဗျားတို့က သိပ်ပြီး နားထောင်ချင်တယ်ဆိုရင် တော့ ကျုပ်က ကျုပ်ရဲ့လက်ထဲမှာရှိပါတယ်လို့ လိမ်ပြော ပေးမယ်'
ဟု ပြောလိုက်သည်။
သူ၏စကားကြောင့် နှားကြီးသည် နှာခေါင်းကောင် သောလူကို လှမ်းကြည့်လိုက်၏။
နှာခေါင်းကောက်သောလူက မျက်မှောင်ကြုတ်၍ သူ့ကို ကြည့်နေ၏။
သူကလည်း ထိုလူကို ပြန်လည်၍ကြည့်နေ၏၊
အတန်ကြာမှ
နှာခေါင်းကောက်သောလူက နှားကြီးကို ဦးခေါင် ညိတ်ပြပြီး....
'နှားကြီး၊ သူ့ရဲ့သားရေအိတ်ဆို ယူလိုက်'
ဟု ပြောလိုက်သည်။
နှာခေါင်းကောက်သောလူ၏စကားကြောင့် နှားကြီးမှာ ရိဖုန်း၏ပခုံးမှ သားရေအိတ်ကိုယူ၍ ရှေ့တိုးလာ၏။
ရိဖုန်းက နှားကြီးကို လှည့်ကာပြပြီး....

'ခန....နေ....ကျုပ်ပေးမယ်'
ဟု ပြောရင် ပခုံးစလွယ် သိုင်းထားသော သားရေအိတ်ကို သိုလိုက်ပြီး တစ်ဆက်တည်း သားရေအိတ်ဖြင့် နှားကြီး၏ ပခုံးသို့ ပင့်ကာ ရိုက်ချလိုက်လေ တော့သည် မဟုတ်ပါ
း။

* * *

'ခွပ်'
ဟူသော အသံနှင့်အတူ နှားကြီး၏ မေးရိုးကျိုးသံသဲ့သဲ့ ထွက်လာပြီး နှားကြီး၏ထွားကျိုင်းသော ခန္ဓာကိုယ်သည် ပါသို့ မြောက်တက်၍ လမ်းမပေါ်သို့ ခွေးကျဝက်ကျကျ းလေ၏။
တစ်ဆက်တည်းမှာပင်....
ရိဖုန်းသည် သူ၏ ခန္ဓာကိုယ်ကို ချာခနဲ တစ်ပတ်လှည့်လိုက် နှာခေါင်းကောက်သော လူကို ခြေဖြင့် ပတ်၍ ကန်လိုက် သည်။
အဖြစ်အပျက်သည် လျင်မြန်စွာ ဖြစ်သွား၏။
ထို့ကြောင့်....

နှာခေါင်းကောက်သော လူသည် ငေးရှု ကြည့်နေမိ
သည်။
ထိုအချိန်မှာပင်....
ရိဖုန်း၏ ခြေထောက်က နှာခေါင်းကောက်နှင့်လူ၏ မူ
နှာပေါ်သို့ ကျရောက်လာသည်။
'ဖြောင်း'
ဟူသော အသံနှင့်အတူ ထိုလူသည် လမ်းပေါ်သို့ ဘ
တိုက် လဲကျသွားလေ၏။
ခွေးပုဟု အမည်ရှိသော လူထွားကြီးက ရုတ်တရက် ခ
ခေါင်းမြောင်ကို ဆွဲထုတ်လိုက်ပြီး ရိဖုန်းအား လှမ်းထိုးလိုက်
ရိဖုန်းက လက်ထဲမှ သားရေအိတ်ဖြင့် ခွေးပု၏ လက်
ရိုက်ချလိုက်သည်။
အရိုးကျိုးသံ ထွက်ပေါ်လာပြီး ခွေးပုသည် နာကျင်
အော်ဟစ်၍ နောက်သို့ ဆုတ်သွားလေ၏။
နှာခေါင်းကောက်နှင့်လူသည် လဲကျရာမှ ကုန်းရုန်းထ
သည်။
ရိဖုန်းက တစ်ချက် ပြုံးပြီး ထိုလူ၏နဖူးကြားကို ခြေထော
ဖြင့် ကန်လိုက်သည်။
'ဖုန်း'
ဟူသော အသံနှင့်အတူ ထိုလူ၏ ခန္ဓာကိုယ်သည် နော
သို့ လွင့်စင်သွားလေ၏။
ရိဖုန်းက ခေါင်းကို ခါယမ်း၍ သားရေအိတ်ကို စလွ
သိုင်း ပြန် လွယ်လိုက်၏၊

ဘို့စဉ်....
ချာတရက် လက်ခုပ်တီးသံ တဖြောင်းဖြောင်း ထွက်ပေါ်
လေတော့သည် မဟုတ်ပါလား။

* * *

'ဖြောင်း.....ဖြောင်း.....ဖြောင်း'
လက်ခုပ်တီးသံ ပေါ်ထွက်လာ၏။
သို့ နောက်....
ယုတစ်ယောက်လည် အမှောင်ရိပ်ထဲမှ တစ်လှမ်းချင်းထွက်
၏။
သို့လူသည် ဆံပင်ကို သပ်ယပ်စွာ ဖီးသင်ထား၏။
သူ၏ အဝတ်အစားများသည် သန့်ရှင်းပြီး အလွန်စျေးကြီး
သော အဝတ်အစားတို့ ဖြစ်၏။
သည် ဘုံဆိုင်ဒွိ တစ်နေ့လုံး ထိုင်၍ ပြတင်းပေါက်မှ ကူး
ကို လှမ်းကြည့်နေခဲ့သူ ဖြစ်၏။
သို့လူသည် ရိဖုန်းကို ပြုံးပြပြီး....
'ကျုပ်တို့ မတွေ့တာ ကြာပြီနော်'
ဟု ပြောလိုက်၏။

ရိဖုန်းက ထိုလူကို မြင်တွေ့လိုက်သည်နှင့် စိတ်ပျက်လှ
သည်။

သူသည် ထိုလူကို ကောင်းစွာ သိ၏။

ထိုလူ၏ အမည်မှာ နာကာတာဖြစ်သည်။

နာကာတာသည် ဂျပန်လူမျိုးဖြစ်ပြီး ရိဖုန်းကဲ့သို့ပင် ဒေ
ဟောင်း အမွေအနှစ်များ အပေါ် စိတ်ဝင်စားသူ ဖြစ်
သည်။

ရိဖုန်းနှင့် နာကာတာတို့သည် မကြာခဏ ထိပ်တိုက်တွေ့
မူးကြသည်။

ထို့ကြောင့်....

ရိဖုန်းသည် နာကာတာကို မြင်တွေ့လိုက်သည်နှင့်ပင် စိတ်
သွားပြီး ခေါင်းအား ခါယမ်းလိုက်၏။

ပြီးမ....

'ခင်ဗျား သေပြီလို့ ကျုပ်က ထင်နေတာ'

ဟု ပြောလိုက်၏။

နာကာတာက ပြုံးလိုက်ပြီး....

'ကျုပ်မှာ အသက်တွေ အများကြီး ရှိပါတယ်'

ဟု ပြောလိုက်သည်။

ရိဖုန်းက သက်ပြင်းချပြီး....

'ကျုပ်က ခင်ဗျားအပေါ် မကောင်းကြံခဲ့တာ မဟုတ်ဘူး
ခင်ဗျားကသာ ကျုပ်ကို သေကြောင်းကြံခဲ့တာ'

ဟု ပြောလိုက်သည်။

နာကာတာက ပြုံးလိုက်၏။

သူ၏ အပြုံးက အလွန်ဆွဲဆောင်မှု ရှိသော အပြုံးဖြစ်လေ
သည်။

သို့သော်....

ထိုအပြုံး၏ နောက်ကွယ်၌ အလွန် လျှို့ဝှက်သော အခြင်း
အရာရှိနေတတ်သည်။

နာကာတာက ထိုသို့ပြုံးပြီးမှ....

'ကျုပ်က ခင်ဗျားကို သေကြောင်းကြံခဲ့တာ မဟုတ်ပါဘူး၊
တကယ်တဆ ထိုက်ဆိုင်သွားတာပါ၊ အာပဲဖြစ်ဖြစ် ကျုပ်က
ခင်ဗျားကို အပြစ်မတင်ပါဘူး'

ရိဖုန်းက ဘာမျှ ပြန်မပြောပါ၊

နာကာတာက ရယ်ပြီး....

'အာပဲဖြစ်ဖြစ် ကျုပ်သိချင်တာကို ရခဲ့ဘာပဲ ကျုပ်ကျေနပ်
ပါတယ်'

ဟု မြွာလိုက်၏။

သူသည် နာကာတာကို စူးစိုက်ကြည့်လိုက်၏။

သူတို့ နှစ်ယောက်သည် ရှေးဟောင်း အမွေအနှစ်များကို
ရှာဖွေခဲ့ကြ၌ မကြာခဏ ထိပ်တိုက် ဆုံတွေ့ကြ၏၊

ထိုသို့ဆုံတွေ့ရင်း တဖြည်းဖြည်းနှင့် သူတို့နှစ်ဦးသည် ပြိုင်
ဖက်ဖြစ်မှန်းမသိ ဖြစ်လာခဲ့၏။

ထို့ကြောင့်

ရိဖုန်း၏ လုပ်ငန်းကို နာကာတာက ဝင်ရောက်ဖျက်ဆီးမှု
ရှယ်ခဲ့သလို ရိဖုန်းကလည်း နာကာတာ၏ လုပ်ငန်းကို ဖြတ်
လမ်းမှ ဝင်ရောက်၍ လက်ဦးမှု ရယူခဲ့သည်၊

သို့သော်

မျက်းသောအားဖြင့် ရိဖုန်းထက် အသက်ဆယ်နှစ်မျှ ကြီးသော နာကာတာက အတွေ့အကြုံများသူ ပီပီ သူ့ထက် ပို၍ လက်ဦးမှုကို ရယူနိုင်ခဲ့၏။

လွန်ခဲ့သော သုံးနှစ်ခန့်က သူတို့ နှစ်ဦးသည် မြောက်ပိုင်း ဒေသ၌ ရှေးဟောင်း မြို့တော် တစ်ခုကို တူးဖော်ရာ၌ ထိပ်တိုက် တွေ့ခဲ့ကြပြီး တစ်ဦးနှင့် တစ်ဦး ဉာဏ်ကစားခဲ့ကြ လေတော့သည်။

ထိုပြိုင်ပွဲ၌ ရိဖုန်းသည် နာကာတာကို ရှေးဟောင်းမြို့တော်၏ ထောင်ချောက် တစ်ခုထဲ၌ ထားရစ်နိုင်ခဲ့သည်။

သို့သော်....

ယခု နာကာတာသည် သူ၏ ရှေ့သို့ ရောက်ရှိနေပြီဖြစ်လေသည်။

နာကာတာက သူ့ကို ပြုံးပြပြီး....

'ဒီသုံးနှစ်အတွင်း ကျုပ်ရဲ့ လှုပ်ရှားမှုကို ခင်ဗျားကမကြုံးရတော့ ကျုပ်ကို လက်လျှော့သွားပြီလို့ ထင်နေတယ် မဟုတ်လား'

ဟု မေးလိုက်သည်။

ရိဖုန်းက သက်ပြင်းချလိုက်ပြီး....

'ကျုပ်က မိတ်ဆွေကောင်း တယောက်အနေနဲ့ ဘုံကျောင်းမှာ ခင်ဗျားအတွက် ဆုတောင်းပေးခဲ့သေးတယ်'

ဟု ပြောလိုက်၏။

နာကာတာက ပြုံးလိုက်ပြီး....

'ကျေးဇူးတင်ပါတယ်၊ အခုလို ကျုပ်အပေါ်မှာ ခင်ဗျားက စေတနာထားတာ ကျုပ်တကယ်ပဲ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ဓရတဲ့အမွဲ သဲနဲ့ပက်သလိုမျိုး လုပ်တာတော့ ဘယ်ကောင်းမလဲ'

ဟု ပြောလိုက်၏။

ရိဖုန်းက မဲ့ပြုံး ပြုံးလိုက်ပြီး....

'ကျုပ်က ဆယ်ခါရှိမှ တစ်ခါပဲ လုပ်တာပါ၊ ခင်ဗျားလို ကြာခဏ လုပ်လေ လုပ်ထ မရှိပါဘူး'

နာကာတာက ပြုံး၍....

'ဘာပဲဖြစ်ဖြစ် ကျုပ်မှာ အသက်တွေ အများကြီးရှိတယ်၊ ဒါနဲ့ စကားမစပ် ခင်ဗျားမှာ အသက်ဘယ်နှစ်ချောင်းလောက် ရှိသလဲ'

ဟု မေးလိုက်သည်။

ရိဖုန်းက ဘာမျှ ပြန်မပြောပါ။

နာကာတာက ပြုံးလိုက်ပြီး....

'ကျုပ်အထင် ခင်ဗျားမှာ အသက်တစ်ချောင်းပဲ ရှိလိမ့်မယ်'

'ဒီတော့ ခင်ဗျားအနေနဲ့ ခင်ဗျားရဲ့အသက်ကို နှမြောသင့်ဘယ်'

ရိဖုန်းက....

'ကျုပ်မှာ အသက်တစ်ချောင်းပဲ ရှိပေမယ့်.... ကျုပ်က ကျုပ်ရဲ့အသက်ကို နှမြောလိမ့်မယ်လို့ ခင်ဗျားထင်နေသလား'

နာကာတာက ပြုံး၍....

'ကျုပ်ယုံပါတယ်၊ ဒါပေမယ့် တစ်ခုခု ကိစ္စတွေမှာဆို အဲဒါကို မိုက်ရူးရဲတာလို့ ခေါ်တယ်၊ ဆိုပါဦး၊ အခုကိစ္စမှာ ခင်ဗျားက ခင်ဗျားလက်ထဲက ရွှေတုကိုမပေးဘဲ အသေခံထာမျိုးပေါ့'

ဟု ပြောလိုက်၏။

ရိဖုန်းက မျက်မှောင်ကြုတ်လိုက်ပြီး....

'ရှင်တို့....ဘာရှင်ထုလဲ'

ဟု မသိချင်ယောင်ပြရှာ ပြန်မေးလိုက်၏။

နာကာကာက မျက်ခုံးကို ဟန်ပါပါမြင့်တင်လိုက်ပြီး....

'မရဏာဘုံကျောင်းက ရွှေရှင်တုကို ပြောတာပါ'

ဟု ပြောလိုက်၏။

ရိဖုန်းက မျက်မှောင်ကြုတ်လိုက်ပြီး ထိုကိစ္စကိုခြင်းဆန်ရှာပါးစပ်ပြင်လိုက်၏။

သို့သော်....

ရိဖုန်း၏ပါးစပ်သည် ရုတ်တရက် ဆွံ့အသွား၏။

အာဘယ်ကြောင့်ဆိုသော်

မှောင်ရိပ်ထဲမှ လူသုံးယောက် ထွက်လာသည်ကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

လူသုံးယောက်သည် အမှောင်ရိပ်ထဲမှ ထွက်လာလေ၏။

လူနှစ်ယောက်က လူတစ်ယောက်ကို ဝဲယာနှစ်ဖက်မှခွေ့ပြီး ထွက်လာခြင်းဖြစ်၏။

ရိဖုန်းက သေးနှစ်ဖက်မှ လူနှစ်ယောက်ကို မသိပါ၊

သို့သော်....

ထိုလူနှစ်ယောက်၏အလယ်မှ လူကိုတော့ သူသိနေသည်။

အာဘယ်ကြောင့်ဆိုသော်....

ထိုလူသည် ဟုတ်ကျင် ဖြစ်နေသောကြောင့်ပင် မဟုတ်ပါလား'

* * *

ဟုတ်ကျင်၏ မျက်နှာတစ်ခုလုံးသည် ဖူးယောင်နေသည်။

အညိုအမည်း စွဲနေသည်။

သွေးများက မြင်မကောင်းအောင်ပင် ဟုတ်ကျင်မျက်နှာပေါ်၌ ပေကျံနေသည်။

ဟုတ်ကျင်၏ခန္ဓာကိုယ်သည် မည်ပ်ရှားနိုင်အောင် ဖြစ်နေသည်။

အကယ်၍သာ....

ဟုတ်ကျင်၏ လက်မောင်းနှစ်ဖက်ကို သူ၏ဘေးနှစ်ဖက်မှ လူနှစ်ယောက်က ဆုပ်ကိုင်ထားခြင်းမရှိလျှင် ဟုတ်ကျင်သည် လမ်းမပေါ်သို့ ပုံလျက်သား လဲကျသွားနိုင်သည်။

ဟုတ်ကျင်၏ မုံစံကိုကြည့်မြဲ ရိဖုန်းက သက်ပြင်းချလိုက်သည်။

နာကာတာကို ဟုတ်ကျင်ကို မည်မျှ ထုထောင်းထားမှန်း သိနိုင်သည်။

နာကာတာက ရိဖုန်းကို ပြုံးပြလိုက်ပြီး....

'ရိဖုန်း....ခင်ဗျားက ကျုပ်အမေးကို ငြင်းလိမ့်မယ်မဟုတ်ဘူးလို့ ကျုပ်ယုံကြည်တယ်'

ဟု ပြောသည်။

ရိဖုန်းသည် ဟုတ်ကျင်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ဟုတ်ကျင်သည် မရဏဘုံ ကျောင်းရှေ့ဦး မိမိနှင့် လောက်စန်းတို့ ကျန်နေခဲ့သည်အထိ အသေးစိတ်ပြောပြပြီး ဖြစ်လိမ့်မည်ဟု ရိဖုန်းက ယုံကြည်၏။

နာကာတာက ပြုံး၍....

'ခင်ဗျား မငြင်းဘူး မဟုတ်လား'

ဟု ပြောလိုက်၏။

ရိဖုန်းက ပြုံးလိုက်ပြီး....

'ကျုပ်မငြင်းပါဘူး၊ ဒါပေမယ့်'

ရိဖုန်းက စကိုးကိုဆုံးအောင်မပြောဘဲ ရပ်တန့်ထားပြီး နာကာတာကို ကြည့်လိုက်၏။

နာကာတာက ရိဖုန်းကို စူးစိုက်ကြည့်လိုက်ပြီး....

'ဒါပေမယ့် ခင်ဗျားက ရမသာဘူးလို့ ပြောချင်တာလား'

ရိဖုန်းက သက်ပြင်းချလိုက်ပြီး....

'အဲဒီဘုံကျောင်းထဲက ဘယ်လိုအသက်လုပြီး ပြေးလွှားရတယ်ဆိုတာ ခင်ဗျားသိရင် ဒီလိုမေးမှာမဟုတ်ဘူး'

နာကာတာက ရယ်လိုက်ပြီး....

'ရိဖုန်း....ရိဖုန်း။ ခင်ဗျားက လိမ်လဲလိမ်ချင်တယ်၊ လိမ်လဲမလိမ်တတ်ဘူး'

ဟု ပြောလိုက်သည်။

ရိဖုန်းက ပခုံးတွန့်ပြလိုက်သည်။

နာကာတာက ပြုံး၍....

'ရိဖုန်းဟာ ဘယ်လောက်ပဲ အသက်ကိုလုပြီး ပြေးခဲ့ပါစေ၊ ဒီလိုရုပ်ထုမျိုးကို လက်လွှတ်ခံမယ့် လူစား မဟုတ်ဘူးဆိုတာ ကျုပ် နားလည်ပါတယ်'

ဟု ပြောလိုက်သည်။

သူက....

'တစ်ခါတစ်ရံမှာတော့ လွှတ်လွှတ်သင့်ရင် လွှတ်လွှတ်ချမှာဘဲ'

နာကာတာက ပြုံး၍

'ခင်ဗျားဟာ အလကားနေရင်းတောင် အသက်ကို လောင်းကြေးထပ်ပြီး စွန့်စားတဲ့လူပါ ကျုပ်ပြောတာ မမှားပါဘူး၊ ဒီတော့ ခင်ဗျားအနေနဲ့ ရုပ်ထုကို ရမလာဘူးလို့တော့ ကျုပ်ကိုမပြောပါနဲ့'

ဟု ပြောလိုက်၏။

သူက ပခုံးတွန့်ပြလိုက်ပြီး

'အင်း....ခင်ဗျားက ကျုပ်ကို အတော်အထင်ကြီးနေတာကိုး'

ဟု ပြောလိုက်သည်။

နာကာဘာက သက်ပြင်းချလိုက်ပြီး

'ကဲ....ရိဖုန်း၊ ကျုပ်တို့တစ်ယောက်အကြောင်း တစ်ယောက် သိပြီးသားဘဲ၊ ဘာကြောင့် အချိန်ကုန်ခံမလဲ'

ဟု ပြောလိုက်သည်၊

ပြီးမှ

နာကာတာသည် သူ့ကိုစိုက်ကြည့်ကာ

'ဇနရုပ်ထုကို ခင်ဗျားက တုတ်ပေးမလား၊ ကျုပ်က လာ ယူရမလား'

သူသည် ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်လိုက်လေသည်။

ထို့အချိန်၌

ဟုတ်ကျင်ကို ဘယ်သူ့နှစ်ဘက်မှညှပ်၍ ချုပ်ကိုင်ထား သော လူနှစ်ယောက်က ဟုတ်ကျင်ကို လွှတ်ပေးလိုက်လေ သည်၊

ဟုတ်ကျင်အည် ခွေ့သို့ တစ်လှမ်းနှစ်လှမ်း ယှမ်းလိုက်ပြီး နောက် လဲကျသွား၏။

ထိုလူနှစ်ယောက်သည် ဟုတ်ကျင်ကိုလွှတ်ပေးလိုက်ပြီးလျှင် ခါးဥဆိုက်ဆားသော ဓားများကိုထုတ်ယူလိုက်၏။

'ချွမ်း.....ချွမ်း'

တိတ်ဆိတ်သော ညဉ့်ယံ၌ ဓံားအိမ်မှဓားကို ဆွဲထုတ်သံ သည် ထိတ်လန့်ချောက်ချားစွာ ထွက်ပေါ်လာသည်။

ရိဖုန်းသည် ထိုလူနှစ်ယောက်၏ လှုပ်ရှားမှုကို အကဲခတ် နေ၏။

ထိုလူနှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ကြည့် ပိုက်ပြီး ရိဖုန်းဆီသို့ တစ်လှမ်းချင်း သွေ့ာက်လာ၏။

ရိဖုန်းက တစ်ချက်ပြုံးလိုက်ပြီး ထိုလူနှစ်ယောက်ကိုပြန်၍ ပိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်....

ရုတ်တရက် လူတစ်ရှို့ လမ်းမပေါ်သို့ ရောက်ရှိလာလေ သောသည်မဟုတ်ပါလား။

* * *

စုံစုပေါင်း လူသုံးဆယ်ခန့် ရှိ၏။

တစ်ချို့က အိမ်ခေါင်မိုးပေါ်မှ ခုန်ဆင်းလာခြင်း ဖြစ်၏။

တစ်ချို့က လမ်းကြားထဲမှထွက်လာခြင်း ဖြစ်၏။

တစ်ချို့က သစ်ပင်အကွယ်မှ ထွက်လာ၏။

တစ်ချို့ကမူ အမှောင်ရိပ်ထဲမှ ထွက်လာ၏။

နာကာတာက သတောကျစွာ ရယ်မောလိုက်ပြီး....

'ရိဖုန်း....ကျုပ်ခင်ဗျားကို တစ်ခုတော့ ပြောလိုက်ဦးမယ်' ဟု ပြောလိုက်၏။

ရိဖုန်းက မျက်ခုံးပင့်တာ....

'ဘာများလဲ'

ဟု မေးလိုက်၏။

နာကာတာက ပြုံးလိုက်ပြီး....

'ကျုပ်ရဲ့မြားသမား ခုနစ်ယောက်က ခင်ဗျားကို မြားနဲ့ ချိန်ထားတယ် ဆိုတာကိုပါ'

ဟု ပြောလိုက်၏။

ရိဖုန်းက ရယ်မောလိုက်ပြီး....

'နာကာတာ၊ ခင်ဗျားက ဘယ်တုန်းကမျှ ခြိမ်းခြောက်တဲ့ စကားတွေ ပြောတတ်သွဲ့'

ရိဖုန်းသည် စကားကိုဆုံးအောင် မပြောလိုက်ရပါ။

'ဝိုင်း....'

ဟူသော အသံနှင့်အတူ မြားတစ်စင်းက လေထဲမှ ဖြတ်သန်းလာပြီး ရိဖုန်း၏ခြေထောက်နှင့် တစ်ထွာခန့် အကွာ၌ လာရောက်စိုက်ဝင်၏။

ထို့ကြောင့်....

ရိဖုန်းမှာ မျက်လုံးပြူးသွားပြီး မြားတံကို ကြည့်လိုက်မိသည်။

မြားတံက လမ်းမပေါ်၌စိုက်ဝင်ပြီး လှုပ်ယမ်းနေသည်။

နာကာတာက ပြုံး၍....

'ကျုပ်ရဲ့မြားသမားတွေက လက်ဖြောင့်တယ်၊ ဘယ်ဘက် မျက်လုံးဆိုရင် ယောင်လို့တောင် ညာဘက်မျက်လုံးကို မထိဘူး'

ဟု ပြောလိုက်၏။

ရိဖုန်းက ဘာမျှပြန်မပြောပါ။

နာကာတာသည် မိမိထံမှ ရွှေရုပ်တုကို လုယူရန်အတွက် ဘာကျပြင်ဆင်ထားကြောင်း နားလည်လိုက်၏။

ထို့ကြောင့်....

ရိဖုန်းသည် သက်ပြင်းချလိုက်ပြီး....

'ကျုပ်ရှုံးပြီ'

ဟု ပြောလိုက်သည်။

ထို့နောက် ...

သူသည် သားရေအိတ်ထဲမှ ရွှေရုပ်ထုကိုထုတ် ယူလိုက်၏။

ပြီးမှ သူသည် ရွှေရုပ်တုကို နာကာတာထံသို့ လှမ်းပေး....

'ရော့....ဒီမှာ ခင်ဗျားလိုချင်တဲ့ရုပ်တု လာယူ'

ဟု ပြောလိုက်၏။

နာကာတာက ရယ်မောလိုက်ပြီး....

'လှမ်းပစ်ပေးလိုက်ပါ ရိဖုန်း'

ဟု ပြောလိုက်၏။

ရိဖုန်းက မျက်ခုံးပင့်ကာ....

'လာယူပါ'

ဟု ပြန်ပြောလိုက်၏။

နာကာတာက ပြုံးလိုက်ပြီး ခားကိုင်ထားသော လူနှစ်ယောက်ကို ဦးခေါင်းညိတ်ပြလိုက်သည်။

ထိုလူနှစ်ယောက်က နာကာတာကိုပြန်လည်၍ ဦးခေါင်းညိတ်ပြလိုက်ပြီး ရိဖုန်းထံ ချဉ်းကပ်သွားသည်။

ထို့နောက်....

လိုလွန္ဒ်ယောက်အနက် မျက်လုံးပြူးသောလူက ရိဖုန်း
လက်ထဲမှ ရွှပ်တုံကို ထိုလူထံသို့ ပစ်ပေးလိုက်၏။

မျက်လုံးပြူးသောလူသည် ရွှတ်တရက် ကြောင်အမ်းဒ
ဖြစ်တာ ရွှေရွှပ်ဝုံကို လက်ဖြင့်လှမ်း၍ ဖမ်းလိုက်၏။

ထိုအခြိန်အတွင်းမှာပင်....

ရိဖုန်းက လျှပ်တစ်ပြက် လုံပ်ရှားလိုက်လေသည် မဟု
ပါလား။

* * *

ရိဖုန်းသည် ရှေ့သို့ခြေတစ်လှမ်းခွန်တက်လိုက်ပြီး မျက်လုံ
ပြူးသော လူ၏ရင်ဝကို လက်နှစ်ဖက်ဖြင့် ရိုက်ချလိုက်၏။

သူ၏လုံပ်ရှားမှုက အလွန်လျှင်မြန်သောကြောင့် မျက်လုံ
ပြူးသော လူသည် ရွှေရွှပ်တုကို လှမ်း၍ မဖမ်းတော့
နောက်သို့ ကုပ္ပာကယာပင် ခြေဘစ်လှမ်း ဆုတ်လိုက်ရသည်

ရိဖုန်းသည် လေထဲမှပြန်ကျလာသော ရွှေရွှပ်တုကို ဂ
လည်စွာ ဖမ်းယူလိုက်ပြီး နောက်သို့ခွာခနဲလှည့်ကာ ပြေးလေ
တော့သည်

ဝုံး....ဝုံး....ဝုံး!

ခွားတံသိုးချောင်းသည် လေထဲ၌ဖြတ်သန်းကာ ရိဖုန်း၏
ကိုယ်နံဘေးမှ ပွတ်သီ၍ ဖြတ်သန်းသွား၏၊

နောက်တာက လက်ကိုဝေ့ယမ်းပြီး ရိဖုန်း၏ နောက်သို့
ခြန် အော်ဟစ်အမိန့်ပေးနေ၏၊

ရိဖုန်းသည် ရွှေရွှပ်တုကိုကိုင်၍ နောက်သို့ လှည့်မကြည့်ဘဲ
ပြေးတည်း ပြေးနေသည်၊

နောက်တာ၏လူများက ဘာသံပေးကာ ရိဖုန်းနောက်သို့
ကြွပ်မကွာ လိုက်နေ၏

ရိဖုန်းသည် ရုတ်တရက် လမ်းကြားတစ်ခု အဝင်းသို့ ဝင်
သွား၏။

လမ်းကြားသည် နောက်ဖေး လမ်းကြား ဖြစ်၏။

အိမ်ရှေ့ လမ်းမပေါ်၌ သန့်ရှင်းသပ်ယပ်သလောက် နောက်
လမ်းကြားတွင် အမှိုက်သရိုက်များ၊ ပစ္စည်းအကျိုးအပဲ
က ရှုပ်ပွနေ၏။

ထမင်းကျန်၊ ဟင်းကျန်များကိုလည်း နောက်ဖေး လမ်း
းထဲသို့ စည်းမဲ့ ကမ်းမဲ့ စွန့်ပစ်ထားဟန် ရှိ၏။

ထို့ကြောင့်....

နောက်ဖေး လမ်းကြားသည် ရှုပ်ပွသည့်အပြင် ညစ်ပတ်
နေ၏။

သို့သော်....

ရိဖုန်းသည် ထိုသို့ ညစ်ပတ် နံစော်နေခြင်းတို့ ဂရုမစိုက်နိုင်
ခဲ့။

သူသည် နာကာတာ၏ လက်မှ လွတ်အောင် ပြေးရမည် မဟုတ်ပါလား။

ထို့ကြောင့်....

သူသည် နောက်ဖေးလမ်းကြား တစ်ခုမှ နောက်ဖေးလမ်းကြား တစ်ခုသို့ ဖြတ်သန်း၍ ဖဝါးနှင့်တင်ပါး တစ်သားတည်း ကျအောင် ပြေးနေ၏။

သို့သော်....

ကျွမ်မီကလေးသည် ကျဉ်းကျဉ်းလေး ဖြစ်၏။

ထို့ကြောင့်....

မကြာမီမှာပင် သူ၏ ရှေ့မှ နာကာတာ၏ လူတစ်ချို့ ပိတ်ဆို့နေသည်ကို တွေ့လိုက်ရလေတော့သည် မဟုတ်ပါလား။

နာကာတာ၏ လူတစ်ချို့သည် နောက်ဖေး လမ်းကြား၏ တစ်ဖက်ထိပ်၌ ရပ်နေသည်။

ရိဖုန်းသည် ပြေးနေသော ခြေလှမ်းကို ရပ်တန့်လိုက်ပြီး နောက်သို့ လှည့်ကြည့်လိုက်၏။

သူ၏ နောက်ဖက်၌လည်း နာကာတာ၏ လူတစ်ချို့သည် နောက်ဖေး လမ်းကြားထဲသို့ ပြေးလိုက်လာပြီ ဖြစ်လေတော့သည်။

သူသည် လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး ဝဲယာကို တစ်ချက်မျှ အကဲခတ် ကြည့်လိုက်၏။

ထိုစဉ်....

ရုတ်တရက် အိမ်နောက်ဖေးတံခါး တစ်ချပ် ပွင့်လာလေသည်။

တံခါးဝ၌ မိန်းကလေး တစ်ဦး ပေါ်လာသည်။

မိန်းကလေးသည် နောက်ဖေး လမ်းကြားထဲသို့ အမြဲကဲ့သို့ပင် တစ်ရန် တံခါးပွင့်လိုက်ခြင်း ဖြစ်တန်ရှိ၏။

ရိဖုန်းသည် ဘာမျှ စဉ်းစား မနေတော့ဘဲ ထိုနောက်ဖေးတံခါးဝသို့ ပြေးလွှားသွားလေ၏။

ရိဖုန်း၏ လူပ်ရှားမှုက အလွန်လျင်မြန်သည်။

ထို့ကြောင့်

မိန်းကလေးသည် ရုတ်တရက် မိမိ၏ ရှေ့သို့ ရောက်လာသော ရိဖုန်းကို ကြောင်အမ်းအမ်းဖြင့် ကြည့်နေမိသည်။

ရိဖုန်းက မိမိကို ဒေးကြည့်နေသော မိန်းကလေးကို ပြုံးပြလိုက်ပြီး သူမကို တွန်းဖယ်၍ အိမ်ထဲသို့ ဝင်ရောက်လိုက်လေသည်။

ထို့နောက်....

နောက်ဖေး တံခါးကို ဆဲ့၍ ပိတ်လိုက်၏။

သူသည် မိန်းကလေးကို ပြုံးပြ၍....

ကျူပ်ကို ခွင့်လွှတ်ပါ'

ဟု ပြောလိုက်၏။

ဤစဉ်....

ရုတ်တရက် မိန်းကလေး၏လက်က လူပ်ရှားသွားပြီးရိဖုန်း ပခုံးဘေးခနဲ တစ်ချက် နာကျင်သွားသည်။

ဟို့ကြောင့်....

သူသည် မိန်းကလေးကို တအံ့တသြဖြင့် ကြည့်လိုက်မိလေသည်။

ကြည့်နေစဉ် အဖွင့်မှာပင်....
သူ၏ မျက်လုံးများသည် ပြာဝေဝေဖြာ၏။
သွေခန္ဓာကိုယ်မှ အင်အားများသည် ရုတ်ခြည်း ပျောက်ကွ
သွားသကဲ့သို့ ခံစားရ၏။
ထို့နောက်.
သူ၏ လက်ထဲမှ ရွှေရုပ်တုသည် ကြမ်းပေါ်သို့ ကျဆင်း
သည်။
သူသည် မိန်းကလေးကို တအံ့တသြကြည့်၍....
'မင်း....မင်း'
ဟု ပြောလိုက်၏။
သို့သော်
သူသည် စကားကို ဆုံးအောင် မပြောနိုင်ပါ။
သူ၏ ခန္ဓာကိုယ်သည် ယိမ်းယုိင်ပြီး ကြမ်းပေါ်သို့ လဲ
သွားလေတော့သည် မဟုတ်ပါလား။
ထိုစဉ်....
မိန်းကလေးသည် ကြမ်းပေါ်မှ ရွှေရုပ်တုကို ကောက်
လိုက်လေတော့သည် မဟုတ်ပါလား။

* * *

နေဝန်းကြီးသည် တောင်ကုန်း နှစ်ခုကြားမှ ပေါ်ထွက်လာ
သည်။
တောင်ကုန်း နှစ်ခုကြားမ မြတ်သန်း၍ ဖောက်လုပ်ထား
သော အဝေးပြေး လမ်းပေါ်သို့ မြင်းလှည်းတစ်စီး ရောက်ရှိ
လာ၏။
မြင်းလှည်းက လူစီး မြင်းလှည်း မဟုတ်ပါ။
ကုန်ပစ္စည်းတင်သော မြင်းလှည်းဖြစ်သည်
ထိုမြင်းလှည်းကို မီးခိုးရောင်အင်္ကျီ ဝတ်ဆင်ထားပြီးခေါင်း
ပေါင်း ကြီးမားသော ဝါးခေမာက် တစ်လုံးကို ခေါင်းထား
သူက မောင်းနှင်နေခြင်း ဖြစ်၏။
ဝါးခေမောက်က ကြီးမားနေသကဲ့သို့ ဝတ်ဆင်ထားသော
အင်္ကျီအစားများကလည်း ကြီးမားနေဟန် ရှိ၏။
ထိုလူသည် မြင်းလှည်းကို တရကြမ်း မောင်းနှင်နေ၏၊
မြင်းလှည်းပေါ်၌ ခေါင်းတလား တစ်လုံး ပါလာသည်၊
အနက်ရောင် ခေါင်းတလား တစ်လုံး ဖြစ်၏။
ခေါင်းတလားကို တင်ဆောင်လာသော မြင်းလှည်းသည်
ကုန်းမြို့မိကလေး၏ သစ်ရိုင်းတန်းအား ကျော်လွှန်လာခဲ့ပြီ ဖြစ်
သည်။
ခေါင်းတလားကို မည်သည့် အရပ်မှ သစ်ရိုင်းသို့ မို့မိုဆောင်
ပေးရန် မောင်းနှင်လာခြင်းလော၊
ထိုမေးခွန်းကို မြင်းလှည်းမောင်းသမားသာ သိပေလိမ့်မည်
ဖြစ်၏။

* * *

မွန်းတည့်ချိန် မတိုင်မီ....

မြင်းလှည်းသည် သစ်တောအုပ် တစ်ခု၏ အစပ်သို့ရောက် ရှိလာပြီ ဖြစ်၏။

မြင်းလှည်းမောင်းသမားသည် မြင်း၏ ဇက်ကြိုးကိုဆွဲလိုက် ပြီး မြင်းလှည်းကို သစ်တောအစပ်၌ ရပ်တန့် လိုက်လေသည်။

မြင်းလှည်း၏ ဘီးကြိတ်သံ တကျွီကျွီမြည်၍ မြင်းလှည်း က ရပ်တန့်သွားသည်။

မြင်းလှည်းမောင်းသမားသည် မြင်းလှည်းပေါ်မှ ခုန်ဆင်း လိုက်၏။

ထိုလူသည် ပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ် ကြည့် လိုက်ပြီး သက်ပြင်းတစ်ချက် ချလိုက်၏။

ထိုစဉ်....

ခေါင်းတလားထဲမှ ညည်းညူသံခပ်သဲ့သဲ့ ပေါ်ထွက် လာ၏။

ထို့ကြောင့်....

မြင်းလှည်းမောင်းသမားသည် မြင်းလှည်းပေါ်မှ အနက် ရောင်ခေါင်းတလားကို တစ်ချက်လှမ်းကြည့်လိုက်၏။

ပြီးမှ....

ဦးခေါင်းပေါ်မှ ဝါးခမောက်ကိုချွတ်လိုက်၏။

ဝါးခမောက်ကိုချွတ်လိုက်သည်နှင့် နက်မှောင်၍ ရှည်လျား ဖြူး ရှည်လျားသော ဆံပင်များက တင်ပါးသို့တိုင်အောင် ဆင်း ကျလာ၏။

ထို့အပြင်

ဝါးခမောက်ကို ချွတ်လိုက်သောကြောင့် ထိုလူ၏မျက်နှာ ပိပိပြင်ပြင် တွေ့မြင်ရ၏။

ငယ်ရွယ်၍ အလွန်လှပသော မိန်းကလေးဖြစ်၏။

သူမ၏ သေးသွယ်သောခန္ဓာကိုယ်ပေါ်မှ မီးခိုးရောင် အဝတ်အစားများက သူမထက် နှစ်ဆမျှကြီးမားနေ၏။

သူမသည် တမင်ရုပ်ဖျက်လိုသောကြောင့် ယခုကဲ့သို့ ဝတ် ဆင်ထားခြင်းဖြစ်ကြောင်း သိနိုင်သည်။

သူမသည် ခေါင်းတလားကို လှမ်းကြည့်ပြီး တစ်ချက် ပြုံးလိုက်၏။

ထို့နောက်....

သူမသည် မြင်းလှည်းပေါ်သို့ခုန်တက်လိုက်ပြီး ခေါင်း တလား၏ အဖုံးကို အောက်တက်သို့လျောတိုက်၍ ဖွင့်လိုက် သည်။

ထို့ကြောင့်....

ခေါင်းတလား၏ခေါင်းပိုင်း သုံးပုံတစ်ပုံခန့် ပွင့်သွား သည်။

ခေါင်းတလား၏အဖုံး ပွင့်သွားသည်နှင့် ခေါင်းတလား ထဲမှ ရိဖုန်း၏မျက်နှာ ပေါ်လာ၏။

မှောင်မည်းနေသော ခေါင်းတလားထဲ၌ နေခဲ့ရသော ကြောင့်ဖုန်းသည် ရုတ်တရက် အလင်းရောင်ရရှိလာသောအခါ မျက် စိုးများ ကျိန်းစပ်သွားပြီး မျက်လုံးကိုမှိတ်ထားလိုက်ရ၏။

သူသည် မျက်လုံးကို အသာဖွင့်ကြည့်လိုက်၏။

နေရောင်က မျက်နှာပေါ်သို့ ကျရောက်နေခြင်းကြောင့်
ရိပ်နိုးသည့် မျက်မှောင်ကြုတ်ကာကြည့်လိုက်သည်။
ထိုသို့ကြည့်လိုက်သည်နှင့် ဝိမိကို အဝေါမှ မုန်းမုန်းကြည့်သော
သော မိန်းကလေးတစ်ယောက်ကို မြင်တွေ့ရ၏။
ဘိုးသော်
နေရောင်က မျက်လုံးကိုထိုးနေသောကြောင့် မိန်းကလေး
မျက်နှာကို ဝိဝါးပြင်ပြင်မမြင်ရပါ။
မိန်းကလေးက ရိပ်နိုးကို ပြုံးခြင်ကြည့်လိုက်ပြီး....
'ရှင့်ကို ဒီကိုခေါ်ထာရတာ စိတ်မကောင်းပါဘူး'
ဟု ပြောလိုက်၏။
ရိပ်နိုးက သက်ပြင်းချလိုက်ပြီး....
'မဆိုးပါဘူး၊ သက်ကောင်သက်သာ ရှိပါတယ်'
ဟု ပြန်ပြောလိုက်၏။
ပြီးမှ ရိပ်နိုးကပြုံး၍
'ဒါနဲ့ စကားမစပ် ခင်ဗျားသုံးတဲ့အင်ဆေးက ဘာအမျိုး
အစားလဲ'
ဟု မေးလိုက်၏။
မိန်းကလေးက ရယ်လိုက်ပြီး....
'ဥစ္စာတစ်ခုအိပ်ဆေးပါ'
ဟု ပြောလိုက်သည်။
သူက မျက်မှောင်ကြုတ်ရင်း....
'မိုင်တစ်သောင်းတောင်တန်းကို ရောက်တုန်းက ကြားဖူး
သလိုပဲ'

မှော်မျက်ရှင်ခေါင်းနှင့် လူစွန်အသုံး

ဟု ပြောလိုက်၏။
သူမက ပြုံးပြီး
'မမှားပါဘူး၊ မိုင်တစ်သောင်းတောင်တန်းက ဂူတစ်ခု
သခင်မကြီး၏ အိပ်ဆောင်ပါ။
ဟု ပြောလိုက်သည်။
သူက မျက်နှုံးပင့်လိုက်ပြီး ခေါင်းထလားထဲ၌ ထထိုင်
လိုက်၏။
ပြီးမှ....
သူသည် သူမကိုသွေးကြည့်ပြီး
'မင်းက ဂူတစ်ခုသခင်မကြီးဟာ ဘယ်လိုလူစားဆိုတာ
သိလို့လား'
ဟု ပြန်မေးလိုက်သည်။
သူက ပြုံး၍....
'သိတာပေါ့ အတော်ရက်စက်ကြမ်းကြုတ်တဲ့ မိန်းမကြီး
'

ဟု ပြောလိုက်သည်။
သူမက ပြုံး၍ခေါင်းညိတ်ပြီး....
'မှန်ပါတယ်'
သူက ပြုံးလျက်
'အင်း....ကျုပ်ရဲ့မှတ်ဉာဏ်တာ မပျက်စီးသေးဘူး ဆိုရင်
တော့ ကျုပ်နဲ့ ဂူတစ်ခုသခင်မကြီးနဲ့ ရန်ငြိုးမရှိခဲ့ဘူးထင်တာ
'

ဟု ပြောလိုက်သည်။

သူမက ပြုံးပြီး
'ရှင့်ရဲ့မှတ်ဉာဏ်တော့ မပျက်စီးသေးပါဘူး'
ဟု ပြောလိုက်သည်။
သူမက မျက်ခုံးပင့်ပြီး....
'ဘာဖြစ်လို့လဲ'
သူက သက်ပြင်းမျလိုက်ပြီး
'ဂူတစ်ရာသခင်မကြီးဟာ လူကယ်တဲ့လုပ်ငန်းကို ကယ်တုန်းကမျာ ခပြောင်းပြီးလုပ်တာလဲ'
ဟု မေးလိုက်၏။
သူ၏စကားကြောင့် သူမက ရယ်လိုက်ပြီး
'ဂူတစ်ရာသခင်မကြီးက လူကယ်တဲ့အလုပ်ကို တစ်ခါမှ မလုပ်ခဲ့ပါဘူး'
ဟု ပြောလိုက်၏။
သူက မျက်ခုံးပင့်လိုက်ပြီး
'ဒါဖြင့် မင်းက ကျုပ်ကို ဘာလို့ကယ်ခဲ့တာလဲ'
ဟု မေးလိုက်သည်။
သူမက ရယ်မောပြီး....
'ကျွန်မက ရှင့်ကိုကယ်ခဲ့တယ်လို့ ပြောခဲ့လို့လား ရှင်'
ဟု မေးလိုက်၏
သူက သက်ပြင်းချလိုက်ပြီး သူမထံမှ မိမိ၏သားရေအိတ်ကို တစ်ချက်လှမ်းကြည့်လိုက်၏။
မိန်းကလေးက ရိဖုန်း၏ သားရေအိတ်ကို စလှယ်သိုင်းထား၏။

ရိဖုန်းက သားရေအိတ်ကို တစ်ချက်ကြည့်လိုက်ပြီး
'အင်း....ဒါဆိုဂူတစ်ရာသခင်မကြီးက ဘယ်တုန်းကများ၊ ရှေးဟောင်းပစ္စည်းတွေကို စိတ်ဝင်စားသွားတာလဲ'
ဟု မေးလိုက်၏။
မိန်းကလေးက မျက်ခုံးပင့်လိုက်ပြီး မိမိစလှယ်သိုင်း လှယ်သားသော သားရေအိတ်ကို လဲက်ဖြင့်ပုတ်ပြလိုက်ရင်း....
'ဒီပစ္စည်းကို ပြောတာလား'
ဟု မေးလိုက်၏။
သူက ပြုံးလိုက်ပြီး....
'ဟုတ်တယ်၊ မင်းက ကျုပ်ကို ကယ်တာ မဟုတ်ဘူးဆိုရင် ဒီပစ္စည်းကို စိတ်ဝင်စားလို့ပေါ့'
ဟု ပြောလိုက်၏။
မိန်းကလေးကပြုံးကာ သားရေအိတ်ထဲမှရွှေရုပ်ထုကိုထုတ်ယူ၍ ကြည့်လိုက်၏
နေရောင်အောက်၌ ရွှေရုပ်ထုသည် အရောင်ဝင်းလက်နေသည်။
သူက ပြုံးလိုက်ပြီး....
'တကယ်လို့ ဂူတစ်ရာသခင်မကြီးက ရှေးဟောင်းပစ္စည်းစိတ်မဝင်စားဘူးဆိုရင်တော့ မင်းက ကျုပ်ကို အဲ့ဒီပစ္စည်းပြန်ပေးလိမ့်မယ်ထင်တယ်'
ဟု ပြောလိုက်၏။
မိန်းကလေးက ရွှေရုပ်ထုကို ဖင်ပြန်ခေါင်းပြန် ကြည့်ပြီးမှ သားရေအိတ်ထဲသို့ပြန်ထည့်လိုက်၏။

ပြီးမှ....
သူမသည် သူ့ကို စူးစိုက်ကြည့်လိုက်ရင်း....
'ရှင့်ကို ပြန်ဖေးလဲ ရှင့်အထွတ် ဘာအသုံးကျတော့မှာလဲ'
ဟု ပြောလိုက်၏၊
မိန်းကလေး၏ စကားကြောင့် သူသည် မျက်မှောင်ကြုတ်လိုက်ပြီး....
'ဘာဖြစ်လို့လဲ'
ဟု မေးလိုက်၏။
မိန်းကလေးက ရယ်မောပြီး....
'လူသေတစ်ယောက်အတွက် ဒီမစ္စည်းဟာ ဘယ်မှာလာလာပြီး အသုံးဝင်မှာလဲ'
ဟု ပြောလိုက်၏၊
သူသည် မိန်းကလေးကိုအံ့သြသော မျက်လုံးများဖြင့်ကြည့်လိုက်၏။
ပြီးမှ....
သူသည် ရယ်မောလိုက်ရင်း....
'မင်းက ကျုပ်ကို သတ်ချင်ရင် ကျုပ်က အခုလို စကားနှိုင်မှာ မဟုတ်ဘော့ဘူး'
ဟု ပြောလိုက်သည်။
မိန်းကလေးက မျက်ခုံးကိုပင့်တင်လိုက်ပြီး....
'ကျွန်မက ရှင့်ကို သတ်မယ်လို့ တစ်ခွန်းမှ မပြောခဲ့ဘူး ထင်တယ်'
ဟု ပြောလိုက်၏။

ခိုဖုန်းက သက်ပြင်းချလိုက်၏။
'မှန်ပါတယ်၊ ဒါကြောင့် ကျုပ်က လူသေ တစ်ယောက်စီသေးပါဘူး'
ဟု ပြောလိုက်၏။
မိန်းကလေးက ပြုံးလိုက်ပြီး....
'စိတ်ချပါ။ မကြာခင် ရှင်ဟာ လူသေဖြစ်ရမှာပါ'
ဟု ပြောလိုက်၏။
မိန်းကလေး၏ စကားကြောင့် သူသည် ကြောင်အမ်းအမ်းပြီး မိန်းကလေးကို မျက်လုံးပြူး၍ ကြည့်လိုက်ကာ....
'မင်းက ကျုပ်ကို မသတ်ဘူးဆို'
မိန်းကလေးက ခေါင်းညိတ်လိုက်ပြီး....
'ဟုတ်တယ်'
သူက ခေါင်းခါယမ်းကာ
'ကျုပ်ဖြင့် မင်းရဲ့စကားကို နားမလည်တော့ဘူး'
ဟု ပြောလိုက်၏။
မိန်းကလေးက ခွဲခေါလိုက်ပြီး....
'ကျွန်မက ရှင့်ကို မသတ်ပေမယ့် ရှင့်ကို ထက်ချင်တဲ့လူရှိတယ်၊ ဒါကြောင့် မကြာခင် ရှင်ဟာ လူသေဖြစ်တော့မယ်လို့ ပြောတာ'
ဟု ပြောလိုက်၏။
သူက မျက်မှောင်ကြုတ်ပြီး
'ဂူတစ်ခု ဆောင်မကြီးလား'
ဟု မေးလိုက်၏။

မိန်းကလေးက ခေါင်းခါယမ်းရှ
'မဟုတ်ဘူး'
ဟု ပြောလိုက်၏။
သူက မျက်မှောင်ကြုတ်ပြီး....
'ဘယ်သူလဲ'
ဟု မေးလိုက်၏၊
ရိုဖန်း၏ စကားသံအဆုံးဉ်....
'ကျုပ်'
ဟု ပြောလိုက်တောအသံသည် သစ်တောထဲမှထွက်ပေါ်လာလေတော့သည်မဟုတ်ပါလား။

* * *

လူတစ်ယောက် သစ်တောထဲမှထွက်လာ၏။
ထိုလူသည် အရောင်တောက်ပသောဝွေရောင်အဝတ်အစားများကို ဝတ်ဆင်ထားသည်။
ယောကျ်ားပီသသော မှုပ်သွင်ရှိ၏။
ကိုယ်ခန္ဓာကလည်း ထွားကြိုင်း၏။
သို့သော်....

ယမ်းခဲမှောက်ရှာသည်မိန်းကလေးတစ်ယောက်ကို သိုန်းနှောင်း
သည် ထိုလူကို မြင်လျှင်လိုက်သည်နှင့် မျက်နှာ ရွှံ့မဲ့
ပြီး....
'ငွေရောင်ဖျံလွှားသခင်လေး'
ဟု ရေရွတ်လိုက်မိလေသတည်း။
'ငွေရောင်ဖျံလွှားသခင်လေးက မြင်းလှည်းအနီးသို့ ခွဉ်း
သော်၏။
သို့နောက်
'သူသည် မြင်းလှည်းပေါ်မှမိန်းကလေးကို ပြုံးပြ လိုက်ပြီး
'သူကို ဘယ်မှာ တွေ့ခဲ့တာလဲ'
ဟု မေးလိုက်၏
မိန်းကလေးက လက်ကာပြလိုက်ပြီး
'ဒါ....ရှင့်ကိစ္စမဟုတ်ဘူး'
ဟု ပြောလိုက်၏။
'ငွေရောင်ဖျံလွှားသခင်က ရယ်မောလိုက်၏။
'သူ၏ရယ်မောသံနှင့် ရယ်မောဟန်က မိန်းကလေးတစ်ဦး
ကို ထင်မှတ်ရ၏။
'သူက ထိုသို့ရယ်မောလိုက်ပြီးမှ လက်ကို ဟန့်ပါပါဖြင့်
မေးရင်း....
'ဟုတ်ပါတယ်၊ ကျုပ်ကိစ္စမဟုတ်ပါဘူး၊ ဒါပေမယ့် တစ်
တော့ မေးပါရစေ'
ဟု ပြောလိုက်သည်။

မိန်းကလေးက မျက်မှောင်ကြုတ်ပြီး....'

'ဒီမှာ ရှင်က ရှင်ပြောတဲ့စကားကို ဖျက်ချင်တဲ့ သ
လား'

'ဟု လေသံမာမာဖြင့် မေးလိုက်၏။

ငွေရောင်ပျံလွှားသခင်လေးက မျက်ခုံးကို ဟန်ပါပါ
တင်ပြီး အင်္ကျီရင်ဘတ်ကြားထဲသို့ လှမ်းနှိုက်လိုက်၏။

ဆက်ပြန်ထွက်လာသောအခါ လက်ထဲမှ ငွေလွဲလက်မှ
တစ်ထပ်ပါလာ၏။

ငွေရောင်ပျံလွှားသခင်လေးက ငွေလွဲလက်မှတ်များကို က
လည်စွာ ရေတွက်လိုက်ပြီး တချို့ကို အင်္ကျီရင်ဘတ်ထဲကြား
ပြန်ထည့်လိုက်၏။

ပြီးမှ....

သူသည် ငွေလွဲလက်မှတ်များကို မိန်းကလေးထံ လှမ်
ပေးရင်း....

'ရော့... ညည်းအဘွက် တစ်ပြားမှမလျော့ဘူး'

ဟု ပြောလိုက်သည်။

မိန်းကလေးက ဘာမျှပြန်မပြောဘဲ ငွေရောင်ပျံလွှားသခ
လေး၏ လက်ထဲမှ ငွေလွဲလက်မှတ်များကို လှမ်းယူလိုက်သ
သည်။

သို့သော်....

သူက လက်ကို ရုတ်ဘရက်ပြန်ရုတ်လိုက်သောကြောင့် သူ
လက်သည် လေထဲ၌ရပ်တန့်သွား၏။

သူက မိန်းကလေးကို တစ်ချက်ကြည့်ပြီး

'ညည်းက သူကိုဖမ်းလာနိုင်တာ အံ့သြဖို့ကောင်းတယ်'

ဟု ပြောလိုက်၏။

သူမက စိတ်မချည်ဟန်ဖြင့် ရှိဖုန်းထိုင်နေသော ခေါင်း
သားကို မြင်းလှည်းပေါ်မှကန့်ခနလိုက်၏။

'ဆို့ကြောင်....

သူသည် ခေါင်းတလားနှင့်အတူ မြေပေါ်သို့ကျသွားလေ

မိန်းကလေးက ငွေရောင်ပျံလွှားသခင်လေးကို မျက်မှောင်
ကာ....

'ရှင်လိုချင်တာရပြီ၊ ပေးစရာရှိတာကိုပေး'

ဟု ခပ်မာမာပြောလိုက်၏။

သူက ရယ်မောပြီး....

'ညည်းရဲ့ဒေါသကုထိန်းစမ်းပါ၊ ကျုပ်က မပေးဘူးလို့
ပါဘူး၊ ဒါပေမယ့်'

သူက စကားကို ဆုံးအောင်မပြောဘဲ ရုပ်တန့်ထားလိုက်
သမကိုကြည့်လိုက်၏။

မိန်းကလေးက မျက်မှောင်ကြုတ်၍....

'ဒါပေမယ့် ဘာဖြစ်လဲ'

ဟု မေးလိုက်၏။

သူက ပြုံးကာ

'ဒါပေမယ့် ညည်းတို့နှစ်ယောက်က ကျုပ်ကို တစ်ပတ်
ကာ မဟုတ်ဘူးလို့ ဘယ်သူ့အာမခံမလဲ'

သူမက နှုတ်ခမ်းမဲ့လိုက်ပြီး....

ပြီးမှ....
သူသည် မိန်းကလေးကိုပြုံးပြပြီး
'ဟ.....ကျုပ်တို့ ကတိစကားနှင့်
ဟု ပြောလိုက်၏။
ဖုန်းနှုန်း၏စကားကြောင့် သူမသည် ရိုဖုန်းကို မျက်လုံးပြူး
ပြီး....
'ဘာကတိစကားလဲ'
ဟု အော်ဟစ်လိုက်သည်။
ရိုဖုန်းမှာ သက်ပြင်းချလိုက်ပြီး ဒွေရောင်ပျံလွှား သခင်
းကို ပခုံးတွန့်ပြပြီး....
'အဲဒါသာကြည့်တော့ မိန်းမများမယုံရဘူး'
ဟု ပြောလိုက်သည်။
ရိုဖုန်း၏စကားကြောင့် သူမသည် ရိုဖုန်းကို စားစောင့်
းတော့မတတ် ကြည့်ပြီး....
'ရှင်....ရှင်... ဘာပြောတာလဲ'
ဟု ဒေါသတကြီး အော်ဟစ်လိုက်သည်။
ရိုဖုန်းက ဘာမျှပြန်မပြောပါ။
ဒွေရောင်ပျံလွှားသခင်မလေးက ရယ်မောပြီး....
'အင်း.....ကျုပ်ဆင်တဲ့အတိုင်း ဖြစ်နေပြီထင်တယ်'
ဟု ပြောလိုက်သည်။
သူမသည် ဒွေရောင်ပျံလွှားသခင်လေးကို မျက်မှောင်
ကြုတ်ကြည့်လိုက်ပြီး....
'ရှင်က ဘာဆင်တာလဲ'

'ဘာတဲ့၊ ကျွန်မက သူ့ကိုဖမ်းလာခဲ့တယ်ဆိုတာ
မယုံလို့လား'
သူက ပြုံးရင်း...
'မိန်းကလေးက သူ့ကိုဖမ်းလာနိုင်တယ်ဆိုတာ
လို့မပါ'
ထိုစဉ်....
သူက မြေဖမ်းမှတလိုက်ပြီး ခန္ဓာကိုယ်ပေါ်မှ
မျှားကို လက်ဖြင့်ခါထုတ်လိုက်၏။
ပြီးမှ....
သူသည် မိန်းကလေးကို လှမ်းကြည့်လိုက်၏။
ထို့နောက်....
သူသည် ဒွေရောင်ပျံလွှားသခင်လေးကို ပြုံးပြကာ...
'စိတ်ချပါ၊ သူက ကျုပ်ကိုဖမ်းလာတာပါ'
ဟု ဝင်ပြောလိုက်သည်။
ရိုဖုန်း၏စကားကြောင့် ဒွေရောင်ပျံလွှားသည် ရိုဖုန်း
လှည့်ကြည့်ပြီး....
'မင်းက ဒီမိန်းကလေးရဲ့ အဖမ်းကိုခံရတယ် ဟုတ်လ
မယုံဘူးပဲ'
ဟု ပြောလိုက်၏။
သူက ပြုံးပြီး....
'အင်း.....တစ်ခါတရံမှာတော့ ကျုပ်ကလဲ အဖမ်းခံရ
တာကို မတတ်နိုင်ဘူး'
ဟု ပြောလိုက်သည်။

ဟု ဆိုးလိုက်၏။

ဒွေရောင်ပျံ လွှားသခင်လေးက ပြုံး၍....

'ညည်းက သူနဲ့ အပေးအယူလုပ်ပြီး ကျုပ်လက်ထ
အပ်မယ်၊ ဒွေရတဲ့အခါမှာ ညည်းက သူ့ကိုပြန်ပြီး ကယ်တ
သွားမယ် ဟုတ်တယ်မဟုတ်လား'

ဖျ ပြောလိုက်၏။

ရိဖုန်းက ပြုံး၍....

'အင်း....ဒါကြောင့်လဲ သိုင်းလောကမှာ ဒွေရောင်ပျံ လွှ
ရဲ့ နာမည်ဟာ ကျော်ကြားနေတာပဲ'

ဟု ဝင်၍ ပြောလိုက်၏။

မိန်းကလေးသည် နှုတ်ခမ်းကို တစ်ချက် ကိုက်လိုက်ပြီ
ရိဖုန်းအား စိမ်းစိမ်းကြည့်၍....

'ရှင်....ရှင်....မဟုတ်တာတွေကို ဘာဖြစ်လို့ ပြောနေရတာ
လဲရှင့်'

ဟု ပြောလိုက်သည်။

သူက ပြုံး၍...

'မိန်းကလေးကိုကျုပ်ပြောသားပဲ၊ ဒွေရောင်ပျံ လွှားသခ
လေးကို လိမ်လို့ မရဘူးလို့'

သူ၏စကားကြောင့် မိန်းကလေးသည် အသားမျှားတဆတ်
ဆတ် တုန်လာပြီး....

'ရှင်....ရှင်'

သူမသည် ဒေါသဖြစ်လွန်းသောကြောင့် မည်ကဲ့သို့ ပြန်၍
ပြောရမှန်းမသိ ဖြစ်နေ၏။

ရိဖုန်းက ဒွေရောင် ပျံ လွှား သခင်လေးကို မြှုံးမြလိုက်
သွင်....

'ကျုပ်ပြောတာကို သူက လက်မခံဘူး၊ ခင်ဗျားဟာ အလ
ားလူ၊ တွေးဒေအ တစ်ယောက်လို့ ပြောတယ်'

ဟု ပြောလိုက်၏။

ရိဖုန်း၏ စကားကြောင့် ဒွေရောင် ပျံ လွှား သခင်လေး၏
နှာသည် ဒေါသကြောင့် နီရဲလာပြီး မိန်းကလေးကိုခစ်
ကြည့်၍....

'ကျုပ်က သူ့ယောင်္ကျပ်စား မဟုတ်ဘူး'

ဟု ပြောလိုက်၏။

သူက ပြုံး၍....

'ကျုပ်ပြောပါတယ်၊ ခင်ဗျားဟာ တွေးဒေ တစ်ယောက်
ဟုတ်ဘူး၊ စဉ်းစားဉာဏ်ရှိတယ်၊ မိန်းမဉာဏ်နဲ့ လှည့်စားလို့
ရဘူးဆိုတာ ကျုပ် ရှင်းပြပါတယ်၊ ဒါပေမယ့် သူက လက်
ခံဘူး'

ဟု ပြောလိုက်၏။

ရိဖုန်း၏ စကားကြောင့် မိန်းကလေးသည် နှုတ်ခမ်းကို
တစ်ချက် ကိုက်လိုက်ပြီး သူ့ကို မျက်လုံးပြူး၍ ကြည့်ကာ....

'ရိဖုန်း....ရှင်ဟာ လူလိမ်လူညာ၊ ရှင့်ကို ကျွန်မ ကိုယ်တိုင်
သတ်မယ်'

ဟု ကြိမ်းဝါးလိုက်ပြီး ရုတ်တရက် အင်္ကျီအောက်မှ ဖွဲ့က်
ားသော ခားကို ထုတ်ယူလိုက်ပြီး ရိဖုန်းထံသို့ ခုန်အုပ်လိုက်
သည်။

'ထန်'

သံနှင့် သံချင်း ထိသံ ပြင်းထန်စွာ ထွက်ပေါ်လာပြီး မိန်းကလေး၏ ခေါင်းသည် ရီဖုန်း ရင်ဝမှ လွှဲချော် သွားလေတော့သည်။

ထို့ကြောင့်....

မိန်းကလေးသည် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်ပြီး ဘေးရောင် ပျံလွှား သခင်မလေးကို လှမ်းကြည့် လိုက်လေတော့သည်။

ဒွေးရောင် ပျံလွှား သခင်မလေး၏ ခေါင်းတစ်ခု ဟန့်တားလိုက်ပုံမှာ လွန်စွာ လှုပ်ပြန်သောကြောင့် မိန်းကလေးသည် ယိုင်ကြွသွားသည်အောင် ဖြစ်နေ၏။

သခင်မလေးက ပြုံးပြီး....

'ခားကို လက်ထပ်ဖို့ တစ်ယောက်လွှဲ၍ ခားအိမ်ထဲသို့ပြန်သည့်နှင့်....

'မင်းက သူ့ကို သတ်လို့ ဓရာဘူး'

ဟု ပြောလိုက်၏။

သူမက မျက်နှာကို တစ်ချက် ရှုံ့မဲ့ပြီး....

'ဟုတ်တယ်.. ဒါဆိုမယ့် အခု သူ့ကို ကျွန်မ သတ်ရလိမ့်မယ်'

ဟု ပြောလိုက်၏။

သခင်မလေးက....

'ဒါဆို ကျုပ်က တားရလိမ့်မယ်'

ဟု ပြောလိုက်သည်။

သူမ၏ လှုပ်ရှားမှုက အလွန်လျင်မြန်သည်။

သူမ ခေါင်းထုတ်ပို့က အလွန်ကျွမ်းကျင်၏။

ထို့ကြောင့်....

အဖြစ်အပျက်သည် မျက်တောင် တစ်ချက်ခတ်မျှသာ ကြာသည်။

သူမသည် ခားကို ကျင်လည်စွာ ဆုတ်ယူလိုက်ပြီး ရီဖုန်းကို သို့ ခုန်အုပ်၍ ရီဖုန်းကို ခားဖြင့် ဘိုးလိုက်လေတော့၏။

သူမ၏ လှုပ်ရှားမှုက မြန်ဆန်လွန်းသောကြောင့် သူမ၏ ရှောင်တိမ်းရန်ပင် အချိန်မရလိုက်ပါ။

ဘီသော်....

မိန်းကလေး၏ ခေါင်းမှာ သူမ၏ ရင်ဝသို့ ထိုးစိုက်လာလိမ့်မည်ဟု ကာဝေးခိုန်ဂ် ခေါင်းတစ်လက်သာ နှုတ်တရက် ရောက်ရှိလာပြီး မိန်းကလေး၏ ခေါင်းကို ဟန့်တားလိုက်လေတော့သည် မဟုတ်ပါလား။

* * *

သူမ ဘာမှ ထပ်မပြောတော့ပါ။

သူမသည် ခေါင်းကို လေထဲ၌ တစ်ချက် ဝှေ့ယမ်းပြီး ရိဖုန်းကို တိုက်ခိုက်လိုက်လေ၏။

'ဝှီး ဝှီး ဝှီး'

လေထုကို ခေါင်းဖြင့် ခွဲထုတ်လိုက်သော အသံ ဖြစ်ပေါ်လာပြီး မိန်းကလေး၏ ခေါင်းက ရိဖုန်းထံသို့ ရောက်ရှိလာလေတော့သည်။

ငွေရောင် ပျံလွှား သခင်လေးက ခေါင်းကို ဆွဲထုတ်ပြီး မိန်းကလေး၏ ခေါင်းအား ဝင်ရောက် ဟန့်တား လိုက်လေတော့သည်။

'ထန် ထန် ထန်'

ခေါင်းချင်း ထိခိုက်သံက အဆက်မပြတ် ပေါ်ထွက်လာသည်၊

မိန်းကလေးက ရိဖုန်းကို ခေါင်းဖြင့် ခုတ်သည်။

ငွေရောင် ပျံလွှား သခင်လေးက မိန်းကလေး၏ ခေါင်းကို ဝင်ရောက် ဟန့်တားသည်။

ဤသို့ဖြင့်....

မိန်းကလေးနှင့် သခင်လေးတို့သည် တစ်ဦးနှင့် တစ်ဦး ခေါင်းချင်း ယှဉ်ပြိုင်ရာ သိုင်းကွက်ပေါင်း သုံးဆယ်ကျော်သွား**ပြီဖြစ်** သည်၊

မိန်းကလေးက သခင်လေးကို အဓိကထား၍ တိုက်ခိုက်နေခြင်း မဟုတ်သကဲ့သို့ သခင်လေးကလည်း မိန်းကလေးကို တုံ့ပြန် တိုက်ခိုက်နေခြင်း မဟုတ်ပါ။

မိန်းကလေးက ရိဖုန်းကို တိုက်ခိုက်နေခြင်းဖြစ်ပြီး ငွေရောင် လွှားသခင်လေးက ရိဖုန်းအား ကာကွယ်ပေးနေခြင်း ဖြစ်သည်။

ထို့ကြောင့်

သိုင်းကွက်ပေါင်း သုံးဆယ်ကျော်လာသောအခါ သူတို့နှစ်ယောက်သည် တိုက်ခိုက်ခြင်းကို ရပ်တန့်လိုက်ပြီး တစ်ဦးကို တစ်ဦး ကြည့်လိုက်၏။

ပြီးမှ....

သူတို့ နှစ်ယောက်သည် ရိဖုန်းကို လှည့်ကြည့်လိုက်မိလေသည်၊

ထို့သို့ လှည့်ကြည့်လိုက်သည်နှင့် သူတို့ နှစ်ယောက်၏ မျက်ဝန်းများသည် ဝိုင်းစက် ပြူးကျယ်သွားပြီး....

'ရိဖုန်း'

ဟု ပြိုင်တူ အော်ဟစ်လိုက်လေသည်။

အဘယ်ကြောင့်ဆိုသော်....

ရိဖုန်းသည် ဤနေရာမှ ပျောက်ခြင်းမလှပျောက်ကွယ်သွားသောကြောင့်ပင် မဟုတ်ပါလား။

* * *

ရိဖုန်းသည် သစ်ပင်တစ်ပင်၏ ပင်စည်ကိုမှီ၍ အမောဖြေသိုက်၏။

ထို့နောက်

သူသည် ဆက်သက်၍မပြေးပါ။

သူ့အနေဖြင့် ဒွေရောင်ပျံ လွှား သခင်လေး၏လက်မှ လွတ်မြောက်ရန် ပြေးရမည် မဟုတ်ပါလား။

ဒွေရောင်ပျံ လွှား သခင်လေးသည် ကျောက်စိမ်းဒေဒီနှင့် ပတ်သက်လာလျှင် မိမိကိုအရှင်လတ်လတ် အရေဆုတ်လိမ့်မည်ဖြစ်၏။

မိမိသာမက မည်သူ့ကိုမဆို ကျောက်စိမ်းဒေဒီနှင့်ပတ်သက်လာလျှင် ဒွေရောင်ပျံ လွှားသခင်လေးက အသက်ရှင်ခွင့်မပေးနိုးခေါ့။

ဒွေရောင်ပျံ လွှားသခင်လေး၏ တိမ်ဖောက်ခံ ဆယ် နှစ်ကွက်သည် သိုင်းလောကဘဲ ကျော်ကြားသော အေးကွက်ဖြစ်သည်။

ဒွေရောင်ပျံ လွှား သခင်လေးနှင့် လှည့်ပြင်ခဲ့သူတိုင်းသည် သူ၏ တိမ်ဖောက်ခံ ဆယ် နှစ်ကွက်မပြည့်မီမှာပင် တမလွန်သို့ ကူးပြောင်းသွားခဲ့ရသည် မဟုတ်ပါလား။

ရိဖုန်းသည် လူစွန့်စားတစ်ဦး ဖြစ်သည်။

သို့သော်....

သူသည် သိုင်းပညာကို ထူးခြုံန်စွာ တတ်မြောက်ထားခြင်း မရှိပါ။

ထို့အပြင်....

ရိဖုန်းသည် မျက်လှည့်ဆရာများ၊ မှော်ဆရာကြီးများကဲ့သို့ ကိုယ်အင်္ဂါကိုက်တတ်ပါ။

သူသည် မြေလျှိုးမိုးပျံသောအတတ်ကိုလည်း တတ်မြောက်ထားခြင်း မရှိပါ။

သို့သော်....

သူသည် ပြေးလွှားခြင်းအတတ်တို့ ကောင်းစွာ တတ်မြောက်ထို့ကြောင့်

သူသည် ဒွေရောင်ပျံ လွှားသခင်လေးနှင့် အမည်မသိသော ဂူတစ်ရာသခင်မကြီး၏ တပည့်မိန်းကလေးတို့ တစ်ဖယောက်နှင့် တစ်ဖယောက် တိုက်ခိုက်နေချိန်မှာပင် မိမိ၏ ခြေထောက်ကို အားကိုးအားထားပြု၍ ထွက်ခွာပြေးလာခြင်း ဖြစ်သည်။

သူသည် သစ်ထောထဲသို့ ဝင်ရောက်ပြေးခဲ့ခြင်းမဟုတ်ပါ။

သစ်ထောထဲ၌ ဒွေရောင်ပျံ လွှား သခင်လေး၏တပည့်မူးရှိကောင်းရှိနိုင်သည်ဟု ယူဆထားသောကြောင့် ဖြစ်၏။

ထို့ကြောင့်....

သူသည် တောင်ကုန်းပေါ်သို့ ပြေးတက်ခဲ့ခြင်း ဖြစ်သည်။

သူသည် ဧတောင်ကုန်းတစ်ဒူးပြီး တစ်ခုကိုကျော်၍ပြေးလွှားနေ၏။

သူ၏ခြေထောက်များကို မြန်နိုင်သမျှမြန်အောင် ပြေးနေခြင်း ဖြစ်၏။

သူသည် သစ်ပင်များ ထူထပ်စွာပေါက်နေသော တောင်စောင်းတစ်ခုပေါ်သို့ ရောက်ရှိလေတော့သည် မဟုတ်ပါလား။

* * *

ရီဖုန်းထဲက ထိုသို့ ယှဉ်ပြိုင်ရခြင်းကိုလည်း နှစ်သက်သူ မဟုတ်ပါ။

အကယ်၍သာ ကျောက်စိမ်းဒေဝီနှင့် မပတ်သက်ခဲ့မိလျှင် ရီဖုန်းသည် ဒွေရောင်ပျံလှ်ားသခင်လေးနှင့် ထိပ်တိုက်တွေ့ရန် အကြောင်းမရှိပါ၊

မည်သို့ပင် ဖြစ်ပါစေ။

သူသည် ကျောက်စိမ်းဒေဝီနှင့် ပတ်သက်ခဲ့ပြီပြစ်၏။

ထို့ကြောင့်....

သူသည် ဒွေရောင်ပျံလှ်ား သခင်လေးလက်မှလွှတ်အောင် ပြေးရဦးမည် မဟုတ်ပါလား။

* * *

ကျောက်စိမ်းဒေဝီ....

အသက်ဆယ့်ရှစ်နှစ်၊ ဆယ့်ကိုးနှစ်ခန့်ရှိသောမိန်းကလေး တစ်ဦးဖြစ်၏။

အသားအရေဖြူဖွေးပြီး ရှုန်းလဲ့သောမျက်လုံး၊ ဖြောင့်စင်းသာ နှာတံ၊ နှင်းဆီဖူးကဲ့သို့ နှုတ်ခမ်းဖြင့် အလွန် လှပချောမောသော မိန်းကလေးဖြစ်၏။

သူမသည် ကျောက်စိမ်းဂေဟာ၏ သခင်မလေးဖြစ်၏။

ဒွေရောင်ပျံလှ်ား သခင်လေး၏ တစ်ဦးတည်းသော ညီမဖြစ်၏။

သူမနှင့်ဒွေရောင်ပျံလှ်ားသည် တစ်ယောက်နှင့်တစ်ယောက် ဝယ်နှစ်ကျော် အသက်ကွာ၏၊

ကျောက်စိမ်းဂေဟာ သခင်ကြီးမှာ သားသမီးသုံးယောက်ပြီး ကျောက်စိမ်းဒေဝီက အထွဋ်ဆုံးသမီးဖြစ်၏၊

ကျောက်စိမ်းဟောသခင်ကြီးဏှ သားသုံးယောက်တို့အနက် ဒွေရောင်ပျံလွှား သခင်လေးသည် သားအကြီးဆုံးဖြစ်၏။

ကျောက်စိမ်းဗေဒီ အသက်ငါးနှစ်အရွယ်၌ ကျောက်စိမ်းဟောနှင့် နဂါးနက်ဂိဏီးတို့ တိုက်ပွဲဖြစ်ကာ ကျောက်စိမ်းဟောသခင်ကြီး ကျဆုံးသွား၏။

ကျောက်စိမ်းဟော သခင်ကြီးနှင့်အတူ ဘုစ်ယမြောက်သားနှင့် တတိယသားနှစ်ဒယာတ်ပါ ကျဆုံးခဲ့၏။

နဂါးနတ်ဂိဏီးလည်း တစ်စစီ ပြိုကွဲသွားခဲ့၏။

ထိုအချိန်မှစ၍....

ဒွေရောင်ပျံလွှား သခင်လေးသည် ကျောက်စိမ်းဟော၏ အရှင်သခင် ဖြစ်သွားခဲ့၏။

သူသည် ကျောက်စိမ်းဟောကို ပြန်လည်ဆူထောင်ခဲ့ကြသည်။

တစ်ချိန်တည်းမှာပင်....

သူသည် တိမ်ဖောက်ခံားဆယ် နှစ်ကွက်ဖြင့် သိုင်းလေးကဟုင် နှာမည်ကျော်ကြားကာ ဒွေရောင်ပျံလွှား သခင်လေးဖြစ်လာခဲ့၏။

ဖခင်ဖြစ်သူ ကွယ်လွန်ပြီးနောက်သုံးနှစ်ခန့်ကြာသောအခါ မိခင် ကွယ်လွန်ခဲ့သည်။

အသက်ရှစ်နှစ်၊ ကိုးနှစ်ခန့်အရွယ်တွင် မိဘမဲ့ဖြစ်ခဲ့သော ကျောက်စိမ်းဗေဒီကို သခင်လေးသည် လိုလေသေးမရှိအောင် ပြုစုခဲ့ရသည်။

ကို အပြင် သူသည် သူ၏ညီမကို အလိုလိုက်၏။

သူ၏ညီမနှင့်ပတ်သက်လာလျှင် သူသည် အိမ်ရှေ့မင်းသား မျက်စိထဲ မထားတော့ချေ

ဤသို့ဖြင့်....

မည်သူမျှ ကျောက်စိမ်းဗေဒီနှင့် မပတ်သက်ရဲတော့ချေ။

ယခုလည်း ရိဖုန်းသည် ကျောက်စိမ်းဗေဒီနှင့် မပတ်သက်ပါ။

သို့သော်....

ကံကြမ္မာက သူနှင့် ကျောက်စိမ်းဗေဒီကို ဆုံတွေ့ပေးခဲ့သည် မဟုတ်ပါလား။

* * *

ရိဖုန်း၏ခြေထောက်များက ရိဖုန်း၏ခန္ဓာကိုယ်ကို သယ်ဆောင်နိုင်စွမ်းမရှိတော့ပါ။

ထို့ကြောင့်....

ရိဖုန်းသည် မြေပေါ်လဲကျသွားပြီး ဆင်ခြေလျော်အတိုင်း အောက်သို့ တလိမ့်ကောက်ကွေး လိမ့်ကျသွားလေတော့၏။

အကယ်၍သာ လမ်းခုလတ်၌ သစ်ပင်ကြီးတစ်ပင် ရှိမနေခဲ့လျှင် သူ၏ခန္ဓာကိုယ်သည် မည်မျှကြာအောင် လိမ့်ကျနေဦးမည်မသိပါ။

ဃခ....

သူ၏ခန္ဓာကိုယ်က ထိုသစ်ပင်နှင့်တိုက်မိကာ ရပ်တန့်သွားသည်။

ရှိဖုန်းသည် လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး သစ်ပင်ကို မှီ၍ ထိုင်လိုက်သည်။

ထိုကြောင့်....

သူသည် အသက်ကို ခပ်မှန်မှန်ရှူရင်း အမောဖြေနေသည်။

ထိုအချိန်တွင်....

အဝေးမှ ပြေးလွှားလာသော ခြေသံများကိုကြားလိုက်ရသည်။

ဌေးရောင်ပျဉ် လွှားသခင်သေး၏ အော်ဟစ်အမိန့်ပေးသံကို တိုက်ခတ်လာသောလေထဲမှ ကြားရ၏။

ရှိဖုန်းသည် ဦးခေါင်းကိုခါယမ်းပြီး ထိုင်ရာမှထလိုက်လေသည်။

သူသည် အမောပင်မပြေသေးပါ။

သို့သော်....

သူသည် ဌေးရောင်ပျဉ် လွှားသခင်လေးနှင့် ဝေးအောင် ပြေးရဦးမည် မဟုတ်ပါလား။

* * *

ရှိဖုန်း၏ အဝတ်အစားများသည် တချို့နေရာ၌ စုတ်ပြဲနေပြီဖြစ်သည်။

သူသည် ချုံတော ဆူးတောထဲမှဖြတ်၍ ပြေးခဲ့ရခြင်းကြောင့်လည်း အဝတ်အစားများ စုတ်ခဲ့ခြင်းဖြစ်၏၊

ရှိဖုန်းသည် အဝတ်အစားများစုတ်နေသည်ကို ဂရုမစိုက်ပါ။

သူသည် ဌေးရောင်ပျဉ် လွှားသခင်၏လက်မှ လွတ်မြောက်ရန် ရောက်ကြိုးနေ၏။

အဘယ်ကြောင့်ဆိုသော်

ဌေးရောင်ပျဉ် လွှားသခင်လေး၏ လက်ထဲသို့ ကျရောက်သွားက သူသည် ကျောက်စိမ်းဒေဝီနှင့် လက်တပ်ရတော့မည်ဖြစ်သည်မဟုတ်ပါလား။

ရှိဖုန်းသည် ဆရာကြီးဝေ၏ မွေးနေ့ပွဲ၌ ကျောက်စိမ်းဒေဝီဆုံတွေ့ခဲ့သည်။

ထိုသို့ ဆုံတွေ့ရခြင်းသည် ရှိဖုန်းအတွက် ကံကောင်းခြင်းပါ ကံဆိုးခြင်းလော၌ ခွဲခြားမရပါ။

ထိုနေ့မစ၍ကျောက်စိမ်းဒေဝီသည်ရှိဖုန်းထံသို့ အကြောင်းအကြောင်းရှာ၍လာခဲ့၏။

နောက်ဆုံး၌မူ

ရှိဖုန်းထံသို့ ဌေးရောင်ပျဉ် လွှားသခင်လေး လိုက်လာပြီး ကျောက်စိမ်းဒေဝီနှင့်လက်ထပ်ရန် နှားချခဲ့၏။

နှားချခဲ့သည်ဆိုခြင်းထက် ခြိမ်းခြောက်ခဲ့သည်ဟုပြောလျှင် မှန်မည်ဖြစ်သည်။

သူသည် သစ်ပင်များကြားထဲမှ ထွက်လာပြီးနောက် ဘောင်ကမ်းပါးစွန်းသို့ ရောက်ရှိလာ၏။

ဘောင်ကမ်းပါးစွန်းနှင့် မြစ်၏အကွာအဝေးမှာ ပေနှစ်ရာခန့်ရှိ၏။

ရီဖုန်းသည် နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး နောက်သို့သာမ်းကြည့်လိုက်သည်။

ခပြုံးလှုံးလာသော ခြေသံများက တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သည်။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ဘောင်ကမ်းပါးနံးမှနေ၍ မြစ်ကိုဇုံ ကြည့်လိုက်သည်။

ထိုစဉ်

သစ်ပင်များကြားမှ ဒွေရောင်ပျံ လှုံးသခင်လေး ထွက်လာသည်။

သူ၏တပည့်များကလည်း သစ်ပင်များကြားမှ ထွက်လာပြီဖြစ်သည်။

သူသည် ဒွေရောင်ပျံ လှုံးသခင်လေးကို တစ်ချက်လှည့်ကြည့်၍ ပြုံးပြလိုက်ပြီး ဘောင်ကမ်းပါးစွန်းမှနေ၍ မြစ်ထဲသို့ခုန်ချလိုက်လေတော့သည် မဟုတ်ပါလား။

* * *

အဘယ်ကြောင့်ဆိုသော်

ဒွေရောင်ပျံ လှုံးသခင်လေးက ကျောက်စိမ်းဒေဝီနှင့် တိုဖောက်ခားကို ရွေးချယ်ခိုင်းခဲ့သောကြောင့်ပင် မဟုတ်ပါလား။

ရီဖုန်းက ကျောက်စိမ်းဒေဝီကို ရွေးချယ်ခဲ့သည်။

သို့သော်....

ထိုနေ့မှစ၍ သူသည် ကျောက်စိမ်းဒေဝီတို့ကို ရှောင်တိမ်းခဲ့လေတော့သည် မဟုတ်ပါလား။

* * *

ရေစီးသံကို ရီဖုန်းကကြားလိုက်ရ၏။

တစ်ခဏတည်းမှာပင်

ပြေးလှုံးလာသော ခြေသံများကိုကြားရ၏။

ရေစီးသံက သူ၏ရှေ့မှဖြစ်သည်။

ခြေသံများက သူ၏နောက်မှဖြစ်၏။

ရီဖုန်းသည် နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး ရေစီးသံပေါ်သို့ ခုန်ဆင်းလာရာအရပ်သို့ ဦးတည်ပြေးလှုံးသွား၏။

မကြာမီ....

ရိဖုန်း၏ခန္ဓာကိုယ်သည် လေဟာနယ်ထဲသို့ ရောက်ရှိသွားသည်။

ရိဖုန်း၏ရင်ထဲ၌ တစ်ချက်မျှ စိမ့်ခနဲဘေးသွား၏။

ထို့နောက်

ပွမ်းဟူသော အသံနှင့်အတူ သူ၏ခန္ဓာသည် ရေအောက်သို့ နှစ်မြုပ်သွားသည်။

မြစ်ရေက အေးစိမ့်နေသည်။

သူ၏ကိုယ်သည် ရေအောက်သို့ ဝါးနှစ်ရိုက်သုံးရိုက်ခန့် အထိ နှစ်မြုပ်သွားလည်။

သူသည် ခြေလက်များကို အသုံးပြု၍ ရေမျက်နှာပြင်ပေါ်သို့ ကူးခတ်လိုက်သည်။

အတန်ငယ်ကြာသောအခါ

သူသည် ရေမျက်နှာပြင်ပေါ်သို့ ရောက်ရှိလာ၏။

သူသည် ရေမျက်နှာပြင်ပေါ်သို့ရောက်သည်နှင့် အသက်ကို ဝအောင်ရှူလိုက်သည်။

ထိုစဉ်....

သူ့ဆီသို့ လှေတစ်စင်းသည် လျှံမြန်စွာလှော်ခတ်လာသည်ကို မြင်လိုက်ရသည်။

သူသည် မိမိဆီသို့ လှော်ခတ်လာသောလှေကို ကြည့်နေစဉ်မှာပင်....

လှေကလေးသည် သူ၏နှုခေါင်းသို့ ရောက်ရှိလာသည်။

လှေသမားက သူကိုပြုံးပြလိုက်ပြီး

'ငိုးကောင်းကြီး ရိဖုန်းမဟုတ်လား'

လှေသမား၏စကားကြောင့် သူသည် လှေသမားကို တအံ့သြကြည့်လိုက်သည်။

လှေသမားက....

'ဟုတ်ပါဘယ်၊ ခင်ဗျားက လူစွန့်စားရိဖုန်းပါ'

ဟု ပြောလိုက်၏။

သူက မျက်ခမ်းငင်ကြည့်ပြီး

'ခင်ဗျားက ဘယ်သူလဲ'

ဟု မေးလိုက်၏။

လှေသမားက ပြုံးကာ

'ကျုပ် ဘယ်သူဘယ်ဝါဆိုတာ အရေးမကြီးပါဘူး၊ လှော်ရောက်မှ ပြောကြတာပေါ့၊ ရေက အေးတယ်'

ဟု ပြောလိုက်၏။

ရိဖုန်းက ဘာမှ မဒုံးတော့ပါ။

သူသည် လှေနံထိုးတွယ်၍ လှေပေါ်သို့ တက်လိုက်ပြီး လှေသမားနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်၏။

လှေပေါ်သို့ ရိဖုန်း ရောက်လာသည်နှင့် လှေသမားသည် လှော်တုံကို လှော်ခတ်၍ ထိုနေရာမှ ထွက်ခွာ သွားကြလေတော့သည်။

ရိဖုန်းသည် လှေသမားကို တစ်ချက် ကြည့်လိုက်၏။

လှေသမား၏ ပုံပန်းသဏ္ဌာန်သည် လှေသမားတစ်ယောက် မတူပဲ။

ထို့ကြောင့်....

ရိဖုန်းက သက်ပြင်းချပြီး....

'ဒီလှေက ခင်ဗျား‌ရဲ့ လှေလား'
ဟု မေးလိုက်သည်။
လှေသမား‌က ပြုံးပြီး....
'မဟုတ်ဘူး'
သူက မျက်ခုံးပင့်၍....
'ခိုးလာတာပေါ့'
လှေသမား‌က
'ငှားလာတာ'
သူက မျက်နှာရှုံ့မဲ့ပြီး....
'အပျော် လှေစီးဖို့လား'
လှေသမား‌က ပြုံး၍....
'အမှန်ပြောရရင် ခင်ဗျားသာ ရေထဲခုန်မချခဲ့ရင် ကျွန်တော်က ဒီလှေကို ငှားဖြစ်မှာ မဟုတ်ဘူး'
ဟု ပြောလိုက်သည်၊
လှေသမား၏ စကား‌ကြောင့် ရိဖုန်းသည် မျက်ခုံးပင့်တင်လိုက်ပြီး....
'ကျွန်တော်ကို ရေထဲက ဆယ်ဖို့လှော်'
လှေသမား‌က
'ခင်ဗျား‌က ဒီမြစ်ကို ဖြတ်ပြီး ကူးနိုင်လို့လား'
ဟုမေးလိုက်သည်၊
ရိဖုန်းက နှုတ်ခမ်းကို တွန့်၍ ပြုံးပြီး....
'ခင်ဗျား‌က ကျွန်တော်ကို မေတ္တာရှိလို့ လှော်ဆယ်တာ မဖြစ်နိုင်ဘူး'

ဟု ပြောလိုက်၏၊
လှေသမား‌ကခေါင်းညိတ်၍....
'မှန်တာပေါ့၊ ခင်ဗျား‌အတွက် ကျွန်တော်က ဘာဖြစ်လို့ ဒုက္ခခံမှာလဲ'
ဟု ပြန်ပြောသည်၊
သူက လှေသမား‌ကို စူးစိုက်ကြည့်ပြီး
'ဒါဖြင့် ဘယ်သူက ကျွန်တော်အတွက် ခင်ဗျား‌ကို ဒုက္ခခံခိုင်းရတာလဲ'
ဟု မေးလိုက်သည်၊
လှေသမား‌က ပြုံးလိုက်၏၊
သို့သော်
ဘာမျှ မပြောတော့ပါ၊
ရိဖုန်း‌က သက်ပြင်းချလိုက်ပြီး လွှေမိုးထဲသို့ ထွဲလျောင်းလိုက်၏၊
ပြီးမှ....
'ကျွန်တော်တစ်ရေးလောက် အိပ်နိုင်မယ် ဆင်တယ်'
ဟု ပြောလိုက်သည်၊
လှေသမား‌က ပြုံး၍....
'စိတ်ချ....ခင်ဗျား အိပ်နေတုန်း ခင်ဗျား‌ကို ရေထဲ ပစ်မချပါဘူး'
ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

* * *

တာဝေ နယ်စားကြီးသည် အခွန်အထုပ်များကို တိုးမြှင့်ကောက်ခံခြင်း၊ နယ်သူနယ်သားများ အပေါ် နှိပ်စက်ခြင်းတို့ကြောင့် နယ်သူနယ်သားတို့က တာဝေမြို့စားကြီးအား မကျေသော်လည်း ဘာမျှ မတတ်နိုင်ဘဲ နယ်စားကြီး ပြုသမျှကို ခံနေရ၏။

ထို့အပြင်....

တာဝေနယ်စားကြီး၏ လက်အောက်ခံ အမှုထမ်းနေသောသူကြီးများ၊ သိုင်းသမားများကလည်း မထင်မရှား မထင်သလို ပြုသူနယ်သံများကို နှိပ်စက် ညှင်းပမ်းလေ့ ရှိ၏။

ထို့ကြောင့်....

ယခင်နှစ်များစွာက စည်ကားခဲ့သော လူကျန်း မြို့သည် ခုအခါ၌ ကျီးလန့်စာစား ဖြစ်၍ တိတ်ဆိတ် ငြိမ်သက်နေသည်။

မိုးစွေလမ်းသည် လူကျန်းမြို့၏ လူစည်ကားသော လမ်းမကြီး တစ်ခု ဖြစ်၏။

သို့သော်....

ယခုအချိန်၌ ထိုမိုးစွေ လမ်းပေါ်၌ လူသူ ကင်းမဲ့နေလေသည်။

စမ်ယူးသည် နေ့ခင်းကြောင်တောင်ပင် လူသူ ကင်းမဲ့နေသော မိုးစွေလမ်းပေါ်၌ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်နေလေသည်။

သူ၏ လက်ထဲ၌ သားရေဖြင့် ပြုလုပ်ထားသော လက်ဆွဲအိတ်တစ်လုံးကို ကိုင်ထားသည်။

လူကျန်းမြို့....

မြောက်ပိုင်း တောင်ကုန်း ထူထပ်သော နယ်မြေကြီး တည်ရှိသည်။

တာဝေနယ်စားကြီး၏ စံအိမ်တော်ရှိသော မြို့ဖြစ်သည်။

လွန်ခဲ့သော ခြောက်လခန့်မှ စ၍ တာဝေနယ်စားကြီးသည် ရဲမက်အင်အားများဖို့ကို အသုံးပြုပြီး ကျေးရွာပေါင်း လေးဆယ်ကျော်နှင့် မြို့ပေါင်း ရှစ်မြို့အား သိမ်းပိုက်ခဲ့၏။

သူသည် မြောက်ပိုင်းဒေသ တစ်ခုလုံးကို လက်ဝါးကြီးအုပ်ရန် ကြံစည်နေသူ ဖြစ်၏။

သူ၏ လက်အောက်ခံ ထိပ်တန်း သိုင်းပညာရှင်ခေါင်းများစွာ ရှိသည်။

ထိုထိပ်သီး သိုင်းသမားများကို အားကိုးအားထား ပြု၍ ယခုကဲ့သို့ နယ်ချဲ့ခြင်းအား ဖြုတ်ပယ်ခဲ့ခြင်း ဖြစ်၏။

သူသည် ကျော်းဆရာ တစ်ယောက် ဖြစ်၏။

ထို့ပြင်....

သူသည် လုကျန်းမြို့သား ဖြစ်၏။

သူသည် လုကျန်းမြို့မှ ကလေးငယ်များကို စာသင်ကြား တတ်မြောက်စေရန် စာသင်ကျောင်း ဖွင့်၍ အခမဲ့ သင်ပေးခဲ့သည်။

သို့သော်....

တာဝေ နယ်စားကြီး တက်လာချိန်မှ စ၍ သူ၏ စာသင်ကျောင်းကို ပိတ်လိုက်ရ၏။

တာဝေနယ်စားကြီးက ယောကျ်ားမှန်သမျှ သိုင်းပညာကို အဓိက တတ်မြောက်ရမည်ဟု အမိန့် ထုတ်ပြန်ခဲ့သောကြောင့် ဖြစ်သည်။

သိုင်းပညာ တတ်မြောက်သူများထဲမှ ထူးချွန်သူများကိုသာ ဝေနယ်စားကြီးက ခေါ်ယူ၍ ခဲ့ီးမြှောက်ခဲ့၏။

ထို့ကြောင့်....

ဝမ်ယု၏ စာသင်ကျောင်း၌ စာသင်သား ဦးရေ တစ်ဆယ်တစ်စ နည်းပါးလာပြီး နောက်ဆုံးတွင် ဝမ်ယုသည် စာသင်ကျောင်းကို ပိတ်လိုက်ရလေတော့သည်တဲ့ မဟုတ်ပါလား။

* * *

ဝမ်ယုသည် သူ၏ ခြေလှမ်းများကို မိုးစေ့လမ်းမကျယ်ပေါ်မှ အဆောက်အအုံတစ်ခု၏ ရှေ့၌ရပ်လိုက်၏။

ထို့နောက်....

သူသည် မိမိရှေ့မှ အဆောက်အအုံကို တစ်ချက်ကြည့်လိုက်သည်။

အဆောက်အအုံ၏ ဝင်ပေါက်၌ ရဲမက်များစောင့်ကြပ်နေသည်။

အဆောက်အအုံ အရှေ့ဘက်လည်း ရဲမက်များဝင်ထွက်သွားလာလှုပ်ရှားနေ၏။

အဆောက်အအုံ၏ ခေါင်မိုး၌ အလုံတစ်ခု လွှင့်ထူထားသည်။

အဝါရောင်အောက်ခံပေါ်၌ အနက်ရောင်ချည်ဖြင့် တောင်ပံဖြန့်ထားနေသော သိမ်းငှက်ပုံအလံဖြစ်၏။

အလံက လေထဲ၌ တလူလူလွှင့်နေ၏။

ဝမ်ယုသည် သက်ပြင်းတစ်ချက်ချလိုက်၏။

ဤအဆောက်အအုံသည် ယခင်က လုကျန်းမြို့၏ မြို့တော်ခန်းမတစ်ခုဖြစ်၏။

ထိုမြို့တော်ခန်းမ၌ ဝမ်ယုသည် စာကြည့်တိုက်တစ်ခုကို ပြုစုပြုပြင်ထောင်မေးထား၏။

ယခု....

ထိုစာကြည့်တိုက် အခန်းသည် တန်ပင်၏ အခန်းအဖြစ် ပြောင်းလဲနေပြီဖြစ်၏။

တန်ပင်သည် ဝမ်ယု၏ ငယ်သူငယ်ချင်းဖြစ်၏။

သူသည် လူကျန်းမြို့၏ဇာတိမဟုတ်ပါ။
သူသည် ဘောင်ပိုင်းမှ ပြောင်းခဏ လာခဲ့သူဖြစ်၏၊
လူကျန်းမြို့သို့ တန်ပင် စာဘင်ရောက်ရှိခါနီက သူသည် ငါးနှစ်ခြောက်နှစ်သားမျှသာရှိသေး၏။
သူတို့မိသားစုသည် ငမ်ယု၏ ခြေရင်းအိမ်သို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်၏။
ထိုအချိန်မှစ၍
ဝမ်ယုသည် တန်ပင်နှင့် သူငယ်ချင်းများဖြစ်လာခဲ့ကြလေသည်။
ဝမ်ယုသည် လူကျန်းမြို့၏ လူချမ်းသာ ဆယ်ဦး စာရင်းဝင် အမှတ်စဉ်သုံး ရရှိထားသော သူဌေးကြီးဝမ်၏ တစ်ဦးတည်း သောသားဖြစ်၏။
ထို့ကြောင့်....
ဝမ်ယုသည် မိမိထက်သုံးလေးနှစ်ခန့်ငယ်သော တန်ပင်ကို မိမိ၏ ညီကဲ့သို့ ချစ်ခင်ခဲ့၏။
စာပေမညာရပ်၌ အားနည်းသော တန်ပင်သည်သိုင်းပညာ၌ ဝမ်ယုထက်သာ၏။
ထို့ကြောင့်....
အရွယ်ရောက်သောအခါ တန်ပင်သည် တာဝေနယ်စားကြီး၏ လက်အောက်၌ ရဲမက်အဖြစ်ဝင်ရောက်အမှုထမ်း လေသည်။
ယခု
တို့ထောင်းသော အချိန်ကာလအတွင်းမှာပင်တန်ပင်သည်

တာဝေနယ်စားကြီး၏ အရေးပါအရာရောက်သော လူတစ်ယောက်ဖြစ်လာခဲ့သည်မဟုတ်ပါလား။

* * *

တန်ပင်၏ အခန်းက အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်သည့် အခန်းဖြစ်သည်။
အခန်းက ကျယ်ဝန်းပြီး မျက်နှာကျက်က မြင့်မားလေသည်။
အခန်းတစ်ခုလုံး ပန်းပွင့်ပုံများ ဖော်ထားသော မွေးပွက်ဇောခင်းထားသည်။
ထို့ကြောင့်....
ရွှတ်တရက်ကြည့်ပါက အခန်း၏ ကြမ်းပြင်သည် ပန်းခင်းဘုံးသဖွယ်ဖြစ်နေသည်မဟုတ်ပါလား။
အခန်းထဲ၌ ကြီးမားသော မဟောဂဓိသားဖြင့် ပြုလုပ်သားသည့် စားပွဲကြီးတစ်လုံးရှိ၏၊
စားပွဲ၏ခြေ၌ နောက်မှီကုလားထိုင် သုံးလုံးရှိ၏။
စားပွဲ၏ ဝဲဘက်မျက်နှာပြင်ပေါ်၌ စာရွက်စာတမ်းများဖြင့် ပြည့်မားသည့် စက္ကူပုံတစ်ခုရှိသည်။

စားပွဲ၏ ယာဘက်မျက်နှာပြင်ပေါ်၌ စုတ်ဘဲ ထည့်သော
ခွက်နှင့် မင်ခွက်ရှိ၏။
ထို့အပြင်
အမျိုးအမည်ခွဲခြား၍ မရသော တံဆိပ်တွဲမျိုးစုံရှိ၏။
စားပွဲ၏ နောက်ဘက် နံရံပေါ်၌ နယ်စားကြီး၏ ပုံတူ
ဆေးရေး ပန်းချီကားတစ်ချပ်ကို ခွါတ်ဆွဲထားသည်။
မျက်နှာပေါ်၌ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး၊ ပါးဆိုင်း
မွေးများရှိသော်လည်း စူးရှသော မျက်လုံးအစုံကြောင့် တာ
ဝန်ယစ်စားကြီးသည် ခန့်ညား၍ သြဇာကြီးမားသော အသွင်
ဖြစ်ပေါ်နေသည်။
ထိုမျက်လုံးအစုံခကြောင့်ပင် အရပ် ငါးပေခန့်သာ မြင့်မား
သော နယ်စားကြီးသည် လူတိုင်းထက် ခေါင်းတစ်လုံး ပိုင်
မြင့်မားသည်ဟုထင်မှတ်ရ၏။
ထို့အပြင်
ထိုမျက်လုံးတစ်စုံကပင် သူ၏ ရှေ့သို့ ရောက်လာသူ အား
လုံးသည် အလိုလိုနေရင်း ခန္ဓာကိုယ်သေးငယ်သွားသည်ဟု ခံ
စားရသည် မဟုတ်ပါလား။
ဝမ်ယုသည် သက်ပြင်းတစ်ချက်ကို ချလိုက်ပြီး တံခါးကို
ခေါက်လိုက်၏။
တန်ပင်၏အခန်းတံခါးက ပိတ်ထားခြင်းမရှိပါ။
သို့သော်....
ဝမ်ယုက ဖွင့်ထားသော တံခါး၏ တံခါးရွက်ပေါ်သို့
လက်ဖြင့်ခေါက်လိုက်၏။

'ဒေါက်၊ ဒေါက်၊ ဒေါက်'
တံခါးခေါက်သံသုံးချက် ထွက်ပေါ်လာ၏၊
တံခါးခေါက်သံက ကျယ်လောင်စွာ ပေါ်ထွက်လာခြင်း
မဟုတ်ပါ။
မဟော်ဂနီရောင် တောက်ပြောင်သော စားပွဲ၌ စာတစ်
စောင်ကို စိတ်ဝင်စားစွာ ဖတ်ရှုနေသော တန်ပင်တစ်ယောက်
တည်းနိုင်ရုံသာ ဖြစ်၏။
တံခါးခေါက်သံကြောင့်....
တန်ပင်သည် သူ၏မျက်လုံးများကို စာရွက်ပေါ်မှကျော်၍
ခေါင်းဝသို့ လှမ်းကြည့်လိုက်၏။
သူသည် တိတ်ဆိတ်စွာ လက်ဝဲယမ်းပြလိုက်ပြီး လက်
ရှိ စာရွက်ကို ပြန်၍ဖတ်ရှုနေ၏။
ဝမ်ယုက အခန်းထဲ လှမ်းဝင်လိုက်ပြီး မဟော်ဂနီ စားပွဲ
တွင်ရှိသော ကျောမှီ လက်တင်ပါသည့် ကုလားထိုင်
တလုံး၌ ဝင်ထိုင်လိုက်၏။
တန်ပင်သည် လက်ထဲမှစာရွက်ကို စိတ်ဝင်စားစွာ ဖတ်ရှု
နေ၏။
ဝမ်ယုသည် အဖိုးထိုက်တန်သော အဝတ်အစားများကို
ဆင်ထားပြီး ဆံပင်ကို သပ်ရပ်စွာပြီးသင်ထားသော တန်
ပင်ကို တစ်ချက်ကြည့်လိုက်၏။
တန်ပင်သည် လက်ထဲမှစာရွက်ကို စိတ်ဝင်စားစွာ ဖတ်ရှု
နေခြင်းသည် တစ်ဖက်လူက သူ့အပေါ် စိတ်ဝင်စားပြီး အထင်
ကြီးစေရန် ဖြစ်ကြောင်း ဝမ်ယုက သိ၏။

ထို့ကြောင့်....

ဝမ်ယုသည် လက်ထဲမှစာရွက်ကို စိတ်ဝင်စားစွာ ဖတ်နေသော တန်ပင်ကိုကြည့်ပြီး စိတ်ပျက်စွာ သက်ပြင်းတစ်ချက်ကို ချလိုက်မိလေတော့သည် မဟုတ်ပါလား။

* * *

ဝမ်ယုသည် ကုလားထိုင်ပေါ်၌ ထိုင်နေသည်မှာ နာရီဝက်ကျော်နေပြီဖစ်၏။

ယခုအချိန်ထိ တန်ပင်သည် စကားတစ်လုံးမျှ မပြောသေးပါချေ။

သူသည် လက်ထဲမှစာရွက်ကို စာပုံပေါ်၌ ချထားလိုက်ပြီးနောက်....

စာပုံခေါင်းမှ စာရွက်စာတမ်းပုံကြီးကို တစ်လှည့်၊ အညိုမျဉ်းရောင် ကန့်လန့်ကာဖြင့် ကာထားသောပြတင်းပေါက်ကိုတစ်လှည့် အတန်ကြာအောင် ကြည့်နေ၏။

တန်ပင်သည် စာပုံပေါ်သို့ လက်ထောက်ပုံကို လက်ချောင်းများကို ယှက်ကာ ထိုလက်ချောင်းများပေါ်သို့ ခေါင်း၏ ဝမ်ယုကိုကြည့်လိုက်၏။

စာပုံခေါင်းမှ မြင့်မားသော စာရွက်စာတမ်း ပုံကြီး လည်းကောင်း၊

ကြီးမား၍ ပြောင်လက်နေသော မဟောဂဏီစားပွဲကြီး လည်းကောင်း၊

မွေးပွဲကောင်ဇောကို ခန်းလုံးပြည့် ခင်းထားသော ဝန်းသည့် အခန်းသည်လည်းကောင်း၊

ခြူးပန်းခြူးနွယ်များဖြင့် ပြုလုပ်ဆားပြီး အထဲ၌ထူး စာအုပ်များကို အစီအရီထည့်ထားသည့် နံရံကပ်ကျန်းဗီ သည် လည်းကောင်း၊

ယုတ်စွအဆုံး....

နံရံပေါ်မှ ကြီးမားသော တာဝေနယ်စားကြီး၏ဆေး မှန်းခြိုကားချပ်ကြီးသည် လည်းကောင်း၊

တန်ပင်က မိမိအပေါ် လူတိုင်းက အလွန်အရေးပါ ရောက် ပုဂ္ဂိုလ်တစ်ဦးကဲ့သို့ ထင်မှတ်စေရန် တမင်ဖန် ထားခြင်းဖြစ်သည်ဟု ဝမ်ယုက တွေးလိုက်၏။

လူတိုင်းသည် မိမိတို့၏ လုပ်ရည်ကိုင်ရည်ထက် အ အယောင်များကိုပြသုံး မိမိတို့ကို လူတိုင်းက အထင်ကြ ရန် ဖန်တီးနေကြသည် မဟုတ်ပါလား။

လူတိုင်းကလည်း....

လူတစ်ယောက်၏တန်ဖိုးကို ထိုလူ၏စားပွဲပေါ်မှ စာ စာတမ်း ပုံများကိုလည်းကောင်း၊

အသုံးပြုခွင့်ရှိသော ဟဆိပ်တူးမျှားကို လည်းကော ကြည့်ပြီး ဆုံးဖြတ်သတ်မှတ်နေကြသည် မဟုတ်ပါလား။

တန်ပင်သည် ကုလား‌ထိုင်ကို နောက်ကျော‌မှီ၍ မိမိ၏ခန္ဓာကိုယ်ကို သက်သောင့်သက်သာ ပြင်ဆင်လိုက်သည်၊

ပြီး‌မှ....

သူသည် ပထမဆုံး‌အကြိမ် အသံထွက်လိုက်၏။

'အင်း'

ဟူသော သက်ပြင်း‌ချသံ ဖြစ်၏။

ဝမ်ယုက တန်ပင်၏နောက်ကျောဘက် နံရံပေါ်မှ တာဝေနယ်စား‌ကြီး၏ပုံတူ ဆေး‌ရေး‌ပန်း‌ချီကား‌ကို လှမ်း‌ကြည့်လိုက်သည်၊

ထို‌စဉ်....

တန်ပင်ထံမှ စကား‌သံ ထွက်ပေါ်လာ၏။

'ဝမ်ယု....အခုကိစ္စဟာ ဘယ်လောက် အရေး‌ကြီး‌တယ်ဆို‌တာ ခင်ဗျား‌သိတယ် မဟုတ်လား'

ဝမ်ယုက ခေါင်း‌ညိတ်ပြလိုက်၏။

တန်ပင်က ကုလား‌ထိုင်မှ ထလိုက်၏။

ပြီး‌မှ....

သူသည် တစ်စုံတစ်ခုကို လှမ်း‌ယူ‌ရန် လုပ်လှမ်း မမီသော‌ကြောင့် ခြေဖျား‌ထောက်လိုက်ပြီး ခန္ဓာကိုယ်ကို ခပ်ကြုကြ‌နေ‌အောင် ဆန့်လိုက်၏။

တန်ပင်သည် ပြတင်း‌ပေါက်သို့ လျှောက်သွား၏။

ပြတင်း‌ပေါက်သို့‌ရောက်သော‌အခါ....

အညို‌ဖျော့‌ရောင်လိုက်ကာကို အသာ‌ဆွဲဖယ်လိုက်ပြီး‌လျှင် အပြင်သို့ လှမ်း‌ကြည့်လိုက်၏။

သို့သော်....

သူသည် ယခုအထိ စကား‌တစ်လုံး‌မျှ မပြော‌သေး‌ပါ။

ထို့‌ကြောင့်....

ဝမ်ယုသည် စိတ်မရှည်ချင်တော့‌ပါ။

တန်ပန်ထံမှ စကား‌တစ်လုံး ထွက်ပေါ်လာ‌အောင် စောင့်ဆိုင်း‌နေ‌ရခြင်း‌မှာ....

ကမ္ဘာဦး‌လူသား‌တို့ နေ့နှင့်လကို မျှော်လင့်သကဲ့သို့ ဖြစ်နေသည်ဟု ဝမ်ယုစိတ်ထဲ၌ ခံစား‌လိုက်ရ၏။

သို့သော်....

ဝမ်ယုသည် ဘာမျှမ‌တတ်နိုင်ပါ။

သူသည် စိတ်မရှည်သော်လည်း တန်ပင်ထံမှ စကား‌သံတို့ ထွက်လာသည်အထိ စောင့်နေ‌ရသည်။

အဘယ်‌ကြောင့်ဆို‌သော်....

တန်ပင်သည် ယခင်ကတန်ပင် မဟုတ်တော့‌ပါ။

သူသည် တာဝေနယ်စား‌ကြီး၏ အရေး‌ပါ အရာ‌ရောက်သော လူတစ်ယောက် ဖြစ်နေ‌သော‌ကြောင့်‌ပင် မဟုတ်ပါ‌လား။

* * *

မိမိထက် အသက်ငယ်သော မိမိ၏ ယေပါင်းကြီးမော သူဝယ်ချင်းက ဟိတ်ဟန်ထုတ်နေသည်ကို ဝမ်ယုက အမြင် ကတ်ကတ်ဖြင့် ကြည့်နေရ၏။

သူသည် တန်ပင်ကို စိတ်ခုအောင် မပြောခဲ့ပါ။

တန်ပင်သည် တာဝေနယ်စားကြီး၏ အရေးပါ အရာရောက် သော လူတစ်ဦး ဖြစ်နေသည် မဟုတ်ပါလား။

လွန်ခဲ့သော သုံးရက်ခန့်က တန်ပင်သည် ဝမ်ယုဆီသို့ရောက် ရှိလာခဲ့၏။

သူသည် ဝမ်ယုက တည့်ခင်း ဧည့်ခံသော ညစာကို အား မနာထမ်း စားသောက်ရင်း မိမိသည် တာဝေ နယ်စားထံ၌ မည်မျှ မည်မျှ အရေးပါ အရာရောက်ကြောင်းကို နှာခေါင်း ကြီးခြင်း ကပိုးလောက်အောင် ကိုယ်ရည်ဆေး စကားများကို ပြော ကြားပြီးမှ လာရင်း ကိစ္စအား ပါးမိန့်စွတ် ပို၍မပြေးစေတော့ ဆွေးနွေးခဲ့၏။

ထို့အပြင်....

ထိုကိစ္စနှင့် စပ်လျဉ်း၍ မိမိ၏ ရုံးခန်းသို့ လာခဲ့ရန် မေတ္တာ ရပ်ခံခဲ့သည်။

တန်ပင်၏ စကားဆံ့ဉာဏ်မတွဲဘရင်ခံပါတယ်ဟု ပါရှိသော ကြောင့် မေတ္တာရပ်ခံခဲ့ခြင်း ဖြစ်သည်ဟု သတိမှတ် ရသော် လည်း သူ၏ စကားများက မလာမဖြစ် လာခဲ့ရမည်ဟု အဓိပ္ပာ ယေးနေခြင်းသာ ဖြစ်ကြောင်း ဝမ်ယုက နှာလည်ခဲ့လေတော့ သည်။

ထို့ကြောင့်

ငယ်ယုဆီသို့ တန်ပင်၏ ရုံးခန်းသို့ စိတ်ပျက်စွာဖြင့် ရောက် ခြင်းမင် ဖြစ်သည် မဟုတ်ပါလား။

* * *

တန်ပင်က ပြုတင်းပေါက်မှ အပြင်သို့ ငေးကြည့်နေရာမှ သူဘက်သို့ လှည့်လိုက်ပြီး....

နယ်စားကြီးက ဒီပစ္စည်းနဲ့ စိတ်ဝင်စားနေတယ်၊ ရယ္ယပိုင် ဖို့ကိုလဲ ဆုံးဖြတ်ထားပြီပြီ

ဟု ပြောလိုက်သည်၊

ဝမ်ယုက တာမျှ ပြန်မပြောပါ။

သူသည် တန်ပင် ပြောသမျှကိုသာ နားထောင်နေလေ သည်။

တန်ပင်က သူ၏ကြီးမားသော စားပွဲသို့ ပြန်၍ သွားကာ စားပွဲ၌ လက်သောက်ကာ ရပ်လိုက်၏။

ထိုသို့စားပွဲ၌ လက်တောက်၍ ရပ်နေသော ဟန်အမူအရာ သည် တာဝေ နယ်စားကြီး၏ ဟန်ပန်အမူအရာမင် ဖြစ်လေ သည်။

တန်ပင်သည် နယ်စားကြီးကို အားကျသူဖြစ်ရာ နယ်စား ၏စားပွဲ၌ လက်ထောက်၍ ရပ်သည့် ဟန်ပန် အမူအရာ အား အကြိမ်ပေါင်းများစွာ လေ့ကျင့်ခဲ့၏။

ထို့အပြင်

သူသည် တစ်ဖက်လူနှင့် စကားပြောသော အခါ၌လည်း တာဝေနယ်စားကြီး၏ ပြောဟန် ဆိုဟန်ကို အတုခိုး၍ ခပြာ လေ့ရှိသည်။

အခြေအနေအရ တန်ပင်သည် နယ်စားကြီး၏ ယုံကြည်အားကိုးခြင်း ခံနေရသူ ဖြစ်သည် မဟုတ်ပါလား။

တန်ပင်က ပြုံး၍ ကုလားထိုင်၌ သက်သောင့် သက်သာ ထိုင်လိုက်၏.

သူသည် ဝမ်ယုကို စူးစိုက်ကြည့်လိုက်ရင်း....

'အမှန်ပြောရရင် နယ်စားကြီး အနေနဲ့ ဒီပစ္စည်းရဲ့ တန်ဖိုးလောက်ကို စကားထဲ ထည့်ပြောဖို့ မလိုဘူး၊ ဒါပေမယ့်....'

တန်ပင်က စကားကို ဆုံးအောင် မပြောဘဲ ရပ်ထားလိုက်သည်။

ထိုသို့ စကားကို ဆုံးအောင် မပြောဘဲ ရပ်တန့်ထားလိုက်ခြင်းမှာ တန်ပင်သည် သူ၏ စကားအား ပို၍ လေးနက်စေပြီး ဘစ်ဖက်လူ စိတ်ဝင်စားအောင် ပြုလုပ် ဖန်တီးကြောင်း ဝမ်ယုက သိနေ၏။

တန်ပင်က စကားကို ခေတ္တ ရပ်တန့်လိုက်ပြီးမှ ဆက်ပြော သည်။

'ဒါပေမယ့်....နယ်စားကြီးဟာ ဒီပစ္စည်းရဲ့ နိမိတ်လက္ခဏာကို စိတ်ဝင်စားတယ်၊ ဒါကြောင့် သူက ဒီပစ္စည်းကို လိုချင်တာပါ၊ ပစ္စည်းပစ္စယ အနေနဲ့ကတော့ စိတ်ဝင်စားမှု မရှိပါဘူး'

ဝမ်ယုက ဘာမျှ ပြန်မပြောပါ။

နယ်စားကြီးသည် ပစ္စည်းတစ်ခု၏ နိမိတ်လက္ခဏာအပေါ် စိတ်ဝင်စားသည် ဆိုခြင်းမှာ ဝမ်ယုအတွက် ဒဏ္ဍာရီ ပုံပြင် သဖွယ်ဖြစ်နေ၏။

တန်ပင်သည် စားပွဲ၌ လက်ထောက်၍ ရပ်လိုက်ပြီး ဝမ်ကို စူးစိုက်ကြည့်လိုက်၏။

ပြီးမှ....

'နယ်စားကြီးက ဆုံးဖြတ်ချက် တစ်ခုကို ချပြီးရင် တယ်လုပ်တတ်တယ်ဆိုတာ ခင်ဗျား သိတယ် မဟုတ်လား'

ဟု ပြောလိုက်သည်။

ဝမ်ယုက ခေါင်းညိတ်ပြလိုက်၏။

သို့သော်....

ဝမ်ယုက မသိပါ။

နယ်စားကြီး၏ စိတ်ကူး၊ နယ်စားကြီး၏ ဆုံးဖြတ်ပြီးနောက် ပြုလုပ်တတ်သော အကျင့်ကို ဝမ်ယု မသိပါ။

မည်သို့ပင်ဖြစ်စေ....

သူက ခေါင်းညိတ်ပြသည်။

တန်ပင်က ပြုံးပြီး....

'ကောင်းတယ်၊ ခင်ဗျားက ဉာဏ်ထက်တယ်၊ သဘောပေါက် လွယ်တယ်၊ ဒါကြောင့် ကျုပ်က ခင်ဗျားကို ဒီတာဝန် ပေးဖို့ နယ်စားကြီးကို တိုက်တွန်းခဲ့တာပါ'

ဟု ပြောလိုက်၏။

ဝမ်ယုက သက်ပြင်းချလိုက်၏။

သူအနေဖြင့် တန်ပင်ကို အမြန် ကျေးဇူးတင်ရဦးမည်ဖြစ် သည်။

မတတ်နိုင်ပါ။

ယခု....

ထို့ကြောင့်....

သူထည် တန်ပင်၏ နေ့ခင်းဖက် နံရံပေါ်မှ တာဝေနယ်စား ကြီး၏ ပုံတူ ပန်းချီကားကို လှမ်းကြည့်မိသည်။

ပန်းချီကားထဲမှ နယ်စားကြီးက ဝမ်ယုကို မျက်လုံးပြူးပြဲ နေသကဲ့သို့ ထင်မှတ်ရ၏။

ထိုအချိန်ဘွင့်....

တန်ပင်သည် ဝါရင့် ကျောင်းဆရာ တစ်ဦး၏ လေသံမျိုး ဖြင့်....

'ဒီတော့ အခုကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်တို့က နှားလည် တက်ကမ်းဘဲ ပညာရှင် တစ်ယောက်ကို ထွေ့ဖို့ လိုအပ်နေပါ ပြီ...'

ဟု ပြောသည်။

ဝမ်ယုက ဘာမျှ ပြန်မပြောဘဲ တန်ပင်ကို ကြည့်လိုက်မိလေ သည်။

တန်ပင်က ရုတ်တရက် ပြုံးလိုက်ပြီး....

'ဝမ်ယု....ကျုပ်ပြောတာ မမှားဘူး မဟုတ်လား'

ဟု မေးလိုက်သည်။

သူက ခေါင်းညိတ်၍....

'မမှားပါဘူး'

တန်ပင်က ပြုံး၍....

'ဟုတ်တယ်.... မမှားဘူး၊ ကျုပ်က ထောင့်စုံ ဘက်စုံဟ ဟွေးခေါ်ထုတ်လို့ နယ်စားကြီးက ကျုပ်ကို အားကိုးနေ တာ'

ဟု ပြောလိုက်၏။

ထို့စကားကြောင့်....

ဝမ်ယုသည် မဲ့ရွဲ့သွားခြင်း မဟုတ်ပါ၊

တန်ပင်၏ ကိုယ်ရည်ကိုယ်ခသွေး စကားကြောင့် ဝမ်ယု၏စိတ် ရွဲ့သွားခြင်း ဖြစ်သည်၊

တန်ပင်သည် ဝမ်ယု၏ ငယ်ပေါင်းကြီးဖော် ဖြစ်သည်။

တန်ပင်၏ အရည်အချင်းကို ဝမ်ယုက ကောင်းစွာ သိပေ သည်။

တန်ပင်က ခေါင်းကို တဆတ်ဆတ် ညိတ်ရင်း....

'ကောင်းပြီ....ကျုပ်တို့ လိုအပ်တဲ့ ပစ္စည်းရှင်က ဘယ်လို ဘာရှိမျိုးလဲ၊ ရှေးဟောင်းပစ္စည်းတွေကို နှားလည်တတ်ကျွမ်း သလဲ၊ စွန့်စားရဲရဲပေါ့၊ သမိုင်းကြောင်းကို နှံစပ်ရမယ်၊ ဒီလို သာမျိုး မဟုတ်လား'

ဟု ပြောလိုက်သည်။

ဝမ်ယုက ဘာမျှ ပြန်မပြောခဲ့ပါ။

သို့သော်....

တန်ပင်သည် မိမိထံမှ မည်သည့်အရာကို လိုချင်နေမှန်း စားမိပြီဖြစ်သည်။

တန်ပင်က ပြုံးလိုက်ပြီး

'ကျုပ်....အခုလို ခင်ဗျားကိုခေါ်ပြီးတွေ့တာ အဲဒီ ပညာ တစ်ယောက် လိုချင်လို့ပဲ၊ ခင်ဗျားက ကျောင်းဆရာမဟုတ် ဘူး'

ဟု ပြောလိုက်၏။

'ဟုတ်ပါတယ်၊ ဒါကို ကျုပ်....နားလည်ပါတယ်၊ ဒါပေ
မယ့်'
ဝမ်ယုံ၏ စကားမဆုံးမီ တန်ပင်က လက်ကာပြပြီး....
'ဝမ်ယု၊ ဒါပေမယ့် တွေ့ဘာတွေ့ လုပ်မနေပါနဲ့။ ခင်ဗျား
အခုလို တန်ဖိုးမဖြတ်နိုင်တ မစ္စည်းမျိုးနဲ့ပတ်သက်ပြီး
တော်ကျမ်းနားလည်တဲ့ လူတစ်ယောက်ရှိတယ်ဆိုတာ ကျုပ်
ပြီးသားပါ၊ ခင်ဗျားနဲ့လဲ အခတ်ရင်းနှီးပါတယ်'
ဟု ပြောလိုက်သည်။
ဝမ်ယုက သက်ပြင်းချပြီး
'ချယ်ရီကျွန်းကလူကို ပြောတာလား'
ဟု ပြန်မေးလိုက်၏။
တန်ပင်က စားပွဲကိုခပ်ဖွဖွတစ်ချက်ပုတ်ပြီး
'ဟုတ်တာပေါ့၊ ကျုပ်ပြောတာ အဲဒီလူပဲ၊ ဒါနဲ့ နေစမ်း
ပါဦး၊ သူနာမည်က တယ်သူ'
ဟု မေးလိုက်၏။
ဝမ်ယုက နှုတ်ခမ်းကို လျှာဖြင့်လပ်လိုက်ပြီး....
'နာကာတာပါ'
တန်ပင်၏မျက်နှာက ဝင်းလက်သွားပြီး
'ဟုတ်တယ်....ဟုတ်တယ်၊ ကျုပ်မှတ်မိပြီ'
ဟု ပြောလိုက်၏။
ဝမ်ယုက သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်ပြီး....
'သူကိုရှာဖို့က လွယ်မှာမဟုတ်ဘူး'
ဟု ပြောလိုက်၏။

ဝမ်ယုက သက်ပြင်းချပြီး
'ကျုပ်က ကျောင်းဆရာတော့ဟုတ်ပါတယ်၊ ဒါပေမယ့်
ခင်ဗျားပြောတဲ့ကိစ္စနဲ့ ပတ်သက်ပြီး သိပ်ပြီးမနှီးစပ်ဘူး'
ဟု ပြောလိုက်၏။
တန်ပင်က ပြုံးလိုက်ပြီး
'ဒါပေမယ့် ခင်ဗျားမှာ ဒီကိစ္စပပက်သက်ပြီး နှီးစပ်တဲ့
လူရှိတယ် မဟုတ်လား'
ဟု မေးလိုက်၏။
ဝမ်ယုက ရုတ်တရက်အဖြေမပေးပါ။
တန်ပင်က ဝမ်ယုကိုစိုက်ကြည့်ပြီး
'ဒီကိစ္စချို့မှာ ကျွမ်းကျင်တဲ့ပညာရှင်တွေကို ခင်ဗျားက
ဆက်သွယ်နိုင်တယ် မဟုတ်လား'
ဟု ပြောလိုက်၏။
ဝမ်ယုက သက်ပြင်းချပြီး
'အင်း....ကျုပ်တို့ ဆွေးနွေးကြည့်ရမယ်ထင်တယ်'
ဟု ပြောလိုက်၏။
တန်ပင်က ခေါင်းယမ်းလိုက်ပြီး
'ဝမ်ယု အချိန်မရှိဘူး၊ ကျုပ်တို့မှာ ဆွေးနွေးဖို့အချိန်မရှိ
ဘူး၊ ကျုပ်တို့ဟာ နယ်စားကြီးရဲ့အမိန့်ကို နာခံဖို့ပဲရှိတယ်၊
နယ်စားကြီးက 'ခိုင်းတဲ့အလုပ်ကို ပြီးမြောက်အောင် ဆောင်
ရွက်ပေးဖို့ပဲရှိတယ်၊ ဒါကို ခင်ဗျားသဘောပေါက်မှာပါ'
ဟု ပြောလိုက်၏။
ဝမ်ဘက ခေါင်းညိတ်ပြီး

'ကျုပ်....ခင်ဗျားကို အမိန့်ပေးနေတာမဟုတ်ဘူး၊ ဒါပေမယ့် ဒီအမိန့် ဘယ်ကလာတယ်ဆိုတာ ခင်ဗျား သဘောပေါက်ဖို့ကောင်းတယ်'

ဟု ပြောလိုက်သည်။

စမ်ယုက ထက်ငြင်းချပြီး

'ကောင်းပြီ၊ ကျုပ် သူ့ကို တွေ့အောင်ရှာပါ့မယ်၊ ဒါပေမယ့် ခင်ဗျားကိုဒတ့် ကျုပ် သတိတစ်ခုပေးချင်တယ်'

ဟု ပြောလိုက်သည်၊

တန်ပင်က လက်ကာပြပြီး....

'ခင်ဗျားက ကျုပ်ကို သတိပေးစရာမလိုဘူး၊ ကျုပ်ဘာသာ ခင်ဗျားကို သတိပေးရမှာ'

ဟု ပြောလိုက်သည်၊

ပြီးမှ တန်ပင်က သက်ပြင်းချရင်း

'ခင်ဗျားက သူ့ကို အချိန်မီတွေ့အောင် မရှာနိုင်ရင် ခင်ဗျား အတွက် နယ်စားကြီးက ဘယ်လိုအပြစ်ဒဏ်ပေးမယ်ဆိုတာ ကျုပ်မပြောတတ်ဘူး၊ ဒါပေမယ့် ဘယ်လိုဖြစ်နိုင်တယ် ဆိုတာတော့ ခင်ဗျားရော ကျုပ်ရော ခန့်မှန်းနိုင်ပါတယ်'

ဟု ပြောလိုက်သည်၊

စမ်ယု သက်ပြင်းချလိုက်၏။

သူ၏ အာခေါင်များလည်း ခြောက်ကပ်လာသည်ဟုခံစားလိုက်ရသည်။

သူသည် တံတွေးကို မျိုချလိုက်၏။

ပြီးမှ....

တန်ပင်က မျက်မှောင်ကြုတ်ပြီး

'ဘာဖြစ်လို့လဲ'

ဟု မေးလိုက်၏။

ပြီးမှ....

စမ်ယုက ပခုံးတွန့်ကာ....

'သူက ကမ္ဘာကြီးတစ်ခုံလုံး သူအလုပ်လုပ်စရာ နေရာဟို လို့ ထင်နေကဲလို့၊ သူ့ကိုရှာလို့ ဘယ်လွယ်ပါ့မလဲ'

ဟု ပြောလိုက်၏။

တန်ပင်က ထိုင်ရာမှဆလိုက်ပြီး စားပွဲပေါ်သို့ လက်ဝါးနှစ်ဖက်ဖြင့်ထောက်ကာ စားပွဲပေါ်သို့ ခါးကို အနည်းငယ်လိုက်ပြီး....

'နယ်စားကြီးကို ခက်တာတွေ့ လွယ်တာတွေ့ ဒုက္ခပြဿနာ မရဘူး၊ ခက်တာကို ကျုပ်တို့ လွယ်အောင်လုပ်ရမယ်၊ လွယ်တာကို အမြန်ဆုံး ပြီးအောင်လုပ်ရမယ်၊ ဒါကို ခင်ဗျားက ဘာဖြစ်လို့ နားမလည်တာလဲ'

ဟု ပြောလိုက်သည်၊

စမ်ယုက ဘာမျှပြန်မပြောတော့ပါ။

တန်ပင်က သက်ပြင်းချပြီး

'စမ်ယု၊ သူကိုတွေ့အောင် အမြန်ဆုံးရှာပါ၊ ကျုပ်ပြောတာကို နားလည်ရဲ့လား'

ဟု ပြောလိုက်သည်၊

စမ်ယုက ဘာချပြန်မပြောပါ။

တန်ပင်က ဦးခေါင်းယမ်းပြီး

'ကောင်းပြီ၊ တစ်ခုခုတော့ ကြိုပြောထားမှယ်'
စာနပင်က
'ဘာများလဲ'
ဝမ်ယုက
'သူ့ကို အသုံးပြုရင်စေးကြီးမယ်'
တန်ပင်က အရေးမစိုက်ဟန်ဖြင့် လက်ကာ ပြလိုက်ရင်း....
'ကိစ္စမရှိဘူး'
ဝမ်ယုက
'ပြီးတော့ သူက သစ္စာသိပ်ရှိဘူး'
တန်ပင်က ပြုံးလိုက်ပြီး....
'ကျုပ်တို့မှာ သူ့ကို သစ္စာရှိလာအောင် သပ်နိုင်တဲ့ နည်းလမ်းတစ်ရပ်ကျော်ရှိပါတယ်၊ ခင်ဗျားကဲသာ သူ့ကိုတွေ့အောင် ခေါ်ပြီး နယ်စားကြီးဆီ ခေါ်လာခဲ့ပါ'
ဟု ပြောလိုက်၏။
ဝမ်ယု ဘာမျှပြန်မပြောတော့ပါ။
တန်ပင်က စကားပြောရလွန်း၍ မောပန်းဟန်ဖြင့် ကုလားထိုင်၌ ဝင်ခြေစမ်းလက်စမ် ထိုင်ချလိုက်ပြီး၊ လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။
ပြီးမှ....
သူသည် ဝမ်ယုကို စိတ်ပျက်ဟန်ပြင့် ကြည့်ကာ....
'အမှန်ပြောရရင် ဒီကိစ္စဟာ မနေ့ကတည်းက ပြီးနေဖို့ကောင်းတယ်'
ဟု ပြောလိုက်၏။

ဝမ်ယုသည် သက်ပြင်းတစ်ချက်ကို မသိမသာ ချလိုက်၏။ သူ၏ စိတ်ထဲမှလည်း နယ်စားကြီး၏ အနီးအပါး၌ တန်ခဲ့သို့ အထက်ဖားအောက်ဖိ တတ်သော ဘုံးဝအများသားလောက်များများ ရှိနေမလဲ ဟု တွေးလိုက်မိ၏။
တစ်ဆက်တည်းပင်
နယ်စားကြီးထည် မြောက်ပေးလျှင် ဟိဒင်းတက်အောင် ကာတ်သော လူစားလားဟုလည်း တွေးလိုက်မိ၏။
တန်ပင်က ဦးခေါင်းကို စိတ်ပျက်စွာ ခါယမ်းလိုက်ပြီး....
'ဒီမှာ....ဝမ်ယု၊ ကျုပ်ပြောတဲ့ကိစ္စကို မြန်နိုင်သမျှ အမြန်ဆောင်ရွက်ပါ၊ ဒီကိစ္စကို တစ်ခြားလူတွေကလဲ စိတ်ဝင်စားနေကြတယ်လို့ သတင်းရတယ်....
'ဒီလူတွေဟာ နယ်စားကြီးရဲ့ မဟာတရုတ်ပြည်သစ်ကို ဖျက်ဆီးရာမှာ အကျိုးပြုမယ် လူတွေ မဟုတ်ဘူး၊ ဒီတော့ ကျုပ်တို့က ဦးမှဖြစ်မယ်၊ ကျုပ်ပြောတာရှင်းရဲ့လား'
ဟု မေးလိုက်၏။
ဝမ်ယုက ခေါင်းညိတ်လိုက်ပြီး....
'ရှင်းပါတယ်'
တန်ပင်က ပြုံးလိုက်ပြီး....
'ဒါဆိုရင် ခင်ဗျားအနေနဲ့ ဒီအခန်းထဲမှာ ဆက်ပြီးရှိမနေသင့်တော့ဘူး'
ဟု ပြောလိုက်၏။
ဝမ်ယုက တန်ပင်ကို တစ်ချက်စူးစိုက်၍ ကြည့်လိုက်သည်။
ထို့နောက်

တန်ပင်က ထိုင်ရာမှထလိုက်ပြီး စားပွဲကိုပတ်၍ ဝမ်ယု၏
ပုခုံးသို့ ချဉ်းကပ်သွား၏။
"ထို့နောက်....
သူသည် ဝမ်ယုနှင့် မျက်နှာချင်းဆိုင် ရပ်တန့်လိုက်ပြီး....
ဝမ်ယုကို စိုက်ကြည့်လိုက်သည်။
"ပြီးမှ....
"ကျွပ်တို့ အခုပြောတဲ့ကိစ္စကို ဒီအခန်းထဲကနေ တယ်
မပြောကြပါစနဲ့၊ ကျွပ်ပြောတာ သဘောပေါက်
တယ် မဟုတ်လား"
ဟု ပြောလိုက်၏။
ဝမ်ယုက ခေါင်းညိတ်ပြလိုက်သည်။
မိမိကိုယ်ကို တစ်ဘက်လူက အထင်ကြီးစေရန် ဖန်တီးနေ
သော လူတစ်ယောက်ကို ဝမ်ယုသည် စကားပြောချင်စိတ်
ကုန်နေပြီဖြစ်သည်။
"ထို့ကြောင့်....
ဝမ်ယုသည် ခေါင်းညိတ် ထိုက်ခြင်းဖြစ်သည်။
တန်ပင်က ကျေနပ်စွာပြုံးလိုက်ပြီး ဆရာဖြစ်သူက အဖြေ
မှန်ကို ဖြေဆိုနိုင်သော တပည့်ကျောင်းသားအား မင်းတော်
ကယ်ဟူသော အဓိပ္ပာယ်ဖြင့် ပခုံးကိုပုတ်လိုက်သကဲ့သို့ ဝမ်ယု
ပခုံးကို ပုတ်လိုက်ရင်း....
"မအာင်မြင်ပါစေ"
ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

* * *

သူသည် ထိုင်ရာမှထလိုက်၏။
သူသည် ဤအခန်းထဲတွင် တစ်စက္ကန့်မျှ နေချင်စိတ်မရှိပါ
မိမိထက် အသက်အရွယ်ငယ်ပြီး မိမိလောက် ပညာတတ်
မြောက်ခြင်း မရှိသူက မိမိကိုအဓမ္မစီးမှုနေ၍ ဆရာကြီးလု
နေခြင်းကို ဝမ်ယုစိတ်ထဲမှ ရွံမုန်းနေမိသည် မဟုတ်ပါလား
အကယ်၍သာ....
တန်ပင်သည် နှစ်စားကြီးကမြောက်စားထားသော နှ
စားကြီး၏ အရေးပါအရာရောက်သော လူဘစ်ယောက်သာ
မဟုတ်ခဲ့လျှင်....
ထိုစားပွဲပေါ်မှ စာရွက်စာတမ်းပုံများဖြင့် ဖိသတ်ကောင်း
ဖိသတ်မိလိမ့်မည် ဖြစ်သည်။
သို့သော်....
လက်တွေ့၌ ဝမ်ယုသည် တန်ပင်ကို ဒေါသဖြစ်စေသည့်
စကားကိုပင် တစ်ခွန်းမျှမပြောရဲပါ
သူသည် သက်ပြင်းချလိုက်ပြီး အခန်းတွင်းမှတိတ်ဆိတ်စွာ
ပြန်လည်ထွက်ခွာသွား၏။
ထိုစဉ်
ဇာခါးဝသို့ ဝမ်ယုရောက်ရှိလာသောခါ....
သူ၏နောက်ဘက်မှ တန်ယု၏အသံ ပေါ်ထွက်လာ၏။
"ညီလေး....ဝမ်ယု၊ ခဏနေဦး"
တန်ပင်၏ ဟန့်တားမှုကြောင့် ဝမ်ယု၏ခြေလှမ်းများမှာ
ရပ်တန့်သွားပြီး....
တန်ပင်ကိုကြည့်လိုက်သည်။

ဝမ်ယုသည် အသောက်အစုံထဲမှ ထွက်လာ၏။

မိုးစွေလမ်းမပေါ်သို့ ရောက်သောအခါ လမ်းမပေါ်တွင် ယောင်လည်လည် ဖြစ်နေသော ခွေးတစ်ကောင်ကို ပိတ်ဆွဲလိုက်၏။

ထို့ကြောင့်....

ခွေးက ဂိန်ခနဲအော်မြည်ကာ ပြေးမိပြေးရာ ထွက်ပြေးသွား၏။

အဆောက်အအုံ ရှေ့၌ ကင်းစောင့်နေသော ရဲမက်နှင့်ကား က ဝမ်ယုကို လှမ်းကြည့်လိုက်၏.

ဝမ်ယုက မိမိကိုလှမ်းရဲကြည့်သော ရဲမက်နှစ်ယောက်ကို တစ်ချက်လှမ်းကြည့်ပြီး ထုံနေရာမှ ခြေလှမ်းခပ်သွက်သွက်ဖြင့် ထွက်လာခဲ့၏။

ဝမ်ယုသည် တန်ပင်၏ ရုံးခန်းထဲမှ ထွက်လာပြီးနောက် သူ၏ဒေါသမျှားကို ခွေးအပေါ်သို့ ပုံချလိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့်....

သူ၏ဒေါသမျှားသည် တစ်ဝက်ခန့်လျော့ကျသွားပြီး လွှဲအနည်းငယ် နေသာထိုင်သာ ရှိသွား၏။

သူသည် မိုးစွေလမ်းအတိုင်းလျှောက်လာပြီး ဘကြီးဖုန် လက်ဖက်ရည်ဆိုင်ထဲသို့ လှမ်းဝင်လိုက်၏။

ဘကြီးဖု၏ လက်ဖက်ရည်ဆိုင် မိုးစွေလမ်းနှင့်ဟော်လမ်း ထောင့်၌ရှိ၏။

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်ကတည်းက ဖွင့်ခဲ့သော လက်ဖက်ရည်ဆိုင် ဖြစ်၏။

ဝမ်ယုသည် စားပွဲဝင်ထိုင်လိုက်ပြီး လက်ဖက်ရည် တစ်အသားလုတ် ပေါက်စီတစ်ပွဲနှင့် နှုံးပေါင်းတစ်ပွဲ မှာလိုက်၏။

ပြီးမှ....

သူသည် နာကာတာနှင့် မည်သို့ဆက်သွယ်ရမည်ကို စဉ်းစားနေ၏။

ဝမ်ယု၏ စိတ်ရင်းအမှန်အတိုင်းဆို သူသည် နာကာတာနှင့် မဆက်ဆံချင်ပါ။

နာကာတာသည် အပြင်ပန်းအားဖြင့် ယဉ်ကျေးသိမ်မွေ့ဖြစ်၏။

သို့သော်....

သူသည် အလွန်အတွေစိတ် ကြီးမားသူဖြစ်၏။

မြေခွေးတစ်ကောင်ထက် ပို၍စဉ်းလဲသူဖြစ်၏။

ပုလွေတစ်ကောင်ထက် ကောက်ကျစ်ဉာဏ်များသူ ဖြစ်သည်။

မည်သည့် သစ္စာဖောက်မှုမျိုးကဲ့သို့၊ မည်သည့် ယုတ်မာစက်မှုမျိုးကိုမဆို ပြုလုပ်ရဲသူ ဖြစ်၏၊

သူသည် သူ၏သိုအင်ဆန်အသိုက် မိမိ၏ သွေးချင်းသားများကိုပင် ရက်စက်နိုင်သူဖြစ်၏၊

သို့ ကြောင့်....

ဝမ်ယုသည် နာကာတာနှင့် မဆက်ဆံချင်ပါ။

သို့သော်....

သူသည် နာကာတာကိုတွေ့အောင် ရှာရတော့မည်ဖြစ်၏။

နာကာတာသည် ကမ္ဘာတစ်ခုလုံးကို လှည့်ပတ်နေသည်
သည်၊
သူကိုရှာတွေ့ရန် နည်းလမ်းတစ်ခုသာ ရှိ၏။
ထိုနည်းလမ်းမှာ ညမွေးပန်းဂေဟာသို့ သွားရန်ပင်
သည် မဟုတ်ပါလား။

* * *

ညမွေးပန်းဂေဟာ....
ညမွေးပန်းဂေဟာ၏ လုပ်ငန်းမှာ နေရောင်အောက်မှ လုပ်
ငန်း မဟုတ်ပါ။
ထို့ကြောင့်....
ညမွေးပန်းဂေဟာသည် နေဝင်သည့်အချိန်၌ လုပ်ငန်းကို
စတင်ပြီး နေထွက်သည့်အချိန်၌လုပ်ငန်းသိမ်း၏။
သို့ဖြစ်၍....
ညမွေးပန်းဂေဟာသည် နေဝင်သည်နှင့် လူစည်ကားနေပြီး
နေထွက်သည်နှင့် တိတ်ဆိတ်ခြောက်ကပ်သွားတော့၏။
ယင်းဂေဟာ ဝမ်းယုရောက်ရှိလာချိန်၌ နေရောင်မပျောက်
သေးပါ။
နေဝင်ရန် သုံးနာရီခန့်လိုသေး၏။
ထို့ကြောင့်....
ဂေဟာ၏တံခါးမကြီးသည် ပိတ်နေဆဲဖြစ်၏။

ဝမ်ယုက တံခါးရှေ့တွင် ရပ်လိုက်၏။

ပြီးမှ....

တံခါးရွတ်ပေါ်မှ သံကွင်းကိုကိုင်၍ တံခါးကိုခေါက်လိုက်သည်။

'ဒေါက်၊ ဒေါက်၊ ဒေါက်'

တံခါးခေါက်သံက ခပ်ကျယ်ကျယ် ပေါ်ထွက်လာသည်။

တံခါးခေါက်သံအဆုံး၌ အတွင်းဘက်မှလျှောက်လာသည့် ခြေသံကိုကြားရ၏။

ခြေသံနှင့်အတူ ဗလုံးဗထွေး ရေရွတ်သံကိုပါ ကြားရ၏။

ခြေသံသည် တံခါးဝသို့ရောက်လာပြီး ရပ်တန့်သွားသည်။

ထို့နောက်....

မင်းတုပ်ဖြုတ်သံကိုပါ ကြားရ၏။

မင်းတုပ်ဖြုတ်သံအဆုံး၌ တံခါးရွက်ပေါ်မှ ချောင်းကြည့်သည့် တံခါးပေါက်တစ်ခု ပွင့်လာပြီး ထိပ်ပြောင်နေသော လူကြီးတစ်ယောက်၏မျက်နှာ ပေါ်လာ၏။

ထိုလူကြီးမျက်နှာက အလိုမကျဟန်ဖြင့် ရှုံ့တွနေသည်။

အနှောင့်အယှက် ပေးရကောင်းလားဟူသောအကြည့်ဖြင့် ဝမ်ယုကို တစ်ချက်ကြည့်လိုက်ပြီး....

'ဧည့်သည်လက်ခံချိန် မရောက်သေးဘူး'

ဟု ပြောလိုက်၏။

ဝမ်ယုက ပြုံးပြလိုက်ပြီး....

ငွေလဲစက္ကူနှစ်ရွက် ထုတ်ယူ၍ ထိပ်ပြောင်သောလူကြီးကို မြင်သာအောင် ပြလိုက်ရင်း....

'တကယ်လို့သာ ခင်ဗျားက ကျုပ်ကိုဝင်ခွင့်ပြုခဲ့ရင် မမကျွန်တော်က ခင်ဗျားကို ဆုချလိမ့်မယ်'

ဟု ပြောလိုက်၏။

ထိပ်ပြောင်နေသောလူကြီးက မျက်မှောင်ကြုတ်ကာ....

'သခင်မလေး အိပ်နေတယ်'

ဟု ပြောလိုက်၏။

ဝမ်ယုက ပြုံးလိုက်ပြီး....

'နှိုးလိုက်ပါ'

ဟု ပြောလိုက်၏။

ထိပ်ပြောင်နေသော လူကြီးက ဝမ်ယု၏လက်ထဲမှ ငွေလွဲစက္ကူနှစ်ရွက်ကို တစ်ချက်ကြည့်လိုက်ပြီး....

'သခင်မလေးက ကျုပ်ကိုဆူလိမ့်မယ်'

ဟု ပြောလိုက်၏။

ဝမ်ယုက ပြုံးလိုတ်ပြီး....

'တကယ်လို့သာ ခင်ဗျားက ကျုပ်ရောက်နေတယ်ဆိုတာ သခင်မလေးကို ချက်ချင်းအကြောင်းမကြားလို့ ခင်ဗျားကို အလုပ်ထုတ်ပစ်ရင် ကျုပ်အဆိုးမပြောနဲ့'

ဟု ပြောလိုက်၏။

ဝမ်ယု၏စကားကြောင့် ထိပ်ပြောင်နေသော လူကြီးသည် ခတ္တဝေဆွေး၏။

ပြီးမှ....

သူသည် တံခါးဖွင့်မေးလိုက်၏။

ထို့နောက်....

သူမသည် သူမ၏မျက်နှာကို လွှန်ကဲစွာ ခြယ်သထားလေ့ရှိ၏။

သူမသည် အသက်ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်ခန့်မှစ၍ ကြေးစားမယ်တစ်ယောက် ဖြစ်လာခဲ့၏။

သို့သော်

သူမသည် အလွန်ဥာဏ်ထက်သူဖြစ်၏။

အချို့ကြိုက်သူကိုအချို့။

အချို့ကြိုက်သူကိုအချို့ ပြုစုပေးနိုင်စွမ်းရှိသည်၊ ဤသို့ဖြင့်

အသက်နှစ်ဆယ့်၄ ၂းနှစ်အရွယ်၌ သူမသည် သူမကိုယ်ပိုင် ညမွေးပန်းဂေဟာကို တည်ထောင်နိုင်ခဲ့ပြီဖြစ်၏။

ဤလုပ်ငန်းဖြင့် သူမသည် ချမ်းသာကြွယ်ဝလာ၏။

လူကုံထံလောကထဲသို့ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ပြီ ဖြစ်သည်၊

သူမထံ၌ ဂယ်ရွယ်လှပသော မိန်းကလေးများကိုသာ ထားရှိခြင်းကြောင့် သူမ၏ ညမွေးပန်းဂေဟာသည် လူကုံထံ အသိုင်းအဝိုင်းထဲ၌ အလွန်ရေပန်းစားနေသော ဂေဟာတစ်ခု ဖြစ်သည်။

အခကြေးငွေတို့ ကြီးမြင့်ထားခြင်းကြောင့် သူမ၏ ညမွေးပန်းဂေဟာသို့ ခေတ်ရဲ့တန်ရဲ့လူများ လာရောက်ပျော်ပါးနိုင်ခြင်း မရှိခဲ့။

၀မ်ယုသည် ညမွေးပန်းဂေဟာ၏ ဖောက်သည်တစ်ဦး မဟုတ်ဖ။

သူသည် ၀မ်ယုထံမှ ငွေလွဲစက္ကူနှစ်ခွက်ကို လှမ်းယူကာ အိတ်ထဲထည့်လိုက်ပြီး....

'ဘယ်သူက တွေ့ချင်တယ်လို့ ပြောပေးရမလဲ'

ဟု မေးလိုက်၏။

၀မ်ယုကပြုံးပြီး အဆဲသို့လှမ်း၀င်လိုက်ရင်း....

'၀မ်ယုကတွေ့မျှင်တယ်လို့ ပြောလိုက်ပါ'

ဟု ပြောလိုက်၏။

ထိမ်ပြင်လူကြီးက တံခါးကိုပြန်ပိတ်ရင်း ၀မ်ယုအား ဆဲခန်းဆော်သို့ ခေါ်ဆောင်သွားတော့သည် မဟုတ်ပါလား။

* * *

မေကျင်သည် အသက်သုံးဆယ်ကျော်ခန့်သာ ရှိသေး၏။ လုံးကြီးမေါက်လှ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားသူ ဖြစ်လေသည်။

မျက်နှာကို လွှန်ကဲစွာ အလှပြင်ထားခြင်းမရှိလျှင် ချောမောလှပသည့် မိန်းကလေးတစ်ယောက်ဟု ပြောနိုင်သည်၊

သို့သော်

သို့သော်....

သူသည် ညမှောင်ပန်းဂေဟာပိုင်ရှင် မကျင်၏မိတ်ဆွေ ဖြစ်သည်၊

သူနှင့် မကျင်တို့ နှစ်ယောက်ကို ညမှောင်ပန်းဂေဟာ၏ ဖောက်သည်တစ်ဦးဖြစ်သော နာကာဓာက မိတ်ဆက်ပေးခြင်းကြောင့် ဖြစ်သည်။

မကျင်သည် ယောကျ်ားများစွာနှင့် တွေ့ဆုံမိတ်ဆက်ဖူးသည်။

ထိုယောကျ်ားများသည် မကျင်၏ရင်ကို လှုပ်ခတ်နိုင်စွမ်းမရှိခဲ့ပါ။

သို့သော်....

မကျင်သည် ဝမ်ယုကို မြင်တွေ့လိုက်သည်နှင့် သူမ၏ရင်ကို လှုပ်ခတ်သွားပြီး သူမ၏ တိမ်မြုပ် ဗျောက်ကွယ်နေသော အချစ်စိတ်သည် ရှင်သန်နိုးကြားလာခဲ့လေတော့သည် မဟုတ်ပါလား။

* * *

ညှဉ့်ခန်းထဲသို့ မကျင်သည် မပြေးရဲတမယ် ဝင်ရောက်လာခဲ့၏။

သူမသည် ညှဉ့်ခန်းထဲ၌ထိုင်နေသော ဝမ်ယုကို မြင်တွေ့လိုက်သည်နှင့် ပြုံးလိုက်ပြီး....

'ဘယ်လေတိုက်လို့ ရောက်လာတာလဲ'

ဟု မေးလိုက်သည်။

ဝမ်ယုက ထိုင်ရာမှထလိုက်ပြီး မကျင်ကိုပြုံးပြကာ....

'ဒီကို တမင်ဆက်သက် လာခဲ့တာပါ'

ဟု ပြောလိုက်၏။

မကျင်က မျက်ခုံးကို လှုပ်ရှာပင့်တင်လိုက်ရင်း....

'ထူးဆန်းတယ်၊ ရှင် ဒီကို တစ်ခါမှမလာခဲ့ဖူးဘူး'

ဝမ်ယုက ခေါင်းညိတ်ပြီး

'ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီကိုမလာရင် မဖြစ်တဲ့အကြောင်းရှိလို့ပါ'

ဟု ပြောလိုက်၏။

ဝမ်ယု၏စကားကြောင့် မကျင်၏ရင်ထဲ၌ လှုပ်ခတ်သွားသည်။

သူမသည် ဝမ်ယု၏စကားကို သူမအလိုရှိသလို အတွေးပေါက်ပြီး ရင်ဖိုသွားခြင်းဖြစ်သည်။

ထို့ကြောင့်....

သူမသည် ဝမ်ယုကို ချန်းချန်းစားစား တစ်ချက်ကြည့်လိုက်ပြီး....

'ဘယ်လိုအကြောင်းများလဲ'

ဟု ပြောလိုက်၏၊
မေကျင်က ဝမ်ယုကို အံ့အားသင့်တန်ဖြင့် တစ်ချက် ကြည့်လိုက်ပြီး....
'ကျွန်မက သူ့အမေမှမဟုတ်ဘဲ'
သူက ပြုံးပြီး၍....
'ဟုတ်ပါတယ်၊ ဒါဒေမယ့် နာကာတာဟာ တယ်နေရာကို ရောက်ရောက် ခင်ဗျားကို လှမ်းပြီးဆက်သွယ်တတ်တယ်မဟုတ်လား'
ဟု ပြောလိုက်သည်၊
မေကျင်က သက်ပြင်းချလိုက်ပြီး
'သူ့ကို ခုတ္တဖို့ကိစ္စက အတော်အရေးကြီးလား'
ဟု မေးလိုက်၏၊
သူက ခေါင်းညိတ်ပြီး....
'ဟုတ်ကဲ့၊ အရေးကြီးပါတယ်'
မေကျင်က တစ်ချက်မျှ စဉ်းစားဟန်ပြုလိုက်ပြီး....
'ဘယ်လိုအရေးကြီးတဲ့ကိစ္စလဲ'
ဟု မေးလိုက်၏၊
သူက နာကာတာကို ရှာရသည့်အကြောင်းရင်းကို ပြောပြနိုင်ပါးစပ်ပြင်လိုက်ပြီးမှ တန်ပင်၏ သတိုးမေးစကားကို အမှတ်ရကာ....
'ဒါတော့ ကျွန်တော် မပြောပါရစေနဲ့'
ဟု ပြောလိုက်၏။
မေကျင်က မျက်မှောင်ကုတ်ပြီး....

ဝမ်ယုက
'ဒီလိုပါ၊ ကျွန်တော့်အနေနဲ့ နာကာတာကို အရေးတကြီးတွေ့ဖို့ လိုအပ်နေပါတယ်'
ဟု ပြန်ပြောလိုက်၏။
ဝမ်ယု၏စကားကြောင့် မေကျင်၏မျက်နှာပေါ်၌ စိတ်မပျက်ဟန် မသိမသာဖြစ်ပေါ်လာပြီး....
'နာကာတာက ဒီမှာမှမနေဘဲ'
သူက ပြုံးကာ
'ဟုတ်ပါတယ်၊ ဒီမှာ နာကာတာမနေဘူးဆိုတာကိုကျွန်တော်သိပါတယ်'
ဟု ပြောလိုက်၏။
မေကျင်က ပြုံးလိုက်ပြီး
'ဒါဆို ရှင်က ဒီကို ဘာဖြစ်လို့လာရတာလဲ'
သူက ပြုံးပြီး....
'ဒီလိုပါ၊ ခင်ဗျားနဲ့နာကာတာဟာ အတော်ရင်းနှီးတယ်မဟုတ်လား'
ဟု ပြောလိုက်သည်။
မေကျင်က မျက်ခုံးပင့်ရင်း
'အဲဒါနဲ့ တယ်လိုသက်ဆိုင်လို့လဲ'
သူက ပြုံးပြီး....
'ဒီလိုပါ၊ ခင်ဗျားနဲ့နာကာတာက အင်မတန်ရင်းနှီးတော့ နာကာတာကို ဘယ်မှာရှာရမယ်ဆိုတာ ကျွန်တော့်ကို ပြောနိုင်မလားလို့ပါ'

'ဘာကိစ္စဆိုတာ မပြောနိုင်ဘဲ ဘာဖြစ်လို့ အရေးကြီးတယ်လို့ ပြောရတာလဲ'

ဟု မေးလိုက်၏။

ဝမ်ယုက သက်ပြင်းချပြ....

'ပြောလို့ မဖြစ်တဲ့ ကိစ္စမို့ပါ၊ ကိစ္စကတော့ တကယ် ကို သေရေးရှင်ရေးပါပဲ'

ဟု ပြောလိုက်သည်။

မေကျင်က မျက်မှောင်ကုတ်ရင်း....

'သူအတုက်လား'

ဟု မေးလိုက်၏။

ဝမ်ယုက ခေါင်းခါယမ်းပြီး....

'ကျန်တော့် အတွက်ပါ'

ဟု ပြောလိုက်၏။

သူ၏ စကားကြောင့် မေကျင်သည် သူ့ကို တအံ့တသြကြည့်ကာ....

'ရှင့်အတွက် ဟုတ်လား'

ဟု မေးလိုက်၏။

သူက ခေါင်းညိတ်ပြီး....

'ဟုတ်ပါတယ်၊ ကျန်တော့် အတွက် သေရေး ရှင်ရေးတမ္မ အရေးကြီးပါတယ်'

ဟု ပြောလိုက်၏။

သူမက တစ်ချက်မျှ စဉ်းစားပြီး....

'ကောင်းပြီလေ....ရှင့်အတွက်ဒီလောက် အရေးကြီးမှတော့ ကျွန်မက လက်ပိုက်ကြည့်မနေပါဘူး'

ဟု ပြောလိုက်သည်။

သူက ခေါင်းညိတ်ပြီး....

'ကျေးဇူးတင်ပါတယ်'

ဟု ပြောလိုက်၏။

သူမက ပြုံးပြီး....

'အရမ်းလဲ့ ကျေးဇူးမတင်နဲ့ဦး'

ဟု ပြောလိုက်သည်။

မေကျင်၏ စကားကြောင့် ဝမ်ယုသည် ကြောင်အမ်းအမ်းဖြစ်၍....

'ဘာဖြစ်လို့လဲ'

ဟု မေးလိုက်၏။

သူမက ပြုံးပြီး....

'ကျန်မကလဲ ရှင့်ဆီက အကူအညီတစ်ခု ပြန်တောင်းမလို့ပါရှင့်'

ဟု ပြောလိုက်သည်။

သူမ၏ စကားကြောင့် ဝမ်ယုက ခေါင်းညိတ်ပြီး....

'ဟုတ်ကဲ့....ပြောပါ၊ ကျန်တော် ဘာကူညီရမလဲ'

ဟု မေးလိုက်၏။

မေကျင်က ဝမ်ယုကို အဓိပ္ပာယ်ပါသော မျက်လုံးတစ်စုံဖြင့် ကြည့်လိုက်ပြီး....

'ဒီည....ရှင်ကျန်မနဲ့ အတူနေပေးပါလား'

လေ့သမားထံသို့ လှမ်းလျှောက်သွားသည်။
လေ့သမားက မြင်းမျှားကို မြင်းလှည်းဘီး တပ်ဆင်နေရာမှ
နှုန်းကို လှမ်းကြည့်ပြီး....
'ခင်ဗျား နိုးလာပြီလား၊ ကောင်းပါတယ်၊ ခင်ဗျားမနိုး
ကျွပ်က နှိုးတော့မလို့ပဲ'
ဟု ပြောလိုက်၏။
ရိဖုန်းက မြင်းလှည်းကို တစ်ချက် ကြည့်ပြီး....
'ခင်ဗျားက မြင်းလှည်းမောင်းဦးမှာလား'
ဟု မေးသည်။
လေ့သမားက ခေါင်းညိတ်၍....
'ဟုတ်ပါတယ်'
ဟု ပြန်ဖြေလိုက်၏။
ရိဖုန်းက သက်ပြင်းချလိုက်ပြီး
'ကျွပ်မပါဘဲ ခင်ဗျားက မြင်းလှည်းကို မောင်းမှာမဟုတ်
ဘူး ထင်တယ်'
ဟု ပြောလိုက်၏။
လေ့သမားက ခေါင်းညိတ်ပြီး....
'မှန်ပါတယ်'
ရိဖုန်းက....
'ဒါဖြင့် အာပြစ်လို့ ကျွပ်တို့ အချိန်ကုန် ခံနေတော့မှာလဲ'
ဟု ပြောလိုက်ပြီး မြင်းလှည်းထဲသို့ ဝင်ရောက် လိုက်လေ
ဘာသည် မဟုတ်ပါလား။

* * *

ဟု ပြောလိုက်၏။
ထို့နောက်....
သူမယသည် ဝမ်ဟူ၏ ရင်ခွင်ထဲသို့ တိုးဝှေ့ ဝင်ရောက်သွား
လေတော့သည် မဟုတ်ပါလား။

* * *

ရိဖုန်းသည် မည်မှကြာအောင် အိပ်ပျော်သွားသည် မသိ
ပါချေ။
အိပ်ရာမှ နိုးလာသောအခါ လေ့သည် ကမ်းစပ် တစ်ခု
ဆိုက်ကပ်နေပြီ ဖြစ်၏။
ရိဖုန်းသည် လေ့ဝမ်းထဲ၌ ထိုင်လိုက်ပြီး လေ့သမားကို
လှမ်းကြည့်လိုက်၏။
လေ့သမားသည် လေ့ပေါ်၌ မရှိပါ။
သူသည် လမ်းပေါ်သို့ ရောက်နေ၏။
ထို့အပြင်
သူသည် မြင်းလှည်းတစ်စီးကို မြင်းမျှား တပ်၍ ပြင်ဆင်
နေ၏။
ရိဖုန်းသည် လေ့ပေါ်မှ ဆင်းလိုက်၏။

လှေဖြင့် အသက် မွေးဝမ်းကျောင်းသူ မဟုတ်သော သမား၊သည် လှေကို ကျမ်းကျင်စွာ လှော်ခတ်နိုင်သကဲ့သို့ မြင်း လှည်းကိုလည်း ကျမ်းကျင်စွာ မောင်းနှင်နေပြန်၏။

ရိဖုန်းသည် မြင်းလှည်းထဲ၌ သက်တောင့် သက်သာ ထိုင် ရင်းမှ....

'ဒီမြင်းလှည်းကိုရော ငှားလာတာပဲလား'

ဟု မေးလိုက်၏။

မြင်းလှည်းသမား က....

'ဟုတ်တယ်'

ရိဖုန်းက....

'ဘယ်ဟုန်းက ငှားလိုက်တာလဲ'

လှေသမားက

'ခင်ဗျားအိပ်ပျော်နေတုန်းက....'

ရိဖုန်းဟ ရယ်မောလိုက်ပြီး....

'ကျုပ်တို့ လှေဆိုက်တဲ့ နေရာမှာ ရွာမှမရှိတာ'

လှေသမားက ရယ်လိုက်ပြီး....

'ကျုပ်က မြင်းလှည်းကို ငှားပြီး ဒီနေရာမှ ထားခဲ့တာလေ ကိုတော့ ကြုံတဲ့နေရာမှာ ငှားခဲ့တာ'

ရိဖုန်းက

'အမှန်တော့ ဆူများပစ္စည်းကို ငှားလာပြီးရင် ပြန်ပေးသင့် တယ်'

လှေသမားက ရယ်ချက်

'မှန်ပါတယ်၊ ဒါပေမယ့် ပိုင်ရှင်က ပြန်ယူမှာ မဟုတ်သို့ ပါဘဲ'

ရိဖုန်းက

'ဘာဖြစ်လို့လဲ'

လှေသမားက....

'ကျုပ် သူ့ကို လှေအသစ်တစ်စီး ဝယ်နိုင်လောက်အောင် အပေါင်ပေးခဲ့လို့ပါ'

ရိဖုန်းက

'ဒါဖြင့် ဒီမြင်းလှည်းကိုရော'

လှေသမားက....

'အတူတူပါပဲ'

ရိဖုန်းက

'အင်း ဒါဆို ခင်ဗျားက ကျုပ်ကို လာခေါ်တာ စရိတ် အတော်ကြီးတာပဲ'

လှေသမားက....

'အသုံးစရိတ်တစ်ဝက်ပဲ ကျန်ပါသေးတယ်'

ရိဖုန်းက ရယ်မောပြီး....

'ဒါဆို ကျန်တဲ့အသုံးစရိတ်နဲ့ ဘာဖြစ်လို့ ကျုပ်တို့က အရက်မသောက်နိုင်ရမှာတဲ့'

ဟု ပြောလိုက်၏။

လှေသမားရယ်လိုက်ပြီး....

စိတ်ချပါ၊ ဒီလောက်ပြေးလွှား နေကတည်းက ခင်ဗျား ဘယ်လောက် ဆာနေပြီဆိုတာ ကျုပ်သိပါတယ်'

ရိဖုန်းသည် မြင်းလှည်း၏ ပြာဘင်းမေါက်မှ လှမ်း၍ မြင်ရသော ရွှေကျား ရဲတိုက်၏ ခန့်ညားပုံကို ငေးမော ကြည့်နေမိသည်။

မကြာမီ

သူတို့သည် ရွှေကျားရဲတိုက်သို့ ရောက်ရှိ လာလေတော့သည်။

မြင်းလှည်းက ရဲတိုက်၏ တံခါးရှေ့၌ ရပ်တန့်လိုက်သောအခါ....

အဖိုးထိုက်တန်သော အဝတ်အစားများကို သင်္ကယ်စွာတ်ဆင်ထားသော ပိန်ပိန်ရှည်ရှည်နှင့် လူက....

ရိုးန်းကို ဦးညွှတ်၍ ကြိုဆိုလိုက်ပြီး....

'သွေ့ခန်းထဲမှာ သခင်ကြီးစောင့်နေတယ်'

ဟု ဆီးကြို၍ ပြောလိုက်၏၊

ရိဖုန်းက မြင်းလှည်းပေါ်မှ လေသမားကို လှမ်းကြည့်လိုက်ပြီး....

'ဒီရဲတိုက်ကိုရော ငှားထားတာမဟုတ်လား'

ဟု မေးလိုက်၏၊

မြင်းလှည်းပေါ်က လေသမားက မြင်းလှည်းပေါ်မှ ခုန်ဆင်းပြီး ရိဖုန်းကို ပြုံးပြကာ....

'ဒါတော့ ဘုရပ်လဲ မဒွန်းနိုင်ဘူး'

ဟု ပြောလိုက်လေတော့သည်မဟုတ်ပါလား။

* * *

ဟု ပြောလိုက်လေတော့သည်။

* * *

နေ့လည်စာကို မြို့ဘစ်နှင့်၏ အကောင်းဆုံး စားသောက်ဆိုင်တွင် ရိဖုန်းနှင့် လေသမားတို့ နှစ်ယောက်ဝင်ရောက်စားသောက်နေ၏၊

လေသမားက စားသောက်ဖွယ်ရာများကို မှာကြားလိုက်သောအခါ....

လေသမားသည် ဤစားသောက်ဆိုင်မှ အကောင်းဆုံးစားသောက်ဖွယ်ရာများ အကြောင်းကိုသိကျွမ်းနေကြောင်း ရိဖုန်းက နားလည်လိုက်၏၊

သူတို့သည် နေ့လည်စာကို စားသောက်ပြီးနောက် ခရီးဆက်၍ ထွက်ခွာလာ၏....

နေဝင်ရီဟရောအချိန်၌

'ရွှေကျား ရဲတိုက်' သို့ ရောက်ရှိလာလေတော့သည်မဟုတ်ပါလား။

မြင်းလှည်းက ရှည်လျားသော တံတားကို ဖြတ်သန်းလာနေစဉ်....

အလှန်ချေါမော လှပသော မိန်းကလေး ငါးယောက်သည်
စားသောက်ဖွယ်ရာနှင့် အရက်များ ထည့်ထားသော လင်ပန်း
ကို ကိုင်၍ ညှော့ခန်းထဲသို့ ဝင်ရောက်လာပြီး ရိဖုန်းတို့၏ ရှေ့၌
စားသောက်ဖွယ်ရာများနှင့် အရက်များကို တည်ခင်းချထား
သိုက်၏။

ရိဖုန်းက လျှံစန်းကို နားမလည်နိုင်သော မျက်လုံးဖြင့်
ကြည့်နေ၏။

'လျှံစန်းကရယ်လိုက်ပြီ....

'အံ့သြနေသလား သူငယ်ချင်း'

ဟု ပြောလိုက်၏။

ရိဖုန်းက နှုတ်ခမ်းကို တွန့်၍ မဲ့လိုက်ပြီး....

'တစ်ခါတစ်ခါ လောကကြီးဟာ မထင်မှတ်တာတွေ ဖြစ်
နေပါလား'

ဟု ပြောလိုက်၏။

လျှံစန်းက ရယ်လိုက်ပြီး....

'ကျုပ်လဲ ရှေကျားရဲတိုက် သခင်ကြီး ဖြစ်လာတာ တစ်နှစ်
မပြည့်သေးဘူး'

ဟု ပြောလိုက်သည်။

လျှံစန်းက ပြုံးလိုက်ပြီး

'ခင်ဗျားကရော ကျုပ်ကို မေးဖူးလို့လား'

ရိဖုန်းက ပြုံးပြီး

'ဘာပဲဖြစ်ဖြစ် ကျုပ်မှာ ခင်ဗျားလို မိတ်ဆွေတစ်ယောက်
ဟိုတာ ဂုဏ်ယူစရာပဲ'

ရှေကျားရဲတိုက်က ကြီးကျယ် ခမ်းနား၏။

ရှေကျားရဲတိုက်၏ ဧည့်ခန်းကလည်း ကြီးကျယ် ခမ်းနား
သည်။

အဖိုးထိုက်တန်သော ပစ္စည်းများဖြင့် ခင်းကျင်းထားသည့်
ဧည့်ခန်းကို ရိဖုန်းက စိတ်ဝင်စားစွာ ကြည့်နေ၏။

ထိုစဉ်....

အခန်းထဲသို့ လူသုံးဦး ဝင်လာသည်။

ထိုလူ သုံးဦးအနက် အရပ်မြင့်မားပြီး ခန့်ငြားသော လူကို
ရိဖုန်းက ကောင်းစွာ သိ၏။

ထိုလူသည် သိုင်းလောကံ၌ နာမည်ကျော်ကြားသော ခေါ်
စကြာ လျှံစန်းဖြစ်သည်။

ထို့ကြောင့်....

ရိဖုန်းသည် လျှံစန်းကို မျက်လုံးပြူး၍ ကြည့်လိုက်ပြီး....

'လျှံစန်း.... မင်းကိုလဲ ရဲတိုက် ပိုင်ရှင်က ခေါ်ထားတာ
လား'

ဟု လှမ်း၍ မေးလိုက်၏

လျှံစန်းက သဘောကျစွာ ပြုံးပြီး....

'မင်းက ငတုံး ဇောပဲ'

ဟု ပြန်ပြောလိုက်၏။

ပြီးမှ....

လျှံစန်းသည် ဧည့်ခန်းထဲမှ ကုလားထိုင်၌ ထိုင်ရန် လက်
ဝှေ့ယမ်းပြလိုက်၏။

တစ်ချိန်တည်းမှာပင်....

'ကျုပ်က လူဖေးပါ။ ရွေးဟောင်းပေစာ သုတေသနဌာနကပါ'

ဟု ပြောသည်။

လူဖေး၏ စကားကြောင့် ရိဖုန်းသည် လူဖေးကိုလှမ်းကြည့်လိုက်မိသည်။

လျှို့စန်းက ပြုံးလိုက်ပြီး....

'သူတို့ နှစ်ယောက်ဟာ ကျုပ်အဖေရဲ့ မိတ်ဆွေတွေပဲ'

ဟု ပြောသည်။

ပြီးမှ....

လျှို့စန်းက ရိဖုန်းကို စူးစိုက်ကြည့်၍....

'အမှန်အတိုင်းပြောရရင် သူတို့က ခင်ဗျားဆီက အကူအညီတစ်ခု တောင်းခွင့်လို့ ကျုပ်ဆီကို ရောက်လာတာပါ'

ဟု ပြောသည်။

ရိဖုန်းက သက်ပြင်းချပြီး....

'ဒါကြောင့် ခင်ဗျားက ကျုပ်ကို လာရှာတာလား'

ဟု မေးလိုက်၏။

လျှို့စန်းက ပြုံးလိုက်ပြီး....

'ကျုပ်က ခင်ဗျားကို လာတွေ့ဖို့ စီစဉ်နေတုန်း သူတို့ရောက်လာတယ်၊ သူတို့ကို ကျုပ်က ခင်ဗျားရဲ့ အခြေခံအကြောင်းတွေ ပြောပြထားတယ်လေ....

'ဒီတော့....သူတို့က ခင်ဗျားဆီက အကူအညီ လိုချင်လို့ ကျုပ်ကို လာပြီး အပူထပ်ဖာယ်၊ ဒါနဲ့ပဲ ကျုပ်က ခင်ဗျားကို မတွေ့ဆုံခင် ရှာပြီး ခေါ်ခိုင်းလိုက်ရတာပါ'

ဟု ပြောသည်။

လျှို့စန်းက ပြုံး၍

'ကျုပ်မှာလဲ ခင်ဗျားလို မိတ်ဆွေတစ်ယောက်ရှိတာ ဂုဏ်ယူစရာပါပဲ၊ ဒါနဲ့ စကားမစပ် ခင်ဗျားကို ကျုပ်ရဲ့ မိတ်ဆွေတွေနဲ့ မိတ်ဆက်ပေးမဲ့ရစေ'

ဟု ပြောသည်၊

ရိဖုန်းက မိမိနှင့် မျက်နှာချင်းဆိုင်၌ ထိုင်နေသော လူနှစ်ဦးကို တစ်ချက် လှမ်းကြည့်လိုက်၏။

လျှို့စန်းက အစိမ်းရောင်ဝတ်နှင့် လူကို လက်ဝှေ့ယမ်းပြလိုက်ရင်း....

'ဒီက နေပြည်စတော်ကတိုလ်မူးတစ်ယောက်ပါ သူ့နာမည်က ယန်လုံလို့ ခေါ်ပါတယ်'

ဟု ပြောသည်။

အစိမ်းရောင်ဝတ်နှင့်လူက ရိဖုန်းကို လက်နှစ်ဖက်ဆုပ်လိုက်ပြီး....

'ကျုပ်နာမည် ဟန်လုံပါ၊ ဒီက မိတ်ဆွေကြီး ရိဖုန်းရဲ့ အခြေခံအကြောင်းကိုတော့ လျှို့စန်းက မကြာခဏ ပြောပြနေလို့ ခင်ဗျားကို မမြင်ဖူးပေမယ့် နာမည်ကိုတော့ ရင်းနှီးနေပါပြီ...'

ဟု ပြောသည်။

ဟန်လုံ၏ စကားအဆုံးသို့ ယူ၏ ခဲဘက်တွင် ထိုင်နေသော အနီရောင်ဝတ်စုံ ဝတ်ဆင်ဆားသည့် လူက ရိဖုန်းကို လက်နှစ်ဖက်ဆုပ်၍....

ဟု ပြောလိုက်သည်။

အနီရောင်ခတ်ထားသော လူဖွေးက ပြုံးလိုက်ပြီး....

'ခင်ဗျားဟာ ဆရာကြီးဝေရဲ့ မိတ်ဆွေဆိုလဲ ဟုတ်တယ် တပည့်ဆိုလဲ ဟုတ်တယ်၊ ပြီးတော့ ခင်ဗျားဟာ ရှေးဟောင်း ပစ္စည်းတွေနဲ့ ပတ်သက်ပြီး နှံ့စပ်တယ်လို့လဲ ကျော်ကြားနေတယ်....

'နောက်ပြီး.... ခင်ဗျားဟာ စုန့်စားတာကို ဝါသနာပါတာလဲ လူတိုင်းက သိတယ်၊ အခုကိစ္စက ဆရာကြီးဝေရဲ့ စာတမ်းနဲ့ ပတ်သက်နေတယ်....

'ဒီအချိန်မှာ လျှို့စန်းနဲ့ ခင်ဗျားက အတော် ရင်းနှီးတဲ့ မိတ်ဆွေတွေလို့ သိလိုက်ရတဲ့ အတွက် ကျုပ်တို့က လျှို့စန်းကို အကူအညီ တောင်းရတာပါ'

ဟု ပြောလိုက်သည်။

လူဖွေး၏စကားကြောင့် ရိဖုန်းသည် မျက်မှောင်ကြုတ်လိုက်ပြီး....

ဆရာကြီးဝေရဲ့ စာတမ်းဟုတ်လား'

ဟု မေးလိုက်သည်။

လူဖွေးက ခေါင်းညိတ်ပြီး

'ဟုတ်ပါတယ်၊ ဆရာကြီးဝေရဲ့ သိမ်းဌက်မြို့တော် စာတမ်းပါ'

ဟု ပြောလိုက်၏။

ရိဖုန်းက သက်ပြင်းချပြီး

'ကောင်းပြီလေ၊ ခင်ဗျားတို့ ဘာတိုသိချင်တာလဲ'

ဟုမေးလိုက်သည်။

လူဖွေးက ပြုံးလိုက်ပြီး

'ဆရာကြီးဝေ အခုဘယ်မှာရှိလဲ'

ဟု ပြောလိုက်သည်၊

ရိဖုန်းက နှုတ်ခမ်းကို တစ်ချက်ကိုက်ပြီး

'သူ့ရဲ့သတင်းကို မကြားရတာ အတော်ကြာနေပြီ'

ဟု ပြန်ပြောသည်။

သူက ပြုံးလိုက်ပြီး

'သူ့ရဲ့ နောက်ဆုံးသတင်းကိုတော့ ခင်ဗျားသိတယ်မဟုတ်လား'

ရိဖုန်းက

'တိုဗက်မှာလိုလို ဟိမဝန္တာတောင်ရဲ့ တစ်နေရာမှာလိုလို နောက်ဆုံးကြားခဲ့တာပဲ'

ဟု ပြောလိုက်သည်၊

သူက ပြုံး၍ခေါင်းညိတ်ပြီး....

'မှန်ပါတယ်၊ ကျုပ်တို့လဲ အဲ့ဒီလိုပဲကြားခဲ့ပါတယ်'

ဟု ပြောလိုက်သည်။

ရိဖုန်းက ပြုံးလိုက်ပြီး....

'ဆရာကြီးဝေကို တွေ့ချင်တာဆိုရင်တော့ ကျွန်တော်လဲ တတ်နိုင်မှာမဟုတ်ဘူး'

ဟု ပြောလိုက်သည်။

လူဖွေးက ပြုံးပြီး

'ခင်ဗျားနဲ့ ဆရာကြီးဝေ အဘော်ရင်းနှီးတယ်လို့ သိရပါတယ်'

ဟု ပြောလိုက်သည်။

ရိဖုန်းက သက်ပြင်းချပြီး

'မမှားပါဘူး'

လူဇွေးက ပြုံးပြီး

'ခင်ဗျားနဲ့ ဆရာကြီးဝေက သိမ်းငှက်မြို့စား နဲ့ ပတ်သက်ပြီး အတူလေ့လာခဲ့ဖူးတယ်လို့ သိရပါတယ်'

ဟု ပြောလိုက်သည်။

ရိဖုန်းက ဦးခေါင်းညိတ်ကာ

'မှန်ပါတယ်၊ ဒါပေမယ့် အဲဒီကိခုနဲ့ပတ်သက်ပြီး အယူအဆသဘောထား လဲခဲ့ပါတယ်'

လူဇွေးက

'ဘာပဲဖြစ်ဖြစ် ဆရာကြီးဝေရဲ့သတင်းဟာ မဖြစ်နိုင်ဘူးလို့ မပြောနိုင်ဘူးမဟုတ်လား'

ဟု မေးလိုက်သည်။

ရိဖုန်း ခေါင်းညိတ်ပြလိုက်သည်။

လူ၏စိတ်ထဲမှလည်း ဘာဖြစ်လို့ တွဲတိုးမပြောဘဲ သွယ်ဝိုက်၍ ပြောနေရသနည်းဟု တွေးလိုက်မိသည်။

လူဇွေးသည် ရိဖုန်းကို အတန်ကြာအောင် စိုက်ကြည့်လိုက်ပြီး....

'ကျုပ်...ခင်ဗျားကို တစ်ခုတောင်းပန်ပါရစေ'

ဟု ပြောလိုက်သည်။

လူဇွေး၏ အပြောကြောင့် ရိဖုန်းသည် ကြောင်အမ်းအမ်းဖြစ်သွားပြီး....

'ဟုတ်ကဲ့၊ တာမျှားပါလိမ့်'

ဟု ပြန်မေးလိုက်သည်။

လူဇွေးသည် အစိမ်းရောင်ဝတ်ဆင်ထားသော ဟန်လုံကို ဝှေ့ဝိ တစ်ချက်လှမ်းကြည့်ပြီး....

'ဒီလိုပါ၊ အခု ကျုပ်တို့ပြောနေတဲ့စကားကို ခင်ဗျားအနေနဲ့ လျှို့ဝှက်ထားပါ၊ မမေ့ကိုကြားစေပါနဲ့'

ဟု ပြောလိုက်သည်။

ရိဖုန်းက မျက်ခုံးပင့်လိုက်မိပြီး....

'ဒီလောက်တောင် အရေးကြီးလို့လား'

ဟု ပြန်မေးလိုက်သည်။

ဟန်လုံက ချောင်းတစ်ချက်ဟန့်ပြီး....

'ခင်ဗျားအနေနဲ့ တာဝေနယ်စားကြီးအကြောင်းကို ကြားဖူးလိမ့်မယ်ထင်ပါတယ်'

ဟု ပြောလိုက်သည်။

ရိဖုန်းက ခေါင်းညိတ်ပြီး

'မဟာဘဂျက်ပြည်သစ်ကို ထူထောင်မယ်ဆိုပြီး မြောက်ပိုင်းဒေသမှာ သောင်းကျန်းနေတဲ့ တာဝေနယ်စားကြီးမဟုတ်လား'

ဟု ပြန်မေးလိုက်သည်။

ဟန်လုံက ခေါင်းညိတ်ပြီး

'ဟုတ်ပါတယ်၊ တာဝေနယ်စားကြီးဟာ ရှေးဟောင်း အမွေအနှစ်ပစ္စည်းတွေကို အင်မတန် စိတ်ဝင်စားပါတယ်....'

'ပြီးတော့ သူဟာ ထူးဆန်းတဲ့ ကိစ္စရပ်တွေအပေါ်မှာ စိတ်ဝင်စားတယ်၊ ပတ္တလက်ဆန်တဲ့ကိစ္စတွေ ဂမ္ဘီရဆန်တဲ့ ကိစ္စတွေနဲ့ မရဏလောကအပေါ်မှာ အတော် စိတ်ဝင်စားတယ်'

ဟု ပြောလိုက်သည်။

ရိဖုန်းက ခေါင်းညိတ်ပြီး

'သူ့မှာ ကိုယ်ပိုင်ဗေဒင်ဆရာနဲ့ နတ်ဆရာရှိတယ်လို့ ကြားဖူးတယ်'

ဟု ပြောလိုက်သည်။

ဟန်လုံက ခေါင်းညိတ်ပြီး....

'မှန်ပါတယ်၊ သူဟာ အဆောင်တွေ လက်ဖွဲ့တွေအပေါ်မှာ အလွန်ပဲယုံကြည်ပါတယ်'

ရိဖုန်းက ပြုံးလိုက်ပြီး

'အခုကိစ္စဟာ သူနဲ့ပတ်သက်နေလို့လား'

ဟု မေးလေသည်။

ဟန်လုံက ခေါင်းညိတ်ပြီး

'ဟုတ်ပါတယ်၊ အခု သူဟာ သဲကန္တာရထဲမှာ အလွန် လျှို့ဝှက်တဲ့ တူးဖော်ရေးလုပ်ငန်းတစ်ခုကို လုပ်ကိုင်နေတယ်လို့ ကျုပ်တို့ သတင်းရထားပါတယ်'

ဟု ပြောလိုက်သည်။

ဟန်လုံ၏စကားကြောင့် ရိဖုန်းသည် မျက်မှောင်ကြုတ်၍ သွားပြီး....

'ဘာသဲကန္တာရ ဟုတ်လား'

ဟု သေချာစေရန် ထပ်မံမေးလိုက်၏။

ဟန်လုံက ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်'

ဟု ပြောလိုက်၏။

လူဖွေးက စာရွက်တစ်ရွက်ကို ထုတ်လိုက်ပြီး ရိဖုန်းဆီသို့ သွမ်းပေးလိုက်၏။

ရိဖုန်းက လူဖွေးဆီမှစာရွက်ကို လှမ်းယူ၍ဖမ်းကြည့်လိုက်သည်။

စာရွက်၌ အောက်ပါအတိုင်း တိုတိုတုတ်တုတ် ရေးထားသည်။

'ဝေကိုရှာ'

'ခေါင်းကိုရှာ'

'ကျင်းကိုတူးနေဆဲ'

ရိဖုန်းက မျက်မှောင်ကြုတ်လိုက်ပြီး လူဖွေးဆီသို့ စာရွက်ပြန်ပေးလိုက်၏။

လူဖွေးက ပြုံးလိုက်ပြီး

'ဒါဟာ ကျုပ်တို့သူလျှိုက ပို့လိုက်တဲ့သတင်းပါ'

ဟု ပြောလိုက်၏။

ရိဖုန်းက ဘာမျှပြန်မပြောပါ။

ဟန်လုံက သက်ပြင်းချလိုက်ပြီး....

'သူက ဒီစာကို ကမန်းကတန်း ရေးပို့လိုက်တာဖြစ်ရမယ်
ဒါကြောင့် စာကို ကျူပ်တဲ့ဖတ်ပြီးပြီးချင်း သဘောမပေါ်
ဘူး၊ အဲ့....တစ်ခုတော့ရှိတယ်....

'ဘာဝေနယ်စားကြီးဟာ တူးဖော်ရေးလုပ်ငန်းကို ဆ
ပြီး လုပ်ကိုင်နေတယ်၊ ဒါပေမယ့် သူ့အတွက် လိုအပ်တာ
ရှိနေတယ်လို့ပဲ သဘောပေါက်ခဲ့တယ်'

ဟု ပြောလိုက်၏၊

လူဖွေးကပြုံး၍....

'ဟုတ်ပါတယ်၊ နောက်မှ ငေဆိုတာ ဆရာကြီးဝေကို
ညှဉ်းတာ ဖြစ်မယ်လို့ နားလည်လိုက်တယ်၊ ခေါင်းကိုရှ
တာတော့ ကျူပ်တို့ အစအဖျားမရသေးဘူး'

ဟု ပြောလိုက်၏၊

ရိဖုန်းက သက်ပြင်းချလိုက်ပြီး....

'ဒါကြောင့် ခင်ဗျားတို့ကို ဆရာကြီးဝေကို လိုက်ရှာတာ
လား'

ဟု မေးလိုက်၏။

လူဖွေးကပြုံး၍....

'ပထမ ကျူပ်တို့ ဆရာကြီးဝေအကြောင်းကိုစုံစမ်းတယ်
ဆရာကြီးဝေ ရေးသားခဲ့တဲ့ စာအုပ်စာတမ်းတွေကို ဌာန
စာစီစုပြီး ဝိုင်းဖတ်ကြတယ်'

ရိဖုန်းက ခေါင်းညိတ်ကာ...

'အဲ့ဒီတော့ ဘာတွေ့လဲ'

လူဖွေးက နှုတ်ခမ်းကို လျှာဖြင့်တစ်ချက်သပ်လိုက်ပြီး....

'သဲကန္တာရနဲ့ ပတ်သက်တာဆိုလို့ သိမ်းငှက်မြို့တောင်း
တမ်းကို ဘွေ့ရတယ်၊ ဒါဒေမယ့် ဒီစာတမ်းက ပြုစုနေဆဲ
တမ်းတစ်စောင်ပါ၊ ဒါကိုလဲ ကျူပ်တို့ ဆရာကြီးရဲ့အိမ်က
ဘာပါ'

ဟန်လုံက ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်၊ ဆရာကြီးဟာ ဒီစာတမ်းကိုပြုစုနေရင်းနဲ့
ကတွက်သွားတာ ဖြစ်နိုင်ပါတယ်'

ဟု ငဝ်၍ပြောလိုက်၏၊

ရိဖုန်းက သက်ပြင်းချလိုက်ပြီး....

'ဘာဇဝ နယ်စားကြီးဟာ အဲ့ဒီသိမ်းငှက် မြို့ဟောင်းကို
ဖော်နေတာလို့ ခင်ဗျားတို့က ထင်နေတာလား'

ဟု မေးလိုက်၏။

လူဖွေးက ခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်၊ တာဖြစ်လို့ လဲဆိုတော့ မှော်မျက်ရှင်ခေး
ဘာဝေနယ်စားကြီးက စိတ်ဝင်စားနေတယ်လို့ ကျူပ်တို့
ဆထားပါတယ်'

ဟု ပြောလိုက်၏။

ရိဖုန်းက ပြုံးလိုက်၏။

တာဝေနယ်စားကြီးသည် အနာဂါတ် ဟောကိန်းများကို
ဝင်စားကြောင်း၊

ခဲမှဲ ရွှေဖြစ်ခြင်းကို စိတ်ဝင်စားကြောင်း၊

အသက်ရှည်ဆေး ဖော်စပ်ခြင်းကို စိတ်ဝင်စားကြောင်း....

ရိဖုန်း ကြားဖူးသား၏။

'ဦးတောင်ဝှေးဟုတ်လား၊ ဘယ်လိုဟာမျိုးလဲ'

ဟု မေးလိုက်၏။

ရိဖုန်းက ပြုံး၍

'တောင်ဝှေးဟာ တောင်ဝှေပဲပေါ့၊ ဘူဆိုဘာကတော့ ပါလဲမသိဘူး၊ ဒါပေမယ့် မှော်မျက်ရှင်ခေးရှိတဲ့ ဝိညာဉ်ခန္ဓာတွင်းကို ဖော်ပြနိုင်တဲ့ တောင်ဝှေးတစ်ချောင်းပဲ'

ဟု ပြောလိုက်၏။

လူဖွေးနှင့် ဟန်လုံတို့သည် တစ်ဦးမျက်နှာတစ်ဦး ကြည့်၏။

ပြီးမှ သူတို့သည် ရိဖုန်းကိုကြည့်ကာ

'ခင်ဗျားက ဆရာကြီးဝေနဲ့ ရင်းနှီးအဲ့လူဆိုတော့ ဒီကိစ္စကို နည်းနည်းလောက် ရှင်းပြပါလား'

ဟု ပြောလိုက်၏။

ရိဖုန်းက ပြုံးလိုက်ပြီး....

'ခင်ဗျားတို့မှာ ဆရာကြီးဝေရဲ့စာတမ်းရှိနေတာပဲ'

လူဖွေးက ခေါင်းညိတ်ပြီး....

'ဆရာကြီးဝေရဲ့ သိမ်းဌက်မြို့ဟောင်း စာတမ်းဟာ ရေးသားစီစဉ်ဖြစ်ပါတယ်၊ ပြီးတော့ တစ်ချို့ စာရွက်တွေက ပျောက်ဆုံးနေပါတယ်...

'စာတမ်းထဲမှာ ခင်ဗျားပြောတဲ့ ဝိညာဉ်များ အကြောင်းအရာတွေပါဘူး၊ ပြီးတော့ ဦးတောင်ဝှေ့ အကြောင်းရေးတာမတွေ့ခဲ့ရပါဘူး'

ဟု ပြောလိုက်သည်။

ထို့ကြောင့်....

သိမ်းဌက်မြို့ဟောင်းမှ ဒဏ္ဍာရီဆန်သော မှော်မျက်ရှင်ခေးကို တာဝေနယ်စားကြီးက စိတ်ဝင်စားခြင်း ဖြစ်နေသည်ကို ရိဖုန်း မခြင်းလိုပါ။

သို့သော်....

သိမ်းဌက်မြို့တော်သည် လွန်ခဲ့သော နှစ်ပေါင်းလေးထောင်ကျော်ခန့်က အလွန်ချမ်းသာကြွယ်ဝခဲ့သော မြို့တစ်မြို့ဖြစ်သည်သို့ဖြစ်၍....

တာဝေ နယ်စားကြီးသည် သိမ်းဌက် မြို့ဟောင်းကို ဖော်ရာ၌ မှော်မျက်ရှင်ခေး တစ်ခုတည်းအတွက် မဖြစ်နိုင်ကြောင်း ရိဖုန်းက တွေးလိုက်၏။

ထိုစဉ်....

ဟန်လုံက တက်ပြင်းချလိုက်ပြီး....

'ကျုပ်တို့ရဲ့သူလျှို ပေးပို့တဲ့သတင်းအရ ဝေကိုရှာဆိုတာ ဆရာကြီးဝေကို လိုက်ရှာခိုင်းတာ ဖြစ်မယ်၊ အဲ့.... ခေါင်းရှာဆိုတာကတော့ ဘာကိုရှာခိုင်းတာလဲဆိုတာ မသိဘူး'

ရိဖုန်းက နှတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး....

'ခေါင်းကိုရှာဆိုတာ ဦးတောင်ဝှေးရဲ့ ထိပ်ပိုင်းကို ရှာတာပါ'

ဟု ပြောလိုက်၏။

ရိဖုန်း၏စကားကြောင့် လူဖွေးနှင့် ဟန်လုံတို့သည် တယောက်ကို လစ်ယောက် လှမ်းကြည့်လိုက်၏။

ပြီးမှ လူဖွေးက....

'သိမ်းဌက်မြို့ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း လေးဆောင်ကျော် ထင်ရှားခဲ့တဲ့မြို့ဖြစ်တယ်၊ ဘာဖြစ်လို့ လဲဆိုတော့ သိမ်းဌက် မှော်မျက်ရှင်ခေးရှိလို့ပဲ....'

'ဒီခေးကို ပဋ္ဌမမြောက် သိမ်းဌက်မြို့စား ပြုလုပ်စီရင်ခဲ့တယ်....'

'သူမှာ ဗေဒင်ဆရာခွေး၊ နှစ်ဆရာတွေ၊ ဂမ္ဘီရပညာရှင် ဟူ နောက်ဆုံး ကုန်ကုန်ပြောရရင် မှော်အတတ်၊ စုန်းအတတ် ဘတ်ဘဲ လူတွေ အများကြီးရှိတယ်'

ဟု ပြောလိုက်သည်။

လူဖွေးနှင့် ဟန်လုံတို့က ရိဖုန်း၏ စကားကို စိတ်ဝင်စား နားထောင်နေ၏။

သူက....

'ဒါဒြကြောင့် သူဟာ ခဲကို ရွှေဖြစ်အောင် လုပ်နိုင်ခဲ့တယ်၊ အသက်ရှည်တဲ့ဆေးကို ဖော်စပ်နိုင်ခဲ့တယ်၊ ပြီးတော့ သူ့ရဲ့မှော် ပျက်ရှင် ခေးဒြကြောင့် သူဟာ တိုက်ပွဲအိုင်းကို အနိုင်ရခဲ့တယ်'

ဟု ပြောလိုက်သည်။

ရိဖုန်း၏ စကားဒြကြောင့် လူဖွေးတို့ နှစ်ယောက်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်၏။

ရိဖုန်း သက်ပြင်းချလိုက်ပြီး....

'သူဟာ သူ့ရဲ့ ပတ်ဝန်းကျင်က ကျေးရွာခတ္တ ကိုဟွေးနိုင်ငံ သားကို သိမ်းပိုက်နိုင်ခဲ့တယ်၊ သူ့ရဲ့ပိုင်နက်ဟာ ကျယ်ပြန့်လာတယ်....'

ရိဖုန်းက သက်ပြင်းချမြဲ ဟန်လုံနှင့်လူဖွေးတို့ကိုကြည့်သေသည်။

လူဖွေးနှင့် ဟန်လုံတို့ဆည် ရိဖုန်းထံမှ စကားသံကို နားနေ၏။

ရိဖုန်းက နှုတ်ခမ်းကိုသွားဖြင့် တစ်ချက်သပ်လိုက်ပြီး....

'ဆရာကြီးစေဟာ မွန်ကိုတက်ကို ခရီးထွက်ရင်း သိမ်းဌက် အတြောင်းကို ရေးထားတဲ့ လိပ်ခဲ့ တစ်ခုကိုမထင်မှတ်ဘဲရခဲ့တယ်'

ဟု ပြောလိုက်၏။

လူဖွေးနှင့်ဟန်လုံတို့က ဖိတ်ဝင်စားစွာ နားထောင်နေသည်။

ထိုနောက်

ရိဖုန်းက သက်ပြင်းချလိုက်ပြီး....

'သိမ်းဌက်မြို့အကြောင်းကို ပြောရင် မှော်မျက်ရှင်ခေးရဲ့ အတြောင်းပါလာမယ်၊ ဒါပေမယ့် ခင်ဗျားတို့ ယုံခြင်မှ ယုံလိမ့်မယ်၊ ဘာဖြစ်လို့ လဲဆိုတော့ အဖြစ်အပျက်တွေဟာ ဒဏ္ဍာရီဆန်နေလို့ပဲ'

ဟု ပြောလိုက်၏။

လူဖွေးက ခေါင်းညိတ်ပြီး....

'ဆရာကြီးရဲ့ စာတမ်းအစမှာလဲ အခုလိုပဲနိဒါန်း ပြုးထား တာ ဖတ်ခဲ့ရတယ်'

ဟု ပြောလိုက်သည်။

ရိဖုန်းက

'သူမှာ တိုက်ပွဲတိုင်းကို အောင်နိုင်တဲ့ မှော်မျက်ရှင်ခား
နေတဲ့အတွက် သိမ်းငှက်မြို့ကို ဘယ်သူမှ ဝင်ရောက်မကျူး
ကျော်ရဲဘူး....'

'ဒါပေမယ့် ခက်တာက မှော်မျက်ရှင်ခားကို တစ်နှစ်တ
ခါ ယစ်ပူဇော်ရတယ်'

ဟု ပြောလိုက်၏။

လူဖွေးက မျက်စိုးပင့်ကာ

'ယစ်ပူဇော်ရတယ် ဟုတ်လား၊ ဘယ်သို့ ယစ်ပူဇော်ရတာ
လဲ'

ရိဖုန်းက သက်ပြင်းမျှလိုက်ပြီး

'အပျိုစင်ရဲ့ လည်ချောင်သွေးနဲ့ အဲ့ဒီခားကို ဆေးကြော
မေးရတာပါ'

လူဖွေးက ခေါင်းခါယမ်းလိုက်ပြီး

'အဓမ္မပြုယ်မရှိဘူး'

ဟု ပြောလိုက်သည်။

ရိဖုန်းက ခေါင်းညိတ်၍

'ဟုတ်ပါတယ်....ဒါပေမယ့် ဒါဟာ ယုံကြည်သက်ဝင်မှု
ဆိုင်တယ်၊ ဘာပဲဖြစ်ဖြစ် ဒီခားဟာ တိုက်ပွဲတိုင်းကို အောင်
တယ်....

'ဒါကြောင့် ဒီခားကို လိုချင်သူတွေက နည်းအမျိုးမျိုး
ကြိုးစားကြတယ်၊ အဲ့ဒီအချိန်မှာ မွန်ဂိုမင်းသား တစ်ပါးဟာ
သိမ်းငှက်မြို့ကို ရုပ်ဖျက်ပြီး ဝင်ရောက်လာခဲ့တယ်၊ ပြီးတော့သူ
ဟာ မြို့စားကြီးရဲ့ သမီးကို ရအောင် ချဉ်းကပ်ခဲ့တယ်၊ အဲ့

နောက် သူက မြို့စားကြီးရဲ့ သမီးကို အသုံးချပြီး မှော်မျက်ရှင်
ခားကို ခိုးယူခဲ့တယ်'

လူဖွေးက စိတ်ဝင်စားဟန်ဖြင့် ခါးကို ရှေ့သို့ အနည်းငယ်
ကိုင်း၍....

'ရသွားလား'

ဟု မေးလိုက်၏။

ရိဖုန်းက ခေါင်းညိတ်ပြီး

'ရသွားတယ်၊ ဒါပေမယ့် မြို့စားကြီးက ကျိန်စာတိုက်
သားတယ်'

လူဖွေးက မျက်မှောင်ကုတ်ပြီး

'ကျိန်စာတိုက်ထားတယ် ဟုတ်လား'

ဟု မေးလိုက်၏၊

ရိဖုန်းက

'ဟုတ်တယ်....ဒီမှော်မျက်ရှင် ခားကို ဖျက်ဆီးတဲ့လူ ဒါမှ
မဟုတ် ခိုးယူတဲ့လူတွေဟာ ဒီလောကပေါ်မှာ တစ်ခါမျှမကြုံ
ဖူးတဲ့ ဘေးဥပါဒ်နဲ့ တွေ့ပါစေလို့ မြို့စားကြီးက ကျိန်ထား
တယ်'

ဟု ပြောလိုက်သည်၊

လူဖွေးက မျက်ခုံးပင့်ပြီး....

'ဒါဆို....အဲ့ဒီခားကို ခိုးသွားတဲ့ မွန်ဂို မင်းသားလေးက
ဘယ်လို ဖြစ်သွားလဲ'

ဟု မေးလိုက်၏။

သူက သက်ပြင်းချပြီး....

'ဒါကြောင့် မွန်ဂိုမင်းသားလေးက ယူကြုံးမရဖြစ်ပြီး မှော်မျက်ရှင်ခားကို ဘယ်သူမှ မတွေ့နိုင်အောင် ဂုဏ်ဒို ဆုံးဖြတ်လိုက်တယ်'

ဟု ပြောလိုက်သည်၊

လူဖွေးက

'ဘယ်နေရာမှာ ဝှက်လို့ရသလဲ'

သူက နှုတ်ခမ်းကို တစ်ချက် မဲ့ပြီး....

'ဝိညာဉ်များရဲ့ တွင်းထဲမှာပေါ့'

ဟု ပြောလိုက်၏။

လူဖွေးက မျက်မှောင်ကုတ်ပြီး

'ဝိညာဉ်များရဲ့ တွင်းက ဘယ်မှာလဲ'

ဟု မေးလိုက်၏။

သူက ပခုံးကို တွန့်ပြပြီး

'ဒါကတော့ ဝိုင်ဒဲ တောင်ဝှေးရမှ ဘယ်နေရာဆိုတာ သိမှာ'

ဟု ပြောလိုက်၏။

ဟန်လိုက စိတ်ဝင်စားစွာဖြင့်

'အဲဒီ တောင်ဝှေးက ဘယ်လို တောင်ဝှေးမျိုးလဲ'

ဟု မေးသည်၊

ရိုဖုန်းက

'အဲဒီ ကောင်ဝှေးက မှော်မျက်ရှင်ခား ဂွက်ထားတဲ့ နေရာကို ဖော်ပြမယ်၊ သဲလွန်စပေး၊ ဘယ်လို ပြောရမလဲ ပညာသားပါတဲ့ အသွင်နဲ့ပေါ့'

ပြီးမှ....

'မွန်ဂိုမင်းသားလေးဟာ အဲဒီဓားကို ရတာနဲ့ သူ့ရဲ့ ဦးနှောက်ထဲကို အကြောင်းကြားလိုက်ပြီး သိမ်းငှက်မြို့ကို တိုက်ခိုက် သိမ်းပိုက်လိုက်တော့တာပဲ'

လူဖွေးက မျက်လုံးပြူးသွားပြီး....

'ဒါဆို သိမ်းငှက်မြို့ဟာ မွန်ဂို မင်းသားလေးရဲ့ လက်ထဲ ရောက်သွားတာမေ့၊ ဟုတ်လား'

သူက ခေါင်းညိတ်ပြီး....

'တုတ်တယ်'

လူဖွေးက....

'သူက ကျိန်စာ မသင့်ဘူးမေ့'

သူက....

'အင်း....ဘယ်လိုပြောရမလဲတော့ မသိဘူး၊ မွန်ဂိုမင်းသားလေးဟာ သိမ်းငှက်မြို့စားကို ခေတ်ပြီး သိမ်းငှက်မြို့ကို သိမ်းပိုက်လိုက်တဲ့ အခါမှာ သိမ်းငှက် မြို့စားရဲ့ သမီးက သူ့ကြောင့် အနှုံးလိုဖြစ်ရတယ်ဆိုပြီး သူ့ကိုယ်သူ သတ်သေသွားတယ်'

ဟု ပြောလိုက်သည်။

လူဖွေးက စိတ်ဝင်စားဟန်ဖြင့်ယ်

'နောက်တော့ တာလေ့ ဆက်ဖြစ်လာသလဲ'

သူက ဆက်ပြင်းချပြီး....

'မွန်ဂို မင်းသားလေးဟာ မှော်မျက်ရှင်ခား ရဖို့အတွက် မြို့စားကြီးရဲ့ သမီးကို အသုံးချခဲ့ရင်းနဲ့ တကယ်ပဲ စွဲလမ်းသွားခဲ့တယ်....

ရိဖုန်းသည် နှုတ်ခမ်းကို ကိုက်၍ တစ်ချက် စဉ်းစား၍....

'အင်း.....အတိုအကျတော့ မသိဘူး၊ တောင်ဝှေးက ခြောက်ပေလောက် ရှည်တယ်၊ ဒဂုံးပြားလောက် တုတ်တယ်၊ ခန့်မှန်းခြေ ပြောတာနော်....

'ပြီးတော့ တုတ်ရဲ့ထိပ်ပိုင်းမှာ နေလုံးသဏ္ဌာန် စက်ဝိုင်း တစ်ခုကို ထောင်လိုက်ကပ်ထားတယ်၊ စက်ဝိုင်းရဲ့အလယ်မှာ မှန်တိုလူးခဲ့ တစ်ခုရှိတယ်'

ဟု ပြောသည်၊

ဟန်လုံက မျက်မှောင်ကုတ်ပြီး....

'ခေါင်းပိုင်းရှာပါဆိုတာ ဒီတုတ်ရဲ့ ခေါင်းပိုင်းက ဖြုတ်လို့ တပ်လို့ ရသလား'

ဟု မေးလိုက်၏။

ရိဖုန်းက ခေါင်းညိတ်လိုက်ပြီး

'တောင်ဝှေးရဲ့ ထိပ်ပိုင်းမှာ ဝက်အူရစ်ဖော်ထားပြီး စောစောက နေပုံသဏ္ဌာန် စက်ဝိုင်းကို ထောင်လိုက် တပ်လို့ ရအောင် လုပ်ထားတယ်'

လူဖွေးက....

'ဒီတောင်ဝှေးက မှော်မျက်ရှင်ခားကို ဘယ်မှာ ဝှက်ထားတာလဲဆိုတာ ဖော်ပြနိုင်တယ်ဆိုတော့ ဒီတောင်ဝှေးကို ဘယ်လို အသုံးပြုရတာလဲ'

ဟု မေးလိုက်၏။

ရိဖုန်းက ပြုံးပြီး

'သိမ်းဂွက်မြို့တော်ကို စတင်တည်ထောင်တဲ့ မြို့စားကြီးက အတော်ဥာဏ်ပညာနဲ့ပြည့်စုံတယ်....။

'ဒါကြောင့် မြို့စားကြီးဟာ သိမ်းဂွက်မြို့ကိုမတည်ခင် သိမ်းဂွက်မြို့ရဲ့ပုံစံယောင်ကို သီးသန့်ပြုလုပ်ခဲ့တယ်....။

'အင်း.....ဘယ်လိုပြောရမလဲ၊ တစ်လက်မကို ဆယ့်နှစ်ပေ ဆိုတာမျိုးနဲ့ သိမ်းဂွက်မြို့တစ်မြို့လုံးကို ပုံဖော်ခဲ့တယ်'

'ပြီးတော့ အဲဒီအခန်းကို သိမ်းဂွက်မြို့ရဲ့ မြေပုံခန်းအဖြစ် ထိန်းသိမ်းခဲ့တယ်'

လူဖွေးက ဦးခေါင်းညိတ်ပြီး....

'ဟုတ်ပြီ ကျုပ်သဘောပေါက်ပြီ၊ ကျုပ်တို့က စာရွက်ပေါ်မှာ မြေပုံဆွဲခဲ့သလို သူက သိမ်းဂွက်မြို့တစ်မြို့လုံးကို ပုံစံယောင်တွေနဲ့ ဆောက်ပြထားတာမျိုးပေါ့'

ဟု ပြောသည်။

ရိဖုန်းက ခေါင်းညိတ်ပြီး

'ဟုတ်တာပဲ'

ဟန်လုံက မခေါင်းညိတ်ပြီး

'ဟုတ်ပြီ၊ ကျုပ်လဲနားလည်ပြီ'

ဟု ဝင်ပြောလိုက်သည်။

ရိဖုန်းက

'ကျုပ်တို့က နေရဲ့တောင်ဝှေးကို အသုံးပြုဖို့အတွက် အဲဒီ မြေပုံခန်းကို အရင်သွားရမယ်....။

'မြေပုံခန်းကို ရောက်တဲ့အခါမှာ ငှဲ့ရဲ့တောင်ဝှေးကို သုတ်မှတ်ထားတဲ့နေရာမှာ စိုက်ရမယ်....။

'အဲ....အခြိန်ကလဲ သတ်မှတ်ထားတဲ့ အခြိန်ဖြစ်ရမယ်....'

'ဒီမှ မြေပုံခန်းရဲ့ ခေါင်မိုးပေါ်မှာ ဖောက်ထားတဲ့ အပေါက်က နေရောင်ဝင်လာပြီး တောင်ဘေးထိပ်ပိုင်းမှာ တင်ထားတဲ့ နေပုံသဏ္ဌာန်စက်ဝိုင်းကို နေရောင်ကျရောက်လာလိမ့်မယ်....'

'အဲဒီအခါမှာ နေရောင်ဟာ စက်ဝိုင်းရဲ့အလယ်မှာ တပ်ထားတဲ့ မှန်ဘီလူးခွံးလို ပုံဆောင်ခဲကိုပြတ်သန်းပြီး သိမ်းဒုက္ခိရဲ့ ပုံစံယောင်ဘဝပေါ်ကို ကျလိမ့်မယ်....'

'အဲဒီနေရာမှာ မှော်မျက်ရှင်ခံးကို ဝှက်ထားတဲ့ ဝိညာဉ်များရဲ့ဘုံပဲ'

ဟု ပြောလိုက်သည်။

ရိဖုန်းသည် ရှည်လျားစွာ ရှင်းလင်းပြောကြားလိုက်သောကြောင့် မောပန်းသွားဟန်ဖြင့် အရက်အိုးထဲမှအရက်ကို ခွက်ထဲသို့ ထည့်လိုက်ပြီး မော့ချလိုက်သည်။

ဟန်လုံသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ကုလားထိုင်ကို နောက်ကျောမှီ၍ သက်တောင့်သက်သာ ထိုင်လိုက်၏။

သူသည် ရိဖုန်းကို တစ်ချက်လှမ်းကြည့်ပြီး....

'ရိဖုန်း၊ ခင်ဗျားအနေနဲ့ ကျိန်စာကို ယုံကြည်သလား' ဟု မေးလိုက်သည်။

ရိဖုန်းက လက်ထဲမှအရက်ခွက်ကို စားပွဲပေါ်သို့ ပြန်ချထားလိုက်ပြီး....

'ဒါတာတဲ့ ခင်ဗျားရဲ့ ယုံကြည်မှုအပေါ်မှာ မူတည်ပါတယ်....'

'ရှေးဟောင်းအယူအဆတွေကို ဘယ်လောက်အထိ ယုံကြည်သလဲတယ်ဆိုတာ ခင်ဗျားက လက်ခံနိုင်တဲ့အပေါ်မှာပဲ မူတည်ပါတယ်....'

'မွန်ဂိုသခင်လေးက သိမ်းဒုက္ခိမြို့ကိုသိမ်းပိုက်ပြီးလို့ သုံးလောင်းမကြာဘူး ထဲမှန်တိုင်းဟာ တစ်နှစ်ပတ်လုံးကျလာပြီး သိမ်းဒုက္ခိမြို့ဟာလဲ သဲတွေမြုပ်သွားတော့တာပဲ'

ဟု ပြောလိုက်၏။

လူဖွဲ့က သက်ပြင်းချပြီး

'ဒါဟာ ကျိန်စာသင့်တာဘဲ'

ဟု ပြောလိုက်၏။

ရိဖုန်းပြုံးလိုက်ပြီး....

'အဲဒီလိုပြောရင်လဲ ဘယ်နှိုင်ပါဘူး'

လူဖွဲ့က ပြုံးလိုက်ပြီး

'ဒါပေမယ့် ခင်ဗျားကတော့ အမြင်ကျယ်တဲ့လူ မဟုတ်လား'

ဟု ရိဖုန်းထိုးမေးလိုက်၏။

ရိဖုန်းက ဘာမျှပြန်မပြောပါ။

သူသည် နှုတ်ခမ်းကိုမဲ့၍ မခုံးကို တွန့်ပြလိုက်လေတော့သည် မဟုတ်ပါလား။

* * *

ဟန်လုံသည် အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ....
မှော်မျက်ရှင်ဓားဟာ တကယ်အစွမ်းထက်လား၊ တန်ခိုးရှိလား'
ဟု ရိဖုန်းကိုမေးလိုက်၏။
ရိဖုန်းက ပြုံးပြီး
'ဒီဓားရှိတဲ့အတွက် သိမ်းငှက်မြို့စားဟာ တိုက်ပွဲတိုင်းကို အောင်နိုင်ခဲ့တယ်ဆိုတာပဲ၊ ဟုတ်မဟုတ်ဆိုတာကော့ ခင်ဗျား ဘာသံသာ ခင်ဗျား စဉ်းစားကြည့်ပေါ့'
ဟု ပြောလိုက်၏။
ဟန်လုံက မျက်မှောင်ကြုတ်ပြီး
'ကျုပ်တို့ရထားတဲ့ သတင်းအရ သူတို့ဟာ တောန်ဂေးရဲ့ ထိပ်ပိုင်းကို အလိုရှိနေတာသေချာပြီ၊ ဒီတော့ သူတို့ဟာ ခင်ဗျားပြောတဲ့ မြေပုံခန်းမကို ဖျာတွေ့နေပြီထင်တယ်'
ဟု ပြောလိုက်သည်။
ရိဖုန်းက ခေါင်းညိတ်ကာ
'မမှားဘူး ဖြစ်နိုင်တယ်'
သူက နှုတ်ခမ်းတစ်ချက်ကိုက်ပြီး
မှော်မျက်ရှင်ဓားကိုတော့ သူတို့မတွေ့သေးဘူးလို့ ယူဆနိုင်တယ်'
ဟု ပြောလိုက်၏။
ရိဖုန်းက ခေါင်းညိတ်ပြီး
'ခင်ဗျားတွေးတာဖြစ်နိုင်တယ်၊ ဒါကြောင့် သူတို့က ဥရဲ့ တောင်ဂေးထိပ်ပိုင်းကိုရှာဖို့ ကြိုးစားနေတာဖြစ်နိုင်တယ်'

ဟု ပြောလိုက်၏။
သူက ခေါင်းတဆတ်ဆတ်ညိတ်ပြီး....
'ပျောက်ဆုံးနေတဲ့ သိမ်းငှက်မြို့တော် ဝိညာဉ်များရဲ့တင်း မှော်မျက်ရှင်ဓား၊ ထူးခြားတဲ့ တန်ခိုးစွမ်းအင်ကျိန်စာ၊ အင်းကျုပ်တို့အနေနဲ့ ဒါကို ဒဏ္ဍာရီလို သဘောထားပေမယ့် တဲ့ဝေ နယ်စားကြီးကတော့ အတော့်စိတ်ဝင်စားပုံရတယ်'
ဟု ပြောလိုက်သည်။
ရိဖုန်းက ခေါင်းညိတ်လိုက်ပြီး....
'အရပ်ငါးပေရှိတဲ့ တာဝေနယ်စားကြီးရဲ့ အတွက်တော့ ပျောက်ဆုံးနေတဲ့ သိမ်းငှက်မြို့တော်ရယ်၊ ဝိညာဉ်များရှိတင်းရယ်၊ အဲ့ဒီမှာဝှံက်ထားတဲ့ မှော်မျက်ရှင်ခားရယ်၊ ဒီဆုံးခုဟာ အလွန်စိတ်ဝင်စားတဲ့ အရာဖြစ်မှာပဲ'
ဟု ပြောလိုက်၏။
ဟန်လုံက ခေါင်းညိတ်လိုက်ပြီး....
'တာဝေနယ်စားကြီးဟာ ဒီမှော်မျက်ရှင် ခားကိုသာရရင် သူဟာ ဘယ်လောက် အစွမ်းထက်လာမလဲလို့ မြင်ထားပြီးပြီ၊ ဒီခားကြောင့် သူဟာ တိုက်ပွဲတိုင်းကိုအောင်ရမယ်လို့ မြင်ထားပြီ....
'ဒီတော့ ရိဖုန်း ခင်ဗျားပဲစဉ်းစားကြည့်၊ တာဝေနယ်စားကြီးဟာ သိမ်းငှက်မြို့နဲ့ပတ်သက်တဲ့ ဒဏ္ဍာရီကိုယုံကြည်တာနဲ့ ဘာပဲဖြစ်ဖြစ် စိတ်ဓာတ်ရေးရာအရ သူအဖို့က တစ်ပန်းသာသွားပြီ'

ဟု ပြောလိုက်၏။

ထန်လုံ၏ စကားကြောင့်....

ရိဖုန်းသည် အံ့ဩဟန်ဖြင့် ဟန်လုံကိုကြည့်လိုက်မိ၏။

ဟန်လုံက ခေါင်းညိတ်လိုက်ပြီး....

'လူတစ်ယောက်အတွက် စိတ်ခက်တာဟာ အရေးကြီးဆုံးပဲ၊ ကျုပ်ယေယေက ထိပ်ပြီးကြောက်တတ်တယ်၊ ကျုပ်ကို ကျုပ် အမေက ကျုပ်ဦးလေးရဲ့အိမ်ကို ကံစွတ်ခုနဲ့ခိုင်းလိုက်တာယဲ့ အခုချိန်က မိုးချုပ်စ ပြဉ်နေပြီ၊ ကျုပ်သွားရမယ် လမ်းမှာ သရဲခြောက်တယ်လို့ နာမည်ကြီးနေတဲ့ အိမ်ရှိတယ်'

ဟု ပြောလိုက်၏။

ဟန်လုံ၏ စကားကြောင့်....

ရိဖုန်းသည် ဟန်လုံကိုစိတ်ဝင်စားစွာ ကြည့်လိုက်၏။

ဟန်လုံက ပြုံးလိုက်ပြီး....

'ကျုပ်မသွားရဲဘူး၊ ဒီတော့ ကျုပ်အမေက ကျုပ်ကိုအနီရောင်ကတ္တီပါအိတ်တစ်ခုပေးတယ်၊ အဲဒီအိတ်က တန်ခိုးရှိတဲ့အိတ်တဲ့၊ လွန်ခဲ့တဲ့ နှစ်ဆယ်ငါးများစွာက ဘုရင်ကြီးတစ်ပါးဟာ တိုင်းပြည်မှာသောင်းကျန်းနေတဲ့ သရဲတွေကို ဒီအိတ်ထဲထည့်ပြီး နှိမ်နင်းခဲ့တယ်၊ ဒါကြောင့် သရဲတွေရင်မကြောက်ခဲ့အိတ်ကိုဖွင့်လိုက်၊ အိတ်က သရဲကိုဖမ်းသွားလိမ့်မယ်လို့ ပြော၊ တယ်'

ရိဖုန်းက ဘာမျှပြန်မပြောပါ၊

သူသည် ဟန်လုံကိုသာ ကြည့်နေ၏။

ဟန်လုံက ပြုံးလိုက်ပြီး

'ဘာရမလဲ၊ ကျုပ်က အခေမဲ့စကားကို ယုံတယ်၊ ဒါနဲ့ ပဲလဲ အာမခံခိုင်းတဲ့အတိုင်း ဦးလေးခဲ့အိမ်ကို သွားတော့ ပဲ၊ သရဲခြောက်တယ်လို့ နာမည်ကြီးတဲ့အိမ်ထဲကိုဝင်ပြီး ည့်လိုက်သေးအယ်'

ဟု ပြောလိုက်၏။

ရိဖုန်းက သက်ပြင်းချလိုက်ပြီး

'အိတ်က အတော်စွမ်းတာပေါ့'

ဟု ပြောလိုက်၏။

ဟန်လုံကပြုံးကာ....

'အမှန်ပြောရရင် အဲဒီအိတ်ထဲမှာ ကျောက်စရစ်ခဲတစ်လုံးယဲ့၊ ဘာအစွမ်းမှမရှိဘူး၊ ဒါပေမယ့် ကျုပ်ရဲ့စိတ်ထဲမှာ ိတ်ဟာ ကျုပ်အမေပြောသလို အလွန် အစွမ်းထက်မယ် ယုံကြည်နေတာ၊ ဒါကြောင့် ကျုပ်မှာ ကြောက်စိတ်မရှိ ဘူး'

ဟု ပြောလိုက်၏။

ထို့နောက်

ဟန်လုံသည် သူ၏ခန့်ခဲ့ကိုယ်ကို ရှေ့သို့ကိုင်းညွတ်ထားပြီး ုန်းကို ဖေ့စ်ဖေ့ကြည့်လိုက်၏။

သူသည် စကားဆက်လိုက်၏။

'ရိဖုန်း ခင်ဗျား စဉ်းစားကြည့်စမ်း၊ မော်မျက်ရှင်ခဲ့ကို တိုက်ပွဲတိုင်းကို အောင်နိုင်မယ်လို့ ယုံကြည်နေခဲ့တဲ့ ဝန်ယမ်စားကြီးရဲ့ လက်ထဲကိုသာ အဲဒီခဲ့ရသွားခဲ့ရင် ယ်လို့ဖြစ်လာမလဲ'

ဟု မေးလိုက်၏။

ရိဖုန်းက ဘာမျှပြန်မပြောပါ။

ပြောရန်လည်း မလိုပါ။

အရပ်ဂါးပေသာရှိသော တာဝေနယ်စားကြီးသည် မ
တရုတ်ပြည်သစ်ကို ထူထောင်ရန် ကြိုးပမ်းနေသူပင်ဖြစ်
မဟုတ်ပါလား။

ထို့အပြင်

သူသည် သူကိုယ်သူ ကမ္ဘာကြီးကို ကယ်တင်မည့် မိုး
မင်းကြီး၏ တမန်တော်ဟု ယူဆနေသူ မဟုတ်ပါလား။

ဤသို့ဆိုလျှင်

ရိဖုန်းသည် ဆက်မတွေးတော့ပါ။

သူသက် သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်
တော့သည် မဟုတ်ပါလား။

* * *

သဉ္ဇာနက်နေပြီ ဖြစ်၏။

သို့သော်

ရိဖုန်းသည် အိပ်ချိမပျော်ပါ။

သူသည် ခုတင်ပေါ် လဲလျောင်း၍ မျက်လုံးကိုမှိတ်ထား
သည်။

သူ၏အတွေးများက ပျံလွှင့်နေ၏။

သဲများအောက်မှာ တိမ်မြုပ်ပျောက်ကွယ်နေသော သိမ်း
ပုံ မြို့ဟောင်း။

ဝိညာဉ်များ၏ တွင်း။

ကျောက်သေတ္တာထဲ၌ ထည့်ထားသော မှော်မျက်ရှင်ခား။

အရပ်ဂါးပေသာရှိသော တာဝေနယ်စား။

မဟာတရုတ်ပြည်သစ် စီမံကိန်း....

စသည်ဖြင့် ရိဖုန်းမျက်လုံးထဲ၌ မြင်ယောင်နေ၏။

ဒဏ္ဍာရီထဲကအတိုင်း မှော်မျက်ရှင်ခားသည် အမှန်တကယ်
ရှိဆုန်းသော တန်ခိုးစွမ်းအင်များ ရှိနေခဲ့လျှင်....

ရိဖုန်းသည် သက်ပြင်းချလိုက်၏။

ထို့နောက်....

သူသည် မျက်လုံးဖွင့်လိုက်၏။

ခုတင်ပေါ်မှ ထလိုက်၏။

ပြီးမှ....

သူသည် အခန်းကိုဖြတ်လျှောက်၍ ပြတင်းပေါက်၌ရပ်၍
ပြတင်းပေါက်ကို ဖွင့်လိုက်၏။

အေးမြသော ညဉ့်၏လေက သူ၏မျက်နှာကို တို့ိုးဝှေ့ခြင်း သွား၏။

ထို့ကြောင့်....

သူ၏စိတ်သည် လန်းဆန်းသွား၏။

သူသည် ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်၏။

လပြည့်ညဖြစ်၍ လဝန်းကကာင်းကင်ပေါ်၌ ဝိုင်းစက်ခြင်း ကြီးမားသော မီးအိမ်တစ်လုံးကို ချိုးဆွဲသားသကဲ့သို့ ထင်မှတ် ရသည်။

သို့သော်

လပြည့်ဝန်းကို အမည်းရောင် တိမ်တိုက်များက အနှောင့် အယှက်ပေးနေ၏။

အေးချမ်းသော ကမ္ဘာကြီးကို တာဝေနယ်စားကြီးက ခြိမ်း ခြောက် နေသကဲ့သို့ ဖြစ်နေသည်ဟု ထင်မှတ်ရ၏။

သူက သက်ပြင်းချလိုက်၏။

'ရိဖုန်း မှော်မျက်ရှင်ခေါ်းတာ အယ်လို တန်ခိုးစွမ်းအင်တွေ ရှိတယ်၊ မရှိဘူးဆိုတာ ကျုပ်တို့က စိတ်မဝင်စားဘူး.....

'ဒါပေမယ့် ရှုးသွပ်နေတဲ့၊ တာဝေနယ်စားကြီး လက်ထဲ ကိုတော့ ကျုပ်တို့ အနေနဲ့၊ အဲဒီခေါ်းကို ရောက်မသွားစေချင် ဘူးလေ....

'ဒီတော့ ခင်ဗျားက ကျုပ်တို့ကို ကူညီပါ၊ ဒီခေါ်းကို တာ ဝေနယ်စားကြီးထက် ဦးအောင်ယူပေးပါ'

ဟု ဟန်လုံ၏ စကားဆိုကို ရိဖုန်း၏ နှားထဲ၌ ပြန်လည်၍ ကြားယောင်လာ၏။

ရိဖုန်းက သက်ပြင်းတစ်ချက်ကို သေးပင်စွာ ချလိုက်လေ သည်။

သူကည် မှော်မျက်ရှင်ခေါ်း၏ တန်ခိုးကြွေးပါတ်ကို ယုံ ကြည်သူ မဟုတ်ပါ။

ထို့အပြင်....

ဟုန်လုံသည် လက်နတ္ထသမားဖြစ်၏။

ဒဏ္ဍာရီ၊ ပုံပြင်၊ ယုံတမ်းစကားများ အပေါ် လက်ခံသူ မဟုတ်ပါ။

သူအနေဖြင့် ထိုဧှော်မျက်ရှင်ခေါ်းကို တာဝေနယ်စားကြီး၏ လက်ထဲသို့ မရောက်ရှိရေးအတွက် ရိဖုန်းကိုအကူအညီတောင်း ခဲ့ခြင်းဖြစ်သည်။

ရိဖုန်းကလည်း ထိုမှော်မျက်ရှင်ခေါ်းကိုတာဝေနယ်စားကြီး လက်ထဲသို့ အပါမခံနိုင်ပါ။

အရပ် ၈ ဒေါ်ပေသဝေရှိသည့် ရွှေကြောင်ကြောင် နယ်စားကြီး တစ်ယောက်၏လက်ထဲသို့ လွှဲခဲ့သောနှစ်ပေါင်း လေးထောင် ကျော်က လူဘေ့၏ သမိုင်းကို သေလာနိုင်သည့် ထိုမှော်မျက် ရှင်ခေါ်းကို အပါမခံနိုင်ပါ။

ထို့ကြောင့်....

ရိဖုန်းသည် မှော်မျက်ရှင်ခေါ်းကို တာဝေနယ်စားကြီးထက် လက်ဦးရန် ပြုလုပ်ရတော့မည် မဟုတ်ပါလား။

* * *

ရိဖုန်းသည် မျက်လုံးကိုမှိတ်လိုက်၏။

သူ၏ လှုပ်ရှားနေသည့် စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်လိုက်သည်။

ထို့နောက်....

သူ၏ ဦးနှောက်ထဲမှ အကန့်ကလေးတို့ကို တစ်ခုစီဖွင့်၍ သမျှားအောက်၌ တိမ်မြုပ်ပျောက်ကွယ်သွားခဲ့သော သိမ်းငှက်မြို့ဟောင်းနှင့် ပတ်သက်သည့် အချက်အလက်တို့ကို ရှာဖွေမဖော်ထုတ်ကြည့်နေမိ၏။

ဟန်လုံ၏ သူလျှိုထံမှ ပေးပို့သော သတင်းအရ ဘောင်ဒွေး၏ ခေါင်းပိုင်းကို တာဝေနယ်စားကြီးတို့ တွေ့ရှိဟန် မပေါ်ပါ။

ထိုခေါင်းပိုင်းသည် ဆရာကြီးဝေထံ၌ ရှိလိမ်မည်ဟု တာဝေနယ်စားကြီးတို့က ယူဆထားပုံရ၏။

အဘယ်ကြောင့်....

သူတို့က ဤကဲ့သို့ ယူဆရသနည်း။

နောက်ဆုံး၌....

ရိဖုန်းသည် ဆရာကြီးဝေကို တာဝေ နယ်စားကြီးထက်ဦးအောင် ရှာဖွေရန်ဆုံးဖြတ်လိုက်၏။

အကယ်၍

တာဝေနယ်စားကြီးတ် ယူဆထားသလို ဆရာကြီးဝေထံ၌ ဘောင်ဒွေး၏ ခေါင်းပိုင်းရှိနေလျှင် မိမိက လက်ဦးအောင် ယူထားရမည်ဖြစ်သည်။

ထိုခေါင်းပိုင်းသာ မရှိလျှင် တာဝေနယ်စားကြီးသည်မှော်ချက်ရှင်ဓားကို မည်သို့မျှ ရှာတွေ့နိုင်မည် မဟုတ်ဟု ရိဖုန်းကယုံကြည်၏။

အကယ်၍

ဆရာကြီးဆီမှာ ထိုခေါင်းပိုင်းမရှိခဲ့လျှင် ထိုခေါင်းပိုင်း ရှိနိုင်သော နေရာကို ဆရာကြီးဝေဆီမှ သဲလွန်စ ရနိုင်၏။

အဘယ်ကြောင့်ဆိုသော်

ဆရာကြီးဝေသည် တိမ်မြုပ်ပျောက်ကွယ်နေသော သိမ်းငှက်မြို့ဟောင်း၏ အကြောင်းကို သိကတည်းက စာတမ်းတစ်စောင်ကို ပြုစုပြီး....

ထိုမြို့ဟောင်းနှင့်ပတ်သက်သည့် သဲလွန်စများ နှောက်သို့လိုက်နေခဲ့သည်မဟုတ်ပါလား။

ရိဖုန်းသည် ဆရာကြီးဝေအကြောင်း စဉ်းစားရင်း အလွန်ခဲ့စရာကောင်းသော မိန်းကလေးတစ်ယောက်ကိုသတိရလာသည်။

ထိုမိန်းကလေးမှာ ဆရာကြီးဝေ၏ တစ်ဦးတည်းသော သမီးရင်ရင်ပင် ဖြစ်သည်မဟုတ်ပါလား။

* * *

ဖြောင့်စင်းသော နှာတံနှင့် နီထွေးသည့် နှုတ်ခမ်းတစ်စုံက ဆန့်ကျင်ဖက် လိင်ကို ညှို့ယူ ဖမ်းစားနေသကဲ့သို့ ထင်မှတ်ရသည်။

ထို့ကြောင့်....

သူမကို ဆန့်ကျင်ဖက် လိင်များက နှစ်ခြိုက်မှုကြောင့် ငေးကြည့်ကြရသည် မဟုတ်ပါလား။

ရိဖုန်းသည် ရင်ရင်ကိုတွေးမိပြီးနောက် သက်ပြင်းတစ်ချက်ကို ချလိုက်မိ၏။

ရင်ရင်သည် သူ၏ အသည်းနှလုံးထဲ၌ ရှိနေဆဲ ဖြစ်သည် မဟုတ်ပါလား။

* * *

ရင်ရင်....

သူမ၏ အရုပ်အဖောင်းကသာ သာမန် မိန်းကလေး များထက် အနည်းငယ်ပိုမြင့်၏။

ခန္ဓာကိုယ်က အလွန်လက်ရာမြောက်သော ပန်းပုဆရာတစ်ယောက်က ထုလုပ်ထားသည့် ပန်းပုရုပ်ကဲ့သို့ အချိုးအစားကျသည်။

အမို့အဇိုက် အရှိုက်အဝန်းထို့က သူ့နေရာနှင့်သူ အံဝင်ခွင်ကျ ရှိနေ၏။

မျက်နှာကျပုံကလည်း သူမ၏ ခန္ဓာကိုယ် အချိုးအစားနှင့် လိုက်ဖက်၍ နေ၏။

ရှုန်းလဲ့သော မျက်ဝန်းတစ်စုံက ထူထဲ၍ နက်မှောင်သည့် မျက်ခုံးမွှားနှင့် လွှန်စွာမှ ကင်တယ်နေ၏။

လျှံ့စန်းသည် ရိဖုန်းကို ရွှေကျားရဲတိုက် ပို့ဆောင်ရန် အစီအစဉ်ထုတ်လိုက်ပြီ။

သူတို့သည် နံနက်စာ စားသောက်ပြီးသည်နှင့် ရွှေကျားရဲတိုက်မှ ထွက်လာခဲ့ခြင်း ဖြစ်၏။

လူဖွေးနှင့် ဟန်လုံတို့ကို လျှံ့စန်းက မြင်းလှည်းတစ်စီးဖြင့် အပြန်ခရီးအတွက် စီစဉ်ပေးခဲ့သည်။

သူတို့ နှစ်ယောက် ထွက်သွားပြီးမှ ရိဖုန်းနှင့် လျှံ့စန်းတို့သည် ရွှေကျားရဲတိုက်မှ ထွက်လာခဲ့ကြခြင်း ဖြစ်၏။

ရွှေကျားရဲတိုက်ဟု ရေးထိုးထားသော ကျောက်တိုင် စိုက်ထားသည့် နေရာသို့ ရောက်သောအခါ လျှံ့စန်းက မြင်းကိုရပ်တန့်လိုက်၏။

ရိဖုန်းကလည်း မြင်းကို ရပ်တန့်လိုက်သည်။

လျှံ့စန်းက ရိဖုန်းကို လှမ်းကြည့်လိုက်၏။

ရိဖုန်းကလည်း လျှံ့စန်းကို ပြန်ကြည့်သည်။

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် အတန်ကြာအောင် ကြည့်နေကြ၏။

အတန်ကြာမှ....

ရိဖုန်းက သက်ပြင်းချပြီး....

'အင်း....ခင်ဗျားက အရင်ကလို မဟုတ်တော့ဘူး'

ဟု ပြောလိုက်၏။

လျှံ့စန်းက ခေါင်းညိတ်၍....

'ဟုတ်တယ်....ရွှေကျားရဲတိုက် သခင်ကြီး ဖြစ်ပြီးမှ ကျုပ် ဟာ ခြေချုပ်မိနေသလိုပဲ'

ဟု ပြောလိုက်သည်။

ရိဖုန်းက ပြုံး၍....

'ခြေချုပ်မိတာ မဟုတ်ဘူး သူငယ်ချင်း၊ မင်းမှာ တာဝန်ကြီးတာ၊ မင်းက ရွှေကျားရဲတိုက်ရဲ့ သခင်ကြီး ဖြစ်နေပြီ၊ ရွှေကျားရဲတိုက်နဲ့ ပတ်သက်တဲ့ ကိစ္စမှန်သမျှဟာ မင်းအပေါ်မှာ တာဝန်ရှိနေပြီ....

'အံ့နည်းဆုံး ရွှေကျားရဲတိုက်ရဲ့ လက်အောက်ငယ်သားတွေရဲ့ စားဝတ်နေရေးဟာ မင်းရဲ့ တာဝန်ဖြစ်နေပြီ၊ သူတို့တွေ ဝဝလင်လင် စားနိုင်အောင်၊ နေနိုင်အောင် မင်းက အစွမ်းကုန် ကြိုးစားရလိမ့်မယ်'

ဟု ပြောလိုက်သည်။

လျှံ့စန်းက ပြုံးပြီး....

'ဒါကြောင့် ကျုပ်ဟာ အရင်ထုန်းကလို မလုတ်လပ်တော့ဘူးပေါ့ဗျာ'

ဟု ပြန်ပြောလိုက်၏။

သူက ပြုံး၍....

'ဘာပဲဖြစ်ဖြစ် ခင်ဗျားအနေနဲ့ ရွှေကျားရဲတိုက် သခင်ကြီးရဲ့ အမွေကိုဆက်ခံရတာ ဂုဏ်ယူစရာပါဗျ'

'ဟုတ်တယ်၊ နေ့ကတစ်ခါ ကျုပ်တို့ နှစ်ယောက် အတူ လက်တွဲပြီး စွန့်စားခိုင်အောင် အခုကိစ္စမှာ သတိထားပြီး လုပ်ပါဗျာ'

သူက ပြုံး၍

'ကျုပ်က အမြဲတမ်း သတိထားပါတယ်'

လျှံစန်းက ပြုံး၍...

'ကျုပ်မြင်းပါဘူး၊ ဒါပေမယ့် တစ်ခါတစ်ခါမှာ ခင်ဗျားက ပရမ်းပတာ လုပ်တတ်တယ် မဟုတ်လား၊ ကျုပ်စိတ်ထဲမှာ အခု ခင်ဗျားတို့ ပြောနေတဲ့ မှော်မျက်ရှင် ဝေးဟာ အရင်က ခင်ဗျားကြုံတွေ့ဖူးတဲ့ ကိစ္စတွေထက် ဆန်းကြယ်လိမ့်မယ်လို့ ယူဆနေတယ်၊ ပြီးတော့ ယွန်ဂွက်မှူ တစ်ခုရှိနေတယ်လို့ လဲထင်နေတယ်'

ရီဖုန်းက မျက်ခုံးပင့်လိုက်ပြီး....

'ဘာလဲ....ခင်ဗျားက ဟိုနှစ်ယောက်ကို မသက်ဘာ ဖြစ်နေလား'

ဟု မေးလိုက်၏။

လျှံစန်းက ပြုံး၍ ခေါင်းညိတ်ကာ....

'သူတို့က ကျုပ်အဖေရဲ့ မိတ်ဆွေတွေပဲ၊ သူတို့နှစ်ယောက် ကျုပ်အနေနဲ့ သံသယ မဖြစ်ပါဘူး'

ရီဖုန်းက ပြုံးပြီး....

'ဒါဖြင့် ခင်ဗျားက ဘာကို သံသယ ဖြစ်နေတာလဲ'

ဟု ပြောလိုက်၏။

လျှံစန်းက ပြုံးလိုက်ပြီး

'ခင်ဗျားနဲ့ ဟိုတစ်ခါတုန်းကလို လက်တွဲပြီး မစွန့်စားနိုင်တော့ဘာကိုတော့ ဝမ်းနည်းမိတာ အမှန်ပဲ'

ဟု ပြောလိုက်၏။

ရီဖုန်းက ပြုံးလိုက်သည်။

လျှံစန်း၏ စကားသည် ထောင်ပင်လယ်မှ ရေအောက်နန်းတော်ကို ရည်ညွှန်း၍ ပြောလိုက်ခြင်း ဖြစ်ကြောင်း ရီဖုန်းက နားလည်လိုက်၏။

ထို့စဉ်က....

သူတို့နှစ်ယောက်သည် အတူ လက်တွဲ၍ စွန့်စားခဲ့ဖူးသေးသည်။

ထို့အချိန်မှစ၍....

သူတို့နှစ်ယောက်သည် ရင်းနှီးသော မိတ်ဆွေများ ဖြစ်လာခဲ့ကြသည် မဟုတ်ပါလား။

ရီစန်းက ပြုံး၍....

'နောက်တစ်ခါ ကျုပ်တို့အတူ တွဲပြီး စွန့်စားဖို့ ကြုံဦးမှာပေါ့'

ဟု ပြောလိုက်၏။

လျှံစန်းက ပြုံးပြီး....

ဟု မေးလိုက်၏၊
ဝမ္ပါ စန်းက သက်ပြင်းချ၍....
'မှော်မျက်ရှင်ခားကိုပါ'
သူက မျက်ခုံးပင့်လိုက်ပြီး....
'ဘာဖြစ်လို့လဲ'
ဝမ္ပါ စန်းက ပခုံးကို တွန့်ပြလိုက်ပြီး....
'ဒါတော့ ကျုပ်လဲမပြောတတ်ဘူး၊ ဒါပေမယ့် ခင်ဗျားကို ကျုပ်အနေနဲ့ လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး....။
'ဒါကြောင့် ဘာပဲဖြစ်ဖြစ် အရင်ကကိစ္စခတ္တထက် ပိုပြီး သတိထားပါလို့ ပြောချင်တာပါ'
ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

* * *

အလွန်ကြီးကျယ်ခမ်းနားသော ဧည့်ခန်းဖြစ်၏၊
ကြမ်းခင်းကို အလွန်ပြောင်လက်သော ကျောက်ပြားများဖြင့် ခင်းထား၏
မျက်နှာကျက်မှာ ကြမ်းပြင်မှဘိုင်းတာလျှင် မေအစိတ်သုံးဆယ်ခန့် မြင့်မားနေ၏၊
ထိုမျက်နှာကျက်ပေါ်၌ အလွန်လှပသည့် ရုပ်ပုံပန်းချီကားများကို လက်ရာမြောက်သော ပန်းချီဆရာများက ရေးဆွဲပေးထား၏။
အခန်း၏ပတ်ပတ်လည် နံရံများပေါ်၌လည်း နာမည်ကျော် ပန်းချီဆရာများ၏ ပန်းချီပုံများကို ချိတ်ဆွဲထားလေသည်၊

အခန်းထဲ၌ ခင်းကျင်းထားသော အိမ်ထောင်ပရိဘောဂများကလည်း အလွန်အဖိုးထိုက်တန်သော ပစ္စည်းပရိဘောဂများဖြစ်သည်။

အခန်းထောင့်မှ လူတစ်ယောက်၏ အရပ်နှီးပါးမြင့်သော ကြွေပန်းအိုးကြီးသည် နှစ်ပေါင်းနှစ်ရာကျော်ပြီဟု တန်ဖိုးကပြောသည်။

အခန်း၏ တစ်နေရာ၌ အလှပြင်ထားသော ကျောက်စိမ်းဖရဲသီးသည် ဤလောကပေါ်၌ မည်သူမျှတို့၍ ထုလုပ်နိုင်စွမ်းမရှိသော ကျောက်စိမ်းပန်းပုချပ် ဖြစ်သည်။

ထိုကျောက်စိမ်းဖရဲသီးကို ထုလုပ်ခဲ့သော ပန်းပုဆရာသည် သူ၏သက်တမ်း တစ်ဝက်မျှကို ဤပန်းပုချပ်ဖြင့် ကုန်ဆုံးစေခဲ့သည်။

ထိုကျောက်စိမ်းဖရဲသီးကို ထုလုပ်ပြီးသောအခါ သူ၏ မျက်စိနှစ်လုံးသည် အလင်းကွယ်သွားခဲ့၏။

သူ၏ အလွန်လက်ရာမြောက်သော ကျောက်စိမ်းဖရဲသီးကို လူတိုင်းက ချီးကျူးစကားပြောဆိုသော အချိန်မတိုင်မီမှာပင် သူသည် ကွယ်လွန်ခဲ့သည်။

ထိုကျောက်စိမ်းဖရဲသီးသည် အလွန်လက်ရာမြောက်သော ကြောင့် လောကမေါ်၌ အတုမဲ့ ရတနာပစ္စည်းတစ်ရာ၌ စာရင်းဝင်ခဲ့သည်။

တန်ဖိုးသည် အခန်းထဲမှ ပစ္စည်းပစ္စယများ၏ အဖိုးတန်ပုံသက်ရာမြောက်ပုံတို့ကို တစ်ဖက်လူက နားထောင်ချင်မှန်းမသိ နားမထောင်ချင်မှန်းမသိ ရှည်သျှားစွာရှင်းပြနေ၏။

မည်သို့ပင်ဖြစ်ပါစေ....

ဤအခန်းသည် အလွန်ကြီးကျယ်ခမ်းနားသော ဧည့်ခန်းဖြစ်သည်။

ထို့ကြောင့်....

ဤအခန်းထဲသို့ ရောက်ရှိလာသောအခါ ဝမ်ယု၏စိတ်ထဲ၌မိ၏ခန္ဓာကိုယ်သည် တဖြည်းဖြည်း သေးငယ်သွားသည်ဟု ခံစားနေရ၏။

သို့သော်....

နာကာတာက အလွန်တင်စားသည့် အမူအရာဖြင့် နားဆောင်နေ၏။

ဝမ်ယုသည် နာကာတာနှင့် တန်ဖိုးတို့နှစ်ယောက်ကို ကြည့်ရင်း စိတ်ပျက်ဟန်ဖြင့် သက်ပြင်းတစ်ချက်ကို မသိမသာ ချမိသည်။

သူသည် နာကာတာနှင့် လုပ်ငန်းတစ်ခုကိုလက်တွဲ၍ မလုပ်ချေသူ လုပ်ကိုင်ရတော့မည်ဖြစ်သည်။

ထို့ကြောင့်....

သူ၏စိတ်ထဲ၌ ကျဉ်းကျပ်နေ၏။

နာကာတာသည် စကားပြော အလွန်ယဉ်ကျေးသိမ်ခမွေသူ ဖြစ်သည်။

တန်ပင်က ကြီးကျယ်ခမ်းနားသော ဆွေခန်းဆောင်ထဲမှ အဖိုးထိုက်တန်သော ပစ္စည်းပစ္စယများ၏အကြောင်းကို တစ်ဖက်လူ နားငြီးလောက်အောင် ပြောဆိုပြီးနောက် မကြာမီမှာပင် အနက်ရောင်ဝတ်စုံကို ဆပ်ရပ်စွာဝတ်ဆင်ထားသော လူတစ်ယောက်သည် ဆွေခန်းထဲသို့ ဝင်ရောက်လာ၏။

သူ၏အရပ်က မြင့်မားပြီး ခန္ဓာကိုယ်က ထွားကြိုင်းလေသည်။

သူ၏မျက်နှာပေါ်၌ မည်သည့်အမှုအရာမျှ မရှိပါ။

အကယ်၍သာ

သူသည် ယခုကဲ့သို့ ထွပ်ရွားသွားလာခြင်းမရှိဘဲ ခုတင်ပေါ်၌ လဲလျောင်းနေခဲ့လျှင် သူ့ကို လူနေအဆောင်းတစ်လောင်းဟု ထင်မှတ်မိလိမ့်မည်ဖြစ်သည်။

ထိုလူက အခန်းထဲသို့ ဝင်ရောက်လာပြီး တန်ပင်ကို ခေါင်းညိတ်ပြလိုက်သည်

ထိုကြောင့်....

တန်ပင်က ပြုံးလိုက်ပြီး ဝမ်ယုန့်နှာတာတာကို ခေါင်းညိတ်ပြကာ....

"ကျွပ်တို့ နှစ်ဦးကြီးနဲ့တွေ့ခရအောင်"

ဟု မြွေ့လိုက်လေတော့သည် မဟုတ်ပါလား။

* * *

လူတိုင်းနှင့် သင့်တင့်အောင် ပေါင်းသင်းနိုင်သူ ဖြစ်လေသည်။

သူ၏ ဝတ်ပုံစားပုံက အထက်တန်းကျပြီး အလွန်သန့်ရှင်းသပ်ယပ်သည်။

သူ၏ ပြောပုံဆိုပုံနှင့် အမူအရာမျာ်းက လူတစ်ဖက်သားကို နှစ်လိုဖွယ်ဖြစ်လာအောင် ဆွဲဆောင်နိုင်စွမ်းရှိ၏။

သို့သော်

သူသည် ဝံပုလွေတစ်ကောင်ထက် ကောက်ကျစ်ကာ ကြောက်မက်ဖွယ်ကောင်းကြောင်း ဝမ်ယုကသိနေ၏။

သို့ဖြစ်၍

နာကာတာနှင့်လက်တွဲ၍ လုပ်ငန်းတစ်ခုကို ပူးပေါင်းဆောင်ရွက်ရန် စိတ်ကျဉ်းကျပ်နေခြင်းပင် ဖြစ်သည်မဟုတ်ပါလား။

* * *

နယ်စားကြီးထံမှ အပြန်ခရီးတွင် နာကာတာသည် မြင်းလှည်းဦး စိတ်ပျက်ဟန်ဖြင့် ခြေပစ်လက်ပစ် ထိုင်နေ၏။

တန်ပင်က ဝမ်ယုနှင့်နာကာတာတို့ကို အပြန်ခရီးအတွက် မြင်းလှည်းစီးဦးပေးလိုက်ခြင်းဖြစ်၏။

ဝမ်ယု၏ ခြေပစ်လက်ပစ်ထိုင်နေသော နာကာစာကို ကြည့်ရှုင်း သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်၏။

နာကာတာက မြင်းလှည်းပြတင်းပေါက်မှ အပြင်သို့ အဓိပ္ပာယ်ကင်းမဲ့စွာ တစ်ချက်လှမ်းကြည့်လိုက်ပြီး....

'ခင်ဗျားတို့ဟာ အဖိုးတန်တဲ့အချိန်တွေကို အသုံးမခံ့တတ်ဘူး'

ဟု ပြောလိုက်၏။

နာကာတာ၏စကားကြောင့် ဝမ်ယုက နာကာတာကို မျက်ခုံးပင့်ကြည့်ရှင်း....

'အသုံးမချတတ်ဘူး ဟုတ်လား'

ဟု မေးလိုက်၏။

နာကာတာက ဝမ်ယုကိုလှည့်ကြည့်ပြီး ဦးဆောင်းညိတ်ပြကာ....

'ဟုတ်တယ်၊ ခင်ဗျားတို့ရဲ့ မဟာတရုတ်ပြည်သစ် စီမံကိန်းအကြောင်းကို ကျုပ်က နှစ်နာရီနီးပါး နားထောင်ခဲ့ရတယ်၊ အခု ကျုပ်လုပ်ရမယ့် လုပ်ငန်းပိ ပတ်သက်ပြီး ဘာမှ ရေရေရာရာမသိခဲ့ရဘူး'

ဟု ပြောလိုက်သည်။

ဝမ်ယုက သက်ပြင်းချလိုက်ပြီး

'ဒီမှာ နာကာတာ၊ နယ်စားကြီးဟာ မဟာတရုတ်ပြည်သစ်ကို ထူထောင်ဖို့ ကြိုးစားနေတဲ့လူပါ၊ ရှေးဟောင်းပြဿိုက်ထဲမှာတားဖို့ ပစ္စည်းတစ်ခုအဘက် သူက အချိန်ကုန် မခံနိုင်ဘူး'

ဟု ပြောလိုက်သည်

နာကာတာက မဲ့ပြုံးပြုံးသိုက်ပြီး ဘုံးတွေငေးတွေဟု စိတ်ထဲမှရေရွတ်လိုက်သည်။

'ပြီးမှ ခေါင်းယမ်းကာ....

'ဒါဖြင့် သူက ဒီကိစ္စကို ဘာဖြစ်လို့ ထိပ်တန်းလျှို့ဝှက်အဆင့်နဲ့ သောင်ရွက်နေရတာလဲ'

ဟု မေးလိုက်သည်။

နာကာတာ၏စကားကြောင့် ဝမ်ယုသည် ရုတ်တရက် မည်သို့ ပြန်လည်အဖြေပေးရမှန်းမသိအောင် ဖြစ်သွား၏။

နာကာတာက ရယ်လိုက်ပြီး

'ရှေးဟောင်း ပစ္စည်းတွေဟာ အတိတ်က လူတွေရဲ့အကြောင်း၊ လူတွေရဲ့ယဉ်ကျေးမှု၊ လူတွေရဲ့ စစ်ရေး နိုင်ငံရေးတွေကို မဖော်ပြနေကယ်ဆိုတာ ခင်ဗျားဘို့နားမလည်ဘူး၊ ပြီးတော့ ခေတ်တွေက တစ်ခေတ်နဲ့တစ်ခေတ် ဆက်စပ်မှုရှိနေတယ်ဆိုတာ ခင်ဗျားတို့နားမလည်ဘူး....

'ခင်ဗျားတို့နှားလည်တာက ရှေဟောင်းမြို့တွေမှာ မြူပြန့်ထားတဲ့ ဇေဇော်ဇောတွေ ကျောက်သိမ်တွေမြားတွေပဲ၊ ဒါတွေနဲ့ ခင်ဗျားတို့က ကြီးကျယ်တဲ့နှန်းတော်တွေ ရောမမင်းဆိုးမုခီဝကြီးတွေ ရင်ပြင်တွေဒါတွေကို ဆောက်လုပ်မယ် ခင်ဗျားတို့ရှင်းအားကို ခွဲထွင်မယ်၊ ဒါပဲနားလည်တယ် မဟုတ်လား'

ဟု ပြောလိုက်သည်။

နာကာတာ၏ စကားဝကြောင့် ဝမ်ယုက မျက်နှာကို တည်လိုက်ပြီး....

'နာကာတာ၊ ခင်ဗျားအနေနဲ့ စကားကိုဆင်ခြင်ပြီးတော့ ပြောသင့်တယ်'

ဟု ပြောလိုက်၏။

ပြီးမှ သူသည် နာကာတာကို စူးစိုက်ကြည့်ကာ....

'ခင်ဗျား လုင်ရမယ် ဒုလုင်က သိမ်းဂျော်မြို့ဟောင်းမှာ မှော်မျက်ရှင်ခေးကို ရှုးဖို့ပဲ'

ဟု ပြောလိုက်၏။

နာကာတာက သက်ပြင်းတစ်ချက် ချလိုက်ပြီး....

'ဒီမှာ ဝမ်ယု၊ ကျုပ်စီတ်ဝင်စားက မှော်မျက်ရှင်ခေးပဲ။ ဒါနဲ့စကားမစပ် မေးပါရစေ၊ တောင်ဗဒုးရဲ့ခေါင်းပိုင်းကိုရော ခင်ဗျားတို့ ရှာတွေ့ပြီလား'

ဟု မေးလိုက်၏။

ဝမ်ယုက ခေါင်းညိတ်ကာ....

'သတင်းရပါပြီ၊ ဟိမဝန္တာတောင်ခြေ တစ်နေရာမှာရှိပါတယ်'

နာကာတာက ပြုံးလိုက်ပြီး....

'ဒါဖြင့် ကျုပ်တို့က အာဖြစ်လို့ အချိန်ပြုန်းနေရတာလဲ'

ဝမ်ယုက ပြုံး၍....

'စိတ်ချပါ၊ ကျုပ်ကို လူလွှတ်ပြီး ယူခိုင်းလိုက်ပါပြီ'

နာကာတာက မျက်မှောင်ကြုတ်လိုက်ပြီး....

'ဘယ်သူတွေလဲ၊ ရှေးဟောင်းဗစ္စည်းနဲ့ပတ်သက်ပြီး သိတဲ့လူ တစ်ယောက်မှမပါဘူး မဟုတ်လင်'

ဟု မေးလိုက်၏။

ဝမ်ယုက နာကာတာကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီးလျှင်....

'လိုအပ်လို့လား'

ဟု ပြန်မေးလိုက်၏။

နာကာတာက မျက်နှာကိုမဲ့ကာ....

'ခင်ဗျားလူတွေက ပစ္စည်းဟာ အတုလား၊ အစစ်လား ဆိုတာ ခွဲခြားသိနိုင်ပါ့မလား'

ဟု ပြန်မေးလိုက်၏။

ဝမ်ယုကပြုံးပြီး....

'အခု လှတ်လိုက်တဲ့ လူတွေဟာ ပစ္စည်းကို အတုလား အစစ်လားဆိုတာ ခွဲခြားမသိနိုင်ပေမယ့် အစစ်ကို ထုတ်ပေးလာအောင် စွမ်းဆောင်နိုင်စွမ်းရှိတဲ့ လူခတ္တပါ'

နာကာတာက နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး....

'ဆရာကြီးဝေကို ဘယ်လိုလူစားလို့ ခင်ဗျားတို့က ထင်နေသလဲ'

ဟု ထပ်၍မေးလိုက်၏။

ဝမ်ယုက ရယ်မောလိုက်ပြီး....

'ဆရာကြီးဝေရဲ့ ခေါင်းက ဘယ်လောက်မာလို့လဲ၊ ဒီမှာ နာကာတာ၊ ပစ္စည်းကို အတုအစစ်ခွဲခြားနိုင်ရုံနဲ့ မပြီးဘူး၊ အဓိကသော့ချက်က ဘယ်မှာ ဆိုတာကို သိထားမှ ကျုပ်တို့ လိုချင်တဲ့ပစ္စည်းကို ရမှာ

နာကာတာက ပြုံးလိုက်၏။

ပြီးမှ သူသည် မြင်းလှည်း၏ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်၏။

သူ၏စိတ်ထဲမှလည်း....

အလကားလူတွေ၊ ငတုံးတွေ၊ ငအတွေ့၊

ပစ္စည်းတစ်ခု၏ တန်ဖိုးကို မသိသောလူတွေ၊

ရှေ့ငွေ ကျောက်သံပတ္တမြားဖြင့်သာ တန်ဖိုးဖြတ်သူတွေ၊ ပစ္စည်း၏တန်ဖိုးက အချိန်ကာလတစ်ခု ဖြစ်ကြောင်း မသိသူတွေဟု ရေရွတ်လိုက်၏။

တစ်ဆက်တည်းမှာပင်....

ထိုပစ္စည်းကို မိမိမှလွဲ၍ မည်သူမျှ မပိုင်ဆိုင်စေရဟု ဆုံးဖြတ်လိုက်လေတော့သည် မဟုတ်ပါလား။

* * *

လောကပေါ်၌ သဘာဝက ဖန်တီးထားသော အချို့အရာများသည် လူတို့က ပြုလုပ်နိုင်စွမ်း မရှိသည့် အရာများဖြစ်သည်။

ထို့အရာများသည် လူတို့ကို အံ့သြဘနန်း ဖြစ်စေ၏။

ရိဖုန်းသည် ဟိမဝန္တာ တောင်တန်းကြီး၏ ကြီးကျယ်ခမ်းနားပုံကို ကြည့်ရင်း ဆက်ပြင်းချလိုက်သည်။

ထို့နောက်....

သူသည် ခပ်မှန်မှန်မှသာ မြင်ရသော လူသွေးလမ်းအတိုင်း တောင်ပေါ်မှ ဆင်းသက်လိုက်၏။

ဤအရပ် ဤဒေသသို့ ရောက်ရှိရန် ရက်ပေါင်းများစွာ ခရီးနှင်လာခဲ့ရ၏။

ယခု....

နောက်ဆုံး ခြေလှမ်းခရီးဖြင့် နှင်လာခဲ့သည်မှာ နှစ်ရက်နှင့် တစ်မှန်းတည့် ရှိပြီ ဖြစ်၏၊

မည်သို့ပင်ဖြစ်စေ မကြာမီ သူသည် ခဏ္ဍမန္ဒါသို့ ရောက်ရှိတော့မည် မဟုတ်ပါလား။

* * *

ဟိမဝန္တာတောင်တန်း....

ဟိမဝန္တာတောင်တန်းကြီး၏ တောင်ထိပ်ခပ်များများမှာ တိမ်တိုက်များထဲသို့ တိုးဝင်ခပျာက်ကွယ်နေ၏။

တိမ်တိုက်များကလည်း ရွှေလျားမှုမရှိ။

တောင်ထိပ်များ၏ မြင့်မားမှုကို ခန့်မှန်း၍မရအောင်ပင် အကယ်အကွယ်ပေးထားသတဲ့သို့ ဖြစ်နေ၏။

ကျောက်တုံးများ၊ကျောက်ဆောင်များ၊တောင်ကြားများ၊ လျှိုမြောင်များ အားလုံးကို ဖြူဖွေးသော ဆီးနှင်းများက ဖုံးလွှမ်းထား၏။

ရိဖုန်းသည် ဟိမဝန္တာ တောင်တန်းကြီး၏ ကြီးကျယ်ခမ်းနားပုံကို ကြည့်ရင်း ကြက်သီးထမိသည်။

အလှန်အေးစိမ့်ဆဲသော အအေးဓာတ်က မိမိ၏ သားငွေး အင်္ကျီကို ဖောက်၍ မိမိ၏ခန္ဓာကိုယ်ထဲသို့ ထိုးဖောက်ဝင်ရောက်လာသကဲ့သို့ ရိဖုန်း၏ စိတ်ထဲ၌ ခံစားလိုက်ရသည်။

လေတစ်ချက် တိုက်ခတ်လာ၏။

ရိဖုန်းသည် အင်္ကျီရင်ဘတ်ကို လက်ဖြင့် ဆွဲစေ့လိုက်လေသည်။

ပြီးမှ....

သူသည် ခတ္တမန္တ၊ မြို့ကလေး၏ တစ်ခုတည်းသော မင်းလမ်းမအတိုင်း လျှောက်သွားလေ၏။

လူထွိုသည် ရိဖုန်းကို ထူးဆန်းသော မျက်လုံးများဖြင့်ကြည့်နေ၏။

မကြာမီ

ရိဖုန်း၏ အနီးသို့ လူငယ်ကလေး တစ်ယောက် ချဉ်းကပ်လာသည်။

အသက် ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်အရွယ် ချာတိတ်ဖြစ်သည်။

အဝတ်အစားများက ဟောင်းနွမ်းစုတ်ပြတ်နေသည့်အပြင် ညစ်ပတ် ပေကျံနေ၏။

ချာတိတ်လေးက ရိဖုန်းကို ပြုံးပြပြီး....

'တည်းခိုခန်း ကောင်းကောင်းရှိတယ်'

ဟု ပြောလိုက်၏။

ရိဖုန်းက ချာတိတ်ကလေးကို တစ်ချက် ကြည့်ပြီး ဘာမျှ ပြန်မပြောဘဲ ရှေ့သို့ ဆက်၍ လျှောက်သွား၏။

ချာတိတ်က ရိဖုန်း၏ အနီးမှ လိုက်ပါလာပြီး....

'အရက်ကောင်းကောင်း ရှိတဲ့ နေရာကိုလဲ ကျွန်တော်သိတယ်'

ဟု ပြောလိုက်၏။

ရိဖုန်းက ပြုံးလိုက်ပြီး....

'မင်းက တယ်မှာ ဘာရှိတယ်ဆိုတာ သိလို့လား'

ဟု မေးသည်။

ချာတိတ်က ပြုံး၍....

'ဒီမြို့မှာ ကျွန်တော်မသိတဲ့ နေရာ မရှိဘူး'

ဟု ပြန်ပြောလိုက်သည်။

သူက ပြုံး၍....

'မင်းက တကယ်သိလို့လား'

ချာတိတ်က ပြုံး၍

'ဆရာ ဘာလိုချင်သလဲ ပြောပါ၊ ကျွန်တော် လိုက်ပို့ပေးနိုင်ပါတယ်'

ဟု ပြန်ပြောလိုက်၏။

ရိဖုန်းက မျက်ခုံးပင့်လိုက်ပြီး....
'မင်းက တကယ်ပြောတာလား'
ဟု ပြန်မေးလိုက်၏။
ချာတိတ်က ခေါင်းညိတ်၍....
'မယုံရင် တစ်ခုခု ပြောကြည့်ပါလား'
ဟု ပြန်၍ ပြောလိုက်၏
ရိဖုန်းကခေါင်းညိတ်ပြီး....
'ကောင်းပြီ... ငါလင်စကို တွေ့ချင်တာယ်'
ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

* * *

ကျွဲငြိုးမြောင်းသော လမ်းကြား နှစ်ခုကို ဖြတ်ကျော်ပြီး နောက် ရိဖုန်းသည် အိမ်တစ်အိမ်ရှေ့သို့ ရောက်ရှိလာလေတော့သည်၊

အိမ်က သေးငယ်သည်၊

ခြံစည်းရိုးက ပေါက်ပြဲနေ၏၊

ရိဖုန်းသည် တိတ်ဆိတ် ငြိမ်သက်နေသော အိမ်ကို တချက် ကြည့်လိုက်ပြီးမှ မိမိကို လိုက်ပို့ ခဲ့သည့် ချာတိတ်အား ငုံ့ကြည့်လိုက်၏၊

'ဒီအိမ်လား'
ဟု ချာတိတ်ကို ရိဖုန်းက မေးလိုက်၏၊
ချာတိတ်က ခေါင်းညိတ်ပြ၍....
'ဟုတ်တယ်'
ရိဖုန်းက အိမ်ကလေးကို တစ်ချက်မျှ ထပ်မံ ကြည့်လိုက်ခြင်း....
'လူမနေတာ ကြာပြီထင်တယ်'
ဟု ပြောလိုက်သည်၊
ချာတိတ်က ခေါင်းညိတ်၍
'ဟုတ်တယ်'
သူက မျက်မှောင်ကုတ်လိုက်၏။

'ဒါဆို လင်စုက ဘယ်ကို ပြောင်းသွားလဲ'
ဟု မေးလိုက်၏။
ချာတိတ်က ပြုံးပြီး....
'သူက ဘယ်မှ မပြောင်းပါဘူး'
ထို့ကြောင့်....
သူက မျက်မှောင်ကုတ်၍
'သူက ဒီမှာနေတာလား'
ခဲ့ာတိတ်က ခေါင်းညိတ်၍
'ဟုတ်တယ်....မနေ့ကပဲ သူ့ဆီကို လူတစ်ယောက် လိုက်ပို့ပေးခဲ့ရသေးတယ်'
ဟု ပြောလိုက်၏။
ချာတိတ်၏ စကားကြောင့် ရိဖုန်းသည် မျက်လုံးပြူးသွားပြီး ချာတိတ်ကို လှည့်ကြည့်၍....
'ဘာပြောတယ်။ သူ့ဆီကို လူတစ်ယောက် လိုက်ပို့ပေးခဲ့ရတယ် ဟုတ်လား'
ဟု မေးလိုက်သည်။
ချာတိတ်က ခေါင်းညိတ်၍....
'ဟုတ်တယ်....သူ့ရဲ့ ဦးလေးလို့ ပြောတာပဲ'
ဟု ပြောလိုက်သည်။

ရိဖုန်းသည် ဘာမျှ ပြန်မပြောတော့ပါ။
သူသည် ခနော်နီ ခနော်နဲ့ ခြံငင်းတံခါးကို ဖွင့်ပြီး
ခဲ့ကလေးရှိရာသို့ ပြေးလွှား သွားလေတော့သည် မဟုတ်ပါ
သား။

* * *

ချာတိတ်သည် ရိဖုန်းကို ကြည့်နေ၏။

ရိဖုန်းသည် ချာတိတ်ကို စူးစိုက်ကြည့်လိုက်ပြီး....

'မနေ့က သူကိုလာရှာတဲ့လူတွေကို မင်းမှတ်မိလဲ'

ဟု မေးလိုက်၏။

ချာတိတ်က ပြုံးလိုက်ပြီး....

'ကျွန်တော် မှတ်ဉာဏ်က သိပ်မကောင်းတော့ဘူး'

ဟု ပြောလိုက်၏။

ရိဖုန်းက သက်ပြင်းချလိုက်ပြီး....

'မှတ်ဉာဏ်ပြန်ကောင်းတဲ့ဆေး ငါ့မှာရှိတယ်'

ဟု ပြောကာ အင်္ကျီအိတ် ထဲမှ ဝွေစက္ကူတစ်ရွက်ကို ထုတ်ယူ၍ ဆောင်ပြလိုက်၏။

ချာတိတ်က ပြုံးလိုက်ပြီး....

'ဒီဆေးက သိပ်မစွမ်းဘူး'

ရိဖုန်းက နောက်ထပ် ဝွေစက္ကူတစ်ရွက်ကို ထပ်မံထုတ်ယူပြလိုက်ပြီး....

'ဒါဆို မင်းမှတ်မိဖို့ကောင်းပြီ'

ဟု ပြောလိုက်သည်။

ချာတိတ်က ရိဖုန်းလက်ထဲမှ ဝွေစက္ကူနှစ်ရွက်ကို လှမ်းယူပို့က်၏။

အိမ်အင်္ဂါးက ပိတ်မထားပါ။

ထွန်းလိုက်သည်နှင့် ကျွဲခန် အသံမြည်၍ ပွင့်သွားပြီး ရိဖုန်းသည် တံခါးကို တွန်းပွင့်ပြီး အိမ်ထဲသို့ ဝင်လိုက်လေတော့သည်။

တစ်ခုခုနဲ့တည်းမှာပင်....

ဧည့်ခန်းထဲ၌ စားပွဲလေးထိုင်များ ကျိုးပဲ့၍ လဲနေသည်ကို မြင်တွေ့လိုက်ရ၏။

အခန်းသုံးခန်းမျှသာ ဖွဲ့စည်းထားသော အိမ်ထဲ၌ ပုန်းခိုရန် နေရာမရှိပါ။

ရိဖုန်းသည် တိုတောင်းသော အချိန်အတွင်းမှာပင် အိမ်တစ်လေးကို မွှေနှောက် ရှာဖွေပြီး ဖြစ်၏

သို့သော်

သူသည် လင်စုံ၏ အရိပ်အယောင်ကိုပင် မတွေ့ရပါ။

ထို့ကြောင့်

သူသည် ဝက်ပြင်းချလိုက်ပြီး ကြမ်းပေါ်၌ လဲပြိုနေသော ကုလားထိုင်ကို ဆွဲယူ၍ ထိုင်ချလိုက်၏။

ပြီးနောက်....

သူသည် အခန်းတစ်ခုလုံးကို မျက်လုံးဝေ့ကြည့်လိုက်သည်၊ အခန်းထဲ၌ ပစ္စည်းမျှားကိုလည်း တစ်စုံတစ်ယောက်က မွှေနှောက်ထားဟန်ဖြင့် ပြန့်ကျဲနေ၏။

ရိဖုန်းသည် ခရီးပန်းလာသောကြောင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့၏။

သူသည် ခတ္တမန္တ။မှ ငါတန်ဒေသသို့ ခရီးဆက်လိုသော်လည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်အပြင် မိုးချုပ်လာပြီဖြစ်၍ ခတ္တမန္တ။မြို့၌ပင် တစ်ညတာ တည်းခိုလိုက်ရလေသည်။

ချာတိတ်က ရိဖုန်းအား တည်းခိုခန်းတစ်ခုသို့ လိုက်ပို့သည်။

အကောင်းဆုံးနှင့် ဈေးအကြီးဆုံး တည်းခိုခန်းဖြစ်သည်။

သို့ဖေသော်

ထိုဘည်းခိုခန်းသည် ပီကင်းမြို့၏ ဆင်းရဲသား ရပ်ကွက်တစ်ခုမှ အည့်စားတည်းခိုခန်းမျှသာရှိသော တည်းခိုခန်း ဖြစ်သည်။

မည်သို့ပင်ဖြစ်ပါစေ။

လမ်းဘေး၌ အိပ်ရမည်ထက်စာလျှင် အများကြီး သက်သောင့်သက်သာရှိသည်ဟု ရိဖုန်းက တွေးလိုက်မိ၏။

သူသည် အမဲနှပ်ကြော် တစ်တူး၊ ခေါက်ဆွဲပြုတ်ကြော် တစ်ပွဲကို ညစာအဖြစ် စားသောက်ပြီးနောက်....

'ဆရာကြီးဝေ အကြောင်းကို စဉ်းစားနေမိ၏
ဆရာကြီးဝေက အသွန်ခဲ့ငါးမာသူ ဖြစ်၏

ရိဖုန်းက ငွေစက္ကူနှစ်ရွက်ကို ချာတိတ်အား မပေးသေးဘဲ ချာတိတ်အား တစ်ချက်မျှ စူးစိုက်ကြည့်လိုက်၏။

ပြီးမှ....

'မင်းရဲ့မှတ်ဉာဏ်က လွဲချော်နေခဲ့ရင်'

ဟု စကားကို ဆိုးအောင်မပြောတဲ့ ရုပ်တန့်ထားလိုက်၏

ချာတိတ်က ပြုံးလိုက်ပြီး....

'ကျွန်တော့် မှတ်ဉာဏ်က အဲ့ဒီလောက် မချို့ယွင်းဘူး'

ဟု ပြန်ပြောလိုက်လေတော့သည် မဟုက်ပါလား။

* * *

လောကဓံပါဠိ ရိုးရှိသမျှသော တိမ်မြုပ် ပျောက်ကွယ်နေသည့် အရာများကို သုကာသာလျှင် ပထမဆုံးရှာဖွေတွေ့လိုသူ ဖြစ်၏၊

သူ၏ဘဝကို တိမ်မြုပ်ပျောက်ကွယ်နေသော ရှေးဟောင်း အရာများ တူးဖော်ရေးဌာ မြုပ်နှံထားသူ ဖြစ်သည့်အလျောက် ရှာဖွေရေး သုတ်ဇန်းများဌာ အဆုံးပြုရန် ရုံပုံငွေကို ခက်ခဲစွာ ရှာဖွေနေရသူ ဖြစ်၏။

ထို့ကြောင့်....

ဆရာကြီးဝေသည် သူ၏အသက်ရှင်သန်ရန်နှင့် ရုံပုံငွေရှိရန် လုပ်ငန်းတစ်ခုကို လုပ်ကိုင်ရမည်ဖြစ်၏၊

ထိုလုပ်ငန်းသည် မည်သည့်လုပ်ငန်းမျိုး ဖြစ်မည်နည်း၊ ရိပုန်း မစဉ်းစားဆတ်ပါ၊

သို့သော်....

ဝင်ငွေနှင့်ထွက်ငွေ လုံလောက်မည်မဟုတ်ကြောင်းကိုတော့ ရိပုန်း နားလည်ထား၏၊

ထို့ကြောင့်....

ဗောင်ဝေး၏ ဦးခေါင်းပိုင်းကိုရဖူးရန် ဆရာကြီးဝေအား မက်လောက်သော ငွေကြေးဖြင့် မြှူဆွယ်ရမည် ဖြစ်သည်၊

သို့သော်....

ဆရာကြီးဝေသည် ငွေထက် ပစ္စည်းများကို စိတ်ဝင်စားသူ ဖြစ်၏၊

ထို့အပြင်....

မိမိနှင့် ရန်ဘာသာခွဲငြင်း မဘိုက်ဆိုင်ဘဲ လှမ်းခွဲခဲ့သူ ဖြစ်သည်၊

ရိပုန်းက သက်ပြင်းတစ်ချက် ချလိုက်၏။

ပါတန်ဒေသ၌ ဆရာကြီးဝေကို အရင်တွေ့အောင် ရှာရဦးမည် ဖြစ်၏၊

ဆရာကြီးဝေကို ရှာတွေ့ပြီးမှ ဗောင်ဝေး၏ ဦးခေါင်းကို ရရှိရန် မီးစင်ကြည့်၍ ကံ့ရမည်ဖြစ်သည် မဟုတ်ပါလား၊

* * *

ရိဟုန်းက အရက်ကိုအိုးလိုက်မော့၍ သောက်လိုက်သည်။

တံခါး အလုပ်တံထားသော အခန်းထဲသို့ ကျူးကျော်ပြီး ဝင်ရောက်လာသော အအေးခံတက်ကို အရက်တစ်အိုးဖြင့်မင် ကာကွယ်နိုင်စွမ်းမရှိကြောင်း သူနားလည်ထား၏။

ဤမျှအေးစိမ့်သော အရပ်ဒေသ၌ နေထိုင်နိုင်ကြသော လူများကို သူကအံ့ဩနေမိ၏။

ရိဟုန်းသည် အခန်းထဲမှ သံမီးဖိုကို မီးမွှေးလိုက်၏။

တည်းခိုခန်း၌ အအေးဒဏ်ကို သက်သာစေရန် သံမီးဖို တစ်ခုစီ ထားရှိ၏။

သံမီးဖိုကို ဖိုလိုက်သောအခါမှ အခန်းထဲ၌ အအေးခဲတက် လျော့နည်းလာပြီး နွေးထွေးလာ၏။

ရိဟုန်းက မိမိ၏ ဃက်ခွန်စဖက်ကို သံမီးဖို၌ မီးကင်ရင်း ရင်ရင်၏မျက်နှာကို မြင်ယောင်လာမိ၏။

ရင်ရင်သည် ဆရာကြီးဝေနှင့်အတူ ရှိနေသေးလား။

သို့မဟုတ်....

အိမ်ထောင်ရက်သားကျ၍ တစ်မြို့တစ်ရွာ၌ တစ်အိုး တစ်အိမ် ထူထောင်နေပြီလော။

သူမသည် သူမ၏ဖခင်နှင့်အတူ ရှိနေသေးလျှင် မိမိအနေဖြင့် သူမကို မည်ကဲ့သို့ ရင်ဆိုင်ရမည်နည်း။

သူမကရော မိမိကို မည်ကဲ့သို့ တုံ့ပြန်မည်နည်း။

မည်သို့ပင် ဖြစ်ပါစေ။

နှစ်တွေကြာခဲ့ပြီ ဖြစ်၏။

ထို့ကြောင့်....

အရာရာသည် ပြောင်းလဲကုန်ပြီ ဖြစ်၏။

ဆရာကြီးဝေအနေဖြင့် ပြောင်းလဲချင်မှ ပြောင်းလဲလိမ့်မည်ဟု ရိဟုန်းက ဖြေ၍တွေးလိုက်မိ၏။

သို့သော်....

မိမိနှင့် ဆရာကြီးဝေတို့ သတောထား ကွဲလွဲခဲ့ရခြင်းမှာ ရင်ရင်ကြောင့် ဖြစ်၏၊

သို့ဖြစ်၍....

ဆရာကြီးဝေသည် မိမိ၏ သမီးနှင့် မိမိတပည့် မေတ္တာမျှနေသည်ကို သိလိုက်ရသည့် အချိန်မှစ၍ ရိဟုန်းအပေါ် သတောထား ပြောင်းလဲလာခဲ့၏။

ထိုသို့ သတောထား ပြောင်းလဲလာခဲ့သောကြောင့် ဆရာကြီးဝေနှင့် ရိဟုန်းတို့သည် တစ်ယောက်နှင့် တစ်ယောက် ခပ်တန်းတန်း ဖြစ်လာခဲ့ကြ၏။

ထို့နောက်....

တစ်ယောက်၏ အယူအဆကို တစ်ယောက်က လက်မခံတော့ဘဲ ဆန့်ကျင်လာကြ၏။

ဤသို့ဖြင့်....

ဆရာကြီးဝန်ခွင့် ရိုဖိုန်းတို့သည် တယောက်နှင့် တယောက် ဆဘောထားခြင်း မတိုက်ဆိုင်ဘဲ လမ်းခွဲခဲ့ကြသည် မဟုတ်ပါလား။

* * *

ရိပုန်းသည် သက်ပြင်းတစ်ချက် ချလိုက်၏။

ထို့နောက်....

အရက်သောက်ရန် အရက်အိုးကို ကိုင်လိုက်သည်။

အရက်အိုးထဲ၌ အရက်များ လက်ကျန် မရှိတော့ပါ။

ထို့ကြောင့်....

သူသည် အရက်အိုးကို အခန်းထောင့်သို့ လွှင့်ပစ်လိုက်ပြီး သံမီးဖိုရှေ့မှ ထလိုက်၏။

ထို့နောက်....

အခန်းထဲမှ ခုတင်ဟု အမည်ပေးထားသော ကွပ်ပျစ်သာသာ ခုတင်ပေါ်သို့ တက်၍ လဲလျောင်းလိုက်၏။

သူသည် မနက်ဖြန်၌ ခရီးဆက်ရဦးမည် ဖြစ်၏။

သူသည် မိမိ ခရီးဆက်ရမည့် ပါတန်ဒေသသို့ မရောက်မှီး ပါရေ။

ပါတန်ဒေသ၏ လမ်းခရီး အခြေအနေ၊ ရာသီဥတု အခြေအနေကိုလည်း မသိပါ။

သို့သော်....

သူသည် ပါတန်ဒေသသို့ ခရီးဆက်ရမည် ဖြစ်မည်။

အတယ်ကြောင့်ဆိုသော်....

လင်စုသည် လူတစ်စုနှင့် အတူ ပါတန်ဒေသသို့ ထွက်ခွာခဲ့သောကြောင့် ဖြစ်၏။

ရိဖုန်းသည် လင်စုကို မသိပါ။

သို့သော်....

ခတ္တိမန္ဂါမြို့၌ ဆရာကြီးဝေ၏ မိတ်ဆွေတစ်ဦး ရှိကြောင်း သိထား၏။

ထိုမိတ်ဆွေ၏ အမည်မှာ လင်စုဖြစ်သည်။

အကယ်၍သာ....

ဆရာကြီးဝေသည် မိမိတို့ ကြားသိခဲ့ရသော နောက်ဆုံး သတင်းအရ ဤဟိမဝန္တာတောင်တန်း တစ်နေရာ၌ ရှိနေမည် ဆိုလျှင် ခတ္တမန္ဂါမြို့မှ ဆရာကြီးဝေ၏ မိတ်ဆွေ လင်စုအနေဖြင့် ဆရာကြီး နေထိုင်ရာ အရပ်ကို သိလိမ့်မည်ဟု ယူဆရ

သောကြောင့် ရိဖုန်းသည် လင်စုအား ရှာဖွေခဲ့ခြင်း ဖြစ်လေသည်။

ယခု....

လင်စုကို မိမိအပြင် လူတစ်စုက ရှာဖွေ တွေ့ရှိသွားပြီ ဖြစ်သည်။

ဤသို့ဆိုလျှင်....

ထိုလူစုသည် မည်သူတွေနည်း။

ထိုလူစုသည် တာဝေနယ်စားကြီး၏ လူများမဟုတ်ပါ။

လင်စုသည် ထိုလူစုနှင့်အတူ ပါတန်ဒေသသို့ ထွက်သွားပြီ ဖြစ်၏။

မိမိအနေဖြင့် ပါတန်ဒေသသို့ အမီလိုက်ရမည် ဖြစ်လေသည်။

ထို့အပြင်

ထိုလူစုထက် ဦးအောင် ဆရာကြီးဝေကို ရှာဖွေရမည် ဖြစ်သည်။

အကယ်၍သာ....

ထိုလူစုက ဆရာကြီးဝေကို မိမိထက် ဦးအောင် ရှာဖွေတွေ့သွားပါက....

ရိဖုန်းသည် ဆက်၍ မတွေးတော့ပါ။

ဆရာကြီးဝေ အနေဖြင့် အရင်တုန်းကအတိုင်း ခေါင်းမာပါစေဟု ဆုတောင်းလိုက်၏။

မည်သို့ပင်ဖြစ်၊ ငါစေ....
မိဓိသည် ထိုလူစုထက် ဦးအောင် မ ဘာနဲ့ဒေသို့ ရောက်ရှိ
လိမ့်မည်ဟု ယုံကြည်၏။
အဘယ်ကြောင့်ဆိုသော်....
လမ်းဦး တွေ့ဆုံခဲ့သော ချာတိတ်က ပါတန်ဒေသို့သွား
သော ဖြတ်လမ်းကို မြေပုံဆွဲ၍ လမ်းညွှန်ခဲ့သည် မဟုတ်ပါ
လား။
ထို့ကြောင့်....
သူအနေဖြင့် ဆရာကြီးဓဝကို ထိုလူစုထက် ဦးစွာ ရှာဖွေ
တွေ့ရှိလိမ့်မည်ဟု ယုံကြည်နေမိသည် မဟုတ်ပါလား။

* * *

ပထမပိုင်း ပြီး၏။
(ဒုတိယ ဇာတ်သိမ်းပိုင်း ဆက်လက်ဖတ်ရှုပါ။)

နှံ့နွဲ့ကျော်သူ

မှော်မျက်ရှင် ဓားနှင့် လူစွန့်စား

(ဒုတိယတော်သိမ်းပိုင်း)

စာမူခွင့်ပြုချက်အမှတ် - ၁၃၆၁ / ၂၀၀၃ (၁၀)
မှတ်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၀၉ / ၂၀၀၄ (၂)
ပထမ အကြိမ်၊ ၂၀၀၄ - ခုနှစ်၊ မတ်လ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀ ကျပ်

*

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် ချိုတေးသံ စာပေ
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ ၃၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

*

ပုံနှိပ်သူ
ဦးလှသိန်း (လှသိန်းဦး ပုံနှိပ်တိုက်)
အမှတ်(၁၂)၊ ဒါနလမ်း၊ သာယာကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်မြို့။

*

ဦးထွန်းလင်း ဖိုးဝ အော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅ လမ်း၊
ပိုလိတ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံမျှဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြွရွှင်ရေးနှင့် ပညာရည်မြင့်မားရေး

ကောင်းကင်ပေါ်မှ ဝါဂွမ်းများ ကျနေခြင်း မဟုတ်ပါ၊
ဖြူဖွေးသော ဆီးနှင်းမှုန်များ ကျဆင်းခြင်း ဖြစ်သည်။
ခုံနက်ခင်းဦး တိုက်ခတ်နေသော သေးသွယ် အေးစိမ့်သော
ဆီးနှင်းမှုန်များ ကြားမှ ပြတ်သန်း တိုက်ခက်လာခြင်း ဖြစ်၍
သွန်ပင် အေးစိမ့်နေ၏။

ခိုဖုန်းသည် ပြတင်းပေါက်၌ ရပ်နေ၏။
သူ၏ မျက်လုံးများက ဆီးနှင်းမှုန်များ ဖုံးလွှမ်းကျနေသော မြင်ကွင်း
ကို ငေးကြည့်မိသည်၊
အတန်ကြာမှ....

သူသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ပြတင်းပေါက်ကို
ပိတ်၍ အခန်းအလယ်မှ စားပွဲသို့ သွေကာလာ၏။
စားပွဲပေါ်၌ ကြွေရေဇလုံ တစ်လုံးရှိသည်၊

ရေဇလုံထဲမှ ရေသည် ရေနွေးနှင့် ရောစပ်ဆားခြင်းကြောင့် အနည်းငယ် နွေးနေ၏။

ထိုရေဇလုံကို တည်းခိုခန်း၏ အလုပ်သမား တစ်ယောက်က လာရောက် ပေးပို့ခဲ့ခြင်း ဖြစ်သည်

ထို့အပြင်

နံနက်စာ စားသောက်ရန် လက်ဖက်ရည်နှင့် အသားလှတ် ပေါက်စီနှစ်လုံးလည်း ယူဆောင်လာခဲ့၏။

ရိဖုန်းက တည်းခိုခန်းမှ အလုပ်သမားကို ငွေစအနည်းငယ် ဆုချလိုက်၏။

အလုပ်သမားသည် ခါးကုန်းလုနီးပါး အရိုအသေ ပြုပြီးနောက် အခန်းထဲမှ ထွက်သွားခဲ့၏။

ရိဖုန်းသည် ရေဇလုံထဲမှရေဖြင့် မျက်နှာသစ်ပြီး ကိုယ်လက် သန့်စင်လိုက်၏။

ရေပူရေအေး သမဒေအာင် ရောစပ်ထားသဖြင့် ကိုယ်လက် သန့်စင်ပြီးသောအခါ သူ၏ ခန္ဓာကိုယ်သည် လန်းဆန်းသွား သကဲ့သို့ ထင်မှတ်ရသည်။

သူသည် ကိုယ်လက် သန့်စင်ပြီးနောက် လက်ဖက်ရည်နှင့် ပေါက်စီနှစ်လုံးကို နံနက်စာ အဖြစ် စားသောက် လိုက်လေသည်။

ပြီးမှ....

သူသည် သူ၏ ပစ္စည်းပစ္စယများကို ထုပ်ပိုးပြီး အခန်းထဲမှ ထွက်လာခဲ့လေတော့သည်။

* * *

ဆီးနှင်းများက တဖွဲဖွဲကျနေ၏။

လမ်းများပေါ်၌ ဆီးနှင်းများက ဖုံးလွှမ်းနေ၏။

ထို့ကြောင့်....

လမ်းပေါ်၌ စိုစွတ်နေ၏။

ရိဖုန်းသည်တည်းခိုခန်းမှ ထွက်လာခဲ့ပြီးနောက် ခတ္တမန္တ၏ မြို့၏ မြောက်ဘက်သို့ ဦးတည်၍ထွက်လာခဲ့၏။

ဆီးနှင်းများ ဖုံးလွှမ်းနေသော လူသွား လမ်းကခလေး တဖြည်းဖြည်း အပေါ်သို့ မြင့်တက်လာ၏။

ရိဖုန်းသည် ထိုလမ်းအတိုင်း လျှောက်လာ ခဲ့ပြီးနောက် အချိန်အတန့်ကြာသောအခါ မြေလှမ်းကို ရပ်ဆိုင်း လိုက်ပြီး အင်္ကျီအိတ်ထဲမှ စာရွက်ကိုထုတ်ယူ၍ ဖြန့်ကြည့်လိုက်၏။

စာရွက်ပေါ်၌ မျဉ်းကြောင်းများ ကွေးကွေး ကောက်ကောက်ဆွဲထား၏။

ထိုမြေပုံစာရွက်ညွှန်းအတိုင်းဆိုလျှင်.... သူသည် ကြီးမားသော သစ်ပင်တစ်ပင်ကို ရှာရမည်ဖြစ်၏

ထို့ကြောင့်....

သူသည် ဘေးတီဝဲယာသို့ လှည့်ပတ်ကြည့်ရှုလိုက်၏။

ပြီးမှ....

သူသည် ထိုလမ်းအတိုင်း ခရီးဆက်ခဲ့၏။

မကြာမီ....

သူသည် မြေပုံ၌ ရှိသော သစ်ပင်ကိုမြင်တွေ့ရပြီ ဖြစ်လေသည်။

ထို့ကြောင့်....

လမ်းကို တစ်စထက် တစ်စ ကြွမ်းတမ်း ခက်ထန်လာသည်။

မတ်စောက်သော နေရာများကို ကျော်ဖြတ်ရ၏။

အချို့ နေရာများ၌ ဆီးနှင်းများပိတ်ဆို့ နေသောကြောင့် သတိနှင့်ဖြတ်သန်းခဲ့ရ၏။

တဖုံဖုံကျနေသော ဆီးနှင်းများက မြေပေါ်၌ တထွာသာသာခန့်ထူယက်နေ၏။

ရိုးနှံးသည် စိတ်ပျက်ဟန်ဖြင့် ဦးခေါင်း ခါယမ်း လိုက်ပြလသည်။

ဤအရပ်အဒေသ၌ ထာဝရ မကုန်ခမ်းနိုင်သော ဆောင်းဥတု တစ်မျိုးတည်းသာ ရှိနေသလောဟုသည်း တွေးလိုက်မိသည်။

တစ်ဆက်တည်းမှာပင် ဤအရပ်ဒေသမှ လူများ အဘယ်ကြောင့်ယခုကဲ့သို့ အသက်ရှင်နေရသနည်း ဟူလည်း တအံ့တသြဖြစ်နေ၏။

မည်သို့ပင်ဖြစ်ပါစေ....

ဤအရပ်ဒေသမှ လူများသည် တစ်နည်း တစ်လမ်းဖြင့် အသက်ရှင်နေကြလိမ့်မည်ဖြစ်၏။

လူတို့သည် မိမိတို့၏ အသက်ရှင်သန်ရေး အတွက် မည်ကဲ့သို့ပြုလုပ်ရမည်ကို ဘုရားသခင်က ဖန်ဆင်းပေးလိမ့်မည်မဟုတ်ပါလား။

* * *

သူသည် ကျွန်ုပ်စွာ ဘစ်ခွက်ပြုံးလိုက်ပြီး ညာဘက်သို့ ခါးကွေ့ကာ တောင်ကြားထဲသို့ ဝင်ရောက် သွားလေတော့သည် မဟုတ်ပါလား....

* * *

ရိုဖုန်းသည် ခရာတိတ်ရေးဆွဲ ပေးလိုက်သော လမ်းညွှန် အတိုင်းတောင်ကုန်းများ လျှိုမြောင်များကို ဖြတ်ကျော်၍ ကြမ်းတမ်းသောလမ်းဒဏ်တိုင်း ခရီးဆက်လာခဲ့၏။

ဘယ်သူဖြည်းနှင့် လူ၏ပတ်ပတ်လည်၌ ဝိုင်းရံလျက်ရှိသော ဆောင်ကြိုးများပေါ်တွင် အမှောင်ထုက ဘစစတစ်စဖုံးလွှမ်းလာခဲ့ဖြစ်၏။

သူ၏အောက်ဘက်မှ တောင်ကြားလမ်းများ၊ လျှိုမြောင်များကိုကောင်းစွာမြင်နိုင်စွမ်းမရှိခဲ့တာ့ချေ။

ထို့ကြောင့်....

သူသည် လမ်းကိုပျောက်မသွားစေရန် လမ်းညွှန် စာရွက်ကိုလက်၌ အချိန်ပြည့် ကိုင်ထားရ လေတော့သည် မဟုတ်ပါလား။

ထို့မြို့ကလေးသည် ပါတန်ဒေသ၏ နယ်စပ်မြို့တစ်မြို့ ဖြစ်လိမ့်မည်ဟု ရိဖုန်းက တွေးလိုက်မိ၏။

ဤသို့ဆိုလျှင် ပါတန်ဒေသသည်မည်မျှကျယ်ဝန်းသနည်း။ ပါတန်ဒေသထဲ၌ မြို့ပေါင်း၊ရွာပေါင်း မည်မျှရှိသနည်း။

လင်ဆူးသည် တာဝေ့နယ်စားကြီး၏ လူမျာ်းကိုမည်သည့်နေရာသို့ ခေါ်ဆောင်သွားခဲ့သနည်း

ဆရာကြီးဝေသည် မည်သည့်နေရာ၌ရှိနေသနည်း။

ရိဖုန်းသည် မေးခွန်းပေါင်း မရေမတွက်နိုင်အောင် ထုတ်ပြီးနောက် စိတ်ကျဉ်းကြပ်သွားတန်ဖြင့် သက်ပြင်း ချလိုက်လေသည်။

သူ့အနေဖြင့် ဆရာကြီးဝေကို ရှာဖွေတွေ့ရှိရန်သူ၏ ပါးစပ်ကိုအား၊ကိုးအား၊ထားပြုရတော့မည်ဖြစ်၏။

ထို့ကြောင့်....

သူသည် အလွန်စိတ်ပျက်သော မျက်လုံးတစ်စုံဖြင့် မှော်မှော်မည်းမည်းထဲ၌ တိတ်ဆိတ်ငြိမ်သက်နေသော မြို့ကလေးကိုအတန်ကြာအောင် ငေးကြည့် နေမိလေတော့သည် မဟုတ်ပါလား၊

* * *

နေထွက်နောက်ကျ၍ နေဝင် စောသော အရပ်ဖြစ်သည် မဟုတ်ပါလား။

ထို့ကြောင့်.

အခြား အရပ်ဒေသများထက် စောစီးစွာ နေဝင်သွားပြီ ဖြစ်၏။

ရိဖုန်းသည် တောင်ကုန်းတစ်ခုကို ကျော်ဖြတ် ပြီးသော အခါ....

မြို့ကိုလေးတစ်မြို့၏ အစွန် အဖျားပိုင်းသို့ ရောက်ရှိလာသည်။

ချာတိတ်ကလေး ရေးခဲ့ပေးခဲ့သော မြေပုံပေါ်၌ ထိုမြို့ကလေးကိုဖော်ပြမထားပါ။

သို့နှင့်....

နှင်းများက တဖဲ့ဖဲ့ကျနေဆဲဖြစ်၏။
အေးစိမ့်သောလေကလည်း တသုန်သုန် တိုက်ခတ်နေဆဲ ဖြစ်၏၊
မြို့ကလေးကလေးသည် မှောင်မည်းရီမှိုင်းနေလေသည်။
မင်းလမ်းမပေါ်၌ လူရိပ်လူရောင်မတွေ့ရပါ။
ရိုးဖုန်းသည် အသက်ဝိညာဉ်ကင်းမဲ့နေသကဲ့သို့ဖြစ်နေသော မြို့ကလေးကို ငေးရီကြည့်နေမိ၏
ထိုစဉ်....
သူ၏ မျက်လုံးများက အသင်းရောင်ကို မြင်တွေ့ လိုက်ရသည်။
မီးရောင်ဖြစ်၏။
အိမ်တစ်အိမ်မှ မီးရောင်ဖြစ်၏။
ထို့ကြောင့်....
ရိုးဖုန်းသည် သက်ပြင်းတစ်ချက် ချလိုက်မိ၏။
သူသည် ယနေ့သုအဖို့ နှင်းတဖဲ့ဖဲ့ကျနေသော လမ်းမတစ်နေရာ၌ အိပ်စက်ရလိမ့်မည်ဟု ထင်မှတ်ထားရာမှ မီးရောင်ကို မြင်တွေ့လိုက်ရသောကြောင့် ယခုကဲ့သို့သက်ပြင်းမှုလိုက်မိခြင်းဖြစ်၏။
မီးရောင်ကို မြင်တွေ့ရသောကြောင့် အိမ်ရှင်များ မအိပ်သေးကြောင်းသိနိုင်၏။
အိမ်ရှင်ကို အကျိုးအကြောင်း ပြောပြပြီး တစ်ညဘာနှုး ခိုရန် စိတ်ကူးလိုက်၏။

ထိုသို့ စိတ်ကူးပြီးသည်နှင့် သူသည် မီးရောင် မြင်တွေ့နေရသော အိမ်ကလေးသို့ ခြေလှမ်းခပ်သွက်သွက်ဖြင့် ထွေ့ာက်လာသည်။
ထိုစဉ်....
မီးရောင်မြင်တွေ့ရသော အိမ်ထဲမှ လူတစ်ယောက် ဒယိမ်းဒယိုင်ဖြင့် ထွက်လာ၏။
ထိုလူကို မြင်တွေ့လိုက်သည်နှင့် ထိုလူသည် အရက်မူးနေကြောင်း ရိုးဖုန်းက သိလိုက်၏။
ထို့ကြောင့်
သူသည် မျက်မှောင် ကုတ်လိုက်ပြီး အိမ်ကလေးသို့ လှမ်းကြည့်မိ၏။
အိမ်ကလေး၏ ရှေ့၌ ဆိုင်းဘုတ်တစ်ခု ရေးထားသည်။
'ဒီမှာ အရက်ရပြီ'
ဟူ၍ ဖြစ်သည်။
ထို့ကြောင့်....
ထိုအိမ်ကလေးသည် လူနေအိမ် မဖြစ်နိုင်ကြောင်း ရိုးဖုန်းက တွေးလိုက်မိ၏။
တစ်ဆက်တည်းမှာပင်....
အိမ်၏ နဖူးစီး၌ ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထားသည်။
'တောကျီးကန်း အရက်ဆိုင်'

* * *

မီးရောင် လင်းနေသော အိမ်သည် လူနေအိမ် မဟုတ်ပါ ချေ။

အရက်ဆိုင် တစ်ဆိုင်ဖြစ်သည်။

'တောကျီးကန်း' အမည် ရှိသော အရက်ဆိုင် ဖြစ်ပါပေ သည်။

ရိဖုန်းသည် တစ်ကိုယ်တည်း ပြုံးလိုက်ပြီး အရက်ဆိုင်ထဲသို့ လှမ်းဝင်လိုက်၏။

အရက်ဆိုင်ဖြစ်၍ ရိဖုန်းအတွက် ပိုပြီး အဆင်ပြေသွားလေ သည်၊

အရက်သောက်ရင်း တစ်ညတာ ကောင်းစွာ တည်းခိုနိုင် မည် မဟုတ်ပါလား။

သူသည် လိပ်ပြာတောင်ပံ ပုံသဏ္ဌာန် တံခါးကို တွန်း၍ အရက်ဆိုင်ထဲသို့ ဝင်ရောက်သွား၏။

အရက်ဆိုင်ထဲမှ အမူးသမားများ၏ အသံဗလံများကဆူဆူ ညံညံ ပေါ်ထွက်နေသည်။

အရက်ဆိုင်တိုင်း၌ ကြားနေကျ အသံမျိုး ဖြစ်သည်၊

သို့သော်....

အရက်ဆိုင်တိုင်း၌ မမြင်တွေ့ဖူးသော မြင်ကွင်းကို ရိဖုန်းက မြင်တွေ့လိုက်ရ၏။

သူသည် အရက်ဆိုင် ပေါင်းစုံကို ရောက်ဖူးသူ ဖြစ်လေ သည်။

သူက အကောင်းဆုံး အရက်ဆိုင်မှ အညံ့ဆုံး အရက်ဆိုင် အထိ ရောက်ဖူးခဲ့၏။

ထို့ကြောင့်....

သူသည် အရက်ဆိုင်ထဲသို့ ရောက်လျှင် ရောက်ချင်း သူ၏ ခြေလှမ်းများ တုန့်ခနဲ ရပ်တန့်၍ အလွန်အံ့သြသော မျက်လုံး တို့ဖြင့် ကြည့်လိုက်မိလေသည်။

အဘယ်ကြောင့်ဆိုသော်....

ဤအရက်ဆိုင်ထဲ၌ ကမ္ဘာအရပ်ရပ်မှ လူမျိုး ပေါင်းစုံကို တစ်စုတစ်ဝေးတည်း မြင်တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည် မဟုတ်ပါလား။

* * *

တောင်ပေါ် လမ်းပြသမား၊ နီပေါနိုင်ငံသား၊ မွန်ဂို လူ မျိုး၊ ဟန်လူမျိုး၊အိန္ဒိယလူမျိုး၊ဥရောပတိုက်သားများ စသည် ဖြင့် လူမျိုးပေါင်းစုံ တွေ့ရ၏။

လူမျိုးစုံသကဲ့သို့ ပုံသဏ္ဌာန်ကလည်း မျိုးစုံဖြစ်သည်။

လူ ဘီလူးကြီးကဲ့သို့ သန်မာထွားကြိုင်းသူများ၊သေကောင် ပေါင်းလဲ လူမမာကဲ့သို့ ပိန်ချုံးနေသူများ၊ အရပ် ဂ၊လန် ကလားနှင့် လူများ၊ ပုကွက် ဂင်တိုတိုနှင့် မျောက်နှင့် တူသူ များ စသဖြင့် လူမျိုးစုံ အရွယ်စုံ တွေ့ရ၏။

အမှန်မှာ....

ဤအရပ် ဤဒေသသည်ရိဖုန်းအတွက် တစ်ကျွန်း တစ်နိုင်ငံ ဖြစ်နေ၏။

ရိဖုန်းနှင့် စိမ်းနေသည်။

ထို့ကြောင့်....

လူတိုင်းက ဤအရပ် ဤဒေသအတွက် မျက်နှာစိမ်းဖြစ်နေသော ရိဖုန်းက ဂရုစိုက်ကြလိမ့်မည် ဖြစ်၏။

သို့သော်....

အရက်ဆိုင်ထဲသို့ ရိဖုန်း ဝင်ရောက်လာသည်ကို မည်သူကမျှ သတိမပြုမိပါ။

သူက စားပွဲ၌ ဝင်ထိုင်လိုက်သည်ကိုလည်း မည်သူကမျှ သတိမပြုမိကြပါ။

ယုတ်စွအဆုံး ဆိုင်သူလင်သည် ရိဖုန်းကို ဂရုပြုမိရမည်ဖြစ်သည်။

ယခု....

ထိုသို့မဟုတ်ပါ။

ဆိုင်ထဲ၌ ရှိနေသော လူတိုင်းသည် ဆိုင်၏ ထောင့်တစ်နေရာမှ စားပွဲကိုသာ အာရုံစိုက်နေကြ၏။

သူတို့သည် ထိုစားပွဲကို ဝိုင်းရံ၍ အော်ဟစ် ဆူညံနေကြသည်။

ဘာသာစကား မတူသော်လည်း 'ဟေး' 'ဘိုး' ဟု အော်ဟစ်လိုက်သော အသံများကတော့ အတူတူပင် ဖြစ်၏။

ထို့ကြောင့်....

[illegible] အားလုံးသည် တစ်ယောက်နှင့်တစ်ယောက် အသွင်အပြင်အကျင့်စရိုက် ဘာသာစကား၊ အရပ်ဒေသ ကဲကြပြားကြသော်လည်း သူတို့ အားလုံး၌ တူညီသော အချက်တချက်ရှိ၏။

ထိုအချက်မှာ....

သူတို့အားလုံးသည် အရက်ချိုးများ ဖြစ်နေခြင်းပင် ဖြစ်သည်။

ရိဖုန်းက သက်ပြင်းတစ်ချက် ချလိုက်၏။

ထို့နောက်....

သူသည် ဘာသာစကား မျိုးစုံဖြင့် ဆူညံနေသော အရက်ဆိုင်ကို မျက်လုံးနှင့် တစ်ချက် စေ့ကြည့်လိုက်၏။

အရက်ဆိုင်၏ နံရံပေါ်၌ ကြီးမားသော ကြည့်မှန်တစ်ချပ်ရှိသည်။

ထိုကြည့်မှန်၏ အပေါ်တွင် တောကျီးကန်း ရုပ်ပုံကို ခွါတဲ့ဆွဲထားသည်။

အခန်းတစ်ခုလုံးသည် ဆေးလိပ်မီးခိုးနံ့၊ လူပေါင်းစုံ၏ ချွေးနံ့၊ ဆေးခြောက်နံ့၊ ချဉ်စူးစူးအရက်နံ့တို့ဖြင့် ဖုံးလွှမ်းနေ၏။

ရိဖုန်းသည် လှုတ်နေသော စားပွဲ၌ ဝင်ထိုင်လိုက်၏။

သူ၏ စိတ်ထဲ၌လည်း တစ်ကျွန်း တစ်နိုင်ငံသို့ ရောက်နေသော လူစိမ်းတစ်ဦးကဲ့သို့ ခံစားနေရသည်။

သို့သော်....

သူကို မည်သူကမျှ ဂရုမပြုမိကြချေ။

ရိဖုန်းသည် မျက်မှောင်ကုတ်လိုက်ပြီး ထိုင်ရာမှ ထလိုက်ပြီး
သူ၏ စိတ်ထဲမှလည်း ထိုစားပွဲဝိုင်း၌ မည်ကဲ့သို့သော စိတ်ဝင်
စားဖွယ် ကောင်းသည့် အရာ ရှိနေသနည်းဟု သိချင်လာလေ
သည်။

သို့ပြစ်၍....

သူသည် ထိုင်ရာမှထ၍ လူအုံ နေသော စားပွဲဝိုင်းသို့ ချဉ်း
ကပ်သွားလေတော့သည် မဟုတ်ပါလား။

* * *

စားပွဲပေါ်၌ အရက်ခွက် ဆယ့်နှစ်ခွက်စီ နှစ်ဇာန်း တန်
ထား၏။

ထို့ကြောင့်
အရက်ခွက် စုစုပေါင်း နှစ်ဆယ့်လေးခွက် ဖြစ်သည်။
အရက်ခွက်ထဲ၌ အရက်များ ထည့်ထား၏။
ထိုအရက်များသည် ဤအရပ်ဒေသ၌အပြင်းဆုံးအရက်များ
ဖြစ်၏။
စားပွဲ၏ တစ်ဘက်၌ ခန္ဓာကိုယ်ထွားကြိုင်းသောလူ ဘီလူး
ကြီး တစ်ယောက်ထိုင်နေ၏။

နီကြောင်ကြောင် ဆံပင်များက ဖွာလန်ကျဲ၍ရှုပ်ပွကာလည်
ဘ်အထိရှည်လျားနေ၏။

ခက်ထန်ကြမ်းတမ်းသော မျက်နှာပေါ်မှ နှုတ်ခမ်းမွေး၊
သိုင်းမွေးများကလည်း နီကြောင်ကြောင်အရောင်အဆင်း
သည်။

သူသည် အင်္ကျီချိုင်းပြတ်ကို ဝတ်ဆင်ထား၏။

သူ၏ အင်္ကျီက အလွန်သေးလွန်းသောကြောင့် သူ၏ထွား
ကြိုင်းသော ခန္ဓာကိုယ်ကို လုံခြုံစွာ ဖုံးအုပ်နိုင်စွမ်း မရှိဘ
ဲ့ရင်ဘတ် ဟပြဲ ဖြစ်နေ၏။

သို့ကြောင့်....

သူ၏ ကြီးမားသော ရင်အုပ်နှင့် ရင်ဘတ်မွေးများကို မြင်
နိုင်၏။

သို့ကြီးမားကျယ်ပြန့်သော ရင်အုပ်နှင့် ရင်ဘတ် အမွေးတို့
တစ်ဘက်လူကို ခြောက်လှန့်နေသကဲ့သို့ ထင်မှတ်ရလေ
သည်။

သို့လူထွားကြီးနှင့် မျက်နှာချင်းဆိုင်၌ထိုင်နေသူမှာ သူနှင့်
ဆန့်ကျင်သူဖြစ်၏။

ဘ်ရွယ်ချောမောသော ခန္ဓာကိုယ်သေးသွယ် ကျစ်လစ်
မိန်းကလေးတစ်ယောက်ဖြစ်၏။

သားအရေက ဖြူဖွေးပြီး ဆံပင်များက နုက်မှောင်၍ရှည်
၏။

ဦးခေါင်းလိမ်းချယ်သထားခြင်း မရှိသော သူမ၏ မျက်နှာက
လှပကျော့ရှင်းနေ၏။

အရက်တစ်ခွက်မသောက်ပြီးတိုင်း လောင်းကြေးငွေကိုတိုး၍
သောင်းနေ၏။
စားပွဲဝိုင်းအုံနေသော လူများကလည်း အချင်းချင်း၊
ဘက်ဘေးက ငွေထပ်၍ လောင်းနေကြ၏။
ရိဖုန်းသည် အရက်သောက်ပြိုင်ပွဲကို ကြည့်ရင်း စိတ်မသက်
သာဖြင့် ခေါင်းကိုခါယမ်းလိုက်၏။
အချိန်သည် လူကိုပြောင်းလဲသွားစေ၏။
ရင်ရင် ယခင်က ရင်ရင် မဟုတ်တော့ပါ။
သူမ၏ မျက်လုံးများက လောကကြီး၏ လျှို့ဝှက်ချက် များ
ဖော်ထုတ်နိုင်ဟန် ပေါ်လွင်နေ၏။
သူမ၏နှုတ်ခမ်းမွှားကလည်း ပို၍ မာကျော နေသကဲ့သို့
ဆင်မှတ်ရ၏။
ခြုံ၍ ပြောရရင် သူမသည် သူမ၏ အသက်အရွယ်ထက်ပို
ရင့်ကျက်နေသကဲ့သို့ ထင်မှတ်ရ၏။
သူမသည် သူမ၏ပြိုင်ဘက်ကို မခံချင်အောင် ပြောနေ
သည်။
သူမ၏ အမူအရာက အရာအားလုံးကို ရင်ဆိုင် နိုင်ဟန်
ပေါ်လွင်နေ၏။
ဝါးပွဲပေါ်မှ အရက်ခွက်များက ဘစ်ခွက်ပြီးတစ်ခွက်ကုန်
သွားပြီဖြစ်၏။
အရက်နှစ်ခွက်စီ သောက်နေတော့၏။
လူထွားကြီးဘက်၌ အရက်နှစ်ခွက်၊ ရင်ရင်ဘက်၌ အရက်
နှစ်ခွက်။

ဆံပင်များကို သပ်ယပ်စွာ ဖီးသင်ထားခြင်း မရှိသည့်တို့
သူမ၏ အလှက ပေါ်လွင်နေ၏။
သူမ၏ခန္ဓာကိုယ်ပေါ်မှ သစ်လွင်တောက်ပခြင်း မရှိသော
ခပ်ပုပု ခပ်နှမ်းနှမ်း အဝတ်အစားများကလည်း သူမ၏လှ
ကို ဖုံးကွယ်ဆီးနှိပ်စက်မှုမရှိပါ။
ရိဖုန်းသည် လူအုပ်ကြားထဲသို့ တိုးဝင်ခဲ့ပြီး လူထွား
နှင့် မျက်နှာချင်းဆိုင်၌ ထိုင်နေသော ထိုမိန်းကလေးကို မြင်
လိုက်သည်နှင့်....
သူ၏မျက်လုံးစိုသည် ဝိုင်းစက်ပြူးကျယ်ပြီး မယုံ
နိုင်လောက်အောင် အံ့သြဟန်ဖြင့်....
'ရင်ရင်'
ဟူ တီးတိုးရေရွတ်လိုက်မိလေတော့သည် မဟုတ်ပါလ

* * *

ရိဖုန်းသည် ရင်ရင်ကို မယုံကြည်နိုင်လောက်အောင်
သည့် မျက်လုံးများဖြင့် ကြည့်နေ၏။
သူမသည် ယောကျ်ားရင့်မကြီး တစ်ယောက်နှင့် အရက်
သောက်နေ၏။

လူထွားကြီးက ရင်ရင်ကို ပြုံးပြလိုက်ပြီး....
သူ၏ ခါးဘဉ်ချိတ်ထားသော ကတ္တီပါအိတ်ကို ဖြုတ်ယူ၍ စားပွဲပေါ်တင်သိုက်၏။
ရင်ရင်က ပြုံးလိုက်ပြီး....
ငွေစက္ကူတစ်ထပ်ကိုထုတ်ယူလိုက်၏။
လူထွားကြီးက လက်ကာပြလိုက်ပြီး....
'ကျုပ် မင်းရဲ့ငွေကို မလိုချင်ဘူး'
ဟု ပြောလိုက်၏။
ရင်ရင်က မျက်ခုံးပင့်လိုက်ပြီး....
'ရှင်က ကျွန်မဆီက ဘာကိုလိုချင်တာလဲ'
ဟု ပြန်မေးလိုက်၏။
သူမ၏လေသံက အရက်အတော်မူးနေဟန်ဖြင့် လျှာလေးအာလေး ဖြစ်နေ၏။
သူမခန္ဓာကိုယ်က မသိမသာယိမ်းနေ၏။
လူထွားကြီးက ရယ်မောလိုက်ပြီး....
'ကျုပ် မင်းကို တစ်ညပိုင်ချင်တယ်'
ဟု ပြောလိုက်သည်။
ရင်ရင်က မျက်ခုံးပင့်လိုက်ပြီး ရုံတ်တရက် ရယ်မောလိုက်သည်။
သူမ၏ရယ်မောသံက မပြောင်းလဲပါ။
ယခင်ကအတိုင်း ချို့လွဲနေဆဲဖြစ်ကြောင် ရိပ်မိသိလိုက်သည်။
သူမက ရယ်မောလိုက်ပြီးမှ....

'ဒါဆို ရှင့်ရဲ့ခေလာင်းကြေး နည်းတယ်'
လူထွားကြီးက ပြုံးကာ....
အင်္ကျီကြားထဲမှ အိတ်တစ်လုံးကို ဆွဲထုတ်လိုက်ပြီး စားပွဲပေါ်သို့ တင်လိုက်၏။
ပြီးမှ....
'ဒီအထဲမှာ စိန်တွေရှိတယ်'
ဟု ပြောလိုက်၏။
ရင်ရင်က အိတ်ကိုယူ၍ ဖွင့်ကြည့်လိုက်၏။
အိတ်ထဲမှ စိန်ပွင့်များက အရောင်တလက်လက် တောက်ပနေ၏။
ရင်ရင်က ပြုံးလိုက်ပြီး....
'ကောင်းပြီ....စိမ်လိုက်၊ ကျွန်မရှုံးရင် ကျွန်မကိုရှင်ပိုင်ပြီ'
ဟု ပြောလိုက်သည်။
ရင်ရင်၏စကားကြောင့် ရိဖုန်း၏ခန္ဓာကိုယ်သည် အကြောဆိုင်းသွားသကဲ့သို့ ခံစားလိုက်ရသည်။
ရင်ရင်ကိုလည်း နားမလည်နိုင်ဆဲ မျတ်လုံးများတို့ဖြင့် ကြည့်လိုက်မိ၏။
'ဒီကောင်မလေး သူ့ဘာသာသူ ဘာလုပ်နေတယ်ဆိုတာ သိရဲ့လား'
ဟုလည်း စိတ်ထဲမှ တွေးလိုက်မိ၏။
တစ်ဆက်တည်းမှာပင်....
သူသည် ဤနေရာမှ သူမကိုဆွဲခေါ်ထုတ်သွားချင်သည့်စိတ်ပေါက်လာ၏။

ထို့နောက်...

သူသည် စားပွဲပေါ်မှအရက်ခွက်ကို ကောက်ယူရန် လက်သုံ့းလိုက်၏။

ထို့စဉ်...

ရုတ်တရက် လူဆွဲးကြီး၏ခန္ဓာကိုယ်သည် ပုံဆိန်ဖြင့် ခုတ်သဖြင့်ခံရသော သစ်ပင်တစ်ပင်ကဲ့သို့ နောက်သို့ပက်လက်လန်ကာ သူရောက်လားထိုင်ပါ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။

ဝိုင်းအုံကြည့်နေသော လူအုပ်ကြီးက....

'ဟေး'

ဟု ဆူညံစွာ အော်ဟစ်လိုက်၏။

အနီဝရုသွားသေးလူများကို ရှင်ရင်ကိုအော်ဟစ်ဂုဏ်ပြုကြသည်။

ရှုံးသွားသောလူများက ကြမ်းပေါ်၌ ပက်လက်လန်ကျသွားသောလူကို တံခွန်ဖြင့် ဝိုင်းဆွဲကြ၏။

ရှင်ရင်က ထိုင်ရာမှထလိုက်၏။

စားပွဲပေါ်မ နောက်ဆုံးအရက်ခွက်အား ကောက်ယူ၍ မော့ချလိုက်ပြီး ဒေသသံး ဘာသာစကားဖြင့် ပြောလိုက်သည်။

ရှင်ရင် ဘာပြောလိုက်သည်ကို ရိပ်မှုန်းမသိပါ။

သို့သော်....

ယခုလူတွေ့ဖို့ အရက်သောက်ပြိုင်ပွဲ ပြီးဆုံးသွားကြောင်းပြောလိုက်ခြင်းဖြစ်လိမ့်မည်ဟု ခန့်မှန်းလိုက်သည်။

အရက်အိုးတစ်ဆယ်ကျော်နှင့် သွပ်ပြိုင်းခုနစ်ခြင်းသည် မည်ကဲ့သို့သော အကြွေးတွက်ပေါ်လာမည်ကို သူမအနေဖြင့် သိသင့်သည်။

သူမအနေဖြင့်...

ဤကဲ့သို့သော ရူးကြောင်ကြောင်အလုပ်ကို မလုပ်သင့်ပါ။

သူမသည် သူမကိုယ်ကို သူမထိန်းသင့်၏။

ဤအရပ်၊ ဤဒေသ၊ ဤလူမျိုးကြား၌ သူမသည် သူမကိုယ်ကို ကောင်းစွာထိန်းသင့်၏။

ယခု....

ရိုးနှင်းက ရင်ရင်အတွက် စိုးရိမ်စိတ်ဖြစ်ပေါ်နေစဉ်မှာပင်....

သူက အရက်ခွက်ကို ကောက်ကိုင်လိုက်ပြီး....

ဝိုင်းအုံကြည့်နေသော လူအုပ်ကြီးကို မြှောက်ပြလိုက်၏။

လူအုပ်ကြီးက....

'ဟေး'

ဟု ပြိုင်တူအော်ဟစ်လိုက်ပြီး လေသင်းကြားများကို တိုးချဲ့ထပ်လိုက်ကြ၏။

ရင်ရင်က အရက်ခွက်ကို လူအုပ်ကြီးအား မြှောက်ပြလိုက်ပြီးနောက် တစ်ချက်တည်း မော့သောက်လိုက်၏။

လူအုပ်ကြီး၏အားပေးသံက ဆူညံစွာပေါ်ထွက်လာ၏။

ရင်ရင်ဟာ တုန်သွားသောအရက်ခွက်ကို တခြားကုန်သွားသော အရက်ခွက်များနည်းတူ စားပွဲပေါ်၌ မှောက်ချလိုက်သည်။

လူထွားကြီးက ရယ်မောလိုက်၏။

ရင်ရင်က ထိုသို့ပြောပြီးနောက် အရက်ခွက်ကို မော့ကာ သောက်လိုက်သည်။

ရင်ရင်က အရက်ခွက်ကိုမော့သောက်လိုက်သည်နှင့် အရက်ဆိုင်ထဲမှ လူများက လက်ခုပ်သြဘာတီးကာ ဘာသာစကား မျိုးစုံဖြင့် အော်ဟစ်လိုက်ကြသည်။

ထို့နောက်....

လူအုပ်ကြီးသည် တဖြည်းဖြည်းကျဲကာ တစ်ယောက်ပြီး တစ်ယောက် အရက်ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

ကြမ်းပေါ်သို့ ပက်လက်လန် လဲကျသွားသော လူထွားကြီး၏ အမှော်ဖြစ်ဟန်တူသော လူနှစ်ယောက်က သူ့ကို ကြမ်းပေါ်မှ တရွတ်တိုက်ဆွဲကာ ဆိုင်ပြင်သို့ ခေါ်ထုတ်သွားလေတော့သည်။

ရဲဒင်းနှစ်လက်ကို ခါးဘွဲ့ထိုးထားသော လူထွားကြီး တစ်ယောက်က အရက်ဆိုင်ထဲမှ လူများကို ဒေသသုံးဘာသာစကားဖြင့် တစ်စုံတစ်ခုပြောကာ အရက်ဆိုင်ထဲမှ နှင်ထုတ်နေပြီ ဖြစ်သည်။

မကြာမီ....

အရက်ဆိုင်ထဲတွင် လူရှင်းသွားပြီဖြစ်သည်။

ယခု....

အရက်ဆိုင်ထဲ၌ လူသုံးယောက်သာ ရှိတော့သည်။

ထိုသုံးယောက်မှာ....

ရင်ရင်၊ ရိဖုန်းနှင့် ရဲဒင်းနှစ်လက်ကို ခါးဘွဲ့ထိုးထားသော လူထွားကြီးပင် ဖြစ်သည်။

လူထွားကြီးက ရိဖုန်းထံလျှောက်လာသည်၊

သူသည် ရိဖုန်းကိုလက်ဝဲယမ်းပြရင်း ဒေသသုံးဘာသာစကားဖြင့် လှမ်းပြောလိုက်၏။

ရိဖုန်းက သူ့ကိုပြုံးပြလိုက်ပြီး ရင်ရင်ထံသို့ လျှောက်သွားသည်။

ရင်ရင်သည် စားပွဲပေါ်မှ လောင်းကြေးများကို ဆိတ်သားရေဖြင့် ပြုလုပ်ထားသော အိတ်ထဲသို့ တည့်နေသည်။

သူမသည် မိမိ၏အနီးသို့ ချဉ်းကပ်လာသော ရိဖုန်းကို ခမ့်မကြည့်ဘဲ ဒေသသုံးဘာသာစကားဖြင့် ပြောလိုက်သည်။

ရိဖုန်းက နားမလည်ပါ။

သို့သော်....

ဆိုင်ပိတ်ပြီဖြစ်၍ မိမိကိုနှင်နေခြင်းဖြစ်မည်ဟု ခန့်မှန်းလိုက်သည်။

ထို့ကြောင့်....

ရိဖုန်းသည် တစ်ချက်ပြုံးလိုက်ပြီး....

'ရင်ရင်'

ဟု ခေါ်လိုက်၏။

ရိဖုန်း၏ခေါ်သံကြောင့် စားပွဲပေါ်မှ လောင်းကြေးငွေများကို ဆိတ်သားရေအိတ်ထဲသို့ ထည့်နေသောရင်ရင်၏ ခန္ဓာကိုယ်သည် အလွန်အဆိပ်ပြင်းထန်သော သတ္တဝါတစ်ကောင်အကိုက်ခံလိုက်ရသကဲ့သို့ ဆတ်ခနဲတုန့်သွားပြီး ရိဖုန်းကိုမော့ကြည့်လိုက်မိလေတော့သည် မဟုတ်ပါလား။

* * *

ထို့နောက်....
ရိဖုန်း၏ သဘာဝပါးချိတ်ကိုပင့်၍ထုံးခလိုက်၏။
သူမ၏ လှုပ်ရှားမှုက အလွန်လျင်မြန်၏။
ထို့ကြောင့်....
ခွပ်....ဟူသော အသံနှင့်အတူ ရိဖုန်း၏ [illegible]
ကြမ်းပေါ်မှ ခြေလှုတ်လက်လှုတ်မြောက်လာသူးပြီးကြမ်
ပေါ်ထိခြေကားယားလက်ဟားယားဖြင့် ခွေးကျဝက်ကျလဲက
သွားလေ၏။
ရိဖုန်းသည် လဲကျရာမှ ရင်ရင်ကို တအံ့တသြဖြင့် မေ
ကျည့်လိုက်၏။
တစ်ဆက်တည်းမှာပင်....
ဒီကောင်မလေး ဘယ်လိုအင်ဂြိုး လက်သီးထိုး တတ်သွ
သလဲဟု တွေးလိုက်မိ၏။
ရင်ရင်က ကြမ်းပေါ်၌ လဲကျနေသော ရိဖုန်းကိုမျက်မှော
ကြုတ်၍ ကြည့်နေ၏။
ရိဖုန်းက သက်ပြင်းချလိုက်ပြီး ရင်ရင်ကို ပြုံးပြလိုက်
သည်။
ပြီးမှ....
သူသည် ကြမ်းပြင်ပေါ်မှ ထလိုက်ရင်း....
'မင်းနဲ့ အခုလို ပြန်တွေ့ရတာ ဝမ်းသာပါတယ်'
ဟု ပြောလိုက်၏။
ပြီးမှ....
သူသည် သူ၏မေးရိုးကို လက်ဖြင့် ပွတ်ရင်း....

ဤအရပ် ဤဒေသ၌ သူမကို ရင်ရင်ဟု မည်သူကမျှ ခေါ်
လေ့ခေါ်ထမရှိပါ။
သူမကို ဇောဇီးကန်းမဟု ခေါ်ကြ၏။
ထို့ကြောင့်....
ရင်ရင်ဟု ခေါ်လိုက်သောအသံကြောင့် ရင်ရင်၏ခန္ဓာကိုယ်
သည် ဆတ်ခနဲတုန်သွားပြီး ရိဖုန်းကို မော့ကြည့် လိုက်မိခြင်း
ဖြစ်၏။
ရိဖုန်းတည် ရင်ရင်ကို ပြုံး၍ကြည့်နေ၏။
ရင်ရင်သည် ရိဖုန်းကို စူးစိုက်ကြည့်ရင်း သူ၏ မျက်နှာ
ပေါ်၌အမှုအရာ အမျိုးမျိုးပြောင်းလဲသွား၏။
ရိဖုန်းက ရင်ရင်ကို ပြုံး၍ကြည့်ရင်း....
'ရင်ရင် ကျုပ်လေ ရိဖုန်းလေ'
ဟု ခေါ်လိုက်၏။
ရင်ရင်က ဘာမျှ ပြန်မပြောပါ။
သူမသည် ရိဖုန်းကို စူးစိုက်ကြည့်နေ၏။
ထို့နောက်
သူမ၏ ရိဖုန်းထံသို့ တစ်လှမ်းချင်း ချဉ်းကပ် လာ၏။
ရိဖုန်းကပြုံး၍....
'မမွတ်မိဘူးဟုတ်လား၊ ကျုပ်ပါ'
ဟု သတ်မှတ်ပြောလိုက်၏။
ရင်ရင်က ဘာမျှ ပြန်မပြောပါ။
သူမသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်
သည်။

'အတော် ပြင်းတာပဲ'
ဟု ပြောလိုက်၏'
'ရှင်....ဒီက ထုတ်သွားပါ'
ဟု ပြောလိုက်၏။
ရိဖုန်းက အရက်ဆိုင်၏ တံခါးဝသို့ လှည့်ကြည့်ပြီး....
'အပြင်မှာ နှင်းတွေ ကျနေတယ်'
ဟု ပြောလိုက်၏။
ရှင်ရင်က မျက်မှောင်ကြုတ်ကာ....
'ရှင့်ကို ကျွန်မပြောနေတယ်၊ ရှင်အခု ဒီက ထွက်သွားပါ....'
ဟု ထပ်၍ ပြောလိုက်၏။
ရိဖုန်းက ပြုံးလိုက်ပြီး....
ရိဖုန်း၏ စကားမဆုံးမီ ရှင်ရင်က လက်သီး ဆုပ်လိုက်ရင်း....
'နောက်တစ်ချီ ထပ်ပြီးထိုးရဦးမလား'
ဟု ရိဖုန်း၏ စကားကိုဖြတ်၍ ပြောလိုက်၏။
ရိဖုန်းက ကမန်းကတန်းလက်ကာပြကာ....
'ဟော....ဟော....နေ....နေဦး'
ဟုကပျာကယာ ပြောလိုက်၏။
ရှင်ရင်က လေပူတစ်ချက် မှုတ်ထုတ်လိုက်ရင်း...
'ရှင့်ကို ကျွန်မဘာမှမပြောချင်ဘူး'
ဟု ပြောလိုက်၏။
ရိဖုန်းက ရှင်ရင်ကိုကြည့်လိုက်၏။

သူ၏စိတ်ထဲတွင် နှုးညံ့သိမ်မွေ့မှုများ ပျောက်ကွယ်သွားကြောင်းတမ်းခက်ထန်လာသော ရှင်ရင်ကို ကြောက်စရာသတ္တဝါတစ်ကောင်အဖြစ်မြင်လာသည်။
ထို့ကြောင့်....
ရိဖုန်းသည် သက်ပြင်း ချလိုက်ရင်း 'လက်ကို ဝေ့ယမ်းကာ....
'ကောင်းပြီ....ကောင်းပြီ၊ မင်းက ငါ့ကို ငါ့ကိုဘာမှ ပြောခွင့်မရှိရဘူးဆိုရင် မပြောနဲ့တော့'
ရှင်ရင်က ရိဖုန်းကို မျက်စောင်းတစ်ချက် ထိုးလိုက်ပြီး....
'ရှင်က လူအ လူတုံး'
ဟု ပြောလိုက်၏
ရိဖုန်းကမျက်ခုံးပင့်၍ ပခုံးတွန့်ပြလိုက်၏။
ပြီးမှ....
စားပွဲ၌ ဝင်ထိုင်လိုက်၏။
ရှင်ရင်က နှုတ်ခမ်းကိုတစ်ချက်ကိုက်လိုက်ပြီး စားပွဲ၌ ဝင်ထိုင်လိုက်၏၊
ရိဖုန်းက ရှင်ရင်ကို တစ်ချက်ကြည့်လိုက်ပြီး....
'ကျုပ်မင်းအဖေကို လာရှာတာ'
ဟု ပြောလိုက်၏
ရိဖုန်း၏ စကားအဆုံး၌ ရှင်ရင်သည် ရိဖုန်းကို မျက်လုံးပြူး၍ စားတော့ ဝါးတော့မတတ် ကြည့်လိုက်ပြီး။
'ဒါဆို....ရှင်ဒီက ထွက်သွားတော့'
ဟု အော်ဟစ်လိုက်၏။

ရင်ရင်သည် လေပူတစ်ချက်ရိုက်ထုတ်ပြီး
'အမှန်တော့ ရှင်က ကျွန်မကိုခေတ္တချိုင်လို့ ဟိုးအစေးကြီး
လာခဲ့ရတာပါလို့ အရင်ပြောလိုက်ရင် ဘယ်လောက်
ကောင်းမလဲ'
ဟု ပြောလိုက်၏။
သူက သက်ပြင်းချပြီး.....
'မင်းက ကျုပ်ကို, ဘာမှ ပြောစရာမရှိဘူးဆို'
ဟု မေးလိုက်သည်။
ရင်ရင်က စိတ်ပျက်ဟန်ဖြင့် ခေါင်းယမ်းပြီး.....
'ဒါက ကျွန်မပြောရမယ့် စကားပဲ၊ ရှင်က အဲဒီလိုခေတ္တ
သုပ်ပါနဲ့၊ ကျုပ်က မင်းရဲ့တွေ့ချင်လို့ ဇာတ္ကူဘက လာခဲ့
တာဆိုပြီး ပြောသင့်တာပေါ့'
ဟု ပြောလိုက်၏။
ရှိဖုန်းက သက်ပြင်းချပြီး လက်နှစ်ဖက်မြောက်ကာ.....
'ကောင်းပြီ....ကောင်းပြီ၊ ကျုပ်မှတ်ထားပါ့မယ်'
ဟု ပြောလိုက်၏။
ရင်ရင်သည် ရှိဖုန်း၏ ယောင်တိယောင်ကန်းဖြစ်နေသော
အရာကိုကြည့်ပြီး ရယ်ချင်စိတ်ဖြစ်ပေါ်လာ၏။
ရင်ရင်၏စိတ်ထဲမှလည်း.....
'ဩာ်....နဲ့တုန်းပါလား'
ဟု ပြောလိုက်မိသည်၊
သူက နှုတ်ခမ်းကို လျှာဖြင့်သပ်ပြီး
'ကဲပါ၊ ကျုပ်....မင်းအဖေနဲ့တွေ့ချင်တယ်'

ရင်ရင်အော်ဟစ်လိုက်သောအသံခြောင့် ရဲဒင်းနှစ်ယောက်
ကိုခေါ်၍ ဆိုးစိုက်ဆားသော လူထွားကြီးက ရှိဖုန်း အနီးသို့
ဓာတ်ကားရောက်ရှိလာပြီး ရှိဖုန်းကို လည်ကုတ်မဲ့ခွဲ၍ မ့
လိုက်သည်။
ထို့ကြောင့်....
ရှိဖုန်းသည် လူထွားကြီး၏လက်ထဲ၌ ယက်ကန်ယက်ကန်
ဖြင့် ပါသွား၏။
သူသည် မျက်လုံးပြူးမျက်ဆံပြူးဖြစ်ကာ
'ဟေ....ဟေ....သွား သွားဆိုလဲသွားပါ့မယ်၊ ဒါပေ
မယ့် မင်းအဖေဘယ်မှာလဲ'
ဟု မေးလိုက်၏
ရှိဖုန်း၏စကားကြောင့် ရင်ရင်သည် မျက်နှာရှုံ့မဲ့သွား
ပြီး....
'ရှင်က အနုထိ နုံသေးတာပဲ'
ဟု အလွန်စိတ်ပျက်သောလေသံဖြင့် ပြောလိုက်၏။
ပြီးမှ....
သူမသည် လူထွားကြီးကို လက်ဝေ့ယမ်းပြလိုက်လေ
သည်။
လူထွားကြီးက ရှိဖုန်းကို ကြမ်းပြင်ပေါ်သို့လွှတ်ချလိုက်
သည်။
ရှိဖုန်းသည် ကြမ်းပြင်ပေါ်၌ ယိုင်တိယိုင်တိုင်ဖြစ်သွားပြီး
စားပွဲကို ကပျာကယာ လက်ဖြင့်ဆောက်၍ မိမိ၏ခန္ဓာကိုယ်
ကို ထိန်းလိုက်၏။

ရုံးရင်၏စကားကြောင့် ထူးသည် မျက်လုံးပြူးသွားပြီး....
'ကျုပ်က ဘာကြောင့်သေရမှာလဲ'
ဟု ပြန်မေးလိုက်၏။
ရင်ရင်က သက်ပြင်းချပြီး
'ကျွန်မရဲ့အဖေက သေသွားလို့ပါ'
ဟု ပြောလိုက်သည်။
ထိုစကားကို ပြောလိုက်သောအချိန်၌ ရင်ရင်၏မျက်နှာ
ပေါ်၌ ဝမ်းနည်းကြေကွဲသည့် အရိပ်အရောင် ဖြစ်ပေါ်သွား
သည်။
သူသည် မိမိ၏နားကို မိမိမယုံကြည်နိုင်ဟန်ဖြင့် ရင်ရင်ကို
မျက်လုံးပြူးကြည့်ရင်း....
'ဗျာ.....ဆရာကြီးဇေ ဆုံးသွားပြီဟုတ်လား'
ဟု ပြန်မေးလိုက်၏။
ရင်ရင်က ခေါင်းညိတ်ပြီး
'အဖေ့ဆုံးတာ နှစ်နှစ်ရှိပြီ'
ထူးမယုံကြည်နိုင်လောက်အောင် အံ့သြဟန်ဖြင့် ခေါင်း
ငုံးလိုက်ပြီး....
'ဘယ်လိုဖြစ်တာလဲဗျာ'
ဟု မေးလိုက်သည်။
ရင်ရင်က သက်ပြင်းချကာ
'ဘယ်လိုဖြစ်ရမလဲ၊ နှင်းတောင်ပို့ကျလို့၊ ဒါအပြင် ဘာ
ပြုံးမှာလဲ၊ သူက သူဘာဝတစ်လျှောက်လုံး ဒီလိုပဲ နေရာအနှံ့
သွားသွားပြီး တူးဖော်ရေး လုပ်နေခဲ့တာပဲ၊ အခုလဲ

ဟု ပြောလိုက်၏၊
ရင်ရင်က ခေါင်းယမ်းပြီး
'အင်း....ရှင်လာတာ နှစ်နှစ်လောက် နောက်ကျသွားပြီ'
ဟု ပြောလိုက်၏။
ရင်ရင်၏စကားကြောင့် သူသည် ရင်ရင်ကို နားမလည်နိုင်
သော မျက်လုံးများဖြင့်ကြည့်ပြီး....
'နှစ်နှစ် ဟုတ်လား'
ဟု ပြန်မေးလိုက်၏။
ရင်ရင်က ခေါင်းညိတ်ပြီး....
'ဟုတ်တယ်၊ နှစ်နှစ် ရှင်လာတာ နှစ်နှစ်နောက်ကျ
တယ်'
ဟု ပြောလိုက်သည်။
သူက နားမလည်ဟန်ဖြင့် ခေါင်းယမ်းပြီး....
'သူက ဘယ်ကိုထွက်သွားတာလဲ'
ဟု မေးလိုက်၏။
ရင်ရင်က ပြုံးပြီး
'သူသွားတဲ့နေရာကို ရှင် လိုက်သွားမလို့လား'
သူက....
'ကျုပ်....သူနဲ့တွေ့ဖြစ်မယ်'
ဟု ပြောလိုက်သည်။
ရင်ရင်က နှာခေါင်းတစ်ချက်ရှုံ့ပြီး....
'ဒါဆိုရင်တော့ ရှင် သေမှဖြစ်မယ်'
ဟု ပြောလိုက်သည်။

ဒီတောင်ပေါ်မှာ တူးဖော်ရေးသမားလုပ်တာ နှင်းတောင်ပြို ကျလို့ သေသွားတာ'

ဟု ပြောလိုက်သည်။

ထို့နောက်....

ရင်ရင်သည် အရက်အိုးများထားရှိသောနေရာသို့ လျှောက်သွားပြီး....

အရက်ဟစ်အိုးနှင့် ခွက်နှစ်ခွက်ယူဆောင်လာ၏။

ရင်ရင်သည် ခွက်နှစ်ခွက်ကို စားပွဲပေါ်တင်လိုက်ပြီး ခွက်များထဲသို့ အရက်များထည့်လိုက်၏

သူသည် ပါးစပ်အဟောင်းသား ဖြစ်နေ၏။

သူသည် အရာရာကို မယုံကြည်နိုင်အောင်ပင် ဖြစ်နေလေသည်၊

ရင်ရင်က အရက်ခွက်တစ်ခွက်ကို သူ့ထံသို့လှမ်းပေးလိုက်သည်။

ရိဖုန်းက စိတ်ညှို့ခြင်း ခံရသော လူတစ်ယောက် ကဲ့သို့ အရက်ခွက်ကို လှမ်းယူလိုက်၏။

ရင်ရင်က လက်ထဲမှ အရက်ခွက်ကို မော့သောက်လိုက်ပြီး....

'ဒီမှော်သေတ္တာပဲ၊ သူဘဝတစ်လျှောက်လုံး ဒီမှော်သေတ္တာကို လိုချင်နေတာ'

ဟု ပြောလိုက်၏။

ရိဖုန်းက ခေါင်းကို ခါယမ်းလိုက်၏။

သူ၏ ရင်ထဲမှ ဆရာကြီးဝေ ဆုံးပြီ ဟူသော အသံပဲ့တင်ရိုက်ခတ်နေသည်။

ရင်ရင်သည် လက်ထဲမှ အရက်ခွက်ထဲသို့ အရက်ကို ထပ်ငြည့်ရင်း....

'မှော်သေတ္ထာကြီးဟာ ဒီတောင်နံရံထဲမှာ ရှိမယ်လို့ သူက ဘုက်ဆဲခဲ့တယ်လေ'

ဟု ပြောလိုက်၏။

သူမ၏ ခက်ထန် ကြမ်းတမ်းသော ပြင်ပ သဏ္ဌာန်သည် အနည်းငယ် ပြုပျက်လုနီးလာ**ပြီ** ဖြစ်၏။

သူမ အသံက အနည်းငယ် ပျော့ပျောင်း၍ တုန်ခါလာလေသည်။

သို့သော်

သူမသည် သူမစိတ်ကို ထိန်းထားနိုင်ခဲ့ ဖြစ်၏။

သူမက အရက်တစ်ခွက်ကို ထပ်မံ မော့သောက် လိုက်ပြီး သက်ပြင်းရှည် တစ်ချက် ချလိုက်၏။

ပြီးမှ....

'သူဟာ ကလေးတစ်ယောက် ဖြစ်တဲ့ ကျွန်မကို သူသွားလေ့လာရာ၊ တူးလေရာ နေရာတွေကို တန်းလန်းဆွဲခေါ်သွားခဲ့တယ်၊ ပြီးတော့ သူက ကောက်ကာ ငင်ကာ သေသွားခဲ့ပါဘယ်'

ဟု ပြောလိုက်၏။

ထို့နောက်....

သူမသည် ရုတ်တရက် ရိဖုန်းကို စူးစိုက်ကြည့်ပြီး....

'ရှင်....ရှင်မဲ့ စဉ်းစားကြည့်၊ သူသေသွားတော့ ကျွန်မရဲ့လက်ထဲမှာ တစ်ပြားမှမထားရစ်ခဲ့ဘူး'

သူ့အနေဖြင့်....
ရင်ရင်ကို ဖျောင်းဖျရန် တစ်စုံတစ်ခု ပြောရမည် ဖြစ်လေသည်။
သို့သော်
သူသည် မည်သို့ပြောရမှန်း မသိအောင် ဖြစ်နေ၏။
ထို့ကြောင့်
သူသည် သက်ပြင်းရှည်ကြီး တစ်ချက်ကို မှုတ်ထုတ်လိုက်ပြီး....
'ဝမ်းနည်းပါတယ်ကွာ'
ဟု ပြောလိုက်၏။
ရင်ရင်၏ နှုတ်ခမ်းက ခပ်ကွေးကွေး ဖြစ်၍ တစ်ဖက်မှဲ့သွားပြီး....
'မလိုပါဘူး'
ဟု ပြောလိုက်သည်။
သူက ရင်ရင်ကို စိုက်ကြည့်ပြီး....
'ကျုပ် တကယ်ပြောတာပါ၊ မင်းအတွက် အဲဒီလောက် ဒေါ်ထိခိုက်နိုင်တယ်ဆိုတာ ကျုပ် ရိပ်မိပါတယ်'
ဟု ပြောလိုက်၏။
ရင်ရင်က ပြုံးလိုက်၏။
သူမ၏ အပြုံးက မချိပြုံး ဖြစ်သည်။
သူမတာ ထိုသို့ပြုံးပြီးမှ....
'ကျွန်မ ရှင့်ကို ခုစိန်နေတယ်လို့ ထင်ခဲ့တယ်၊ ဒုါပေမယ့် အခု မသချာတော့ဘူး၊ ကျွန်မတာ အရင်က ရင်ရင်မှ မဟုတ်

ဟု ပြောလိုက်သည်။
သူသည် ဘာမျှ ပြန်မပြောပါ။
သူသည် လက်ထဲမှ အရက်ခွက်ကို အခါပွာယ် ကင်းမဲ့စွာဖြင့် ကြည့်မိ၏။
သူ၏ ရင်ထဲ၌လည်း သရုပ်ခွဲခြားနိုင်စွမ်း မရှိသော ခံစားမှု တစ်မျိုးကို ခံစားလိုက်ရသည်။
ရင်ရင်က သက်ပြင်းချလိုက်ပြီး....
'ဒီဇနရာက ဘယ်လိုနေရာမျိုး ဆိုတာ ကြည့်ရုံနဲ့ ရှင်သိနိုင်ပါတယ်၊ ဒီလိုနေရာမျိုးမှာ ထမင်းမစေတ်အောင် တယ်လို ဖွန်းကန့်ရတယ်ဆိုတာ ရှင်ခန့်မှန်းနိုင်ပါတယ်'
ဟု ပြောလိုက်၏။
သူသည် သက်ပြင်းချသိုက်ပြီး လက်ထဲမှအရက်ခွက်ကို ဖမ်းသောက်လိုက်၏။
ရင်ရင်က တစ်ချက် ရယ်လိုက်ပြီး
'ဟင်း....ဟင်း....ဒီဆိုင်ပိုင်ရှင်က ရူးသွားတယ်၊ ဒီအရပ်မှာ လူနတ္ထဟာ တစ်ချိန်မဟုတ် တစ်ချိန် ရူးသွားကြတာချည်းပဲ၊ ဟင်း....ဟင်း....အဲ့....သူ့ကို ဆဲထုတ်သွားတော့ ဒီဆိုင်ကိုကျွန်မ ပိုင်သွားကာပေါ့၊ မထူးဆန်းဘူးလား'
ဟု ပြောလိုက်၏။
ရိုးနန်းသည် ရင်ရင်ကို မယုံနိုင်လောက်အောင် အံ့သြသည့် မျက်လုံးများဖြင့် ကြည့်နေ၏။
သူ့၏ စကားများက သူ့အတွက် ထူးဆန်းနေသည်။
မယုံကြည်နိုင်လောက်အောင် ဖြစ်နေ၏။

'ဖုန်တက်နေတဲ့ စာအုပ်တွေ မြေကြီးတွေ ပေကျံနေတဲ့ ပစ္စည်းတွေက ကျွန်မဆက် စိတ်ဝင်စားဖို့ ကောင်းနေတယ် မဟုတ်လား'

ဟု ပြောလိုက်သည်။

ရိဖုန်းက နှုတ်ခမ်းကို လျှာဖြင့် သပ်လိုက်ပြီး....

'ကျုပ်ဘယ်လို တောင်းပန်ရမလဲ၊ ဟိုးအရင် နှစ်တွေကို ပြန်သွားလို့ ရရင် ကျုပ်မှားခဲ့တာကို ပြန်ပြင်ပါ့မယ်'

ရင်ရင်ကပြုံးလိုက်ပြီး....

'မင်္ဂလာဆောင်မယ့် နေ့မှာ သတို့သား ပျောက်သွားတာ ဘယ်လောက် ရုပ်ပျက်ဆင်းပျက်ဖြစ်မယ်ဆိုတာ ရှင်မစဉ်းစားခဲ့မိဘူး မဟုတ်လား'

ဟု ပြောလိုက်၏။

ရိဖုန်းက လေပူတစ်ချက် မှုတ်ဆုတ်လိုက်ပြီး....

'ကျုပ်ဇတာင်းပန်ပါတယ်၊ တကယ်လို့ သာ မင်းရဲ့အဖေနဲ့ ကျုပ်နဲ့ အယူအဆသဘောထား မလွဲခဲ့ရင်'

ရိဖုန်း၏စကားမဆုံးမီ ရင်ရင်က မျက်မှောင်ကြုတ်ပြီး....

'တော်ပြီ၊ ရှင်တို့ရဲ့ သဘောထားတွေ၊ တူးဖော်ရေးတွေ မပြောနဲ့တော့၊ ဒီအချိန်မှာ ဒါတွေမရှိတော့ဘူး'

ဟု ပြောလိုက်သည်။

ရိဖုန်းက ခေါင်းညိတ်လိုက်ပြီး....

'ကောင်းပါပြီ၊ ကျုပ်မပြောတော့ပါဘူး'

ဟု ပြော့လိုက်သည်။

ရင်ရင်က ရိဖုန်းကို တစ်ချက်စူးစိုက်ကြည့်ပြီး....

တော့ဘဲ၊ တောကျဲကန်းမ ဖြစ်နေပြီ၊ ဟုတ်တယ်.... တောကျဲကန်းမ ဖြစ်နေပြီ၊ လောကကြီးထဲမှာ ဘယ်လို နေရမယ် ဆိုတာ ကျွန်မ သိနေပြီ'

ဟု ပြောလိုက်သည်။

ရိဖုန်းက သက်ပြင်းချ၍....

'ကျုပ်တောင်းပန်ပါဘယ်၊ ကျုပ်အပြစ်ပါပဲ'

ဟု ပြောလိုက်၏။

သူမက လက်ကာပြပြီး....

'မလိုပါဘူး၊ ရှင်လဲ ကျွန်မ အဖေနဲ့ အတူတူပဲ၊ ဘာမှ မထူးဘူး'

ဟု ပြောလိုက်၏။

သူက ခေါင်းငုံ့လိုက်ပြီး....

'ကျုပ်အပြစ်ပါ၊ ကျုပ် မင်းကို ဘာမျှ မဖြစ်စေချင်ပါဘူး'

ဟု ပြောလိုက်သည်။

ရင်ရင်က ပြုံးလိုက်၏။

'ဟုတ်တယ်၊ အဲ့ဒီတုန်းက ကျွန်မက ကလေးပဲ ဘာမှ မသိဘူး'

ဟု ပြောလိုက်၏။

သူက သက်ပြင်းချလိုက်ပြီး....

'ဟို....ကျုပ်ဝန်ခံပါတယ်၊ ကျုပ် မင်းကို ချစ်ပါတယ်၊ ဒါပေမယ့် ....ကျုပ်....'

သူမက လက်ကာပြလိုက်ပြီး

ရှင်ရင်က သူမ၏လက်ကို ဝေ့ယမ်းပြလိုက်ပြီး...

'ဒီနေရာဟာ ကမ္ဘာကြီးရဲ့ ခေါင်မိုးပဲ၊ ဒီနေရာကနေပြီး ပီကင်းကိုပြန့်ဖို့ စရိတ်ဘယ်လောက်ဆိုတာ ရှင်ထည့်ပြီးမတွက်ဘူးလား၊ ဒီမှာ ငတ်ပြီးမသေအောင် ထယ်လောက်ရှုန်းကန်ရတယ်ဆိုတာ ရှင်ထည့်ပြီး မစဉ်းစားဘူးလား'

ဟု ပြောလိုက်၏။

ရိဖုန်းက သက်ပြင်းချလိုက်ပြီး....

'ကျုပ်နားလည်ပြီ၊ မင်းကို ပီကင်းပြန်လို့ ရအောင် ကျုပ် ကူညီမယ်'

ဟု ပြောလိုက်၏။

ရှင်ရင်က မျက်ခုံးပင့်ကာ....

'ကျန်မက ဒီအတိုင်း မပြန်ချင်ဘူး၊ သားသားနှာနှာ ပြစ်မှု ပြန်မယ်'

ရိဖုန်းက....

'ကျုပ်ကူညီနိုင်မယ် ထင်တယ်'

ရှင်ရင်ကပြုံးပြီး သူ့ကုတ်စုံးစိုက်ကြည့်လိုက်၏။

သူမသည် ရိဖုန်းမျက်လုံးထဲမှ တစ်စုံတစ်ခုကို ရှာဖွေဟန် အတန်ကြာအောင် ကြည့်နေပြီးမှ....

'ရှင်ခဲ့ **ကျန်မ** ပွင့်ပွင့်လင်းလင်း ပြောသင့်ပြီထင်တယ်'

ဟု ပြောလိုက်သည်။

ရိဖုန်းက သက်ပြင်းချလိုက်ပြီး....

'ကျုပ်ကိုမယုံတို့ လား'

ရင်ရင်က ပြုံး၍....

'ကျန်မ ဒီလိုနေရာမျိုးမှာ ဘာဖြစ်လို့ အသက်ရှင်နေသလဲ သိလား'

ဟု မေးလိုက်၏။

ရိဖုန်းက ဘာမှပြန်မပြောပါ။

သူသည် ရင်ရင်ကိုသာကြည့်နေ၏။

ရင်ရင်က ရယ်မောလိုက်၏။

ရယ်မောလိုက်သောအခါ....

ဟိုးအရင်က ရင်ရင်နှင့်တူသွား၏။

ရင်ရင်က ရယ်မောလိုက်ပြီး....

'တစ်နေ့နေ့ဒတာ့ ဒီဆိုင်ထဲကို ရှင်ရောက်လာလိမ့်မယ်လို့ ကျန်မရဲ့စိတ်ထဲမှာ ထင်နေတယ်၊ ဒါကြောင့် ဒီနေရာမှာ ကျန်မ အသက်ရှင်နေတာ'

ဟု ပြောလိုက်သည်။

ရိဖုန်းက သက်ပြင်းချလိုက်ပြီး....

'မင်းက ဒီမှာဘာဖြစ်လို့ ဒုက္ခခံနေရတာလဲ၊ ပီကင်းကို ဘာဖြစ်လို့ ပြန်မလာတာလဲ'

ဟု မေးလိုက်၏။

ရင်ရင်က သူ့ကိုမျက်လုံးပြူး၍ ကြည့်လိုက်၏။

ပြီးမှ....

'ရှင်ခဲ့ဲအမေးက ရှုးကြောင်ကြောင်နိုင်တယ်'

ဟု ပြောလိုက်သည်။

ရိဖုန်းက မျက်ခုံးပင့်ကာ....

'ဘာဖြစ်လို့လဲ'

'ရှင့်ကိုယ့်ပါတယ်၊ ဒါပေမယ့် ရှင် ကျွန်မဆီက တစ်ခုခု လိုချင်နေသလိုပဲ'

ဟု ပြောလိုက်၏၊

ရိဖုန်းက ပြုံးလိုက်ပြီး....

'ကျုပ် မင်းဆီက ဘာမှမလိုချင်ပါဘူး'

ရင်ရင်က ပြုံး၍....

'ကျွန်မဆီက မလိုချင်ဘူးဆိုရင် ရှင်က ရှင်ဘယ်သူဆီက လိုချင်တာလဲ'

ဟု မေးလိုက်၏၊

ရိဖုန်းက စိတ်ပျက်ဟန်ဖြင့် ခေါင်းခါယမ်းလိုက်ပြီး....

'မင်းအဖေဆီက မစ္စည်းတစ်ခုကို လိုချင်လို့ပါ'

ဟု ပြောလိုက်၏၊

ရင်ရင်က မဲ့ပြုံးပြုံးလိုက်ပြီး

'ဒါဖြင့် သူ့ဆီကိုလိုက်တောင်းပေါ့'

ရိဖုန်းက ပြုံးလိုက်ပြီး....

'မင်းဆီမှာ ရှိမယ်ထင်တယ်'

ဟု ပြောလိုက်၏၊

ရင်ရင်က ပခုံးအား ဟန်ပါပါ တစ်ချက်တွန့်လိုက်ပြီး....

'သူ့ပစ္စည်း အစုတ်ပလုတ်တွေအား လုံး ရောင်းစားလိုက်ပြီ'

ဟု ပြောလိုက်၏၊

ရင်ရင်၏ စကားကြောင့် သူသည် အလွန် စိတ်ပျက်သွား ဟန်ဖြင့် ခေါင်းကိုခါယမ်းလိုက်၏။

ပြီးမှ....

သူသည် ရင်ရင်ကို ကြည့်လိုက်သည်။

ရင်ရင်က နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး....

'ဟုတ်တယ်၊ ကျွန်မအတွက် ဒီပစ္စည်းတွေက အသုံးမ ဝင်ဘာ၊ အမှိုက်တွေပဲ၊ ဒါပေမယ့် အဲဒီပစ္စည်းတွေကို ရောင်းလို့ရတဲ့ ပိုက်ဆံကတော့ ကျွန်မအတွက် အသုံးဝင်ပါ တယ်'

ဟု ပြောလိုက်၏။

ရိဖုန်းက သက်ပြင်းချက်ချပြီး....

'ဘယ်သူကို ရောင်းလိုက်တာလဲ'

ဟု မေးလိုက်၏။

ရင်ရင်က ပခုံးတွန့်လိုက်ပြီး....

'အဟောင်းအစုတ်တွေကို လိုက်ဝယ်တဲ့ လူပဲ'

ရိဖုန်းက....

'အဲဒီလူကို မှတ်မိလား'

ရင်ရင်က မျက်ခုံးပင့်၍....

'ဘာလဲ....ရှင်က သူ့ဆီက ပြန်ဝယ်မလို့လား'

သူက ခေါင်းညိတ်ပြီး

'ဝယ်သင့်ရင် ပြန်ဝယ်ရမှာပဲ'

သူမက ပြုံးလိုက်ပြီး....

'သူက ပြန်မရောင်းရင်ရော'

ရိဖုန်းက မျက်မှောင်ကုတ်၍ ပါးစပ်ပိတ်ထားသည်၊

ရင်ရင်က မျက်လုံးကို ထောင့်ကပ်၍ တစ်ချက်မျှ စဉ်းစား ဟန် ပြလိုက်ပြီး....

'ဒီလိုလုပ်....သူက တစ်ခြားလူဆိုရင် ပြန်ရောင်းချင်မှရောင်းလိမ့်မယ်၊ ကျွန်မ ဆိုရင်တော့ ပြန်ရောင်းလိမ့်မယ်လို့ ထင်ပါတယ်'

ရိဖုန်းက အာမျှ ပြန်မပြောပါ၊

ရင်ခုန်ငှက် နှုတ်ခမ်းကို တစ်ချက် ကိုက်ပြီး....

'ရှင်လိုချင်တဲ့ မစ္စည်းက ဘယ်လို ပစ္စည်းမျိုးလဲ'

ဟု မေးလိုက်သည်၊

သူက သက်ပြင်းတစ်ချက် ချလိုက်ပြီး

'မင်းက ဒီပစ္စည်းကို နှားလည်ပါမလား'

ဟု မေးလိုက်၏၊

သူမက ပြုံးပြီး....

'ပြောမှသာပြောစမ်းပါ'

ဟု ပြောလိုက်သည်၊

ရိဖုန်းက

'ပစ္စည်းက တောင်ဝေး တစ်ချောင်းရဲ့ ဆီပိပိုင်းပဲ'

သူမက မျက်မှောင်ကုတ်၍

'ဘယ်လို ပုံသဏ္ဌာန်ရှိသလဲ'

ရိဖုန်းက

'ကြေးနီနဲ့ လုပ်ထားတဲ့ စက်ဝိုင်းတစ်ခုပဲ၊ နေပုံသဏ္ဌာန်ဖော်ထားတယ်၊ စက်ဝိုင်းရဲ့ အလယ်မှာ မှန်တစ်ချပ်လူးခုံးလို အနီရောင်ဖန်တုံးပါတယ်၊ ပြီးတော့ ဘောင်ဝေးမှာ တပ်လို့ ရအောင် အရစ်ဖော်ထားတယ်'

ဟု ပြောလိုက်သည်၊

သူမက ခေါင်းညိတ်ပြီး....

'ရှင်ဘယ်လောက် ပေးမလဲ'

သူက သက်ပြင်းချပြီး....

'ယွမ်ဒါးထောင်ပေးမယ်'

ရင်ရှင်က လေတစ်ချက် ခွန်လိုက်သည်၊

ပြီး....

'ကျွန်မအတွက်ရော'

သူက....

'ပိုက်ဆံကို ပြန်တဲ့စရိတ် မပါဘဲ မင်းကို ယွမ်သုံးထောင်ဆုယ်'

ဟု ပြောလိုက်၏၊

သူမက မျက်ခုံးပင့်ပြီး....

'ငွေသားပေးမှာလား'

သူက ခေါင်းညိတ်၍....

'ငွေသားပေးမယ်'

သူမက ပြုံးပြီး

'သိပ်တန်ဖိုးရှိပါ့လား'

ဟု ပြောလိုက်သည်၊

ရိဖုန်းက ပါးစပ်ပိတ်ထားသည်၊

ရင်ရှင်က ရိဖုန်းကို တစ်ချက်ကြည့်ပြီး လက်ဝါး ဖြန့်လိုက်ပြီး....

'ပေး....'

ဟု ပြောလိုက်၏၊

သူက မျက်မှောင်ကုတ်၍....
'ဗစ္စည်းက ဘယ်မှာလဲ'
ရင်ရင်က....
'ကျန်မက ပါးစပ်နဲ့ ဝယ်လို့မှ မရတာ'
ရိဖုန်းက အိတ်ထဲမှ ငွေသားယမ် သုံးထောင်ကို ရေတွက်လိုက်ပြီး ရင်ရင်ကို လှမ်းပေး၏။
ရင်ရင်က ရိဖုန်းထံမှ ငွေသားကို လှမ်းယူ၍ ရေတွက်လိုက်ပြီး....
'သုံးထောင်ထဲပါလား'
ဟု ပြောသည်၊
ရိဖုန်းက
'စရံလေ'
သူမက ခေါင်းခါယမ်းပြပြီး
'ဒါဆို အလုပ်မဖြစ်ဘူးလို့ မှတ်လိုက်ပါ'
ဟု ပြောလိုက်၏။
သူက....
'မင်းက ကျုပ်ကို မယူဘူးလား'
သူမက ပြုံးလိုက်ပြီး
'ဟိုတုန်းကတော့ ယူတယ်၊ ရှင်ဘာပြောပြော ယူတယ်'
ဟု ပြောလိုက်သည်။
သူက စိတ်ပျက်စွာဖြင့် သက်ပြင်း ချလိုက်ပြီး အိတ်ထဲမှ နေ့ကုတ်ထပ် ငွေနှစ်ထောင်ကို ထုတ်ယူ၍ ပေး၏။
သူသည် ငွေနှစ်ထောင်ကို လှမ်းပေးရင်း.....

'မင်းကိုပေးမယ် ငွေကိုတော့ ပီကင်းရောက်မှ ပေးနိုင်လိမ့်မယ်'
ဟု ပြောလိုက်၏။
သူမက ပြုံးလိုက်ပြီး....
'ကောင်းပြီလေ....ရှင့်ကို ကျန်မ ယုံပါတယ်'
ဟု ပြော၍ ရိဖုန်းထံမှ ငွေနှစ်ထောင်ကို လှမ်းယူလိုက်လေသည်။
သူက ရင်ရင်ကို တစ်ချက်ကြည့်ပြီး
'ကျုပ်တို့ သွားရအောင်'
ဟု ပြောလိုက်သည်။
ရင်ရင်က မျက်ခုံးပင့်လိုက်ပြီး....
'ဘယ်ကိုလဲ'
ရိဖုန်းက
'မင်းရဲ့ပစ္စည်းတွေကို ဝယ်ထားတဲ့လူဆီကို'
ဟု ပြောလိုက်၏။
ရင်ရင်က ပြုံးပြီး
'ရှင်ပြန်ဇတာ့၊ မနက်ဖြန်မှပြန်လာခဲ့'
ဟု ပြောလိုက်သည်။
သူက ရင်ရင်၏စကားကို နားမလည်ဟန်ဖြင့်....
'ကျုပ်....ပြန်ရမယ် ဟုတ်လား'
ဟု မေးလိုက်၏။
ရင်ရင်က ခေါင်းညိတ်ပြီး
'ဟုတ်တယ်'

သူက ခေါင်းယမ်းပြီး....
'ဘင်း.....ဖင်းက တကယ် မိန်းမကြမ်းတစ်ယောက် ဖြစ်
ဟု ပြောလိုက်သည်။
ရင်ရင်က
'ဒီနေရာက ပီကင်းမဟုတ်ဘူး' ၃၀၊ ထန်းထပင်အနောက်လမ်း
လူညီးထန်းကမာရွတ်
ဟု ပြန်ပြောလေသည်။
သူက လက်နှစ်ဘက်ကိုဖွေယမ်းလိုက်ပြီး
'ကောင်းပြီ....ကောင်းပြီ၊ ကျုပ်သွားမယ်'
ဟု ပြောကာ နောက်သို့လှည့်၍ ဆိုင်ထဲမှထွက်သွားလေ
ရင်ရင်က မျက်မှောင်ကြုတ်သွားပြီး
'ဘင်....ထေ့ုးဒေါ့'
ဟု ပြောလိုက်သည်။
ရင်ရင်၏စကားကြောင့် သူသည် ခြေလှမ်းကိုရပ်တန့်လိုက်
'ဖင်း.....ဘာပြောလိုက်ဘာလဲ'
သူမေးလိုက်သည်။
ရင်ရင်က
'ထေ့ုးဒေါ့လို့ ခပြောတာ'
ဟု ပြောလိုက်၏။
သူက သက်ပြင်းချလိုက်ဖြီး
'တော်တယ်၊ ကျုပ်က ထေ့ုးဒေါ့ပဲ'

သူက လက်နှစ်ဘက် ဝဲယာသို့ကားခါ ပြလိုက်ရင်း....
'ကျုပ်က ဘယ်ကိုပြန်ရမှာလဲ'
ဟု ပြောလိုက်သည်၊
ရင်ရင်က
'ပြန်ချင်တဲ့နေရာကိုပြန်၊ အဓိက ဖြစ်စေချင်တာကတော့ ဒီဆိုင်ထဲက ထွက်သွားဖို့ပဲ၊ ဆိုင်ပိတ်ပြီ'
ဟု ပြောလိုက်သည်။
ရင်ရင်က မျက်လုံးပြူးပြီး
'ဒီနေရာမှာ မင်းကလွဲပြီးတော့ ကျုပ်သိတဲ့ လူတစ်ဦးမှ မရှိဘူး'
ဟု ပြောလိုက်သည်။
ရင်ရင်က ပခုံးတွန့်ပြီး....
'ဒါက ရှင့်ကိစ္စပဲ၊ တည်းခိုဖို့နေရာမရှိလို့ လမ်းဘေးမှာ အိပ်အိပ်၊ ကျွန်မနဲ့မဆိုင်ဘူး'
သူက
'ဒီလောက် နှင်းတွေကျနေတဲ့နေရာမှာ ကျုပ်က ဘယ်လိုလုပ်ပြီး လမ်းဘေးမှာ အိပ်....အိပ်'
သူ၏စကားမဆုံးမီ ရင်ရင်က ဝင်ကာပြရင်း....
'ကျွန်မ ပြောပြီးပြီ၊ ကျွန်မက်စ်မဟုတ်ဘူး၊ ဒီမှာ ရှင့်အလုပ်လုပ်ရင် မပြတ်သားလို့ မဖြစ်တူး၊ ဒီတော့ ဆိုင်ထက ရှင့်ဘာသာရှင် ထွက်သွားမလား၊ ကျွန်မက ရှင့်ကိုဆွဲထုတ်ရမှာလား'
ဟု ပြောလိုက်သည်။

ဟု ပြောကာ ဆိုင်ထဲမှထွက်သွားရန် ခြေလှမ်းပြင်လိုက်
သည်။
ရင်ရင်က ရိဖုန်း၏နောက်ကျောကိုကြည့်ပြီး
'နေဦး'
ဟု ဟန့်တားလိုက်သည်။
ရင်ရင်၏ဟန့်တားမှုကြောင့် သူ၏ခြေလှမ်းကို ရပ်ဆ
လိုက်ပြီး ရင်ရင်ကိုလှည့်ကြည့်လိုက်၏။
ပြီးမှ....
ခေါင်းညိတ်ကာ
'ကိစ္စရှိသေးလား'
ဟု မေးလိုက်၏။
ရင်ရင်က
'အမှန်တော့ ရှင်က ပြန်မယ်ဆိုရင် တစ်ခုခုတော့ ပြော
ဦးမှပေါ့'
ဟု ပြောလိုက်သည်။
သူက....
'လိုလို့လား'
ရင်ရင်က
'ကျွန်မက ရှင့်ရဲ့ချစ်သူလေ၊ မတွေ့တာကြာပြီ၊ ဒီတေ
ရှင်က ကျွန်မကို နှုတ်ဆက်တဲ့ အနမ်းလေးဘာလေး ေ
သင့်တာပေါ့'
ဟု ပြောလိုက်၏။
သူက သက်ပြင်းချပြီး

'မလုပ်လို့ မဖြစ်ဘူးပေါ့'
ရင်ရင်က ပြုံးရင်ခေါင်းညိတ်ကာ
'ဖြစ်ပါတယ်၊ ဒါပေမယ့် မနက်ဖြန် ရှင်မလာနဲ့တော့'
ဟု ပြောလိုက်၏။
ရင်ရင်၏စကားဆုံးသည်နှင့် သူသည် ရင်ရင်ထံသို့ ခြေ
လှမ်းကျဲကျဲဖြင့် လျှောက်လာပြီး ရင်ရင်ကို ပွေ့ဖက်ထား
လိုက်လေတော့သည် မဟုတ်ပါလား။

* * *

ရိဖုန်းသည် အရက်ဆိုင်ထဲမှ ထွက်သွားပြီဖြစ်၏၊
ရင်ရင်သည် နေရာ၌ ရပ်နေဆဲဖြစ်၏
သူ၏မျက်လုံးများကို မှိတ်ထား၏။
မှိတ်ထားသော မျက်လုံးအိမ်ထဲမှ မျက်ရည်တစ်စက်သည်
ပါးပြင်ပေါ်သို့ စီးကျလာ၏။
လူတို့သည် ဝမ်းနည်းသည့်အခါ၌လည်း မျက်ရည်ကျတတ်
သည်။
ဝမ်းသာသည်အချိန်၌လည်း မျက်ရည်ကျတတ်၏။

ရဲရင့်၏ ပါးပြင်ပေါ်သို့စီးကျလာသောမျက်ရည်တစ်စ
သည် မည်ကဲ့သို့ အခီပွာယ် ဆောင်နေသည်ကို ရင်ရင်
ယောက်သာလျှင် သိစေလိမ့်မည်ဖြစ်သည်၊

အတန်ကြာမှ....

သူမသည် ရဲနင်းနှစ်လက်ကို ခါးထိုးထားသော လူထွ
ကြီးကို လှမ်းကြည့်ပြုံး....

'မိုးဟန်....တံခါးပိတ်တော့'

ဟု ပြောလိုက်၏။

ထို့နောက်....

သူမသည် သူမ၏ လည်ပင်းဂုံ ပတ်ထားသော ပဝါ
ဖြည်လိုက်၏။

ပဝါကိုဖြည်လိုက်သည်နှင့် သူမ၏ ရင်ညွှန့်ပေါ်သို့ ဆွဲပြ
တစ်ခုလျော့ကျလာ၏၊

နေပုံသဏ္ဌာန် စက်ဝိုင်းတစ်ခုဖြစ်၏၊

ကြေးနီဖြင့် ပြုလုပ်ထား၏၊

စက်ဝိုင်း၏ အလယ်ဌာနီရောင် ဖန်ထုံးတစ်ထုံး ပါရှိလေ
သည်၊

ရင်ရင်သည် ဆွဲကြိုးချွတ်လိုက်၏၊

ထို့နောက်....

စက်ဝိုင်းအလယ်မှ အနီရောင်ဖန်ထုံးကို လက်ဖြင့် အသာ
ပုတ်သပ်လိုက်၏၊

ဤပစ္စည်းကို ဖခင်ဖြစ်သူက ဆွဲပြားအဖြစ်ပြုလုပ်ပြီး သူမ
၏လည်ပင်းဂုံ ဆွဲခပ်ထား၊ခြင်းဖြစ်၏၊

သူမသည် လက်ထဲမှ ဆွဲပြားကို အတန်ကြာအောင်ကြည့်
နေသည်၊

ပြီးမှ....

သူမသည် သက်ပြင်းတစ်ချက်ကို ချလိုက် လေတော့သည်
ဟုတ်ပါလား။

* * *

ဆီးနှင်းမှုန်းက ကျနေဆဲဖြစ်၏။

အရက်ဆိုင်၏ တံခါးဝမှ ခြေလှမ်း၍ ထွက်လိုက်သည်နှင့်
အရက်ဆိုင်အတွင်းမှ နွေးထွေးမှုသည် အရက်ဆိုင်၏ တံခါးဝ
ကျွန်ရစ်ခဲ့ပြီဖြစ်သည်။

အရက်ဆိုင်၏ အပြင်ဘက်မှ အေးစိမ့်မှုကရိုဖုန်းကိုဆီးကြို
ကြိုပွေ့ဖက်လိုက်သည်။

ထို့ကြောင့်....

ရိုဖုန်းလည်း အင်္ကျီရှင်အင်္ကျီကို လက်ဖြင့်ခပ်တင်းတင်း ဆွဲ
စေ့လိုက်၏။

အမှန်မှာ....

သူ၏ အင်္ကျီရှင်ဘတ်သည် ဟပြုနေခြင်းမရှိပါ။

သူသည် သူ၏ အင်္ကျီကို သပ်ရပ်စွာ ဝတ်ဆင် ထားခြင်း ဖြစ်၏။

သို့သော်....

ပတ်ဝန်းကျင်၏အေးစိမ့်မှုကြောင့် ယခုကဲ့သို့မလိုအပ်သော်လည်း လက်ဖြင့် ဆွဲစေ့ လိုက်မိခြင်း ဖြစ်၏။

သူသည် တဖွဲဖွဲကျနေသော ဆီးနှင်းများ ကြားဌ လမ်းလျှောက်နေ၏။

သူသည် အရက်ဆိုင်မှ ထွက်လာဖြီးနောက် လမ်းမပေါ်ဌ လမ်းလျှောက်နေသော်လည်း မည်သည့်နေရာသို့ သွားရမှန်းမသိပါ။

ဤအရပ် ဤဒေသဌ အကောင်းစား တည်းခိုခန်းကို မဆို ထားနှင့်ဇရပ်ပင် ရှိမည်မထင်ပါ။

ရီဖုန်းသည် ပတ်ဝန်းကျင်ကို တစ်ချက် လှည့်ပတ် ကြည့်လိုက်သည်။

ဆီးနှင်းများကျနေ**ပြီး** မှောင်မည်းနေသော ပတ်ဝန်းကျင်ဌလူရိပ်လူရောင်မတွေ့ရချေ

မင်းလမ်းမပေါ်ဌလည်း လူသူ ကင်းရှင်းနေသည်,

ရီဖုန်းသည် အိမ်တစ်အိမ်၏တံစက်မြိတ်အောက်ဌ အိပ်ရန် စိတ်ကူးလိုက်၏။

ထိုစိတ်ကူးကို ချက်ချင်းပယ်ဖျက်လိုက်၏။

အာဘယ်ကြောင့်ဆိုသော်....

မနက်မိုးလင်းသည်နှင့် သူ၏ ခန္ဓာကိုယ်သည် သွေးခဲ၍ တောင့်တင်းနေလိမ့်မည်ကို တွေးမိသောကြောင့်ဖြစ်၏။

ဤသို့ဆိုလျှင်....

တစ်ညလုံး ဤအတိုင်း လမ်းလျှောက် နေရမည်လား:ဟု စဉ်းစားလိုက်ပြန်၏။

ဒါလည်းမဖြစ်နိုင်ကြောင်း ရီဖုန်းက သဘောပေါက်လေသည်။

နောက်ဆုံးဌ သူသည် အကောင်းဆုံး အကြံကို စဉ်းစားမိသည်။

ထိုအကြံမှာ....

ရင်ရင်စိတ်ပြေလောက်သော အချိန်ဌ တောင်းပန်တိုးလျှိုးပြီးအရက်ဆိုင်ထဲဌ အိပ်စက်ရန်ပင်ဖြစ်သည်။

ရင်ရင်ကမိမိကိုလက်ခံပါမည်လား:။

မည်သို့ပင်ဖြစ်ပါစေ....

ရင်ရင်သည် သူမ၏ချစ်သူတစ်ယောက် အနေဖြင့် မဟုတ်စေကာမူ သူမ၏ မိတ်ဆွေတစ်ယောက်လုပ်ခဖက်ကိုင်ဖက် တစ်ယောက်အနေဖြင့် လက်ခံလိမ့်မည် မဟုတ်ပါလော:။

* * *

အေးစိမ့်သောကြောင့် လက်မှုံးများ ထုံကျဉ်လာသည်။
ရိဖုန်းသည် မိမိ၏ လက်များကို နှုတ်ခမ်းဉ်တေ့ကာအာ
ငွေ့ပေးလိုက်ရ၏။
တစ်ဆက်တည်းမှာပင်....
ရင်ရင်တစ်ယောက် အမြန်ဆုံး စိတ်ပြေပါစေဟုဆုတောင်း
လိုက်၏။
သူသည် မင်းလမ်းအတိုင်း ဆက်၍ လျှောက်သွား လေ
တော့သည်။
မကြာမီ
သူသည် လမ်းကြားတစ်ခုကို ဖြတ်ကျော်သွား၏။
လမ်းကြားက လူတစ်ယောက်သာသွားလာနိုင်သောလမ်း
ကြားဖြစ်၏။
အိမ်နှစ်လုံး၏ ကြားဝှေ့ လူသွားလမ်းလေးဖြစ်နေခြင်း ဖြစ်
သည်။
ထိုလမ်းကြားကို ရိဖုန်းက ဖြတ်သွားပြီးနောက် လမ်း
ကြားထဲမှလူတစ်ယောက်ထွက်လာ၏။
ထိုလူသည် အရပ်(၅)ပေခန့်သာ မြင့်မား၏။
ကိုယ်လုံးဂိုယ်ထည်က ထွားကျိုင်းမှုမရှိပါ။
သူ၏ဦးခေါင်းပေါ်၌ သားမွေးဦးထုပ် ဆောင်းထားလေ
သည်။
သူ၏ခန္ဓာကိုယ်ပေါ်၌ သူ၏ခြေသားလုံးအထိ ရှည်လျားလွှား
သော အနုက်ရောင် သားရေဝတ်နှးထည်ကို တော်ဆင်ထား
သည်။

သူသည် လမ်းကြားထဲမှ ထွက်သာပြီးနောက် ရိဖုန်း၏
နောက်ကျောကို လှမ်းကြည့်လိုက်၏။
ဘိုသော်....
သူသည် ရိဖုန်း၏နောက်ကျောကို မျက်လုံးတစ်လုံးတည်း
ဖြင့် ကြည့်လိုက်၏။
အာဘယ်ကြောင့်ဆိုသော်
သူသည် မျက်လုံးတစ်လုံးတည်းသာရှိသောကြောင့်ဖြစ်လေ
သည်။
သူ၏ ဝဲဘက် မျက်လုံးကို အနုက်ရောင် သားရေပြားနှင့်
အုပ်ထား၏။
သူက တစ်လုံးတည်းရှိသောမျက်လုံးဖြင့် ရိဖုန်း၏ နောက်
ကျောကို အတန်ကြာအောင် ကြည့်ပြီးနောက် သူ၏လက်ကို
ခဲ့ယမ်းပြလိုက်၏။
သူက လက်ယမ်းပြလိုက်သည်နှင့် လမ်းကြားထဲမှ လူသုံး
ယောက်ထွက်လာ၏။
တစ်ယောက်က ကျွဲအရပ်ခန့်သမှ လူမဲကဲတစ်ဦး ဖြစ်လေ
သည်။
ထိုလူမိုက်ကို မျက်လုံးတစ်တက်တည်းရှိသူက အခကြေး
ငွေ ပေးချေဌားရမ်းခြင်းဖြစ်၏။
ကျန်နှစ်ယောက်မှာ သူနှင့်အတူလိုက်ပါလာသော လူနှစ်
ယောက်ဖြစ်၏။
ထိုလူနှစ်ယောက်မှာ တစ်ယောက်နှင့်တစ်ယောက် ဆန့်
ကျင်ဘက်ဖြစ်သည်။

တစ်ယောက်က ပိန်ပိန်ရှည်ရှည်ဖြစ်ပြီး တစ်ယောက်က ထွားထွားကျိုင်းကျိုင်းဖြစ်၏၊

ပိန်ပိန်ရှည်ရှည်နှင့်လူက ကောက်ညှင်းထုတ်ထားသကဲ့သို့ အနက်ရောင်သားရေဖြင့် ပြုလုပ်ထားသော အင်္ကျီကြပ်ကြပ်ကို ဝတ်ဆင်ထား၏။

ပိန်ပိန်ရှည်ရှည်လူ၏ခါးဦ့ စန်ချပ်ကူဟုခေါ်သော သုံးချောင်းဆက်တုတ်ကို ခါတိုင်းဆွဲထား၏။

ထွားထွားကျိုင်းကျိုင်းနှင့် လူ၏နောက်ကျောဌ ပိဿာသုံးဆယ်ခန့်လေးသော တစ်ဘက်သွားခံးကို လွယ်ထားလေသည်။

မျက်စိ တစ်ဘက်လပ်နေသောလူက လူသုံးယောက်အား တစ်ချက်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

လူသုံးယောက် ဦးခေါင်းကို ပြန်ညိတ်ပြလိုက်ပြီး ရင်ရင်၏ တောကျီးကန်းအရက်ဆိုင်သို့ လျှောက်သွားလေတော့သည်၊

မျက်စိတစ်ဘက်လပ်နေသောလူက ကျေနပ်စွာ တစ်ချက်ပြုံးပြီး ထိုသူသုံးယောက်နောက်မှ လိုက်သွားလေတော့သည်။

* * *

မျက်စိတစ်ဘက်လပ်နေသော လူ၏အမည်မှာ ယောက်လန်းဖြစ်သည်။

သူသည် တန်ပင်၏ အားကိုးရသော တပည့်တစ်ယောက်ဖြစ်သည်။

သူသည် ဤအရပ်ဤဒေသသို့ တန်ပင်၏ ခိုင်းစေချက်အရ သူ၏တပည့် နှစ်ယောက်နှင့်အတူ ထွက်ခွာလာခဲ့ခြင်း ဖြစ်လေသည်။

သူ၏တာဝန်မှာ ဆရာကြီးဝေဆိုသော လူထွဲမှ နေပုံသဏ္ဌာန်စက်ဝိုင်းထိုး ယူဆောင်ရန်ဖြစ်သည်။

သူသည် ဆရာကြီးဝေကို မသိပါ။

ထို့အတူ

ရှေးရှောင်းပစ္စည်းများနှင့် ပတ်သက်၍လည်း နုကန်းတစ်လုံးမျှမသိပါ။

မည်သို့ပင်ဖြစ်ပါစေ....

သူသည် တန်ပင်ပေးအပ်ခဲ့သော တာဝန်မှန်သမျှကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သူတစ်ယောက် ဖြစ်သည်။

ထို့ကြောင့်....

ယခုလည်း တန်ပင်က လိုချင်နေသော ဘစမှန်းမသိသည့် ပစ္စည်းကို ရအောင်ယူလိမ့်ရမည်ဟု ယောက်လန်းက မိမိကို ကိုယ်မိမိ ယုံကြည်နေသည်။

သူသည် ဤအရပ်သို့ရောက်လာသောအခါ လင်စုသို့သော လူကို အလွယ်တကူပင် ရှာဖွေတွေ့ရှိခဲ့၏။

လင်စုသည် ဆရာကြီးဝေ၏ မိတ်ဆွေဖြစ်သည်။

သူသည် ဆရာကြီးဝေ၏ သမီးထံသို့ သွားရောက်ရမည်
သည် မဟုတ်ပါလား။
အရာက်ဆိုင်ထဲ၌ မီးလင်းဖို့ရှိ၏။
မီးဖိုချောင်၌ ဧင်ရင်ရပ်နေ၏။
သူမလက်ထဲ၌ မီးခဲလိုထိုးဆွဲသည့် သံချွန်ကိုင်ထားသည်။
မီးဖိုမှ မီးမျှားမှသအောင် သံချွန်ဖြင့် မီးခဲများကို ဆွဲနေ
သည်။
သူမမျက်လုံးမှ မျက်ရည်တစ်စက် ကျလာ၏။
သူမသည် မျက်ရည်စက်ကို လူကဲ့ခုံဖြင့်သုတ်လိုက်၏။
မေ့ပျောက်နေပြီဖြစ်သော အတိတ်ကို ရိဖုန်းကထွေးဆွဲခဲ့ပြီ
၏။
သူမသည် အံကိုကြိတ်လိုက်၏။
ပြီးမှ....
လက်ထဲ၌ကိုင်ထားသော ဆွဲပြားကို မီးလင်းဖို၏နှံဘေးဘဲ
သံဆွဲဆားလိုက်၏။
တစ်ဆက်တည်းမှာပင်....
သူမသည် ကိုယ်ကိုယ်ကို ဒေါသဖြစ်နေမိ၏။
မိမိကသာ ရိဖုန်းကို သတိဘရဖြစ်နေခဲ့၏။
ရိဖုန်းက မိမိအား ကျွေးမောင်းပစ္စည်း အစုတ်ပုလုတ်
ကောက် စိတ်ဝင်စားခြင်း ရှိလိမ့်မည့်မဟုတ်ခဲ့။
အာယ်ရှိသာ....
ရိဖုန်းသည် ဤဆွဲပြားကို ရှာဖွေလိုစိတ်မရှိလျှင် သူသည်
အရာ ဤဒေသသို့ ရောက်ရှိလာလိမ့်မည် မဟုတ်ခဲ့။

ထို့ကြောင့်....
ဆရာကြီးဝေကို ရှာဖွေရာ၌ လင်စုံသည် အသုံးဝင်လိမ့်
မည်ဟု တန်ပင်ကာ ပြောခဲ့၏။
ယခု....
တန်ပင်၏စကားသည် အလွန်မှန်၏။
လင်စုံသည် ဆရာကြီးဝေ ဘယ်မှာရှိသည်ကို ကောင်းစွာ
သိ၏။
သို့သော်....
သူတို့သည် ဆရာကြီးဝေ၏နောက်သို့ လိုက်မသွားနိုင်ခဲ့ပါ၊
အကြောင်းမှာ....
ဆရာကြီးဝေသည် လွန်ခဲ့သော နှစ်နှစ်ခန့်က ကွယ်လွန်၍
သွားသောကြောင့်ပင် မဟုတ်ပါလား။
မည်သို့ပင် ဖြစ်ပါစေ၊
သူသည် လူငှစုဆံမှ အလွန်အဖိုးတန်သော သတင်းကို
ရခဲ့၏။
ထိုသတင်းမှာ....
ဤအရပ်၊ ဤဒေသ၌ ဆရာကြီးဝေ၏ သမီးရှိနေသည်ဆို
သော သတင်းပင်ဖြစ်၏။
ထို့ကြောင့်....

* * *

ရင်ရင်က မီးလင်းဖို၏အနီးဌာ ချိတ်ထားသော ဆွဲပြားကို တစ်ချက် လှမ်းကြည့်လိုက်၏။

ထို့နောက်....

သူမသည် စိတ်တိုစွာဖြင့် မီးခဲများကို သံချွန်ဖြင့်ထိုးလိုက်သည်။

ထိုစဉ်....

'ဝုန်း'

ဟူသော အသံနှင့်အတူ....

မိုးဟန်၏ ခန္ဓာကိုယ်သည် လေထဲ၌ မြောက်တက်သွား၏။ စားပွဲတစ်လုံးပေါ်သို့ကျကာ စားပွဲလည်း ထက်ပိုင်းကျိုးသွားလေတော့၏။

'ဝုန်း'

ဟူသော အသံကြောင့် ရင်ရင်က နောက်သို့ကပျာကယာ လှည့်ကြည့်လိုက်၏။

ထိုသို့ လှည့်ကြည့်လိုက်သည်နှင့် အရက်ဆိုင်ထဲသို့ လူလေးယောက် ဝင်လာသည်ကို မြင်တွေ့လိုက်ရလေတော့သည် မဟုတ်ပါလား။

* * *

စားပွဲက ကျိုးပဲ့သွား၏။

ကျိုးပဲ့သွားသောစားပွဲ၏ သစ်သားအကျိုးအပဲ့ကြားမှ ဟန်သည် လူးလိမ့်ထလိုက်၏။

ဘစ်ဆက်တည်းမှာပင်....

ခါးဌိုထိုးထားသော ရဲဒင်းနှစ်လက်ကို ထုတ်ယူလိုက်၏။

ရင်ရင်က မိုးဟန်ကိုလက်ဘာ၍ တန့်တားလိုက်၏။

ပြီးမှ....

သူမသည် ရှေ့ဆုံးမှဝင်ရောက်လာသော မျက်စိတစ်ဖက် ယောက်လန်းကို လှမ်းကြည့်ရာ....

'ဆိုင်ပိတ်ပါပြီ၊ ကျေးဇူးပြုပြီး နောက်ရက်မှလာပါ'

ဟု ပြောလိုက်သည်။

မျက်စိတစ်ဖက်လပ်နေသော ယောက်လန်းက အရက်ဆိုင် တစ်ဖက်တည်းသောမျက်လုံးဖြင့် လှည့်ပတ်ကြည့်လိုက်ပြီး ရင်ရင်ကို ပြုံးပြလိုက်၏။

ပြီးမှ....

'ကျုပ်တို့ အရက်သောက်ဖို့ဝင်လာတာ မဟုတ်ဘူး'

ဟု ပြောလိုက်၏။

ရင်ရင်က....

'ဒီဆိုင်က အရက်ဆိုင် သက်သက်ပါ'

ဟု ပြောလိုက်၏။

ယောက်လန်းက ခေါင်းညိတ်လိုက်ပြီး မီးလင်းဖို၌ မိမိ၏ထက်ကို မီးကင်လိုက်၏။

သူ၏နှဘေး၌ ဆွဲပြားရှိနေ၏။

သူ၏ရုပ်သံကြောင့် ရုပ်ရှင်သည် နှာခေါင်းတစ်ချက် ရှုံ့
း၏။

ယောက်လန်းက ရယ်မောလိုက်ပြီးမှ....

'ခိုဖုန်းလိုချင်တဲ့ ပစ္စည်းပဲ'

ဟု ပြောလိုက်၏။

ယောက်လန်း၏ စကားကြောင့် ရုပ်ရှင်သည် မျက်မှောင်
်လိုက်ပြီး....

'ဘာပစ္စည်းလဲ'

ဟု မေးလိုက်၏။

ရုပ်ရှင်က ထိုသို့ မေးလိုက်သောကြောင့် ယောက်လန်းသည်
ာင်အမ်းအမ်းဖြစ်၍....

'ဘာလဲ....သူက ဘာမှ ပြောမသွားဘူးလား'

ဟု မေးလိုက်၏။

သူမက ခေါင်းခါယမ်းလိုက်၏။

ယောက်လန်းက ပြုံးပြီး

'သူ့ကို မေးလိုက်ပါပေါ့'

ဟု မေးလိုက်၏

သူမက မျက်မှောင်ကုတ်၍

'သူက ဘာတောင်းလို့ ကျွန်မက ဘာကို ပေးရမှာလဲ'

ဟု ပြောလိုက်၏။

ယောက်လန်းက သက်ပြင်း မှုတ်ထုတ်ပြီး

'ဆွဲပြားတစ်ခုပါ'

သူမက မျက်မှောင်ကုတ်လိုက်၏။

ယောက်လန်းက လက်ကိုမီးဖိုခွံကပ်၍ အပူပေးရင်း....

'ဘာတဲ့ တည်းခိုခန်း လာငှားတာလဲ မဟုတ်ဘူး'

ဟု ပြောလိုက်၏။

ထို့အချိန်၌....

ယောက်လန်း၏ လူသုံးယောက်သည် အရက်ဆိုင်ထဲတွ
နေရာအနှံ့ သွောက်သွားကာ ဟိုမစ္စည်းလှန် ဒီပစ္စည်းမှောက်
ပြုလုပ်နေ၏။

ထို့ကြောင့်....

ရုပ်ရှင်သည် နှတ်ခမ်းကို ဟစ်ခွက်ကိုက်လိုက်ပြီး....

'ဒါဖြင့် ရှင်တို့ ဘာလိုချင်လို့လဲ'

ဟု မေးလိုက်၏။

ယောက်လန်းက ဦးခေါင်းကို အနည်းငယ်စောင်းလိုက်ပြီး
ရုပ်ရှင်ကို ကြည့်လိုက်၏

ပြီးမှ ရုတ်တရက်ပြုံးကာ....

'ပစ္စည်းတစ်ခု လိုချင်လို့ပါ'

ဟု ပြောလိုက်၏။

ရုပ်ရှင်က မျက်မှောင်ကြုတ်လိုက်ပြီး....

'ဘာပစ္စည်းလဲ'

ဟု မေးလိုက်သည်။

ယောက်လန်းက ရယ်မောလိုက်၏။

သူက ရယ်မောလိုက်သောအခါ....

သူ၏ရယ်မောသံက ကလေးတစ်ယောက် ရယ်မောသံနှင့်
တူ၏။

'ဆွဲပြား ဟုတ်လား'
ဟု မေးလိုက်၏။
ယောက်လန်းက ခေါင်းညိတ်ပြီး
'ဟုတ်ပါတယ်'
သူမက ယောက်လန်းကို တစ်ချက် ကြည့်ပြီး
'ရှင်နဲ့သူက ဘယ်လို ပတ်သက်သလဲ'
ဟု မေးလိုက်၏။
ယောက်လန်းက ပြုံးလိုက်ပြီး
'ကျုပ်က သူ့ရဲ့မိတ်ဆွေပါ'
သူမက နှုတ်ခမ်းကို တစ်ချက် ကိုက်လိုက်ပြီး....
'ဒီလိုလုပ်ပါ၊ မနက်ဖြန် သူဒီကိုလာလိမ့်မယ်၊ အဲဒီတော
ရှင်လဲ ပြန်လာပေါ့'
ဟု ပြောလိုက်၏၊
ယောက်လန်းက ပြုံးလိုက်သည်။
သူ၏ အပြုံးက ထူးဆန်းနေသည်။
သူသည် ထိုသို့ ပြုံးလိုက်ပြီးမှ....
'ကျုပ်က မနက်ဖြန်အထိ မစောင့်နိုင်ဘူး'
သူမက ပြုံး၍....
'သူက မနက်ဖြန်မှ လာမှာ'
ယောက်လန်းက....
'သူလာတာ မလာတာနဲ့ ကျုပ် မစောင့်နိုင်တာနဲ့ မ
ဘူး'
ဟု ပြောသည်၊

ယောက်လန်း၏ စကားကြောင့် ရင်ရင်က မျက်မှောင်ကုတ်
ခဲ့ပြီး....
'ရှင်က ဘာကို မစောင့်နိုင်တာလဲ'
ယေကော်လန်းက ပြုံး၍
'ဆွဲပြားကိုပေါ့'
သူမက မျက်မှောင်ကုတ်လျက်...
'ဆွဲပြား....ဘာဆွဲပြားလဲ'
ယောက်လန်းက ပြုံးရင်း....
'ခင်ဗျားရဲ့ အဖေ့ဆီမှာ ရှိတဲ့ ဆွဲပြားပါ'
ရင်ရင်က....
'ကျွန်မ အဖေက သေသွားပြီ'
ယောက်လန်းက ခေါင်းညိတ်၍....
'ကျုပ်သိပါတယ်'
ရင်ရင်က
'ဒါဖြင့် ရှင်က ဘာဖြစ်လို့ ကျွန်မဆီ လာရတာလဲ'
ယောက်လန်းက ပြုံး၍....
'ခင်ဗျားအဖေရဲ့ ပစ္စည်းတွေက ခင်ဗျားဆီမှာ ရှိနေတယ်
ဟုတ်လား'
ရင်ရင်က နှာခေါင်းရှုံ့လိုက်ပြီး....
'အသုံးမကျတဲ့ အစုတ်ပလုတ် အဟောင်းအနွမ်းတွေပါ'
ယောက်လန်းက ခေါင်းညိတ်၍
'ခင်ဗျားအတွက် ဟုတ်တယ်၊ ကျုပ်အတွက် မဟုတ်ဘူး'
ရင်ရင်က

"မျိုတော့ဘူး၊ ရုတ်စွေးနဲ့ ရောင်းစားလိုက်ပြီ"
ယောက်လန်းက ထိုင်ရာမှ ထလိုက်၏၊
ဗြီးမှ....
သူသည် ခါးကို တစ်ချက်ဆုံ့၍ အညောင်းဆန့်လိုက်ယေ
သည်၊
ဆိုနောက်
သူသည် မီးလင်းဖို နံတေးဥ ထောင်ထားသော မီးခဲ
သံချွန်တစ်ချောင်းကို မီးဖိုထဲသို့ ထိုးထည့်လိုက်ရင်း....
"ကျွပ်မယုံဘူး"
ဟု ပြောလိုက်၏
ရင်ရင်ကာ ပခုံးတစ်ချက်တွန့်၍....
"ဒါဟော့ ကျွန်မလဲ မုတဒါနိုင်ဘူး၊ ဒီပစ္စည်းတွေက ငိုက်
ဆိုလောက် ကျွန်မအတွက် တန်ဖိုးမရှိတာ"
ယောက်လန်းက နောက်သို့ လှည့်၍ ကြည့်လိုက်၏၊
ရင်ရင်၏နောက်ဖက်၌ ရပ်နေသော လူထွားကြီးကယောက်
လန်းကို လှမ်းကြည့်လိုက်သည်၊
ယောက်လန်းက ခေါင်းညိတ်ပြပြီး မီးဖိုထဲမှ သံချွန်ကို ဆွဲ
ထုတ်လိုက်၏၊
သံချွန်သည် မီးဖုတ်ထားသောကြောင့် သံချွန်၏ အဖျား
ပိုင်းသည် နီရဲ၍ အငွေ့များပင် ထွက်နေသည်၊
ယောက်လန်းက နီရဲသော သံချွန်အဖျားပိုင်းကို တစ်ချက်
စိုက်ကြည့်လိုက်ရင်း....
"ကျွင်ကို လှည့်စားဖို့ မကြိုးစားပါနဲ့"

ဟု ပြောလိုက်သည်။
သူမက မျက်မှောင်ကုတ်ပြီး....
"ကျန်မက ရှင့်ကို လိမ်ပြောဘယ်သို့ ထင်နေသလား"
ဟု ပြန်မေးလိုက်၏၊
ယောက်လန်းက ပြုံးပြီး
"ဆွဲပြား ဘယ်မှာလဲ"
ဟု မေးသည်၊
သူ၏ အသံက အပြင်၌ တဖွဲဖွဲ ကျနေသော ဆီးနှင်းမှုန်
ထက် ခေးစက်နေသည်။
ထိုစဉ်....
ချတ်တရက် လူထွားကြီးက ရင်ရင့်၏ လက်နှစ်ဖက်ကို
နောက်ဘက်မှ ဖမ်းချုပ်လိုက်သည်။
လူထွားကြီးက ရင်ရင်ကို နောက်မှ ဖမ်းချုပ်လိုက်သည်နှင့်
ခြင်းနှစ်လက်ကို ခါးနှင့် ထိုးထားသော မိုးဟန်က ရဲဒင်း နှစ်
သက်အား ရုတ်တရက် ဆွဲထုတ်လိုက်ပြီး လူထွားကြီးထံသို့ပြေး
ဝင်လာလေသည်၊
သို့သော်....
သူ၏ ရှေ့၌ လူထစ်ယောက်က လမ်းပိတ်၍ ရပ်လိုက်လေ
သည်၊
ထိုလူသည် ပိန်ပိန်ရှည်ရှည်လူ ဖြစ်၏။
မိုးဟန်၏ ခန္ဓာကိုယ်က ထွားကြိုင်းသည်၊
ထို့ကြောင့်....
သူတို့နှစ်ယောက်သည် ဆင်နှင့်ဆိတ် ဖြစ်နေ၏၊

မိုဟန်က နှုတ်ခမ်းကို တစ်ချက်တွန့်၍ ပြုံးလိုက်ပြီး လက်ထဲမှ ရဲဒင်းနှစ်လက်ဖြင့် ခုတ်ချလိုက်၏။

မိုဟန်၏ တိုက်ခိုက်မှုက လျင်မြန်သည်။

ဤအရပ် ဤဒေသ၌ မိုဟန်၏ ရဲဒင်းနှစ်လက်သည် နာမည်ကျော်ဖြစ်၏။

သူ၏ ရဲဒင်း နှစ်လက်နှင့် ရင်ဆိုင်ခဲ့ရသူပေါင်း သုံးဆယ်ကျော်သည် တစ်ယောက်မျှ အသက်ရှင်သန်ခွင့် မရခဲ့ကြပါ။

ယခု....

သုံးဆယ့်တစ်ယောက်မြောက် လူက မိုဟန်၏ ရဲဒင်းကိုရင်ဆိုင်ရန် ဝင်ရောက်လာပြီ ဖြစ်သည်။

မိုဟန်၏ လှုပ်ရှားမှုက အလွန်လျင်မြန်သည်။

သူသည် ရဲဒင်း နှစ်လက်ကို ဘယ်ညာ ဝှေ့ယမ်း၍ မိမိ၏ရှေ့မှ ပိန်ပိန်ရှည်ရှည်နှင့် လူကို ခုတ်ချလိုက်၏။

'ဗုံး....ဗုံး'

ဟူသော လေထဲ၌ ရဲဒင်း ဝှေ့ယမ်းသွားသည့် အသံက ကြောက်မက်ဖွယ် ပေါ်လာ၏။

သို့သော်....

ပိန်ပိန်ရှည်ရှည်နှင့် လူသည် မိုဟန်၏ ရဲဒင်းနှစ်လက်ကြားမှ အေးအေးလူလူပင် ထွက်လာနိုင်ခဲ့သည်။

မိုဟန်သည် မျက်မှောင်ကုတ်သွားပြီး သူ၏ ရဲဒင်းနှစ်လက်ကို လေထဲ၌ ဝှေ့ယမ်း၍ ထပ်မံ တိုက်ခိုက်လိုက်ပြန်သည်။

မိုဟန်၏ တိုက်ခိုက်မှုက မုန်တိုင်း ကျလာသကဲ့သို့ အရှိန်အဟုန် ပြင်းသည်။

ထို့ကြောင့်....

ဤအရပ် ဤဒေသမှ လူများက မိုဟန်ကို ရဲဒင်းမုန်တိုင်း မိုဟန်ဟု ခေါ်ကြ၏။

မိုဟန်၏ ရဲဒင်း နှစ်လက်က မီးရောင်အောက်၌ ဝင်းခနဲ ပြစ်နေသည်။

သူသည် မျက်စိတစ်မှိတ် အချိန်အတွင်းမှာပင် ပိန်ပိန်ရှည်ရှည်နှင့် လူကို ရဲဒင်းဖြင့် အချက်ပေါင်း သုံးဆယ်ကျော် ခုတ်ပြီး ဖြစ်၏။

သို့သော်....

သူ၏ ရဲဒင်းခုတ်ချက်သည် ပိန်ပိန်ရှည်ရှည်နှင့်လူ၏ အင်္ကျီအဝတ်အစားကိုပင် မထိပါ။

ထို့ကြောင့်....

မိုဟန်သည် မျက်လုံးပြူးလာ၏။

ထိုစဉ်....

ရုတ်တရက် မိမိ၏ ရဲဒင်းနှစ်လက်ကြားမှ ပိန်ပိန်ရှည်ရှည်နှင့်လူ၏ လက်တစ်ဖက် ထိုးထွက်လာသည်ကို မြင်တွေ့လိုက်ရသည်။

တစ်ဆက်တည်းမှာပင်....

မိုဟန်သည် မိမိ၏ရင်ဝကို ပိဿာ အချိန်တစ်ရာခန့် လေးသော တူတစ်ချောင်းဖြင့် ထုချခြင်း ခံလိုက်ရသကဲ့သို့ ခံစားမိသည်။

'ဒုန်း'

ဟူသော အသံနှင့်အတူ မိုဟန်၏ ထွားကြိုင်းသော ခန္ဓာကိုယ်သည် လေထဲသို့ မြောက်တက်၍ နောက်သို့ ဝါးတစ်ရိုက် ခန့် လွင့်စဉ်သွားလေတော့သည်။

နောက်သို့ လွင့်စင်သွားသော မိုဟန်၏ ခန္ဓာကိုယ်က စားပွဲနှင့် ကုလားထိုင်များကို တိုက်မိ၍ လဲပြိုကျိုးပဲ့သွားလေတော့သည်

ပိန်ပိန်ရှည်ရှည်နှင့် လူက ပြုံးလိုက်၏။

သူ၏ အပြုံးက လူးသကောင်နှင့် တူသည်။

ပြီးမှ....

သူသည် ယောက်လန်းကို လှည့်ကြည့်လိုက်၏။

ယောက်လန်းက ပိန်ပိန်ရှည်ရှည်နှင့် လူကို ဂုတ်ပြုဘန်ဖြင့် ခေါင်းညိတ်ပြပြီး ရင်ခုန်ကို လှည့်ကြည့်လိုက်၏။

ညီးမှ....

လက်ထဲ၌ ကိုင်ဆားသော မီးရဲခန့်သည့် သံချွန်ပြင့် ဂုင်ရင်၏ အနီးသို့ တိုးကပ်လာသည်။

ရင်ရင်သည် အလွန်ပါးနပ်သော မိန်းကလေးဖြစ်၏။

သူမသည် ယခင်က ပါးနပ်သော မိန်းကလေး တယောက် ဟုတ်ခဲ့ပင်မူ ဟုတ်မည် ဖြစ်သော်လည်း ယခု ဤအရပ် ဒေသ၌ အလွန်ပါးနပ်သော မိန်းကလေး တစ်ယောတ် ဖြစ်နေလေသည်။

ထို့ကြောင့်....

သူမက ယောက်လန်းကို ပြုံးပြလိုက်ပြီး....

'ကောင်းပြီ....ကျွန်မ ရှင့်နဲ့ ညှိနှိုင်းမယ်'

ဟု ပြောလိုက်၏။

ယောက်လန်းက သက်ပြင်းချလိုက်၏။

သူသည် မိန်းကလေး တစ်ယောက်ကို အကြမ်းဖက်ရန် စိတ်မပါသော မျက်နှာမေးနှင့် ရင်ရင်ကို ကြည့်၍....

'မိန်းကလေး မင်းဇာတ်ကောင်းတယ်'

ဟု ပြောလိုက်၏။

သို့သော်....

ယောက်လန်းသည် ရဲရဲနီသော သံချွန်ကိုကိုင်၍ ရင်ရင်၏ အနီးသို့ ချဉ်းကပ်လာခဲ့ ဖြစ်၏။

သံချွန်က ရင်ရင်၏မျက်နှာနှင့်ထိရန် လက်မအနည်းငယ် သာ လိုတော့၏။

ထို့ကြောင့်....

သံချွန်၏အဖျားမှ အပူရှိန်ကို ရင်ရင်က ခံစားလိုက်ရ၏။

ရင်ရင်၏ မျက်နှာပေါ်၌ ချွေးများစီးကျလာ၏။

အပူရှိန်ကြောင့် ချွေးပြန်ခြင်းလော။

ကြောက်၍ ချွေးပြန်ခြင်းလော ဆိုခြင်းကို ရင်ရင်သာ သူင် သိလိမ့်မည်ဖြစ်၏။

မည်သို့ပင် ဖြစ်ပါစေ၊

ရင်ရင်သည် မိမိမျက်နှာနှင့် ထိကပ်လုနီးပါး ဖြစ်နေသော ဒဏ်ခုနသည့် သံချွန်ကို မျက်လုံးပြူးကြည့်ရင်း....

'ဟိုး....ဟိုး....ကျွန်မ....ကျွန်မ လိုက်ပြပါ့မယ်'

ဟု ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြောလိုက်၏။

သူမသည် ထိုသို့ပြောရင်း မိမိကိုဖမ်းချုပ်ထားသော လူထွားကြီး၏လက်မှ လွတ်မြောက်ရန် ရုန်းကန်လိုက်၏။

သို့သော်....

လူထွားကြီးသည် အလွန်သန်မာသူ ဖြစ်၏။

ရင်ရင်သည် ရုန်းထွက်မရအောင် ဖြစ်နေ၏။

ယောက်လန်းက သက်ပြင်းချလိုက်ပြီး သူ၏တစ်လုံးတည်းသော မျက်လုံးဖြင့် ရင်ရင်ကို စူးစိုက်ကြည့်ကာ....

'ခင်ဗျားက ဘာဖြစ်လို့ စောစောက မပြောရဘာလဲ' ဟု ပြောလိုက်၏။

ရင်ရင်သည် ယောက်လန်းကို မျက်လုံးပြူး၍ ကြည့်နေ၏။

သူမစိတ်ထဲမှလည်း ထိုမျက်လုံးတစ်လုံးတည်းသာရှိသော လူကြီးသည် သူတစ်ပါးကို နှိပ်စက်ညှင်းပန်းရန် အလွန်ပင် ဝါသနာကြီးသူ တစ်ယောက်ပါလားဟု ထင်လိုက်မိသည်၊

ထို့ကြောင့်....

သူမသည် မိမိကိုဖမ်းချုပ်ထားသော လူထွားကြီးလက်မှ လွတ်မြောက်ရန် အတင်းရုန်းကန်နေ၏။

သံခွံနှိပ်က သူမမျက်နှာနှင့် ပို၍နီးကပ်လာ၏။

ယောက်လန်း၏ တစ်လုံးတည်းသာရှိသော မျက်လုံးမှာလည်း ပို၍တောက်ပလာ၏။

သူ၏မျက်နှာကလည်း အဆီပြန်လာကာ ပြုံးလာသည်၊

သူသည် မိမိလက်ထဲမှ နှိုရဲနေသောသံခွံနှိပ်နှင့် ရင်ရင်၏ မျက်နှာထိကပ်ရာမှ ထွက်ပေါ်လာသော ညှော်နံ့ တစ်မျိုးကို မျှော်လင့်နေ၏။

ထိုစဉ်....

'ဝုန်း'

ဟူသော ပေါက်ကွဲသံ ပေါ်ထွက်လာပြီး အရက်ဆိုင်၏ နံရံပြိုကျသွား၏။

ပေါက်ကွဲသံကြောင့်....

ယောက်လန်း၏ခန္ဓာကိုယ်သည် တစ်ချက်တုန်လှုပ်သွားပြီး အသံပေါ်ထွက်လာရာဆီ လှမ်းကြည့်လိုက်၏။

ရင်ရင်အား ချုပ်ကိုင်ထားသော လူထွားကြီးကလည်း ပေါက်ကွဲသံကြောင့် နောက်သို့လှည့်ကြည့်လိုက်မိ၏။

ထိုအဖြစ်အပျက်သည် မျက်တောင်တစ်ချက်ခတ် အချိန်မျှသာ ဖြစ်၏။

သာ ဖြစ်၏။

ထိုအချိန်အတွင်းမှာပင်....

ရင်ရင်သည် ရရှိသည့်အခွင့်အရေးကို အပြည့်အဝ အသုံးပြုလိုက်လေတော့သည် မဟုတ်ပါလား။

* * *

ပေါက်ကွဲသံကြောင့် ရင်ရင်ကိုချုပ်ကိုင်ထားသော လူထွားကြီးသည် ချွပ်ကိုင်မှုလျော့ရဲရဲ ဖြစ်သွား၏။

ထိုစဉ်မှာပင်....

ရင်ရင်သည် လူထွားကြီးလက်မှ ရုန်းထွက်လိုတ်သည်။

တစ်ဆက်တည်းမှာပင်....

မိမိရှေ့မှ သံခွံနှိုက်ဆားသော ယောက်လန်း၏ ပေါင်ခွကြားသို့ ခြေဆောက်ဖြင့် ပင့်ကန်လိုက်၏။

'တွန့်'

ဟူသော အသံနှင့်အတူ ယောက်လန်းသည် ခါးကုန်း၍ ရှေ့သို့ငိုက်ကျလာ၏။

ရင်ရင်သည် ရှေ့သို့ ငိုက်ကျလာသော ယောက်လန်း၏ လည်ကုတ်နှင့်ခါးကိုကိုင်၍ ဆွဲခိုက်လိုက်ရာ သူမကို ဖမ်းထားသော လူထွားကြီး၏ဝမ်းဗိုက်နှင့် ယောက်လန်း၏ဦးခေါင်း ဆောင့်မိသွားလေတော့၏။

ထို့ကြောင့်....

လူထွားကြီးရော ယောက်လန်းပါ လုံးထွေး၍ကြမ်းပေါ်သို့ လဲကျသွားလေတော့၏။

ထိုစဉ်....

ပြိုကျသွားသော နံရံအပေါက်မှ ရိဖုန်း ဝင်ရောက်လာ၏။

ရိဖုန်း၏ ဟန်အမူအရာသည် စစ်ကိုအောင်နိုင်ခဲ့သော စစ်သူကြီး တစ်ယောက်၏ ဝင့်ကြွားဟန်မျိုးဖြင့် တစ်လှမ်းချင်း ဝင်ရောက်လာခြင်း ဖြစ်သည်။

ရင်ရင်ကိုတစ်လှည့်၊ ပြိုကျ၍ အပေါက်ကြီးဖြစ်သွားသော နံရံကို တစ်လှည့်ကြည့်ရင်း ဒေါသဖြစ်ကာ အသားများပင် သဆတ်ဆတ် တုန်လာသည်။

ရိဖုန်းသည် သူရဲကောင်းတစ်ယောက်က အကျဉ်းအကျပ်သင့် ကျရောက်နေသော ခရွေးသမီးကို သက်စွန့်ဆံဖျားလာရောက်ကယ်တင်ဟန်ဖြင့် ရင်ရင်ကိုကြည့်လိုက်သည်။

ရင်ရင်သည် ရိဖုန်းကို မျက်လုံးပြူး၍ကြည့်ကာ....

'ရှင်....ရှင်....ဒါ ဘယ်လိုလုပ်လိုက်တာလဲ'

ဟု နံရံအပေါက်ကို လက်ညှိုးထိုးကာ ပြောလိုက်သည်။

ရိဖုန်းက နံရံအပေါက်ကိုလှည့်ကြည့်ပြီး ပခုံးတွန့်ကာ....

'ကျုပ်က ခင်ဗျားကို လာကယ်တာလေ'

ဟု ပြောလိုက်၏။

ရင်ရင်က အလွန်စိတ်ပျက်တန့်ဖြင့် မျက်နှာရှုံ့လိုက်ပြီး....

'ရှင့်မှာ ဒီလောက်တောင့် ဦးနှောက်မရှိဘူးလားဟင်၊ အလကားလူ၊ ကျွန်မကိုလာကယ်တာပဲ ဖွင့်ထားတဲ့ တံခါးပေါက်ဟာ ဝင်လာပါသား'

ဟု အပြစ်တင်သံဖြင့် ပြောလိုက်၏။

ရိဖုန်းက ပခုံးတွန့်ပြလိုက်ပြီး....

'သူတို့ကို အာရုံပြောင်းအောင် လုပ်လိုက်တာ'

ရင်ရင်က မျက်နှာရှုံ့မဲ့လိုက်ပြီး....

'ခဲ့ဒါဆိုလဲ လွတ်လွတ်ကင်းကင်းမှာ သုံးပြီးဖောက်ပါလား'

ရိဖုန်းက တစ်စုံတစ်ခုပြန်၍ပြောရန် ဟန်ပြင်စဉ်မှာပင်....

ဤအရပ် ဤဒေသ လူမိုက်ကြီးက....

'ယား'

ဟု အော်ဟစ်ကာ ရိဖုန်းထံသို့ ပြေးဝင်လာလေသည်။

ရိဖုန်းက ထိုလူကိုပြုံးပြလိုက်ပြီး နောက်တုင် ဝုက်ထားသော လက်ကို မရှဲ့သို့ထုတ်၍ ဆန့်တန်းပြလိုက်၏။

ရိဖုန်းက ထိုသို့လက်ကို ဆန့်တန်းပြလိုက်သည်နှင့် ပြေးရှိလာနေသော လူမိုက်ကြီး၏ ခြေလှမ်းမျှားသည် ရုတ်တရက် ရပ်တန့်သွား၏။

ရိဖုန်းလက်ထဲ၌ ယမ်းထုပ်ကို ကိုင်ထားသောကြောင့် ဖြစ်သည်။

သူသည်ပြုံးလိုက်ပြီး ကျန်လက်တစ်ဖက်မှ မီးခြစ်ဆံအား ထောင်ပြလိုက်၏။

ထို့နောက် ...

သူသည် မီးခြစ်ဆံကို အနီး၌ရှိသော စားပွဲ၏မျက်နှာပြင်ပေါ်သို့ ခြစ်လိုက်ရာ....

'ရှဲ....'

ဟူသော အသံနှင့်အတူ မီးတောက်လာ၏။

ရိဖုန်းက မီးတောက်လာသော မီးခြစ်ဆံမှမီးဖြင့် ယမ်းထုပ်မှ စနက်တံကြီးကို မီးရှို့လိုက်၏။

လူမိုက်ကြီးမှာ မျက်လုံးပြူးသွားပြီး နောက်ဆုတ်သွား၏။

ထိုအချိန်၌....

ကြမ်းပေါ်၌လဲကျနေသော ယောက်လန်းက ကြမ်းပေါ်မှ လူးလိမ့်ထလာပြီး ရင်ရင်ကို နောက်မှ ဖမ်းချုပ်လိုက်၏။

ရင်ရင်၏လည်ပင်းကို ခေးမြွေငင်ဖြင့် ထောက်လိုက်၏။

ပြီးမှ....

သူသည် ရိဖုန်းကိုလှမ်းကြည့်ကာ....

'မင်းလက်ထဲက ယမ်းထုပ်ကို ခွဲလိုက်'

ဟု ပြောလိုက်၏။

ရိဖုန်းက ယောက်လန်းကို လှည့်ကြည့်လိုက်ပြီး

'ကျုပ်ကိုပြောတာလား'

ဟု မေးလိုက်၏။

ယောက်လန်းက

'ဟုတ်တယ်၊ မင်းရဲ့လက်ထဲက ယမ်းထုပ်ကိုမခွဲရင် ငါက ဥကို သတ်မစ်လိုက်မယ်'

ဟု ခြိမ်းခြောက်လိုက်၏။

ရိဖုန်းက ပြုံးလိုက်ပြီး

'ခင်ဗျား သူ့ကိုမသတ်ပါဘူး'

ဟု ပြောလိုက်သည်။

ယောကျလန်းက လက်ထဲမှခေးမြွေကို အနည်းငယ်မျှ အားစိုက်လိုက်၏။

ထို့ကြောင့်....

ခေးမြွေငက ရင်ရင်၏လည်ချောင်းထဲသို့ စပါးလုံး တစ်ဆောက်ခန့် နစ်မြုပ်သွား၏။

ရင်ရင်က....

'အား'

ဟု အော်လိုက်ပြီး ရိဖုန်းကို လှမ်းကြည့်လိုက်သည်။

သူမ၏ လည်ပင်း၌ သွေးစို့လာသည်။
ရိဖုန်းက ထိုကိစ္စမှာ သူနှင့်မဆိုင်သကဲ့သို့ ယမ်းထုပ်ကို တို့ပြီး ရှေ့သို့ လျှောက်လာ၏။
ယောက်လန်းက နောက်သို့ ခြေတစ်လှမ်း ဆုပ်၍....
'ကျုပ်တကယ် သတ်မှာ'
ဟု ပြောလိုက်၏။
ရိဖုန်းက ပခုံးတွန့်လိုက်ပြီး....
'သတ်ချင် သတ်လိုက်၊ ကျုပ်နဲ့ မဆိုင်ဘူး'
ဟု ပြောလိုက်၏'
ရိဖုန်း၏ စကားကြောင့် ရင်ရင်သည် မျက်လုံး ပြူးသွားပြီး ရိဖုန်းကို လှမ်း၍ ဆဲလိုက်၏။
ပြီးမှ....
ဒေါသတကြီး လေသံဖြင့်....
'ရှင်....ရှင်.... အလကားလူ၊ အသုံးမကျတဲ့လူ၊ သတ္တိမဲ့တဲ့လူ၊ ရှင့်ကို ကျွန်မကိုယ်ဇိုင် သတ်မယ်'
ဟုအော်ပြောသိုက်၏။
ရိဖုန်းက ပြုံးလိုက်ပြီး....
'မင်းက သေတော့မှာ၊ ကျုပ်ကို မင်းက ဘယ်လို လုပ်ပြီး သတ်နိုင်မှာလဲ'
ဟု ပြောလိုက်၏။
ရင်ရင်က
'ကျွန်မ သရဲဖြစ်ပြီး ရှင့်ကို ကုတ်လာချီးမယ်'
ဟု အော်ဟစ်လိုက်၏။

ရိဖုန်းက ပခုံးတွန့်ပြသည်။
ယောက်လန်းက
'ရိဖုန်း.....မင်းရဲ့ လက်ထဲက ယမ်းထုပ်ကို ချလိုက်ပါ'
ဟု ထပ်ပြောလိုက်၏။
ရိဖုန်းက သက်ပြင်းချပြီး....
'ကောင်းပြီ....ကျုပ်ယမ်းထုပ်ကို ချလိုက်မယ်၊ ခင်ဗျားက ကလေးကို လွှတ်လိုက်ပါ'
ဟု ပြောလိုက်၏
ယောက်လန်းက ပြုံးပြီး....
'စိတ်ချ'
ဟု ပြောလိုက်၏။
ရိဖုန်းက နှုတ်ခမ်းကို တစ်ချက် ကိုက်လိုက်ပြီး ယမ်းထုပ်ကို ယောက်လန်းဆီသို့ လှမ်းပစ်ပေးလိုက်၏။
ယမ်းထုပ်က ယောက်လန်း၏ခြေထောက်အနီးသို့ကျရောက်သွား၏။
ထို့ကြောင့်....
ယောက်လန်းက မျက်လုံးပြူးသွားပြီး မီးတရဲရဲ လောင်မြိုက်နေသော ယမ်းကြိုးကို ခြေထောက်ဖြင့် ငြိမ်းသတ်လိုက်သည်။
သူက ထိုသို့ ပြုလုပ်လိုက်ခြင်းကြောင့် ရင်ရင်၏ လည်ပင်းကို လွတ်မြောင်ဖြင့် ထောက်ထားရာမှ တန်ချက် ပျက်သွားလေသည်။
ထိုအချိန်မှာပင်

ရင်ရင်ကာ သူမ၏ တံတောင်ဖြင့် ယောက်လန်းရင်ဝကို နောက်ပြန် တွန်းလိုက်ရာ....

ယောက်လန်း၏ ပါးစပ်မှ....

'အွန်နှဲ့....'

ဟု အသံပေါ်ထွက်လာပြီး ယောက်လန်း၏ ခန္ဓာကိုယ်သည် ရှေ့သို့ ကိုင်းညွတ်၍ ဆွဲးလေသည်။

တစ်ဆက်တည်းမှာပင်....

ရင်ရင်က သူမ၏ ခန္ဓာကိုယ်ကို တစ်ပတ် လှည့်လိုက်ပြီး ယောက်လန်း၏ ပါးခေါ်သံကို ပင့်ကော်ထိုးလိုက်ရာ....

'ခွပ်....'

ဟူသော အသံနှင့် အတူ ယောက်လန်း၏ ခေါင်းသည် နောက်သို့ လန့်သွားပြီး ကြမ်းပေါ်သို့ ပက်လက် လဲကျသွားလေတော့၏။

ထိုအဖြစ်အပျက်ကြောင့် လူထွားကြီးသည် ရုတ်တရက် ကြောင်အမ်းအမ်း ဖြစ်၍ ယောက်လန်းကို လှမ်းကြည့်လိုက်သည်။

ထိုစဉ်....

ရိဖုန်းက အနီးမှ ကုလားထိုင်ကို ကောက်ကိုင်၍ လူထွားကြီးအား နောက်မှ ရိုက်ချလိုက်၏။

'ဖြောင်း'

ဟူသော အသံနှင့်အတူ ကိုလားထိုင်သည် အစိတ်စိတ်အမှာ မှာ ကျိုးပဲ့သွား၏။

သူသည် လူထွားကြီးကို အားနှင့် မာန်နှင့် ရိုက်လိုက်ခြင်းဖြစ်၏။

သို့သော်....

လူထွားကြီးသည် ယခင်းယိုင်၍ မသွားပါ။

သူသည် ရိဖုန်းဘက်သို့ လှည့်လိုက်ပြီး ရိဖုန်းကို ခုန်အုပ်လိုက်လေ၏။

ရိဖုန်းသည် မျက်ထုံး ပြူးသွားပြီး ကပျာကယာ နောက်ဆုတ်လိုက်၏။

သို့သို့ နောက်ဆုတ်လိုက်သည်နှင့် ရိဖုန်းသည် စားပွဲနှင့်တိုက်ပြီး စားပွဲရော လူပါ နောက်သို့ လဲကျသွား၏။

ထို့ကြောင့်

ရိဖုန်း၏ ခြေထောက်က အပေါ်သို့ မြောက်တက်သွားပြီး ခုန်အုပ်လိုက်သော လူထွားကြီး၏ မေးမူးကို အောက်ပုံကန်လိုက်သကဲ့သို့ ဖြစ်သွားသည်။

သို့ဖြစ်၍....

'ခွပ်....'

ဟူသောအသံ ပေါ်ထွက်လာပြီး လူထွားကြီး၏ ခေါင်းသည် နောက်သို့ လန့်၍ ခန္ဓာကိုယ်လည်း လေထဲသို့ မြောက်တက်သွားပြီး ကြမ်းပြင်ပေါ် ပက်လက်လန် လဲကျသွားတော့သည်။

ရိဖုန်းသည် လဲကျလာမှ လူးလိမ့်သလိုက်၏။

ပိန်ပိန်ရှည်ရှည်နှင့် လူက လေထဲ၌ ဝဲပျံလာပြီး ရိဖုန်းကို ခြဲဖြင့် ကန်လိုက်၏။

သို့သော်
သူ၏ ခြေထောက်သည် ရိဖုန်းကို မထိပါ။
ရိဖုန်းက လျင်မြန်စွာ ချောင်တိမ်းလိုက်သောကြောင့်လည်း
မဟုတ်ပါ။
ပိန်ပိန်ရှည်ရှည်လူ၏ လှုပ်ရှားမှုက အလွန် လျင်မြန်သော
ကြောင့် ရိဖုန်းသည် မည်သို့ ချောင်တိမ်းရမှန်း မသိဘဲကြား
အမ်းအမ်း ဖြစ်နေ၏။
ထိုစဉ်....
ဒေသခံ လူမိုက်ကြီးက နှာမည်နှင့် လိုက်ဖက်စွာပင် မိုး
မိုက်ကန်းကန်းဖြင့် ရိဖုန်းကို ပြေး၍ ထိုးမှလိုက်၏။
ထိုကြောင့်....
လူမိုက်ကြီးသည် ရိဖုန်းနှင့် ပိန်ရှည်ရှည် လူတို့ကြား
ရောက်ရှိလာပြီး လူမိုက်ကြီးက ရိဖုန်းကို လက်သီးဖြင့် မထိုး
ပိန်ရှည်ရှည်လူ၏ ခြေထောက်က လူမိုက်ကြီး၏ နောက်ကျော
ကို ကန်မိလေတော့သည် မဟုတ်ပါလား။
'ဝုန်း'
ဟူသော အသံနှင့်အတူ လူမိုက်ကြီး၏ ခန္ဓာကိုယ်သည်ရှေ့
သို့ လွင့်စင်သွားပြီး ရိဖုန်း၏ ခန္ဓာကိုယ်နှင့် တိုက်မိ၍ နှစ်ဦး
စလုံး ကြမ်းပေါ်သို့ လုံးထွေးကျသွားသည်။
ထိုအချိန်၌....
လူထွားကြီးက ကြမ်းပေါ်မှ ကုန်း၍ ထလိုက်၏။
လူထွားကြီးက ကြမ်းပေါ်မှ ကုန်း၍ ထလိုက်ချိန်နှင့်တိုက်
တိုက်ဆိုင်ဆိုင်ပင်....

ရိဖုန်းနှင့် လူမိုက်ကြီးတို့ နှစ်ယောက်က လုံးထွေး၍ လူ
ထွားကြီး၏ ကုန်းကုန်းကွကွ ဖြစ်နေသော ခန္ဓာကိုယ်ပေါ်သို့
လဲကျသွားရာ ရိဖုန်း၊ လူထွားကြီးနှင့် လူမိုက်ကြီးတို့သည်
လုံးထွေးကာ ကြမ်းပေါ်သို့ လဲကျသွားလေတော့သည်မဟုတ်
ပါလား။

* * *

ရင်ရင်သည် အလွန်ဉာဏ်ကောင်းသည့် မိန်းကလေး ဖြစ်
သည်။
ထို့အပြင်....
သူမသည် အခွင့်အရေးကို ကောင်းစွာအသုံးပြုတတ်သူဖြစ်
သည်။
ထို့ကြောင့်....
သူမသည် သူမကို ချုပ်ကိုင်ထားသည့် ယောက်လန်း၏
သက်မှ လွတ်မြောက်သည်နှင့် မီးလင်းဖို၏ နုံချေပေါ်၌ချိတ်ထား
သော ဆွဲပြားကို ဖြုတ်ယူ၍ ဆိုင်အပြင်သို့ ထွက်ပြေး လေ
တော့သည်။
သို့သော်....

သူမသည် ဆိုင်အပြင်သို့ထွက်မပြေးနိုင်ပါ။
အဘယ်မကြောင့်ဆိုမသော်၌
ယောက်လန်းက သူမ၏ ခြေဆောက်ကို ခုန်အုပ်၍ ဖမ်းချုပ်လိုက်ရာ....
သူမ၏ ခန္ဓာကိုယ်သည် ကြွမ်းပေါ်သို့ ဝမ်းလျားမှောက်ကျသွားတော့၏။
ထို့ကြောင့်....
သူမ၏ လက်ထဲမှ ဆွဲကြိုးသည် လွတ်သွက်ကာ လွင့်စင်ပြီး မီးဖိုထဲသို့ ကျသွားလေသည်။
ယောက်လန်းက ရင်ရင်၏ ကိုယ်ပေါ်သို့ခွ၍ စီးလိုက်ပြီး....
'ခွေးမ'
ဟု တစ်ခွန်းဆဲ၍ သူမ၏ မျက်နှာကို လက်ဝါးဖြင့် ဖြတ်ရိုက်လိုက်၏။
'ဖြန်း'
ဟူသော အသံနှင့်အတူ ရင်ရင်၏ မျက်နှာသည် တစ်ဘက်သို့ လည်သွားပြီး ပါးပြင်းပေါ်၌ လက်ဝါးခြောင်းရာ ထင်သွားသည်။
သူက ရင်ရင်ကို နှစ်ချက်သုံးချက်မျှဆောင့်၍ဆောင့်၍ရိုက်လိုက်သည်။
ပြီးမှ....
သူသည် ကျောင်စွာပြု၍ ရင်ရင်၏ ကိုယ်ပေါ်မှ ဆင်းပြီး မီးဖိုထဲမှ ဓာတ်မြေးကို လှမ်း၍ ကောက်ယူလိုက်၏။
ထို့နောက်....

သူသည် လက်ထဲမှ ဆွဲပြားကိုကြည့်ရင်း ပြုံးလိုက်သည်။
ထို့အချိန်၌....
အသားကို မီးကင်သည့်ချေဉာဏ်ဆွဲတော်ပေါ်လာရာ....
ယောက်လန်း၏ တစ်လုံးတည်းသော မျက်လုံးသည် ပြူးကျယ်၍ သွား၏။
တစ်ဆက်တည်းပင်....
ယောက်လန်း၏ ပါးစပ်သည် တဖြည်းဖြည်းဟလာပြီး....
'အား'
'အား'
ဟု ကျယ်လောင်စွာ အော်ဟစ်ကာ လက်ထဲမှ ဆွဲပြားကို သွတ်ချလိုက်လေတော့သည်။
ထို့နောက်....
သူသည် အပူလောင်သွားသော သူ၏လက်ကို ကျန်လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း ရွေးသွင်းနေသည့် လူတစ်ယောက် ကဲ့သို့ အရက်ဆိုင်၏ အပြင်သို့ ပြေးထွက်သွားလေတော့သည်။
ရင်ရင်သည် ကြွမ်းပေါ်မှ ထလိုက်ပြီး ဆွဲပြားကို အနီးဌာနရှိသော ကြွမ်းသုတ်သည့်အဝတ်ဖြင့် အုပ်၍ ယူလိုက် လေသည်။
ထိုအချိန်၌....
ရုံဖုန်းကိုသူသွားကြိုးနှင့်လူခိုက်ကြိုးနှစ်ယောက်ကချုပ်ကိုင်ပြီး ကြွမ်းပေါ်၌ ဖိသားဘု၏။
ရုံဖုန်းသည် ခွန်းကန်၍ မရတဲ့ကြွမ်းပေါ်၌ ပြားပြားဝပ်ဖြစ်နေ၏။

ပိန်ပိန်ရှည်ရှည်နှင့် လူက ရိဖုန်း၏ ခန္ဓာကိုယ်ပေါ်သို့ ခွင့်ထိုင်လိုက်ပြီး သူ့ကို အေးစက်စွာပြုံးပြလိုက်၏။

ထိုနောက်....

ရိဖုန်း၏ မျက်နှာကို ဆင့်၍ ထိုးချလိုက်၏။

ထိုစဉ်....

ရုတ်တရက် ရိဖုန်း၏ကိုယ်ပေါ်သို့ ပစ္စည်းတစ်ခု ကျလာသည်။

ထိုပစ္စည်းသည် ယမ်းထုတ်ဖြစ်၏၊

ယမ်းထုပ်မှ ယမ်းကြိုးသည် မီးများတရှဲရှဲလောင်နေဆဲဖြင့်သည်၊

ထိုယမ်းထုပ်သည် ရိဖုန်း၏ ယမ်းထုပ်ဖြစ်ပြီး ယောက်လန့်က ကြိုးကို ခြေထောတ်ဖြင့်နင်း၍ ငြိမ်းသက်ခဲ့သောယမ်းထုပ်ဖြစ်သည်။

ရင်ရင်သည် ထိုယမ်းတုပ်ကို ကြမ်းပေါ်မှ ကောက်ယူပြီး မီးလင်းဖို့မှမီးဖြင့် ညှိလိုက်ပြီး....

ရိဖုန်း၏ ခန္ဓာကိုတ်ပေါ်သို့ ပစ်ချလိုက်ခြင်းဖြစ်၏၊

ထိုကြောင့်....

ရိဖုန်းကို ဝဲယာမှ ဖမ်းချုပ်ထားသော လူထွားကြီးနှင့် လူမိုက်ကြီးတို့သည် ရိဖုန်း၏ကိုယ်ပေါ်သို့ ယမ်းထုတ်ကျလာသည်ကို မြင်တွေ့လိုက်သည်နှင့်....

မျက်လုံးပြူးသွားပြီး သူကိုဆက်၍ ဖမ်းချုပ်မထားတော့ဘဲ ရိဖုန်းနှင့် ဝေးရာသို့ ခုန်ချောင်ကာ ကြမ်းပေါ်၌ ပြားပြားဝပ်မှောက်လိုက်လေတော့၏။

သူ၏ ကိုယ်ပေါ်၌ ခွထိုင်၍ သူ့ကို လက်သီးဖြင့် ထိုးနေသော ပိန်ပိန်ရှည်ရှည်နှင့်လူသည် သူ၏ ကိုယ်ပေါ်မှကပျာကယာဆင်းလိုက်ပြီး

ကြမ်းပြင်ပေါ်၌ဝမ်းလျားမှောက်လိုက်လေ၏။

ထိုအချိန်၌

ရိဖုန်း၏အနီးသို့ ရင်ရင် ရောက်ရှိလာပြီး ကြမ်းပေါ်၌ လဲကျနေသော သူ့ကို လက်မှဆွဲထူ၍....

'လာ'

ဟု ပြောကာ ဆိုင်ထဲမှ ထွက်ပြေးသွား၏။

ရိဖုန်းက တစ်စုံတစ်ရာ ပြန်မပြောနိုင်ဘဲ ရင်ရင်၏ နောက်မှ ကန့်လန့်ကန့်လန့်ဖြင့် လိုက်ပါသွား၏။

ရင်ရင်သည် ရိဖုန်း၏ လက်ကို ဆွဲ၍ ရှေ့မှ ပြေးသွားသည်။

ရိဖုန်းက သူမ၏ နောက်မှ ပုံပျက် ပန်းပျက်ဖြင့် လိုက်ပါသွားလေတော့သည် မဟုတ်ပါလား။

* * *

ယောက်လန်းသည် လက်ကို အပူလောင်သွားသောကြောင့် လက်ထဲမှ ဆွဲပြားကို လွှတ်ချ၍ နာကျင်စွာ အော်ဟစ်ပြီး အရက်ဆိုင်ထဲမှ ပြေးထွက်လာသည်။

သူသည် ဆိုင်အပြင်သို့ ရောက်သည်နှင့် ဆီးနှင်းမှုန်ဖွဲဖွဲများ လွှမ်းနေသော မြေပြင်မေါ်သို့ ဝမ်းလျားမှောက် ပစ်လဲလိုက်ပြီး သူ၏ လက်ကို ဆီးနှင်းထဲ၌ မြှုပ်နှံထားလိုက်၏။

အတန်ကြာသောအခါ....

သူ၏လက်သည် အပူသက်သာသွားလေသည်။

ထို့ကြောင့်

သူသည် သူ၏ လက်ကို ဆီးနှင်းထဲမှ ပြန်နှုတ်လိုက်ပြီး မြေပေါ်မှ ကုန်းထလိုက်သည်။

ထို့နောက်....

အရက်ဆိုင်ထဲမှ ပြေးထွက်လာသော ရင်ရင်နှင့် ရှိဖုန်းတို့သည် မြေပေါ်၌ တုန်းကုန်းကွက ဖြစ်နေသော ယောက်လန်းနှင့် တိုက်မိ၍ မြေပေါ်သို့ ဒလိမ့်ကောက်ကွေး လဲကျသွားလေသည်။

ယောက်လန်းသည်လည်း ရင်ရင်တို့နှင့် တိုက်မိ၍ ဆီးနှင်းမှုန်ဖွဲဖွဲများပေါ် မျက်နှာဖြင့် ဝမ်းလျားလျက် လဲကျသွားလေတော့သည်။

ရင်ရင်က လဲကျရာမှ လူးလိမ့်၍ ထလိုက်၏။

ထို့နောက်....

သူမသည် ရှိဖုန်းကို ဆွဲထူလိုက်၏။

သို့သော်

သူမသည် ရှိဖုန်း၏ လက်ထဲမှ အရာဝတ္ထုကို မြင်တွေ့သော အခါ မျက်လုံးပြူးသွားပြီး....

ရှိဖုန်းကို လွှတ်ချ၍ သူမ၏ ခန္ဓာကိုယ်ကို ဆီးနှင်းမှုန်ဖွဲဖွဲများ လွှမ်းနေသော မြေပေါ်သို့ ဝပ်ချလိုက်သည်

ရင်ရင်သည် ရှိဖုန်းကို ဆွဲထူရာမှ လွှတ်ချလိုက်ခြင်းဖြစ်သောကြောင့် ရှိဖုန်းသည် မိမိကုယ်ကို မထိန်းနိုင်တော့ဘဲ ဆီးနှင်းမှုန်ဖွဲဖွဲများပေါ်သို့ ပြုန်ချ လဲကျသွား၏။

သူသည် လဲကျရာမှ လူးလိမ့်ထလိုက်ပြီး ရင်ရင်ကို နားလည်နိုင်သော မျက်လုံးဖြင့် ကြည့်၍....

'အာဖြစ်လို့ လွှတ်ချလိုက်ရတာသဲ'

ဟု အပြစ်တင်သော လေသံဖြင့် ပြောလိုက်၏။

ရင်ရင်က ခေါင်းထောင်၍ ရှိဖုန်းကို ကြည့်ပြီး....

'ရှင်က အာဖြစ်လို့ ဒါကြီးကို ယူလာရတာလဲ' ဟု ပြောလိုက်သည်။

ထို့အခါကျမှ....

ရှိဖုန်းသည် မိမိလက်ထဲ၌ ကိုင်ထားသော ပစ္စည်းကို ကြည့်လိုက်မိ၏။

ထိုသို့ ကြည့်လိုက်မိသည်နှင့် ရှိဖုန်း၏ မျက်လုံးများသည် ဝိုင်းစက် ပြူးကျယ်သွား၏။

အာဃာတ်ကြောင့်ဆိုဒသဲ....

သူ၏ လက်ထဲ၌ ယမ်းတုပ်ကို ကိုင်ထားသောကြောင့် ဖြစ်သည် မဟုတ်ပါလား။

ယမ်းကြိုးသည် တရှဲရှဲဖြင့် လောင်ကျွမ်းနေ၏။

ရိဖုန်းက ယမ်းထုပ်ကို ကြည့်နေစဉ်မှာပင် ယမ်းကြိုးသည် တဖြည်းဖြည်း လောင်ကျွမ်း၍ ယမ်းထုပ်အား ပေါက်ကွဲစေတော့မည် ဖြစ်၏။

ထိုကြောင့်....

ရိဖုန်းသည် ယမ်းထုပ်ကို နောက်ပြန်ပစ်လိုက်ပြီး မြေပေါ်သို့ ဝမ်းလျားမှောက်ချလိုက်၏။

ထိုစဉ်....

ယောကဲလန်းသည် မြေပေါ်သို့ မှောက်လျက် လဲကျရာမှ ကုန်း၍ ထလိုက်၏။

ထိုအချိန်မှာပင်....

ရိဖုန်းက နောက်ပြန်ပစ်လိုက်သော ယမ်းတုပ်သည်ယောကဲလန်းထံသို့ ရောက်ရှိလာ၏။

ယောက်လန်းသည် မိမိထံသို့ ပစ်လွှင့်လာသော ယမ်းထုပ်ကို ယောင်ရမ်း၍ လက်ဖြင့် ဖမ်းယူလိုက်၏။

ပြီးမှ....

သူသည် သူ၏ လက်ထဲသို့ ရောက်ရှိလာသော ပစ္စည်းမှာ ယမ်းထုပ် ဖြစ်နေကြောင်း သိလိုက်ရသောကြောင့် ထိတ်လန့်တုန်လှုပ်သွားပြီး ကပျာကယာ နောက်သို့ လက်ပြန် ပစ်လိုက်ပြီး မြေပေါ်သို့ ဝပ်လိုက်လေသည်။

လူမိုက်ကြီး၊ လူထွားကြီးနှင့် ပိန်ရှည်ရှည်လူတို့သည် ကြမ်းပြင်ပေါ်၌ ဝမ်းလျားမှောက် နေရာမှ လူးလိမ့် ထလိုက်လေသည်။

ထို့နောက်....

သူတို့သည် အရက်ဆိုင်ထဲမှ ပြေးထွက်ရန်ခြေလှမ်းပြင်လိုက်သည်။

ထိုစဉ်....

ခွက်တရက် သူတို့၏ ခြေထောက်ရှေ့သို့ ပစ္စည်းတစ်ခုကျလာ၏။

ထိုပစ္စည်းမှာ ယမ်းထုပ်ဖြစ်သည်။

ယောက်လန်းက လက်ထဲမှ ယမ်းထုပ်ကို နောက်ပြန် ပစ်ချရာ....

ယမ်းထုပ်သည် အရက်ဆိုင်ထဲသို့ လွင့်စင်သွားခြင်း ဖြစ်သည် မဟုတ်ပါလား။

* * *

ဒုန်း'

ဟူသော ပေါက်ကွဲသံသည် တိတ်ဆိတ်သော ပတ်ဝန်းကျင်ကို ကျယ်လောင်စွာ ပေါ်ထွက်လာ၏။

ဆို့နောက်....

အရက်ဆိုင် တစ်ခုလုံးသည် ကောင်းကင်ပေါ် မြောက်တက်သွားသကဲ့သို့ ထင်မှတ်ရ၏။

အရက်ဆိုင်၏ အုတ်ကျိုးအုတ်ပဲ့ များ၊ သစ်သား အပိုင်းအစ များသည် လေထဲ၌ မလှုပ်ဆွဲ၏။

အရက်ဆိုင်၏ ခေါင်မိုးပေါ်၌ တင်နေသော ဆီးနှင်းမှုန် များကလည်း ပွားခဲ့ဖြစ်၍ ပတ်ဝန်းကျင်သို့ လွှင့်စင်သွားလေသည်။

ချွန်တက်သော သစ်သား အပိုင်းအစတစ်ခုသည် လေထဲ၌ လွှင့်စင်လာပြီး ရိဖုန်း၏ မျက်နှာနှင့် တစ်ဆက်မခံ အကွာမြေပေါ်တွင် စိုက်ဝင်သွားသည်။

ရိဖုန်းသည် မိမိ၏ မျက်နှာနှင့် ပွတ်ကာသီကာ စိုက်ဝင်လာသော သစ်သား အပိုင်းအစကို ကြည့်ရင်း မျက်လုံးပြူးသွားသည်။

ထိုစဉ်....

'သွားပြီ....ကုန်ပြီ'

ဟု အော်ဟစ်လိုက်သော ရင်ရင်၏ အသံကို ကြားလိုက်လေတော့သည် မဟုတ်ပါလား။

* * *

လွှင့်ခဲ့သော စက္ကန့်ပိုင်း အ[illegible] ကျနေရာတွင် တောကျီး[illegible] အနေအထားဖြင့် [illegible] ကန်း အမည်ရှိသည့် အရပ်ဖက်ဆိုင် ရှိခဲ့၏။

ယခု....

ဤနေရာ၌ အရက်ဆိုင် မရှိတော့ပါ။

သစ်သား အကျိုးအပဲ့ များ၊ အုတ်ကျိုး အုတ်ပဲ့ များသာ ပြန့်ကျဲတော်၏။

ရင်ရင်သည် အရက်ဆိုင် ဘဝမှ သစ်သား အပိုင်းအစများ၊ အုတ်ကျိုး အုတ်ပဲ့ များ အဖြစ် ပြောင်းလဲသွားသော သူမ၏ အရက်ဆိုင်ကို ကြည့်ရင်း သက်ပြင်းချလိုက်၏။

'ပြီးမှ....

သူမသည် ရိဖုန်းကို လှည့်ကြည့်လိုက်၏။

ရိဖုန်းသည် မိမိကိုယ်ပေါ်မှ ဆီးနှင်းမှုန်းများ၊ သစ်အစများကို လက်ဖြင့်သပ်ချနေ၏။

ရင်ရင်သည် နှုတ်ခမ်းကိုတစ်ချက် ကိုက်လိုက်ပြီး....

ရိဖုန်းထံသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာကာ ရိဖုန်း၏ ပါးချိတ်ကို လှမ်းဆီးဖြင့်ထိုးချလိုက်၏။

'ခွမ်'

ယူသော အင်နှင့်အတူ ရိဖုန်း၏ခန္ဓာကိုယ်မှာ ယိမ်းထိုင်သွား၏။

ရင်ရင်က နောက်ထပ်လက်သီးတစ်ချက် ထပ်၍ထိုးချလိုက်သည်။

ရိဖုန်းသည် မျက်လုံးပြူးသွားပြီး ကပျာကယာ ရှောင်တိမ်းလိုက်ရ၏။

သူသည် ထိုသို့ရှောင်တိမ်းလိုက်**မြီး** ရင်ရင်ကိုနားမလည်စွာ ကြည့်လိုက်ပြီး....

'ဟေ့....ဟေ့၊ မင်း....မင်းဘာဖြစ်လို့ ထိုးတာလဲ'

ဟု မေးလိုက်၏။

ရင်ရင်က နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး....

'ရှင့်ကြောင့်.... ရှင့်ကြောင့်၊ ကျွန်မရဲ့အရက်ဆိုင် ပျက်စီးသွားပြီ၊ ဘာမှသုံးမရတဲ့ ဆစ်သားအကျီုးအပဲ့၊ အုတ်ခဲ့အကျီုးအပဲ့ ဖြစ်သွားပြီ'

ဟု အော်ဟစ်၍ ပြောလိုက်၏။

ရိဖုန်းက မျက်လုံးပြူး၍ ရင်ရင်ကိုကြည့်လိုက်ပြီး

'ကျုပ်....ကျုပ်လုပ်တာမှ မဟုတ်ဘဲ'

ဟု ပြောလိုက်၏။

ရင်ရင်က....

'ဘာပဲဖြစ်ဖြစ်၊ ရှင် ဒီကိုရောက်လာလို့ အခုလိုဖြစ်တာ၊ ရှင့်မှာ တာဝန်ရှိတယ်'

ဟု ပြောလိုက်သည်။

ရိဖုန်းက သက်ပြင်းချလိုက်ပြီး ပါးစပ် ပိတ်ထားလိုက်၏။

အပြစ်ရှာလိုသူ ဆင်ခြေပေးလို့ မရမှန်း ရိဖုန်းကသိသည်၊

ထို့ကြောင့်....

ပါးစပ် ပိတ်ထားလိုက်ခြင်း ဖြစ်၏။

ရင်ရင်က ဆစ်သားအကျီုးအပဲ့ များ၊ အုတ်အကျီုးအပဲ့ များ ဖြစ်သွားသော သူမ၏အရက်ဆိုင်ကိုကြည့်ကာ....

'ရှင် ကျွန်မကို အများကြီး အကြွေးဆပ်ရလိမ့်မယ်'

ဟု ပြောလိုက်၏။

ရိဖုန်းက နှုတ်ခမ်းကိုက်လိုက်**ပြီး** စိတ်ပျက်တန်ဖြင့် ခေါင်းညိမ့်လိုက်၏။

'ဦးမှ သက်ပြင်းချကာ....

'ကျုပ်က ဘယ်လိုအကြွေးတွေ ဆပ်ရမှာလဲ'

ဟု မေးလိုက်၏။

ရင်ရင်က လက်ထဲမှ ကြမ်းသုတ်သည့်အဝတ်ကို ဖြည်လိုက် အထဲမှဆွဲပြားကို ထုတ်လိုက်သည်။

ဆွဲပြားသည် ပူလောင်ခြင်းမရှိတော့ပါ။

သူမသည် **ဆွဲ**ပြားကိုလက်ဖြင့်ကိုင်၍ ရိဖုန်းမြင်သာအောင် ကြက်ပြလိုက်ရင်း....

'အဲ့ဒါ ရှင်လို့ချင်တဲ့ ဆွဲပြားပဲ'

ဟု ပြောလိုက်၏။

ရိဖုန်းက သူမလက်ထဲမှ**ဆွဲ**ပြားကို လှမ်းကြည့်လိုက်ပြီး....

'ကျုပ်ကိုပေး'

ဟု ပြောလိုက်၏။

ရင်ရင်က ပြုံးလိုက်ပြီး....

'ရှင့်ကို ဘာဖြစ်လို့ ပေးရမှာလဲ'

ဟု ပြောလိုက်၏။

ရိဖုန်းက....

'ကျုပ် ငွေငါးထောင် ပေးထားပြီးပြီ'

ဟု ပြောလိုက်မိသည်။

ရင်ရင်က ပြုံးလိုက်ပြီး....

'ပထမတော့ ဟုတ်တယ်၊ အခုတော့ မဟုတ်တော့ဘူး'
ဟု ပြောလိုက်၏။
ရိဖုန်းက သက်ပြင်းချကာ....
'မင်းက ဘယ်လောက်လိုချင်လို့လဲ'
ဟု မေးလိုက်၏။
ရင်ရင်က လက်တဲမှဧည့်ပြေးကို ဝေယမ်းပြရင်း....
'ရှင် သေသေချာချာ နားထောင်၊ ဒီဆွဲပြားနဲ့ပတ်သက်ပြီး ရှင်နဲ့ကျွန်မ စပ်တူလုပ်မယ်'
ဟု မေးလိုက်သည်။
ရင်ရင်၏ စကားမကြွေဘဲ ရိဖုန်းက ရင်ရင်ကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး....
'စပ်တူလုပ်မယ် တုတ်လား'
ဟု မေးလိုက်၏။
ရင်ရင်က ခေါင်းညိတ်လိုက်ပြီး
'ဟုတ်တယ်'
ဟု ပြောလိုက်၏။
ရိဖုန်းက သက်ပြင်းချကာ....
'ကျုပ်....ဟို....ဟို'
ရိဖုန်းစကားမဆုံးမီ ရင်ရင်က လက်ကာပြလိုက်ပြီး
'ဒီဆွဲပြားကို လိုချင်တဲ့လူ အတော်များနေတယ်၊ ဒီတော့ ရှင်က ကျွန်မနဲ့စပ်တူ မလုပ်ဘူးဆိုရင် ကျွန်မနဲ့စပ်တူလုပ်မယ့်လူကို ရှာရလိမ့်မယ်'
ဟု ပြောလိုက်၏။

ရိဖုန်းသည် ဘာမျှပြန်မပြောတော့ပါ။
သူမသည် ပါးစပ်ကို ပိတ်ထားလိုက်လေတော့သည် မဟုတ်လား။

* * *

ရိဖုန်းနှင့်ရင်ရင်တို့ ထွက်ခွာသွားပြီးနောက် မြေပြင်ပေါ်၌ လှဲမိန့်သော ဆီးနှင်းတစ်ချို့သည် လှုပ်ရှားပြီး အပေါ်ကြွတက်လာ၏။
တို့နောက်....
ဆီးနှင်းများကြားမှ ယောက်လန်းသည့် ကုန်းကုန်းကွက်ပေါ်ထွက်လာ၏။
သူသည် သက်ပြင်းသစ်ချက် ချလိုက်ပြီး အရက်ဆိုင်ကို ကြည့်လိုက်၏။
အရက်ဆိုင်သည် ပဲ့ခွံလက် ပြလိုက်သကဲ့သို့ ပျောက်ကွယ်သွားပြီး....

သစ်တိုသစ်စများ၊ သစ်သားအကျိုးအပဲ့များ အပြင်
ရောက်ရှိသွားခဲ့ပြီ မဟုတ်ပါလား၊
ယောက်လန်း သက်ပြင်းတစ်ချက်ချလိုက်ပြီး....
ထိုနေရာမှ ထွက်ခွာသွားလေတော့သည်မဟုတ်ပါလား။

* * *

ဂိုက် သဲကန္တာရ....

ဝဲယာပတ်လည် မျက်စိတစ်ဆုံး သဲများကိုသာ မြင်တွေ့ရသည်။

သဲပြင်သည် မိုးကုပ်စက်ဝိုင်း တစ်ဘက်မှတစ်ဘက်အထိ သို့ရောက်အောင်ကျယ်ပြန့်၏။

ဤနေရာမျိုးဌ်သစ်ပင်ကြီးငယ်မရှိ၊
ဟင်းသီးဟင်းရွက် စိုက်ခင်းများမရှိ၊
လူနေအိမ်ခြေမရှိ၊
သို့သော်....
ရွက်ဖျင်တဲ အနည်းငယ်ရှိ၏၊
နာကာတာသည် ရွက်ဖျင်တဲ တစ်လုံးထဲဌ် ထိုင်နေ၏။
သူ၏ အဝတ်အစားများသည် ခွဲုံးများရွဲနေ၏၊

သူတို့အားလုံးကို သံခြေကျင်းခတ်ထား၏။

ထို့ကြောင့်....

တူးဖော်ရေးလုပ်ငန်းခွင်၌ မြေကြီးတူးဆွသံ၊ သံခြေကျင်းများ လုပ်ခတ်သံ ပေါ်ထွက်နေသည် မဟုတ်ပါလား။

အနီရောင်ဝတ်ဆင်ထားသော တာဝေနယ်စားကြီး၏ရဲမက်များကလည်း အလုပ်သမားကို မျက်ခြည်မပြတ် ကြည့်နေလေသည်။

ဆလုပ်လုပ်နေသောအလုပ်သမားတစ်ယောက်သည်ပင်ပန်းနွမ်းနယ်သောကြောင့် ခေတ္တရပ်နားလိုက်သည်နှင့်...

အနီရောင်ဝတ်ဆင်ထားသော တာဝေနယ်စားကြီး၏ရဲမက်များက ထိုအလုပ်သမားကို ကြာပတ်စာကျေး၏။

လက်ကိုင်တုတ်စာ ကျေး၏။

နာကာတာသည် ထိုလူစုကို ကြည့်ရင်း သက်ပြင်းချလိုက်သည်။

ထိုအလုပ်သမားများ အပေါ် သနားကြင်နာသော စိတ်များကြောင့် ထိုအလုပ်သမားများအတွက် စိတ်မကောင်းစွာ သက်ပြင်းချလိုက်မိခြင်းမဟုတ်ပါ၊

ခရူးဟောင်းပစ္စည်းများ၏ တန်ဖိုးကို နာကန်းတစ်လုံးမျှမသိသာလူဘစ်စု၏ ကြီးကြပ်မှုအောက်မှ တူးဖော်ရေး လုပ်ငန်းကို စိတ်ပျက်စွာ သက်ပြင်းချလိုက်မိခြင်းဖြစ်သည်၊

ထိုကဲ့သို့ဆိုးသည်မှာ....

လုပ်ငန်းခွင်၌ တန်ပင်ကို ဆရာကြီးလုပ်စေခြင်းဖြစ်လေသည်။

ရွက်ဖျင်တဲထဲ၌ သာမဟုတ်လျှင် မီးဖိုပေါ်မှ ဒယ်အိုးထဲ ရောက်နေသကဲ့သို့ ပင် ထင်မှတ်ရမည်ဖြစ်၏။

သူသည် နဖူးပေါ်မှ ချေးကို သုတ်လိုက်ပြီးအပြင်သို့လှမ်းကြည့်လိုက်၏

နေ၏ အပူရှိန်ကြောင့် ထဲပြင်သည် ပူလောင်ကာ အငွေ့ထောင်းထနေသကဲ့သို့ ထင်မှတ်ရ၏။

နာကာတာသည် စားပွဲပေါ်မှ အရက်ခွက်ကို ယူ၍ တစ်ကျိုက်မော့သောက်လိုက်၏။

ပြီးမှ....

သူသည် တူးဖော်ရေးလုပ်ငန်းခွင်ထဲမှ အလုပ်သမားတို့ကို လှမ်းကြည့်လိုက်၏၊

အပေါ်ပိုင်း၌ အဝတ်အစားမပါသော အလုပ်သမားတို့သည် နေပူကဲကဲထဲ၌ ချေးတစ်လုံးလုံးဖြင့် တူးဆွ နေကြလေသည်။

အနီရောင်ဝတ်စုံဝတ်ဆင်ထားသောတာဝေနယ်စားကြီး၏ ရဲမက်တချို့က လက်ထဲ၌ ကြာပတ်များ၊ လက်ကိုင်တုတ်များကိုင်ဆောင်ကာ အလုပ်သမားကို စောင့်ကြပ်နေ၏။

ထိုအလုပ်သမားများမှာ တာဝေနယ်စားကြီး၏ ရဲမက်တို့က အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်လာသော ရွာသူ ရွာသားများဖြစ်၏။

တချို့က တာဝေနယ်စားကြီး၏ အကျဉ်းသားများဖြစ်ကြသည်။

မည်သို့ပင်ဖြစ်ပါစေ....

နာကာတာသည် ထိုင်ရာမှ ထလိုက်၏။

ထို့နောက်....

သူသည် မိမိနှင့် ရှက်ဖျင်တစ်တဲ့တည်း၌ အတူနေသော ဝမ်ယုကို လှမ်းကြည့်လိုက်၏။

ဝမ်ယုသည် ခေါက်ခုတင်ပေါ်၌ အိပ်နေ၏။

ဝမ်ယုသည် စာပေသမား ဖြစ်၏။

ထို့ကြောင့်....

ရာဇဝင်သမိုင်းဘာသာရပ်များကို နားလည် တတ်ကျွမ်းသူ ဖြစ်၏။

ဤနေရာ၌ ဝမ်ယုသည်လည်း အသုံးမဝင်သူကဲ့သို့ ဖြစ်နေသည်။

ထို့အပြင်....

ဝမ်ယုသည် စိတ်ဓာတ်ကျဆင်းနေပုံလည်း ပေါ်လွင်နေသည်။

နာကာတာက သက်ပြင်းတစ်ချက် ချလိုက်၏။

တစ်ဆက်တည်းမှင်ပင်....

အလွန် ကြီးကျယ်သော စကားများကို ပြောတတ်သည့် အုပ်ငါးပေခန့်သာ ရှိသည့် တာဝေနယ်စားကြီးနှင့်တွေ့ဆုံခဲ့ပုံ ပြန်လည်၍ မြင်ယောင်လာ၏၊

တာဝေနယ်စားကြီးသည် သူ၏ စံအိမ်၌ မိမိနှင့် ဝမ်ယုတို့ ခေါ်ယူ တွေ့ဆုံခဲ့၏။

သူတို့သည် တာဝေ နယ်စားကြီးနှင့် တွေ့ရန် ညှိခန်းထဲ၌ ပေါင်းများစွာ စောင့်ခဲ့ရ၏။

တန်ပင်သည်....

ဤလောကမြေပေါ်၌ သူထက်တော်သူတတ်သူမရှိဟူသည် မျက်နှာပေးဖြင့် လက်နှစ်ဘက်ကို နောက်ပစ်၍ ခေါက်တုန့် ခေါက်ပြန်လျှောက်ရင်း အော်ဟစ်အမိန့်ပေးနေ၏။

ရဲမက်တစ်ယောက်ကလည်း သူ၏ နောက်မှထပ်ကြပ်မကွာ လိုက်၍ ထိုးမိုးပေးနေရ၏။

တန်ပင်သည် နယ်စားကြီး၏ အာဏာကို အသုံးပြုကာ....

ဤလုပ်ငန်းခွင်၌ အာဏာအရှိဆုံး ပုဂ္ဂိုလ်ဖြစ်နေ၏။

ထို့ကြောင့်....

သူသည် မထင်လျှင် မထင်သလို ရက်စက်တတ်၏။

ယခု....

တာဝန်မကျပွန်ခြင်းမရှိဟု ယူဆရသော အသက် ခြောက်ဆယ်ကျော် အလုပ်သမားသုံးယောက်ကို သဲထဲ၌ တွင်းတူး မြုပ်ကာနေခြောက်လှန်းထား၏။

ဤအတိုင်းဆက်လက်ဆောင်ရွက်သွားပါက ဆယ့်ငါးရက် အတွင်းမှာပင် အလုပ်သမား ထက်ဝက်ခန့် သေဆုံးသွားလိမ့် မည်ဟု နာကာတာက တွေးလိုက်မိ၏။

နာကာတာသည် တူးဖော်ရေးလုပ်ငန်းကို ကျွမ်းကျင်သူပြု သည်၊

သို့သော်....

ယခုကိစ္စ၌ သူသည် ဦးဆောင်ဦးရွက် ပြုရခြင်း မရှိပါ။

ကိစ္စကို ဦးဆောင်ဦးရွက် ပြုနေသူမှာ နဘန်းတစ်လုံးမျှသော တန်ပင်ဖြစ်သည်၊

ထို့နောက်....

တာဝေ နယ်စားကြီး၏ ကြီးကျယ်ခမ်းနားသော မဟာ တရုတ်ပြည်သစ် စီမံကိန်း အကြောင်းကို နားရွက်မျှား မီး စေတောက်လာသည်အထိ နားထောင်ခဲ့ရ၏။

နောက်ဆုံး၌....

တာဝေနယ်စားကြီးက မိမိကို ကြည့်၍....

'ခင်ဗျားဟာ ဒီကိစ္စမျိုးနဲ့ ပတ်သက်ပြီး လောကပေါ်မှာ အတော်ဆုံး အတတ်ဆုံးလို့ သိရတယ်၊ ကျုပ်ကလဲ အတော် ဆုံး အတတ်ဆုံး အကောင်းဆုံး လူနဲ့ပဲ အလုပ်၊ လုပ်ချင်ပါ တယ်'

ဟု ပြောခဲ့၏။

နာကာတာက ပြုံးလိုက်၏။

အလကားလူ မြောက်ပင့် ပြောဆိုပြီး ကိုယ်လိုချင်တာက် လုပ်ခိုင်းမည့်လူဟု နာကာတာက နားလည်လိုက်၏။

လုပ်ငန်းခွင်၌ မိမိသည် ဘာမျှ အရာမရောက်ပါ။

လုပ်ဝန်းခွင်ဘစ်ဒုလုံးကို တန်ပင်က လက်ဝါးကြီးအုပ်ထား သည်။

မိမိကိုပင် အမိန့်ပေးနေသေး၏။

နာကာဘာသည် မိမိ၏ အတွေးမျှားကို မောင်းထုတ်လိုက် သည်။

တစ်ဆက်တည်းမှာပင်....

ဤမှော်သေတ္တာကို မိမိသာလျှင် ပိုင်ဆိုင်ရမည်ဟုဆုံးဖြတ် လိုက်၏။

ဤလောကပေါ်၌ လူသားတို့သည် သစ္စာဖောက်မှုကို လွဲ လျှဲရေး ပစ္စည်းတစ်ခုအဖြစ် အသုံးပြုလေ့ရှိ၏။

သူကိုယ်တိုင်လည်း အသုံးပြုခဲ့ဖူးသည်။

ယခုလည်း....

ဝမ်ယုက သစ္စာဖောက်မှုကို လဲလှယ်ရေး ပစ္စည်းတစ်ခု အဖြစ် အသုံးပြုလာအောင် ဆွဲဆောင်ရမည် ဖြစ်၏။

ထိုကိစ္စကို ဝမ်ယုက နားမလည်လျှင် ရက်စက်ကြမ်းကြုတ် ခိုင်းက ဤကိစ္စအတွက် အကောင်းဆုံး နည်းလမ်းဖြစ်ကြောင်း သိအောင် ပြောပြရမည် ဖြစ်၏။

မိမိအနေဖြင့် မှော်သေတ္တာကို အရပ်ဝါးပေသာ ရှိသော မိမိကိုယ်ကို မိမိ အထင်ကြီး၍ ဘဝင်မြင့်နေသည့် နယ်စားကြီး ဘယ်နည်းနှင့်မျှ မပေးနိုင်ပါ။

'ကျုပ်က ဒီဓားထွေးကို လိုချင်ဘယ်၊ ခင်ဗျားတို့ရအောင် ပေါ့၊ ဒါဟာ ကျုပ်ကလွဲပြီး တခြားသူမှ ပိုင်ဆိုင်လို့ မရတဲ့ ဓားထွေးပဲ၊ ဟောဒီ လောကပေါ်မှာ ရှိသမျှ အမွှန်အမြတ်ဆုံး ပစ္စည်းတွေဟာ ကျုပ်ရဲ့ တာဝေနိုင်ငံမှာပဲ ရှိရမယ်'

ဟု တာဝေနယ်စားကြီး၏ ပြောစကားကို နာကာတာက ပြန်၍ ကြားယောင်လာသည်။

ထို့ကြောင့်....

နာကာတာသည် တစ်ယောက်တည်း ပြုံးလိုက်မိလေတော့ သည်။

တာဝေနယ်စားကြီးကို အရှုံး တစ်ယောက်ဟု သတ်မှတ်ခဲ့ သည် မဟုတ်ပါလား။

ထိုစဉ်....
ဝမ်ယူ၏ လှုပ်ရှားသံကို ကြားလိုက်ရသည်။
ထို့ကြောင့်
နာကာတာက ဝမ်ယူကို လှည့်ကြည့်လိုက်၏။
ဝမ်ယူသည် အိပ်ရာမှ ထထိုင်လိုက်ရင်း....
'ပူလိုက်တာ'
ဟု ပြောလိုက်သည်။
နာကာတာက ပြုံး၍ ခေါင်းညိတ်ကာ....
'ဟိုမှာ အလုပ် လုပ်နေတဲ့ လူတွေ ဘယ်လောက်ပူမလဲ'
ဟု ပြောလိုက်သည်။
ဝမ်ယူက ပခုံးတွန့်ပြပြီး....
'ဒါက ကျုပ်တို့နဲ့ မဆိုင်ဘူး'
ဟု ပြောလိုက်၏။
နာကာတာက ပြုံးလိုက်ပြီး....
'ဟုတ်တယ်....ကျုပ်တို့နဲ့ မဆိုင်ဘူး၊ နယ်စားကြီးနဲ့ပဲ ဆိုင်တယ်'
ဟု ပြောလိုက်သည်။
ဝမ်ယူက မျက်မှောင်ကုတ်၍....
'ဘာဖြစ်လို့လဲ'
ဟု မေးလိုက်၏။
နာကာတာက....
'အချိန်ကြာသွားမှာ ဖြစ်လို့ပါ'
ဝမ်ယူက နားမလည်ဟန်ဖြင့်

'ဘာဖြစ်လို့ အချိန်ကြာရမှာလဲ'
နာကာတာက....
'ဒီလောက် ပူပြင်းတဲ့ ရာသီဥတုမှာ အလုပ်သမားတွေဟာ
နာကုန်မှာပေါ့'
ဟု ပြောလိုက်၏။
ဝမ်ယူက မျက်မှောင်ကုတ်လိုက်ပြီး....
'ဘုးဖော်တဲ့ လုန်ငန်းကို ညမှာလုပ်ဖို့လား'
ဟု မေးလိုက်၏။
နာကာတာက....
'ဟုတ်တယ်'
ဟု ပြောလိုက်၏။
ဝမ်ယူက ပခုံးတွန့်ပြလိုက်ပြီး....
'ခါတန်ပင် ကိစ္စပဲ၊ ကျုပ် သူ့ကို ပြောပြီးပြီ၊ သူက လက်
ခံ နေ့ရောညပါ တူးမှ အချိန်တိုတိုနဲ့ ကိစ္စပြီးမယ်လို့
ထင်တယ်'
နာကာတာက....
'အလုပ်သမားတွေသေကုန်ရင် ဘယ်လိုလုပ်မလဲ'
ဝမ်ယူက....
'သေရင် အလုပ်သမားရှိတယ်လို့ ပြောတယ်'
နာကာတာက....
'လေကားလှုပဲ၊ ဦးနှောက်မရှိဘူး'
ဟု ပြောသည်။
ဝမ်ယူက....

'ဘာပဲဖြစ်ဖြစ်၊ ဒီလုပ်ငန်းခွင်မှာ အာဏာအရှိဆုံးပဲ'
ဟု ပြောလိုက်၏။
နာကာတာက ထက်ပြင်းချလိုက်ပြီး ကုလားထိုင်ဘို ထိုင်
လိုက်သည်။
ဝမ်ယုက နာကာတာကိုကြည့်ပြီး....
'ခင်ဗျားကလဲ မှော်သေတ္တာကလဲပြီး ဘာမှဂရုမစိုက်
မဟုတ်လား'
ဟု မေးလိုက်၏။
နာကာတာက ဘာမျှပြန်မပြောပါ။
သူသည် ဝမ်ယုကိုမျက်လုံးပြူး၍ ကြည့်လိုက်မိတော့သ
မဟုတ်ပါလား။

* * *

အရှေ့ဘက် မိုးကုပ်စက်ပိုင်းမှ ပေါ်ထွက်လာသော နေ
ခင်းကြီးသည် အနောက်ဘက် မိုးကုပ်စက်ပိုင်း၏ ရေပြင်ညီ
ညီးပေါ်၌ မေးတင်ထားပြီ ဖြစ်၏။
နေဝင်နေမည်ဖြစ်၍ အပူရှိန်လျော့သွားပြီဖြစ်ရာ နာကာ
တာသည် ရွက်ဖျင်တဲထဲမှ ထွက်လာ၏။
ထို့နောက်....
သူသည် ဘူးဖော်ရေးလုပ်ငန်းခွင်သို့ လှမ်းကြည့်လိုက်၏။
ဘူးဖော်ရေးလုပ်ငန်းခွင်၌ အလုပ်လုပ်နေဆဲ ဖြစ်သည်။
မကြာမီ....
သူတို့သည် အလုပ်ခွင်ရပ်နားပြီး ဝက်စာသာသာမျှသာ
သောစာကို စားကြမည် ဖြစ်သည်။
ထို့နောက်
သူတို့သည် မီးတုတ်မျိုးစေ့အလင်းရောင်ဖြင့် အလုပ်ခွင်ကို
ဆက်၍ ဝင်ရောက်မည်ဖြစ်၏။

နာကာတာသည် သက်ပြင်းချလိုက်ပြီး ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်၏။

ပတ်ဝန်းကျင်၌....

တူးဖော်ထားသော တွင်းများ၊ ချိုင့်ခွက်များ၊ ဟောင်းလောင်းပေါက်များကို တွေ့ရ၏

နာကာတာသည် ပတ်ဝန်းကျင်ကို တစ်ချက်မျှလှည့်ပတ်ကြည့်ပြီးနောက်....

အင်္ဂျီရင်ဘတ်ကြားမှ ပစ္စည်းတစ်ခုကို ထုတ်ယူလိုက်၏ ထိုပစ္စည်းသည် နေပုံသဏ္ဌာန် ဆဲပြားတစ်ခုဖြစ်သည်။

ဆဲပြား၏အလယ်တွင်....

မှန်ဘီလူးခုံးကဲ့သို့သော အနီရောင် ဖန်တုံးတစ်တုံးရှိသည်။ ထိုဆဲပြားသည်....

မှော်မျက်ရှင်ဓား ထည့်ထားသော ကျောက်သေတ္တာ ညှိန်ပြမည့် ဘူတောင်ဝှေး၏ထိပ်ပိုင်းပင် ဖြစ်၏။

သို့သော်....

ထိုပစ္စည်းသည် အတုသာဖြစ်၏။

ဟိမဝန္တာ တောင်တန်းဒေသသို့ သွားရောက်စဉ်က ဝင်ကြားသော အသွင်သဏ္ဌာန်ရှိသည့် ယောက်လန်းသည်....

ဟိမဝန္တာ တောင်တန်းဒေသမှ ပြန်ရောက်လာသောအခါ ယောကွမ်၏မျက်နှာကို မကြည့်ရဲသော သားမက်တစ်ဦးကဲ့သို့ ဖြစ်နေ၏။

သူ၏ဝင့်ကြွားမှုသည် ဟိမဝန္တာတောင်တန်း၌ ကျန်ရစ်ခဲ့ပြီး ဖြစ်၏။

ဘန်ပင်၏ခြေတွင်....

မျက်နှာငယ်ကလေးဖြင့် ထိတ်လန့် တုန်လှုပ်၍နေသော ယောက်လန်းသည် အလွန်ပင် အောနှလုံးနာစရာ ကောင်းလှသည်ဟု နာကာတာက တွေးခဲ့မိသည်။

တစ်ဆက်တည်းမှာပင်....

တာဝေနယ်စားကြီး၏ အားကိုးရသောလူများမှာ လူကို နှိပ်စက်ညှဉ်းပန်းတတ်ပြီး အယ်နေရာမှအသုံးမကျသော သားပါလားဟုလည်း နာကာတာက တွေးမိသည်။

သို့သော်....

ယောက်လန်းသည် နာကာတာအတွက် အနည်းငယ်အသုံးဝင်သည့် ပစ္စည်းကို သယ်ဆောင်လာခဲ့သည်။

ထိုပစ္စည်းမှာ တစ်ခြားမဟုတ်ပါ။

ယောက်လန်း၏ အပူလောင်ဆားသော လက်ပင်ဖြစ်၏။

ယောက်လန်းသည်....

မိမိတို့ရှုံးနိမ့်ခဲ့ရခြင်းကို တန်ပင်သနားလာစေရန် တိုးသွေးဆောင်းပန်ပြီး မိမိ၏ အပူလောင်ဆားသောလက်ကို ပြသခဲ့သည်။

သူသည် အပူလောင်ခဲ့သော လက်ဝါးကိုသာ ပြခြင်းဖြစ်သည်။

သို့သော်....

သူ၏လက်ဝါးပေါ်၌ သူကယူဆောင်ပေးရမည့် ပစ္စည်း၏ အပိုင်းအစကို တစ်ထပ်တည်း ကူးယူမိသကဲ့သို့ ဖြစ်နေသည်ကို ယောက်လန်းက လုံးဝမသိခဲ့ပါ။

နာကာတာက ယောက်လန်း၏ လက်ဝါးပြင်ပေါ်မှ
လောင်ထားသော ဒဏ်ရာကို စူးစိုက်ကြည့်ပြီးနောက်....

ယောက်လန်းသည် နာကာတာ၏ ရွှင်မြူးတဲထဲ
အတန်ကြာသည်အထိ နာရီဒေါင်းမျှားစွာ ထိုင်နေခဲ့ရသည်

နာကာတာသည် ယောက်လန်း၏လက်ဝါးပေါ်မှ မိ
ကူးယူလိုက်သကဲ့သို့ ဖြစ်နေသော စက်ဝိုင်းပုံကို အတန်
သည့်တိုင်အောင် စိတ်ရှည်လက်ရှည်ဖြင့် စာရွက်ပေါ်၌တူး
ခဲ့ထည်။

ထို့နောက်....

နာကာတာသည် နီးစပ်ချုပ်မြို့မှ အတောင်ဆုံး ပန်းတိမ်
ကို ခေါ်ယူ၍ တစ်ပုံစံတည်းဖြစ်အောင် ပြုလုပ်ခိုင်းခဲ့သည်

ဆယ်ရက်ကျော် ကြာပြီးနောက်....

ပစ္စည်းပေါင်းတစ်ရာကျော် ပျက်စီးသွားပြီး ယခုဆို ပြ
ရရှိခဲ့ခြင်း ဖြစ်၏။

သို့သော်

အတူသည် အတူသာဖြစ်၏။

မည်သို့ပင် ဖြစ်ပါစေ။

ထိုအတူသည် မှော်မျက်ရှင်ခေးရှိရာ ဝိညာဉ်များတွင်
ညှိနှိုင်းလိမ့်မည်ဟု နာကာတာက ယုံကြည်သည် မဟုတ်
လား။

* * *

နေဝင်တော့မည် ဖြစ်၏။

ခေါ်လိုက်ပြီးသည်....

အနာက်ဘက် မိုးကုပ်စက်ဝိုင်း၏ ရေပြင်ညီမျဉ်းအောက်
တစ်ဝက်ခန့် မြုပ်ဝင်သွားပြီ ဖြစ်၏။

နာကာတာသည် လက်ထဲမှဆွဲပြား အကို့ရှင်ဘတ်ကြားထဲ
သည့်လိုက်ပြီး တူးဖော်ရေးလုပ်ငန်းခွင်ဆီ ပြန်လျှောက်၍
ခဲ့၏။

ဘန်ပင်သည် ယာခုအဖို့ဒ်အထိ အော်ဟစ်အမိန့်ပေးနေဆဲ
၏။

သို့သော်....

သူသည် မိမိထံသို့ နာကာတာလျှောက်လာသည်ကို မြင်
လိုက်သောအခါ အော်ဟစ်အမိန့်ပေးနေခြင်းကို ရပ်တန့်
၏။

နာကာတာက တန်ပင်ဘေးဦး ရပ်သိုက်သည်။

သူသည် တန်ပင်ကိုမကြည့်ဘဲ ထူးဖော်နေသော တွင်းနှင့်
ပွင့်များကို ကြည့်နေ၏။

ဘန်ပင်သည် နာကာတာကို တစ်ချက်ငဲ့စောင်းရှု ကြည့်
၏။

သူသည် မိမိအနီးဦး နာကာတာရှိနေလျှင် မနေဘတ်မထိုင်
ဘဲ ဖြစ်နေ၏။

သူသည် ထူးဖော်ရေးလုပ်ငန်း အကြောင်းတို့ကိုလည်း
ကောင်း၊ ရှေးဟောင်းအဓိပ္ပာယ်ပစ္စည်းများအကြောင်းကို
လည်းကောင်း တားမြစ်မသိပါ။

ယုတ်စွအဆုံး....

တရုတ်ပြည်၏မင်းဆက် နှစ်ဆက် သုံးဆက်မျှကိုပင် မှန်ကန်မပြောနိုင်ပါ။

ထို့ကြောင့်....

သူ၏အနားသို့ နာကာတာရောက်လာကိုင်း သူသည် မနေတတ် မထိုင်တတ် ဖြစ်နေခြင်းပင်ဖြစ်၏။

ယခု....

နာကာတာသည် မည်သည့်စကားမျှ မပြောပါ။

သို့ဖြစ်၍....

တန်ပင်သည် သက်ပြင်းကို မသိမသာချလိုက်သည်။

'အခြေအနေ ကောင်းတယ်မဟုတ်လား'

ဟု ပြောလိုက်သည်။

သူ၏စကားသည် မည်သည့်ကိစ္စကို ရည်ညွှန်း၍ ပြောခဲ့ကြောင်း သူကိုယ်တိုင်မသိပါ။

သို့သော်....

တိတ်ဆိတ်ခြင်းကို မခံစားနိုင်သောကြောင့်ပြောလိုက်ခြင်းဖြစ်သည်။

နာကာတာက ခေါင်းညိတ်လိုက်၏။

တန်ပင်က အဝေးသို့တစ်ချက် လှမ်းကြည့်လိုက်ပြီး....

'ကျုပ်တို့ကိစ္စထဲကို ရီဖုန်းဝင်လာမှာလား'

ဟု မေးလိုက်၏။

နာကာတာက....

'ယောက်လန်းက ရီဖုန်းကို ပါတန်ဒေသမှာ တွေ့ခဲ့တယ်ဟုတ်လား'

တန်ပင်က ခေါင်းညိတ်ကာ....

'ဟုတ်တယ်'

နာကာတာက မျက်မှောင်ကြုတ်ရင်း

'သူက ဆွဲပြားလာယူတာပဲ မဟုတ်လား'

တန်ပင်က

'အမှန်ပြောရရင် ကျုပ်တို့ကိုစ္စကို ကျုပ်တို့က ထိပ်တန်းအဆင့် လျှို့ဝှက်ထားတာ'

နာကာတာက ပြုံးလိုက်ပြီး

'မယုံလို့ ဖြစ်မှာပေါ့'

'ဘာပဲဖြစ်ဖြစ်၊ ကျုပ်တို့ လက်ဦးနေပြီမဟုတ်လား'

ဟု မေးလိုက်၏။

နာကာတာက အင်္ကျီရင်ဘတ်ထဲမှ ဆွဲပြားကိုထုတ်ပြရင်း-

'ဒါကအတု'

နာကာတာ၏ စကားကြောင့် တန်ပင်မျက်မှောင်ကြုတ်၍ သွားပြီး

'ဒါပေမယ့် ဘယ်မှာရှိတယ်ဆိုတာကိုတော့ ညှိနှိုင်းပြနိုင်တယ်မဟုတ်လား'

နာကာတာက ပြုံးလိုက်ပြီး

'အတုက အစစ်လောက်တော့ အစွမ်းထက်မယ်မထင်ဘူး'

ဟု ပြောလိုက်သည်။

တန်ပင်က နာကာတာကို တစ်ချက်လှည့်ကြည့်ကာ

'တန်ပင်၏ဓားကြောင့် နာကာတာသည် စိတ်မျက်၍ သွား၏။ တူးခေါ်ရေးလုပ်ငန်းသည် အလွန်ဘိုကျသော လုပ်ငန်းဖြစ်၏။

ဆံချည်ဘမ္ဘင်မှ လွဲချော်သွားသည်နှင့် မည်ကဲ့သို့ဒုက္ခနှင့် ရင်ဆိုင်ရမည်ကို မည်သူမျှမသိနိုင်သော လုပ်ငန်းပင်ဖြစ်၏။

ထို့စဉ် တန်ပင်က နာကာတာကို စူးစိုက်ကြည့်ပြီး

'လိုအပ်ရင် ဟောဒီ သဲကန္တာရ တခုလုံးကို မြေလှန်ပစ်မယ်....'

ဟုပြောလိုက်၏။

နာကာတာက ရယ်မောလိုက်ပြီး

'ကျုပ်ယုံပါတယ်....၊ ကျုပ်မယု တာက မှော်သေတ္ထာကို ဘာတွေမယ်ဆိုတာကိုပဲ'

ဟုပြောလိုက်၏။

နာကာတာ၏စကားကြောင့် တန်ပင်၏မျက်နှာသည်မည်းနက်၍သွား၏။

သူသည် နာကာတာကို စူးစိုက်ကြည့်ပြီး

'ခင်ဗျားမှာ နည်းလမ်းကောင်းရှိသား'

ဟု မေးလိုက်၏။

နာကာတာက ပြုံးသွက်ပြီး....

'အင်း....ကျုပ်သာဆိုရင်တော့ သဲကန္တာရတခုလုံးကို မြေလှန်ပစ်ဘာထက်ကောင်းတဲ့နည်းကို သုံးမှာပဲ'

ဟုပြောလိုက်၏။

တန်ပင်က မျက်မှောင်ကြုတ်ကာ

'ဘာဖြစ်လို့လဲ'

နာကာတာက ပြုံး၍

'အတုမှာ မျက်နှာစာတစ်ဖက်ပဲရှိတယ်၊ အစစ်မှာမျက်နှာစာ နှစ်ဖက်ရှိတယ်'

ဟု ပြောလိုက်၏။

တန်ပင်က

'ခင်ဗျားက အစစ်ကိုလိုချင်တာလား'

နာကာတာက တန်ပင်ကိုလှည့်ကြည့်ပြီး

'ခင်ဗျားတို့ နောက်ကျသွားပြီ'

ဟု ပြောလိုက်၏။

တန်ပင်က မျက်မှောင်ကြုတ်ကာ

'ဘာဖြစ်လို့လဲ....'

ကန်ပင်က လတ်ကိုဝေ့ယမ်းရင်း

'ကျုပ်တို့ ဒီနေရာမှာရှိနေလို့....'

နာကာက လက်ပြင်းချလိုက်ပြီး

'မှော်သေတ္ထာကို ရှုတ်တွေမယ်လို့ ခင်ဗျားထင်လား'

တန်ပင်က....

'ကျွန်တော်မှာလူအင်အားရှိတယ်၊ ခင်ဗျားရဲ့ဆွဲပြား အတုတွေ အစစ်တွေမရှိလည်း ကျုပ်ကရှာတွေ့မယ်လို့ ယုံကြည်တယ်....'

ဟု ပြောလိုက်၏။

ဟု မေးလိုက်၏။

နာကာတာက ပုခုံးကို အသာဘွန့်ပြလိုက်ပြီး....

'လွယ်လွယ်ကလေးပဲ၊ သူ့ကို တူးဖော်ခိုင်းလိုက်ရုံပေါ့'

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

တန်ပင်သည် တိတ်ဆိတ်နေ၏။

သူသည် တရွေ့ရွေ့ထွက်ခွာသွားသော နာကာတာ၏ နောက်ကျောကို မျက်စိမမှိတ်ပဲ စူးစိုက်ကြည့်နေ၏။

ထို့နောက်သူက သက်ပြင်းတချက်ချလိုက်၏။

တစ်ဆက်တည်းမှာပင် တာဝေ့နယ်စားကြီး၏ လျှို့ဝှက်အန္တရာယ်ကို သတိရလာ၏။

ထိုအမိန့်မှာ တစ်ခြားမဟုတ်ပါ။

ကိစ္စအဝဝပြီးဆုံးပါက နာကာတာကို လုပ်ကြံရန် ဖြစ်၏။

သို့သော် သူသည် နာကာတာကို လုပ်ကြံနိုင်ပါမည်လော။

နာကာတာသည် အလွန်ပါးနပ်၍ ကောက်ကျစ်သော လူစားယောက်ဖြစ်ကြောင်းကို တဖြည်းဖြည်းနှင့် သိလာခဲ့ရပြီ မဟုတ်ပါလား၊

ဤသို့ဆိုလျှင်....

* * *

'ဘာနည်းလဲ'

ဟုမေးလိုက်၏။

နာကာတာက ပြုံး၍....

'ရိုးရှင်းလက်ထဲက ဆွဲပြားအစစ်ကို ရအောင်ယူမှာပေါ့'

တန်ပင်က မျက်မှောင်ကြုတ်ကာ

'မရဘူးဆိုရင်ရော....'

နာကာတာက မျက်ခုံးပင့်လိုက်ပြီး....

'ခင်ဗျားရဲ့လူတွေက အသုံးမတည့်ရင်တော့ မပြောတတ်ဘူး....'

ဟုပြောလိုက်၏။

တန်ပင်က မျက်နှာကိုရှုံ့မဲ့လိုက်ပြီး

'စိတ်ချ....ခင်ဗျားလိုချင်တာ ရစေ့ရမယ်'

ဟု ပြောလိုက်၏။

ပြီးမှ သူသည် နာကာတာကို စူးစိုက်ရှုကြည့်ကာ....

'နောက်မှ မှော်တွေကိုရှာမတွေ့ရင် ကျုပ်ကိုအပြစ် မပြောနဲ့....'

ဟု ပြောလိုက်၏။

နာကာတာက ရယ်မောလိုက်ပြီး

'မရမှာကို မပူပါနဲ့ ကျုပ်မှာနည်းလမ်းတွေ ရှိပါသေးတယ်....'

ဟု ပြောလိုက်၏။

တန်ပင်က မျက်မှောင်ကြုတ်ကာ

'ဘာနည်းလမ်းလဲ'

ခိုးကြောင်ခိုးဝှက်ဖြင့် ခေါက်ဆဲ့ စားသောက်နေခြင်း ဖြစ်လေသည်။

ရိဖုန်းသည် သက်ပြင်းတစ်ချက်ကို ထေမိသာချလိုက် လေသည်။

စိတ်ထဲက ထင်နေတာ ဖြစ်မှာပါဟု လျော့လျော့ပေါ့ပေါ့ တွေးလိုက်ပြီး ရင်ရင်ကိုလှမ်းကြည့်လိုက်၏။

ရင်ရင်သည် အမဲသား ခေါက်ဆဲ့ကြော်ကို အားရပါးရ စားနေ၏။

သူ၏ နှဖူးပေါ်၌ ချွေးမွှား စိုပြီး ဆံပင်မွှား ကပ်နေလေသည်။

သူမသည် ခေါက်ဆဲ့စားနေရာမှ ရပ်တန့်လိုက်ပြီးရိဖုန်းကို ကြည့်လိုက်၏။

ထို့ကြောင့်....

သူတို့နှစ်ယောက်သည် အကြည့်ချင်းဆုံသွား၏။

ရိဖုန်းက သူ၏အကြည့်ကို ရင်ရင်ထံမှ မိမိ၏ ခေါက်ဆဲ့ပန်းကန်သို့ပြေး လိုက်၏။

'ကျွန်မတို့ ဘယ်လောက်ကြာကြာ အခုလို ခိုးကြောင် ခိုးဝှက်နေရဦးမှာလဲ'

ဟု မေးလိုက်၏။

ရိဖုန်းက မိမိ၏ ခေါက်ဆဲ့ ပန်းကန်ကို ငုံ့ကြည့် နေရာမှ ပြန်ခေါင်းကို မော့လိုက်ပြီ'....

'ကျွင်တို့ ခိုးကြောင်ခိုးဝှက် ဖြစ်နေလို့ လား'

ဟု ပြန်မေးလိုက်၏။

အမှောင်ထုသည်နှင့်ထွေ့ပြီး လေကြီမ်သက်နေ၏။

လေထဲ၌ စိုထိုင်းမှုလုံးဝမရှိပါ။

အရာရာသည် ခြောက်သွေ့နေ၏။

ဟိမဝန္တာတောင်တန်း တစ်နေရာမှာပါတန်ဒေသနှင့် ဆန့်ကျင်ဘက်ဖြစ်၏။

ရိဖုန်းနှင့် ရင်ရင်သည် ခေါက်ဆဲ့ဆိုင်ထဲ၌ ထိုင်နေ၏။

ရင်ရင်သည် အမဲသားခေါက်ဆဲ့ကြော်ကို မြိန်ရည်ယှက်ရည်စားသောက်နေသည်။

ရိဖုန်းသည် ဆာလောင်နေသော်လည်း မှုတ်ကိပတ်စ် စားသောက်နိုင်ခြင်းမရှိပါ။

သူ၏မျက်လုံးများက တံခါးပေါက်သို့မကြာခဏ လှမ်း၍ ကြည့်နေမိ၏။

အာဘယ်ကြောင့် ဆိုသော်....သူတို့ကို မျက်လုံး တစ်စုံက ချောင်းမြောင်းကြည့်ရှုနေသည်ဟု ခံစားနေရသောကြောင့်မင် ဖြစ်သည်မဟုတ်ပါလား။

ရိဖုန်းတို့သည်ကျူးမြို့သို့ နေ့မဝင်မီရောက်ရှိလာခဲ့ကြ၏။

ကျူးမြို့ကလေးသည် မြေပုံပေါ်၌မေတ်ပြထားခြင်း မရှိသော နယ်စပ်မြို့ကလေး တစ်မြို့ဖြစ်၏။

ရိဖုန်းသည်ကျူးမြို့သို့ ရောက်သည်နှင့် မင်းလမ်းမ အတိုင်း လမ်းမလျှောက်တဲ့ နောက်ဖေးလမ်းကြားမှ လျှောက်လာခဲ့ခြင်းဖြစ်၏။

နောက်ဆုံး၌သူတို့သည် ချောင်ကျသော နေရာမှ ခေါက်ဆဲ့ဆိုင်သို့ ဝင်ရောက်လိုက်ပြီး ချောင်ကျသော စားပွဲ၌ ထိုင်ကာ

'ဟုတ်မှာပါ၊ ကျွန်မလဲရှင်နဲ့အတူ လမ်းမပေါ်မှာထင်ထင်ပေါ်ပေါ် လမ်းမလျှောက်ရဲဘဲ နောက်ဘေး လမ်းကြားတွေ အိမ်ကြို့အိမ်ကြား ဇတ်မှာ ခိုးကြောင်ခိုးဝှက် သွားရတာကို သဘောကျချင်ကျနေမှာပေါ့'

ဟူ အငေါ့တူးလိုက်၏။

ရိဖုန်းက သက်ပြင်းချလိုက်ပြီး....

'ဒါက ယာယီပါကွာ'

ရင်ရင်က ပြုံး၍....

'ယာယီဆိုတာ ဘယ်လောက်ကြာမှာလဲ၊ တစ်နှစ်လား၊ ဆယ်နှစ်လား၊ တစ်သက်လား'

ရိဖုန်းက....

'မဟုတ်ပါဘူး၊ စိတ်ချရလောက်တဲ့ အချိန်အထိပါ'

ရင်ရင်က....

'အဲဒါကို ပြောတာပဲဘယ်တော့မှ စိတ်ချရမှာလဲ၊ ကျွန်မ ဘဝီလို ပေရေစုတ်ပြတ်နေတဲ့ ပုံကြီးနဲ့ ဘယ်လောက် အထိ နေရမှာလဲ'

ရိဖုန်းက ဘာမှ ပြန်မပြောတော့ပါ။

သူသည် ပါးစပ်ကိုပိတ်လိုက်၏။

ပြီးမှ....

သူသည် ရင်ရင်ကိုကြည့်ကာ....

'မင်းက ကျွပ်နဲ့တွေ့တာ ကံကောင်းတယ်၊ အရက်ဆိုင် ပွက်စီးရုံ ခိုးကြောင်ခိုးဝှက်နေရရုံပဲရှိတယ်'

ဟု ပြောလိုက်၏။

ရင်ရင်က နှုတ်ခမ်းကိုတစ်ချက်တွန့်လိုက်ပြီး....

'တစ်ယောက်ယောက်က ကျွန်မတို့ကို တွေ့သွဲ့းမှာ ရှင့်စိုးရိမ်နေတယ်မဟုတ်လား'

ရိဖုန်းက သက်ပြင်း ချလိုက်ပြီး....

'ပါတန်မှာ တွေ့ခဲ့တဲ့ လူမျိုးတွေနဲ့ ထပ်ပြီး မတွေ့ချင်လို့ပါ'

ဟု ပြောလိုက်၏

ရင်ရင်က....

'ကျွန်မလဲ ဘာဖြစ်လို့ စီးပွားရေးကောင်းနေတဲ့ ပါတန်ကိုစွန့်ခွာခဲ့ရသလဲဆိုတာ အမှုအထိစဉ်းစားလို့ မရဘူး၊ ရှင် ဖျက်ဆီးပစ်လိုက်တဲ့ အရက်ဆိုင်လုပ်ငန်းလေ'

ဟု ပြောလိုက်လေ၏။

ရိဖုန်းက....

'အရက်ဆိုင်ကို မိန်းမတစ်ယောက်က ဦးစီးတာကို ကျုပ် ဖြင့်တခါမှ မတွေ့ဖူးဘူး'

ရင်ရင်က ပြုံးလိုက်ပြီး....

'ရှင် ဗဟုသုတရလိုက်တာပေါ့'

ရိဖုန်းက တံခါးဝသို့ တစ်ချက် လှမ်းကြည့်လိုက်၏။

ပြီးမှ....

'ဘာပဲ ဖြစ်ဖြစ် အရက်ဆိုင်ပျက်စီးသွားတာ မင်းအတွက် ကံကောင်းမှာပါ'

ရင်ရင်က မျက်နှာချို့မဲ့လိုက်ပြီး....

ရင်ရင်စာ မျက်ခုံးပင့်လိုက်ပြီး....

'ရှင်နဲ့ မတွေ့ဘူးဆိုရင်ရော'

သူက ပြုံးလိုက်ပြီး....

'အခုလောက် ဆိုရင် မင်းဟာ လောကပေါ်မှာ ရှိမှာ မဟုတ်တော့ဘူး'

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

* * *

ထိုမိန်းကလေးသည် ဂိုက်ဆဲကန္တရအနီးမှ မြို့ကလေး တစ်မြို့ဖြစ်၏။

ထိုမြို့ကို ကျော်လွန်သည်နှင့် မျက်စိတစ်ဆုံးကျယ်ပြန့်သော သဲကန္တာရလုံးပြင်ထဲသို့ ရောက်ရှိသွားလိမ့်မည်ဖြစ်၏။

ထိုသဲကန္တာရဇုံ၌ တာဝေနယ်စားကြီး၏ သိမ်းငှက် မြေဟောင်းတူးဖော်ရေးစခန်းရှိ၏။

ထို့ကြောင့်....

တူးဖော်ရေး စခန်းမှ တာဝေနယ်စားကြီး၏ ရဲမက် တပ်ချို့သည် ဤသို့လာရောက်ပြီး အပန်းဖြေလေ့ ရှိ၏။

'မြစိမ်းကန်စားသောက်ဆိုင်'

ဤမြို့ကလေး၌ နာမည် ကျော်ကြားသော စားသောက်ဖြစ်သည်။

ထို့ကြောင့်....

ထိုစားသောက်ဆိုင်၌ တာဝေနယ်စားကြီး၏ ရဲမက်များ ပြည့်နေလေ၏။

မြစိမ်းရောင်စားသောက်ဆိုင် ပိုင်ရှင်သည် အလွန်မါးနပ်သူ ဖြစ်သည်။

ထို့ကြောင့်....

သူသည် တန်ပင်ကို လာဘ်ထိုးကာ တူးဖော်ရေး၊ စခန်းတွင် စာနပ်ရိက္ခာနှင့် လိုအပ်သောပစ္စည်းများကိုတာဝန်ခံဆောင်ပေး၏။

သို့ဖြစ်၍....

မြစိမ်းကန် စားသောက်ဆိုင် ပိုင်ရှင်သည် တစ်နှစ်နီးပါးမျှ ဖြေရသော အမြတ်ကို တစ်လတည်းနှင့် ရရှိခဲ့သောကြောင့် သူ၏ မျက်နှာပေါ်၌ ပိတ်၍မရအောင် ပါးစပ်က ပြုံနေနေသော်တော့သည် မဟုတ်ပါလား။

* * *

တန်ပင်သည် မြစိမ်းကန် စားသောက်ဆိုင်ထဲသို့ လှမ်းဝင်
လိုက်၏။

စားသောက်ဆိုင် တံခါးဝမှ ဆိုင်လုလင်က ခရီးဦးကြို မင်္ဂ
မိပါ။

စားသောက်ဆိုင် ပိုင်ရှင်သည် လေ၏ လျင်မြန်ခြင်းမျိုးဖြင့်
တံခါးဝသို့ ရောက်ရှိလာပြီး တန်ပင်ကို ကြိုဆိုလိုက်လေတော့
သည်။

တန်ပင်က ခေါင်းကို မော့ထား၏။

သူ၏ ရင်ကိုကော့ထားသည်။

သူသည် လက်နှစ်ဖက်ကို နောက်သို့ ပစ်ထား၏။

တန်ပင်၏ နောက်မှ နာကာတာနှင့် ဝမ်ယုတို့ လိုက်ပါလာ
သည်။

စားသောက်ဆိုင်ပိုင်ရှင်သည် တန်ပင်တို့ကို ခရီးဦးကြို ပြု
လိုက်ပြီး အပေါ်ထပ်မှ သီးသန့် အခန်းသို့ ခေါ်ဆောင်သွား
သည်။

ထိုအချိန်၌....

ရိဖုန်းနှင့် ရင်ရင်တို့သည် ချောင်ကျသော ခေါက်ဆွဲဆိုင်မှ
ခေါက်ဆွဲစားနေကြသည် မဟုတ်ပါလား။

တန်ပင်က စားပွဲ၌ ဝင်ထိုင်လိုက်ပြီး စားသောက်စရာနှင့်
အရက်ကို မှာကြားလိုက်၏။

စားသောက်ဆိုင်ပိုင်ရှင်က မှာကြား လိုက်သောစားသောက်
ဖွယ်ရာနှင့် အရက်အိုးကို အမြန်ဆုံး ယူလာရန် စားပွဲထိုးအား
ပြောလိုက်၏။

ပြီးမှ....

သူသည် တန်ပင်ကို မြှုံးပြ၍....

'သတင်းကောင်းပဲ'

ဟု ပြောလိုက်သည်။

စားသောက်ဆိုင် ပိုင်ရှင်၏ စကားကြောင့် တန်ပင်ကမျက်
နှာငင်ကုတ်သွားပြီး စားသောက်ဆိုင်ပိုင်ရှင်အား စူးစိုက်ကြည့်
လိုက်၏။

တန်ပင်၏ အကြည့်ကြောင့် စားသောက်ဆိုင် ပိုင်ရှင်သည်
ကြောင်သွားသဖြင့် တစ်ချက် တုန်လှုပ်သွားသည်။

တန်ပင်က....

'ကောင်းသတင်း.... ဘာကောင်းသတင်းလဲ'

ဟု မေးသည်။

ပိုင်ရှင်က တံတွေးတစ်ချက် မျိုချပြီး....

'ဟိုး....ဟိုး....ဒီနေ့ည နေမှာ လူစိမ်းနှစ်ယောက် ဒီမြို့ကိုရောက်
လာပါတယ်'

ဟု ပြောလိုက်သည်။

တန်ပင်က မျက်နှာကို ရှုံ့မဲ့လိုက်ပြီး....

'ဆက်ပြော'

ဟု ပြောလိုက်သည်။

ပိုင်ရှင်က နှုတ်ခမ်းကို လျှာဖြင့် တစ်ချက်သပ်၍....

'ယောကျ်ားတစ်ယောက်နဲ့ မိန်းမ တစ်ယောက်ပါ'

ဟု ပြောလိုက်၏။

တန်ပင်က

နေတယ်ဆိုတာ ကျွန်တော် မပြောနဲ့ မျက်စီအမြင်ကဲ့သူကောင်း သိနိုင်တယ်'

ဟု ပြောလိုက်သည်

တန်ပင်က မျက်မှောင်ကုတ်ပြီး

'သူတို့ အခု ဘယ်မှာလဲ'

ဆိုင်ရှင်က ပြုံးလိုက်ပြီး....

'သူဘို့ အခု ခေါင်ကူပြီး စေ့းပေါ်တဲ့ စားသောက်ဆိုင် မှာ ညစာ စားနေပါတယ်'

ဟု ပြောလိုက်၏။

တန်ပင်က

'ဘယ်ဆိုင်လဲ'

ဆိုင်ရှင်က

'ဆင်းရဲသား ရေကွက်ထဲက ဆိုင်တစ်ဆိုင်ပါ။ ဆိုင်နာမည် မသိဘူး'

ဟု ပြောလိုက်သည်။

တန်ပင်က မျက်မှောင်ကုတ်၍....

'သူတို့ရဲ့ ပုံပန်းသဏ္ဌာန်ကရော'

ဟု မေးလိုက်၏။

ဆိုင်ရှင်က ရိုးနှိုး၍ ရင်ရင်တို့၏ ပုံပန်းသဏ္ဌာန်ကို ပြော ပြလိုက်လေတော့သည် မဘုတ်ပါလား။

* * *

'ပြီးခဲ့တဲ့ နှစ်ရက်ကလဲ လူစိမ်းဝင်လာတယ်၊ ယောကျ်ားနဲ့ မိန်းမလို့ ပြောတယ်၊ အလကားပဲ အချိန်ကုန်တယ်'

ဟု ပြောလိုက်သည်။

ပိုင်ရှင်က ပြုံးပြီး....

'ဒီတစ်ခါတော့ သူတို့ဟာ ဆရာတို့ လိုချင်တဲ့လူ ဖြစ်မှာပါဗျာ'

ဟု ပြောလိုက်၏၊

တန်ပင်က မျက်မှောင်ကုတ်၍

'ကျုပ်လုံချည်တဲ့လူ ဟုတ်မဟုတ် ခင်ဗျားက သိလို့လား'

ဟု မေးလိုက်၏၊

ပိုင်ရှင်က ပြုံး၍

'သေချာပါတယ်၊ ဘာဖြစ်လို့ လဲဆိုတော့ သူတို့ဟာ မင်းလမ်းမအတိုင်း မသွားဘူး၊ သမိုးကြိုးမိုးကြား အိမ်ကြီးအိမ်ကြား က သွားတယ်၊ ယောကျ်ားလုပ်တဲ့လူက ပတ်ဝန်းကျင်ကို မကြာခဏ ကြည့်နေတတ်တယ်'

ဟု ပြောလိုက်သည်။

နာကာတာက ပြုံးလိုက်ပြီး....

'သူတို့က ခိုးကြောင်ခိုးဝှက်နဲ့ သွားနေတယ်လို့ ခင်ဗျားက ထင်လို့လား'

ဟု မေးလိုက်သည်။

ဆိုင်ရှင်က ခေါင်းညိတ်လိုက်ပြီး

'ဟုတ်ပါတယ်၊ သူတို့ရဲ့ အပြုအမူဟာ တစ်ယောက်ယောက် က သူတို့ကို တွေ့သွားမှာ စိုးရိမ်ပြီး ခိုးဝှက်သွား

ရိဖုန်းသည်၊ ခေါက်ဆွဲကို ငုံ့စားနေ၏။
ရင်ရင်သည် ရိဖုန်းကို ကြည့်လိုက်ပြီး....
'စားသောက်ပြီးရင် အယ်မှာတည်းမှာလဲ'
ဟု မေးလိုက်၏။
ရိဖုန်းက ရင်ရင်ကို မော့မကြည့်ဘဲ....
'ကျုပ် စဉ်းစားနေတယ်၊ တည်းခိုခန်းမှာမတည်းဘဲ၊ တယောက်ယောက်ရဲ့ အိမ်မှာ တည်းမလားလို့'
ရင်ရင်က မျက်မှောင်ကြုတ်ကာ....
'ဒီမှာ ရှင့်ရဲ့ အသိရှိလား'
ရိဖုန်းက
'ရှိမယ်ထင်တာပဲ'
ရိဖုန်း၏ စကားကြောင့် ရင်ရင်သည် ရိဖုန်းကို မျက်လုံးပြူးကြည့်ကာ....
'ရှိမယ်ထင်တာပဲ ဟုတ်လား'
ဟူ၍ ထပ်မေးလိုက်၏။
ရိန်ဖုန်းက သက်ပြင်းချလိုက်ပြီး
'ဟုတ်တယ်ဘာဖြစ်လို့ လဆိုထော့ ကျုပ်ဒီဘက်ကိုမရောက်တာ နှစ်နဲ့ချီပြီး ကြာနေပြီ'
ဟု ပြောလိုက်၏။
ရင်ရင်က စိတ်ပျက်ဖြင့် သက်ပြင်းချလိုက်ပြီး....
'ကျွန်မတို့ ချောင်ကျတဲ့ တည်းခိုခန်းမှာဘဲ တည်းရင် ကောင်းမယ်ထင်တယ်'
ဟု ပြောလိုက်၏။

ရိဖုန်းက
'မဖြစ်ဘူး၊ ဒီမြို့က နယ်စပ်မြို့ဆိုတော့ လူဆိုးတွေ သူခိုးသွေ ပေါတယ်'
ရင်ရင်က စိတ်မရှည်ဟန်ဖြင့်....
'ကောင်းပြီ၊ ရှင်မြန်မြန်စား ကျွန်မအိပ်ချင်နေပြီ'
ဟု ပြောလိုက်သလိုတော့သည် မဟုတ်ပါလား။

* * *

ရိဖုန်းသည် ရှင်ရင်၏လက်ကိုဆွဲ၍လမ်းကြားထဲ၌လျှောက်နေ၏။
မင်းလမ်းမပေါ်၌ အမှိုက်သရိုက်များနှင့် စွန့်ပစ်ပစ္စည်းတို့ မရှိသလောက် သန့်ရှင်းနေသော်လည်း....
လမ်းကြားထဲ၌ အမှိုက်သရိုက်များနှင့် စွန့်ပစ် ပစ္စည်းများသည် မှိုပွင့်နေပြီဖြစ်၏။
နံစော်သော အနံ့အသက်များကြောင့် အသက်ဝအောင် မှုန်ရဲရဲကြခဲ့၏။
ရိဖုန်းသည် လမ်းကြားထိပ်ရောက်သောအခါ ခြေလှမ်းခပ်တန့်လိုက်ပြီး....

ထမ်းကြွားထဲမှ ခေါင်းပြုကာအမြင့်သို့ချာခ်ာကြည့်
ထည်။

ရင်ရင်က မျက်မှောင်ကြုတ်ရင်း
'ရှင် အခု ဘယ်သွားမလို့လဲ'
ဟု မေးလိုက်၏
ရိဖုန်းက ရင်ရင်ဘို့လှည့်မတြတဲ....
'ကျုပ် မိတ်ဆွေရှာဒိမ်ကို'
ဟု ပြောလိုက်၏။
ရင်ရင်က....
'ရှင့် မိတ်ဆွေကဘယ်သူလဲ'
ဟု မေးလိုက်၏။
ရိဖုန်းက ရင်ရင်ကို လှည့်ကြည့်ပြီး
'ဇလောင်မာ'
ရင်ရင်က
'သူက ဘာလုပ်သလဲ'
ရိဖုန်း စိတ်မရှည်ဟန်ဖြင့်
'ဒါဟေတာ့ ကျုပ် မပြောတတ်ဘူး၊ ဒါပေမယ့် အရပ်တုန်း
ဇေတာ့ သူက အလုပ်သမားခေါင်းဆိ'
ဟု ပြောလိုက်၏။
ပြီးမှ....
ရိဖုန်းသည် ရင်ရင်၏ လက်ကို ဆွဲ၍ လမ်းကြားမှ ထွက်
လမ်းမကြီးကို ဦးတည်သွတ် ဖြတ်ကူးလိုက်၏။

သူ၏ စိတ်ထဲမှလည်း ဇလောင်မာသည် ယခင်နေအိမ်၌ပင်
ရှိနေပါစေဟု ဆုတောင်းနေမိ၏။
တစ်ဆက်တည်းမှာပင်....
တာဝေနယ်စားကြီး၏ တူးဖော်ရေးလုပ်ငန်းထဲ၌ လောင်
မာ၏ တပည့်သား မြေးများ ရှိနေပါစေဟုလည်း ဆုတောင်း
လိုက်၏။
ရိဖုန်းသည် လမ်းမကြီးကို ဖြတ်ကူးပြီးနောက် လမ်းချိုး
တစ်ခုချိုး ခွဲးကွေ့လိုက်၏။
ရိဖုန်းတို့နှစ်ယောက် ထွက်လာခဲ့သော လမ်းကြားထဲမှ
လူရိပ်တစ်ရိပ် ထွက်ပေါ်လာ၏။
သူဖုန်းစားတစ်ယောက် ဖြစ်၏.
သူ၏အဝတ်အစားများသည် အရောင်အသွေး စုံလှသော
ပိတ်စများဖြင့် ချုပ်ထားခြင်းမဟုတ်ပါ။
အင်္ကျီပေါ်မှ အပေါက်ပြများကို တွေ့ရုပိတ်စများဖြင့်ပင်
ဖာထေးရာမှ ယခုကဲ့သို့ အရောင်အသွေးစုံသော အင်္ကျီဖြစ်၍
သာခြင်းဖြစ်၏။
သူသည် ရိဖုန်းတို့ဝင်ရောက်သွားသော လမ်းထောင့်ချိုး
ကို စူးစိုက်ကြည့်နေ၏။
သူသည် နှုတ်ခမ်းကိုတွန့်၍ တစ်ချက်ပြုံးလိုက်၏။
တို့နောက်....
သူသည် လမ်းမကြီးကို ခြေလှမ်းမှန်မှန်ဖြင့် ကူးဖြတ်သွား
လေ၏။

* * *

တံခါးပွင့်သွား၏။

ပွင့်သွားသော တံခါးဝ၌ ဝက်တစ်ကောင်ရပ်နေ၏။

တိရစ္ဆာန်ဝက် မဟုတ်ပါ။

ဝက်နှင့်အလွန်တူသော လူတစ်ယောက်ဖြစ်၏။

နှာခေါင်းက ဝက်ကဲ့သို့ အပေါ်လန်နေ၏။

မျှမျှက်နှာက ခပ်ဝိုင်းဝိုင်း မျက်ပေါက်က ခပ်ကျဉ်းကျဉ်း ဖြစ်၏။

ဝမ်းဗိုက်က ရှေ့သို့ငေါထွက်နေ၏။

ထိုလူသည် သူ၏ကျဉ်းမြောင်းသော မျက်လုံးတစ်စုံဖြင့် ရိဖုန်းကို ကြည့်နေ၏။

အတန်ကြာမှ သူ၏မျက်နှာသည် ပြုံး၍လာပြီး ရိဖုန်းက် ဝမ်းသာအားရ ပြေးဖက်လိုက်၏။

တစ်ပတ်နှစ်ပတ်မျှ ကွဲကွာသွားသော မိတ်ဆွေဟောင်းက် မြင်တွေ့လိုက်ရသကဲ့သို့ ရိဖုန်းအား ဝမ်းသာအားရ ဆီးကြိုလိုက်ခြင်းဖြစ်၏။

အမှန်မှာ....

သူတို့နှစ်ယောက်သည် နှစ်အတန်ကြာဖအာင် ကွဲကွာနေခဲ့ကြ၏။

သူသည် ရိဖုန်းကို အားရဝမ်းသာ ပွေ့ဖက်လိုက်ပြီးလျှင် ရိဖုန်း၏နောက်၌ရပ်နေသော ရင်ရင်ကို မြင်တွေ့သွားဟန်ဖြင့် မျက်လုံးပြူး၍ ကြည့်လိုက်၏။

ပြီးမှ....

သူသည် မည်ကဲ့သို့ သဘောပေါက်သွားသည် မသိပါ။

တဟားဟားရယ်မောလိုက်ပြီး ရိဖုန်း၏ပခုံးကိုပုတ်ကာ....

'မင်း၏ မိန်းမခိုးလာတာကိုး'

ဟု ပြောလိုက်၏။

ဝက်နှင့်တူသောလူ၏ စကားကြောင့် ရင်ရင်၏ဖြူဖွေးသော မျက်နှာသည် နီရဲ၍သွား၏။

ရိဖုန်းက ရင်ရင်ကိုလှည့်ကြည့်ပြီး အားတုန့်အားနာ ဖြစ်သွား၏။

ရိဖုန်းက သက်ပြင်းချကာ....

'လောင်မာ၊ ငါတို့က....တို့'

ရိဖုန်း၏စကား မဆုံးပါ။

လောင်မာအမည်ရှိသော ဝက်နှင့်တူသည့်လူက လက်ကာပြလိုက်ပြီး

'ကျုပ်တို့က ပြောရမယ့် လူတွေ့မဟုတ်ဘူး၊ မင်းတို့ နှစ်ယောက် လွတ်လွတ်လပ်လပ်သာနေပါ၊ အားမနာပါနဲ့'

ဟု ပြောလိုက်၏။

တစ်ဆက်တည်းမှာပင်....

သူသည် အိမ်ထဲသို့လှည့်ကာ

'မာဝေရေ၊ ဒီမှာဘယ်သူလဲ၊ လာကြည့်စမ်း'

ဟု ပြောလိုက်သည်။

လောင်မာ၏ စကားအဆုံး၌....

ဝဝတုတ်တုတ် မိန်းမကြီးတစ်ယောက်သည် စဉ့်အိုးတစ်လုံးသဖွယ်လာသကဲ့သို့ တံခါးပေါက်အနီးရောက်လာပြီး ရိဖုန်းကို မြင်တွေ့လိုက်သည်နှင့်....

မာဝေသည် ရင်ရင်နှင့်အတူ မီးဖိုထဲ၌ ချက်ပြုတ်ကြရင်းနှင့် ဓားကို မရပ်မနားပြောနေ၏။

သူမသည် အလွန်စကားပြောကောင်းသူ ဖြစ်၏။

ထို့ကြောင့်....

ရင်ရင်သည် မိမိနှင့်ရိုးဖွဲ့ဘို ခိုးရာသိုက်ဟာခြင်း မဟုတ်ကြောင်း ရှင်းပြရန် အချိန်မရခဲ့ချေ။

စားပွဲ၌ စားခဲသောက်ဖွယ်ရာများ ပြင်ဆင်ပြီးနောက်....

မာဝေက လောင်မာကို လှမ်းကြည့်ပြီး....

'ကျွန်မတို့က ညီခန်းထဲမှာအိပ်မယ်၊ သူတို့နှစ်ယောက်ကို ကျွန်မတို့ရဲ့အိပ်ခန်းကို ပေးလိုက်တာပေါ့'

ဟု ပြောလိုက်၏။

မာဝေ၏စကားကြောင့် လောင်မာသည် မျက်လုံးပြူး၍ သွားပြီး

'ဟေ့....ဟေ့၊ တို့ထင်တာ မှားနေပြီ'

ဟု ကပျာကယာ ဝင်ပြောလိုက်၏။

ရိဖုန်းနှင့်ရင်ရင်တို့သည် မိတ်ဆွေများဖြစ်ကြောင်း မာဝေကို ရှင်းပြလိုက်ရသည်။

ထိုအခါမှ....

မာဝေသည် အားတုန့်အားနာဖြင့် ရင်ရင်ကို ကြည့်လိုက်ပြီးလျှင်....

'ဟယ်....အားနာလိုက်တာ၊ ဒါပေမယ့် အမှန်ပြောရမယ် ဆိုရင် ညီမထို့ နှစ်ယောက်က ရှေ့သွားနောက်လိုက် ညီတယ်၊ စိတ်ကူးမလဲပါနဲ့ ညီမရယ်'

'ဟင်....ရိဖုန်း၊ မတွေ့တာကြာပြီ'

ဟု နှုံ့ပြောလိုက်၏။

လောင်မာက ရယ်မောကာ

'ဒီကောင်....အခု မိန်းမခိုးလာတာ'

မာဝေက ရိဖုန်းနောက်မှ ရင်ရင်တို့လှမ်းကြည့်ပြီး....

'ဟယ်.... မိန်းကလေးက ချစ်စရာလေးပဲ၊ လာ....ညီမ မရှက်နဲ့၊ ကိုယ့်အိမ်လိုသဘောထား'

ဟု ပြောကာ ရင်ရင်၏လက်ကိုဆွဲ၍ အိမ်ထဲသို့ခေါ်သွားလေတော့၏။

ရင်ရင်သည် အာပြန်ပြောရမှန်း မသိခင်မှာပင် မာဝေနောက်မှ လိုက်ပါသွားလေတော့သည် မဟုတ်ပါလား။

* * *

မာဝေ၏ခန့်ကိုယ် ဝတ်ကိုတ်တုတ်ကြီးသည် ချက်ပြုတ်ရာ၌ အလွန်လျင်မြန်၏။

မျက်စိတစ်မှိတ် အချိန်အတွင်းမှာပင်

စားပွဲပေါ်သို့ ပူနွေးသော စားသောက်ဖွယ်ရာများရောက်လာ၏။

ဟု ပြောလိုက်၏။

မာဝေ၏ စကားကြောင့် ရင်ရင် မျက်နှာပေါ်၌ ရွှင်သွေး ဖြန်း, မဖြန်း ရိဖုန်း မသိပါ။

သူကတော့ မျက်နှာကြီးကို ငုံ့လိုက်မိလေတော့သည်မဟုတ်ပါလား။

* * *

ရင်ရင်သည် လောင်မာ၏ကလေးများနှင့် စကားပြောနေသည်။

ရင်ရင်၏ အနီး၌ မာဝေသည် အင်္ကျီကို ချုပ်နေလေသည်။

လောင်မာနှင့် ရိဖုန်းတို့က ည့ဉ်ခန်းထဲမှ ကုလားထိုင်တွင် ထိုင်နေ၏။

လောင်မာသည် ရိဖုန်းကို ကြည့်ရင်း....

'ရိဖုန်း....ခင်ဗျားအနေနဲ့ အိမ်ထောင်ပြုသင့်ပြီ'

ဟု ပြောလိုက်၏။

ရိဖုန်းက ဘာမျှ ပြန်မပြောပါ။

လောင်မာက ပြုံးပြီး....

'အိမ်ထောင်ပြုမယ် ဆိုရင်တော့ သူ့ကို ရွေးချယ်သင့်တယ်'

ဟု ပြောလိုက်၏။

ရိဖုန်းက လောင်မာကို ကြည့်နေရာမှ ရင်ရင်အား လှမ်းကြည့်လိုက်၏။

ရင်ရင်သည် ကလေးများနှင့်ပျော်နေပုံရ၏။

သူမသည် လောင်မာ၏ အငယ်ဆုံး ကလေးကို ပွေ့ချီထားသည်။

ယခုအချိန်၌....

သူမ၏ မျက်နှာသည် ပါတန်ဒေသမှ ရင်ရင်၏ မျက်နှာမျိုးမဟုတ်တော့ပါ။

သူမ၏ အပြုအမူကလည်း ပါတန် ဒေသမှာကဲ့သို့ ကြမ်းတမ်းတမ်း မဟုတ်တော့ပါ။

ရိဖုန်းက သက်ပြင်းချလိုက်ပြီး လောင်မာ၏ ကလေးများဘေးချက် ရေတွက်ကြည့်မိသည်။

၃စုပေါင်း ကိုးယောက်ရှိ၏။

ရိဖုန်းက လောင်မာကို ကြည့်၍....

'အရင်က သုံးယောက်ပဲရှိတယ် မဟုတ်လား'

ဟု မေးလိုက်၏။

လောင်မာက ခေါင်းညိတ်၍....

'ဟုတ်တယ်.... အခု စုစုပေါင်း ကိုးယောက်ရှိတယ်၊ ထပ်မွေးတော့ဘူး'

ဟု ပြောလိုက်၏။

ရိဖုန်းက ပြုံးလိုက်ပြီး....

ဟု မရေမရာ အဖြေပေးလိုက်၏။
လောင်မာက ပြုံးလိုက်ပြီး
'ခင်ဗျား ဒီကို ဘာလုပ်ဖို့ ရောက်လာတယ် ဆိုတာ ကျုပ်
ဖြန့်ဝင်မယ်ထင်တယ်'
ဟု ပြောလိုက်၏။
လောင်မာ၏ စကားကြောင့် ရိဖုန်းသည် လောင်မာကို
ကြည့်လိုက်မိသည်။
လောင်မာက ရယ်လိုက်ပြီး
'ဒီမှာ သိမ်းငှက် မြို့ဟောင်းက တူးဖော်နေတာ၊ ဒါကို
ဘျားစိတ်ဝင်စားနေတယ် မဟုတ်လား'
ဟု မေးလိုက်သည်။
လောင်မာက ပြုံးပြီး....
'ရှာပေးရကာပေါ့၊ ဒါမေမယ့် လုပ်ငန်းတစ်ခုလုံးအတွက်
ဘာ့ မဟုတ်ဘူး၊ အဓိက တူးဖော်ရမယ့် နေရာတွေအတွက်
အလုပ်သမား သုံးဆယ်လောက် ရှာပေးရတာ'
ဟု ပြောလိုက်၏။
ရိဖုန်းက မျက်မှောင်ကုတ်ပြီး....
'နည်းလှချည်လား'
ဟု မေးလိုက်သည်။
လောင်မာက ခေါင်းညိတ်လိုက်ပြီး....
'သူတို့မှာ လူတွေ ပါလာတယ် အများကြီးပဲ၊ ကျုပ်အထင်
ရာရင် ဖမ်းလာတာ ဖြစ်လိမ့်မယ်'
ရိဖုန်းက မျက်မှောင်ကုတ်၍....

'ထပ်မွေးရင်တော့ ခင်ဗျားဘာသာ ခင်ဗျား တစ်ရွာတည်
ရလိမ့်မယ် ထင်တယ်'
ဟု ပြောလိုက်၏။
လောင်မာက ပြုံးလိုက်ပြီး
'ခင်ဗျား ပြောတာ ဖြစ်နိုင်တယ်၊ ကျုပ်လဲ တစ်ရွာတည်း
စဉ်းစားထားပြီးပြီ'
ဟု ပြောလိုက်၏။
ရိဖုန်းက ပြုံးပြီး....
'ကျုပ်က ကလေးတွေရဲ့ ကရိကထကိုတော့ ခံနိုင်မယ်မထင်
ဘူး'
ဟု ပြောလိုက်၏။
လောင်မာက ပြုံး၍....
'ခင်ဗျားက ကလေးတွေနဲ့ မနေဖူးသေးလို့ ပါ။ နေဖူးသွား
ရင် ကလေးတွေဟာ ဘယ်လောက် ချစ်စရာကောင်းလဲ ဆိုတာ
သိလာလိမ့်မယ်'
ဟု ပြောလိုက်၏။
ပြီးမှ....
ယူသည် ရိဖုန်းကို စေ့စေ့ကြည့်လိုက်ရင်း....
'ရိဖုန်း....အခု ဒီကိုလာတာ ကျုပ်နဲ့ တွေ့ချင်လို့ အလည်
သက်သက်လာတာ မဟုတ်ဘူး ထင်တယ်'
ဟု ပြောလိုက်၏။
ရိဖုန်းက သက်ပြင်းချပြီး....
'ဟုတ်မယ် ထင်တာပဲ'

'ဒီလုပ်ငန်းက အိမ်သာကျင်းတူးတာမှ မဟုတ်ဘဲ'
လောင်မာက ခေါင်းညိတ်၍....
'မှန်တာပေါ့၊ ဒါပေမယ့် သူတို့က လုပ်ငန်းကို မြန်မြန်ပြတ်အောင် လူအားသုံးတာ'
ရိဖုန်းက သက်ပြင်းချလိုက်ပြီး....
'ထိရောက်မှုရော ရှိရဲ့လား'
လောင်မာက နူတ်ခမ်းကို တစ်ချက် ကိုက်လိုက်ပြီး....
'ဒီနေ့ ကျုပ်သိမ်းဌက်မြို့ရဲ့ မြေပုံခန်းထဲကို ရောက်ခဲ့တယ်ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

* * *

ရိဖုန်း၏ မျက်နှာပေါ်၌ အမှုအရာအမျိုးမျိုး ပြောင်းသွားသည်။
သူ၏ မျက်လုံးများက မယုံကြည်နိုင်ဟန်ဖြင့် လောင်မာကို ကြည့်နေ၏။
အုံ့သြခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ မခံချင်စိတ်၊ သံတုန်လှုပ်ခြင်းစသည့် ခံစားမှု အမျိုးမျိုးရောယှက်၍ ရိဖုန်း၏ မျက်နှာပေါ်၌ဖြစ်ပေါ်ဖြတ်သန်းသွား၏။

သူ၏ ပါးစပ်ကလည်း ဟောင်းလောင်းပေါက်တစ်ခုကဲ့သို့ နေ၏။
သူ၏ ခန္ဓာကိုယ်သည် မသိမသာ တုန်လှုပ်နေပြီ သူ၏ ဦးက်များကလည်း ဟင်းလင်းပြင်တစ်ခုကဲ့သို့ဖြစ်သွားလေ
သူ၏ အသိဉာဏ်အားလုံးသည် အဆုံးအစမရှိသော တွင်းကြီးထဲကျရောက်သွား၏။
မြေပုံခန်း....
သိမ်းဌက်မြို့၏ မြေပုံခန်း....
ဘဝနေယ်စားကြီး၏ လူများက သိမ်းဌက်မြို့၏ မြေပုံခန်းတွေ့သွားပြီဖြစ်သည်။
ဖုန်းသည် သက်ပြင်းတစ်ချက်ချလိုက်၏။
သိမ်းဌက်မြို့၏ မြေပုံခန်းကို ပတမဆုံးရှာဖွေ တွေ့ရှိရမည့် သည်ဆရာကြီးဝေသာဖြစ်လိုက်၏။
ဆရာကြီးဝေသည် သိမ်းဌက်မြို့ဟောင်း မှော်မျက်ရှင်ခေါက်သေတ္တာကို ရှာဖွေရန် ကြိုးစားရင်း ကွယ်လွန်ခဲ့သည်ပါလား။
အပြင်....
မြေပုံခန်းထဲသို့ ပထမဆုံး ဝင်ရောက်ခွင့်ရရှိသင့် သူမှာ မိမိသာ ဖြစ်ထိုက်သည် ရိဖုန်းက တွေးလိုက် မိလေ
အံ့ပွာယဲ့ကင်းမဲ့သော အတွေးဖြစ်သော်လည်း ရိဖုန်းက မိ၏။

သို့သော်
ယခုမှ....
တာဝေနယ်စားကြီး၏ လူမျိုးက ရှာဖွေ တွေ့ရှိ သူး
ဖြစ်သည်၊
မည်သို့ပင် ဖြစ်ပါစေ....
မှော်မျက်ရှင်ဝေးကိုခတာ့ မိမိကသူတို့ထက်ဉီးအောင်
ဖွေရမည်ဖြစ်၏။
သို့မှသာ....
ဆရာကြီးဝေသည် မိမိအပေါ်ခွင့်လွှတ်လိမ့်မည်ဟု ရိ
ကယု ကြည်၏။
လောင်မာသည် ဧးငိုင်နေသော ရိဖုန်းကို ကြည့်လိုက်
ဉီးခေါင်းခါယမ်းလိုက်၏။
ရိဖုန်းက နှုတ်ခမ်းကိုတစ်မျက်ကိုက်လိုက်ပြီး လောင်မာ
ကြည့်ကာ....
'ခင်ဗျားတစ်ယောက်ဘည်းလား'
ဟု မေးလိုက်၏။
လောင်မာက ဉီးခေါင်းခါယမ်းလိုက်ပြီး....
'မဟုတ်ဘူး၊ ကျုပ်တပည့်နှစ်ယောက် ပါသေးတယ်'
ရိဖုန်းက မျက်မှောင်ကြုတ်ကာ....
'ခင်ဗျား တပည့်နှစ်ယောက်ကဘာလုပ်ရမှာလဲ'
ဟု ပြောလိုက်၏။
လောင်မာကပြုံးလိုက်ပြီး....
'တာဝေနယ်စားကြီးရဲ့လူကို ပြောတာလား'

ရိဖုန်းက ဉီးခေါင်းညိတ်ကာ....
'ဟုတ်တယ်'
လောင်မာက....
'ဒါပြောဖို့ လိုသေးလား၊ တူးဖော်ရေး လုပ်ငန်းမှာ ဉီး
ာင်နေတဲ့တန်ပင်ပါတာပေါ့'
ရိဖုန်းက မျက်မှောင်ကြုတ်ကာ....
'ဒီနာမည် မကြားဖူးဘူး'
လောင်မာက ပြုံး၍....
'သူက တာဝေနယ်စားကြီးရဲ့ လူယုံပါ၊ သူ့အစီမံခန့်ခွဲမှု
းမှာ တော်ချင်တော်မယ်၊ နွေးဟောင်းပစ္စည်းနဲ့ ပတ်
ပြီးထော့ ဘာမှသိဟန်မတူဘူး'
ရိဖုန်းက မျက်မှောင်ကြုတ်ကာ....
'ဘာဖြစ်လို့'
လောင်မာကပြုံးကာ....
'ဘူးဖော်လို့ရတဲ့ ပစ္စည်းတစ်ခုဟာ ယွမ်ဘယ်နှလုံ
နဲ်းမသိလို့ပဲ'
ဟု ပြောလိုက်၏။
ရိဖုန်းက....
'သူတို့က ဒီပစ္စည်းတွေကို မက်ဘာမှ မဟုတ်ဘဲ၊ တာဝေ
ားကြီးက မှော်မျက်ရှင်ဝေးကိုပဲ လိုချင်နေတာ'
လောင်မာက ပြုံးလိုက်ပြီး....
'သူက ဒီခံးကို က ကောင်းထောက်မပြီး ခြေထောက်နဲ့
ရှင်းတောင် ဘာခံးမှန်း သိမယ်မို့ မဟပါဘူး'

ဟု ပြောလိုက်၏
ရိဖုန်းက ပြုံးလိုက်ပြီး....
'ကောင်းတာပေါ့၊ မင်းတို့က မပင်ပန်းဘဲ ဒီခေါင်းကို ရ
တာပေါ့'
ဟု ပြောလိုက်၏။
လောင်မာက ခေါင်းခါယမ်းလိုက်ပြီး....
'ကျုပ်က တန်ပင်အနေနဲ့ပြောတာပါ၊ နာကာတာအ
ဆိုရင်တော့ ကျုပ်တို့မရနိုင်ဘူး'
ဟု ပြောလိုက်၏။
လောင်မာ၏ စကားကြောင့် ရိဖုန်း၏ ခန္ဓာကိုယ်
ရုတ်တဲ့ရက်တောင့်တင်းသွားပြီး၊ လောင်မာကို မျက်လုံး
ကြည့်ကာ....
လောင်မာ....မင်းတာပြောလိုက်တယ်၊ နာကာတာ
လား'
ဟု မေးလိုက်၏။
လောင်မာက ဦးခေါင်းညိတ်လိုက်ပြီး
'ဟုတ်တယ်....ဟို ချယ်ရီဘွန်းက နာကာတာလေ'
ဟု ပြောလိုက်၏၊
ရိဖုန်းက သက်ပြင်းချလိုက်၏။
ပြီးမှ....
သူသည် လောင်မာကိုကြည့်ကာ....
'ဒီမှာ ဒီမှော်မျက်ရှင်ခံးကို ကျုပ်က လွှဲပြီး ဘယ်
မရစေရဘူး'

ဟု ပြောလိုက်၏။
လောင်မာက ရိဖုန်းကို တအံ့တသြမျက်နှာပေးနှင့် ကြည့်
လိုက်ပြီး....
ရိဖုန်း....သူတို့က မြေပုံခန်းကိုတောင် ရှာတွေ့၊ သွားပြီ
နော်....'
ဟု ပြောလိုက်၏။
ရိဖုန်းက သူ၏ အင်္ကျီရင်ဘတ်ကြားထဲမှ ပဝါဖြင့် ထုတ်
ထားသော အထုပ်တစ်ထုပ်ကိုထုတ်ယူလိုက်၏။
ပြီးမှ....သူသည် ပဝါကုံးတဖြည်းဖြည်းချင်း ဖြည့်လိုက်၏။
လောင်မာသည် မျက်မှောင်ကြုတ်၍ ရိဖုန်း၏ လက်ထဲမှ
ပဝါထုတ်ကို နားမလည်ဟန်နှင့်ကြည့်နေ၏။
ရိဖုန်းက ပဝါကိုဖြည်လိုက်၏။
ပဝါထဲမှ ဆွဲပြားထွက်လာ၏။
ရိဖုန်းကဆွဲပြားကိုထောင်ပြရင်း....
'ဒါမှရှိရင် ဘယ်သူမှ မှော်မျက်ရှင်ခံးရှိတဲ့နေရာကို မသိ
နိုင်ဘူး'
ဟု ပြောလိုက်မိသည်၊
လောင်မာက မျက်မှောင်ကြုတ်ကာ
'ဒါဘာလဲ....ဥတောင်ဒွေးရဲ့ ထိပ်ပိုင်းလား'
ဟု မေးလိုက်၏။
ရိဖုန်းက လောင်မာကို ဖျတ်ကနဲကြည့်ကာ
'ဥတောင်ဒွေးရဲ့ ထိပ်ပိုင်းဆိုတာ မင်းကဘယ်လိုလုပ် သိ
သလဲ'

ပြီးမှသူသည် မျက်မှောင်ကြူတ်ကာ
'နေဦး....ကျုပ်အထင်ပြောရရင်တော့ နာကာတာရဲ့ ဆွဲ
ပုံးက မျက်နှာပြင်တစ်ဘက်ပဲရှိတယ်'
ဟု ပြောလိုက်၏။
ရိဖုန်းက မျက်ခုံးပင့်လိုက်ပြီး
'ခင်ဗျားပြောတာ သေချာရဲ့လား'
လောင်မာက ဦးခေါင်းခါယမ်းလိုက်ပြီး....
'မသေချာဘူး၊ ဒါပေမဲ့ နာကာတာမှာ ဒီလိုဆွဲပြား ရှိ
တာတော့သေချာတယ်'
ဟု ပြောလိုက်၏။
ရိဖုန်းသည် သက်ပြင်းချလိုက်၏။
သူသည် လက်ရှိအသက်ထက်(၁၀)ဆခန့် အိုမင်းသွား
သည်ဟု ခံစားလိုက်ရ၏။
သူသည် အတန်ကြာအောင် ကိတ်ဆိတ် ငြိမ်သက်နေပြီးမှ
'မဖြစ်နိုင်ဘူး'
ဟု ရေရွတ်လိုက်လေတော့သည် မဟုတ်ပါလား'

မြင့်မြင့် - စာပေ
၃၁၊ ထန်းတပင်ဆေးခန်းလမ်း
လှည်းတန်းကမာရွတ်

လောင်မာက
'နာကာတာ ပြောတာကြားလို့ပြီးဘော့ နာကာဆီမှာ
လည်း ဒါမျိုးတွေတယ်'
ဟု ပြောလိုက်၏။
လောင်မာ၏စကားကြောင့် ရိဖုန်းသည်ကြောင်အမ်းအမ်း
ဖြစ်သွားပြီး
'မင်း ဘာပြောလိုက်တယ်၊ နာကာတာဆီမှာဒါမျိုး ၂
တယ် ဟုတ်လား'
ဟု မေးလိုက်၏။
လောင်မာက ဦးခေါင်းညိတ်ကာ
'ဟုတ်တယ်....မြေပုံခန်းထဲရောက်ဘော့ သူတို့ကတုတ်တင်
ချောင်းပေါ်မှ ဒါမျိုးကို စုပ်သိုက်တာတွေ့ရတယ်'
ရိဖုန်းက မျက်မှောင်ကြုတ်၍ ဦးခေါင်းခါယမ်းလိုက်ပြီး
'မဖြစ်နိုင်ဘူး'
ဟု ပြောလိုက်၏။
လောင်မင်က ရိဖုန်း၏လက်ထဲမှဆွဲပြားကိုလှမ်းယူ၍ သေ
သေချာချာကြည့်လိုက်၏။
ပြီးမှ
'ဟုတ်တာပဲ....အရွယ်အစားရော ပုံသဏ္ဌာန်ရော တစ်ပုံစံ
တည်းပဲ'
ဟု ပြောလိုက်၏။
ထို့နောက် သူသည်ဆွဲပြားကို ဖင်ပြန်ခေါင်းပြန် ကြည့်
လိုက်၏။

ရောင်စုံပိတ်စ အပိုင်းအစများဖြင့် ဖာထေး ထား သော အင်္ကျီကိုဝတ်ဆင်ထားသည့် သူဖုန်းစား တစ်ယောက်သည် အိမ်တစ်အိမ်၏ အမှောင်ရိပ်ထဲ၌ရပ်နေ၏။

သူရပ်နေသောနေရာနှင့် ခါးလွယ်ခုတ် ဂိုက်အနည်းငယ် ဝေးသည့်နေရာ၌ လောင်မာ၏နေအိမ်ရှိ၏။

သူသည် လောင်မာ၏နေအိမ်ကို မျက်တောင်မခတ်ဘဲကြည့် နေ၏။

သူ၏တာဝန်မှာ ဤမြို့သို့ဝင်ရောက်လာသော သူစိမ်းများ ကို စောင့်ကြည့်ရန်ဖြစ်သည်။

ထိုသို့စောင့်ကြည့်ရန်အတွက် မြစိမ်းကန် စားသောက်ဆိုင် ပိုင်ရှင်က နေ့တွက်စရိတ်ထုတ်ပေးခဲ့၏။

ရရှိသောနေ့တွက်စရိတ်သည် (၃)ရက်စာ တောင်းရမ်း၌ ရရှိသော အခင်္ဂကြေးနှင့်ညီမျှ၏။

ထို့ကြောင့်သူသည် ဤလတစ်လလုံး ဤမြို့သို့လူစိမ်းများ လာရောက်ပါစေဟု ဆုတောင်းခဲ့မိ၏၊

ယခုရက်ပိုင်းအတွင်းမှာပင် သူသည် သူဖုန်းစားများထံ၌ ချမ်းသာကြွယ်ဝသော သူဖုန်းစားဖြစ်နေပြီ မဟုတ်ပါလား။

အကယ်၍ နောက်ထပ်တစ်လမျှ ဤအလုပ်ကိုဆက်၍ လုပ် ကိုင်နိုင်ခဲ့သွင် ဤမြို့၏သူဖုန်းစားလောကဌ ချမ်းသာကြွယ်ဝ မှုကို မည်သူမျှသူ့အား လိုက်မီတော့မည်မဟုတ်ပါ။

ထို့ကြောင့်သူသည် လူစိမ်းများရောက်လာသည်နှင့် ယခု ကဲ့သို့မျက်ခြည်မပြတ် နောက်ယောင်ခံ လိုက်နေခြင်းပင် ဖြစ် သည်မဟုတ်ပါလား။

* * *

ရိဖုန်းသည် သက်ပြင်းချလိုက်၏။

လောင်မာက စာ့ပဲ့ပေါ်မှမှန်အိမ်၏အလင်းရောင်ဖြင့် ဆွဲ ပြားကို ဖင်ပြန်ခေါင်းပြန်ကြည့်နေရာမှ ဆွဲပြားကို ရိဖုန်းထံ လှမ်းပေးလိုက်ရင်း....

'ဒီအပေါ်က စာတွေ့ရေးထားတာလား မသိဘူး' ဟု ပြောလိုက်သည်။

ရိဖုန်းက ဆွဲပြားကိုလှမ်းယူ၍ ကြည့်လိုက်၏။

နေပုံသဏ္ဌာန်ဆွဲပြား၏ စက်ဝိုင်းပတ်ပတ်လည် အနား ပေါ်၌ ကနုတ်မန်းလိုလို စာများလိုလို ရေးထွင်းထား သည်ကို တွေ့ရသည်။

သူသည် 'ထိုအရာများကို အတန်ကြာအောင်ကြည့်ပြီး....

'ဟုတ်တယ်၊ စာရေးထားတာနဲ့တူတယ်'

ဟု ပြောလိုက်သည်။

တစ်ဆက်တည်းမှာပင်....

သူသည် ဤထွင်းထု ထား သော အ ရာ များ ကို အဘယ်ကြောင့် ဂရုမပြုမိသနည်းဟု မိမိကိုယ်ကို မိမိ အပြစ် တင်မိ၏။

လေဒင်မာက....

'ဘာရေးထားတာလဲ'

'စာတော့ ရေးထားတာဖြစ်မယ်၊ ဒါပေမယ်၊ ကျုပ်.... မဖတ်တတ်ဘူး'

ဟု ပြောလိုက်၏။

လောင်မာက ပခုံးတစ်ချက်တွန့်ပြီး

'ကျုပ်ဆိုရင် ပိုဆိုးမှာပေါ့'

ဟု ပြောလိုက်သည်။

ရိဖုန်းသည် ဆွဲပြားပေါ်မှ ရေးခြစ်ထားသော အမှတ် အသားများကို တစ်ချက်ကြည့်လိုက်ပြီး....

'ဒါဟာ မော်မျက်ရှင်ကျောက်ကို အညွှန်းထင်တယ်'

ဟု ပြောလိုက်သည်။

'ကျိန်စာရော မဖြစ်နိုင်ဘူးလား'

ရိဖုန်းက ခေါင်းညိတ်ပြီး....

'ဖြစ်နိုင်တယ်။ သာပဲဖြစ်ဖြစ် ဒါဟာ ဘာလဲဆိုတာကော့ ကျုပ်တို့သိသင့်တယ်'

လောင်မာက တစ်စုံတစ်ရာလို့ သတိရဟန်ဖြင့်....

'လူတစ်ယောက်တော့ရှိတယ်၊ သူက ဘာသာစကားသုံး မျိုး ဆို၊ မျိုးလောက်တတ်တယ်၊ ဒါပေမယ့် ဒီစာကို ဖတ် တတ် မဖတ်တတ်တော့မသိဘူး'

ဟု ပြောသည်။

ရိဖုန်းက ခေါင်းညိတ်ပြီး....

'ဘာပဲဖြစ်ဖြစ် ဖတ်ကြည့်ခိုင်းရင်ကောင်းမယ်၊ ကံကောင်း လို့ သူက ဖတ်တတ်မယ်ဆိုရင် ကျုပ်တို့သိချင်တာ သိရမယ်၊ မဖတ်တတ်တောလဲ ဘာဖြစ်သလဲ အရှုံးမရှိပါဘူး'

ဟု ပြောလိုက်၏။

လောင်မာက ပြုံးလိုက်ပြီး

'ကောင်းပြီလေ၊ မဲနက်ဖြန် သူ့ဆီကိုသွားကြတာပေါ့'

ဟု ပြောလိုက်၏။

ရိဖုန်းက ပြုံးလိုက်ပြီး....

'နောက်မကျဘူးလား'

လောင်မာက....

'ဒီအချိန်သွားလဲ သူက ခင်ဗျားကို ဖတ်ပြနိုင်မှာမဟုတ် ဘူး'

ရိဖုန်းက မျက်ခုံးပင့်ကာ

သူ၏ ကင်းကြပ်နေသောစိတ်ကိုလည်း ဖြည်ချလိုက်ခြင်း ဖြစ်သည်၊

လောင်မာက နှုတ်ခမ်းကိုဘစ်ချက်ကိုက်လိုက်ပြီး

'မှော်မျက်ရှင်ခေါင်းဆိုတာ တကယ်ရှိလို့လား'

ဟု မေးလိုက်၏။

သူက မျက်မှောင်ကြုတ်ကာ

'ဘာဖြစ်လို့လဲ'

လောင်မာက

'နာကာတာနဲ့ ဝမ်ယုဆိုတဲ့လူ ပြောတဲ့စကားကို ကျုပ်ကြားခဲ့တယ်'

သူက

'ဘာစကားလဲ'

လောင်မာက

'မှော်မျက်ရှင်ခေါင်းဟာ အတော်ထူးဆန်းတဲ့ ခေါင်းလို့ပြောတယ်၊ အဲဒီခေါင်းမှာ တန်ခိုးတော်စွမ်းအင်တွေ ရှိတယ်လို့ပြောတယ်'

သူက ပြုံးလိုက်ပြီး

'စားထဲမှာတော့ ဒီအတိုင်းရေးထားတာပဲ'

ဟုပြောလိုက်၏။

မောင်မာက

'နာကာတာကတော့ အဲဒီခေါင်းကို သိပ်ပြီး လိုချင်နေပုံရတယ်'

ဟုပြောလိုက်၏။

'ဘာဖြစ်လို့လဲ'

လောင်မာက

'အရက်မူးပြီး အိပ်မျော်နေပြီ၊ နောက်ပြီး သူက ကြက်မျက်သင့်ရောဂါရှိတယ်၊ ညဘက်ဆိုရင် ဘာမှမမြင်ရဘူး'

ဟု ပြောလိုက်၏။

လောင်မာ၏စကားကြောင့် သူသည် စိတ်ပျက်ဟန်ဖြင့် သက်ပြင်းချလိုက်မိ၏။

ပြီးမှ....

'ကောင်းပြီလေ၊ ကျုပ်တို့ မနက်ဖြန် ခပ်စောစောသွားကြတာပေါ့'

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

* * *

ရိဖုန်းသည် ကုလားထိုင်ကို နောက်ကျောမှီ၍ ထိုင်လိုက်သည်၊

သူ၏ခန္ဓာကိုယ်ကို သက်တောင့်သက်သာဖြစ်စေရန် ပြုလုပ်လိုက်ခြင်းဖြစ်သည်။

ရိဖုန်းသည် အခန်းတံခါး၀င်္ဘ ရပ်နေ၏။
ပြတင်းပေါက်မှ၀င်ရောက်လာသော လရောင်ကြောင့်ခုတင်ပေါ်၌ တစောင်းအိပ်နေသည့် ရင်ရင်ကို မြင်တွေ့ရ၏။
လ၏ အေးမြသော အလင်းရောင်ကြောင့် ရင်ရင်၏မျက်နှာပေါ်သို့ ကျနေသည်။
သူမသည် ပင်ပန်းမှုကြောင့် နှစ်ခြိုက်စွာ အိပ်ပျော်နေလေသည်။
အိပ်ပျော်နေသော အချိန်၌ သူမ၏ မျက်နှာသည် ကလေးငယ် တစ်ယောက်ကဲ့သို့ အပြစ်ကင်းစင်နေသည်။
ပါတန်ဒေသမှ မိန်းမကြမ်းကြီး မဟုတ်တော့ပါ။
ရိဖုန်းသည် သက်ပြင်းချလိုက်၏။
သူသည် ရင်ရင်ကို အဘန်ကြာအောင် ကြည့်နေပြီးနောက် အခန်း၀မှ လှည့်ထွက်သွားလေ၏။
အခန်းတံခါး၁မှ ရိဖုန်း ထွက်သွားပြီးနောက် အိပ်ပျော်နေသည့် ရင်ရင်၏ မျက်လုံးများ ပွင့်လာသည်။
သူမသည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ခုတင်ပေါ်၌ ထိုင်လိုက်၏။
ထို့နောက်....
သူမသည် အခန်းတံခါး၀သို့ မျှော်ကြည့်လိုက်၏။
သူမ၏ စိတ်ထဲ၌ ရိဖုန်း ပြန်လည် ၀င်ရောက် လာလေဦးလော့ဟု မျှော်လင့်နေမိသည်။
တစ်ဆက်တည်းမှာပင်....

သူက....
'သူက ဒီအတိုင်းဘဲ၊ ဘယ်ရှေးဟောင်းပစ္စည်းကိုမှ သူကလိုချင်တာမဲ့၊ ဒါပေမယ့် ဒီတစ်ခါတော့ သူရမှာမဟုတ်ဘူး'
ဟု ပြောလိုက်၏။
လောင်မာက
'သူမျက်လုံးတွေက တစ်မျိုးပဲ၊ ဘာကိုမှ ဂရုမစိုက်သလိုပဲ၊ သူကသာ ဓားဆိုရမယ်ဆိုရင် ဘာမဆိုလုပ်မယ့်ပုံပဲ၊ မြေပုံခန်းထဲကို ၀င်လာတော့ သူမျက်လုံးတွေက အရောင်တောက်နေတယ်'
ဟုပြောလိုက်၏။
သူက သက်ပြင်းချလိုက်ပြီး....
'ဘာပဲဖြစ်ဖြစ် ဒီဓားကို ကျူပ်ရအောင် ယူမယ်'
ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

* * *

အခန်းထဲသို့ ဝင်မလာဘဲ အခန်းတံခါးဝမှ လှည့်ပြန်သွားသော ရိဖုန်းကို အားမလို အားမရ ဖြစ်နေမိ၏။

အမှန်မှာ....

သူသည် မိမိ၏ နုတင်အနီးသို့ လျှောက်လာပြီး အိပ်ပျော်ဟန်ဆောင်နေသော မိမိကို နမ်းသင့်သည်။

သူက မိမိကို နမ်းလိုက်ချိန်၌ မိမိက အိပ်ပျော်ရာမှ ယောင်ယမ်း၍ သူ၏ နှာမည်ကို ညည်းတွားလိုက်ရမည် ဖြစ်လေသည်။

ယခု....

သူကထိုသို့မဟုတ်။

အခန်းတံခါးဝမှ လှည့်ပြန်သွားသည်။

အလကားလူ၊ တွေးငအဟု ရင်ရင်၏ စိတ်ထဲမှ ရေရွတ်မိသည်။

ရှေးဟောင်း ပစ္စည်း အစုတ်ပယုတ်မှ လွဲ၍ မိန်းကလေးတစ်ယောက်၏ စိတ်ကို သိနိုင်စွမ်းမရှိသော လူအ, လူနတစ်ဦး အား မိမိက ဘာဖြစ်လို့ မျှော်လင့်နေရသနည်း ဟုလည်း မိမိကိုယ်ကို မိမိ အပြစ်တင်လိုက်မိ၏။

နောက်ဆုံး၌....

သူမသည် သက်ပြင်းချလိုက်၏။

ထို့နောက်....

သူမက ခုတင်ပေါ်သို့ ပြန်လွှဲ၍ မျက်လုံး မှိတ်လိုက်လေသည်။

မျက်လုံး မှိတ်လိုက်သောအခါ သူမ၏ မျက်လုံးထဲ၌ ရိဖုန်း၏ပုံက ပေါ်လာသည်။

မျက်လုံးထဲ၌ ပေါ်လာသော ရိဖုန်း၏ ပုံရိပ်က မိန်းကလေးတစ်ယောက်၏ စိတ်ကို ထုင်းဖောက် မြင်နိုင်စွမ်းမရှိသည့် ရိဖုန်း၏ အူတူတူ, အတတ နှုံ ချာချာ ပုံရိပ်ဖြစ်နေသည်။

ထို့ကြောင့်....

ရင်ရင်သည် မျက်လုံးကို ပြန်ဖွင့်လိုက်၏။

မျက်လုံး ဖွင့်လိုက်သော်လည်း ရိဖုန်း၏ ပုံရိပ်က ပျောက်သွားပါ။

ရင်ရင်သည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး ခုတင်ပေါ်၌ ထထိုင်လိုက်၏။

ပြီးမှ....

သူမသည် ခုတင်ပေါ်မှ ဆင်း၍ ပြတင်းပေါက်သို့ လျှောက်သွား၏။

ထို့နောက်....

သူမသည် ပြတင်းပေါက် တံခါးကို ဖွင့်လိုက်လေတော့သည် မဟုတ်ပါလား။

* * *

ရိဖုန်း အိပ်ရာမှ နိုးလာသောအခါ နေမြင့်နေပြီ ဖြစ်လေသည်။

သူသည် သွေ့ခန်းထဲမှ ကြွမ်းပြင်ပေါ်၌ အိပ်ခဲ့ခြင်း ဖြစ်သည်။

ကလေးများ ပြေးလွှား ဆော့ကစားသော အသံကြောင့် အိပ်ရာမှ နိုးလာခြင်း ဖြစ်၏။

ရိဖုန်းသည် အိပ်ရာမှ ထလိုက်ပြီး အညောင်းတစ်ချက်ဆန့်လိုက်၏။

လောင်မာ၏ နံပါတ်ခုနစ် ကလေးငယ်က ရိဖုန်းကိုစိုက်ငေးစားစွာ ကြည့်နေသည်။

ရိဖုန်းက ထိုကလေးကို ပြုံးပြလိုက်၏။

နံပါတ်ခုနစ် ကလေးသည် ထိုင်ရာမှ ထ၍ အတွင်းခန်းသို့ ပြေးဝင်သွား၏။

ထို့နောက်....

နံပါတ်ခုနစ် ကလေးနှင့် မာဝေတို့ နှစ်ယောက် အတွင်းခန်းမှ ထွက်လာ၏။

မာဝေက ရိဖုန်းကို ပြုံးပြလိုက်ပြီး....

'ညက အိပ်လို့ မျော်ရဲ့လား'

ဟု မေးလိုက်၏၊

ရိဖုန်းက ခေါင်းညိတ်ပြလိုက်၏။

မာဝေက သူမ၏ လက်ထဲမှ လင်ဗန်းကို စားပွဲပေါ်၌ ခဏလိုက်ပြီး....

လင်ဗန်းထဲမှ စားသောက် ပွဲယ်ရာများကို စားပွဲပေါ်တွင် ချကျင်းလိုက်၏။

ပြီးမှ....

'ရှင်....ကိုယ်လက်သန့်စင်ပြီးရင် မနက်စာ စားလိုက်ဦး'

ဟု ပြောလိုက်၏။

ရိဖုန်းက ခေါင်းညိတ်လိုက်ပြီး သွေ့ခန်းကို တစ်ချက် ဝေ့ကြည့်၍....

'လောင်မာရော'

ဟု မေးလိုက်၏။

မာဝေက....

'အလုပ်သွားတယ်၊ ဒါပေမယ့် ပြန်လာမယ် ပြောတယ်'

ရိဖုန်းက

'ရင်ရင်ရော'

ဟု မေးလိုက်၏၊

မာဝေက ပြုံးပြီး....

'စားစရာသွားဝယ်တယ်၊ ပြန်လာလိမ့်မယ်'

ဟု ပြောလိုက်၏။

မာဝေ၏ စကားကြောင့် ရိဖုန်း၏ မျက်ခုံးမွေးတစ်စုံသည် မသိမသာ မြင့်တက်သွားပြီး...

'ဗျူးသွားဝယ်တယ် ဟုတ်လား'

ဟု မေးလိုက်၏။

မာဝေက ခေါင်းညိတ်၍

'ဟုတ်တယ်၊ သူ့အတွက်ရော့ ရှင့်အတွက်ပါ အင်္ကျီ ဝယ်
မလို့ ဆိုပြီး ပြောတာပဲ'
ဟုပြောလိုက်၏။
သူက ဘာမျှ မပြောတော့ပါ။
သူသည် ကိုယ်လက်ပင် မသန့်စင်တော့ဘဲ လောင်မှင်
အိမ်ထဲမှ ထွက်ပြေးခဲ့လေတော့သည် မစ္စတ်ပါလား။

* * *

စျေးက အလွန်စည်ကား၏။
မြေကွက်လပ်တစ်ခုဌ ခေါင်းရွက်ဗျပ်ထိုး စင်္ကြံးသည်များ
လက်တွန်းလှည်းဖြင့် စျေးသည်များ၊ ယာယီဖြုပ်တပ်ရ
ရသော ဆိုင်များပြုလုပ်၍ ရောင်းချသော စျေးသည်များနှင့်
စျေးဝယ်သူများက စျေးဟုသတ်မှတ်ထားသော စျေးဖြစ်၏။
နံနက်ပိုင်း စျေးကွဲပြီးချိန်ဌ....
ဤမြေကွက်လပ်သည် ကလေးသူငယ်များ၏ ကစားကွင်း
အဖြစ်သို့ ပြောင်းလဲသွား၏။
မည်သို့ပင် ဖြစ်ပါစေ။

ဤမြေကွက်လပ်ဌ ပြုလုပ်ထားသောစျေးသည် နံနက်ပိုင်း
တွင် အလွန်စည်ကားသော စျေးဖြစ်ကြောင်းကို မည်သူမျှ
ငြင်းနိုင်လိမ့်မည် မဟုတ်ပါ၊
ထို့ကြောင့်....
အလွန်စည်ကားသော ဆိုင်များ၏ ထိုး စံအတိုင်း ချေး
သည်များ၏ အော်ဟစ်ရောင်းချသံ၊
ရောင်းသူအချင်းချင်း စျေးဝယ်သူကို လှဲ၍ ခေါ်ရင်း
တစ်ယောက်နှင့်တစ်ယောက် ရန်ဖြစ်သံ၊
စျေးဝယ်သူများ၏ စျေးဆစ်သံ စသည်ဖြင့် ဆူညံနေ၏၊
ထို့အပြင်
သူဖုန်းစာများ၊
ဆိုင်များမှ စားသောက်ဖွယ်ရာပစ္စည်းများတို့ကို လစ်လျှင်
လစ်သလို နှိုက်ယူထွက်ပြေးတတ်သော လမ်းပေါ်မှ ကလေး
သူငယ်များ။
စျေးလာဝယ်သူများ၏ ပိုက်ဆံအိတ်ကို မျက်ခြည်မပြတ်
လိုက်ကြည့်နေသော ခါးပိုက်နှိုက်များ....
စသည်ဖြင့် ရှုပ်ထွေးလျက်ရှိ၏။
ရင်ရင်သည် ယာယီအထည်ဆိုင်၌ ခင်းကျင်းသထားသည့်
ပိတ်စများကို စိတ်ဝင်စားစွာ ကြည့်နေ၏။
ရင်ရင်က ပိတ်စများကို စိတ်ဝင်တစား ကြည့်နေသကဲ့သို့
ရင်ရင်ကိုလည်း သူဖုန်းစားတစ်ယောက်က စိတ်ဝင်တစား
ကြည့်နေ၏။

ရင်ရင်ကို စိတ်ဝင်တစားကြည့်နေသော သူဖုန်းစားအား လမ်းထောင့်ချိုးတစ်ခုမှ လူတစ်စုံ ဆည်လည်း စိတ်ဝင်တစားကြည့်နေ၏။

သူဖုန်းစားကို စိတ်ဝင်တစားကြည့်နေသော လမ်းချိုးမှ လူတစ်စုကို လမ်းဘေး လက်ဖတ်ရည်ဆိုင်၌ လက်ဖက်ရည်မကြိုက်ဘဲ သောက်နေသော နာကာတာက စိတ်ဝင်တစားနှင့် ကြည့်နေ၏။

သူသည် မည်သို့မျှ ကြိုက်နှစ်သက်ခြင်းမရှိသော လက်ဖက်ရည်ကို တစ်ငုံမှ ကြိုတ်မိုတ်၍သောက်လိုက်ပြီး...

လူစည်ကားနေသော ဆိုင်များကို မျက်လုံးပြင့်ဝေ့ကြည့်လိုက်၏။

ထိုစဉ်....

သူ၏မျက်လုံးများသည် ဆိုင်ခန်းများဆီသို့ အူရာဖားရားပြေးဝင်လာသော ရီဖုန်းကိုမြင်တွေ့လိုက်ရတော့သည် မဟုတ်ပါလား။

ထိုအချိန်မှာပင်....

သဖုန်းစားကြီးက ခေါင်းညိတ်၍ အချက်ပြလိုက်သည်။

တစ်ဆက်တည်းမှာပင်....

လမ်းထောင့်ချိုးမှ လူတစ်စုကလှုပ်ရှားလိုက်ကြ၏။

နာကာတာသည် စိတ်ပျက်သွား၏။

တန်ပင်၏လူများဆည် စဉ်းစားဉာဏ်မရှိသော ငတုံးငအမျှားပါလားဟူ၍ စိတ်ထဲမှတွေးလိုက်မိ၏။

သူတို့သည် မူလစီစဉ်ထားသည့်အတိုင်း ရင်ရင်ထံသို့ ချဉ်းကပ်သွားပြီး ရင်ရင်ကို ဝိယာမှသုပ်၍ ဖမ်းခေါ်သွားကြမည်ဖြစ်၏။

သူတို့၏အစီအစဉ်ထဲ၌ ရီဖုန်းမပါဝေ။

အကယ်၍....

ရီဖုန်း ဝင်ရောက်လာလျှင် မည်ကဲ့သို့ပြုလုပ်ရမည်ကိုလည်း သူတို့က ကြိုတင်စဉ်းစားဟန် မရှိပါ။

ထို့ကြောင့်....

လမ်းထောင့်ချိုးမှ လူနှစ်ယောက်သည် ရင်ရင်၏အနီးသို့ ဝိယာမှသုပ်၍ ချဉ်းကပ်လိုက်ချိန်တွင်....

ရီဖုန်းက ရင်ရင်၏ရှေ့သို့ ရောက်ရှိလာပြီဖြစ်သည် မဟုတ်ပါလား။

* * *

လမ်းထောင့်ချိုးမှ ချဉ်းကပ်လာသော လူနှစ်ယောက်ကို ဝိယာမနေ၍ ဖမ်းချုပ်လိုက်၏။

ထိုစဉ်....

သူတို့ရှေ့သို့ ရီဖုန်းရောက်လာ၏။

ထို့ကြောင့်....

လူနှစ်ယောက်သည် ကြောင်အမ်းအမ်းဖြစ်ကာ ရိဖုန်းကို ကြည့်လိုက်၏။

သူသည် ထိုလူနှစ်ယောက်ကို ပြုံးပြလိုက်ပြီး....

ရုတ်တရက် လက်ကိုလှုပ်ရှားလိုက်ပြီး ရင်ရင်၏ ဓဘက်လူကို လက်သီးဖြင့် ထိုးချလိုက်၏။

'ခွပ်....'

ဟူသော အသံနှင့်အတူ ရင်ရင်၏ဓဘက်မှ လူ၏မျက်နှာမှာ နောက်သို့လန်သားပြီး မြေမပေါ်ဖင်ထိုင်လျက် သဲကျသွား၏။

အဖြစ်အပျက်က လျင်မြန်စွာဖြစ်ပျက်သွားခြင်းဖြစ်သည်။

ထို့ကြောင့်

ရင်ရင်နှင့် ညာဘက်မှလူပါ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

ထိုအချိန်၌

ရိဖုန်းသည် ရင်ရင်၏ လက်ကိုဆွဲ၍ နောက်ကုလည်ကာ လူအုပ်ထဲ တိုးဝင်သွား၏။

ရင်ရင်၏ ညာဘက်မှလူသည် ငေးငိုင်နေရာမှ သတိပြန်၍ စဉ်လာပြီး ရင်ရင်ကို နောက်မှလှမ်းဆဲလိုက်၏။

သူသည် ကမန်းကတန်း လှမ်းဆဲလိုက်ရခြင်း ဖြစ်သော ကြောင့် သူသည် ရင်ရင်၏ အင်္ကျီနောက်ကျောကိုသာ ဖမ်းမိလိုက်၏။

ထို့ကြောင့်

'ဗျို့'

ဟူသော အသံနှင့်အတူ ရင်ရင်၏ အင်္ကျီနေကျောသည် စုတ်ပြတ်သွားပြီး ရင်ရင်၏ ဖြူဖွေးသော ကျောသားတို့ပေါ် သွက်လာလေတော့သည် မဟုတ်ပါလား။

* * *

ရိဖုန်းသည် ရင်ရင်၏ လက်ကိုကိုင်ရင်း လူအုပ်ကြားထဲ၌ ဦးဒွေ့ပြေးလွှားနေ၏။

ရင်ရင်မှာ သူ၏နောက်မှ တရွတ်မတိုက်ရုံတမယ်ပြေး လိုက်လာရ၏။

သူမ၏အင်္ကျီ နောက်ကျောတစ်ခုလုံး စုတ်ပြတ်၍သွားပြီ ဖြစ်၏။

သူမ၏ ဖြူဖွေးသော နောက်ကျောပြင်ကို ယောကျ်ားများသည် မျက်လုံးကျုတ်လုနီးပါး လိုက်ကြည့်နေကြ၏။

ဝက်သားရောင်းသော ဆိုင်ရှေ့မှဖြတ်ပြေး ဝက်သားကို ကျမ်းကျင်စွာလှီးနေသော စက်သားရောင်းသည့် လူဝကြီး၏ လက်ကို ခားရှသွား၏။

ထိုစဉ် ရုတ်တရက် လူအုပ်ကြား ထဲမှ အနီရောင်ဝတ်ဆင်ထားသော လူသုံးယောက် ပေါ်ထွက်လာပြီး ရိုဖုန်းတို့၏ ရှေ့မှ လမ်းပိတ်၍ရပ်လိုက်လေတော့သည် မဟုတ်ပါလား။

* * *

ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသော သူဌေးသားမှာ ကြွေပန်းကန်များ၊ ကြွေပန်းအိုးများ ရောင်းချသောဆိုင်ကို တိုက်ခိုက်ပြီး ပန်းကန်များ၊ ပန်းအိုးများ ကွဲသွား၏။

ပဲအိတ်များ ထမ်းလာသော အလုပ်သမားတစ်ယောက်က ယောင်ယမ်း၍ ပဲအိတ်ကိုလွှတ်ချလိုက်၏။

ပဲအိတ်က မွှတ်အိုင်ထဲကို ကျသွား၏။

ထို့ကြောင့် မွှတ်အိုင်ထဲမှ ပွဲများက လွင့်စင်သွား၏။

လွင့်စင်သွားသော ပွဲများက လမ်းဘေးခေါက်ဆွဲဆိုင်၌ ခေါက်ဆွဲစားနေသော လူတစ်ယောက်၏မျက်နှာပေါ်သို့ ကျရောက်သွား၏။

တိုဟူးနှင့် ပဲနို့ရည်ရောင်းချသော စျေးသည်သည် စျေးထွက်ခိုန်နောက်ကျနေသောကြောင့် စျေးထဲသို့ ခပ်သုတ်သုတ် ဝင်လာ၏။

သူသည် သူ၏အနီးမှဖြတ်၍ပြေးသွားသော ရင်ရင်၏ ဖြူဖွေးသော နောက်ကျောပြင်ကို မြင်တွေ့ လိုက်ရသောကြောင့် သူ၏မျက်ခုံးများ မြင့်တက်သွားပြီး.... နောက်သို့ လှည့်ကာ ရင်ရင်၏နောက်ကျောကို မျက်လုံးကျယ်ထွက်လုမတတ် လိုက်ကြည့်သည်။

ထိုစဉ် ရင်ရင်တို့၏နောက်မှ ပြေးရိုက်လာသော လူနှစ်ယောက်သည် ထိုဟူးသည်၏ဆိုင်းတန်းနှင့် ဝင်တိုက်မိကာ လေထဲ၌ဘစ်ပတ်လည်သွားပြီး ခြေလွှတ်လက်လွှတ်ဖြင့် မြေပေါ်သို့ ဒုန်းကျဝင်ကျ ကျသွားလေတော့၏။

သို့ဖြစ်၍ လူသုံးယောက်သည် ရိဖုန်းတို့ကိုရှုတ်တရက် ဝင်ဆောက်မတိုက်ခိုက်နိုင်အောင် ဖြစ်သွား၏။

ရိဖုန်းက ရရှိသည့်အခွင့်အရေးကို လက်လွှတ်မခံပါ။

သူသည် ရင်ရင်ကိုလက်ဆွဲ၍ လူအုပ်ဖြင့်အတူ နောက်သို့ သွယ်၍ပြေးလေတော့သည်။

သို့သော်....သူသည် ခြေလှမ်းသုံးလှမ်းလေးလှမ်းထက်ပို၍ မပြေးလိုက်ရချေ။

အဘယ်ကြောင့်ဆိုသော် မြေပေါ်သို့ လဲကျသွားခဲ့သော လူနှစ်ယောက်က မြေပေါ်မှ လူးလိမ့်ထလိုက်ပြီး ရိဖုန်းကို ဝိုင်းရောက် တိုက်ခိုက်သောကြောင့်ပင် ဖြစ်သည် မဟုတ်ပါသား။

* * *

အကယ်၍သာရိဖုန်းသည် မျက်စိတစ်မှိတ် မျက်တောင်တစ်ချက်ခတ်မျှနောက်ကျခဲ့လျှင် အရပ်အနည်းငယ် ရှည်သော သူ၏လက်သီးတစ်လုံးက ရိဖုန်း၏မေးရိုးကို ပြုတ်သွားနိုင်၏။

အခု....ရိဖုန်းက အချိန်မီ ရှောင်တိမ်းနိုင်ခဲ့ခြင်းကြောင့်ပင် ကာသတ်လာသော ထိုသူ၏လက်သီးသည် ရိဖုန်း၏မျက်နှာပေါ်တွင် သာသာသီကာလွဲချော်သွားခဲ့၏။

လူသုံးယောက်

မတူညီသော လူသုံးယောက်သည် တူညီသော အနီရောင် ဝတ်စုံဝတ်ဆင်ထားပြီး တူညီသောတစ်ဘက်သွား ခါးမျာကိုကိုင်ထားကြ၏။

ရိဖုန်းသည် ခြေလှမ်းကိုရပ်တန့်လိုက်ပြီး ရင်ရင်ကို မိမိ၏နောက်ကျောဘက်သို့ တွန်းပို့လိုက်၏။

လူသုံးယောက်က ခါးမျာကို ဝေ့ယမ်းလိုက်၏။

'ဗုံး....ဗုံး....ဗုံး'

လူသုံးယောက်က ယိမ်းတိုက်ထားသည်အလား ခါးမျာကို ပြိုင်တူဝေ့ယမ်းလိုက်သောကြောင့် ပတ်ဝန်းကျင်၌ ဝိုင်းအုံ၍ကြည့်နေသော လူအုပ်ကြီးသည် ရုတ်တရက်လန့်ဖျတ်ကာ ခြေဦးတည့်ရာသို့ ထွက်ပြေးသွားဇလတော့၏။

ထို့ကြောင့်လူတစ်ချို့သည် ရိဖုန်းနှင့် လူသုံးယောက်၏ အကြားသို့ရောက်ရှိလာ၏။

ရိုးနှုန်းသည် ထိုသူ၏လက်သီးကို အချိန်မီ ရှောင်တိမ်းခဲ့သောကြောင့် ရင်ရင်နှင့်လူချင်းတွဲသွား၏။

ထို့ကြောင့် ရိုးနှုန်းသည် ထိုလူ၏လက်သီးချက်ကို ရှောင်ထိမ်းရင်း....

'ပြေး....ပြေး....လွတ်အောင်ပြေး'

ဟု အော်ဟစ်လိုက်ရသည်။

ရင်ရင်သည် ရိုးနှုန်း၏စကားကို နားထောင်သည့်အနေပြင် ပြေးခြင်းမဟုတ်ပါ။

သူမသည် ရိုးနှုန်းက 'ပြေး....ပြေး'

ဟု အော်ဟစ်၍မပြောမီကတည်းက ပြေးနှင့်ပြီး ဖြစ်နေ၏။

သူမသည် လူအုပ်ကြားထဲ၌ တိုးဝှေ့၍ပြေးနေ၏။

မကြာမီသူမသည် ဈေးကွက်လယ်၏အပြင်သို့ ရောက်လာသည်။

သူမသည် နောက်သို့လှည့်မကြည့်ပါ။

သူမသည် ခြေဦးတည့်ရာသို့ ပြေးလွှားနေ၏။

ဘုံသော်....

သူမသည် ရှေ့ဆက်၍ မပြေးနိုင်တော့ပါ။

အတယ်ကြောင့်ဆိုသော်

သူမ၏ရှေ့၌ အနီရောင်တော်စုံ ဝတ်ဆင်ထားသော လူငါးယောက်က ရပ်နေသောကြောင့်ဖြစ်သည်။

ထိုလူငါးယောက်၏လက်ထဲ၌ ဗျက်ကျယ်သော တစ်ဖက်သွားခေါင်းများကို ကိုယ်စီကိုင်ထား၏။

ရင်ရင်သည် သူမ၏ ဘေးဘီဝဲယာကို တစ်ချက် အကဲခတ်လိုက်သည်။

သူမ၏ညာဘက်၌ လမ်းကြားတစ်ခုရှိ၏။

သူမ၏ဝဲဘက်၌ မည်သည့် လမ်းကြိုလမ်းကြားမျှ မရှိပါ။

ထို့ကြောင့်....

သူမသည် ဆုံးဖြတ်ချက်တစ်ခုကို လျင်မြန်စွာချလိုက်ပြီး ညာဘက် လမ်းကြားအတွင်းသို့ ပြေးဝင်သွားလေတော့သည်။

လမ်းကြားအလယ်သို့ ရောက်သောအခါ

အိမ်နောက်ဖေးတံခါးတစ်ချပ် ရုတ်တရက် ပွင့်လာပြီး တံခါးဝ၌ လူတစ်ယောက်ပေါ်လာ၏။

အဝတ်အစားများကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသူယောက်ျားဖြစ်သည်။

ထိုလူက စိုးရိမ်တကြီးအမူအရာဖြင့်....

'မိန်းကလေး....လာ....လာ၊ မြန်မြန်လာ'

ဟု ပြောလိုက်၏။

ရင်ရင်သည် နောက်သို့လှည့်ကြည့်လိုက်၏။

သူမ၏နောက်မှ လိုက်လာသောလူများကို မတွေ့ရသေး။

တံခါးဝမှလူက အလောတကြီးလေသံဖြင့်....

'မိန်းကလေး လာ'

ဟု ထပ်၍ ခေါ်လိုက်၏။

သို့သော်....

သူသည် ရိဖုန်းကို ခားဖြင့်မခုတ်မိပါ။

သူသည် မြေပေါ်ရှိကြွပြန်နေသော ဖရဲသီး အစိပ်အပိုင်းတစ်ခုပေါ်သို့ ခြေထောက်ဖြင့်တက်နင်းမိကာ ခြေချော်သွားသည်။

ထို့ကြောင့်....

သူသည် သူ၏ခန္ဓာကိုယ်ကို မထိန်းနိုင်တော့ဘဲ ခြေထောက်နှစ်ချောင်း မိုးပေါ်ဆောင်သွားပြီး မြေကြီးပေါ်သို့ ခေါင်းကျကာ ထဲကျသွားလေ၏။

ရိဖုန်းသည် ထလိုက်ပြီး ဖရဲသီးရောင်းချသော ဆိုင်ရှင်ကို ပြုံးပြလိုက်သည်။

ထို့နောက်....

သူသည် လူအုပ်ကြားထဲတိုးဝင်၍ ထွက်ပြေးသွားခဲ့လေသည်။

အနီရောင်ဝတ်စုံနှင့် လူတစ်ယောက်က ရိဖုန်း၏နောက်မှ ဆက်ကျပ်မကွာ ပြေးလိုက်သွား၏။

မကြာမီ

ရိဖုန်းသည် စွေးကွက်လမ်းထဲမှထွက်ကာ လမ်းမကြီးအတိုင်း ပြေးလွှားသွားလေတော့၏။

အနီရောင်ဝတ်စုံနှင့် လူတစ်ယောက်က ရိဖုန်း၏နောက်မှ ဆက်ကျပ်မကွာ ပြေးလိုက်သွား၏။

ရိဖုန်းသည် လမ်းကြားတစ်ခုအတွင်းသို့ ခုန်ဝင်လိုက်လေသည်။

ရှင်ရှင်သည် ဘာမျှစဉ်းစားမနေတော့ဘဲ တံခါးပေါက်အိမ်ထဲသို့ လှမ်းဝင်လိုက်လေတော့သည် မဟုတ်ပါလား၊

* * *

ရိဖုန်း၏ခန္ဓာကိုယ်သည် လေထဲသို့မြောက်တက်သွားလေသည်။

ထို့နောက်...

ဖရဲသီးရောင်းသော ဆိုင်ကလေးပေါ်သို့ ကို့ရိုကားယားဖြင့် ခြေလှုပ်လက်လှုပ်ကျလာ၏။

ဖရဲသီးတစ်ချို့ ကွဲကြွေသွားသည်။

ဆိုင်ကလေးလည်း တုံးပဲ့၍ လဲမြိုသွား၏။

ဖရဲသီးရောင်းချသောဆိုင်ရှင်က မျက်လုံးပြူးသွားပြီး...

'ကုန်ပါပြီ....ကုန်ပါပြီ'

ဟု အော်ဟစ်လိုက်သည်။

ရိဖုန်းတ ထူပူသွားသောမေးရိုးကို တစ်ချက်ပွတ်သတ်လိုက်ပြီး လဲကျရာမှ ကမန်းကတန်း လူးလိမ့်ထလိုက်၏။

အနီရောင်ဝတ်ဆင်ထားသော လူတစ်ယောက်က ကုန်းဝပ်ထနေသော ရိဖုန်းကို ခားဖြင့်ပြုံးခုတ်လိုက်သည်။

အနီရောင်ဝတ်ဆင်ထားသောလူကလည်း လမ်းကြားထဲသို့ ပြေးဝင်လိုက်၏။

အနီရောင်ဝတ်စုံနှင့်လူသည် ခြေလှမ်းများကို ရုတ်ခြည်းရပ်တန့်လိုက်၏။

အဘယ်ကြောင့်ဆိုသော်

လမ်းကြားထဲ၌ ရိဖုန်းက သူ့ကိုစောင့်နေသောကြောင့် ဖြစ်သည်။

အနီရောင်ဝတ်စုံနှင့်လူသည် အရပ်ပုပြီး ခန္ဓာကိုယ်က သေးငယ်သည်။

ရိဖုန်းနှင့်ယှဉ်လိုက်ရင် ဆင်နှင့်ဆိတ်ဟု ပြောချ၍ရ၏။

အနီရောင်ဝတ်စုံနှင့်လူသည် ရိဖုန်း၏ လက်ထဲမှတုတ်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ရိဖုန်းက လက်ထဲမှတုတ်ကို တစ်ချက်ဆလိုက်ပြီး

'လာ....လာခဲ့၊ သေချင်ရင်လာခဲ့'

ဟု သွားကြားထဲမှ လေသံဖြင့်ပြောလိုက်၏။

အနီရောင်ဝတ်စုံနှင့်လူသည် လူသားစင်စစ်မှ ကျောက်ဆစ်ရုပ်အပြစ် ရွတ်တရက် ပြောင်းလဲသွားသကဲ့သို့ တုတ်တုတ်မျှ မလှုပ်ချေ။

သူသည်း လမ်းကြားထိပ်သို့ လှမ်းကြည့်လိုက်၏။

လမ်းကြားထိပ်၌ လူရိပ်လူယောင် မတွေ့ရချေ။

သူက ပြုံးလိုက်ပြီး လက်ထဲမှတုတ်ကို ဘယ်လက်မှ ညာလက်သို့ ညာလက်မှဘယ်လက်သို့ မျက်စိနောက်အောင် ကူးပြောင်းကိုင်ရင်း....

'လာလေ၊ မင်းရဲ့လက်တွေခြေတွေကို တစ်စစီဖြစ်အောင် ဝါးလုပ်ပစ်မယ်'

ဟု ပြောလိုက်၏။

အနီရောင်ဝတ်စုံနှင့်လူသည် ရိဖုန်းကိုတစ်လှည့် ရိဖုန်း၏ လက်ထဲမှတုတ်ကိုတစ်လှည့်ကြည့်ရင်း နဖူးမှခွေးများ စီးကျထိုနောက်

သူသည် သူ၏လက်ထဲမှ အရောင်တလက်လက် တောက်နေသောခားကိုမျှ အားမနာနိုင်တော့ဘဲ နောက်သို့လှည့်ကာ တစ်ချီးတည်းပြေးတော့၏။

သူက တစ်ချက်ပြုံးလိုက်ပြီး လက်ထဲမှတုတ်ကို မြှောက်ကာ ထွက်ပြေးသွားသော အနီရောင်ဝတ်စုံနှင့် လူ၏နောက်သို့ ပြေးလိုက်သွားတော့၏။

အနီရောင်ဝတ်စုံ နှင့်လူသည် နောက်သို့ လှည့်မကြည့်ပါ။

သူသည် နောက်ကျသောခြေထောက်ကို သစ္စာဖောက်ဟု သဘောထားကာ တစ်ချီးတည်းပြေး၏။

ထို့နောက်

သူသည် လမ်းကြားတစ်ခုသို့ ဝင်သွား၏။

သူက....

'ပြေးလို့လွှတ်ရိုးလား'

ဟု အော်ဟစ်ကာ လမ်းကြားထဲသို့ လိုက်ဝင်သွားလေသည်။

မကြာမီ....

ရိုဖုန်းသည် မျက်စိမျက်မှောက်နှာပုက်ဖြင့် လမ်းကြားထဲမှ အူယားဖားယား ပြန်လည်၍ ပြေးထွက်လာ၏။

သူ၏လက်ထဲ၌လည်း ကုတ်မရှိတော့ပါ။

သူသည် နောက်ကွယ်ရောက်ကိုသစ္စာဖောက်ဟု သူ့ဘာထားပြီးဖနောင့်နှင့်တင်ပါးတစ်သားတည်းကျအောင် ပြေးရှုတ်လာခြင်းပြင်၏။

တစ်ခြိန်တည်းမှာပင်....

လမ်းကြားသို့ ပြေးဝင်သွားခဲ့သော အနီရောင် ဝတ်စုံနှင့် လူကလက်ထဲမှ ခဲတံမြောက်၍ ရိုဖုန်း၏နောက်သို့ထက်ကြပ်မကွာလိုက်လာ၏။

ထိုလူနှင့်အတူ အနီရောင်ဝတ်ဆင်ထားသော်လူအယောက်နှစ်ဆယ်ခန့်သည် ဓားချက်ကို ကိုယ်စီဆြောက်၍လမ်းကြားထဲမှ ပြေးထွက်လာပြီး ရိုဖုန်း၏နောက်သို့ ထက်ကြပ်မလာလိုက်ပါသွားလေတော့သည် မဟုတ်ပါလား။

* * *

သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော လူကဘဲခါးကို ဖိထိုက်၏။

ရင်ရှင်က သွက်ပြင်းချလိုက်ပြီး ထိုသူကိုကြည့်လိုက်၏။

ထိုလူက ရင်ရှင်ကိုပြုံးပြလိုက်ပြီး....

'မိန်းကလေးက ဒီမှိုက မဟုတ်ဘူးထင်တယ်'

ဟု ပြောလိုက်၏။

ရင်ရှင်က ဦးခေါင်းညိတ်ပြ ဖိုက်၏။

ထိုလူက ပြုံးကာ....

'သူတို့က လူဆိုးတွေ ဒီလိုပါပဲ၊ ဒီမှိုကို ရောက်လာတဲ့လူ စိမ်းဆိုရင် ခိုးဖိုတိုက်ဖိုစဉ်းစားနေတာ'

ဟု ပြောလိုက်၏။

ထို့နောက်....

ထိုသူသည် နောက်ဖေးပြတင်းပေါက်မှ ခန့်စီးကို အသာလှမ်၍အပြင်သို့ကြည့်လိုက်၏။

ရင်ရှင်ကသည်းအပြင်သို့ လှမ်းရှိကြည့်လိုက်၏။

အနီရောင်ဝတ်ဆင်ထားသော လူတစ်စုသည်ပြတင်းပေါက်ရှေ့ မှဖြတ်ပြေးသွားသည်ကိုတွေ့ရ၏။

ထိုလူက သက်ပြင်းချလိုက်ပြီး....

'မိန်းကလေး ကံကောင်းတယ်'

ဟု ပြောလိုက်၏။

ရှင်ရှင်က နှုတ်ခမ်းကို လျှာဖြင့် တစ်ချက် သပ်လိုက်ပြီး....

'ကျေးဇူးတင်ပါတယ်'

ဟု ပြောလိုတ်၏။

ထိုလူက ပြုံး၍ လက်ကာပြလိုက်ပြီး....
'မလိုပါဘူး.....ကျုပ်က ကျုပ်တတ်နိုင်သလောက် ကူညီ
စာပါ၊ ကျုပ်လဲသူတို့နဲ့ဖက်ပြီး ရန်မဖြစ်ချဲ့ဘူး၊ မိန်းကလေး
ကို ကျုပ်ဝှက်ထားတာကို သူတို့သိသွားရင် ကျုပ်လဲ မလွယ်
လှဘူး'
ဟု ပြောလိုက်၏။
ထို့နောက်
သူသည် သူ၏ အပေါ်၌ ရုံထားသော ဝတ်ရုံကို ခွာတ်၍
ရင်ရင်၏ပခုံးပေါ်သို့ လွှမ်းခြုံပေးလိုက်ရင်း ...
'လာ....မိန်းကလေး ဒီနေရာမှာမင်းအတွက်လုံခြုံစိတ်ခ
ရတယ်'
ဟု ပြောလိုက်၏။
ရင်ရင်က ပြတင်းပေါက်သို့လှမ်းကြည့်လိုက်ပြီး....
'ရိဖုန်းကျန်နေသေးတယ်'
ဟု ပြောလိုက်၏။
ထိုလူက မျက်မှောင်ကြုတ်ကာ....
'ရိဖုန်း ဘယ်သူလဲ မိန်းကလေးရဲ့ မိတ်ဆွေသား'
ဟု မေးလိုက်၏။
ရင်ရင်က
'ဟုတ်တယ် ကျွန်မရဲ့ မိတ်ဆွေ'
ဟု ပြောလိုက်၏။
ထိုလူက ပခုံးတစ်ချက်တွန့်လိုက်ပြီး
'အင်း ကကောင်းပါစေလို့ ဆုတောင်းရမှာပဲ'

ဟု ပြောလိုက်၏။
ထို့နောက်....
သူသည် ရင်ရင်ကိုမျော်ရည်တစ်ခွက်လှမ်းပေးရင်း
'ရော့ ဒါ သောက်လိုက်ပြီးရင် မိန်းကလေးရဲ့ မိတ်ဆွေ
ဘို့ရှာရဦးမယ်-
ဟု ပြောလိုက်၏။
ရင်ရင်က သက်ဖြင်းချလိုက်ပြီး ထိုလူ၏လက်ထဲမှဖန်ခွက်
ကိုယူ၍ သောက်လိုက်၏။
ပြီးမှ....
သူမသည် ထိုလူကိုတစ်ချက်လှမ်းကြည့်ကာ
'ဒါနဲ့ ရှင်က'
ထိုလူက ပြုံးလိုက်ပြီး....
'သြော်....ဟုတ်ပါရဲ့ ကျုပ်ကိုကျုပ်မိတ်ဆက်ပေးရဦးမယ်၊
ကျုပ်နာမည်ကနာကာတာလို့ ခေါ်တယ်'
ဟု ပြောလိုက်၏၊
ထိုအချိန်၌....
ရင်ရင်၏လက်ထဲမှ ဖန်ခွက်သည် ကြမ်းပေါ်သို့လွတ်ကျ
သွားလေ၏။
'ခွမ်း'
ဟူသောအသံနှင့်အတူ ဖန်ခွက်သည် အစိပ်စိပ်အမြှာမြှာ
ကွဲသွား၏၊
တစ်ဆက်တည်းမှာပင်

ရီဖွန်းသည် ပြေးရင်း လှည့်ရင်းဖြင့် မိမိ၏ နောက်မှ လိုက်လာသော လူစု၏ လက်မှ လွတ်မြောက်အောင် အကြံထုတ်နေသည်။

နေ့ခင်းဆိုး၌....

ထူးသည် ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်ပြီး အင်္ကျီရင်ဘတ်ကြားထဲမှ ဒွေစက္ကူတစ်ချို့ အား ထုတ်ယူလိုက်၏။

ထို့နောက်....

သူသည် ဒွေစက္ကူများကို လေထဲသို့ မြောက်ပင့်၍ ရွေ့မိုးခဲ့ ရွာချလိုက်လေတော့သည် မဟုတ်ပါလား။

ဒွေစက္ကူများက လေထဲ၌ ပလုပ်၍ လမ်းပေါ်တွင် ဖြန့်ကျဲသွား၏။

လမ်းသွား လမ်းလာများ၊ ကလေးသူငယ်များ၊ သူဖုန်းဝါးများ၏ မျက်လုံးများသည် ဝင်းလက်သွားပြီး လမ်းပေါ်၌ ပြန့်ကျဲနေသော ဒွေစက္ကူများကို သူထက်ငါ ဦးအောင် ကောက်ယူကြလေတော့၏။

ခပ်စောစောပိုင်းက လမ်းသွားလမ်းလာများသည် မိမိတို့ ထိခိုက်မိမည့် စိုးရိမ်၍ ထိတ်လန့်တကြား ရှောင်တိမ်း၍ လမ်းဖယ်ပေးခဲ့သော်လည်း ယခုအခါ ငြိမ့် ရီဖွန်းတို့ကိုရှောင်တိမ်းပေးရန် လမ်းဖယ်ပေးရန် စိတ်မကူးတော့ချေ။

သူတို့သည် ဒွေစက္ကူများကို သူထက်ငါ ဦးမအောင်ကောက်ယူကြသာ စိတ်ကူးတော့၏။

ထို့ကြောင့်....

ရင်ရင်၏ ခန္ဓာကိုယ်သည် ယမ်းမိုးယိုင်သွားပြီး ကြမ်းပေါ်သို့လဲကျသွားလေ၏။

နာဂာတာသည် ရင်ရင်၏ ခန္ဓာကိုယ်ကို ကြမ်းပေါ်၌ မရောက်မီဆီးကြို၍ ပွေ့ဖက်ထားလိုက်၏။

ထို့နောက်....

အိမ်နေနာက်ဖေး တံခါးပွင့်လာပြီး အနီရောင်ဝတ်စုံဝတ် ဆင်ထားသော လူလေးယောက် ဝင်ရောက် လာလေတော့သည်မဟုတ်ပါလား။

* * *

ရီဖွန်းသည် ရှေ့မှပြေးနေသည်။

အနီရောင် ဝတ်စုံဝတ်ဆင်ထားသော လူတစ်စုက ထက်ကြပ်မကွာလိုက်လာ၏။

သူတို့သည် ပြောင်လက်နေသော ခေါင်းများကိုဝှေ့၍ ရီဖွန်း၏နောက်သို့ ပြေးလိုက်လာခြင်းဖြစ်၏။

ထို့ကြောင့်....

လမ်းသွားလမ်းလာများသည် ထိတ်လန့်တကြားဖြင့် တောသို့ ရှောင်ဖယ်ပေးကြ၏။

လမ်းမပေါ်၌ လူများ ရွတ်ရွတ်သဲသဲ ဖြစ်၍ ရိဖုန်းသည် နောက်သို့ လိုက်ပါသော အနီရောင် ဝတ်စုံနှင့် လူစုကိုဟန့်တားသကဲ့သို့ ဖြစ်သွားလေတော့သည် မဟုတ်ပါလား။

ရိဖုန်းသည် ခြေလှမ်းကို ရပ်တန့်လိုက်ပြီး နောက်သို့ လှည့်ကြည့်လိုက်၏။

လူအုပ်ကြီးသည် လမ်းမပေါ်မှ ငွေများကို အလုအယက် ကောက်နေ၏။

အနီရောင် ဝတ်စုံနှင့် လူများသည် ထိုလူအုပ်ကြီးကို ထိုးဖောက်၍ မရအောင် ဖြစ်နေ၏။

ရိဖုန်းက လေတစ်ချက် ခွံ့ခွန်လိုက်ပြီး နီးစပ်ရာ လမ်းကြားသို့ ချီးကွေ့၍ ဝင်ရောက် သွားလေတော့သည် မဟုတ်လား။

* * *

ရိဖုန်းသည် လမ်းကြားအတိုင်း ပြေးလာပြီးမှ ခြေလှမ်းကို ရပ်၍ အုတ်နံရံ တစ်ခုကို မှီကာ အမော ဖြေလိုက်လေတော့သည်။

ပြီးမှ....

သူသည် သက်ပြင်းတစ်ချက် ချလိုက်ရင်း ရင်ရင်ကိုရှာဖွေရန် ဆုံးဖြတ်လိုက်၏။

ရင်ရင်နှင့် သူသည် စော်းကွက်လပ်ထဲ၌ လူစုကွဲသွားခဲ့လေသည်။

ယခု....

သူမသည် မည်သည့်နေရာသို့ ရောက်ရှိနေသနည်း။

သူမသည် ရန်သူ၏ လက်မှ လွတ်မြောက်၍ လောင်မာ၏ နိမ့်သို့ ပြန်လည် ရောက်ရှိနေပြီလော။

သို့သော်....

ထိုကဲ့သို့ ဖြစ်နိုင်လိမ့်မည်ဟု ရိဖုန်းက မထင်ပါ။

သူမသည် ခြေဦးတည့်ရာသို့ ထွက်ပြေးသွားခြင်း ဖြစ်လေသည်။

ထို့အပြင်....

သူမသည် ဂျုံမြို့နှင့် အကျွမ်းတဝင် မရှိပါ။

ပါတန်ဒေသ၌ သူသည် မျက်စိမှိတ်၍ သွားလာနိုင်မည်သည်း ဂျုံမြို့၌ သူမသည် မျက်စိမှိတ်ကာ သွားလာနိုင်လိမ့်မည် မဟုတ်ပါ။

ဂျုံသို့ဆိုလျှင်....

သူမသည်မျက်စိလည်လမ်းမှား၍ မည်သည့်အရပ်သို့ရောက်နေမည်နည်း။

ဂျုံသို့မဟုတ်လျှင်....

ရိဖုန်းသည် ဆက်၍ မတွေးရဲတော့ပါ။

အကယ်၍သာ....

အနီခရောင် ဝတ်လှုံထားသော လူတစ်စုသည် မိန်းကလေး
တစ်ယောက်ကို ထမ်း၍ လမ်းကြားထဲမှ ထွက်လာ၏။

ထို့နောက်

သူတို့သည် လမ်းကြားထိပ်၌ အသင့် ရပ်ထားသော မြင်း
သည်းတစ်စီးပေါ်သို့ မိန်းကလေးအား တင်လိုက် လေတော့
သည်။

ရီဖုန်းသည် နှစ်ခါပြုန် မစဉ်းစားတော့ပါ။

သူသည် ရင်ရင်ဟု အော်ဟစ်လိုက်ပြီး မြင်းလှည်း ရှိရာသို့
တည်၍ တစ်ဟုန်ထိုး ပြေးသွားလေ၏။

သူ၏ အော်ဟစ်ခေါ်ကြောင့် မြင်းလှည်းမောင်းသမားသည်
ကို တစ်ချက် လှမ်းကြည့်လိုက်ပြီး မြင်းလှည်းအား မောင်း
ထုတ်သွားလေ၏။

အနီခရောင် ဝတ်ဆင်ထားသော လူစုကလည်း သူ့ကို လှည့်
ကြည့်ပြီး ခါးမှ ဓားအား ဆွဲထုတ်လိုက်လေ၏။

ထို့စဉ်...

သူပြေးသား တစ်ယောက်သည် အုန်းခွံရောင် မွန်ကို ချိုး
ကာင်း မျိုးသန့် မြင်းကို ခပ်ကြားကြားစီး၍ ရီဖုန်းအနီးမှ
ပြတ်သန်းသွား၏။

ထို့ကြောင့်...

သူသည် ရီဖုန်းနှင့် တိုက်လုတိုက်ခင် ဖြစ်၍ မြင်းကို ခွက်
ချုံး ရပ်တန့်လိုက်ရ၏။

ထို့နောက်

အနီရောင် ဝတ်ထားသော လူတစ်စုက သူမကို ဖမ်းမိခဲ့ပါ
လျှင်....

အနီရောင်ဝတ်စုံနှင့်လူစုသည် မည်သူတွေနည်း။

အဘယ်ကြောင့် မိမိတို့ကို ရန်ပြုရသနည်း။

အဘယ်ကြောင့်....

ရင်ရင်ကို ဖမ်းဆီးရသနည်း။

ရီဖုန်းသည် ဆက်၍ မတွေးတော့ပါ။

အကြောင်းမှာ....

အဖြေရှာမရသောကြောင့် ဖြစ်သည်။

ထို့စဉ်....

အနီရောင်ဝတ်ဆင်ထားသော လူတစ်စုသည် မိန်းတယော
တစ်ယောက်ကို ပခုံးပေါ်၌ ထမ်း၍ လမ်းကြားတစ်ခုအတွင်းမှ
ထွက်လာသည်ကို ရီဖုန်းက မြင်တွေ့လိုက်ရတော့သည် မဟုတ်
ပါလား။

* * *

သူသည် လမ်းကို ရှေ့နောက် မကြည့်ဘဲ ဖြတ် ကူးသော ရိဖုန်းအား ဒေါသဖြစ်သော မျက်လုံးများဖြင့် ကြည့်လိုက်ပြီး လျှင်....

'သေချင်လို့လား'

ဟု လှမ်းအော်လိုက်သည်။

ရိဖုန်းက မြင်းပေါ်မှ သူဌေးသားကို တစ်ချက် ကြည့်ပြီး ပြုံးပြလိုက်၏။

ထို့နောက်

သူသည် ချက်ချင်းပင် မြင်းပေါ်မှ သူဌေးသားကို ဆွဲချလိုက်ပြီး မြင်းပေါ်သို့ ခုန်တက်လိုက်၏။

တစ်ဆက်တည်းမှာပင်....

သူသည် လမ်းပေါ်သို့ လွဲကျသွားသော သူဌေးသားကို 'ကျေးဇူးပဲ' ဟု ပြော၍ မြင်းကို ဒုန်းစိုင်းမောင်းနှင်သွားလေသည်။

အဖြစ်အပျက်က မြန်ဆန်လွန်းသောကြောင့် အနီရောင်ဝတ် စုံနှင့်လူများသည် ဘာလုပ်ရမှန်း မသိအောင် ငေးငိုင်သွားလေသည်။

ရိဖုန်းသည် မြင်းကို တရကြမ်း မောင်းနှင်ပြီး အနီရောင် ဝတ်ဆင်ထားသော လူအုပ်အား ထိုးဖောက်၍ မြင်းလှည်း နောက်သို့ လိုက်သွားလေတော့သည် မဟုတ်ပါလား။

ထိုအချိန်၌....

လမ်းဘေးသစ်ပင်ရိပ်အောက်၌ ရပ်တန့်ထားသော မြင်းလှည်းတစ်စီး၏ ပြတင်းပေါက်မှခန်းစီးသည် လှပ်ခတ်သွားသည်။

နာကာတာ၏ မျက်နှာပေါ်လာ၏။

နာကာတာသည် ကျေနပ်စွာပြုံးလိုက်ပြီး မြင်းလှည်း၏ ခုံခေါင်းပေါ်၌ သတိလစ်နေသော ရင်ရင်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ပြီးမှ သူသည် မြင်းလှည်း၏ခေါင်မိုးကို လက်ဖြင့် လှမ်းပုတ်ပြီး....

'သွားမယ်'

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

* * *

မြင်းလှည်းသည် ရှေ့မှ တရကြမ်းမောင်းနှင်နေ၏။

ရိဖုန်းသည် မြင်းလှည်းနောက်သို့ တရကြမ်းလိုက်လာသည်။

မြင်းလှည်းမောင်းသမားက မြင်းများကို ကြာပွတ်ဖြင့် ရိက် တရကြမ်းမောင်းနှင်နေ၏။

ထို့ကြောင့်
မြင်းလှည်း၏ဘီးသည် ခါယမ်းလာပြီးနောက် စင်
ပြုတ်ထွက်သွားတော့၏။
ဘီးကျွတ်ထွက်သွားသောကြောင့် မြင်းလှည်းသည် တိ
မှောက်သွား၏။
မြင်းရထား တိမ်းမှောက်သွားသောကြောင့် မြင်းလှည်
မောင်းသမားသည် မြင်းရထားပေါ်မှ လွင့်စဉ်ကျလာ
သည်။
မြင်းရထားကလည်း တိမ်းမှောက်ပြီးနောက် အထိ
အကွပ်မဲ့သော မြင်းမျာ၏ ဆွဲခေါ်ရာနောက်သို့ တရွတ်တို
ပါသွား၏။
ထို့နောက်....
ပရမ်းပတာပြေးလွှားနေသော မြင်းမျာနှင့် မြင်းရထာ
သည် တကွဲတပြားစီဖြစ်ကာ မြင်းရထားသည် နှစ်ပတ်သုံးပ
မျှ လိမ့်သွားသည်။
ထိုနောက်
ကြီးမားသောသစ်ပင်နှင့် ဝင်တိုက်ကာ....
'စုန်း'
ဟူသောအသံနှင့်အတူ အစိပ်စိပ်အမှာမှာ ကျိုးပဲ့သွ
တော့သည်။
ဧရိုန်းသည် မြင်းကိုရပ်တန့်လိုက်ပြီး မြင်းပေါ်မှ ကဉ
ကယာ ဆင်းလိုက်၏။
ပြီးမှ....

သူသည် ရင်ရင်ဟာအော်ဟစ်ကာ တိမ်းမှောက်၍ ကျိုးပဲ့
သော မြင်းရထားရှိရာသို့ အပြေးအလွှား သွားရောက်လိုက်
သည်။
မြင်းရထားသည် သစ်ပင်နှင့်တိုက်မိကာ တစ်စစီ ကျိုးပဲ့
စီးနေပြီဖြစ်သည်။
မြင်းရထား၏ ကျိုးပဲ့နေသော သစ်သားအပိုင်းအစများ
မတ်ဝန်းကျင်၌ ကြဲပြန့်နေ၏။
မြင်းရထား၏ တံခါးရွက်သည် တံခါးရွက်ဟုပင် မထင်ရ
တော့ပါ။
မြင်းရထား၏ ဘီးတစ်ဘီးသာလျှင် မိုးပေါ်ထောင်လျက်
ပတ်နေဆဲဖြစ်၏။
ခဲဖုန်းသည် မြင်းရထားထဲမှ မိန်းကလေးကို ခဲရုခဲဆစ်
တင်လိုက်သည်
မိန်းကလေး၏ ခန္ဓာကိုယ်တစ်ခုလုံးသည် သွေးများဖြင့်
ရဲရဲနီရဲနေ၏။
ခဲဖုန်းထက်သော သစ်သားအပိုင်းအစတစ်ခုက သူမ၏နှလုံး
သားကို ထိုးဖောက်ထားသည်။
ခဲဖုန်းသည် မိန်းကလေး၏အလောင်းကို စူးစိုက်ကြည့်ပြီး
ခံမှာင်ကြုတ်သွား၏။
အံကြိတ်မှာ....
သေဆုံးနေသော မိန်းကလေးသည် ရင်ရင် မဟုတ်သော
ကောင့် ဖြစ်သည်။
သို့ဆို ယျင်

ရင်ရင်သည် ဖည်သည့်နေရာ၌ ရှိနေသနည်း။

* * *

ရင်ရင်သည် တစ်ခုသော ရွက်ဖျင်တဲအတွင်း၌ ရှိနေလေသည်။

သူမ၏ ခြေနှင့်လက်များကို နှားသားရေကြိုးဖြင့် ချည်ထား၏။

ထို့နောက်

သူမကို ခုတင်တစ်လုံးပေါ်၌ တင်ထား၏။

ရင်ရင်သည် သတိလစ်နေဆဲ ဖြစ်သည်။

သူမသည် နာကာတာ၏ဖျော်ရည်ကို သောက်လိုက်ပြီးနောက် သတိလစ်သွားခြင်းဖြစ်သည်။

နာကာတာသည် ခုတင်နံဘေး၌ တင်ပလဲထိုင်နေ၏။

သူသည် သတိလစ်နေသော ရင်ရင်ကို စူးစိုက်ကြည့်နေလေသည်။

သူသည် ရင်ရင်ကို နှစ်ပေါင်းများစွာက ပျောက်ဆုံးနေသော ရွေးဟောင်းပစ္စည်းတစ်ခုကို ရှာဖွေတွေ့ရှိသဖြင့် စိတ်ဝင်စားစွာ ကြည့်ရှုနေသကဲ့သို့ ကြည့်ရှုနေခြင်းဖြစ်၏။

သူအတွက် ရင်ရင်သည် အလွန်အဖိုးထိုက်တန်သော ရွေးဟောင်း ပစ္စည်းတစ်ခုပင် ဖြစ်၏။

သူသည် နှစ်ပေါင်းများစွာ ရွေးဟောင်း ပစ္စည်းများကို စုဆောင်းစားနေခဲ့ခြင်းကြောင့် သူ၏နှလုံးသားထဲမှ အချစ်ဟူသော အရာသည် တိမ်မြုပ်ပျောက်ကွယ်နေခဲ့၏။

သို့သော်....

ယခု သူသည် ရင်ရင်ကို ပထမဆုံး မြင်တွေ့လိုက်သည်နှင့် သူ၏နှလုံးသားထဲ၌ တိမ်မြုပ်ပျောက်ကွယ်နေသော အချစ်သည့် အရာသည် လူးလွန့်လှုပ်ရှားလာခဲ့သည် မဟုတ်ပါလား။

သူသည် ရင်ရင်၏မျက်နှာကို ညင်သာစွာပွတ်သပ်လိုက်၏။

ထို့နောက်....

သူ၏လက်သည် အောက်ဘက်သို့ရွေ့လျားကာ ရင်ရင်၏ခန္ဓာကိုယ်ပေါ်သို့ ရောက်ရှိလာ၏။

သူသည် ရွေးဟောင်း ပစ္စည်းတစ်ခုကို အမြတ်တနိုးဖြင့် ကိုင်တွယ်ပွတ်သပ်နေသကဲ့သို့ ရင်ရင်၏ခန္ဓာကိုယ်ကို ပွတ်သပ်လိုက်၏။

ထိုစဉ်....

ရုတ်တရက် ရင်ရင်၏မျက်လုံးများသည် ဖျံပ်ခနဲ ပွင့်လာလေတော့သည် မဟုတ်ပါလား။

* * *

နာကာတာက ပြုံးပြလိုက်၏။

ရင်ရင်သည် နာကာတာကို မျက်လုံးပြူးကြည့်ပြီး သူမ၏ခန္ဓာကိုယ်ကို ရှုန်းကန်လိုက်၏။

သူမ၏ပါးစပ်မှလည်း တစ်စုံတရာကို အော်ဟစ်လိုက်၏ သို့သော်...

သူမ၏အသံသည် သူမပါးစပ်ကို စည်းနှောင်ထားသော ပဝါနှင့်ထိကာ လည်ချောင်းထဲသို့ ပြန်၍ဝင်ထွားသည်မဟုတ် ပါလား။

နာကာတာက ပြုံး၍...

'မိန်းကလေး သတိရလာပြီလား'

ဟု မေးလိုက်၏။

ရင်ရင်က နာကာတာကို မျက်လုံးပြူး၍ကြည့်၏။

သူက ရင်ရင်၏ပါးစပ်၌ ခွည်နှောင်ထားသည့် ပဝါကို ယခုမှတွေ့မြင်ဟန်ဖြင့် ခေါင်းခါယမ်းလိုက်ပြီး ပဝါကို ဖြည်ပေးရင်း ရင်ရင်၏မျက်နှာကို စူးရဲစွာဖြင့် အတန်ကြာအောင် ကြည့်နေ၏။

ပြီးမှ....

'ဒီနေရာတစ်ဝိုက်မှာ သဲတွေပဲရှိတယ်'

ဟု ပြောလိုက်သည်။

ရင်ရင်က....

'ဘုင်တယ်သူရဲ'

ဟု မေးလိုက်၏။

နာကာတာက ပြုံးလိုက်ပြီး....

'နာကာတာပါ'

ရင်ရင်က

'ရှင်ဘာဖြစ်လို့ ကျွန်မကို ဖမ်းထားရတာလဲ'

နာကာတာက ပြုံး၍...

'ကျုပ်က ဖမ်းမထားပါဘူး'

ရင်ရင်က....

'ဒါဖြင့် ဘာဖြစ်လို့ ကျွန်မကိုကြိုးတုပ်ပြီး ဒီကိုခေါ်လာ ခဲ့တဲ့လဲ'

နာကာတာက ပြုံး၍....

'မင်းမလိုက်မှာ စိုးလို့ပါ'

ရင်ရင်က

'ရှင်က ကျွန်မရဲ့ရန်သူလား'

နာကာတာက ပြုံးလိုက်ပြီး

'ကျုပ်က မိန်းကလေးနဲ့ မိတ်ဆွေဖြစ်ချင်ပါတယ်'

ရင်ရင်က

'ကြိုးနဲ့တုပ်ထားမှတော့ ရှင့်ကို ဘယ်သူက မိတ်ဖြစ်ချင် လဲ'

နာကာတာက သက်ပြင်းချလိုက်ပြီး

'အင်း....ဒီလောကပေါ်မှာမင်းလောက်လှတဲ့ မိန်းကလေး တော့ဘူး ထင်တယ်'

ဟု ပြောလိုက်၏။

ပြီးမှ....

နာကာတာသည် သူမ၏ခန္ဓာကိုယ်ကို ယုယစွာ ပွတ်သ
လိုက်ရင်း....

လက်မှ ကြိုးများကို ဖြည်ပေးလိုက်၏။

ထိုနောက်

သူသည် ရင်ရင်၏ ခြေထောက်မှ ကြိုးများကို ဖြည်ပေးလို
သည်။

ရင်ရင်သည် ကြိုးဖြင့် တုပ်နှောင်ခြင်း ခံရသောကြောင့် နာ
ကျင်သည့် လက်ကောက်ဝတ်ကို တစ်လှည့်စီ ဆုပ်ကိုင်လိုက်ရင်း
နာကာတာကို မျက်မှောင်ကုတ်၍ ကြည့်မိ၏၊

နာကာတာက ခုတင်ပေါ်၌ တင်ပါးလဲ့ ထိုင်နေရာမှ ထ
သွား၏။

ထိုနောက်

စားပွဲပေါ်မှ စက္ကူထုပ် တစ်ထုပ်ကိုယူ၍ ပြန်လာပြီး ခုတင်
ပေါ်၌ ပြန်ထိုင်လိုက်၏။

ပြီးမှ....

သူသည် စက္ကူထုပ်ကို ဖြည်လိုက်၏။

စက္ကူထုပ်ထဲ၌ သစ်လွင်၍ အဖိုးထိုက်တန်သော အဝတ်စား
တစ်စုံရှိသည်။

မိန်းကလေး အဝတ်အစားဖြစ်၏။

နာကာတာက စက္ကူထုပ်ထဲမှ အဝတ်အစားများကို ထုတ်
ယူလိုက်ပြီး ရင်ရင်အား လှမ်းကြည့်၍....

'မင်းနဲ့တော်မယ် ထင်တယ်'

ဟု ပြောလိုက်ပြီး အဝတ်အစားများကို ရင်ရင်ထံသို့ လှမ်း
ပေးလိုက်၏။

ရင်ရင်က လှမ်း၍ မယူပါ။

နာကာတာက ပြုံးလိုက်ပြီး....

'ကျောပြွန်နေတဲ့ အင်္ကျီနဲ့စာရင် ဒီအင်္ကျီက မိန်းကလေး
အတွက် ပိုပြီးအဆင်ပြေမယ် ထင်တယ်'

ဟု ပြောလိုက်၏။

ရင်ရင်က နာကာတာ၏ လက်ထဲမှ အင်္ကျီကို လှမ်းယူလိုက်
သည်၊

ထိုနောက်

သူမသည် ခုတင်ပေါ်မှ ဆင်းလိုက်၏။

ပြီးမှ

ရင်ရင်သည် နာကာတာကို ကြည့်၍....

'ရှင်က ဘာဖြစ်လို့ အပြင်မထွက်တာလဲ'

ဟု ပြောလိုက်၏၊

နာကာတာက ပြုံးလိုက်ပြီး

'ကျုပ်နောက်ကျောပေးရုံနဲ့ လုံလောက်ပါတယ်'

ရင်ရင်က....

'မဖြစ်ဘူး'

နာကာတာက ပြုံး၍

'အမှန်ပြောရရင် ခင်ဗျားကို မျက်စိအောက်ကအပျောက်
မခံနိုင်ဘူး'

ရင်ရင် မျက်မှောင်ကုတ်၍

'ကျွန်မ နားမလည်ဘူး'
ဟု ပြောလိုက်၏။
နာကာတာ သက်ပြင်းချပြီး....
'အမှန်ပြောရရင် သူတို့က မင်းကို နှိပ်စက်ဖို့ စဉ်းစားနေ ကြတယ်'
ဟု ပြောလိုက်၏
နာကာတာ၏ စကားကြောင့် ရင်ရင်သည် မျက်ခမ်းတောင်ကုတ် ကာ....
'သူတို့ဟုတ်လား၊ ဘယ်သူလဲ'
ဟု မေးလိုက်၏။
သူက ပြုံးလိုက်ပြီး....
'တာဝေနယ်စား ကြီးရဲ့ လူတွေပါ'
ရင်ရင်က သူ၏ စကားကို နားမလည်နိုင်ဟန်ဖြင့် ခေါင်း ခါယမ်းလိုက်ပြီး....
'တာဝေနယ်စား ကြီးရဲ့ လူတွေ ဟုတ်လား'
ဟု ထပ်မေးလိုက်သည်။
သူက ခေါင်းညိတ်၍....
'ဟုတ်တယ်'
ရင်ရင်က မျက်ခမ်းတောင် ကုတ်၍ နာကာဘာကို တစ်ချက် ကြည့်လိုက်ပြီး....
'ရှင်လဲ သူတို့နဲ့ အတူတူပဲ မဟုတ်လား'
ဟု မေးလိုက်၏။
နာကာတာက ပြုံးလိုက်ပြီး....

'အင်း.... ဟုတ်တယ်လို့ ပြောလဲရတယ်၊ မဟုတ်ဘူးလို့ ပြောလဲ ရတယ်'
ဟု ပြောလိုက်၏။
နာကာတာ၏ စကားကြောင့် ရင်ရင်သည် နာကာတာကို လူထူးလူဆန်းသဖွယ် မျက်လုံးပြူး ကြည့်ပြီး....
'ရှင့်စကားက ဘာစကားလဲ၊ ကျွန်မဖြင့် နားမလည်ဘူး'
ဟု ပြောလိုက်၏။
နာကာတာက ရင်ရင်၏ အမူအရာကို သဘောကျဟန်ဖြင့် ခေါ်မောလိုက်ပြီး....
'ဟုတ်ပါတယ်....တစ်ခါတစ်ခါ ကျုပ်ကိုယ် ကျုပ်တောင် နားမလည်ဘူး၊ ဘာပဲဖြစ်ဖြစ် မိန်းကလေးကို မနှိပ်စက်ဖို့ ကန့်ကွက်တဲ့ လူကတော့ ကျုပ်တစ်ယောက်ပဲ ရှိသေးတယ်'
ရင်ရင်က ခေါင်းရှုပ်လာဟန်ဖြင့် ခေါင်းကို တစ်ချက်ကုပ် လိုက်ပြီး....
'သူတို့က ကျွန်မကို ဘာအတွက် နှိပ်စက်ချင်ရတာလဲ'
နာကာတာက ပြုံးပြီး....
'သူတို့က အရှိုင်းအစိုင်းတွေ၊ လူကို နှိပ်စက်ဖို့ပဲ စဉ်းစား နေတာ၊ ဒါပေမယ့် မင်းကို မနှိပ်စက်ဖို့ ကျုပ်က တောင်းပန် သားရတယ်'
ရင်ရင်က စိတ်ချင်ဟန်ဖြင့် သက်ပြင်း တစ်ချက် ချလိုက်ပြီး နာကာတာကို တစ်ချက်မျှ စူးစိုက်ကြည့်လိုက်၏။
ပြီးမှ....
ရင်ရင်သည် မဲ့ပြုံးတစ်ချက် ပြုံး၍....

'ကောင်းပြီ....ကျွန်မတို့ ပွင့်ပွင့်လင်းလင်း ပြောရအောင် ရှင်က ဘာဖြစ်လို့ ကျွန်မအတွက် ဝင်ပြီး တောင်းပန်ပေးရတာ လဲရှင်'

ဟု မေးသည်။

ရင်ရင်၏ စကားကြောင့် နဒ္ဒကာတာသည် သဘောကျစွာ ပြုံးလိုက်ပြီး....

'အင်း.... မိန်းကလေးက ကျုပ်ထင်ထားတာထက်တောင် ပိုပြီး ဉာဏ်ကောင်းနေပါလား၊ ကြိုက်ပြီ.... ကျုပ်သဘောကျ သွားပြီ'

ဟုပြောလိုက်၏။

ရင်ရင်သည် သူမ၏ ခန္ဓာကိုယ် အလှကို ပို၍ ပေါ်လွင်စေရန် အနေအထားမျိုးဖြင့် ရပ်လိုက်ပြီး....

'အဲ....ပြော ရှင်ဘာလိုချင်တာလဲ'

ဟု မေးလိုက်၏။

နဒ္ဒကာတာက ရင်ရင်ကို ကြည့်လိုက်၏။

သူသည် ရင်ရင်၏ တစ်ကိုယ်လုံးကို တစ်လက်မချင်း အသေးစိတ် ကြည့်ရှုနေသကဲ့သို့ ကြည့်မိ၏။

အတန်ကြာမှ....

နဒ္ဒကာတာသည် ခုတင်ပေါ်၌ တင်ပလဲ ထိုင်နေရာမှ ရင်ရင်ဆီသို့ သွေ့ကာလာ၏

ထို့နောက်....

သူသည် ရင်ရင်၏ ပခုံးနှစ်ဖက်ကို ညှင်သာစွာ ဆုပ်ကိုင်လိုက်၏။

ပြီးမှ....

'ကျုပ်အနေနဲ့ မိန်းကလေးကို မနှိပ်စက် သင့်ကြောင်း သက်သေပြဖို့ မိန်းကလေးဆီက စကားတစ်ခွန်း လောက်သိချင်တယ်'

ဟု ပြောလိုက်၏။

နဒ္ဒကာတာ၏ စကားကြောင့် ရင်ရင်သည် နဒ္ဒကာတာကို မော့ကြည့်ကာ....

'ဘာစကား လဲ'

နဒ္ဒကာတာက ပြုံးလိုက်ပြီး ရင်ရင်ကို အတန်ကြာအောင် စူးစိုက်ကြည့်လိုက်၏။

ပြီးမှ....

'ဝူတောင်ဌေးရဲ့ထိပ်ပိုင်း ဘယ်မှာရှိတယ်ဆိုတဲ့ စကားလေး တစ်ခွန်းပါ'

ဟုပြောလိုက်လေတော့သည် မဟုတ်ပါလား။

* * *

နှာကာတာက သူ၏ လက်ဖြင့် ရင်ရင်၏ပါးပြင်ကိုညင်သာ
ညှာပုတ်သပ်လိုက်ပြီး....
'မင်းက သိပ်ပြီး ချစ်ဖို့ကောင်းတဲ့မိန်းကလေးပဲ၊ လောက
မှာအလှဆုံးလို့ ခပြောနိုင်တယ်၊ မင်းလိုလှတဲ့ မိန်းကလေးကို
လိုချပ်တဲ့လူတွေစိုင်းဝိုင်းလည်နေမှာပဲ'
ဟု ပြောလိုက်၏။
နှာကာတာ၏ စကားကြောင့် ရင်ရင်သည် နှာကာတာကို
မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။
နှာကာတာက ပြုံးလိုက်ပြီး....
'ဒါပေမယ့် လောကပေါ်မှာ လူတွေက မရခင်ကသာ
လိုချင်ကြတာပါ၊ ရပြီးတော့ ဘယ်သူမှမလိုချင်တော့ဘူး'
ဟု ပြောလိုက်၏။
ရင်ရင်က....
'ရှင်ဘာတွေ ပြောနေတာလဲ၊ ကျွန်မ နားမလည်ဘူး'
ဟု ပြောလိုက်၏။
နှာကာတာက ပြုံးလိုက်ပြီး....
'အခုနားမလည်ပေမယ့် နောက်တော့ နားလည်လာမှာ
ပါ၊ ဒါနဲ့ ရိဟုန်းနဲ့ပတ်သက်ပြီး ကျုပ်ကိုပြောပြစမ်းပါ၊ မိန်း
ကလေးနဲ့ ရိဟုန်းတို့က ရင်းနှီးတယ်မဟုတ်လား'
ရင်ရင် ခေါင်းခါယမ်းလိုက်ပြီး....
'သူအကြောင်းပြောစရာ အာမုဓရှိဘူး'
ဟု ပြောလိုက်၏။
နှာကာတာက ပြုံး၍....

ရင်ရင်သည် နှာကာတာကို စူးစိုက်ကြည့်လိုက်၏။
ပြီးမှ....
ပြုံး၍....
'အင်း....ရှင့်ကို ကျွန်မ ပြောချင်ပါတယ်၊ ဒါပေမယ့်
ကျွန်မကိုယ်တိုင်က ဒီကိစ္စကိုမသိဘူး'
ဟု ပြောလိုက်၏။
နှာကာတာက ပြုံးလိုက်ပြီး
'မိန်းကလေးကို ကျုပ်က ကူညီတာပါ၊ မိန်းကလေးအနေ
နဲ့ကျုပ်ကို မညာသင့်ပါဘူး'
ရင်ရင်ကပြုံးလိုက်ပြီး....
'ကျွန်မက ညာနေတယ်လို့ ထင်နေသလား'
နှာကာတာက သက်ပြင်းချလိုက်ပြီး
'ကောင်းပြီ မိန်းကလေးကဖွတောင်ဧ့ရဲ့အကြောင်းကို
မသိဘူးဆိုရင် ရိဟုန်းရဲ့ အကြောင်းကိုတော့သိမှာပေါ့၊ ဒီကို
ရိဟုန်းဘာလာလုပ်တာလဲ'
ဟု မေးလိုက်၏။
ရင်ရင်ကခေါင်းခါယမ်းလိုက်ပြီး
'မသိဘူး ကျွန်မအာမုဓ မသိဘူး'
နှာကာတာ ပြုံးလိုက်ပြီး
'အင်း မိန်းကလေးက ရိဟုန်းအပေါ်မှာ သစ္စာ ရှိတာ
ကျုပ်ဂုဏ်ယူပါတယ်၊ ဒါပေမယ့် တစ်ခါတစ်ရံမှာမလိုအပ်တဲ့
သစ္စာရှိတာ အလွန်မိုက်မဲတဲ့ ကိစ္စတစ်ခုပါ'
ရင်ရင်က ပါးစပ်ပိတ်ထားလိုက်၏။

ထို့နောက်....

သူသည် လက်နှစ်ဖက်နှင့် ရင်ရင့်၏မျက်နှာကို အသာပင့်သွစ်လိုက်ပြီး ရင်ရင်၏ မျက်လုံးများကို စူးစိုက်ကြည့်၍ အကဲခတ်လိုက်၏။

ပြီးမှ ပြုံးလိုက်ပြီး....

'ကျုပ်က ခင်ဗျားကို ကူညီချင်ပါတယ်၊ ဒါပေမယ် ကျုပ်အနေနဲ့ သူတို့အပေါ်မှာ ဩဇာမညောင်းဘူး၊ နောက်ပြီး သူတို့အပေါ် လူလည်ကျလို့ လဲ့မရဘူး'

ဟု ပြောလိုက်၏။

ရင်ရင်ဟု မျက်နှာကို နာကာတာ၏လက်မှ ရုန်းထွက်လိုက်ပြီး....

'ဒါဖြင့် ရှင်လဲ ရိဖုန်းလို အသုံးမကျတဲ့လူပဲ'

ဟု ပြောလိုက်၏။

နာကာတာက ပြုံးလိုက်ပြီး....

'ဒါပေမယ့် ကျုပ်ကရိဖုန်းထက် အသုံးဝင်ပါသေးတယ်'

ရင်ရင်က နှာခေါင်းရှုံ့လိုက်ပြီး....

'ဘယ်နေရာမှာလဲ'

နာကာတာက ပြုံးလိုက်ပြီး....

'ကျုပ်က မင်းကို လူတစ်ယောက်နဲ့ မိတ်ဆက်ပေးတဲ့နေရာမှာပါ'

ဟု ပြောလိုက်၏။

ရင်ရင်က မျက်မှောင်ကြုတ်လိုက်ပြီး....

'ဘယ်သူလဲ'

'အနည်းဆုံးကတော့ သူဒီကို ဘာလာလုပ်တယ်ဆိုတာကို မိန်းကလေးက ပြောပြနိုင်မယ်ထင်တယ်'

ဟု ပြောလိုက်၏။

ရင်ရင်က ခေါင်းခါယမ်းလိုက်ပြီး....

'ကျွန်မ မသိဘူးလို့ ဘယ်နှစ်ခါပြောရမလဲ'

ဟု မေးလိုက်၏။

ပြီးမှ....

ရင်ရင်သည် နှုတ်ခမ်းကို တစ်ချက်ကိုက်ကာ....

'သူက ကျွန်မကို ဒုက္ခပေးရုံကလွဲပြီး ဘာမှအသုံးမကျဘူး၊ သူ့ကြောင့် ကျွန်မရဲ့စီးပွားရေး လုပ်ငန်းပျက်ခဲ့ရတယ်၊ သူ့ကြောင့် အခု ရှဉ်က ကျွန်မကိုဖမ်းထားတယ်၊ ဘာဖြစ်လို့ ရှင်တို့က သူ့ကိုထိပ်တိုက် မတွေ့တာလဲ၊ ဘာဖြစ်လို့ မဆိုင်တဲ့လူကို ဒုက္ခပေးရတာလဲ'

ဟု ပြောလိုက်၏။

နာကာတာက သက်ပြင်းလိုက်ပြီး....

'ဟုတ်တယ်၊ ရိဖုန်းဟာ ခင်ဗျားအတွက် ဘာမှအသုံးမကျတဲ့လူပဲ၊ သူ့အကြောင်းကို ခင်ဗျားမသိဘူးဆိုတာ ကျုပ်ယုံပါတယ်၊ ဒါပေမယ့်'

နာကာတာသည် စကားကိုဆက်၍မပြောဘဲ ရပ်တန့်လိုက်ပြီး ရင်ရင်ကို စူးစိုက်ကြည့်လိုက်၏။

ပြီးမှ

'ဒါပေမယ့် သူတို့ကယုံမှာမဟုတ်ဘူး'

ဟု ပြောလိုက်၏။

ဟု ပြောလိုက်၏။

နာကာတာသည် ပြုံးလိုက်ပြီး....

'ခင်ဗျားတို့နှစ်ယောက်က မိတ်ဟောင်းဆွေဟောင်းတွေပဲ၊ ပြဿနာမှ မိတ်ဆက်မေးဖို့ မလိုတော့ဘူးထင်တယ်'

ဟု ပြောလိုက်၏။

ပြီးမှ....

နာကာတာသည် ရင်ရင်ကိုပြုံးပြကာ....

'ခင်ဗျားတို့ လွတ်လွတ်လပ်လပ် စကားပြောကြပါ'

ဟု ပြောလိုက်ပြီး ရွက်ဖျင်တဲအတွင်းမှ ထွက်ခွာသွားလေသည် မဟုတ်ပါလား။

ရင်ရင်သည် ပါတန်ဒေသ၌ တွေ့ဆုံခဲ့ဖူးသော မျက်စိတစ်လုပ် လူကိုတစ်ချက်၊ နာကာတာကိုတစ်ချက် ကြည့်လိုက်မည်သို့ပြန်ပြောရမှန်း မသိအောင် ဖြစ်သွားလေတော့၏။

နာကာတာသည် ရွက်ဖျင်တဲအတွင်းမှ ထွက်လာပြီးလျှင် သေပွတစ်ခွက် မှုတ်ထုတ်လိုက်၏။

သူ၏ စိတ်ထဲမှလည်း....

'အလကားလူတွေ၊ လူတွေကိုနှိပ်စက်ဖို့ပဲ နားလည်တဲ့ လူတွေ'

ဟု ရေရွတ်လိုက်သည်။

ထို့နောက်....

သူသည် အလုပ်ထမားများ၏ တူးဖော်ရေးလုပ်ငန်းခွင်သို့ ခေါ်သွားမောကြည့်ရင်း....

ဟု မေးလိုက်၏။

ထို့စဉ်....

'ကျုပ်ပါ'

ဟူသော အသံနှင့်အတူ....

လူတစ်ယောက်သည် ရွက်ဖျင်တဲအတွင်းသို့ ဝင်ရောက်၍ လာလေတော့သည် မဟုတ်ပါလား။

* * *

ရွက်ဖျင်တဲအတွင်းသို့ ဝင်ရောက်လာသော လူသည် မျက်လုံး တစ်လုံးတည်းသာ ရှိ၏။

သူသည် သူ၏တစ်လုံးတည်းသော မျက်လုံးဖြင့် ရင်ရင်ကို ကြည့်ပြီး ပြုံးပြလိုက်၏၊

ပြုံးလိုက်သောအခါ သူသည် ဝံပုလွေတစ်ကောင်လို ဖြစ်သွား၏။

သူ၏အပြုံးက ဝံပုလွေတစ်ကောင်၏ အပြုံးကဲ့သို့ ဖြစ်နေသည် မဟုတ်ပါလား။

သူက ရင်ရင်ကို ပြုံးပြလိုက်ပြီး....

'ကျုပ်တို့ ပါတန်ဒေသမှာ ဆုံဖူးတယ်နော်'

ဤသဲများအောက်၌ ရှိနေသော မှော်မျက်ရှင်စားအား ရီဖုန်း မရရှိနိုင်ရန် တစ်ခုတည်းသော နည်းလမ်းကို စဉ်းစားနေမိ၏။

ထိုနည်းလမ်းမှာ....

ရီဖုန်းကို သတ်ပစ်ရန်ပင်ဖြစ်သည် မဟုတ်ပါလား။

* * *

အရက်ဆိုင်ထဲ၌ အသံများဆူညံနေ၏။

အမြည်းများ ကြော်ချက်သော မီးဖိုချောင်မှာ ညှော်နှံ့များ၊ မီးခိုးများက အရက်ဆိုင်ထဲ၌ ဖုံးလွှမ်းနေ၏။

ရီဖုန်းသည် ချောင်းကျသော စားပွဲ၌ ထိုင်နေ၏။

သူ၏ ရှေ့၌ အရက်အိုးတစ်အိုးသည် တစ်ဝက်ခန့်ကုန်နေပြီဖြစ်၏။

သူသည် တစ်နေ့လုံး ရင်ရင်ကိုလိုက်ရှာခဲ့၏။

သို့သော်....

ရင်ရင်၏ အရိပ်အရောင်ပင်မတွေ့ခဲ့ရချေ။

နောက်ဆုံး၌ သူသည် လက်လျော့လိုက်ပြီး ထိုအရက်ဆိုင်ထဲသို့ ဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။

သူသည် သူ၏နောက်မှ သူဖုန်းစား တစ်ယောက်လိုက်ပါလာသည်ကို မသိချေ။

ရိဖုန်းသည် အရက်အိုး ၃ မ အရက်ခွက်ထဲသို့ ငုံထည့်လိုက်ပြီးနောက် မိမိ၏စားပွဲရှေ့သို့ လူသုံးယောက် ရပ်လာသည်ကိုတွေ့လိုက်ရသည်။

ထို့ကြောင့်....

သူသည် ဦးခေါင်းကို မော့၍ ထိုလူသုံးယောက်ကို ကြည့်လိုက်သည်။

စာပေသမားကဲ့သို့ ပုံပန်းယဏ္ဍာန်ရှိသော လူက ရိဖုန်းကို ပြုံးပြလိုက်ပြီး....

'ရိဖုန်းမဟုတ်လား'

ဟု မေးလိုက်၏။

ထိုလူ၏အပြုံးက နှစ်ပေါင်းများစွာ ကွဲကွာနေသော ယဉ်ယဉ်ချင်းတစ်ယောက် ပြန်တွေ့လိုက်ရသဖြင့် လှိုက်လှိုက်လဲ့လဲ့ဝမ်းသာအားရဟန်ဖြစ်ပေါ်နေ၏။

ရိဖုန်းက မိမိကို ဖက်ထွေ့တာင်း ရင်နှီးစွာ ပြုံးပြနေသော လူကိုမျက်မှောင်ကြုတ်၍ ကြည့်လိုက်ရင်း....

'ခင်ဗျားက ကျုပ်ကိုသိတယ်ဟုတ်လား'

ဟု မေးလိုက်၏။

ထိုလူက ရယ်မောလိုက်ပြီး....

'ရိဖုန်း....ခင်ဗျားက ငယ်ငယ်က အတိုင်းပဲ မပြောင်းလဲသေးပါလား'

ဟု ပြောလိုက်၏။

ထိုလူ၏ စကားကြောင့် ရိဖုန်းသည် ၈၀၉၀ ဖြစ်သွားသည်။

အရက်ဆိုင်ထဲသို့ ရိဖုန်း ဝင်ရောက်သွားသောအခါ သူဖုန်းစားသည် အရက်ဆိုင်၏ တံခါးပေါက်ဝ ကျန်ရစ်ခဲ့၏။

မကြာမီ....

အရက်ဆိုင်၏ ရှေ့သို့ လူသုံးယောက် ရောက်လာလေသည်။

သူတို့သည် အရက်ဆိုင်၏ တံခါးဝ၌ ငုတ်တုတ် ထိုင်နေသော သူဖုန်းစားကို တစ်ချက်ကြည့်လိုက်၏။

သူဖုန်းစားကြီးက ဦးခေါင်းကို ညိတ်ပြလိုက်၏။

လူသုံးယောက်အနက် နှုတ်ခမ်းမွေးနှင့်လူက သူဖုန်းစားကြီးကို ငွေစက္ကူတစ်ရွက် စွန့်ကဲ့လိုက်၏။

ယုမ် တစ်ရာတန်သော ငွေစက္ကူဖြစ်၏။

ထိုလူသည် အဘယ်ကြောင့် ဤမျှရက်ရောရပါသနည်း။

သူဖုန်းစားကြီးက ဦးခေါင်းကို အခါခါညွတ်၍ဦးညွတ်လိုက်ပြီး အရက်ဆိုင်ရှေ့မထွက်သွားလေ၏။

လူသုံးယောက်သည် တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ပြီး အရက်ဆိုင်ထဲသို့ ဝင်ရောက်သွားလေ၏။

* * *

ထိုလူက ရိဖုန်း၏ စားပွဲ၌ ဝင်ရောက် ထိုင်လိုက်ပြီး

'ကျုပ် ဝမ်ယုလေ.... ကျုပ်ကို မသိဘူးလို့ ပြောဦးမယ် မဟုတ်လား'

ဟု ပြောလိုက်သည်။

ရိဖုန်းက ဦးခေါင်းကိုခါယမ်းလိုက်ပြီး....

'ဟုတ်တယ်'

ဟု ပြောလိုက်၏။

ဝမ်ယုက သဘောကျစွာ ရယ်မောလိုက်ပြီး....

'ကဲပါ....ခင်ဗျားက မမှတ်မိလည်း ကျုပ်က စိတ်မဆိုးပါဘူး၊ ကျုပ်တို့ပြန်ဆုံတွေ့တုန်း ပျော်ပျော်ပါးပါးပေါ့'

ဟု ပြောလိုက်၏။

ရိဖုန်းက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်၏။

ပြီးမှ....

သူသည် ဝမ်ယုကို စူးစိုက်ကြည့်ကာ....

'ဒီမှာ ကျုပ်ကို ဘာဖြစ်လို့ ပွင့်ပွင့်လင်းလင်း မပြောတာလဲ'

ဟု မေးလိုက်၏။

ရိဖုန်း၏စကားကြောင့် ဝမ်ယုသည် ရုတ်တရက် သဘောကျစွာရယ်မောလိုက်ပြီး

'ဟုတ်တယ် ကျုပ်တို့ ဘာဖြစ်လို့ ပွင့်ပွင့်လင်းလင်း မပြောပြတာလဲ'

ဟု ရိဖုန်း၏စကားကို သံယောင်လိုက်၍ ပြောလိုက်လေသည်။

ပြီးမှ....

ဝမ်ယုသည် ရိဖုန်းကို စူးစိုက်ကြည့်ကာ....

'ရိဖုန်း ခင်ဗျားဒီကို ဘာလာလုပ်တာလဲ'

ဟု မေးလိုက်၏။

ရိဖုန်းက ပြုံးလိုက်ပြီး....

'ကျုပ်က ခင်ဗျားကိုမျက်စိမြင်တယ် ထင်နေတာအခုတော့ ခင်ဗျားက အကန်းပဲ'

ဟု ပြောလိုက်၏။

ဝပ်ယုက ပြုံးလိုက်ရင်း....

'ခင်ဗျားဒီကို ဘာလာလုပ်တာလဲ'

ဟု ထပ်၍ မေးလိုက်၏။

ရိဖုန်းက....

'အရက်ဆိုင်လာတာ အရက်လာသောက်တာပေါ့'

ဝမ်ယုက ဦးခေါင်းညိတ်လိုက်ပြီး....

'မှန်တာပေါ့....အရက်ဆိုင်ကို လာတာ အရက်သောက်ဖို့ဆိုရင် ဒီမြို့ကိုလာတာ ဟိုဝေးကိုယူဖို့ပေါ့'

ဟု ပြောလိုက်၏။

ဝမ်ယု၏စကားကြောင့် ရိဖုန်းသည် ဝမ်ယုကို မျက်မှောင်ကြုတ်၍ ကြည့်ကာ....

'ဘယ်ခေါလဲ'

ဟု မေးလိုက်၏။

ဝမ်းယုက ပြုံးလိုက်ပြီး....

'အင်....ခင်ဗျားလဲမျက်စိကန်းနေပြီထင်တယ်'

'ခွမ်း'
ဟူသော ခံးထုတ်သံ ပေါ်လာ၏။
ဝမ်ယုက ခံးကို စားပွဲပေါ်သို့ တင်လိုက်ပြီး....
'ဒီခံးဟာ သာမန် ခံးတစ်လက်ပါ၊ ကြိုက်တဲ့ပန်းပဲဖိုမှာ ခွင့်တယ် စေးလဲပေါတယ်၊ ဒါပေမယ့် ဒီခံးကို ကျုပ်က ဖြတ်ကြီးထဲမှာ ဒါမှမဟုတ် သဲတွေရဲ့ အောက်မှာ မြှုပ်ထားလိုက်မယ်....
'နောင်နှစ်ပေါင်း တစ်ထောင် နှစ်ထောင်လောက် ကြာရင် ခံးဟာ တန်ဖိုးမဖြတ်နိုင်တဲ့ ခံးတစ်လက် ဖြစ်လာမယ်၊ ဒီခံးအတွက် လူတွေဟာ တစ်ယောက်နဲ့ တစ်ယောက် သတ်ကြတော်ကြမယ်'
ဟု ပြောလိုက်သည်။
ရိဖုန်းက ဘာမျှ ပြန်မပြောပါ။
ဝမ်ယုက ပြုံး၍
'ကျုပ်ပြောတာ ဟုတ်တယ်မဟုတ်လား'
ဟု မေးလိုက်၏။
သူက သက်ပြင်းချ၍ အရက်ကို မော့သောက် လိုက်တော့သည်။
ပြီးမှ....
သူသည် ဝမ်ယုကို စေ့စေ့ကြည့်၍....
'ခင်ဗျား ဘာလို့ချင်တာလဲ'
ဟု မေးလိုက်၏။
ဝမ်ယုက ရယ်လိုက်ပြီး

ဟု ပြောလိုက်၏။
ရိဖုန်းက....
'ကျုပ်ဘာခံးမှ မသိဘူး'
ဟု ပြောလိုက်၏။
ဝမ်ယုက ပြုံးလိုက်ပြီး....
'ဒီပတဝန်းကျင်မှာ သိမ်းငှက်မြို့ဟောင်းကိုတူးဖော်နေတယ် ဆိုတာတော့ ခင်ဗျားသိပြီး ဖြစ်မှာပါ'
ဟု ပြောလိုက်၏၊
ရိဖုန်းက ဘာမျှ ပြန်မပြောပါ။
ဝမ်ယုကပြုံးပြီး....
'သိမ်းငှက် မြို့ဟောင်းကို ဘာဖြစ်လို့ တူးဖော်ရတာလဲ၊ မှော်မျက်ရှင်ခံးကြောင့် မဟုတ်လား'
ဟုပြောလိုက်၏။
ရိဖုန်းက ပါးစပ်ပိတ်ထား၏။
ဝမ်ယုက ရိဖုန်းကို ပြုံး၍ ကြည့်ပြီး....
'ရိဖုန်း....ခင်ဗျားလဲ အဲ့ဒီခံးကို လိုချင်နေတယ် မဟုတ်လား၊ ဒီလို ထူးဆန်းတဲ့ ရွှေးဟောင်း ပစ္စည်းတွေကို လိုချင်စိတ်၊ တပ်မက်မောတဲ့စိတ်ဟာ ခင်ဗျားရဲ့ သွေးထဲကရောဂါပဲ့ တစ်မျိုးလို ဖြစ်နေတယ် မဟုတ်လား'
ဟု ပြောသည်၊
ရိဖုန်းက ဘာမျှ ပြန်မပြောပါ။
ဝမ်ယုက ပြုံးလိုက်ပြီး မိမိနှံးဘူ၌ ရပ်နေသောလူ၏ ခါးမှ ခံးကို ဆွဲထုတ်လိုက်၏။

'ရှင်းပါတယ်၊ မှော်မျက်ရှင်စားပါ'
သူက မျက်နှာကို ရှုံ့မဲ့ပြီး
'ခင်ဗျားတို့ တူးဖော်နေပြီ မဟုတ်လား'
ဝမ်ယုက ခေါင်းညိတ်၍....
'ဟုတ်ပါတယ်....ဒါပေမယ့် ခင်ဗျားရဲ့ အကူအညီ လိုနေတယ်'
သူက မျက်မှောင်ကုတ်ပြီး
'ကျုပ်ရဲ့ အကူအညီ ဟုတ်လား'
ဝမ်ယုက ခေါင်းညိတ်၍....
'ဟုတ်ပါတယ်'
သူက နှုတ်ခမ်းကို မဲ့လိုက်ပြီး....
'ကျုပ်က မြေကြီးတူးပေးရမှာလား'
ဝမ်ယုက ပြုံး၍....
'အဲဒီလောက်အထိ မလိုအပ်ပါဘူး၊ ခင်ဗျားမှာရှိတဲ့ ဆွဲပြားကို ပေးရုံလောက်ပါ'
ဟု ပြောလိုက်သည်။
ရိဖုန်းက ရုတ်တရက် ရယ်လိုက်၏။
ရယ်လိုက်ပြီးမှ....
'ဆွဲပြား.....ဘာဆွဲပြားလဲ'
ဟု မေးလိုက်၏။
ဝမ်ယုက ပြုံး၍....
'ဥတောင်ဝှေးရဲ့ ခေါင်းပိုင်းမှာ တပ်တဲ့ ဆွဲပြားပါ'
ရိဖုန်းက ပြုံးလိုက်ပြီး....

'ဝမ်းနည်းပါတယ်'
ဟု ပြော၍ ငွေအကြေ တစ်ချို့ကို စားပွဲပေါ်သို့ပစ်တင်လိုက်၏။
ထို့နောက်....
သူသည် စားပွဲပေါ်မှ ထလိုက်၏။
သို့သော်....
ဝမ်ယု၏ နံဘေးမှ လူတစ်ယောက်က ရိဖုန်း၏ အနီးသို့ ရောက်လာပြီး ရိဖုန်း၏ပခုံးကို လက်နှစ်ဖက်ဖြင့် ဖိ၍ ကုလားထိုင်၌ ပြန်ထိုင်စေသည်။
ရိဖုန်းတ ဝမ်ယုကို လှမ်းကြည့်ပြီး....
'ဘာသဘောလဲ'
ဟု မေးလိုက်၏။
ဝမ်ယုက ပြုံး၍....
'ခေတ္တထိုင်ပြီး စဉ်းစားစေလိုတဲ့ သဘောပါ'
ရိဖုန်းက....
'ခင်ဗျားပြောနေတာတွေကို ကျုပ်ဘာမှ နားမလည်ဘူး'
ဟု ပြောလိုက်သည်။
ဝမ်ယုက ပြုံးလိုက်ပြီး....
'ကျုပ်တို့နဲ့ နားလည်မှုရှိရင် ခင်ဗျားအနေနဲ့ အကျိုးမယုတ်ပါဘူး'
ဟု ပြောလိုက်ပြီး အသင့် ယူဆောင်လာသော စက္ကူထုပ်တစ်ထုပ်သို့ စားပွဲပေါ် တင်လိုက်၏။
ထို့နောက်....

သူသည် စက္ကူထုပ်ကို ရိဖုန်းထံသို့ တွန်းပို့လိုက်ပြီး....
'ဖွင့်ကြည့်ပါ၊ ခင်ဗျား စိတ်ဝင်စားမယ် ထင်ပါတယ်'
ဟု ပြောလိုက်၏။
သူက မျက်မှောင်ကုတ်လိုက်ပြီး စက္ကူထုပ်ကို ကြိုးဖြည်၍ ဖွင့်ကြည့်လိုက်၏။
သူသည် စက္ကူဖြင့် သပ်ယပ်စွာ ထုပ်ပိုးထားသော ပစ္စည်းကို မြင်တွေ့လိုက်သည်နှင့် **လှုပ်လှုပ်ရှားရှား** ဖြစ်၍ ဝမ်ယုကို မျက်လုံးပြူးတာ ကြည့်လိုက်လေ၏။
အာဘယ်ခကြောင့်ဆိုသော်....
စက္ကူဖြင့် သပ်ယပ်စွာ ထုပ်ပိုးထားသော ပစ္စည်းသည် ရင်ရှင်၏ အဝတ်အစားများပင် ဖြစ်သည် မဟုတ်ပါလား။

* * *

ဝမ်ယုက **လှုပ်လှုပ်ရှားရှား** ဖြစ်သွားသော ရိဖုန်းကိုပြုံး၍ ကြည့်နေ၏။
ရိဖုန်းက ဝမ်ယုကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး....
'သူဘယ်မှာလဲ'
ဟု မေးလိုက်၏၊

ဝမ်ယုက အရေးတကြီးကိစ္စမဟုတ်သကဲ့သို့ ကုလားထိုင်၌ နောက်ကျောမှီ၍ သက်သောင့်သက်သာထိုင်ရင်း....
'ခင်ဗျားနဲ့ကျွပ်နဲ့ စကားပြောတာ အဆင်ပြေတာနဲ့ သူကို ခင်ဗျားတွေ့ရမှာပါ'
ဟု ပြောလိုက်၏။
ပြီးမှ....
ဝမ်ယုသည် ကိုယ်ကိုရှေ့သို့ ကိုင်းညွတ်လိုက်ပြီး....
'ဆွဲပြားဘယ်မှာလဲ'
ဟု မေးလိုက်လေတော့သည် မဟုတ်ပါလား။

* * *

လောင်မာသည် သက်ပြင်းချလိုက်၏။
သူသည် ရိဖုန်းကိုလိုက်ရှာရာ နောက်ဆုံးတွင် အရက်ဆိုင်တွင် ရှာဖွေတွေ့ရှိခဲ့၏။
သို့သော်....
ရိဖုန်းတစ်ယောက်တည်း မဟုတ်ပါ။
ရိဖုန်း၏စားပွဲ၌ တာဝေနယ်စားကြီး၏ လူသုံးယောက်ကို တွေ့ရ၏။

ထို့ကြောင့်....
သူသည် ရှိဖုန်း၏အခြေအနေကို ရိပ်စားမိလိုက်၏။
သူသည် သက်ပြင်းချလိုက်မိခြင်းဖြစ်သည် မဟုတ်ပါလား။
လောင်မာသည် သက်ပြင်းတစ်ချက်ကို ချလိုက်ပြီးနောက် လမ်းမပေါ်သို့ လှမ်းကြည့်လိုက်၏။
လမ်းမပေါ်၌ ကလေးတစ်သိုက် ကစားနေ၏။
လမ်းပေါ်မှ ကလေးများဖြစ်၏။
လောင်မာသည် ကလေးများထဲသို့ လျှောက်သွားပြီး....
'ဟေ့....မင်းတို့ တစ်ယောက်ကို ယွမ်တစ်ကျပ်စီရမယ်'
ဟု ပြောလိုက်၏။
လောင်မာ၏ စကားကြောင့်....
ကလေးများက လောင်မာကို မယုံကြည်သော မျက်လုံးများဖြင့် ကြည့်လိုက်၏။
လောင်မာက ငွေစကိုထုတ်၍ ကလေးများကို ဝေငှပေးလိုက်သည်။
ပြီးမှ....
'မင်းတို့ ငါ့ကိုတစ်ခုလုပ်ပေး'
ကလေးများက တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ပြီးနောက် ခေါင်းညိတ်ပြလိုက်၏။
လောင်မာက ပြုံးလိုက်ပြီး....
ကလေးများကို လေသံတိုးတိုးဖြင့် ပြောလိုက်လေတော့သည် မဟုတ်ပါလား။

* * *

အရက်ဆိုင်ထဲသို့ ကလေးတစ်သိုက်ဝင်လာ၏။
စုစုပေါင်း ဆယ့်ငါးယောက်ခန့် ရှိ၏။
အငယ်ဆုံးကလေး၏ အသက်က ငါးနှစ်ဖြစ်၏။
အကြီးဆုံးကလေး၏ အသက်က ဆယ်နှစ်ဖြစ်၏။
ထို့ကြောင့်....
အရက်ဆိုင်ထဲ၌ အရက်သောက်နေသော လူများသည် ထို့ကလေးများကို တဒုံတသြဖြင့် ကြည့်လိုက်၏။
ဆိုင်အလုပ်သမားများကလည်း....
ဆိုင်ထဲသို့ ကလေးများ ရုတ်တရက် ဝင်ရောက်လာသော ကြောင့် ကြောင်အမ်းအမ်းဖြစ်နေ၏။
ကလေးများက ရှိဖုန်း၏စားပွဲသို့ တန်းတန်းမတ်မတ်ဖြင့် လျှောက်လာပြီး ရှိဖုန်းကို ဒမ်းသာအားရလေသံဖြင့်...
'အပါး....အပါး'
ဟု ပြိုင်တူအော်ဟစ်လိုက်၏။
ထို့နောက်...
ကလေးများသည် ဝမ်ယုတို့ကို အတင်းတိုးဝှေ့၍ ရှိဖုန်းထံ ချဉ်းကပ်သွား၏။
အငယ်ဆုံးကလေးက ရှိဖုန်း၏ ပေါင်ပေါ်သို့ တွယ်တက်လိုက်၏။
ရှိဖုန်းက ထိုကလေးကို မွေ့ချိလိုက်၏။
ဝမ်ယုက မျက်မှောင်ကြုတ်ကာ....
'ဘယ်ကတာတွေလဲ'
ဟု ပြောလိုက်၏။

ရိဖုန်း၏နောက်၌ ရပ်နေသောလူက ရိဖုန်း၏ပေါင်ပေါ်မှ
ကလေးကိုရိုက်ရန် လက်ရွယ်လိုက်၏။
ကလေးက အလန့်တကြား ငိုလိုက်၏။
ကလေးငိုသံကြောင့်....
အရက်ဆိုင်တစ်ဆိုင်လုံးက ရိဖုန်းတို့ ထိုင်နေသောစားပွဲကို
ဝိုင်း၍ကြည့်၏။
ရိဖုန်းသည် တံခါးဝသို့ လှမ်းကြည့်လိုက်၏။
တံခါးဝ၌ လောင်မာရပ်နေသည်ကို တွေ့ရ၏။
ထိုကြောင့်....
ရိဖုန်းကပြုံးလိုက်ပြီး ပေါင်ပေါ်မှ ကလေးကို ဖွဖွချီ၍
ထိုင်ရာမှ ထလိုက်၏။
ရိဖုန်း၏နောက်၌ ရပ်နေသောလူက ရိဖုန်း၏ပခုံးကိုဖိထား
သည်။
ရိဖုန်းက ဝမ်ယုကိုလှမ်းကြည့်ပြီး....
'ကလေးတွေ့ လာခေါ်နေပြီ၊ ကျုပ်ပြန်တော့မယ်'
ဟု ပြောလိုက်၏။
ဝမ်ယုက ရိဖုန်းကို စူးစိုက်ကြည့်လိုက်ပြီး....
'ကျုပ်က ဒီကလေးတွေ့ကို မသတ်ရဲဘူးထင်လို့လား'
ဟု ပြောလိုက်၏။
ရိဖုန်းက ပြုံးလိုက်ပြီး
'ဒါဖြင့် ဘာဖြစ်လို့ မသတ်တာလဲ'
ဟု မေးလိုက်၏။

ဝမ်ယုက ဘာမျှမပြောဘဲ သက်ပြင်းချလိုက်ပြီး ရိဖုန်း၏
နောက်၌ ရပ်နေသောလူကို လက်ဝှေ့ယမ်းပြလိုက်၏၊
ရိဖုန်းနောက်၌ ရပ်နေသောလူက ရိဖုန်း၏ပခုံးကိုလက်ဖြင့်
ဖိထားရာမှ လွှတ်ခပေးလိုက်၏။
ရိဖုန်းက မတ်တတ်ရပ်လိုက်ပြီး....
'ခင်ဗျားက ဒီမြို့တစ်မြို့လုံးနဲ့ ရန်မဖြစ်ချင်ဘူးဆိုတာ ကျုပ်
သိသင့်သည်ပါတယ်'
ဟု ပြောလိုက်၏။
ထို့နောက်....
ရိဖုန်းသည် အရက်ဆိုင်ထဲမှ ထွက်သွား လေတော့၏။
ကလေးမျာကလည်း သူ၏နံဘေးမှဝိုင်းရံ၍ လိုက်ပါသွား
ကြတော့၏။
ဝမ်ယုသည် သက်ပြင်းချလိုက်ပြီး စားပွဲပေါ်မှ အရက်အိုး
ကို၍ မော့သောက်လိုက်လေတော့သည် မဟုတ်ပါလား။

* * *

တစ်ချို့က ဆရာချောင်၏ ခွစ်သူက ဆရာချောင်နှင့် လက်သပ်ရန် စီစဉ်ပြီးနောက် လက်ထပ်မည့်နေ့ဘင် ရုတ်ဘရက်သေဆုံးသွားခဲ့သောကြောင့်ဟု ပြောကြ၏။

တစ်ချို့က ဆရာချောင်သည် လူပျိုကြီးဖြစ်ပြီး စုံစွဲလန်းလန်း ခွစ်နေသော မိန်းကလေးက သူ့ကို ငြင်းဆန်လိုက်သောကြောင့်ဟု ဆိုသည်။

တစ်ချို့က ဆရာချောင်သည် စာမေကျမ်းဂုန်များကို လွဲလာလိုက်စားရင်း....

ဤလောကပေါ်၌ သူ့ထက် တတ်သူ မရှိဟု အစွဉ်မြင့်ရာမှ တဖြည်းဖြည်း ရူးသွားပြီး ယခုကဲ့သို့ ဖြစ်နေခြင်းဟု ပြောကြသည်။

မည်သို့ပင်ဖြစ်စေ....

ဆရာချောင်သည် ဘာသာစကား သုံးမျိုး လေးမျိုးခန့်ကို ရေးတတ် ဖတ်ဘတ် ပြောတတ်သူဖြစ်ပြီး နေ့ညမပြတ် အရက်သောက်နေသည့် ယစ်ထုပ်တစ်ယောက် ဖြစ်သည် ဆိုခြင်းကိုတော့ မည်သူမျှ အငြင်းမပွားကြချေ။

လောက်မာက အိမ်ဘဲခေါက်သံကို ခေါက်လိုက်၏။

တံခါးခေါက်သံ၏ အဆုံးဌ....

'အယ်သူလဲ'

ဟု မေးလိုက်သော အသံသည် အိမ်ထဲမှ ပေါ်လာလေသည်။

လောင်မာက....

'ကျွမ်ပါ....လောင်မာပါ'

ရိဖုန်းက ရယ်နေသည်။

လောင်မာကလည်း ရယ်နေ၏။

အတန်ကြာမှ...

ရိဖုန်းသည် လောင်မာ၏ ပခုံးကို ပုတ်လိုက်ပြီး....

'ခင်ဗျားအကြံက မဆိုးပါဘူး၊ ဒါပေမယ့် ကလေးတွေ အဲဒီလောက်များတဲ့ အဖေ ဖြစ်သွားလေတော့ ကျုပ်မနေတတ်ဘူး'

လောင်မာက ပြုံး၍....

'အာမဲဖြစ်ဖြစ် ခင်ဗျားက သူတို့ကို နောက်ထပ် ယွမ်တစ်ကျပ်စီ ထပ်မေးလိုက်ရတာ တန်ပါတယ်'

ထိုစဉ်....

သူတို့သည် ဆရာချောင်၏ အိမ်ရှေ့သို့ ရောက်ရှိလာသည်။

ဆရာချောင်သည် ယခင်က ကျောင်းဆရာ ဖြစ်၏။

သူသည် ဘာသာစကား သုံးမျိုး လေးမျိုးခန့် တတ်သည်။

လှန်ခဲ့သော ဆယ်နှစ်ခန့်မှ စ၍ သူသည် ကျောင်းဆရာအလုပ်မှ ထွက်ပြီး အရက်ကို နေ့ညမပြတ် သောက်လာခဲ့သည်။

တစ်ချို့က ဆရာချောင်၏မိန်းမသည် ဆရာချောင်၏ယခု တစ်ယောက်နှင့် လိုက်ပြေးသွားသောကြောင့်ဟု ပြောကြသည်။

ဟု ပြောလိုက်သည်။

လောင်မာ၏စကားသံ အဆုံး၌ တံခါး၏ အတွင်းဘက်မှ ခြေသံတရှပ်ရှပ် ပေါ်လာသည်။

ထို့နောက်....

တံခါး၏ မင်းတုန်းဖြုတ်သံ ကြားရသည်။

မကြာမီ....

တံခါးပွင့်လာပြီး ကြာဆံများကို ခေါင်းပေါ်၌ တင်ထားသော လူတစ်ယောက်၏ မျက်နှာ ပေါ်လာ၏။

ထိုလူသည် ကြာဆံများကို ခေါင်းပေါ်၌ တင်ထားခြင်း မဟုတ်ပါ။

ဆံပင်များက ခေါင်းတစ်ခုလုံး ဖြူဖွေးနေသောကြောင့် ဖြစ်သည်။

ဖြူဖွေး၍ ရှည်လျားသော ဆံပင်များကို သပ်ယပ်စွာ စည်းနှောင်ထားခြင်း မရှိသောကြောင့် ဆံပင်များက ဘုတ်သိုက်ဖြစ်နေ၏။

ထိုလူသည် အဆီပြန်နေသော မျက်နှာကို လက်ဖြင့်တချက် သပ်လိုက်ပြီး....

'အရက်ဝယ်လာတယ် မဟုတ်လား'

ဟု မေးလိုက်၏။

လောင်မာက လက်ထဲမှ အရက်အိုးကို မြောက်ပြ လိုက်ပြီး လျှင်....

'စိတ်ချ....အကောင်းစား အရက် ဝယ်လာတာ'

ဟု ပြောလိုက်၏။

ထိုလူက အရက်အိုးကို စူးစိုက်ကြည့်ပြီး....

'အပြည့်မရှိဘူး'

လောင်မာက ရိဖုန်းကို လှည့်ကြည့်လိုက်သည်။

ရိဖုန်းက လက်ထဲမှ အထုပ်နှစ်ထုပ်ကို မြောက်ပြပြီး

'အသားကင်နဲ့ အခေါက်ကင် ပါတယ်'

ထိုလူက ပြုံးပြီး

'ကောင်းတယ်....ကောင်းတယ်'

ဟု ပြော၍ ရိဖုန်းတို့ကို အိမ်ထဲသို့ ဝင်နိုင်ရန် လမ်းဖယ်ပေးလိုက်လေတော့သည် မဟုတ်ပါလား။

* * *

ဆရာချောင်က အိမ်တံခါးကို ပိတ်လိုက်၏။

ထိုအချိန်၌....

လမ်းတစ်ခု၏ ထောင့်ချိုးမှ သူဖုန်းစားကြီး ပေါ်လာလေသည်။

သူသည် ရိဖုန်းတို့၏ နောက်သို့ အရက်ဆိုင်မှစ၍ နောက်ယောင်ခံလိုက်လာခဲ့ခြင်း ဖြစ်သည်၊

အရက်ဆိုင်ထဲမှ ရိဖုန်းတို့ ထွက်သွားပြီးနောက် ဝမ်ယုက အရက်ဆိုင်ထဲမှ ထွက်လာခြင်း ရိဖုန်းတို့၏နောက်သို့ နောက်ယောင်ခံ လိုက်သွားရန် သူဖုန်းစားကြီးကို ခိုင်းစေလိုက်ခြင်း ဖြစ်၏။

ထို့ကြောင့်

သူဖုန်းစားကြီးသည် ရိဖုန်းတို့၏ နောက်မှ နောက်ယောင်ခံ၍ လိုက်လာခဲ့ခြင်း ဖြစ်၏။

ယခုတစ်ကြိမ်၌....

သူသည် ရိဖုန်း၏နောက်သို့ နောက်ယောင်ခံလိုက်လာခြင်း သက်သက် မဟုတ်ပါ။

သူသည် အခွင့်အရေးရသွင် ရိဖုန်းထံမှ ပစ္စည်း တစ်ခုခု ပါ လယူရန် ဖြစ်၏။

သူသည် ထိုပစ္စည်းကို မြင်ဖူးခြင်း မရှိပါ။

သို့သော်....

ထိုပစ္စည်းသည် နေမုံသဏ္ဌာန် ဆွဲပြားဖြစ်ကြောင်း ဝမ်ယု က သူ့ကို ပြောပြခဲ့၏။

အကယ်၍သာ....

ဝမ်ယုလုံခြုံသော ငွေစည်းသည် ရိဖုန်းထံ၌ ရှိခဲ့လျှင် သူ အဝတ် ဘိပစ္စည်းကို ရယူရန် ခဲယဉ်းမည် မဟုတ်ပါ။

အကြောင်းမှာ....

သူသည် ခါးပိုက်နှိုက်ဖူး၏။

မောက်ထွင်း ခိုးယူဖူးသည်။

အလစ်သုတ်ဖူး၏။

သူမလုပ်ဖူးသော အလုပ်မှာ လူသတ်ခြင်းနှင့် ခားပြုတိုက်ခြင်းသာ ဖြစ်၏။

သို့သော်....

ယခုတစ်ကြိမ်၌ ထိုပစ္စည်းကို ရရန် လူသတ်ကောင်း သတ် ရမည် ဖြစ်၏။

ခားပြုတိုက်သင့်က တိုက်ရမည် ဖြစ်သည် မဟုတ်ပါလား။

* * *

ဟု ပြောကာ နောက်ဖေးခန်းထဲသို့ ဝင်ရောက် သွားလေသည်။

လောင်မာက စားပွဲ၌ ဝင်ထိုင်လိုက်၏။

ရိဖုန်းက လောင်မာ၏နံဘေး၌ ဝင်ထိုင်လိုက်၏။

လောင်မာက ရိဖုန်းကို လှည့်ကြည့်ပြီး....

'ဆိုရာချောင်ဟာ ဘာသာစကား သုံးမျိုး၊ လေးမျိုးကို တတ်ကျွမ်းရုံမကဘူး၊ ပညာရပ် အတော်များများလည်း တတ်တယ်'

ဟု ပြောလိုက်၏။

ထို့ကြောင့်....

ရိဖုန်းက မျက်ခုံးပင့်လိုက်ပြီး....

'ဟုတ်လား'

လောင်မာက ဦးခေါင်းညိတ်လိုက်ပြီး....

'ဆရာချောင်က ပညာမျိုးစုံကို လေ့လာဖူးတယ် ဗေဒင်ပညာ၊ နက္ခတ်ပညာ၊ ဆေးပညာအစုံဘဲ ကျူပ်မပြောတတ်ဘူး....'

ရိဖုန်းက....

'ဒါဆို....သူကဆွဲပြားပေါ်က စာကို ဖတ်နိုင်မှာပေါ့'

လောင်မာက....

'ဖတ်နိုင်လိမ့်မယ် ထင်တာပဲ'

ထိုစဉ်....

ဆရာချောင်သည် အခန်းထဲသို့ ပြန်လည် ဝင်ရောက်လာသည်။

ဧည့်ခန်းက သပ်ယပ်မှုမရှိပါ။

အခန်းတစ်ခန်းလုံး စာအုပ်စာတမ်းများဖြင့် ပြည့်နေလေသည်။

ရိဖုန်းသည် များပြားလှသော စာအုပ်စာတမ်း များကို တစ်ချက်ကြည့်ရှုလိုက်ပြီး ဆရာချောင်၏ ချမ်းသာကြွယ်ဝမှုသည်ထိုစာအုပ်များသာဖြစ်လိမ့်မည်ဟု တွေးလိုက်၏။

ဆရာချောင်က စားပွဲပေါ်မှ စာအုပ်များ၊ စာရွက်များကို ဖယ်ရှားလိုက်ပြီး လောင်မာကိုလက်ဝေ့ယမ်း ပြလိုက်၏။

လောင်မာက လက်ထဲမှ အရက်အိုးကို စားပွဲပေါ်သို့ တင်လိုက်သည်။

ဆရာချောင်သည် ရိဖုန်း၏ လက်ထဲမှ အသားကင်နှင့် အခေါက်ကင်ထုတ်ကို လှမ်းယူလိုက်ရင်း....

'ထိုင်....ထိုင်....ကျူပ်ခွက်တွေ ပန်းကန်တွေ ယူခဲ့မယ်'

သူ၏လက်ထဲ၌ အရက်ခွက်နှင့် အသားကင်အခေါက်ကင်
ယည်ထားသော ပန်းကန်ပါလာ၏။

သူကအမြည်းပန်းကန်ကို စားပွဲပေါ်သို့ ချလိုက်ပြီးအရက်
ခွက်များကိုလောင်မာထံ လှမ်းပေးလိုက်၏။

ပြီးမှ....

သူသည် စားပွဲ၌ ဝင်ထိုင်ရင်း....

'ပြော....ကျုပ်ဘာကို ဖတ်ပေးရမှာလဲ'

ဟု မေးလိုက်၏။

လောင်မာက ရိဖုန်းကိုတစ်ချက် လှမ်းကြည့်ပြီး....

'ဆွဲပြားတစ်ခုပေါ်က စားလုံးတွေပါ'

ဟု ပြောလိုက်၏။

ဆရာချောင်က

'ဆွဲပြားက ဘယ်မှာလဲ'

ရိဖုန်းက အင်္ကျီရင်ဘတ်ထဲမှ ဆွဲပြားကိုထုတ်၍ဆရာချောင်
ထံသို့လှမ်းပေးလိုက်၏။

ဆရာချောင်သည် ရိဖုန်းထံမှ ဆွဲပြားကို လှမ်းယူလိုက်ပြီး
ဆွဲပြားကို စေ့စေ့ကြည့်လိုက်၏။

သူသည် ဆွဲပြားပေါ်မှ စာများကို အတန် ကြာအောင်
မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီးနောက် ထိုင်ရာမှ ထကာ
အခန်းထဲမှ စာအုပ်စုံများ ရှေးဟောင်း ပရိုက်များကို လှည့်
ပတ်ကြည့်နေ၏။

လောင်မာသည် သက်ပြင်းချလိုက်ပြီး ရိဖုန်းကို ကြည့်
ကာ

'ရိဖုန်း စိတ်ရှည်ရှည်ထားပါ'

ဟု ပြောလိုက်၏။

ရိဖုန်းက သက်ပြင်းချကာ

'အချိန်ဆွဲမထားချင်ဘူး'

ဟု ပြောလိုက်၏။

ထို့နောက်....

ဆရာမျောင်သည် စာအုပ်စုံထဲမှာ စာအုပ်တစ်အုပ်ကို ဆွဲ
ထုတ်လိုက်ပြီး စာအုပ်ပေါ်မှ ဖုံးများကို ခါလိုက်၏။

ထို့နောက်....

စားပွဲသို့ ပြန်လာပြီး စာအုပ်နှင့်ဆွဲပြားကို စားပွဲပေါ်သို့
တင်လိုက်၏။

ပြီးမှ

သူသည်အရက်အိုးထဲမှ အရက်ကို ခွက်ထဲသို့ ငွေ့ထည့်ကာ
တစ်ကျိုက်မော့လိုက်၏။

ရိဖုန်းသည် စိတ်မရှည်တော့ပါ။

ရိဖုန်း၏စိတ်ထဲ၌ ဆရာချောင်သည် တမင် အချိန် ဆွဲနေ
သည်ဟုထင်မှတ်လာ၏။

တစ်ဆက်တည်းမှာပင်

လောင်မာက ရိဖုန်း၏ပခုံးကို တစ်ချက်ပုတ်ကာဦးခေါင်း
ကိုမူသိမသာခါယမ်းပြလိုက်၏။

ရိဖုန်းက ဘာမှပြန်မပြောဘဲ သက်ပြင်းချလိုက်၏။

ဆရာချောင်သည် အရက်ကို တစ်ကျိုက်မော့လိုက်ပြီးမှ ဆွဲပြားကို ကောက်ယူ၍ အနုလုံပဉိုလုံကြည့်နေပြန်၏။

သူသည် ဆွဲပြားကို ဖင်လှန် ခေါင်းလှန် ကြည့်ပြီးနောက် စားပွဲမှထ၍ ထွက်သွားပြန်၏။

မကြာမီ....

သူသည်စားပွဲသို့ပြန်ရောက်လာသည်။

သူ၏လက်ထဲ၌ စာရွက်၊ မင်ခဲ စုတ်တန်ပါလာ၏။

သူသည် စားပွဲ၌ ထိုင်လိုက်ပြီးလက်ထဲမှ စာရွက် မင်ခဲနှင့် စုတ်တန်တို့ကို စားပွဲပေါ်သို့ အစီအရီချထားလိုက်၏။

ပြီးမှ

သူသည် စာအုပ်ကြီးကို လှန်၍ တစ်စုံတစ်ခုကို ရှာဖွေနေသည်။

အတန်ကြာသော အခါ သူသည် စုတ်တန်ကိုကောက်ကိုင်၍ မင်တို့ကာစာရွက်ပေါ်၌ တစ်စုံတစ်ရာကို ရေးခြစ်လိုက်လေသည်။

ထို့နောက်.

သူသည် ဦးခေါင်းကို မော့၍ စဉ်းစားလိုက်၏။

ဆွဲပြားကို ပြန်ကြည့်ကာ တစ်စုံတစ်ရာကို စဉ်းစား နေပြန်သည်။

သူသည် လောင်မာကိုလှည့်ကြည့်လိုက်၏၊

လောင်မာက လေသံဖြင့်

'စိတ်ရှည်ရှည်ထားပါ'

ဟု ပြောလိုက်၏။

သူသည် သက်ပြင်းချလိုက်ပြီးအရက်အိုးကိုယူ၍ ခွက်ထဲသို့ [illegible]ခွက်ငဲ့ထည့်လိုက်၏။

ထိုအချိန်၌

ဆရာချောင်သည်ထိုင်ရာမှထကာအခန်းထဲ၌လမ်းလျှောက် [illegible]ပြန်၏။

ပြီးမှ....

သူသည် စားပွဲ၌ပြန်ထိုင်ပြီး ဆွဲပြားကိုတစ်လှည့် စာအုပ် [illegible]တစ်လှည့်ကြည့်ကာ စဉ်းစားနေပြန်၏။

ထို့ကြောင့်....

သူသည် ရှိဖုန်းတို့ကိုလှမ်းကြည့်ပြီး

'ဒီမှာလာကြည့်'

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

* * *

ဆရာချောင်၏လေသံက ကျောင်းဆရာတစ်ယောက်ကဲ့သို့ [illegible]သံဩဇာနှင့်ပြည့်စုံသည်။

ဆရာချောင်၏အသံကိုကြားသည်နှင့် ရှိဖုန်းနှင့် လောင်မာ [illegible]သည် အလိုလိုနေရင်း ဆရာချောင်၏တပည့်များကဲ့သို့ ဖြစ် [illegible]း၏။

ဟု ပြောလိုက်၏။

လောင်မာက ခေါင်းညိတ်ပြီး....

'ဖြစ်နိုင်တယ်'

ရိဖုန်းက စိတ်ပျက်ဟန်ဖြင့်....

'ကျုပ်....နောက်ကျသွားပြီ'

ဟု ပြောလိုက်၏။

လောင်မာက ရိဖုန်းကို ဘာမှပြန်မပြောပါ။

ရိဖုန်းက သက်ပြင်းချပြီး

'နောက်ထပ် ဘာတွေရေးထားသလဲ'

ဟု ဆရာချောင်ကိုမေးလိုက်၏။

ဆရာချောင်က....

'ဝိညာဉ်များတွင်းကို မနှောင့်ယှက်ရ၊ သေတွာကိုမဖွင့်ရ' သေတ္တာကိုဖွင့်သောသူသည် တစ်ကြိမ်တစ်ခါမျှ မကြုံဖူးသော အသေဆိုးနှင့်သေလိမ့်မည်....၊

'ဝိညာဉ်များရှိတွင်းကို နှောင့်ယှက်သောလူသည် တစ်ကြိမ် တစ်ခါမျှ မကြုံဖူးသော ထိတ်လန့်ဖွယ်ရာများနှင့်ကြုံတွေ့ပြီး သေလိမ့်မယ်လို့ ရေးထားတယ်'

ဟု ပြောလိုက်၏။

ရိဖုန်းက

'ကျိန်စာသတဲ့'

ဆရာချောင်က ခေါင်းညိတ်ကာ

'ဟုတ်တယ်'

ဟု ပြောလိုက်၏။

သူတို့သည် ထိုင်ရာမှထပြီး ဆရာချောင်၏ နောက်ကျော ဘက်၌ ရပ်ကာ ဆရာချောင်၏မဲ့းပေါ်မှကျော်၍ ဆွဲပြားကို ကြည့်လိုက်၏။

ဆရာချောင်က ဖိမီ၏တပည့်များကို စာသင်ပြနေသကဲ့သို့ ဆွဲပြားပေါ်မှ အမှတ်အသားများကို လက်ဖြင့်ထောက်ပြ ရင်း....

'ရှေးဟောင်းတိဗက်စာနဲ့ ရေးထားတာ၊ အသုံးပြုပုံ သတိပေးချက်တွေပဲ'

ဟု ပြောလိုက်၏။

ရိဖုန်းနှင့်လောင်မာက ဘာမှပြန်မပြောပါ။

ဆရာချောင်က ဆွဲပြားပေါ်မှ အမှတ်အသားတချို့ကို လက်ဖြင့်ထောက်ရင်း....

'ဒီဆွဲပြားကို ဝူရဲတောင်ဝှေးပေါ်မှာ ဘယ်လိုတပ်ဆင် မယ်ဆိုတာ ရေးထားတယ်၊ ဒီဆွဲပြားကို တောင်ဝှေးမှာ မတပ်ဆင်ရင် တန်ဖိုးမရှိဘူးလို့ ရေးထားတယ်'

ရိဖုန်းနှင့်လောင်မာက ဘာမှပြန်မပြောပါ၊

ဆရာချောင်က

'ဝူရဲတောင်ဝှေးမှာ ခြောက်ပေမြင့်ရမယ်လို့ ရေးထား တယ်'

ဟု ပြောလိုက်၏။

ရိဖုန်းက သက်ပြင်းချပြီး

'ဒါဆို နာဂဇာလဲ ဝူတောင်ဝှေးရဲ့အမြင့်ကို သိထားပြီး ဖြစ်မယ်'

ပြီးမှ....

ဆရာချောင်သည် ဆွဲပြားကို တစ်ဘက်သို့လှန်၍

'မပြီးသေးဘူး၊ ဒီတက်မှာရေးထားတာ ရှိသေးတယ်'

ဟု ပြောလိုတ်၏။

ရိဖုန်းက

'ဘာရေးထားတာလဲ၊ ကျိန်စာပဲလား'

ဟု မေးလိုက်၏။

ဆရာချောင်က ဦးခေါင်းယမ်းလိုက်ပြီး

'မဟုတ်ဘူး'

ဟု ပြောလိုက်၏။

ရိဖုန်းက မျက်မှောင်ကြုတ်ကာ

'ဒါဖြင့် ဘာရေးထားတာလဲ'

ဆရာချောင်က

'သိမ်းဌက်ဘုရင်ကိုဂုဏ်ပြုရန် တစ်ဒေပြန်ပေးပါလို့ ရေးထားတယ်'

ဟု ပြောလိုက်၏၊

ဆရာချောင်၏စကားကြောင့် ရိဖုန်းသည် လောင်မာကို တစ်ချက် လှမ်းကြည့်လိုက်မိလေတော့သည် မဟုတ်ပါလား။

* * *

နာကာတာသည် သူ၏ရွက်ဖျင်ကဲ့ထဲ၌ ထိုင်နေ၏၊

သူ၏လက်ချောင်းများကို စားပွဲမျက်နှာပြင်ပေါ်၌ တစ်ခေါက်ခေါက် ခေါက်နေ၏။

ထိုစားပွဲပေါ်၌ မြေပုံကားချပ်များ အကြမ်းရေးခြစ်ထားသော မော်မျက်ရှင်ခား၏ ရှုပ်ပုံကားချပ် ရှေးဟောင်းစက်တမျှားဖြင့် ရေးခြစ်ထားသော စာရွက်စာတမ်းများသဲသောစာအုပ်များ ဆရာကြီးဝေ၏ သိမ်းဌက်မှီဟောင်းရာ မှတ်ဘမ်းမှတ်ရာများဖြင့် ဖြည့်နှက်ရှုပ်ပွနေ၏၊

နာကာတာ၏ရှေ့တည့်တည့်၌ တန်ပင်ဆိုင်နေ၏။

တန်ပင်သည် စားပွဲကို တစ်ခဒေါက်ဒေါက်ခေါက်နေသော နာကာတာ၏ လက်ချောင်းကလေးများကို ကြည့်နေ၏၊

ရွက်ဖျင်တစ်ခေါင်မိုး၌ ချိတ်ဆွဲထားသော မီးအိမ် ၀ါ ဝင့်ကျင့်အလင်းရောင်သည် ရွက်ဖျင်ကဲအဘွင်း၌ လုံးလောက်လင်းနေ၏။

'ဒီမှာ တန်ပင် ဒုစ်ပေါင်း ထောင်ချီပြီး မြေကြီးအောက်မှာ
ရောက်နေတဲ့ အရာကို တူးဖော်ရတာတာရေတွင်းတူးသလိုမျိုး
မဟုတ်ဘူး၊ ကျုပ်ရဲ့ ထွက်ဆပ်လွဲမှန်တယ်၊ ခင်ဗျားရဲ့တူးဖော်
သည်း မှန်တယ် ဒါပေမယ့် ဘာမှမတွေ့ဘူး'
တန်ပင်က ဒူးတစ်ခမ်းကို မှဲ့လိုက်ပြီး
'ဒီလောက်မှန်တာ ဘာဖြစ်လို့ မတွေ့တာလဲ'
နာကာတာသက်ပြင်းချလိုက်ပြီး
'ဒီမှာ တန်ပင် ရှေးဟောင်းပစ္စည်းကို ရှာဖွေတဲ့ မညာရပ်
ာ တခြားပညာရပ်တွေနဲ့ မတူဘူး၊ တစ်ခါတစ်ရံမှာ တစ်နှစ်
တစ်ပေါင်းရင် ဒုစ်ရတယ်ဆိုတဲ့အခြေမျိုးမရနိုင်ဘူး'
ဟု ပြောလိုက်၏။
သူသည် စိတ်ပျက်ဟန်ဖြင့် လက်ကိုဝှေ့ယမ်းပြကာ
'ဒီပညာရပ်ကို ခင်ဗျားနားမလည်နိုင်ဘူး၊ ကျုပ်ဘိုရှာနေ
မှော်မျက်ရှုခ်ားဟာ ကျုပ်ရဲ့ ခန္ဓာကိုယ်အောက်မှာရှိ
ုပ်ရှိနေမယ်....
ကျုပ်ကို အခုလို ရှာမေးတဲ့အာ ကျုပ်ဘို့အနေနဲ့ တစ်ခြား
လုံတဲ့ အထောက်အသားအချက်အလက် တစ်ခုခုလို့နလို့လဲ
ဖြစ်ချင်ဖြစ်မယ်'
ဟု ပြောလိုက်၏။
တန်ပင်က
'နှယ်စားကြီးဟာ လုပ်နေးရဲ့ တိုးတက်မှု အခြေအနေကို
အဆက်မပြတ် သိရှိနေတယ်၊ ဒါကို ခင်ဗျားသဘောပေါက်
မှာပါ'

နာကာတာသည် မျက်မှောင်ကြုတ်ထား၏။
သူသည် တစ်စုံတစ်ခုကို စဉ်းစားနေပ်ရ၏၊
တန်ပင်သည် နာကာတာကို စိတ်မရှည်တန်ဖြင့် မျက်နှာ
ကြုတ်ရှိကြည့်နေ၏။
ာန်ပင်၏ နောက်ဉ် မျက်လုံးတစ်ဖက်တည်းရှိသော လူ
နေသည်။
တန်ပင်သည် တိတ်ဆိတ်ငြိမ်သက်မှုကို သည်းမခံနိုင်သည့်
အသား သက်ပြင်းတစ်ချက်မှုတ်ထုတ်ပြီး
'ခင်ဗျား ဂဏန်းသချိုးမှာ မည်သူးလို့ ကျုပ်ထင်တယ်'
ဟု မေးလိုက်၏။
တန်ပင်၏ စကားကြောင့် နာကာတာသည် တန်ပင်ကိုမျက်
လုံးလွှန်ကြည့်လိုက်၏။
တန်ပင်က
'ကျုပ်လူတွေ့ တစ်နေ့လုံး ထူးဆန်းပြီးပြီအုတ်ကျိုးပဲ့ တောင်
မတွေ့တူး'
ဟု ပြောလိုက်၏။
နာကာတာက တန်ပင်ကို စူးစိုက်ကြည့်လိုက်ပြီး....
'ကျုပ်လက်တဲမှာ ရထားသမျှအချက်အလက် တွေနဲ့ကျုပ်
ရဲ့ တွက်ချက်မှုဟာ ဆယ်လီစီပီတစ်စီပီတောင် မရှေ့ဘူး'
တန်ပင်က မျက်မှောင်ကြုတ်ပြီး....
'ကျုပ် လူတွေ့ကလည်း တူးဖော်တဲ့ နေရာမှာ ဆယ်ချည်
တစ်ပင်တောင်မလွဲဘူး'
နာကာတာက သက်ပြင်းချပြီး

နာကာတာက ခေါင်းညိတ်ကာ

'ကျုပ် သဘောပေါက်မိတယ်၊ သဘောမပေါက်တာ ခင်ဗျားတို့ပါ'

ဟု ပြောလိုက်၏။

နာကာတာ၏ စကားကြောင့် ထန်ပင်သည် မျက်မှောင်ကုံး၍ ကြည့်လိုက်ပြီး

'ကျုပ်တို့က ဘာကိုသဘောမပေါက်တာလဲ'

ဟု မေးလိုက်၏။

နာကာတာက မျက်လုံးတစ်လုံးတည်းရှိသော ယောကျ်ားလန်းကို တစ်ချက်လှမ်းကြည့်လိုက်ပြီး....

'ရှေးဟောင်းပစ္စည်းနဲ့ပတ်သက်ပြီး နှကန်းတစ်လုံးမှမသိတဲ့လူကို သွတ်ပြီး ယူခိုင်းတယ်ဆိုကတည်းက ခင်ဗျား တို့ဟာ ဒီလုပ်ဝန်း၌ သဘောသဘာဝကို နားမလည်ဘူးဆိုတာ သိနိုင်တယ်'

ဟု ပြောလိုက်၏။

ထန်ပင်က မျက်နှာကို ရဲ့မဲ့လိုက်ပြီး

'ခင်ဗျားက ဘာဖြင့်လို့ ကောင်မလေးကို အကာအကွယ်ပေးနေရတာလဲ'

ဟု မေးလိုက်၏

နာကာတာက ပြုံးလိုက်ပြီး....

'ကောင်မလေးမှာမှမရှိဘဲ ခင်ဗျားတို့လိုချင်တာကို ဘယ်ပေးနိုင်မလဲ'

ထန်ပင်က မျက်မှောင်ကြုတ်ကာ

'ရိဖုန်းဆီမှာလား'

နာကာတာက

'သူမှာရှိချင်လဲ ရှိမယ်၊ မရှိချင်လဲ မရှိဘူး'

ထန်ပင်က မျက်မှောင်ကြုတ်ရင်း

'ဘာအဓိပ္ပာယ်လဲ'

ဟု မေးလိုက်၏။

နာကာတာက သက်ပြင်းချလိုက်ပြီး

'ကောင်မလေးက အဲ့ဒီဆွဲပြားကို ရိဖုန်းဆီမှာ ပေးထားမယ်လို့ ဘယ်သူကပြောနိုင်မှာလဲ'

ထန်ပင်က ကောင်မလေးက ပြောနိုင်မှာပေါ့'

နာကာတာက ပြုံးလိုက်ပြီး

'ကောင်မလေးက ပြောပါ့မလား'

ထန်ပင်က မဲ့ပြုံးပြုံးလိုက်ပြီး

'ကောင်မလေးရဲ့ရှေ့က ခင်ဗျား ဖယ်ပေးလိုက်ရင် ပြောမှာပေါ့'

နာကာတာက ပြုံးလိုက်ပြီး

'ဆရာကြီးဝေက ဘယ်လိုလူစားမျိုးလဲ၊ သူ့သမီးကရော ဘယ်လိုလူစားလဲ၊ ဒါကို ခင်ဗျား သိထားဖို့ကောင်းတယ်'

ထန်ပင်က မဲ့ပြုံးပြုံးပြီး

'ကျုပ်မှာ လူတစ်ယောက်ကို အမုန်အတိုင်း ပြောအောင် လုပ်နိုင်တဲ့နည်းလမ်းတွေ အများကြီးရှိတယ်'

နာကာတာက ပြုံးလိုက်ပြီး....

'အဲ့ဒီနည်းလမ်းနဲ့ ခင်ဗျား စမ်းသပ်ပြီးပြီမဟုတ်သ ား-

ပိုင်စန်းက ခေါင်းညိတ်ပြလိုက်၏။

ယောက်လန်းက ပြုံးကာ

'သူ့ကိုနော မင်းက သဘောကျလား'

ပိုင်စန်းက ခေါင်းညိတ်ပြထိုက်၏။

ယောက်လန်းက ပြုံးပြီး

'ဒီည မင်း....သူ့ကိုပိုင်ပြီ'

ဟု ပြောလိုက်၏။

ပိုင်စန်း၏မျက်လုံးများက ဝင်းသက်သွား၏။

သူသည် ယောက်လန်းကို ဦးညွှတ်လိုက်ပြီး ရှက်ဖျင်တဲထဲမှ ထွက်သွား၏။

ယောက်လန်းက ပြုံး၍....

'သူက နှင်္ဘနေ့ပေမယ့် မိန်းမကျမ်းကြေတဲ့ လူတစ်ယောက်ပါပဲ'

ဟု ပြောလိုက်၏။

ယောက်လန်းနှင့် တန်ပင်တို့သည် သဘောကျစွာ ရယ်မောလိုက်ရင်း ရှက်ဖျင်တဲ့ အတွင်းမှ ထွက်သွားလေတော့၏။

နာကာဘာသည် ယောက်လန်းနှင့် တန်ပင်တို့၏ နောက်ကျောကို စူးစိုက်ကြည့်နေ၏။

အဘန်ကြာမှ....

သူသည် နှတ်ခမ်းကို ဟစ်ချက် ကိုက်လိုက်ပြီး မိမိ၏ ရှေ့မှ စားပွဲကို လက်ဖြင့် ဆွဲလှန်၍ မှောက်ပစ် လိုက်လေတော့သည်မဟုတ်ပါလား၊

* * *

ရိဖုန်း၏ မျက်နှာသည် ပြုံးနေသည်။

လောင်မာက ရိဖုန်းအား ကြည့်၍ အံ့သြနေ၏။

ဆရာချောင်၏ အိမ်မထွက်လာပြီးနောက် ရိဖုန်း၏မျက်နှာပေါ်၌ အပြုံးတစ်ခု ဖြစ်ပေါ်နေခြင်း ဖြစ်၏။

လောင်မာက မိမိကို အံ့သြစွာ ကြည့်နေကြောင်း ရိဖုန်းက တွေ့လိုက်ရသဖြင့် လောင်မာအား ပြုံးပြပြီး....

'ကျုပ်ပြုံးနေလို့ အံ့သြနေသလား'

ဟုမေးလိုက်၏။

လောင်မာက ပခုံးတွန့်၍....

'ခင်ဗျားမှာ ဘာအကြွေးရှိနေသလဲ'

ဟု မေးလိုက်၏။

ရိဖုန်းက ပြုံး၍....

'မနက်ဖြန် ညဘက်မှာ ကျုပ်တို့ မှော်မျက်ရှင်မားကို သွားယူမယ်၊ခင်ဗျားက စိတ်ချရတဲ့ အလုပ်သမား ခြောက်ယောက်ခန့်စီယောက်လောက် စုထား'

ဟု ပြောလိုက်၏။

လောင်မာက မျက်ခုံးပင့်လိုက်ပြီး....

'ဘယ်မှာဆိုတာ ခင်ဗျားသိပြီလား'

ရိဖုန်းက ပြုံး၍....

'မနက်ဖြန် မြေပုံခန်းထဲကို ကျုပ်ဆင်းမယ်၊ပြီးတာနဲ့ ဘယ်နေရာကို တူးရမယ်ဆိုတာ ပြောမယ်'

ဟု ပြောလိုက်သည်။

ပြီးမှ....

သူသည် လောင်မာ၏ ပခုံးကို ဖက်၍

'လောင်မာ....နာကာတာရဲ့ တောင်ဧွေးဟာ ခြောက်ပေ ရှည်တယ်၊ အမှန်က သိမ်းငှက်ဘုရင်ကို ကျူပ်တို့က တစ်ပေပြန် ပေးလိုက်တော့ တောင်ဧွေးရဲ့ အရှည်ဟာ ငါးပေပဲ ရှိရမယ် မဟုတ်လား....

'ဒီတော့ နာကာတာရဲ့ တောင်ဧွေးဟာ တစ်ပေပိုရှည်နေပြီ၊ တစ်ပေပိုရှည်တာနဲ့ နာကာတာရဲ့ တွက်ချက်မှုက လွဲချော်နေပြီ ပေါ့'

ဟု ပြောလိုက်သည်။

ထို့စဉ်....

ရိဖုန်းသည် လမ်းထောင့်၌ ထိုင်နေသော သူဖုန်းစားကြီး ကို မြင်တွေ့သွား၏။

ရိဖုန်းသည် သက်ပြင်းချပြီး....

'လောင်မာ....ခင်ဗျားမှာ ငွေအကြွေ နည်းနည်းပါးပါးရှိ လား။

ဟု မေးလိုက်၏။

လောင်မာက ရိဖုန်းကို အံ့သြဟန်ဖြင့် ကြည့်၍

'ဘာလုပ်မလို့လဲ'

ဟု မေးလိုက်၏။

ရိဖုန်းက လမ်းထောင့်မှ သူဖုန်းစားကို မေးငေါ့ပြလိုက် ရင်း....

'သူတောင်းစားကို ပေးမလို့ပါ၊ သူ့ခမျာ အခုထိ ဈေးဦး ပေါက်ပုံ မပေါ်သေးဘူး'

ဟု ပြောလိုက်သည်။

လောင်မာက သူဖုန်းစားကို တစ်ချက် လှမ်းကြည့်လိုက်ပြီး အင်္ကျီအိတ်ထဲမှ ငွေအကြွေတစ်ချို့ အား ထုတ်ပေးလိုက်လေ သည်။

ရိဖုန်းသည် လောင်မာထံမှ ငွေအကြွေ တစ်ချို့ ကိုယူ၍ သူ ဖုန်းစားဆီသို့ ချဉ်းကပ်သွား၏။

ထို့နောက်

ရိဖုန်းသည် လက်ထဲမှ ငွေအကြွေများကို သူဖုန်းစားကြီး ၏ ခွက်ထဲသို့ ထည့်လိုက်၏။

သူဖုန်းစားကြီးက ဆုံးတောင်းနေသည်။

ထို့စဉ်....

ရုတ်တရက် ရိဖုန်းသည် သူဖုန်းစားကြီး၏ အင်္ကျီရင်ဘတ် ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်၍ ဆွဲထုလိုက်ပြီး သူဖုန်းစားကြီး အား အုတ်နံရံသို့ တွန်းပို့လိုက်သည်။

ရိဖုန်း၏ အပြုအမူကြောင့် သူဖုန်းစားကြီးသည် ထိတ်လန့် တုန်လှုပ်သွားပြီး ရိဖုန်း၏ လက်ထဲ၌ ရှိနေကရင်း ရိဖုန်းကို သိတ်လန့်သော မျက်လုံးများဖြင့် ကြည့်နေသည်။

ရိဖုန်းက သူဖုန်းစားကြီး၏ ပါးကို ဘယ်ပြန်ညာပြန်ရိုက် ချလိုက်သည်။

'ဖြန်း....ဖြန်း'

သူ၏ အပြုအမူကြောင့် လောင်မာသည် မျက်လုံးပြူးသွား ကာ....

'မလုပ်နဲ့....မလုပ်နဲ့'

ဟု အော်ဟစ်ရင်း ရိဖုန်းဆီသို့ ပြေးလာ၏။
သူက သွားကြားထဲမှ လေသံဖြင့်....
'မင်းကို ဘယ်သူခိုင်းတာလဲ'
ဟု မေးလိုက်၏။
ထိုစဉ်....
လောင်မာက ရိဖုန်း၏ လက်မောင်းကို ဆုပ်ကိုင်ရင်း....
'ရိဖုန်း....ခင်ဗျား....'
လောင်မာ၏ စကားမဆုံးမီ ရိဖုန်းက မဲ့ပြုံး ပြုံး၍....
'သူက သူတောင်းစား မဟုတ်ဘူး'
ဟု ပြောလိုက်၏။
လောင်မာက သက်ပြင်းချပြီး....
'သူက ခီမ္မိုက သူတောင်းစားပါ။ သူ့ကို တစ်မ္မိုလုံးက သိပါတယ်'
ဟု ပြောလိုက်၏။
ရိဖုန်းက ပြုံးလိုက်ပြီး....
'ဒီလမ်းဟာ နေ့ဘက်မှာတောင် လူပြတ်တယ်၊ ညအချိန်ဆို လူသွားလူသာ မရှိသလောက်ပဲ'
ဟု ပြောလိုက်၏။
လောင်မာက ခေါင်းညိတ်၍
'ဟုတ်ပါတယ်'
ရိဖုန်းကပြုံး၍....
'ဒါဆို....သူက ဘာဖြစ်လို့ ဒီမှာလာပြီး တောင်းရမ်း စားရတာလဲ'

ရိဖုန်း၏စကားကြောင့် လောင်မာသည် သူဖုန်းစားကြီးကို ကြည့်လိုက်၏။
ရိဖုန်းက သူဖုန်းစားကြီးကို စေ့စေ့ကြည့်ပြီး....
'ကျုပ်ကို နောက်ယောင်ခံလိုက်ဖို့ သူတို့က ဘယ်လောက်ပေးလဲ'
ဟု မေးလိုက်၏။
လောင်မာက သက်ပြင်းချကာ....
'ရိဖုန်း ခင်ဗျား'
လောင်မာ၏ စကားမဆုံးမီ ရိဖုန်းက သူဖုန်းစားကြီး၏ ဘက်ကီရင်ဘတ် အတွင်းမှ ငွေစက္ကူ တစ်ထပ်ကို ဆွဲထုတ်ယူလိုက်ပြီး....
'ဒီလောက်များတဲ့ ငွေကို ဘယ်ကရတာလဲ'
သူဖုန်းစားကြီးက ရုတ်တရက် သူ့ကိုဆောင့် တွန်းလိုက်ပြီး လမ်းချိုးထဲသို့ ဝင်ပြေးသွားလေတော့လည်။
ထိုအချိန်၌....
လမ်းချိုးထဲမှ လူနှစ်ယောက်ထွက်လာ၏။
ထိုလူနှစ်ယောက်ကိုမြင်တွေ့လိုက်သည်နှင့် လောင်မာသည် မျက်စိမျက်နှာပျက်သွားလေ၏။
အဘယ်ကြောင့်ဆိုသော်....
ထိုလူနှစ်ယောက်သည် ဗာန်ပင်၏တပည့်များဖြစ်ပြီး သူတို့နှစ်ယောက်ကိုအရက်ဆိုင်ထဲ၌ ဝမ်ယုနှင့်အတူမြင်တွေ့ခဲ့ရသောကြောင့်ပင်မဟုတ်ပါလား။

* * *

ရွက်ဖျင်တဲအတွင်း၌ ရင်ရင်ရှိနေ၏။

သူမသည် ကုလားထိုင်မေ၇၌ထိုင်နေ၏။

ထိုသော်....

သူမသည် ဤကုလားထိုင်မေ၇၌ ထိုင်ချင်၍ ထိုင်နေခြင်းမဟုတ်ပါ၊

သူမ၏ခန္ဓာကိုယ်ကို ကုလားထိုင်နှင့် တွဲ၍ ကြိုးတုပ် ထားခြင်းကြောင့်ဖြစ်၏။

သူမသည် သူမ၏ ခန္ဓာကိုယ်ကို လှုပ်ယမ်း၍ အနှောင်အဖွဲ့မှလွတ်မြောက်အောင် ကြိုးစားနေ၏။

ရွက်ဖျင်တဲအတွင်းသို့ လူတစ်ယောက်ဝင်ရောက်လာသည်ကိုတွေ့လိုက်ရ၏။

ထိုလူကို မြင်တွေ့လိုက်သည်နှင့် ရင်ရင်၏ ဝမ်းဗိုက် ထဲ၌ အော်ဂလီဆန်မှုစိတ်ဖြစ်မေ၇လာ၏။

အဘယ်ကြောင့်ဆိုသော်....

ရွက်ဖျင်တဲအတွင်းသို့ ဝင်ရောက် လာသူမှာ တစ်ကိုယ်လုံး အနာများဖြင့် ပြည့်နှက်နေသောကြောင့်ပင် ဖြစ်သည် မဟုတ်ပါလော်။

ရွက်ဖျင်တဲအတွင်းသို့ ဝင်ရောက်လာသောလူက ရင်ရင်ကို ပြုံးပြလိုက်သည်။

သူ၏ ပြုံးပုံကပြုံးသည်နှင့်မတူဘိုသွားဖြီးပြလိုက်သကဲ့သို့ ဖြစ်နေ၏။

သူ၏ မျက်လုံးမျာ်းက ရင်ရင်၏ ခန္ဓာကိုယ် တစ်ခုလုံးကို အသေးစိတ်ကြည့်နေ၏။

ထိုလူ၏စူးရှသော အကြည့်ကြောင့် ရင်ရင်သည်ကြက်သီးမွေးညှင်းများပင် ထလာ၏။

သူမသည် ထိုလူကို ကြည့်ပြီး....

'ရှင်ဘယ်သူလဲ'

ဟု မေးလိုက်၏။

ထိုလူက အဖြေမပေးမီ ထိုလူ၏ နောက်မှ လူတစ်ယောက် ဝင်လာပြီး

'သူနာမည်က ပိုင်စန်းလို့ ခေ၇တယ်၊ သူကမိန်းကလေးကို သိပ်ပြီး စိတ်ဝင်စားနေတယ်'

ဟု ပြောလိုက်၏,

ရင်ရင်သည် ပိုင်စန်း၏ နောက်မှ လူကိုမျက်မှောင်ကြုတ်၍ကြည့်လိုက်၏။

ထိုလူကိုရင်ရင်သည် ကောင်းကောင်းသိ၏။

အဘယ်ကြောင့်ဆိုသော်

ထိုလူသည် မျက်လုံးတစ်လုံးတည်းသာ ရှိသော ယောက်လန်းဆိုသူဖြစ်နေကြောင်းပင်မဟုတ်ပါလား။

ယောက်လန်းက ပြုံးလိုက်ပြီး....

'မိန်းကလေးရော....သူကို စိတ်မဝင်စားဘူးလား'

ဟု မေးလိုက်၏။

ရင်ရင်က နှုတ်ခမ်းကို တစ်ချက် ကိုက်လိုက်ပြီး....

'သွားသေလိုက်'

ယောက်လန်းက သဘောကျစွာ ရယ်မောလိုက်ပြီးပိုင်စန်းကိုလှည့်ကြည့်ကာ....

'ကဲ....ပိုင်စန်းဒီညကစပြီး သူဟာမင်းရဲ့ မိန်းမဖြစ်သွားပြီ'
ဟု ပြောလိုက်၏။
ယောက်လန်း၏စကားကြောင့် ပိုင်စန်းက သဘောကျစွာ ရယ်မောလိုက်၏။
ရင်ရင်သည် ယောက်လန်းကိုမျက်လုံးပြူးကြည့်ကာ
'ဘာ ဘာပြောတယ်'
ဟု အော်ဟစ်လိုက်၏။
ယောက်လန်းက ပြုံး၍
'သြော် သူကမင်းရဲ့ယောကျ်ားလို့ ပြောတာပါ'
ရင်ရင်က
'ဘယ်သူက ယူမယ်ပြောလို့တဲ့'
ယောက်လန်းက ပြုံးလိုက်ပြီး
'သူက မင်းကို သိပ်လိုချင်နေတယ်၊ မင်းက လက်မခံလဲ့ မင်းတို့ နှစ်ယောက် ညားအောင် ကျုပ်တို့က ပိုင်းပြီး ပုံ့ပိုး ပေးရမှာပဲ'
ရင်ရင်ကပိုင်စန်းကိုတစ်ချက်လှမ်းကြည့်ပြီး
'တစ်ခြားနည်းလမ်း ရွေးလို့မရဘူးလား'
ဟု မေးလိုက်၏။
ယောက်လန်းက ပြုံး၍ ဦးခေါင်းညိတ်ကာ....
'ရှိတယ် ဒါပေမယ့် မင်းကလက်ခံမယ် မထင်ဘူး'
ရင်ရင်တာ....
'ပြောပါ ကျွန်မကခြားနည်းလမ်းကို မဉ်းစားမယ် သူ့တော့်မစဉ်းစားဘူး'

ယောက်လန်းက....
'ကောင်းပြီ....ကျုပ်မေးတဲ့ မေးခွန်းကို မှန်အောင်ဖြေပါ၊ ဆွဲပြား ဘယ်မှာလဲ့ ဆွဲပြားပေါ်မှာ ဘာတွေ ရေးထားသလဲ'
ဟု မေးလိုက်၏။
ယောက်လန်း၏ စကားကြောင့် ရင်ရင်သည် နှုတ်ခမ်းကို ဟစ်ချက်ကိုက်လိုက်ပြီး....
'ဆွဲပြားက ရိဖုန်းဆီမှာ'
ဟု ပြောလိုက်၏၊
ယောက်လန်းက ပြုံးကာ....
'ဆွဲပြားပေါ်မှာ ဘာတွေရေးထားသလဲ'
ရင်ရင်က....
'ဒါတော့ ကျွန်မ မသိဘူး'
ယောက်လန်းက....
'ရိဖုန်းက သိလား'
ရင်ရင်က....
'မပြောတတ်ဘူး'
ယောက်လန်းက....
'သူက ဆွဲပြားနဲ့ပတ်သက်ပြီး ဘာမှမပြောမပြဘူးလား'
ရင်ရင်က ခေါင်းခါယမ်းလိုက်ရင်း....
'ဟင့်အင်း....သူက ဘာမှမပြောမပြဘူး'
ယောက်လန်းက သက်ပြင်းချလိုက်၏။
သူသည် ရင်ရင်ကို တစ်ချက်ကြည့်ကာ....

'မင်းပြောတာ ကျုပ်ယူတယ်'
ဟု ပြောလိုက်၏။
ထို့နောက်
သူသည် ရွက်ဖျင်တဲ့ထဲမှ ထွက်သွားရန် ဟန်ပြင်လိုက်၏။
ရုတ်ရုတ်ချင်း မျက်လုံးပြူးသွားပြီး....
'ဟေ့....ဟေ့၊ ရင့်လူကို ပြန်ခေါ်သွား'
ဟု ကမန်းကတန်း လှမ်းပြောလိုက်၏။
ယောက်လန်းက သဘောကျစွာ ရယ်မောလိုက်ပြီး....
'စိတ်ချ၊ မင်းကို သူနဲ့မပေးစားတော့ဘူး'
ဟု ပြောလိုက်၏။
ပြီးမှ
ပိုင်စန်းကိုတစ်လှည့် ရုတ်ရုတ်ကိုတစ်လှည့်ကြည့်ကာ....
'ဒါပေမယ့် ဇာတစ်ညတော့ မိန်းကလေးက သူ့ကိုလက်ခံလိုက်ပါ'
ဟု မေးလိုက်သည်။
ထို့နောက်
ယောက်လန်းသည် ပိုင်စန်းကို ဦးခေါင်းညိတ်ပြလိုက်ပြီး ရွက်ဖျင်တဲ့အတွင်းမှ ထွက်သွားလေတော့၏။
ပိုင်စန်းသည် ရုတ်ရုတ်ကိုပြုံးပြလိုက်ပြီး ရှေ့သို့တစ်လှမ်းချင်း တိုးလာလေတော့၏။
ရုတ်ရုတ်သည် မျက်စိမှုတ်နှာပျက်ကာ သူမ၏ခန္ဓာကိုယ်ကို အတင်းရုန်းကန်လိုက်၏။
'ထို့ကြောင့်....

သူမသည် ကုသားထိုင်ရော လူပါ မြေပေါ်သို့လက္ခသွားလေတော့၏။
ယောက်လန်းသည် ရွာက်ဖျင်တဲ့ထဲသို့ နှောက်ဆုပ်၍ တစ်လှမ်းချင်း ပြန်ဝင်လာ၏။
ယောက်လန်းနှင့်အတူ နှာကာတာကိုပါ ဘွေ့ရ၏။
နှာတာတာ၏ မျက်လုံးမှာ အေးစက်နေ၏။
နှာကာတာ၏ လက်ထဲမှဓားက ယောက်လန်း၏လည်မျိုကို ထောက်ထား၏။
နှာကာတာက အေးစက်သောလေသံဖြင့်....
'ပိုင်စန်း....မင်းကိစ္စပြီးပြီ၊ ထွက်သွားတော့'
ဟု ပြောလိုက်သော်လည်း မဟုတ်ပါလား။

* * *

ရိဖုန်းသည် ရှေ့မှပြန်၏
တန်ပင်၏ တပည့်တစ်ယောက်က နောက်မှ ပြေးလိုက်၏။
ရိဖုန်းသည် တန်ပင်၏ဘယ်သွန်စစ်ယောက်နှင့် တိုက်ခိုက်နေစဉ်မှာပင် ဓလောင်မာသည် မိဘ်ဆွေကောင်းပီသစွာ ထွက်ပြေးသွားခဲ့ပြီ ဖြစ်၏။

ထို့ကြောင့်
ရိဖုန်းသည် တန်ပင်၏ တပည့်နှစ်ယောက်နှင့် တိုက်ခိုက်ရာမှ ရုတ်တရက်ထွက်ပြေးခဲ့ခြင်း ဖြစ်၏။
ရိဖုန်း၏အပြုအမူကြောင့်...
တန်ပင်၏ တပည့်နှစ်ယောက်သည် ကြောင်အမ်းအမ်းဖြင့် ရိဖုန်း၏နောက်မှ ပြေးလိုက်လာခြင်း ဖြစ်၏။
တန်ပင်၏တပည့်များသည် ဤမြို့ကိုကျမ်းကျင်သူများ ဖြစ်သည်။
ထို့ကြောင့်...
တန်ပင်၏ တပည့်တစ်ယောက်က ရိဖုန်း၏နောက်မှ လိုက်လာပြီး ကျန်တစ်ယောက်က ရိဖုန်း၏ပြေးလမ်းကို ရှေ့မှ ကြိုပိတ်ရန် လူခွဲလိုက်၏။
ယခု....
ရိဖုန်းသည် ကျဉ်းမြောင်းသော နောက်ဖေးလမ်းကြားထဲသို့ ပြေးဝင်သွား၏။
တန်ပင်၏ တပည့်ကလည်း ရိဖုန်းနောက်မှ ထက်ကြပ်မကွာ လိုက်လာ၏။
ရိဖုန်းသည် ညစ်ပေနံစော်နေသော နောက်ဖေးလမ်းကြားထဲ၌ ပြေးလွှားရင်း အိမ်တစ်အိမ်၏ နောက်ဖေးမှ ပြတင်းပေါက် တံခါးကို တွန်းဖွင့်လိုက်၏။
ထို့ကြောင့်
ရိဖုန်းနောက်မှ ခပြေးလိုက်လာသော်လူသည် နောက်ဖေးပြတင်းပေါက် တံခါးရွက်ဖြင့် ရိုက်မိကာ....

'စုန့်း'
ဟူသော အသံနှင့်အတူ နောက်ဖေး လမ်းကြားပေါ်သို့ ခြေလှမ်းလက်လှမ်း လဲကျသွားတော့သည် မဟုတ်မခါလား။

* * *

ရိဖုန်းသည် နောက်ဖေး လမ်းကြားထဲမှ ထွက်လိုက်ပြီး လမ်းမအတိုင်း ပြေးလာသည်။
ပြီးမှ....
သူသည် နောက်သို့တစ်ချက် လှမ်းကြည့်လိုက်၏၊
သူ့နောက်မှ လိုက်လာသူကို မတွေ့ရတော့ပါ။
ထို့ကြောင့်
သူသည် သက်ပြင်းချလိုက်ပြီး ပြေးလွှားရာမှရပ်တန့်လိုက်သည်။
ထိုစဉ်....
သူ့ရှေ့မှ တန်ပင်၏တပည့်တစ်ယောက် လျှောက်လာသည်ကို မြင်တွေ့လိုက်ရသည်။
ထိုလူသည် ရိဖုန်း၏ပြေးလမ်းပိတ်ရန် ဖြတ်လမ်းမှ လိုက်လာခဲ့သူ ဖြစ်၏။

ထိုလူက ရယ်မောလျှက်ရှိ၏။

တိတ်ဆိတ်သောညဦး ထိုလူ၏ရယ်မောသံသည် ဆိတ်လန့်ဖွယ် ကောင်းလှ၏။

ရိဖုန်းသည် နောက်သို့ တစ်လှမ်းချင်းဆုတ်သွား၏။

တန်ပင်၏တပည့်က လက်ထဲမှဓားကို ဝဲယမ်းရင်း ရှေ့သို့ တစ်လှမ်းချင်းတိုးလာ၏။

သတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် ဝါးသုံးရိုက်ခန့် ကွာဝေး၏။

ထို့စဉ်....

'ရှူး....ရှူး'

ဟု လေသံဖြင့် လှမ်းခေါ်လိုက်သောအသံသည် ရိဖုန်း၏ ဝဲဘက် လမ်းကြားမှဖြစ်သည်။

ရိဖုန်းသည် တစ်ချက်လှမ်းကြည့်လိုက်၏။

လမ်းကြားထဲဘက် လောင်မာရပ်နေ၏။

သူ၏လက်ထဲ၌ ဝါးရင်းတုတ်တစ်ချောင်း ကိုင်ထားလေသည်။

သူသည် ရိဖုန်းကို လက်ယမ်းခေါ်နေ၏။

ရိဖုန်းက မိမိ၏ရှေ့မှ တန်ပင်၏တပည့်ကို ပြုံးပြလိုက်ပြီး နွတ်တရက်လှည့်ကာ လမ်းကြားထဲသို့ ပြေးဝင်သွားလေတော့သည် မဟုတ်ပါလား၊

* * *

တန်ပင်၏တပည့်သည် အလွန်ပါးနပ်သူဖြစ်သည်။

သူသည် ရိဖုန်း ပြေးဝင်သွားသော လမ်းကြားထိပ်သို့ရောက်သောအခါ ခြေလှမ်းကိုရပ်တန့်လိုက်ပြီး လမ်းကြားထဲသို့ လှမ်းကြည့်လိုက်သည်။

လမ်းကြားထဲ၌ ရိဖုန်းရပ်နေ၏။

ရိဖုန်းက လမ်းကြားထိပ်၌ရပ်နေသော တန်ပင်၏တပည့်ကို ပြုံးပြလိုက်ပြီး....

'လာလေ၊ ကျုပ်ကို မိအောင်ဖမ်း'

ဟု အော်ပြောလိုက်သည်။

ရိဖုန်း၏စကားကြောင့် တန်ပင်၏တပည့်သည် ခြေလှမ်းတုန့်ဆိုင်းသွားပြီး လမ်းကြားတစ်ခုလုံးကို အကဲခတ် ကြည့်လိုက်သည်။

လမ်းကြားထဲ၌ အလင်းရောင်အား နည်းနေ၏

တန်ပင်၏တပည့်သည် လမ်းကြားထဲသို့ ချက်ချင်းမဝင်သေးဘဲ အတန်ကြာအောင် အကဲခတ်ကြည့်နေ၏။

အတန်ကြာမှ

သူသည် လမ်းကြားထဲသို့ တစ်လှမ်းချင်းဝင်လာ၏။

ရိဖုန်းသည် ထိုလူကိုရပ်၍ စောင့်နေ၏။

သူ၏ ပါးစပ်မှလည်း

'ဟေ့လူ....ဘာဝေးနေတာလဲ၊ ကျုပ်ကို မိအောင်ဖမ်း'

ဟု ပြောလိုက်၏။

တန်ပင်၏တပည့်သည် ရှေ့သို့ တစ်လှမ်းချင်းတိုးသာလေသည်။

ရိဖုန်းက နောက်သို့ တစ်လှမ်းချင်းဆုတ်သွား၏။

မကြာမီ

ရိဖုန်းသည် လောင်မာပုန်းကွယ်နေသော ပုံနှားကွယ်သို့ ရောက်လာ၏။

ရိဖုန်းက ပုံနှားကွယ်၌ပုန်းသော လောင်မာကို မသိမသာ တစ်ချက်လှမ်းကြည့်လိုက်သည်။

လောင်မာက ခေါင်းညိတ်ပြသည်။

သူသည် လက်ထဲမှ ဝါးရင်းတုံတိုကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလေ၏။

သူ၏နှုတ်ခမ်းကို ကိုက်ထားသည်။

ဝါးရင်းတုတ်ကိုင်ထားခြင်းသာလက်ကို အပေါ်သို့ မြှောက်ထားသည်။

သူသည် ရိဖုန်းက အချက်ပြလိုက်သည်နှင့် တန်ပင်၏ တပည့်ကို ဝါးရင်းတုတ်ဖြင့်ရိုက်ချရန် အသင့်ပြင်ထားခြင်း ဖြစ်သည်။

ရိဖုန်းက တန်ပင်၏တပည့်ကို မခံချင်အောင် ပြုံးပြလိုက်ပြီး နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်၊

ထို့ကြောင့်

တန်ပင်၏တပည့်က ရှေ့သို့ ခြေတစ်လှမ်း ထပ်၍ဆိုးလိုက်ခြင်းဖြစ်သည်၊

ထိုသို့ ခြေတစ်လှမ်းတိုးလိုက်သည်နှင့်လောင်မာကထိုလူကို ဝါးရင်းတုတ်ဖြင့် ရိုက်ချလိုက်မည်ဖြစ်၏၊

သို့သော်....

တန်ပင်၏တပည့်က ရှေ့သို့ ခြေတစ်လှမ်း ထပ်၍မတိုးတော့ပါ၊

သူသည် ရိဖုန်းကို စူးစူးစိုက်စိုက်ကြည့်နေသည်၊

ပုံနှားကွယ်မှ လောင်မာသည် လက်ကို မြှောက်ထားရသောကြောင့် ညောင်းကိုက်နေပြီဖြစ်သည်။

ရိဖုန်းက တန်ပင်၏တပည့်ကို ပြုံးပြပြီး

'ဘာလဲ၊ ကြောက်နေလို့လား'

ဟု ပြောလိုက်၏။

တန်ပင်၏တပည့်က ဘာမျှပြန်မပြောဘဲ ရုတ်တရက် နောက်သို့လှည့်ကာ လမ်းကြားထဲမှ ထွက်သွားလေတော့သည်။

ရိဖုန်းက သက်ပြင်းချလိုက်၏။

ပြီးမှ....

သူသည် လောင်မာကို လက်ဝှေ့ယမ်းပြလိုက်၏။

လောင်မာသည် လေပူတစ်ချက်မှုတ်ထုတ်ပြီး ပုံနှားကွယ်ကိုမှီ၍ ထိုင်ချလိုက်လေတော့သည် မဟုတ်ပါလား။

* * *

ကန်ပင်ကာရွက်ဖျင်တဲထဲ၌ ခေါက်တုန့်ခေါက်ပြန် ဇလွှာက်နေ၏။

ပြီးမှ

သူသည် နာကာတာထိုင်နေသော စားပွဲပေါ်သို့ လက်နှစ်ဘက်ထောက်လိုက်ပြီး နာကာတာကို စူးစိုက်ကြည့်လိုက်သည်။

နာကာတာက တန်ပင်ကိုမကြည့်ပါ

သူသည် သူ၏လက်ထဲမှ အရက်ခွက်ကို စိတ်ဝင်စားစွာ ကြည့်နေ၏။

တန်ပင်က

'ဒီယေဆွာကို ခင်ဗျားက တကယ်ရအောင် ယူပေးမှာလား'

ဟု မေးလိုက်၏။

နာကာတာက အရက်ကိုမော့သောက်လိုက်ပြီး အရက်ခွက်ကို စားပွဲပေါ်တင်လိုက်၏။

ပြီးမှ

သူသည် တန်ပင်ကိုကြည့်ကာ

'ကျုပ်မှာ နည်းလမ်းရှိပါတယ်'

ဟု ပြောလိုက်၏။

တန်ပင်က မျက်မှောင်ကြုတ်ပြီး

'အာနည်းလမ်းလဲ'

နာကာတာက ပြုံးလိုက်ပြီး

'ကျုပ်....သုံးနေကျနည်းလမ်းပါ'

တန်ပင်က စိတ်မရှည်ဟန်ဖြင့် စားပွဲကို လက်ဖြင့်ပုတ်၍....

'ဘယ်လိုသုံးနေကျ နည်းလမ်းလဲ'

နာကာတာက ပြုံးလိုက်ပြီး....

'ဒီမှာ ထန်ပင်၊ ခင်ဗျားတို့ လိုချင်တာ မှော်မျက်ခွင် ဓားပဲမဟုတ်လား၊ အဲ့ဒီဓားကို ရရင်ပြီးရောပေါ့'

တန်ပင်က လေပူ တစ်ချက်ကို မသိမသာ မှုတ်ထုတ်လိုက်ပြီး....

'ခင်ဗျားပြောသလို တစ်ချက် နှစ်ချက် အာဘင်းရမှာလား'

နာကာတာက ပြုံး၍....

'ကျုပ်ပြောတဲ့ အာဘိုင်း ခင်ဗျားက လိုက်နာမယ် ဆိုရင်ပေါ့'

တန်ပင်က မျက်ဖမှာင်ကုတ်ရင်း....

'အာကိုလဲ အာကို လိုက်နာရမှာလဲ'

နာကာတာက ပြုံး၍

'ပထမ အချက်က ကောင်မလေးကို လုံဝ မထိရဘူး'

တန်ပင်က

'ဘာဖြစ်လို့လဲ'

နာကာတာက

'သူက ကျုပ်ရဲ့ အကြံအစည်မှာ အရေးပါလို့'

တန်ပင်က နာကာတာကို စူးစိုက်ကြည့်ပြီး

'ခင်ဗျားက သဘောကျနေတယ် မဟုတ်လား'

ဟု ပြောလိုက်၏။

နာကာတာက ရယ်လိုက်သည်။

ရယ်မောလိုက်ပြီးမှ....

'ခင်ဗျား စိတ်နဲ့ နှိုင်းပြီး ပြောတာတော့ မဟုတ်ပါဘူးနော်'

ဟု ပြောလိုက်သည်၊

တန်ပင်က နာကာတာကို အစိမ်းလိုက် ဝါးစားချင်သော မျက်လုံးများဖြင့် ကြည့်၍

'ဒုတိယ အချက်က ဘာလဲ'

ဟု မေးလိုက်၏။

နာကာတာက....

'ရီဖုန်းဆီက ဆွဲပြားကို လုယူမှယ့် အစီအစဉ်ကို ရပ်လိုက်တော့'

ဟု ပြောလိုက်၏။

နာကာတာ၏ စကားကြောင့် တန်ပင်က မျက်မှောင်ကုတ်လိုက်ပြီး....

'ဆွဲပြားမရဘဲ ခင်ဗျားက ဘယ်လို လုပ်ပြီး ဒီဝေးကို ရအောင် ယူနိုင်မှာလဲ'

ဟု ပြောလိုက်၏။

နာကာတာက ပြုံးလိုက်ပြီး

'ဒီမှာ ခင်ဗျားက ဝမ်ယူကိုလွှတ်ပြီး ကောင်မလေး ရဲ့ ဆွဲပြားကို အလဲအလှယ်လုပ်ဖို့စီစဉ်တာ အောင်မြင်လို့လား'

ဟု မေးလိုက်၏၊

တန်ပင်က

'ဒါက ဝမ်ယူ အသုံးမကျလို့ပါ'

နာကာတာက ပြုံးလိုက်ပြီး

'မဟုတ်ဘူး၊ ခင်ဗျားကိုယ်တိုင်က ရီဖုန်းရဲ့အကြောင်းကို နားမလည်လို့ပါ'

ဟု ပြောလိုက်၏။

သူသည် တန်ပင်ကို ဇစ္စ ဧကြည့်ကာ

'ရီဖုန်းတာ ရှေးဟောင်းပစ္စည်းကလဲ့ပြီး ဘာကိုမှအလေးအနက်မထားဘူး၊ ဒါကြောင့် ခင်ဗျားက သူ့ကိုကောင်မလေးနဲ့ခြိမ်းခြောက်လဲ သူကဂျစ်ကမ်မှာ မဟုတ်ဘူး'

ဟု ပြောလိုက်၏။

တန်ပင်က နာကာတာကို စိတ်ပျက်စွာကြည့်လိုက်ပြီး....

'ကောင်းပြီ၊ ဒါဲလား'

နာကာတာက လက်ကာပြလိုက်ပြီး

'ကျန်သေးတယ်'

တန်ပင်က မျက်မှောင်ကြုတ်ကာ

'ဘာကျန်သေးလဲ'

နာကာတာက

'ရီဖုန်းကို လွှတ်လွှတ်လပ်လပ် လှုပ်ရှားခွင့်ပေးလိုက်ပါ'

တန်ပင်က

'သူက ဒီလုပ်ငန်းခွင်ထဲ ဝင်လာရင်ရော'

နာကာတာက ပြုံးကာ

'ဒီလုပ်ငန်းထဲ ရောက်လာရင် ပိုးကောင်းတာပေါ့၊ တကယ်လို့ သူသာ ဒီကိုရောက်လာရင် ဖမ်းဖို့ဆီးဖို့မကြိုးစားနဲ့၊ မသိသလို ကိုယ့်အလုပ်ကို ဟန့်မပျက်လုင်နေပါ'

တန်ပင်က
'ကောင်းပြီ နောက်ထပ် ဘာကျန်သေးလဲ'
နာကာတာက ပြုံးလိုက်ပြီး
'ဒီလောက်ပါပဲ'
ဟု ပြောလိုက်၏၊
တန်ပင်က သက်ပြင်းချလိုက်ပြီး
'ကောင်းပြီ၊ တကယ်လို့ သုံးရက်အတွင်းမှာ ခင်ဗျားက ကျုပ်ကို မှော်မျက်ရှင်ခား ရှာမပေးနိုင်ရင် ကျုပ်အဆိုးတော့ မပြောနဲ့'
ဟု ပြောကာ ရွက်ဖျင်တဲ့အတွင်းမှ ခြေလှမ်းကျဲကြီးဖြင့် ထွက်သွားလေတော့သည် မဟုတ်ပါလား။
နာကာတာသည် တဲအတွင်းမှ လှမ်း၍ထွက်သွားသော တန်ပင်၏ကျောပြင်ကိုကြည့်ကာ ပြုံးလိုက်၏။
သူ၏အပြုံးက ဝံပုလွေတစ်ကောင်၏ အပြုံးကဲ့သို့ဖြစ်၏။
အကယ်၍သာ
နာကာတာ၏အပြုံးကို တန်ပင်သာ တွေ့မည်ဆိုပါလျှင်....

* * *

သဲကန္တာရ၏ နံနက်ခင်းသည် ပူလောင်နေသည်၊
သဲပြင်များ၊ သဲတောင်ကုန်းများက နံနက်ခင်း၏နေရောင်အောက်မှာပင် တဖိတ်ဖိတ်ဘောက်ပနေ၏။
လူတစ်ယောက်၏စိတ်ထဲ၌ မြင်ချင်ရာမြင်နိုင်သော တံလျှပ်မျိုး ဖြစ်နေသည်ဟု ရိဖုန်းစိတ်ထဲ၌ ထင်မှတ်ရ၏။

ရိဖုန်းသည် သဲကန္တာရထဲမှ တူးဖော်ရေး လုပ်ငန်းခွင်သို့ အလုပ်ဆင်းမည့် အလုပ်သမားတစ်ယောက်ကဲ့သို့ပင်ဆင်ထားသည်။
သူ၏ လက်ထဲ၌ ငါးပေ ရှည်သော တုတ်ဘချောင်းနှင့် လူတစ်ယောက် ကောင်းစွာ ခိုစီးနိုင်သော ကြိုး တစ်ခု ပါရှိသည်။
လောင်မာသည် ရှေ့မှဦးဆောင်သွား၏။
လောင်မာနှင့်အတူ အလုပ်သမားခြောက်ယောက်၊ ခုနစ်ယောက်ခန့်ပါရှိ၏။
ထိုအလုပ်သမားသည် လောင်မာ၏ လက်ရွေးစင်အလုပ်သမားများဖြစ်သည်။
လောင်မာက ထိုအလုပ်သမားများသည် စိတ်ချယုံကြည်ရသည်ဟု ပြောသော်လည်း ရိဖုန်းအနေဖြင့် လောင်မာ ပြောသကဲ့သို့ ထိုအလုပ်သမားများသည် ယုံကြည်စိတ်ချရပါစေဟု ဆုတောင်းနေမိ၏။
လောင်မာက ရိဖုန်း၏အနီးသို့ လျှောက်လာပြီး ရိဖုန်းနှင့် ခပ်ဆုံးဆုံး ယဉ်၍လျှောက်ကာ....
'ကျုပ်တော့ ရင်နည်းနည်းခုန်နေတယ်'
ဟု ပြောလိုက်သည်။
ရိဖုန်းက ပြုံးလိုက်ပြီး
'စိတ်သိပ်ပြီး မပူပါနဲ့ဗျာ'
ဟု ပြန်ပြောလိုက်၏။
လောင်မာကပြုံးလိုက်ပြီး

သံမျှားက ဘောင်ကုန်းသဖွယ်ဖြစ်နေ၏။

ရိဖုန်းတို့လူစုသည် ဝင်္ကသိမ်းငှက်မြို့ဟောင်းတွေးဖော်နေသော လုပ်ငန်းခွင်ကို လှမ်းကြည့်လိုက်၏။

တာဝေနယ်စားကြီး၏ ရဲမက်များ ကြီးကြပ်မှုအောက်၌ အလုပ်သမားများသည် တူးဖော်ရေး လုပ်ငန်းကို မရပ်မနား လုပ်ကိုင်နေကြ၏။

သူသည်တာဝေနယ်စားကြီး၏ သိမ်းငှက်မြို့ဟောင်း တူးဖော်သည့်လုပ်ငန်းခွင်ကို ကြည့်ရင်း သက်ပြင်းတစ်ချက် မှုတ်ထုတ်ကာ

'ဟူး....ဒီလောက် ကြီးကျယ်တဲ့လုပ်ငန်းခွင်မျိုးကိုတစ်ခါမှ မတွေ့ဖူးဘူး'

ဟု ပြောလိုက်၏

သောင်မောက စောင့်ကြပ်နေသော လုံခြုံရေးစွဲမက်များကို ညွှန်ပြရင်း....

'အစောင့်အကြပ်က ထူထပ်တယ်၊ လုံခြုံရေးကိုတင်းတင်းကြပ်ကြပ်လုပ်သားတယ်၊ ဒါကြောင့် ဒီဘစ်ခါ ခင်ဗျား စွန့်စားရမှာအတော်ခဲယဉ်းလိမ့်မယ်'

ဟု ပြောလိုက်၏၊

ရိဖုန်းတ အနောင့်အကြွယ်များ၊ အလုပ်သမားခေါင်းများဖြင့် တူးဖော်နေသော နေရာကို အတန်ကြာအောင် ကြည့်နေမိသည်။

ထိုနေရာတစ်ဝိုက်၌ တွင်းကြီးများ၊ ရွက်ဖျင်တဲများ၊ ရိက္ခာသိုလှောင်သည့် တဲများ၊ အချို့နေရာ၌ ဆက်၍ မတူးဖော်

'ကျုပ်အတွက် ရင်ခုန်တာ မဟုတ်ဘူး၊ ခင်ဗျားအတွက်'

ဟု ပြောလိုက်၏၊

ရိဖုန်းက မျက်ခုံးပင့်၍....

'ဘာဖြစ်လို့လဲ'

ဟု မေးလိုက်၏။

သောင်မောက သက်ပြင်းချကာ

'ခင်ဗျားရဲ့လုပ်ရပ်က အရမ်းစွန့်စားလွန်းတယ်'

ဟု ပြောလိုက်၏။

ရိဖုန်းက ပြုံးလိုက်ပြီး

'ဒီအလုပ်က စွန့်စားရတာပဲ'

သောင်မောက ဦးခေါင်းညိတ်ကာ

'မှန်ပါတယ် ဒါပေမယ့် ဒီဘစ်ခါ ခင်ဗျား လုပ်မှာက အရင်ကနဲ့မတူဘူး'

ရိဖုန်းက ပြုံးလိုက်ပြီး

'ဘာပဲဖြစ်ဖြစ် ကျုပ်ရဲ့ တွက်ချက်မှု မှန်ဖို့ဘဲ အရေးကြီးတယ်'

ဟု ပြောလိုက်၏။

ထို့နောက်....

သူတို့နှစ်ယောကျ်သည် စကားစ ပြတ်ကာ တိတ်ဆိတ်သွား၏။

သူတို့နှစ်ယောက်လုံး၏ စိတ်ထဲ၌ တစ်စုံတစ်ရာကို စိုးရိမ်ပူပန်နေသကဲ့သို့ခံစားနေရသည် မဟုတ်ပါလား။

* * *

ဘဲရပ်တန့်ထားဟန်ဖြင့် တူးလက်စ တွင်းများကို တွေ့ရလေသည်။

ရီဖုန်းက သက်ပြင်းချလိုက်ပြီး....

'အခု' တူးနေတဲ့ နေရာက နာကာတာ ညွှန်ပြတဲ့ နေရာလဲ့း'

ဟု မေးလိုက်၏။

လောင်မာက ခေါင်းညိတ်ကာ....

'ဟုတ်တယ်'

ရီဖုန်းက ပြုံးလိုက်ပြီး....

'ဟုတ်ပြီ၊ ဆယ့်နှစ်လက်မလောက် အတွက်အချက် လွဲတာနဲ့ သူတို့ ရှာတွေ့မှာမဟုတ်ဘူး'

ဟု ပြောလိုက်၏။

ထို့စဉ်

ထိုနေရာ၌ တူးဖော်နေသော အလုပ်သမားများသည် ထိတ်လန့်တကြားဒေါ်ဟစ်ကာ တွင်းထဲမှ ပြေးတက်လာကြလေသည်။

တွင်းပေါ်မှ အစောင့်များကလည်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

ပေါက်ကွဲသံဘချို့ ပေါ်ထွက်လာ၏။

ပေါက်ကွဲသံနှင့်အတူ တွင်းနှုတ်ခမ်းတစ်ဘက် ပြိုကျသွားပြီး တွင်းနှုတ်ခမ်းပေါ်၌ရပ်နေသော အစောင့်အကြပ် ခရမက်ဘချို့လည်း ပြိုကျသော တွင်းနှုတ်ခမ်းနှင့်အတူ ပါသွားလေသည်။

ရုတ်ရုတ်သဲသဲဖြစ်သွားသော အခြေအနေကြောင့် ရှက်ဖွံ့ဖြိုးတဲ့တစ်လုံးအတွင်းမှ လူသုံးယောက်သည် ကမန်းကတန်း ထွက်လာ၏။

လောင်မာက ထိုလူသုံးယောက်ကို ညွှန်ပြရင်း....

'အဲ့ဒါ နာကာတာရယ် တန်ပင်ရယ် ယောက်လန်းဆိုတဲ့ လူတွေပဲ'

ဟု ပြောလိုက်၏။

ရီဖုန်းက ပြုံးပြီး

'လောင်မာ က'ကြမ္မာက ကျုပ်တို့ကို မျက်နှာသာပေးနေပြီ၊ ဒီအချိန်မှာ ကျုပ် မြေပုံခန်းထဲဆင်းရအောင်'

ဟု ပြောလိုက်လေတော့သည် မဟုတ်မဲလား။

* * *

တူးဖော်ရေးလုပ်ငန်းခွင်၏ တစ်နေရာ၌ သဲသောင်ပူစာတစ်ခုရှိ၏။

ထိုတောင်ပူစာထိပ်၌ အပေါက်တစ်ပေါက်ရှိ၏။

ရီဖုန်းနှင့်လောင်မာတို့သည် အစောင့်များရှေ့မှ ခပ်တည်းတည်ဖြင့် ဖြတ်သွားလေ၏။

ရီဖုန်းသည် လက်ထဲ၌ ငါးပေရှည်သော တောင်ဝှေးကို လှုပ်ထားသောကြောင့် အစောင့်အကြပ်များက မသက်ာဖြစ်နည်းကို စိုးရိမ်နေ၏။

တူးဖော်နေသောတွင်းမှ ရုတ်ရုတ်သဲသဲအခြေအနေကြောင့် ရီဖုန်းနှင့်လောင်မာတို့သည် အစောင့်အကြပ်များကို လှည့်ကွ ဖြတ်ကျော်နိုင်ခဲ့သည်။

နောင်ဆုံးဌ်....

သူတို့သည် တောင်ပူစာသို့ ရောက်ရှိလာတော့၏။

ရိဖုန်းသည် တောင်ပူစာထိပ်၌ ရပ်တန့်လိုက်ပြီး ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်၏။

လောင်မာက တောင်ပူစာမေါ်မှ ကျောက်ပြားတစ်ချပ်ကို ဆွဲဖယ်လိုက်ရင်း....

'မြေပုံအခန်းပဲ'

ဟု လေသံဖြင့်ပြောလိုက်၏။

ရိဖုန်းက ထွင်းပေါက်ဝမှနေ၍ အောက်သို့ငုံ့ကြည့်လိုက်သည်။

ဤတွင်းပေါက်ဝသည် မြေပုံခန်း၏ ခေါင်မိုးအပေါက်ဖြစ်သည်။

ရိဖုန်းက တွင်းဝမှ အောက်သို့ တစ်ချက်ငုံ့ကြည့်လိုက်ပြီး....

'ကြိုး'

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

* * *

ရိဖုန်းသည် တောင်ဝှေး၏ထိပ်၌ ဆွဲပြားကိုတပ်ဆင်သိုက်ပြီး မြေပုံခန်းထဲကြည့်လိုက်သည်။

ကြမ်းပြင်မေါ်၌ သိမ်းဒုက်ဦးကို စကေးကိုက်ပုံဖော်ထားသည်။

အလုံ့ လက်ရာမြောက်သော ပီသုကာပညာရှင်များက ကျောက်တုံးများကိုထွင်းထုကာ ပုံဖော်ထားခြင်းဖြစ်၏။

လခ်းများ အိမ်များ နန်းတော် အဆောက်အဦးများကို ပုံစံငယ်များဖြင့် အသေးစိတ်ထုလုပ်ထားရာ ရိဖုန်းကိုယ်တိုင် သိမ်းဒုက်မြို့ကို ရောက်သကဲ့သို့ ခံစားနေရ၏။

ရိဖုန်းသည် အခန်းကိုလှည့်ပတ်ကြည့်လိုက်၏။

တစ်နေရာ၌ တွင်းငယ်ကလေးသုံးခု တွေ့ရ၏။

ရိဖုန်းသည် ထိုတွင်းငယ်ကလေးသုံးခုကို အကဲခတ်ကြာမျှ ကြည့်နေ၏။

ထိုတွင်းငယ်ကလေးထဲသို့တောင်ဝှေးစိုက်လိုက်၏။

တွင်းငယ် သုံးခုလုံး တောင်ဝှေးနှင့် အံကိုက် ဖြစ်နေလေသည်။

ထို့ကြောင့်

ရိဖုန်းသည် မျက်မှောင်ကြုတ်သွား၏။

တွင်းတစ်ခုနှင့် တစ်ခုသည် ခြောက်လက်မခန့်သာကွာဝေးသည်။

ရိဖုန်းသည် သက်ပြင်းချလိုက်၏။

တွင်းတစ်ခုနှင့်တစ်ခုသည် ခြောက်လက်မခန့်သာကွာဝေးသော်လည်း မှားယွင်း၍ တိုင်းတာမိပါက တွက်ချက်မှုသည် မဆင်မှတ်နိုင်အောင် မှားယွင်းသွားလိမ့်မည် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်....

သိမ်းဒုက်မြို့၏ ပုံစံငယ်များကို တစ်လက်မလျှင် ၅ပေနှုန်းဖြင့် ဘဝ်ဆောက် ပုံဖော်ထားသောကြောင့်ဖြစ်သည် မဟုတ်ပါလား။

ထို့ကြောင့်....

ခြောက်လက်မ လဲချော်သည်နှင့် ပေသုံးဆယ်ခန့် လဲမျော်
လိမ့်မည်ဖြစ်သည် မဟုတ်ပါလား။
ထို့စဉ်....
ရိဖုန်းသည် တွင်းငယ်များအနီး၌ အမှတ်အသားတစ်ခု
ကိုတွေ့ရ၏။
ဝဲဘက်အတွင်း၌ ဝဲဘက်သို့ လှည့်နေသော များဦး တွေ့
ရသည်။
ယာဘက်တွင်း၌ ညာဘက်သို့ လှည့်နေသော များဦးကို
တွေ့ရသည်။
အလယ်တွင်း၌ ညီမျခြင်းသဏ္ဌာန် ပုံဖော်ထားသော မျဉ်း
နှစ်ထပ်ကို တွေ့ရ၏။
ရိဖုန်းသည် ထိုအမှတ်အသားများကို အတန်ကြာအောင်
ကြည့်နေ၏။
အတန်ကြာသောအခါ ရိဖုန်း၏မျက်နှာသည် ပြုံးရွှင်လာ
ပြီး လက်ထဲမှ တောင်ဝှေးကို ဝဲဘက်တွင်းငယ်ထဲသို့ စိုက်ထူ
လိုက်တော့သည် မဟုတ်ပါလား။
ဆွဲပြား၏ တစ်ဘက်၌ တောင်ဝှေး၏ အရှည်ကိုခြောက်ပေ
ဟုရေးထား၏။
ဆွဲပြား၏ ကျန်တစ်ဘက်၌ သိမ်းငှက်ဘုရင်ကို တစ်ပေပြန်
ပေးပါဟု ရေးထား၏။
ထို့ကြောင့်....
တောင်ဝှေး၏ အရှည်သည် ခြောက်ပေ မဟုတ်တော့ဘဲ
ငါးပေသာဖြစ်၏။

တောင်ဝှေးစိုက်ရန် တွင်းသုံးတွင်း ရှိ၏။
တွင်းသုံးတွင်း၏ အလယ်မှ တွင်းကို ညီမျခြင်းပြထား၏။
ထို့ကြောင့်....
ထိုတွင်း၌ ခြောက်ပေရှည်သော တောင်ဝှေးနှင့်ညီမျသည်
ဟု ရိဖုန်းက ယူဆ၏။
နာကာတာကလည်း ထိုသို့ယူဆဟန်ရှိ၏။
အဘယ်ကြောင့်ဆိုသော်....
အလယ်တွင်း၌ မကြာမီက တောင်ဝှေးကိုစိုက်ထူခဲ့ဟန်ဖြင့်
ပြောင်းလဲနေသောကြောင့် ဖြစ်သည်၊
အလယ်တွင်းသည် ခြောက်ပေ ရှည်သော တောင်ဝှေးကို
စိုက်ထူရန်တွင်းဖြစ်ခဲ့လျှင် ခြောက်ပေထက်ငယ်သော တောင်
ဝှေးကို စိုက်ထူရမည့်တွင်းမှာ ဝဲဘက်မှတွင်းဖြစ်၏။
အကယ်၍ ခြောက်ပေထက်ရှည်သောတောင်ဝှေးကို စိုက်
ထူရမည်ဖြစ်သည်။
အဘယ်ကြောင့်ဆိုသော်..
ညီမျခြင်းကို အလယ်၌ထားပြီး ဝဲဘက်သို့များဦးပြခြင်း
သည် ညီမျခြင်းထက်ငယ်သည်ဟု ရိဖုန်းက်ယူဆခဲ့ပြီး....ယာ
ဘက်သို့များဦးပြခြင်းသည်ညီမျခြင်းထက်ကြီးသည်ဟု ယူဆိုခဲ့
သောကြောင့်ဖြစ်သည် မဟုတ်ပါလား။
ထို့စဉ်....
မြေပုံခန်းမ၏ ခေါင်းမိုးအပေါက် တစ်နေရာမှ နေရောင်
ခြည် ဝင်ရောက်လာပြီး ဆွဲပြားပေါ်သို့ ကျရောက် လာလေ
သည်။

နေရောင်ခြည်သည် ဆွဲပြား၏ အလယ်မှ အနီရောင်ဖန်တုံးကိုဖြတ်သန်း၍ အနီရောင်အလင်းဘန်းတစ်ခုဖြစ်ခပါပြီး သိမ်းဒုက်မြို၏ ပုံစံငယ်ပေါ်သို့ ကျရောက်လာ၏။

ရိဖုန်းသည် သိမ်းဒုက်မြို့ပုံစံငယ်ပေါ်မှအနီရောင် လင်းနေသောအဆောက်အအုံကို ငေးရင်ကြည့်နေ၏။

သူသည် အိတ်ထဲမှပေကြိုးကို ထုတ်ယူ၍ တောင်ဝေးနှင့် အနီရောင်လင်းနေသော အဆောက်အအုံကို မေတိုင်းရှိမှတ်သားလိုက်၏။

ထိုစဉ်....

ထိုအဆောက်အအုံနှင့် ဆယ့်ကိုးလက်မ အကွာရှိ အနီရောင်ဆေးဖြင့် မှတ်သားထားသော အဆောက်အအုံကို တွေ့ရ၏။

ထိုအမှတ်အသားသည် နာကာတာက မှတ်သားသားခြင်းဖြစ်နိုင်သည်ဟု ရိဖုန်းကယူဆလိုက်၏။

ယခု တူးဖော်ရမည့် နေရာနှင့် နာကာတာ တူးဖော် နေသော နေရာသည် ပေတစ်ရာ နီးပါးမျှလွဲခြားနေပြီ မဟုတ်ပါလား။

ရိဖုန်းသည် ကျေနပ်စွာပြုံးလိုက်၏။

သူသည် တောင်ဝေးကို တွင်းငယ်ထဲမှ ပြန်နှုတ် လိုက်ပြီး ဆွဲပြားကိုဖြုတ်ယူ၍ သိမ်းလိုက်၏။

တောင်ဝေးကို နှစ်ပိုင်း ချိုးလိုက်ရလေတော့သည် မဟုတ်ပါလား။

* * *

နာကာတာသည် ကျေနပ်စွာ ပြုံးနေ၏။

တန်ပင်၏ တပည့်တစ်ယောက်က မြေပုံခန်းထဲမှ ထွက်လာသောရိဖုန်းကိုစွဲလိုက်ကြောင်းသတင်းလာပို့ခဲ့ခဖြင့်နာကာတာသည် ယခုကဲ့သို့ကျေနပ်စွာ ပြုံးလိုက်ခြင်းဖြစ်၏။

နာကာဘာက ကျေနပ်စွာ ပြုံးလိုက်သောကြောင့်တန်ပင်ကနာကာတာကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး....

'ရိဖုန်း ဝင်ရှပ်တာကို ခင်ဗျားက ကျေနပ်နေသလား'

ဟု မေးလိုက်၏။

နာကာတာက ပြုံးလိုက်ပြီး....

'အမှန်ပြောရရင့် ရိဖုန်း ဝင်ရှပ်တဲ့အတွက် ခင်ဗျားကဝမ်းသာရမှာ'

ဟု ပြောလိုက်၏။

တန်ပင်က....

'ဘာဖြစ်လို့လဲ'

နာကာတာက....

'သူက ခင်ဗျားအတွက် ဓားကိုရှာပေးလို့ပဲ'

ဟု ပြောလိုက်၏။

တန်ပင်ကဘာမှ ပြန်မပြောတော့ပါ။

သူသည် ထိုင်ရာမှထလိုက်ပြီး ရွှက်ဖျင်တထဲမှ ထွက်သွားရန်ခြေလှမ်းပြင်လိုက်၏။

နာကာတာက တန်ပင်ကို လှမ်းကြည့်၍....

'ဩော်....ကျုပ်ခင်ဗျားကို တစ်ခု သတိပေးရဦးမယ်'

ဟု ပြောလိုက်၏

တန်ပင်က မျက်မှောင်ကြုတ်ကာ....

'ဘာများလဲ'

နာကာတာက ပြုံး၍....

'မနက်ဖြန်ကျရင် ကောင်မလေးကို အလှဆုံးဖြစ်အောင် ပြင်ဆင်ထားဖို့ပါ'

ဟု ပြောလိုက်၏။

တန်ပင်က မဲ့ပြုံးပြုံးလိုက်ပြီး....

'စိတ်ချပါ၊ ဒါပေမယ့် ကျုပ်က သူ့ကိုပြင်ဆင်ပေးဖို့ လို့မယ် မထင်ဘူး'

နာကာတာက မျက်ခုံးပင့်ကာ....

'ဘာဖြစ်လို့လဲ၊ ပြင်ဆင်ဖို့မလိုအောင် လှနေလို့လား'

တန်ပင်က ရယ်မောလိုက်ပြီး....

'ခင်ဗျား ကြားဖူးသလား'

နာကာတာက....

'ဘာကို ကြားဖူးရမှာလဲ'

တန်ပင်က ပြုံးလိုက်ပြီး....

'သေပန်းပွင့်တယ် ဆိုတာလေ၊ ကြားဖူးလား၊ ဟင်း.... ဟင်း....၊ လူတစ်ယောက်ဟာ သေခါနီးအချိန်မှာ အလှဆုံးပဲ'

ဟုပြောလိုက်၏။

တန်ပင်သည် မိမိ၏စကားကို မိမိဘာသာသဘောကျဟန်ဖြင့် တဟားဟား ရယ်မောလိုက်လေတော့သည် မစ္စတ်ပါလား၊

* * *

အလုပ်သမားဟန် ဆောင်ထားသော ရီဖုန်းသည် အလုပ်သမားများနှင့် ရောနှော၍ ဟိုယောင်ယောင် သည်ယောင် ယောင် ပြုလုပ်ရင်း ရွက်ဖျံ့တဲ့တစ်ခု၏အတွင်းသို့ ဝင်ရောက်ပုန်းလိုက်၏။

သို့သော်....

သူသည် ရွက်ဖျက်တဲအတွင်းသို့ ရောက်ရှိသည်နှင့် သူ၏မျက်လုံးများသည် ဝိုင်းစက်ပြူးကျယ်သွားလေတော့၏။

အဘယ်ကြောင့်ဆိုသော်

ရွက်ဖျံ့တဲ့အတွင်း၌ ရင်ရင်ကို မြင်တွေ့လိုက်သောကြောင့် ဖြစ်သည် မဟုတ်ပါလား။

ရင်ရင်သည် ကုလားထိုင်ပေါ်၌ ထိုင်နေ၏။

သူမ၏ တစ်ကိုယ်လုံးကို ကြိုးများဖြင့် ကြက်ခြေခတ်ကာ အထပ်ထပ် တုပ်ထား၏။

သူမ၏ ပါးစပ်ကို ပဝါတစ်ထည်ဖြင့် ခပ်တင်းတင်း စည်းထား၏။

ထို့ကြောင့်

သူမသည် ရီဖုန်းကိုမြင်တွေ့သောအခါ ဝူးဝူးဝါးဝါးဖြင့် အသံပြုနိုင်၏။

ရီဖုန်းက ရင်ရင်ကို တအံ့တသြဖြင့်ကြည့်ရင်း ကြည့်ရင်း ရင်ရင်၏အနီးသို့ ချဉ်းကပ်လာ၏။

ထို့နောက်....

သူသည် ရင်ရင်ကို အတန်ကြာအောင်ကြည့်နေပြီးမှ....

'မင်း မသေသေးပဲကိုး'

ဟု ပြောလိုက်ရင်း ရင်ရင်၏ပါးစပ်မှပဝါကို ဖြည်ပေးလိုက်သည်၊

ရိဖုန်းက ရင်ရင်၏ပါးစပ်မှ ပဝါကိုဖယ်ရှားပေးလိုက်သော ကြောင့် ရင်ရင်သည် သက်သောင့်သက်သာ ရှိသွားတာနှင့်ဖြင့် အသက်ကို ဝအောင်ရှူလိုက်ပြီး....

'ရှင်က ဘာဖြစ်လို့ အခုမှ လာကယ်ရတာလဲ'

ရိဖုန်းက ပြုံးလိုက်ပြီး....

'တိုး....အင်း.....ဘယ်လိုပြောရမလဲ၊ သူတို့လက်ထဲကို မော်မျက်ရှင်ခား မပါသွားအောင် ကျွပ်ကလုပ်ခဲ့လို့ပါ'

ရင်ရင်က သက်ပြင်းချလိုက်၏။

'ကဲပါ၊ လောလောဆယ် ကျွန်မကို ကြိုးဖြည်ပေးဦး'

ဟု ပြောလိုက်၏။

ရိဖုန်းက သက်ပြင်းချလိုက်ပြီး....

'ကျွပ်အနေနဲ့ မင်းကို အခုလို ကြိုးတုပ်ထားတဲ့ ပုံစံမျိုးနဲ့ မြင်လိုက်ရတဲ့အခါမှာ ကျွပ်ရဲ့စိတ်ထဲမှာ ဘယ်လိုခံစားရမယ် ဆိုတာ မင်းသတောပေါက်မှာပါ'

ရင်ရင်က စိတ်မချည်ဟန်ဖြင့်....

'အဲ့ဒါကို နောက်မှပြော၊ ကျွန်မကို ကြိုးအရင်ဖြည်ပေး'

ရိဖုန်းက ခေါင်းညိတ်လိုက်ပြီး

'ကျွပ်ကလဲ့ အဲ့ဒီကိစ္စကိုပဲ ပြောမလို့ပါ'

ရင်ရင်က သက်ပြင်းချတာ

'ပြောစရာရှိတာ နောက်မှပြော၊ အခု ကြိုးဖြည်ပေးစမ်းပါ'

ရိဖုန်း၏စကားကြောင့် ရင်ရင်၏မျက်လုံးများသည် ဒေါသဖြစ်ဟန် ပြောင်းလဲသွား၏။

ရိဖုန်းက သက်ပြင်းချလိုက်ပြီး....

'အမှန်ဟာ့ မင်းတစ်ယောက်တည်း လျှောက်မသွားသင့်ဘူး၊ အခုလိုဖြစ်ရတာ မင်းတာသာမင်း တစ်ယောက်တည်း ထွက်သွားလို့ ဖြစ်ရတာ'

ဟု အပြစ်တင်လိုက်၏။

ရင်ရင်က ဒေါသဖြင့် အော်ဟစ်လိုက်၏၊

ဦးသေ....

သူမ၏ပါးစပ်ကို ပဝါနှင့်စည်းထားသောကြောင့် တဝူးဝူး တဝါးဝါးအသံသာ ထွက်ပေါ်လာ၏။

ရိဖုန်းက တဲအတွင်းမှ အပြင်သို့တစ်ချက် ချောင်းကြည့်လိုက်၏။

ရင်ရင်ကို လှည့်ကြည့်ကာ....

'သူတို့ အခုထိ ရှာမတွေ့သေးဘူး၊ ကျွပ်က သူတို့ထက် လက်ဦးမှုဖြစ်မယ်'

ဟု ပြောလိုက်၏။

ရင်ရင်က တဝူးဝူးတဝါးဝါးဖြင့် ရှုန်းကန်ပြလိုက်၏။

ထို့အခါဝယ်

ရိဖုန်းက အားတုံ့အားနဲ့ ဖြစ်သွားဟန်ဖြင့် ရင်ရင်အား ပြုံးပြလိုက်ပြီး....

'ဩော်....တုတ်ပါရဲ့၊ ကျွပ်က မင်းကိုတွေ့ရလို့ ဝမ်းသာပြီး စကားတွေပြောနေတာ'

ရိဖုန်းသည် ရင်ရင်၏ နဖူးကို နမ်းလိုက်သည်။

'ကျုပ်တို့ ယုံပါ။ ကျုပ်ပြန်လာမယ်'

ဟု ပြော၍ ရွက်ဖျံငှဲတဲ့အတွင်းမှ ထွက်သွားလေတော့သည် မကုတ်ပါလား။

* * *

ရိဖုန်းတို့ အဖဲ့သည် သဲသောင်ခုံ တစ်နေရာ၌ ရပ်တန့်လိုက်သည်။

ရိဖုန်းက အရုပ်လေးမျက်နှာကို ကြည့်ရင်း ဤနေရာဟုတ်မဟုတ် စဉ်းစားနေ၏။

နောင်တော့မည်ဖြစ်၍ ကောင်းကင်ပေါ်မှနေမင်းကြီးသည် ဝါသိန် စောက်ပနေ၏။

ရိဖုန်းသည် သဲသောင်ခုံကို အတန်ကြာအောင် စူးစိုက်ကြည့်လိုက်၏။

မိမိ၏ အယူအဆနှင့် တွက်ချက်မှု မှန်ကန်ဟန် မိမိ၏ ခြေထောက်အောက်၌ မှော်မျက်ရှင်ခား ထည့်ထားသောကျောက်သေတ္တာကြီး ရှိနေသည် ဖြစ်၏။

အကယ်၍ လွဲချော်ခဲ့လျှင် ရိဖုန်းသည်ဆက်၍ မတွေးပါ။

သူသည် သက်ပြင်းချလိုက်ပြီး လောင်မာ၏ စိတ်ချယုံကြည်ရသော လက်ရွေးစင် အရုပ်သမားများကို တချက်ကြည့်သည်။

အရုပ်သမားများသည် ပေါက်တူးများ၊ ပေါက်ပြားများကိုင်၍ ရိဖုန်းထံမှ စကားသံကို နားစွင့်နေ၏။

နေလောင်ထားသော သူတို့မျက်နှာသည် အဆီပြန်နေ၏။

ရိဖုန်းက ရင်ရင့်ကို ပြုံးပြလိုက်ပြီး

'ကျုပ်ကိုယုံပါ၊ ကျုပ်က မင်းအပေါ် ဘယ်လောက် ခွစ်တယ်ဆိုတာ မင်းနားလည်မှာပါ၊ ဒါပေမယ့် ကျုပ် မလုပ်ချင်တဲ့အလုပ်ကို လုပ်ရဦးမယ်'

ရင်ရင်က....

'ရှင်မလုပ်ချင်တဲ့ လုပ်တာတွေ ဘာတွေကို နောက်မှပြော၊ လောလောဆယ် ရှင်လုပ်ရမှာ ကြိုးကိုဖြည်ပေးဖို့ပါပဲ ရှင်....'

ရိဖုန်းက ခေါင်းညိတ်၍

'ဟုတ်ပါတယ်၊ ကျုပ်လဲ ဒါကိုပဲ ပြောချင်တာပါ၊ ကျုပ်က မင်းကို ကြိုးဖြည်ပေးလိုက်တာနဲ့ သူတို့က မင်းကို မြေလှန်ပြီး လိုက်ရှာတော့မယ်....

'ဒါကို ကျုပ်က အဖြစ်မခံနိုင်ဘူး၊ ကျုပ်အခု မှော်မျက်ရှင်ခား ဘယ်မှာရှိတယ်ဆိုတာ သိပြီ၊ ဒါကြောင့် မင်းအနေနဲ့ အခုလိုပဲ ခေတ္တနေပဦး'

ဟု ပြောလိုက်၏။

ရိဖုန်း၏ စကားကြောင့် ရင်ရင်သည် သူ့ကို မျက်လုံးပြူး၍ ကြည့်ပြီး....

'ရှင်.... ရှင်'

ရင်ရင်သည် စကားကို ဆက်၍ မပြောနိုင်ပါ။

အာဃာတကြောင့်ဆိုသော်....

သူမ၏ စကားမဆုံးခင် ရိဖုန်းက သူမ၏ ပါးစပ်ကို ပဝါဖြင့် ပြန်လည် စည်းနှောင်လိုက်သောကြောင့်ပင် ဖြစ်သည်မဟုတ်ပါလား။

ထိုအသံကြောင့်....

တွင်းတူးနေသော အလုပ်သမားများသည် လှုပ်လှုပ် ရှား ရှား ဖြစ်၍ တူးလက်စကို ရပ်တန့်လိုက်ပြီး အသံ ပေါ်ထွက် လာရာသို့ လှည့်ကြည့်မိကြ၏။

ဘွင်းနွတ်ခမ်းပေါ်၌ ထိုင်နေသော ရိဖုန်း၏ ခန္ဓာကိုယ်က တောင့်တင်း၍ သွားပြီး အသံပေါ်ထွက်လာရာသို့ လှမ်းကြည့် လိုက်၏။

သူသည် ထိုင်ရာမှ ဆတ်ခနဲ ထလိုက်ပြီး တွင်းထဲသို့ခုန်ချ၍ အသံပေါ်ထွက်ရာသို့ ပြေးလွှား ရောက်ရှိလာ၏။

လောင်မာသည် ထိုနေရာ၌ မုဆိုးဒူးထောက် ထိုင်နေလေ သည်။

သူသည် မြေစိုင်မြေခဲများကို လက်ဖြင့် ယက်ထုတ်နေလေ သည်။

ရိဖုန်းသည် လောင်မာ၏ နံဘေး၌ ဒူးထောက်ထိုင်လိုက်ပြီး မြေကြီးကို တောင့်ခေ့းအကျီးဖြင့် ခေါက်လိုက်၏။

'ဒေါက် ဒေါက် ဒေါက်'

တူသော အသံ ပေါ်ထွက်လာ၏။

ရိဖုန်းက လောင်မာ့ကို လှည့်ကြည့်လိုက်သည်။

လောင်မာကလည်း သူ့ကို ပြန်ကြည့်သည်။

သူတို့သည် မှော်မျက်ရှင်ခား ဝှက်ထားသော အဆောက် အအုံ၏ ခေါင်မိုးပေါ်သို့ ရောက်ရှိနေပြီ မဟုတ်ပါလား။

အလုပ်သမားများက မြေကြီးများကို ဝိုင်း၍ ယက်ထုတ် လိုက်၏။

သူတို့သည် ဤအရပ် ဤဒေသ၌ ဤကဲ့သို့ လုပ်ငန်းကို လုပ် ကိုင်ရင်း အသက်လေးဆယ် ပြည့်အောင် အသက် ရှင်သန်နိုင် လိမ့်မည်ဟု ရိဖုန်းက စိတ်မကောင်းစွာ တွေးလိုက်မိလေ၏။

လောင်မာက ရိဖုန်းကို လှမ်းကြည့်ပြီး....

'ကျုပ်တို့လုပ်ငန်း စတော့မလား'

ရိဖုန်းက သက်ပြင်းချပြီး သဲသောင်ခုံ၏ တစ်နေရာသို့ တောင်ဝှေးထက်ပိုင်းကျိုးဖြင့် ကြက်ခြေခတ် ရေးဆွဲလိုက်လေ တော့သည် မဟုတ်ပါလား။

* * *

လောင်မာ၏ အလုပ်သမားများက အလှန်စိတ်ချရသည်။

သူတို့သည် ရိဖုန်း ညှဉ်းပြသော နေရာကို အင်တိုက် အား တိုက် တူးဖော်နေကြ၏။

ရုတ်တရက် ကောင်းကင်ပေါ်၌ တိမ်မည်းများ ဖုံးလွှမ်း၍ လာသည်။

လေကလည်း ခပ်ကြမ်းကြမ်း တိုက်ခတ်လာ၏။

အမြဲတမ်း နေဝင် နှောက်ကျသော သဲကန္တာရသည် ရုတ် ခြည်း မိုးမှောင်ကျ၍ နေဝင်သွားလေ၏။

ရိဖုန်းသည် တွင်းနွတ်ခမ်း၌ ထိုင်ရင်း တွင်းတူနေသော အလုပ်သမားများကို ကြည့်နေ၏။

ပေါက်ပြားတစ်ခုက မာကျောသော အရာတစ်ခုကိုထိခိုက် မိသံ ဒေါက်ခနဲ ပေါ်ထွက်လာ၏။

ထိုအသံသည် တိတ်ဆိတ်သော ဝန်းကျင်၌ ကျယ်လောင် စွာ ပေါ်ထွက်လာခြင်း ဖြစ်၏။

မကြာခဏမှာပင် အလှူးခလေးမေ အနုသုံးဆေးနဲ့ ရိုးသော ကျောက်ပြားတစ်ချပ် ပုံသဏ္ဌာန် ဖြစ်ပေါ်လာ၏။

အလုပ်သမားများကတူရွင်းများတို့ဖြင့်ထိုကျောက်ပြားကို ကန့်လန့်၍ ဖော်လိုက်၏။

အလုပ်သမားများသည် ရှိသမျှ အားတို့ကို ဖျစ်ညှစ်၍ အသုံးချလိုက်သော အခါ ကျောက်ပြားကြီးသည် ဖွေးသွားသွေးပြီး အောက်ဖက်မှ ခန်းမကို မြင်ကွေ့ ရလေတော့သည်မဟုတ်ပါလား။

ရိဖုန်းသည် ဇင်းပေါက်စမှ ငုံ၍ အောက်ဖက်မှ ခန်းမကို ကြည့်လိုက်၏။

လောင်မာက မှန်အိမ်ကို ယူ၍ တင်းပေါက်ဝမှ မီးရောင်ခြည် ပေးလိုက်၏။

အောက်ဖက်မှ ခန်းမသည် အလွန်ကျယ်ဝန်းသော ခန်းမ ဖြစ်၏။

ခေါင်မိုးနှင့် ကြမ်းပြင်သည် ပေကိုးဆယ်ခန့် ဝေးကွာလေသည်။

ခန်းမထဲ၌ အလွန်အချပ်ဆိုးသော နတ်မိစ္ဆာချပ်တု နှစ်ခုရှိသည်။

ထိုရောမရွပ်တု နှစ်ကေ ခေါင်မိုးကို ပင့်ထောက်ထားလေသည်။

လေးထောင့်စပဲဖတ် အခန်း၏ နံရံများပေါ်၌ အရုပ်များ ရေးဖောင်း အက္ခရာများနှင့် ရေးသားထားလော စာများရှိသည်။

ခန်းမ၏ တစ်ဖက်နံရံ၌ လှေကားသုံးထစ် ပါသော စင်မြင့် တစ်ခုရှိသည်။

ထိုစင်မြင့်ပေါ်၌ ကျောက်သေတ္တာ တစ်လုံးကို ဘွေ့သိုက်ရသည်။

ရိဖုန်းက ပြုံးလိုက်ပြီး ဇလောင်မာကို ကြည့်လိုက်၏။

လောင်မာက သက်ပြင်းတစ်ချက်ကို ချလိုက်၏။

ထို့စဉ်....

လောင်မာ၏ မျက်လုံးများက ခန်းမ ကြမ်းပြင်သည် ရွှေ့လျားနေကြောင်း တွေ့သိုက်ရသည်။

လောင်မာသည် ကြမ်းပြင်ကို ညွှန်ပြရင်း....

"ရိဖုန်း.... ကြမ်းပြင်က ရွှေ့နေပါလား"

ပု အံ့သြသော လေသံဖြင့် ပြောလိုက်သည်။

လောင်မာ၏ စကားကြောင့် ရိဖုန်းသည် အောက်သို့ ငုံ့ကြည့်လိုက်၏

ကြမ်းပြင်သည် မည်းနက်နေ၏။

ထို့ပြင်းနက်သော ကြမ်းပြင်သည် လောင်မာ ပြောသကဲ့သို့ပင် ရွှေ့လျားနေ၏။

ထို့ကြောင့်....

ရိဖုန်းသည် မျက်မှောင်ကုတ်သွားပြီး အလုပ်သမားတစ်ဦးထံမှ မီးတုတ်ကို လှမ်းဆောင်းလိုက်၏။

သူသည် မီးတုတ်ကို ကြမ်းပေါ်သို့ ပစ်ချလိုက်၏။

မီးတုတ်က ကြမ်းပြင်ပေါ်သို့ ကျသွား၏။

တစ်ဈိန်ကျည်းမှာပင်....

လေခွံနှံသဲကဲ့သို့သော အသံမျိုး ဖြစ်ပေါ်လာ၏။

ထို့နောက်....

ရာပေါင်း ထောင်ပေါင်းများစွာသော မြေမျိုးကိုမီးတုတ်၏ အလင်းရောင်ကြောင့် မြင်တွေ့လိုက်ရလေတော့သည်မဟုတ်ပါလား၊

* * *

ကြမ်းပြင်ပေါ်မှ ရာပေါင်း ထောင်ပေါင်း များစွာသော မြွေဆိုးများက ရွေ့လျားနေခြင်းသာ ဖြစ်၏။

မြွေများသည် တစ်ကောင်နှင့် တစ်ကောင် ရစ်ပတ်ကျော်ခွကာ မီးတုတ်နှင့် ဝေးရာသို့ ရွေ့ပြောင်းသွား၏။

ရိဖုန်းသည် သက်ပြင်းချလိုက်သည်။

လောင်မာက....

'မြွေဆိုးတွေ'

ဟု ပြောလိုက်၏။

ရိဖုန်းက နှုတ်ခမ်းတစ်ချက်ကို ကိုက်လိုက်ပြီး....

'မီးတုတ်နဲ့ လောင်စာဆီကို ယူခဲ့'

ဟု ပြောလိုက်လေတော့သည် မဟုတ်ပါလား။

* * *

နာကာတာနှင့် တန်ပင်သည် ရွက်ဖျံုင်တဲ့၏ အပြင်ဘက်၌ ရပ်နေ၏၊

သူတို့သည် ရိဖုန်းတို့လူစု တူးဖော်နေသည်ကို လှမ်းကြည့်မိသည်။

အတန်ကြာမှ တန်ပင်က ပြုံးပြီး....

'အင်း....ဒီလောက်လုယက်တဲ့ နည်းကို ဘာဖြစ်လို့ မစဉ်းစားမိတာလဲ'

နာကာတာက ပြုံးပြီး

'ဒါက ကျွပ်သုံးနေကျ နည်းလေ၊ ဒီနည်းရဲ့ နာမည်ကတော့ နားထောင်လို့ မကောင်းဘူး၊ သူခိုးလက်က သူဝှက်လုတယ်လို့ ခေါ်တယ်'

ဟု ပြောလိုက်၏၊

ထို့နောက်

သူတို့နှစ်ယောက် ပြိုင်တူ ရယ်မောလိုက်ကြ လေတော့သည် မဟုတ်ပါလား။

* * *

ရိဖုန်း၏ ခါးဘွဲ့ကြိုးချည်ထားသည်၊

သူသည် သူ၏ ခြေထောက်များကို ကြမ်းပေါ်သို့ မချသေးပါချေ။

လက်ထဲမှ မီးတုတ်များကို သူ၏ ခြေထောက်အနီးတဝိုက်မှ ကြမ်းပြင်ပေါ်သို့ ချလိုက်သည်၊

ထို့ကြောင့်....

ထိုနေရာ တစ်ဝိုက်မှ မြွေများသည် မီးတုတ်နှင့် ဝေးရာသို့ ရွေ့သွား၏။

ထိုအခါမှ....

ရိဖုန်းသည် ကြမ်းပေါ်သို့ ခြေချလိုက်ပြီး ခါးမှကြိုးကိုဖြည်လိုက်၏။

နောက်ဆုံးဘွဲ့....

သူသည် လိုအပ်သော နေရာများကို လက်ထဲမှ လောင်စာဆီ ဖြင့် ပက်ဖြန်းလိုက်၏။

ထို့နောက်

ကြမ်းပြင်ပေါ်မှ မီးတုတ်ကို ကောက်ယူ၍ လောင်စာဆီ များကို မီးရှို့လိုက်၏။

လောင်စာများကို မီးရှို့လိုက်သောကြောင့် မီးတောက်မီး လျှံတို့ ဖြစ်ပေါ်လာသည်။

မီးတောက် မီးလျှံများကြောင့် မြေမျှားသည် လေ့ကျန်သံ ကဲ့သို့ ဒုာမှတ်သံပြု၍ မီးနှင့်ဝေးရာသို့ ရွှေ့လျား သွားကြလေ သည်။

မီးတောက်မီးလျှံတို့သည် မြေမျှားနှင့် ရိဖုန်းကိုစည်းခြား လိုက်သကဲ့သို့ ဖြစ်သွား၏။

ရိဖုန်းသည် ရရှိသည့် အခွင့်အရေးကို လက်လွှတ်မခံပါ။

သူသည် စင်မြင့်ပေါ်၌ ရှိရာသို့ ပြေးလွှားသွားပြီးနောက် စင်မြင့် ပေါ်၌ တင်ထားသော ကျောက်သေတ္တာအား မှုတ်ယူ လိုက် သည်။

ထို့နောက်

သူသည် ထိုးကျောက်သေတ္တာကိုကြိုးဖြင့် ချည်လိုက်ပြီး ကြိုး ကို ဖွပ်ပိုက်ရာ အပေါ်မှ မလာပဲမာတို့ လူစုက ကျောက် သေတ္တာကို အပေါ်သို့ ဆွဲတင်လိုက်လေတော့သည် မဟုတ်ပါ လား။

ရိဖုန်းသည် အပေါ်သို့ ဇဖြည်းဖြည်း တက်သွားသော ကျောက်သေတ္တာကိုကြည့်နေ၏။

ကျောက်သေတ္တာသည် အပေါ်သို့ ရောက်ရှိသွားခဲ့လေ ဘော့်၏။

ရိဖုန်းသည် စိတ်သက်သာသွားဟန်ဖြင့် သက်ပြင်းချလိုက် သည်။

ထို့စဉ်...

ရုတ်တရက် တွင်းပေါက်ဝမှ နာကာတာ၏မျက်နှာ ပေါ် ထွက်လာပြီး....

'ရိဖုန်း....ကျေးဇူးတစ်ပါတယ်'

ဟု ပြောလိုက်၏။

ရိဖုန်းသည် နာကာတာ၏မျက်နှာကို မြင်တွေ့လိုက်ရသည် နှင့် စိတ်ပျက်စွာ သက်ပြင်းချလိုက်ပြီး....

'ခင်ဗျားက ဒီအလုပ်မျိုးပဲ လုပ်တတ်တာကိုး'

နာကာတာက ရယ်မောလိုက်ပြီး....

'ဒီမှာ....ရိဖုန်း၊ တကယ် ကြောင်ပဲဖြစ်ဖြစ် အရှယ်ကြောင်ပဲ ဖြစ်ဖြစ် ကြွက်သေဖို့က အခိုကပါ ဘာပဲဖြစ်ဖြစ်၊ ကျွဲတို့ ချင်တဲ့ ပစ္စည်းမှန်သမျှ ခင်ဗျားက ကျွဲပ်အတွက်ယူပေးစာ၊ ကျွဲပ်ကျေးဇူးတင်လို့ မဆုံးပါဘူး'

ဟု ပြောလိုက်၏။

ထို့စဉ်....

လောင်စာဆီ ကုန်ခမ်းလာစ ပြုပြီဖြစ်၍ မီးတောက်မီးလျှံ များသည် တဖြည်းဖြည်း မီးညှိန့်ကျလာပြီ ဖြစ်၏။

အကယ်၍ မီးများငြိမ်းသွားခဲ့သည်....

ရိဖုန်းသည် သက်ပြင်းချလိုက်၏။

နာကာတာက ပြုံး၍....

'ရိဖုန်း....နောင်နှစ်ပေါင်း တစ်ထောင်လောက်ကျရင် ဒီနေရာကို လူတွေလာပြီး တူးဖော်လိမ့်မယ်၊ အဲ့ဒီအခါမျိုးမှာ သူတို့ဟာ ရိဖုန်းဆိုတဲ့လူရဲ့အရိုးကို ရှာတွေ့လိမ့်မယ်၊ ခင်ဗျားဟာ ဒီအဆောက်အအုံထဲမှာ ရှိနေခဲ့တယ်ဆိုတာကို ကျုပ်က သေသေချာချာ ရေးသားထားခဲ့ပါတယ်'

ဟု ပြောလိုက်၏။

နာကာတာ့၏ မျက်နှာသည် ကွယ်ပျောက်သွားပြီး တုန်ပင်၏ မျက်နှာပေါ်လာ၏။

တန်ပင်သည် ရိဖုန်းကိုငဲ့ကြည့်ပြီး....

'ရိဖုန်း.... ခင်ဗျားက တာဝေနယ်စားကြီး လိုချင်နေတဲ့ မှော်မျက်ရှင်ခေါ်ကို ရအောင်ရှာပေးတဲ့အတွက် တာဝေနယ်စားကြီးက သိပ်ပြီး ကျေးဇူးတင်နေတယ်၊ အဲ့ဒါကြောင့် တာဝေနယ်စားကြီးက ခင်ဗျားအတွက် လက်ဆောင်ပါးလိုက်တယ်'

ဟု ပြောလိုက်၏။

တန်ပင်၏မျက်နှာသည် တွင်းပေါက်ဝမှကွယ်ပျောက်သွားသည်။

မကြာမီ....

အော်ဟစ်သံ တစ်ခုနှင့်အတူ တွစ်ထဲသို့ လူတစ်ယောက် ခြေကားရားလက်ကားဖြင့် လိမ့်ကျလာ၏။

အေးဂက်သို့ ပြုတ်ကျလာသောလူကို မြင်တွေ့လိုက်ရသည်နှင့် ရိဖုန်း၏မျက်လုံးများသည် ဝိုင်းစက်ပြူးသွားပြီး....

'ရင်ရင်....'

ဟု အော်ဟစ်လိုက်လေတော့သည် မဟုတ်ပါလား။

တွင်းပေါက်သည် ကျောက်ပြားဖြင့် ပြန်၍ပိတ်သွားလေတော့သည် မဟုတ်ပါလား။

* * *

ဤနေရာသည်....

တန်ငင်တို့ စူးဖော်ပြီးနောက် ဆက်လက်၍ တူးဖော်ခြင်းမပြုတဲ့ စွန့်ပစ်ထားသော တူးဖော်ကွက်ဖြစ်၏။

ထိုတူးဖော်ကွက်အတွင်းမှ အုတ်နံရံတစ်ခုသည် တုန်ခါနေ၏။

အုတ်နံရံ၏အတွင်းဘက်မှ အသံတစ်ချို့ကို ခပ်သဲ့သဲ့ကြားရသည်။

အုတ်နံရံမှ အုတ်တစ်ချို့ ပြိုကျလာပြီး ပြိုကျလာသော အုတ်များကြားမှ လက်တစ်ဖက် ထွက်လာသည်။

အလုပ်သမားတစ်ယောက်သည် ဤနေရာ၌ အပေါ်သွားနေသည်။

သူသည် အုတ်နံရံထဲမှ လက်တစ်ဖက်ထွက်ပေါ်လာသည်ကို မြင်တွေ့လိုက်သည်နှင့် မျက်လုံးပြူး မျက်ဆံပြူးဖြစ်ကာ သိတ်လန့်တကြား အော်ဟစ်၍ ထွက်ပြေးကာသွားသေတော့သည်။

ထိုအလုပ်သမား ထွက်ပြေးသွားပြီးနောက်....

ထိုအုတ်နံရံမှ အုတ်များပြိုကျပြီး အုတ်ကျိုး၊ အုတ်ပဲ့များကြားမှ ရိဖုန်းထွက်လာ၏။

သူသည် အပြင်သို့ ရောက်သောအခါ အသက်ကိုဝအောင် ရှူလိုက်၏။

ထိုအချိန်မှာပင်....

ခဲ့ရသော အမေကိုမှ ရင်ရင်ထွက်လာ၏။

ရီဖုန်းသည် ရင်ရင်ကို လှည့်ကြည့်လိုက်၏။

ရင်ရင်၏ ခန္ဓာကိုယ်ငယ်ခုလုံး မြေမှုန်ဆဲမှုန်များဖြင့်ပေကျံနေသည်။

ရီဖုန်းသည် ရင်ရင်ကို ပြုံးပြလိုက်၏။

ရင်ရင်သည် ရီဖုန်းကို မျက်စောင်းထိုးလိုက်ပြီး ခြေဆောင့်နင်းကာ ရှေ့မှထွက်သွား၏။

ရီဖုန်းက ရင်ရင်၏ ခန္ဓာကိုယ် နောက်ပိုင်းကို ကြည့်ရင်း သဘောကျစွာ ပြုံးလိုက်၏၊

သူသည် ရင်ရင်၏နောက်သို့ ပြေးလိုက်သွားပြီး ရင်ရင်ကို ပွေ့ချိုက်ခဲ့စေဘဲသည် မဟုတ်ပါလား။

သူသည် သိမ်ငှက်မြို့ဟောင်းမှ မှော်မျက်ရှင်ခေါင်းကို မရရှိခဲ့ပါ။

သူသည် ရင်ရင်အမည်ရှိသော မိန်းကလေးကို ရရှိခဲ့ပြီဖြစ်သည် မဟုတ်ပါလား။

* * *

မှော်မျက်ရှင်ခေါင်းကို ရရှိပြီဟူသောသတင်းကြောင့် ဝမ်ယူသည်တန်ဝင်၏ ရွက်ဖျင်တဲသို့ ထွက်လာခဲ့၏။

ရွက်ဖျင်တဲသို့ ရောက်သောအခါ ဝမ်ယူသည် မျက်မှောင်ကြုတ်လိုက်မိ၏။

အဘယ်ကြောင့်ဆိုသော်....

ရွက်ဖျင်တဲသည် တိတ်ဆိတ် ငြိမ်သက် နေသောကြောင့် ဖြစ်သည်။

ထို့ကြောင့်

ဝမ်ယူသည် မျက်မှောင် ကြုတ်လိုက်ပြီး ရွက်ဖျင်တဲ၏ အပြင်ဘက်၌ ရပ်ကာ တန်ပင်၏ အမည်ကို ခေါ်လိုက်လေသည်။

သူသည် သို့ကြိမ်သုံးခါမျှ ခေါ်လိုက်သော်လည်း ရွက်ဖျင်တဲအတွင်းမှ တုံ့ပြန်သံ မကြားရပါ။

ထို့အပြင်....

ရွက်ဖျင်တဲအတွင်းမှ လှုပ်ရှားသံတို့လည်း မကြားရပါ။

ထို့ကြောင့်....

ဝမ်ယူသည် ဦးခေါင်းတစ်ခုလုံး ခါယမ်းလိုက်ပြီး....

ရွက်ဖျင်တဲအတွင်းသို့ ဝင်ရောက်လိုက်၏။

ရွက်ဖျင်တဲအတွင်းသို့ ရောက်သည်နှင့် ဝမ်ယူ၏ မျက်လုံးသည် ပို့ငံးစက်ပြူးကျယ်သွား၏။

ထို့နောက်

သူသည် အလွန်အမင်း ထိတ်လန့် တုန်လှုပ်စွာ အော်ဟစ်လိုက်ပြီး ရွက်ဖျင်တဲ အတွင်းမှ ထွက်ပြေး သွားလေတော့သည်။

* * *

ရှက်ဖျင်တဲ့အတွင်း၌ စား**ပွဲ**တစ်လုံးရှိ၏။

စားပွဲပေါ်၌ မော်မျက်ရှင် ဓားထည့်ထားသောကျောက်သေတ္တာတစ်လုံးရှိ၏၊

ထိုကျောက်သေတ္တာသည် အဖုံးပွင့်နေသည်။

အဖုံးပွင့်နေသော ကျောက်သေတ္တာထဲ၌ မည်သည့်ဓားမျှ မရှိပါ။

စာကြောင်းတစ်ကြောင်း ရေးထားသော ကျောက်ပြားတစ်ချပ်ရှိသည်၊

ထိုစာကြောင်းမှာ....

'ဤသေတ္တာဖွင့်သူသည် ကြမ္မာဆိုးနှင့် ကြုံရမည်'

ဟူ၍ ဖြစ်၏။

ကျောက်သေတ္တာကို စိုင်းအုံ၍ ကြည့်နေဟန်ဖြစ်ပေါ်နေသော လူအရိုးစုသုံးခုသည် တန်ပင်၊ နာကာတာနှင့် ယောက်လန်းတို့၏ အရိုးစုံများလော။

ထိုအရိုးစု သုံးခုအနက်တစ်ခု၏ လည်ပင်း၌ **ဆွဲ**ပြားတစ်ခုကို ခွါတ်**ဆွဲ**ထား၏။

ထို**ဆွဲ**ပြားသည် နေပုံသဏ္ဌာန်ရှိသော**ဆွဲ**ပြားဖြစ်ပြီးအလယ်၌အနီရောင်ဖန်တုံးတစ်ခုပါရှိ၏။

အကယ်၍သာ ထိုအရိုးစုကို ရှိဖုန်းက မြင်တွေ့ ခဲ့မည် ဆိုလျှင်။

* * *

ဒုတိယ ဇာတ်သိမ်းပိုင်းပြီး၏။

နန္ဒံကျော်သူ

နာဘာတာ၏စကားခြောင့် တန်ပင်၏မျက်နှာသည် မည်းနက်သွားပြီး....

'ဒီမှာ နာကာတာ ဒီလုပ်ငန်းကို ခင်ဗျားမလုပ်နိုင်ရင် မလုပ်နိုင်ဘူးလို့ ဝန်ခံလိုက်ပါ၊ ဟိုလူကိုအပစ်ပုံချ၊ ဒီလူကို အဖြစ်ပုံချဆိုတာမျိုးတော့ ကျုပ်လုက်ခံနိုင်ဘူး'

ဟု ပြောလိုက်၏။

ယောက်လန်းသည် နာကာတာနှင့်တန်ပင်တို့ နှစ်ယောက် စကားအခြေအတင်ပြောဆိုရင်း အခြေအနေတင်းမာလာသည်ကို တွေ့ရသဖြင့် သက်ပြင်းချကာ ချောင်းတစ်ချက်ဟန့်လိုက်ပြီး မီးအိမ်ချွေ၍ သွားရင်းလိုက်၏။

ထို့ကြောင့်....

ယောက်လန်း၏ ပုံရိပ်မည်းမည်းကြီးသည် ရွက်ဖျင်တဲပေါ်၌ ထိတ်လန့်ဖွယ်ရာ ဖြစ်ခဲပါလာ၏။

ယောက်လန်းက နာကာဘာကိုပြုံးပြပြီး

'ကောင်မလေးက ကျုပ်တို့ကိုကူညီမှာပါ၊ သူလက်ထဲမှာ ဆွဲပြားရှိခဲ့တာ ဟိုတုန်းကတည်းကပဲမဟုတ်လား၊ ခင်ဗျားကသာ သူ့ရှေ့ကနေ ကာဆီးကာဆီးမလုပ်ပါနဲ့'

ဟု ပြောလိုက်၏။

နာကာတာက ယောက်လန်းလှမ်းကြည့်ပြီး....

'ကျုပ်က လက်သွန်ခြေသွန်ဖြစ်သွားရင် ကောင်မလေးဆီက သဲလွန်စ မျှော်ကိုင်မှာစိုးလို့ ပြောနေတာပါ'

ယောက်လန်းက ပြုံးလိုက်၏။

သူ၏အပြုံးမှာ ဝံပုလွေကဲ့သို့ ထင်မှတ်ရ၏။

တန်ပင်က နှုတ်ခမ်းမဲ့ကာ

'အလျှော့စားနဲ့ပဲ စမ်းသပ်ခဲ့တာပါ'

နာကာတာက ပြုံး၍....

'အပြင်းစားနဲ့စမ်းသပ်ရင် ထူးမယ်လို့ ထင်သလား'

တန်ပင်က

'ဒီနှာ နာကာတာ၊ တာဝေနယ်စားကြီးဟာ အခြို့အတိုင်းအတာတစ်ခုအထိပဲ စိတ်ရှည်တယ်ဆိုတာ ခင်ဗျားနားလည်သားပဲ'

နာကာတာက ပြုံး၍....

'တာဝေနယ်စားကြီးနဲ့ ကျုပ်တို့တွေ့တုန်းက ကျုပ် အာပြောခဲ့သလဲဆိုတာ ခင်ဗျားမှတ်မိမှာပါ၊ ကျုပ်....သူ့ကို ကတိမပေးခဲ့ဘူး၊ အခြေအနေအရနီးစပ်တယ်၊ အခြို့ယူရမယ်လို့ ပြောခဲ့တယ်မဟုတ်လား'

နာကာတာ၏ စကားအဆုံး၌ တန်ပင်သည် သက်ပြင်းချလိုက်သည်။

ပြီးမှ....

တန်ပင်သည် နာကာတာကို စိုက်ကြည့်ကာ....

'အခြို့ယူတယ်ဆိုတာ အတိုင်းအတာ တစ်ခုအထိပေါ့ ရှိရမှာပေါ့'

နာကာတာက ပြုံးလိုက်ပြီး....

'ဒါကြောင့် ကျုပ်ပြောတာပေါ့၊ ခင်ဗျားအနေနဲ့ ဒီရွေးဟောင်းပစ္စည်း တူးဖော်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး ဘာမှမသိဘူးလို့'

သူသည် ထို့သို့ပြုံးလိုက်ပြီးမှ....

'ကောင်မလေးက ချစ်စရာလေးပဲ၊ ဒုက္ခရာပရပ္စနဲ့ဆိုရင်တော့ ချစ်စရာကောင်းမှာ မဟုတ်တော့ဘူး၊ စိတ်ချပါ၊ အရွယ်ဆိုးသွားအောင် ကျုပ်တို့မလုပ်ပါဘူး'

ဟု ပြောလိုက်၏။

နာကာတာက လေပူတစ်ချက်မှုတ်ထုတ်ပြီး....

'သူက ဒီကိစ္စတွေနဲ့ပတ်သက်ပြီး ဘာမှ သိမယ်မထင်ဘူး'

ဟု ပြောလိုက်၏။

ယောက်လန်းက

'စမ်းသပ်ကြည့်တာ မမှားပါဘူး'

ဟု ပြောလိုက်၏။

နာကာတာက သက်ပြင်းချလိုက်၏။

ယောက်လန်းသည် ကောင်မလေးကို နှိပ်စက်ညှဉ်းပန်းခဲ့ပြီးဖြစ်သည်။

သို့သော်....

သူတို့သည် ကောင်မလေးထံမှ မသိဘူးဟူသော အဖြေသာ ရရှိခဲ့ကြသည်။

သူသည် ယောက်လန်းတို့၏ အပြုအမူကို သဘောမကျပါ။

ထို့နောက်

သူသည် သက်ပြင်းတစ်ချက်ချပြီး

'ခင်ဗျားတို့သဘောပဲ၊ ဒါပေမယ့် ကျုပ်....ကြိုပြောလိုက်မယ်....။

'ကောင်မလေးသေခဲ့ရင်တော့ ခင်ဗျားတို့ကို ကျုပ်က လက်ပိုက်ကြည့်နေမှာမဟုတ်ဘူး၊ ကျုပ်ရဲ့ အရေးအကြီးဆုံးသဲလွန်စကို ခင်ဗျားတို့က ဖျက်ဆီးလိုက်တဲ့အကြောင်း နယ်စားကြီးဆီကို သတင်းပို့ရလိမ့်မယ်'

ဟု ပြောလိုက်၏။

ယောက်လန်းက

'စိတ်ချပါ၊ ခင်ဗျားကသာ ကောင်မလေးရှေ့က ကာဆီးကာဆီးမလုပ်ပါနဲ့။ ကောင်မလေးက သူသိသမျှကို ထုတ်ပြောအောင် စစ်ဆေးနိုင်တဲ့ လူတစ်ယောက် ကျုပ်မှာရှိတယ်'

ဟု ပြောလိုက်၏။

ထို့နောက်....

ယောက်လန်းက လက်ခုပ်တီးလိုက်ရာ ရွက်ဖျင်တဲအတွင်းသို့ လူတစ်ယောက်ဝင်ရောက်လာ၏။

ထိုလူကို မြင်တွေ့လိုက်သည်နှင့် နာကာတာသည် အော့ချင်အန်ချင်စိတ် ဖြစ်ပေါ်ကာ ဗိုက်ထဲ၌ အော်ဂလီဆန်လာလေသည်။

အာတယ်ကြောင့်ဆိုသော်

ထိုလူသည် လူထွားကြီးတစ်ယောက်ဖြစ်ပြီး သူ၏ခန္ဓာကိုယ်တစ်ခုလုံး၌ အနာပေါက်နေသော အနာကြီးရောဂါသည် တစ်ယောက် ဖြစ်နေသောကြောင့်ဖြစ်သည်။

ယောက်လန်းက ထိုလူကိုပြုံးပြကာ....

'ပိုင်စန်း၊ မင်း....ဟိုကောင်မလေးကို သိတယ်မဟုတ်လား'

ဟု မေးလိုက်၏။